http://www.dhammadownload.com

မြန်မာ့စိတ်ဓာတ် ရှင်သန်လာစေရန်

ရဟန်းတို့ အခိုးအာသျှံ မထင်ရှားဘဲ ခန္ဓာကိုယ်ထဲ၌ လွန်စွာလှိုက်စား ပူလောင်နေသော ရာဂမီးနှင့် အလားတူသော အပူရှိန်ပြင်းလှသော အခြားသောမီးသည် လောက၌မရှိပေ။

☞ လောဘ၊ ဒေါသ၊ မောဟ တရားတို့ကို အပူရှိန်ပြင်းလှသော ရာဂမီး၊ ဒေါသမီး၊ မောဟမီး ဟု မြတ်ဘုဒ္ဓဟောတော်မူခဲ့၏။ ယင်းလောဘ ဒေါသ မောဟ တရားများကို အခြေခံ၍ပြုလုပ်ကြသော ဒုစရိုက်မှုများသည် လူသားတို့ကို ပြိုကွဲပျက်စီးစေနိုင်၏။ သတ်ဖြတ်ဖျက်ဆီးပစ် တတ်၏။ ပတ်ဝန်းကျင် ရာသီဥတုကိုလည်းပြောင်းလွဲပျက်စီးစေနိုင်၏။

☞ ပကတိမီးသည် လောက၌ရှိသမျှ အရာဝတ္ထုများကို လောင်ကျွမ်းဖျက်ဆီးပစ်နိုင်သကဲ့သို့ ရာဂမီး၊ ဒေါသမီး၊ မောဟမီးများသည်လည်း လောက၌ရှိနေကြသော သက်ရှိ သက်မဲ့ သဃ်ဇာတပစ္စည်းအားလုံးကို လောင်ကျွမ်းဖျက်ဆီးနိုင်၏။

☞ ရှေးက မြန်မာ့သားသမီးများသည် မိဘ မစားမီ ထမင်းဟင်းလျာများကို ဦးဦးဖျားဖျား ခပ်ယူမစားကြ၊ မိဘကို ရိုသိုးပြီးမှ အလုပ်သွားကြ၏။ အလုပ်မှ ပြန်လာသောအခါ၌လည်း မိဘကို ရိုသိုးပြီးမှ အိမ်ထဲဝင်ကြ၏။

☞ ရှေးကဇနီးမောင်နံတို့ တစ်ခါတစ်ရံ တစ်ယောက်တစ်ခွန်းစကားများပြီး ရန်ဖြစ်ကြ၏။ ရန်ဖြစ်ပြီးနောက် ဒေါသပြေငြိမ်းသွားသောအခါ ဇနီးက "စိတ်ဆိုးနေ၍ စိတ်လိုက်မာန်ပါ ပြောမှားဆိုမှားခဲ့တာကို ခွင့်လွှတ်ပါ" ဟု လင်ယောက်ျားကို ရိုသိုးပြီး တောင်းပန်၏။

☞ ရှေးက အစ်မ, ညီမများကို လူငယ်များက မလေးမခန့်ပြောဆိုဆက်ဆံသောအခါ မောင်များက အစ်မ, ညီမများကိုကာကွယ်စောင့်ရှောက်ပေးခဲ့ကြ၏။ ရှေးက မြန်မာ့သမီးပျိုများ အုပ်ထိန်းသူမပါဘဲ မိမိရွာ၊ မိမိမြို့ထဲ၌ပင် ဇာတ်ပွဲ ရုပ်ရှင်ပွဲများကို သွားမကြည့်ကြဘဲထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့ကြ၏။ ရှေးက မြန်မာတို့သည် ပစ္စည်းကိုထက် လူကိုတန်ဖိုးထားခြင်းကြောင့် လူကိုတန်ဖိုးကျစေသောနည်းလမ်းများဖြင့်ပစ္စည်းမရာခဲ့ကြပေ။

☞ မြန်မာအမျိုးသမီးများကို ငွေရှင် ကြေးရှင်များက ငွေပေး ငွေပေး၍ စည်းရုံးမြှူဆွယ်ကြသော်လည်း မိမိနှင့်အရွယ်မတူပါက အိမ်ထောင်ဖက်အဖြစ် မလွှဲခဲ့ကြပေ။

☞ ရှေးက မြန်မာအမျိုးသမီးများသည် လင်ယောက်ျားသေလွန်သွား၍ အခြားအမျိုးသားတစ်ဦးက အိမ်ထောင်ပြုဖို့ ဆက်သွယ်လာသောအခါ သေလွန်သူ မိမိလင်ယောက်ျားအပေါ် သစ္စာစောင့်ထိန်းနေခြင်းကြောင့် ဆက်သွယ်လာသူကို လက်မခံဘဲ ငြင်းဆန်ပြီး မိမိကလေးများနှင့်သာ နွေးနွေးထွေးထွေး အတူလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြ၏။


☞ ရွယ်တူမဟုတ်သူကို အိမ်ထောင်ဖက်အဖြစ် မလွှဲသော်လည်း အစ်မသေလွန်၍ အစ်မမှာ ကလေးကျန်နေခဲ့ပါက ကလေးများ ကစဉ့်ကလျား မဖြစ်ရအောင် မိဘများက ပြောဆိုစည်းရုံးလာသောအခါ ကလေးများဘဝကို တန်ဖိုးထားသောအားဖြင့် ရှေးက မြန်မာ့အမျိုးသမီးများ အစ်မ၏ လင်ယောက်ျားကို အိမ်ထောင်ဖက်အဖြစ် လက်ခံခဲ့ကြ၏။

☞ ရှေးက မြန်မာများ သူတစ်ပါးပစ္စည်းကို မတရားရယူလိုသော စိတ်ဆန္ဒလုံးဝမရှိခဲ့ကြ။ ကောက်ရသောအခါ၌ပင် ပိုင်ရှင်ကို လိုက်ရှာပြီး ပြန်ပေးကြ၏။ စားစရာတစ်ခုခုရလာသောအခါ၌လည်း မိဘ, ဘိုးဘွား, အစ်ကိုကြီး, အစ်မကြီး, ညီငယ်, ညီမငယ်များနှင့် အိမ်နီးချင်း တို့အား ပေးကမ်းဝေငှလျက် စားသောက်ကြ၏။

☞ ယင်းမြန်မာ့စိတ်ဓာတ်နှင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ယနေ့မြန်မာ့လူဘောင်ထဲမှာ ဆက်လက်ရှင်သန်နေပါသေးရဲ့လား။ ယင်းမြန်မာ့စိတ်ဓာတ်နှင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများသည် မည်သည့်အရာနှင့်မျှ မလဲနိုင်လောက်အောင် ကမ္ဘာ့လူသားများ အတွက် တန်ဖိုးကြီးမားလှ၏။ မြန်မာတို့သည် တန်ဖိုးကြီးမားလှသော မြန်မာ့စိတ်ဓာတ်နှင့် ယဉ်ကျေးမှုများကို ဒလဟောစီးဆင်းနေသော ခေတ်ရေဗီးကြောင်းထဲသို့ ပစ်ချလျက် ရေမမျောချသင့်ပါ။

☞ ရာဂမီး, ဒေါသမီး, မောဟမီးများကို ငြိမ်းသတ်နိုင်သော နည်းစနစ်များ မရှိခြင်းကြောင့် နိုင်ငံခြားတိုင်းပြည်များက လူ့ခန္ဓာကိုယ်၌ လောင်ကျွမ်းနေသော ရာဂမီး, ဒေါသမီး, မောဟမီးများသည် မြန်မာ့လူဘောင်သို့ ကူးစက်လောင်ကျွမ်းလာနေသည်ကို တွေ့ရ၏။

☞ နိုင်ငံခြားမှ ကူးစက်လာသော ယင်း ရာဂမီး, ဒေါသမီး, မောဟမီးတို့ကို ငြိမ်းသတ်ဖို့နှင့် မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ယဉ်ကျေးမှုများ ပြန်လည် ရှင်သန်လာရန်၊ မြန်မာ့လူငယ်များ ပုဒ္ဓဘာသာစာပေကို သင်ယူကြဖို့လို၏။ ပုဒ္ဓဘာသာစာပေကို သင်ယူလေ့လာနိုင်ဖို့အတွက် ၁၃၆၃ ခု (၂၀၀၁) ခုနှစ်မှ စ၍ ပုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲတို့ကို ကျင်းပပေးခဲ့၏။



အခြေခံဗုဒ္ဓဘာသာဝင်များ (တတိယတွဲ)

အရှင်ခေမိန္ဒ

ပ ဋ္ဌ မ ရံ ေက ာ င်း တို က် ပု သိ မ် မြို့

(ဦးဇဂဝင်) ဇီဝဗေဒဒုတိယဘွဲ့၊ ဗဟုသုတဘွဲ့

M သက်နောင် (ပန်းချီ) ပုသိမ်

http://www.dhammadownload.com

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

အဂ္ဂမဟာပဏ္ဍိတ


အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

သာသနဓဇ သိရိပဝရ ဓမ္မ'စရိယ၊ ဝိနယပါဠိပါရဂူ

(၈၂)

အခြေခံပုဒ္ဓအဘိဓမ္မာ

(တတိယတွဲ)



စာပေအမှတ် (၂၂)

[ပထမအကြိမ်]

သာသနာ ၂၅၄၉ ကောဇာ ၁၃၆၈

ခရစ် ၂၀၀၇

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

- စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၄၃၃၀၂၀၇
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၆၆၀၃၀၀၇
- ပထမအကြိမ် - ၂၀၀၇ ခုနှစ်၊ မတ်လ
- အုပ်ရေ - ၁၀၀၀
- တန်ဖိုး - ၂၀၀၀ ကျပ်
- ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"
  ၁၁၄၊ ၃၄-လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ☎ : ၃၈၉၀၂၃
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်
  ကျိုင်းပုံနှိပ်တိုက် (မြ - ၀၇၃၄၂)
  အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- မျက်နှာဖုံးဒီဇိုင်း - မခိုင် (ကောင်းမွန်)
- ထုတ်ဝေသူ - ဦးရဲမြင့် (ချမ်းသာစာပေ)
  ၂၉၉/၄၊ ပျဉ်းမမြို့လမ်း၊
  သုဝဏ္ဏ။

http://www.dhammadownload.com

နိဒါန်း

လူ့ခန္ဓာကိုယ်သည် စိတ်ကို အမှောင်ချ ဖုံးကွယ်ထားသော မောဟ၊ ယင်းမောဟ၏ ဖုံးကွယ်ထားမှုကြောင့် သဘာဝနာမ်ရုပ်တရားများကို သဘာဝ နာမ်ရုပ်တရားအဖြစ် မမြင်နိုင်ဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမအဖြစ် အမြင်မှားသော မိစ္ဆာဒိဋ္ဌိ၊ ပတ်ဝန်းကျင်၌ တွေ့ကြုံ နေရသော အာရုံငါးပါး ကာမဂုဏ်တရားကို တပ်မက်တွယ်တာသော ကာမတဏှာ၊ တပ်မက်လိုလားသည့်အတိုင်း မရနိုင်သောအခါ သို့မဟုတ် မိမိ မနှစ်သက် မလိုလားအပ်သောအာရုံနှင့် တွေ့ရသောအခါ စိတ်ဆိုးမှု ဒေါသ၊ နိုင်ငံရေး၊ စီးပွားရေး စသော မိမိဆောင်ရွက်နေသော လုပ်ငန်း အောင်မြင်လာသည့်အခါ မိမိကိုယ်ကို အထင်ကြီး ဘဝင်မြင့်မှု မာန စသော အဓမ္မတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်နေ၏။ ထိုသို့ မိမိခန္ဓာကိုယ်၌ ဖွဲ့စည်း ဖြစ်ပေါ်နေသော ယင်းအဓမ္မတရားဆိုးများကို အဓမ္မတရားဆိုးများအဖြစ် မသိရုံသာမက ''ငါ'' ဟု အထင်မှားလျက် ယင်းအဓမ္မတရားများကို လွန်စွာ ချစ်ခင်မြတ်နိုး တန်ဖိုးထားနေပြန်၏။

ဒုစရိုက်မှုများ ဗွက်ထနေ

လူတို့သည် မိမိတို့ပြုလုပ်သော ကံအားလျော်စွာ ကမ္ဘာမြေအပြင်၌ သန္ဓေယူပြီး မွေးဖွားကြီးပြင်းလာကြရာ မွေးဖွားရာပတ်ဝန်းကျင်ချင်းမတူညီ ကြသဖြင့် လူချင်းတူသော်လည်း ကွဲပြားမှုအမျိုးမျိုးရှိနေကြ၏။ အသား အရောင်ချင်းလည်း ကွဲပြားကြ၏။ ကိုးကွယ်ယုံကြည်မှု ဘာသာတရားချင်း လည်း ကွဲပြားနေကြ၏။ ဆင်းရဲ ချမ်းသာအားဖြင့်လည်း ကွဲပြားနေကြ၏။ အသိဉာဏ်ချင်းလည်း ကွဲပြားနေကြ၏။ သို့သော် တူညီမှုလည်း အများအပြား ရှိနေသည်ကို တွေ့ရ၏။ အစာစားခြင်း၊ ကာမဂုဏ်မှီဝဲခြင်း၊ အိပ်ခြင်း ဤသုံးမျိုးတူညီကြ၏။ ထို့ပြင် **လူတို့သည် မိမိမွေးဖွားနေထိုင်ရာ ပတ်ဝန်းကျင်ကပေးသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် ဆုပ်ကိုင်ထားကြသည်ကိုလည်းတွေ့ရ၏။**

http://www.dhammadownload.com

မြန်မာနိုင်ငံ၌ မွေးဖွားကြီးပြင်းလာသူက မြန်မာနိုင်ငံကပေးသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် စွဲမြဲစွာ ဆုပ်ကိုင်ထားကြ၏။ အိန္ဒိယနိုင်ငံ၌ မွေးဖွားလာသူက အိန္ဒိယနိုင်ငံကပေးသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် စွဲမြဲစွာ ဆုပ်ကိုင်ထားကြ၏။ တရုတ်နိုင်ငံ၌ မွေးဖွားကြီးပွားလာသူက တရုတ်နိုင်ငံကပေးသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် စွဲမြဲစွာ ဆုပ်ကိုင်ထားကြ၏။ အမေရိကန်နိုင်ငံ၌ မွေးဖွားကြီးပြင်းလာသူသည် အမေရိကန်နိုင်ငံကပေးသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် စွဲမြဲစွာ ဆုပ်ကိုင်ထားကြ၏။ ဤသို့ လူသားများမွေးဖွားရာ ပတ်ဝန်းကျင်မတူခြင်းကြောင့် အသိဉာဏ်ချင်း၊ ယုံကြည်ချက်ချင်းမတူဘဲ ကွဲပြားနေကြသည်ကို တွေ့ရ၏။ ထိုသို့ မိမိပတ်ဝန်းကျင်မှရရှိသော အခြေအနေအားလုံးကို အမှန်တရားအဖြစ် စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပြီး မိမိနှင့် ပတ်ဝန်းကျင်ချင်းမတူသော လူသားများ၏အခြေအနေများကို ဆန့်ကျင်နေကြသည်ကို တွေ့ရ၏။ ထိုသူများသည် ရေတွင်းငယ်၌နေသော ဖားသူငယ်နှင့် တူလှ၏။

ဖားသူငယ်သည် လွန်စွာကျယ်ဝန်းလှသော သမုဒ္ဒရာရေကို မမြင်ဖူးသောကြောင့် မိမိနေသော ရေတွင်းငယ်မှရေကို အများကြီးထင်ပြီး ဘဝင်မြင့်နေတတ်၏။ ထို့အတူ လူသားတို့သည်လည်း မိမိကိုယ်ကို လွန်စွာချစ်မြတ်နိုးခြင်းကြောင့် မိမိပတ်ဝန်းကျင်ကရရှိသော မိမိ၏အသိဉာဏ်နှင့် ယုံကြည်ချက်အားလုံးကို အမှန်တရားအဖြစ် စွဲစွဲမြဲမြဲ ဆုပ်ကိုင်လျက် မိမိမရောက်ဖူးသော၊ မိမိမသိသေးသော သူတစ်ပါး၏အသိဉာဏ်နှင့် ယုံကြည်ချက်ကို အထင်အမြင်သေးနေတတ်ကြ၏။ ဤသို့ မိမိပတ်ဝန်းကျင်မှ ရရှိထားသော အသိဉာဏ်နှင့် ယုံကြည်ချက်ကို အမှန်ထင်ပြီး သူတစ်ပါး၏အသိဉာဏ်နှင့် ယုံကြည်ချက်ကို အမှားထင်သောကြောင့် လူအချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကာ ဖိနှိပ်ချုပ်ခြယ်ကြ၏။ အကြမ်းဖက်သတ်ဖြတ်နေကြ၏။ ယနေ့ မျက်မှောက်ကမ္ဘာ၌ နိုင်ထက်စီးနင်းပြုလုပ်မှုများ၊ ဒုစရိုက်မှုများ ဖွက်ထနေသည်ကိုတွေ့ရ၏။ မတရားမှု

http://www.dhammadownload.com

များ ဗွက်ထနေခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများ၊ သဘာဝ ဘေး အန္တရာယ်ကျရောက်မှုများ၊ ကပ်ရောဂါများဖြစ်ပေါ်မှုစသော မလိုလားအပ် သော ဖြစ်ရပ်များလည်း ဖြစ်ပေါ်နေသည်ကို တွေ့ရ၏။

ဘုရားသခင်ကိုလွှဲမချနဲ့

လူ၏စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားများ ပြောင်းလွဲပျက်စီးလာခြင်း ကြောင့် ရာသီဥတုဖောက်ပြန်မှုများနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက် ပြီး လူသားအများ မသေသင့်ဘဲ သေနေကြသည်ကိုလည်း မြင်တွေ့နေရ၏။ ယနေ့လူသားများ ရင်ဆိုင်နေကြရသော ပြဿနာရပ်များကို ကာကွယ်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ကမ္ဘာ့ပညာရှင်များ နည်းလမ်းကောင်းများကို ရှာဖွေလေ့လာနေကြသည်ကိုလည်း သတင်းစာဂျာနယ်များ၌ ဖတ်ရှုနေရ၏။ သို့သော် ရုပ်ပိုင်းဆိုင်ရာကိုသာ သုတေသနပြုလုပ်နေကြသည်ကို တွေ့ရ၏။ လူ၏စိတ်နှင့် ကိုယ်ကျင့်တရားပိုင်းကို အလေးထားဆောင်ရွက်ကြသူများ မရှိသလောက် ရှားပါးနေသည်ကိုတွေ့ရ၏။

ဥပမာ – မျိုးဆက်သစ်ထုတ်လုပ်ပြန့်ပွားရေး၊ သားသမီး ကောင်း ထွန်းကားရေးအတွက် လူမှာ သဘာဝအားဖြင့် ဖိုမ ကွဲပြားနေ ပြီး ဆက်ဆံပေါင်းသင်းကြခြင်းဖြစ်၏။ ယင်းနိယာမတရားကို ဆန့်ကျင် လျက် ဖိုမ ဆက်ဆံရေးကို ပျော်ရွှင်မှု၊ ဖိမ်ခံမှုကိစ္စအဖြစ် အထင်မှားကာ တစ်လင် တစ်မယားစနစ်ကို ဖျက်ဆီးပြီး တိရစ္ဆာန်များကဲ့သို့ တွေ့ရာကြုံရာနှင့် ဆက်ဆံလာကြခြင်းကြောင့် အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားလာပြီး လူအများ အပြား ဒုက္ခရောက် သေဆုံးနေကြရ၏။ **ဤကိစ္စမှာ တစ်လင်တစ်မယား စနစ်ကို ပြန်လည်ကျင့်သုံးနိုင်မည့် နည်းလမ်းကိုမရှာဘဲ အခြေခံမကျ သော အခြားနည်းလမ်းများကိုသာ ရှာကြံနေကြသည်ကို တွေ့ရ၏။** ဤသို့ရှာကြံနေကြခြင်းမှာလည်း ''**ကိုယ်လုပ်တဲ့ကံ၊ ကိုယ့်ဆီပြန်**'' ဆိုသည့် အတိုင်း လူသားတစ်ယောက်မှာ မိမိပြုလုပ်သောမကောင်းမှုကံသည် မိမိကို ပြန်လည်အကျိုးပေးသည်ဟု မယုံကြည်ဘဲ ''လုပ်ချင်တာကိုလုပ် သေလွန် သောအခါ ဖန်ဆင်းရှင်၊ တန်ခိုးရှင်၊ ဘုရားသခင်က ကောင်းကင်ဘုံကနေပြီး

http://www.dhammadownload.com

ကယ်တင် ပါလိမ့်မည်'' ဟူ၍ မိမိပြုလုပ်သော မကောင်းမှု၏အကျိုးတရားကို ဘုရားသခင်ကို လွှဲချထားကြသူ အရေအတွက်က ကမ္ဘာမှာ အင်အားများနေခြင်းကြောင့်ပင်ဖြစ်၏။ **သဘာဝအားဖြင့် လူသည် အလွယ်ကိုကြိုက်ခြင်းကြောင့် လူ့အကြိုက်ကိုလိုက်၍ လုပ်သမျှမကောင်းမှုကို ထိုသို့ ဘုရားသခင်လွှဲချထားခြင်းဖြစ်၏။**

''ကိုယ်လုပ်သောအလုပ်ကို ကိုယ်သာခံစားရသည်၊ ကိုယ့်ဘဝ ပျက်စီးအောင် သို့မဟုတ် တိုးတက်အောင် ကိုယ်ကပြုလုပ်သည်၊ လူ့လောက ပျက်စီးအောင် သို့မဟုတ် တိုးတက်အောင် လူကသာပြုလုပ်သည်'' ဟု ယုံကြည်ပါက လူ၏စိတ်ဓာတ်နှင့် လူ၏လုပ်ရပ်ကို ပြန်လည်ဆန်းစစ်ကြရမည် ဖြစ်၏။ ဥပမာ – ယနေ့ အီရတ်စစ်ပွဲမှာ နှစ်ဖက်လုံး အကျအဆုံး အသေအပျောက်များနေသည်ကိုတွေ့ရ၏။ ဤသို့မသေရအောင် နည်းလမ်းကို ရှာဖွေသောအခါ စစ်ပွဲမှာ ပါဝင်ပတ်သက်နေသော နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ယုံကြည်မှု နားလည်မှုကို တည်ဆောက်နိုင်ဖို့လို၏။ ဤသို့ ယုံကြည်နားလည်မှုကို တည်ဆောက်နိုင်ကြပါက အီရတ်စစ်ပွဲ ဂုဏ်ရှိရှိဖြင့် ပြီးဆုံးသွားမည်ဖြစ်၏။ နှစ်ဖက်လုံးက အစွန်းရောက်နေပါက အီရတ်စစ်ပွဲ မပြီးဆုံးရုံသာမက စစ်ပွဲမီးတောက်မီးလျှံသည် ကမ္ဘာ့နိုင်ငံများသို့ မည်မျှအထိ ကူးစက်သွားနိုင်သည်ကို မည်သူမျှ မခန့်မှန်းနိုင်ပေ။

အချင်းချင်း ယုံကြည်မှု တည် ဆောက်နိုင်ဖို့နှင့် အစွန်းရောက်ခြင်းကို ပယ်စွန့်နိုင်ဖို့ဆိုသည်မှာ စစ်ပွဲမှာ ပါဝင်ပတ်သက်နေကြသော နိုင်ငံခေါင်းဆောင်ကြီးများ၏ အသိဉာဏ်နှင့် မေတ္တာတရားအပေါ်မှာ တည်မှီနေ၏။ ဘုရားသခင်နှင့် **မည်သို့မျှမပတ်သက်ပေ။** ဤအချက်ကို လူတိုင်း နားလည်ဖို့ လိုအပ်လှ၏။ လူသားများ၏အမှားကို ဘုရားသခင်ကို လွှဲမချသင့်ပေ။ **ယနေ့ သိပ္ပံခေတ်နှင့် အေအိုင်ဒီအက်စ်ရောဂါခေတ်ကို ယနေ့လူသားများက ဖန်တီးနေကြသည်သာဖြစ်၏။** ယနေ့ အီရတ်စစ်ပွဲကို စစ်ပွဲမှာပါဝင်ပတ်သက်နေသော နိုင်ငံ ခေါင်းဆောင်များ တိုက်ခိုက်နေကြခြင်းသာ ဖြစ်၏။ ထိုသို့ တိုက်ခိုက်နေကြ

http://www.dhammadownload.com

ခြင်းမှာလည်း လူကိုလူဟု သဘောမထားဘဲ သူ့နိုင်ငံရေးစနစ်၊ ကိုယ့်နိုင်ငံရေးစနစ်၊ သူ့ဘာသာဝင်၊ ကိုယ့်ဘာသာဝင်၊ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု စသည်ဖြင့် ခွဲခြားလျက် ဆက်ဆံနေကြခြင်းကြောင့်ပင်ဖြစ်၏။ လူကို ထိုသို့ခွဲခြားဆက်ဆံမှုမရှိဘဲ လူကိုလူလိုမြင်လျက် မိမိ၏အသိဉာဏ်ဖြင့် စစ်ပွဲ၏အကျိုးအပြစ်ကို ပြန်လည်ဆန်းစစ်ကာ သစ္စာတရားအပေါ်၌ ရပ်တည်လျက် အချင်းချင်း အပြန်အလှန် မေတ္တာထားဖြေရှင်းနိုင်ပါက အီရတ်စစ်ပွဲလွယ်ကူစွာ ပြီးဆုံးသွားမည်သာဖြစ်၏။ သစ္စာတရားကို သွေဖည်၍ အင်အားသုံးပြီးဖြေရှင်းမှုသည် အောင်မြင်မှုကိုမရဘဲ အရှုံးနှင့်သာရင်ဆိုင်ရတတ်၏။ သစ္စာတရားကင်းမဲ့နေသော လူ့အသိုင်းအဝိုင်းက ကောင်းချီးဩဘာပေးကောင်းပေးကြမည်ဖြစ်သော်လည်း သင့်လျော်သောအချိန်၌ သစ္စာတရား၏ ဒဏ်ခတ်မှုကို ခံရမည်သာဖြစ်၏။

ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်နည်း

လောကသားများသည် လူသားများကို ကွဲပြားခြားနားစေနိုင်သော အခြေခံအကြောင်းတရားကို မဖေ့လျော့ မရှာဖွေဘဲ ကွဲပြားခြားနားနေသော လူကိုသတ်ပြီး ယင်းနေရာ၌ မိမိနှစ်သက်သောစနစ်ကို အစားထိုးဖို့ ကြိုးစားကြခြင်းသည် မဟာအမှားပင်ဖြစ်၏။ လူ၏ အသိဉာဏ်ကို ပြုပြင်မပေးဘဲ မိမိနှင့်ကွဲပြားနေသူတို့ကို လိုက်သတ်နေကြပါက တစ်နေ့နေ့မှာ မိမိထက်အင်အားကြီးမားသူများက မိမိကိုလည်း သတ်ကြမည်သာဖြစ်၏။

ထိုသို့မဖြစ်ရအောင် ကွဲပြားခြားနားနေသောလူကို မသုံးသပ်ဘဲ လူ၏အသိစိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးသင့်ကြ၏။ အသိစိတ်ကို ပြုပြင်ပေး၍ အသိစိတ်ပြောင်းလွဲသွားပါက ရန်သူမဟုတ်ဘဲ မိတ်ဆွေကောင်းဖြစ်လာမည်ဖြစ်၏။ ဤသို့ စိတ်ကိုယဉ်ကျေးအောင် ဆုံးမပြောင်းလွဲပေးခြင်းသည် မြတ်ဗုဒ္ဓ၏ နည်းစနစ်ဖြစ်၏။ မှန်လှ၏။ မြတ်ဗုဒ္ဓသည် ပုဂ္ဂိုလ်ကို မသုံးသပ်

http://www.dhammadownload.com

ဘဲ စိတ်ကိုသာ ယဉ်ကျေးအောင် အသိဉာဏ်ဖွံ့ဖြိုးလာအောင် ဆုံးမတော်မူခြင်းဖြစ်၏။ ထိုသို့ ဆုံးမခြင်းသည် လူ့ဘဝကို လုံခြုံစေရုံသာမက လူသားအချင်းချင်း ချစ်ခင်ရင်နှီးမှု၊ ယုံကြည်လေးစားမှု၊ စည်းလုံးညီညွတ်မှုမျှားကို ဖြစ်ပေါ်စေနိုင်၏။ ထို့ကြောင့် လူသားများသည် မြတ်ဗုဒ္ဓ၏ နည်းစနစ်အတိုင်း လူအပေါ်၌ ရန်သူသဘောမထားဘဲ လူ၏စိတ်အစဉ်၌ရှိသော လောဘ၊ ဒေါသ၊ မောဟ စသော အဓမ္မတရားဆိုးများကိုသာ ရန်သူအဖြစ် သဘောထားသင့်ကြ၏။

မြတ်ဗုဒ္ဓသည် မိမိအပေါ် ရန်လုပ်နေသူကို ရန်သူအဖြစ် သဘောမထားအောင် **''ဤသူသည် ငါ၏ရန်သူမဟုတ်၊ ရှေးဘဝများစွာက ငါ၏ မိဘဆွေမျိုးများဖြစ်ဖူးရ၍ ငါ့အပေါ်၌ ကျေးဇူးပြုလုပ်ငန်း အများအပြားကို ပြုလုပ်ပေးခဲ့သော ငါ၏ကျေးဇူးရှင်ဖြစ်ခဲ့သည်''** ဟု စိတ်သဘောထားအသိအမြင်ကို ပြောင်းလဲစေတော်မူခဲ့၏။ လူသားများ ဤနည်းစနစ်ကို အတုယူသင့်ကြ၏။ ဤနည်းစနစ်ကို အသုံးပြုတတ်ပါက လူသားများ၏ ကွဲပြားခြားနားမှုများ ပျောက်ကွယ်သွားပြီး စည်းလုံးညီညွတ်သော လူ့ဘောင် လူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲလာမှာ သေချာနေ၏။

မှန်ကန်သောအသိဉာဏ်များပွင့်လင်းလာစေရန်

ထိုသို့ လူ့ဘောင် လူ့အဖွဲ့အစည်းများ၌ မြတ်ဗုဒ္ဓ၏ မှန်ကန်သော နည်းစနစ်များ ပြန့်ပွားလာရေးအတွက် လူသားများ လေ့လာနိုင်အောင် ဤကျမ်းစာကို မအားလပ်သည့်ကြားထဲက ကြိုးစားရေးသားထုတ်ဝေပြီး အဘိဓမ္မာစာမေးပွဲများကို ကျင်းပ ပေးနေရခြင်းဖြစ်၏။

ဤကျမ်းစာသည် အဘိဓမ္မာကျမ်းစာဖြစ်သော်လည်း အဘိဓမ္မာသဘောသဘာဝသည် သိမ်မွေ့နက်နဲလှ၏။ အဘိဓမ္မာဝေါဟာရများသည် လူသားများနှင့် စိမ်းနေကြ၏၊ အလှမ်းကွာလှ၏။ ထို့ကြောင့် နားလည်လွယ်အောင် ဤကျမ်းစာ၌ သုတ္တန်ပိဋကတ်ထဲမှာ ယူသင့်သော အကြောင်း

http://www.dhammadownload.com

အရာအချို့ကိုယူ၍ ရေးသားခဲ့၏။ လူသားများ၏ ကျဉ်းမြောင်းသော မူလအစွဲအလမ်းများကို ပပျောက်စေပြီး လူသားများတို့၏သန္တာန်မှာ မှန်ကန်သော အသိဉာဏ်များ ပွင့်လင်းတိုးတက်လာကာ လူသားအချင်းချင်း မိခင်မေတ္တာစိတ်မျိုးဖြင့်ဆက်ဆံကြလျက် စည်းလုံးညီညွတ်၍ ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖြစ် ပြောင်းလဲလာရန် ရည်ရွယ်ချက်ဖြင့် ဤကျမ်းစာကို ရေးသားခဲ့ခြင်းဖြစ်၏။

ပန်ကြားချက်

ပုသိမ်မြို့၊ ဓမ္မရေစင် နာယကဆရာတော်အဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ၌ အောင်မြင်ကြသူတို့အား (၂၈ ရှ ၂၀၀၆) တနင်္္ဂနွေနေ့တွင် အောင်လက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်ပေးပြီးနောက် (၁ ၆ ၂၀၀၆) နေ့မှစ၍ ဤကျမ်းစာကို စတင်ရေးသားခဲ့ရာ (၂၃ ၁၁ ၂၀၀၆) နေ့တွင် ပြီးဆုံးခဲ့၏။ ၂၀၀၇ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်တွင် အဘိဓမ္မာသင်တန်းဖွင့်ချိန်အမီ ကြိုးစားရေးခဲ့ရ၏။ ဗလာစာအုပ်တစ်အုပ်ရေးပြီးလျှင် ကွန်ပျူတာစီဖို့ ရန်ကုန်သို့ပို့ခဲ့ရ၏။ ကောင်းသည်ထက်ကောင်း အောင် အကြိမ်ကြိမ်ဖတ်ရှုပြင်ဆင်ခွင့် ပင်မရခဲ့ပေ။ သို့ပါ၍ စကားထပ်များပါရှိပါက မေတ္တာစိတ်ဓါတ်ဖြင့် ဖတ်ရှုပါရန် ပန်ကြားအပ်ပါသည်။

အရှင်ဧဝမိန္ဒ

ပစ္ဆိမာရုံကျောင်းတိုက်၊ ပုသိမ်မြို့.

၁၃၆၈ ခု၊ နတ်တော်လဆန်း (၄) ရက်

(၂၃ ၀ ၁၁ ၀ ၂၀၀၆)

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အပိုင်း (၇)	
	သမုစ္စည်းပိုင်း	
၁	ဓာတု၊ ဓါတုနာနတ္တ	၁
၂	ဒွါသတ္တတိ ဝိဓါအရ	၂
၃	အကုသလသင်္ဂဟ	၃
၄	အာသဝတရား	၄
၅	သြဃ	၅
၆	ယောဂ	၈
၇	ဂန္ထ	၁၁
၈	ဥပါဒါန်	၁၃
၉	နီဝရဏာ	၁၄
၁၀	အာရုံခံစားမှုအပေါ် မြတ်ဗုဒ္ဓအမြင်	၁၅
၁၁	မလွဲသာ မရှောင်သာသော လူ့ကိစ္စ	၁၇
၁၂	လွတ်လပ်ရေး မဆုံးရှုံးရအောင်	၂၅
၁၃	သစ်ဖောင်ဝါးဖောင်ပမာ	၂၆
၁၄	မျှဝေပေးကြ	၂၇
၁၅	နီဝရဏာတရားကိုယ်ကောက်ပုံ	၂၉
၁၆	အနုသယ	၃၀
၁၇	သုတ္တန်နည်းသံယောဇဉ် (၁၀) ပါး	၃၃
၁၈	အဘိဓမ္မာနည်း၊ သံယောဇဉ် (၁၀) ပါး	၃၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉	သြရမ္ဘာဂိယ သံယောဇဉ်	၃၅
၂၀	အောက်ကာမဘုံနှင့် ဆက်သွယ်ပုံ	၃၆
၂၁	ဥဒ္ဒံဘာဂိယ သံယောဇဉ်	၃၈
၂၂	အထက်ဗြဟ္မာပြည်နှင့် ဆက်သွယ်ပုံ	၃၈
၂၃	ကိလေသာ	၃၉
၂၄	တစ်ထောင့်ငါးရာ ကိလေသာ	၄၀
၂၅	ဒိဋ္ဌစေတသိက်ကို အမည်အမျိုးမျိုးဖြင့်ဆိုပုံ	၄၀
၂၆	မိဿက သင်္ဂဟ	၄၁
၂၇	ဟေတု	၅၂
၂၈	ဈာန်၏	၄၂
၂၉	ဈာနင်တရားကိုယ်ကောက်ပုံ	၄၂
၃၀	မဂ္ဂင်	၄၃
၃၁	သုဂတိမဂ္ဂင်	၄၄
၃၂	ကမ္မဿကတာသမ္မာဒိဋ္ဌိ	၄၄
၃၃	ဒသဝတ္ထုကသမ္မာဒိဋ္ဌိ	၄၆
၃၄	စတုသစ္စာသမ္မာဒိဋ္ဌိ	၄၇
၃၅	ဒုဂ္ဂတိမဂ္ဂင်	၅၃
၃၆	နတ္ထိကဒိဋ္ဌိ	၅၃
၃၇	အဟေတုကဒိဋ္ဌိ	၅၅
၃၈	အကြိယဒိဋ္ဌိ	၅၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၉	အသိမှားမှုသည် အဆိုးဝါးဆုံးဖြစ်	၅၆
၄၀	အသိအမြင်မှန်ကန်ဖို့လို	၅၉
၄၁	ကျွန်ဇွေ	၆၄
၄၂	ကျွန်ဇွေတရားကိုယ် ၁၆ ပါး	၆၈
၄၃	ရုပ်နာမ်ကျွန်ဇွေခွဲပုံ	၆၉
၄၄	လူ့ခန္ဓာကိုယ်ကို ကျွန်ဇွေဖြင့်လေ့လာခြင်း	၇၀
၄၅	ဗိုလ်	၇၄
၄၆	အဓိပတိ	၇၉
၄၇	အဓိပတိနှင့် ကျွန်ဇွေထူးခြားပုံ	၇၇
၄၈	အာဟာရ	၇၉
၄၉	အာဟာရ ၄ ပါး၏ဆိုင်ရာအကျိုးကိုဆောင်ထားပုံ	၈၀
၅၀	ဒွိဟိတ်ဇော ၁၈ ပါး	၈၁
၅၁	တိဟိတ်ဇော ၃၄ ပါး	၈၂
၅၂	ဗောဓိပက္ခိယသင်္ဂဟ	၈၃
၅၃	သတိပဋ္ဌာန်တရား	၈၄
၅၄	ဝိပလ္လာသတရား	၈၄
၅၅	သမ္မပ္ပဓာန်	၈၇
၅၆	ကျဒ္ဓိပါဒ်	၈၈
၅၇	ကျွန်ဇွေ ၅ ပါး	၈၉
၅၈	ဗိုလ် ၅ ပါး	၈၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၉	ဗောဇ္ဈင် ၇ ပါး	၉၀
၆၀	မဂ္ဂင် ၈ ပါး	၉၁
၆၁	ဗောဓိပက္ခိယတရား ၃၇ ပါး	၉၃
၆၂	ဗောဓိပက္ခိယတရားကိုယ် ၁၄ ပါး	၉၄
၆၃	ဗောဓိပက္ခိယတရားကိုယ်များကိုဖြစ်ရာဌာနဖြင့်ဝေဖန်ခြင်း	၉၄
၆၄	သဗ္ဗသင်္ဂဟ	၉၆
၆၅	ခန္ဓာ ၅ ပါး	၉၆
၆၆	ဥပါဒါနက္ခန္ဓာ	၉၆
၆၇	ခန္ဓာ, ဥပါဒါနက္ခန္ဓာ ၂ မျိုးခွဲဟောရခြင်း	၉၇
၆၈	အာယတန	၉၇
၆၉	ဓာတ်	၉၈
၇၀	သစ္စာ	၉၉
၇၁	ခန္ဓာဖွဲ့ရန်	၁၀၀
၇၂	ခန္ဓာ ၅ ပါး အရကောက်ဆိုရိုး	၁၀၁
၇၃	ဥပါဒါနက္ခန္ဓာဖွဲ့ရန်	၁၀၁
၇၄	အာယတနဖွဲ့ရန်	၁၀၂
၇၅	အာယတနအရကောက်ဆိုရိုး	၁၀၂
၇၆	ဓာတ်ဖွဲ့ရန်	၁၀၃
၇၇	ဓာတ် ၁၈ ပါး အရကောက်ဆိုရိုး	၁၀၄

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၈	သစ္စာဖွဲ့ရန်	၁၀၅
၇၉	သစ္စာ ၄ ပါး အရကောက်ဆိုရိုး	၁၀၆
၈၀	လေ့ကျင့်ခန်း	၁၀၇
	အပိုင်း (၈)	
	ပစ္စည်းပိုင်း	
၈၁	ပစ္စည်း၊ ပစ္စယုပ္ပန်	၁၀၉
၈၂	နည်း ၂ ပါး အထူး	၁၁၀
၈၃	ပဋိစ္စသမုပ္ပါဒ် ပါဠိတော်	၁၁၁
၈၄	ပဋိစ္စသမုပ္ပါဒ်အနက်	၁၁၁
၈၅	ပဋိစ္စသမုပ္ပါဒ်နည်း	၁၁၃
၈၆	ပဋိစ္စသမုပ္ပါဒ်နည်းအပြား	၁၁၅
၈၇	အဝိဇ္ဇာဖုံးကွယ်ရာ ၈ ဌာန	၁၁၅
၈၈	သခါရအပြား	၁၁၇
၈၉	တရားကိုယ်ကောက်ပုံ	၁၁၇
၉၀	အဝိဇ္ဇာကြောင့် သခါရဖြစ်ပုံ	၁၁၈
၉၁	သခါရပစ္စယာ ဝိညာဏံ	၁၁၉
၉၂	သခါရနှင့် ဝိညာဏ်တွဲစပ်ပုံ	၁၂၀
၉၃	ဝိညာဏာပစ္စယာနာမရူပံ	၁၂၁

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၄	နာမရူပ ပစ္စယာ သဠာယတနံ	၁၂၂
၉၅	နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ	၁၂၃
၉၆	သဠာယတနပစ္စယာဖဿော	၁၂၅
၉၇	တရားကိုယ်ကောက်ပုံ	၁၂၅
၉၈	သဠာယတန, ဖဿ ၆ မျိုးတွဲပုံ	၁၂၅
၉၉	ဖဿပစ္စယော ဝေဒနာ	၁၂၆
၁၀၀	အဘိဓမ္မာနည်း၊ တရားကိုယ်ကောက်ပုံ	၁၂၈
၁၀၁	ဝေဒနာပစ္စယာတဏှာ	၁၂၈
၁၀၂	ကာမတဏှာ ၆ ပါး	၁၃၉
၁၀၃	အမြဲဆာလောင်နေ	၁၃၀
၁၀၄	အတွင်းသဘောကိုမြင်အောင်ကြည့်	၁၃၁
၁၀၅	တဏှာအစစ်တရာ့ရှစ်	၁၃၂
၁၀၆	တဏှာပစ္စယာဥပဒါနံ	၁၃၂
၁၀၇	တဏှာနှင့် ကာမုပါဒါန်အထူး	၁၃၃
၁၀၈	တဏှာကြောင့် ဥပါဒါန်ဖြစ်	၁၃၄
၁၀၉	ကာမုပါဒါန်	၁၃၄
၁၁၀	အပြန်အလှန်ဆွဲအားကောင်းခြင်း	၁၃၆
၁၁၁	ရသာရုံရှင်းလင်းချက်	၁၃၆
၁၁၂	ကာမဂုဏ်သရုပ်	၁၃၈
၁၁၃	ကိလေသာတရားများ လွန်စွာအားနည်း	၁၃၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂၄	လှေကွဲပမာလူခန္ဓာ	၁၄၀
၁၂၅	ကာမဂုဏ်ကို စွန့်လွှတ်နိုင်ရန်	၁၄၂
၁၂၆	တစ်ဖက်ကမ်းသို့ကူးမြောက်ရန်	၁၄၃
၁၂၇	ဥပါဒါနပစ္စယာ ဘဝေါ	၁၄၄
၁၂၈	သခ်ါရနှင့် ကမ္မဘဝအထူး	၁၄၄
၁၂၉	ဥပပတ္တိဘဝ ၉ မျိုး	၁၄၅
၁၃၀	ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၄၇
၁၃၁	ကာမုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၄၉
၁၃၂	ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၅၀
၁၃၃	အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ	၁၅၁
၁၃၄	ဘဝပစ္စယာဇာတိ	၁၅၂
၁၃၅	ဘဝ ၂ မျိုးအထူး	၁၅၃
၁၃၆	ဇာတိပစ္စယာ ဇရာမရဏံ	၁၅၄
၁၃၇	အကြောင်းအကျိုးဖြစ်ပေါ်ပုံကို ဖော်ပြသော တရားတော်	၁၅၆
၁၃၈	အမှောင်ထုထဲ ကျရောက်နေ	၁၅၇
၁၃၉	အထင်မှားခြင်း	၁၅၇
၁၄၀	ပဋိစ္စသမုပ္ပါဒ်နည်း သိမှတ်ဖွယ်ရာများ	၁၅၈
၁၄၁	ပဋိစ္စသမုပ္ပါဒ်ကို ကာလ ၃ ပါးဖြင့် ဝေဖန်ပုံ	၁၅၉
၁၄၂	အင်္ဂါ ၁၂ ပါး	၁၅၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄၃	အဂီအဖြစ်မရေတွက်ရ	၁၅၉
၁၄၄	မုချအကျိုးနိဿန္ဒအကျိုး	၁၅၉
၁၄၅	ခြင်းရာ ၂၀	၁၆၀
၁၄၆	အတိတ်အကြောင်း ၅ ပါး	၁၆၀
၁၄၇	ပစ္စုပ္ပန်အကျိုး ၅ ပါး	၁၆၀
၁၄၈	ပစ္စုပ္ပန်အကြောင်း ၅ ပါး	၁၆၀
၁၄၉	အစပ် ၃ ပါး	၁၆၁
၁၅၀	အလွှာ ၄ ပါး	၁၆၁
၁၅၁	ဝဋ် ၃ ပါး	၁၆၁
၁၅၂	ပဋိစ္စသမုပ္ပါဒ်တရားကိုယ်ကို ဝဋ် ၃ ပါးဖြင့်ဝေဖန်ပုံ	၁၆၂
၁၅၃	ဝဋ်ပြတ်ပျက်စီးခြင်း	၁၆၂
၁၅၄	ပဋိစ္စသမုပ္ပါဒ်ဝဋ်ပြတ် ပျက်စီးပုံကို ဟောတော်မူခြင်း	၁၆၃
၁၅၅	အနက်မြန်မာပြန်ဆိုပုံ	၁၆၃
၁၅၆	ပညာလက်နက်ကောင်းရရှိဖို့လို	၁၆၅
၁၅၇	အဝိဇ္ဇာ၏အကြောင်းတရား	၁၆၆
၁၅၈	အာသဝေါတရားကြောင့် အဝိဇ္ဇာဖြစ်ပုံ	၁၆၆
၁၅၉	ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်	၁၆၆
၁၆၀	ဝဋ်ဆင်းရဲ၌ ကျင်လည်နေပုံကို သိစေလို	၁၆၇
၁၆၁	လေ့ကျင့်ခန်းမေးခွန်း	၁၆၇
၁၆၂	ပဌာန်းနည်းပါဠိတော်	၁၆၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆၃	အနက်မြန်မာပြန်ဆိုပုံ	၁၇၀
၁၆၄	ဟေတုပစ္စည်း	၁၇၅
၁၆၅	အာရမ္မဏပစ္စည်း	၁၇၆
၁၆၆	အဓိပတိပစ္စည်း	၁၇၇
၁၆၇	အနန္တရပစ္စည်း	၁၇၉
၁၆၈	သမနန္တရပစ္စည်း	၁၇၉
၁၆၉	သဟဇာတပစ္စည်း	၁၈၀
၁၇၀	အညမညပစ္စည်း	၁၈၁
၁၇၁	နိဿယပစ္စည်း	၁၈၂
၁၇၂	ဥပနိဿယပစ္စည်း	၁၈၃
၁၇၃	ပုရေဇာတပစ္စည်း	၁၈၄
၁၇၄	ပစ္ဆာဇာတပစ္စည်း	၁၈၅
၁၇၅	အာသေဝနပစ္စည်း	၁၈၆
၁၇၆	ကမ္မပစ္စည်း	၁၈၇
၁၇၇	ကမ္မသတ္တိအင်အားကြီးမားလှ	၁၈၈
၁၇၈	ဝိပါကပစ္စည်း	၁၉၁
၁၇၉	အာဟာရပစ္စည်း	၁၉၂
၁၈၀	ကျန္ဒြိယပစ္စည်း	၁၉၃
၁၈၁	စျာနပစ္စည်း	၁၉၅
၁၈၂	မဂ္ဂပစ္စည်း	၁၉၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၈၃	သမ္မယုတ္တပစ္စည်း	၁၉၅
၁၈၄	ဝိပ္ပယုတ္တပစ္စည်း	၁၉၆
၁၈၅	အတ္ထိပစ္စည်း	၁၉၈
၁၈၆	နတ္ထိပစ္စည်း	၁၉၉
၁၈၇	ဝိဂတပစ္စည်း	၁၉၉
၁၈၈	အဝိဂတပစ္စည်း	၂၀၀
၁၈၉	ပစ္စည်း ၆ မျိုးခွဲခြားပုံ	၂၀၀
၁၉၀	ပစ္စည်းအကျဉ်းချုပ် ၄ မျိုး	၂၀၂
၁၉၁	၄ ပစ္စည်း၌ ပါဝင်ပုံ	၂၀၂
၁၉၂	၂၄ ပစ္စည်းကိုကာလဖြင့်ဝေဖန်ပုံ	၂၀၄
၁၉၃	၂၄ ပစ္စည်းကို သခ်တ, အသခ်တခွဲပုံ	၂၀၄
၁၉၄	၂၄ ပစ္စည်းကို နာမ်ရုပ်ပညတ်ခွဲပုံ	၂၀၅
၁၉၅	ပညတ်အပြား	၂၀၆
၁၉၆	အတ္ထပညတ်အပြား	၂၀၆
၁၉၇	သဒ္ဒပညတ်၏အမည်များ	၂၁၁
၁၉၈	သဒ္ဒပညတ်အပြား	၂၁၁
၁၉၉	သဒ္ဒပညတ် ၆ မျိုးနှင့် အဓိပ္ပါယ်ပုံစံ	၂၁၁
၂၀၀	ပညတ် ၂ မျိုးကို သိပုံ	၂၁၄
၂၀၁	နာမပညတ်ဖြစ်ပေါ်လာပုံ	၂၁၅
၂၀၂	လေ့ကျင့်ခန်းမေးခွန်း	၂၁၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အပိုင်း (၉)	
	ကမ္မဋ္ဌာန်းပိုင်း	
၂၀၃	ယုံကြည်လေးစားစိတ်ဖြစ်ပေါ်လာနိုင်	၂၁၇
၂၀၄	အဓိသီလသိက္ခာ	၂၁၈
၂၀၅	ကိလေသာ ၃ မျိုး	၂၁၈
၂၀၆	အဓိစိတ္တသိက္ခာ	၂၂၁
၂၀၇	အဓိပညာသိက္ခာ	၂၂၁
	အခန်း (၁)	
၂၀၈	အဓိသီလသိက္ခာ	၂၂၂
၂၀၉	အဓိသီလသိက္ခာ ၂ မျိုး	၂၂၅
၂၁၀	အာဇီဝဋ္ဌမကသီလ	၂၂၆
၂၂၁	ဂဟဋ္ဌသီလ	၂၂၈
၂၂၂	လူတို့စောင့်အပ်သော သီလကို ၂ မျိုးခွဲပုံ	၂၂၉
၂၂၃	အသက်မွေးမှု ၂ မျိုး	၂၃၀
၂၂၄	အာဇီသဋ္ဌမက သီလတောင်းပုံ	၂၃၄
	အခန်း (၂)	
၂၂၅	အဓိစိတ္တသိက္ခာ	၂၃၅
၂၂၆	သမထ ကမ္မဋ္ဌာန်း ၄၀	၂၃၈
၂၂၇	ကသိဏ်း ၁၀ ပါး	၂၃၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၂၈	အသုဘ ၁၀ ပါး	၂၄၀
၂၂၉	အနုဿတိ ၁၀ ပါး	၂၄၁
၂၃၀	အပ္ပမညာ ၄ ပါး	၂၄၃
၂၃၁	အာဟာရေပဋိကူလသညာ ၁ ပါး	၂၄၄
၂၃၂	စတုဓာတု ဝဝတ္ထာန် ၁ ပါး	၂၄၄
၂၃၃	အာရုပ္ပ ၄ ပါး	၂၄၄
၂၃၄	အာရုံ ကမ္မဋ္ဌာန်း ၂၀	၂၄၄
၂၃၅	အာရမ္မဏိက ကမ္မဋ္ဌာန်း ၂၀	၂၄၅
၂၃၆	စရိုက် ၆ ပါး	၂၄၅
၂၃၇	စရိုက်အကဲခတ်ရန်	၂၄၅
၂၃၈	ဘာဝနာ ၃ ပါး	၂၄၉
၂၃၉	နိမိတ် ၃ ပါး	၂၄၉
၂၄၀	သပ္ပါယဘေဒ	၂၅၀
၂၄၁	ကမ္မဋ္ဌာန်းပြဆရာ၌ရှိရမည့် ဂုဏ်အင်္ဂါ ၇ ပါး	၂၅၃
၂၄၂	တရားပွဲ၌ အလှူမခံသင့်	၂၅၆
၂၄၃	ပဓာနိယင်္ဂတရား ၅ ပါး	၂၅၈
၂၄၄	သတိထားရမည့်အချက်များ	၂၅၈
၂၄၅	ဘာဝနာဘေဒ	၂၆၁
၂၄၆	ပညတ်ကမ္မဋ္ဌာန်းများ	၂၆၅
၂၄၇	ပရမတ်ကမ္မဋ္ဌာန်းများ	၂၆၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဂေါစရဘေဒ	
၂၄၈	ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း	၂၆၈
၂၄၉	ပထဝီကသိုဏ်းကို စီးဖြန်းရန်	၂၆၉
၂၅၀	မြေကသိုဏ်းဝန်းပြုလုပ်ခြင်း	၂၇၀
၂၅၁	မြေကသိုဏ်းဝန်းရှုရန် နေရာယူခြင်း	၂၇၁
၂၅၂	ပထဝီကသိုဏ်းစီးဖြန်းခြင်း	၂၇၂
၂၅၃	ဥပစာရဘာဝနာ	၂၇၄
၂၅၄	ရူပါဝစရစျာန်များဖြစ်ပေါ်လာပုံ	၂၇၅
၂၅၅	ဝသီဘော် ၅ ပါး	၂၇၆
၂၅၆	အသုဘကမ္မဋ္ဌာန်းပွားများရန်	၂၇၇
၂၅၇	အသုဘကမ္မဋ္ဌာန်း၌ သတိထားရန်	၂၈၀
၂၅၈	ကာယဂတာသတိကမ္မဋ္ဌာန်း	၂၈၁
၂၅၉	၃၂ ကောဋ္ဌာသပါဠိအနက်	၂၈၂
၂၆၀	ကူးစက်ပြန့်ပွားနေပြီ	၂၈၄
၂၆၁	အာနာပါနဿတိဘာဝနာ	၂၈၅
၂၆၂	နေရာ ၃ မျိုး	၂၈၆
၂၆၃	ကြိုတင်ပြင်ဆင်ရန်	၂၈၆
၂၆၄	ဝင်လေထွက်လေကို ရှုမှတ်ခြင်း	၂၈၇
၂၆၅	အပွနာသို့ရောက်စေနိုင်သော ကျန် ကမ္မဋ္ဌာန်း ၈ပါး	၂၈၈
၂၆၆	မေတ္တာဘာဝနာ	၂၈၈
၂၆၇	၂၅၈ မေတ္တာပွားနည်း	၂၈၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၆၈	ရန်သူအပေါ် မေတ္တာထားနည်း	၂၉၀
၂၆၉	မေတ္တာပို့ခြင်း	၂၉၀
၂၇၀	၁၃၂ မျိုး ကရဏာပွားနည်း	၂၉၅
၂၇၁	၁၃၂ မျိုး မုဒိတာပွားနည်း	၂၉၈
၂၇၂	၁၃၂ မျိုး ဥပေက္ခာပွားနည်း	၂၉၉
၂၇၃	လူမှုပေါင်းသင်းဆက်ဆံရေးနည်းပညာ	၃၀၀
၂၇၄	အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး ပွားများပုံ	၃၀၂
၂၇၅	အပ္ပနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းနိမိတ်နှင့်ဘာဝနာ	၃၀၅
၂၇၆	ဗုဒ္ဓါနုဿတိ ဘာဝနာ	၃၀၅
၂၇၇	နှလုံးသား၌ဘုရားတည်	၃၀၆
၂၇၈	ဗုဒ္ဓါနုဿတိဘာဝနာပွားများရန်	၃၀၇
၂၇၉	ဂုဏ်တော် ဘုရားရှိခိုး	၃၀၉
၂၈၀	ဂုဏ်တော် ပုတီးစိပ်ပုံ	၃၁၀
၂၈၁	အာဟာရေပဋိကူလ သညာကမ္မဋ္ဌာန်း	၃၁၂
၂၈၂	အာဟာရေပဋိကူလ သညာကမ္မဋ္ဌာန်းပွားများပုံ	၃၁၄
၂၈၃	စတုဓာတုဝ ဝတ္ထာန်ကမ္မဋ္ဌာန်း	၃၁၆
၂၈၄	ပဋိဘာဂနိမိတ်မရကောင်းသော ကမ္မဋ္ဌာန်း ၁၈ ပါး ၌ နိမိတ်နှင့် ဘာဝနာတွဲစပ်ပုံ	၃၁၉
၂၈၅	နိမိတ်ဘာဝနာကမ္မဋ္ဌာန်း ၃ မျိုးတွဲစပ်ပုံ	၃၁၉
၂၈၆	အဘိညာဉ်	၃၂၀
၂၈၇	အဘိညာဉ် ဖြစ်ပေါ်လာပုံ	၃၂၀

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၈၈	အဘိညာဉ်အပြား	၃၂၁
၂၈၉	လေ့ကျင့်ခန်း မေးခွန်း	၃၂၃
	အခန်း (၃)	
	အဓိပညာသိက္ခာ	
၂၉၀	အစွန်းမထွက်သင့်	၃၂၆
၂၉၁	မြတ်ဗုဒ္ဓ၏ ဝိပဿနာအမြင်	၃၂၈
၂၉၂	ဝိပဿနာကမ္မဋ္ဌာန်း	၃၂၉
၂၉၃	ဝိသုဒ္ဓိ ၇ ပါး	၃၂၉
၂၉၄	ဝိပဿနာဉာဏ် ၁၀ ပါး	၃၃၁
၂၉၅	ဝိသုဒ္ဓိ ဘေဒ	၃၃၃
၂၉၆	ဝိပဿနာရှုရမည့်တရား	၃၃၅
၂၉၇	ဝိပဿနာဉာဏ် ၁၀ ပါးဖြစ်ပေါ်လာပုံ	၃၃၅
၂၉၈	ဝိပဿနုပက္ကိလေသ ၁၀ ပါး	၃၄၃
၂၉၉	မဂ်စိတ်ဖြစ်ပေါ်လာပုံ	၃၄၇
၃၀၀	မဂ်ကိစ္စ ၁၆ ချက်	၃၄၈
၃၀၁	ပစ္စဝေက္ခဏာဉာဏ်	၃၄၉
၃၀၂	ပစ္စဝေက္ခဏာ ဝီထိအပြား	၃၄၉
၃၀၃	ဝိသုဒ္ဓိ ၇ ပါးနှင့် ဝိပဿနာဉာဏ် ၁၀ ပါးတွဲစပ်ပုံ	၃၅၀
၃၀၄	မူလဝိသုဒ္ဓိစသည်ခွဲပုံ	–

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဝိမောက္ခဘေဒ	
၃၀၅	ဝိမောက္ခ ၃ ပါး	၃၅၁
၃၀၆	အနုပဿနာ ၃ မျိုး ဝိမောက္ခမုခအမည်ရ	၃၅၂
၃၀၇	ဝိပဿနာနှင့် စပ်၍ မဂ်၏အမည် ၃ မျိုး	၃၅၃
၃၀၈	မဂ္ဂဝီထိ၌ မဂ်နှင့်စပ်၍ ဖိုလ်၏အမည် ၃ မျိုး	၃၅၄
၃၀၉	ဖလသမာပတ္တိဝီထိ၌ ဝိပဿနာနှင့်စပ်၍ ဖိုလ်၏ အမည် ၃ မျိုး	၃၅၄
၃၁၀	အာရုံနှင့်စပ်၍ မဂ်၊ ဖိုလ်၏အမည် ၃ မျိုး	၃၅၅
	ပုဂ္ဂဘေဒ	
၃၁၁	သောတာပန်၊ သောတာပန်ပယ်သောတရား	၃၅၇
၃၁၂	သောတာပန် ၃ မျိုး	၃၅၈
	သမာပတ္တိဘေဒ	
၃၁၃	သမာပတ်အပြား	၃၆၀
၃၁၄	နိရောဓသမာပတ်ဝင်စားပုံ	၃၆၁
၃၁၅	နိရောဓသမာပတ်၏ ပုဗ္ဗကိစ္စ ၄ ပါး	၃၆၂
၃၁၆	တိုက်တွန်းချက်	၃၆၂
၃၁၇	လေ့ကျင့်ခန်းမေးခွန်း	၃၆၃

http://www.dhammadownload.com

အခြေခံပုဒ္ဓအဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အပိုင်း (၇)

သမ္မုစ္ဆည်းပိုင်း

ဓာတု။ လောကၱ ပုဂ္ဂိလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ ဟူ၍မရှိ၊ ပရမတ်တရား, သဘာဝတရားများသာရှိကြ၏။ ယင်းပရမတ်တရား တိုင်းၱ သီးခြားသဘောလက္ခဏာများ ရှိနေကြ၏။ ပရမတ်တရားများသည် မိမိတို့မှာ ရှိနေကြသော ယင်းသီးခြားသဘောလက္ခဏာကို မပျောက်ကွယ်ရ အောင် ဆောင်ထားနိုင်ကြ၏။ ထိုသို့ မိမိတို့၏သဘောလက္ခဏာကို မပျောက် ကွယ်ရအောင် ဆောင်ထားနိုင်ခြင်းကြောင့် ပရမတ်တရားကို ''**ဓာတု**'' ခေါ်၏။

ဓာတုနာနတ္တ။ ပရမတ်တရားသည် တစ်ခုတည်း တစ်မျိုးတည်းမဟုတ်ပေ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟု လေးမျိုးကွဲပြားနေ၏။ ထိုလေးမျိုးတွင် တစ်မျိုးတစ်မျိုးမှာ အမျိုးအစားများစွာ ကွဲပြားနေ၏။ ယင်းစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့၏ အကြောင်းအရာများကို စိတ်ပိုင်း စသော အောက် (၆) ပိုင်းတို့၌ ပြခဲ့ပြီးဖြစ်၏။ ထိုသို့ ပရမတ်တရားများ သဘောလက္ခဏာနှင့် တကွ ကွဲပြားခြားနေမှုကို ''**ဓာတုနာနတ္တ**'' ခေါ်၏။

http://www.dhammadownload.com

ဝေါဟာရများတိထွင်။ ပရမတ်တရားများသည် သဘောလက္ခဏာချင်း ကွဲပြားနေကြသော်လည်း သက်ဆိုင်ရာအကြောင်းတရားကိုအခြေခံ၍ ဖြစ်ပေါ်ကြရာ၌ တစ်ခုတည်း၊ တစ်မျိုးတည်းဖြစ်ရိုးမရှိကြပေ။ သဘောတူချင်း ဓာတ်တူချင်းသာ စုပေါင်းဖြစ်ပေါ်လေ့ရှိကြ၏။ ထိုသို့ပရမတ် တရားများ သဘောတူချင်း စုပေါင်းဖြစ်ပေါ်ကြသောအခါ လူသားများသည် ဖြစ်ပေါ်နေသော ပုံသဏ္ဌာန်ကိုကြည့်လျက် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစသည်ဖြင့် ဝေါဟာရများ တီထွင်လျက် ခေါ်ဝေါ်သုံးစွဲလာခဲ့ကြ၏။ ပုံသဏ္ဌာန် ဒြပ်တစ်ခု၌ ဖွဲ့စည်းဖြစ်ပေါ်နေသော ပရမတ်တရားများကိုကား သာမန်လူသားများ၏ မျက်စိဖြင့် မမြင်တွေ့နိုင်ကြပေ။ မြတ်ဗုဒ္ဓတစ်ဆူသာ တွေ့မြင်တော်မူခဲ့၏။ ထိုသို့ပရမတ်တရားများ သဘောတူ၊ ဓာတ်တူ တရားချင်း စုပေါင်းဖွဲ့စည်းဖြစ်ပေါ်ပုံကို မြတ်ဗုဒ္ဓသည် အဘိဓမ္မာဒေသနာတော် ၌ ဖော်ထုတ်ဟောပြတော်မူခဲ့၏။ ပရမတ်တရားများကို ထိုသို့သဘောတူရာ စုပေါင်းဖြစ်ပေါ်ပုံကို ပြဆိုသောအပိုင်းကို ''သမုစ္စည်းပိုင်း'' ခေါ်၏။

ဒွါသတ္တတိဝိဓာအရ

၁။	စိတ်	၁ ပါး
၂။	စေတသိက်	၅၂ ပါး
၃။	နိပ္ပန္နရုပ်	၁၈ ပါး
၄။	နိဗ္ဗာန်	၁ ပါး
	စုစုပေါင်း	**၇၂ ပါး**

မှတ်ချက် ။ ဝတ္ထုဓမ္မာအရကို ဖော်ပြပါဟုမေးလျှင်လည်း ဤ ၇၂ပါးကို ပင် ဖြေပါ။ ယင်း ၇၂ ပါးတိုင်းသည် အထည်ကိုယ်ဝတ္ထုရကောင်းသော ပရမတ္ထအစစ်မဟုတ်ပါ။ ဝတ္ထုဓမ္မာအရတွင် မပါဝင်သောတရားတို့ကိုရေးပါဟုမေးလျှင် အနိပ္ပန္နရုပ် ၁၀ ကိုဖြေပါ။ အနိပ္ပန္နရုပ် ၁၀ ပါးသည် ပရမတ္ထတရားအစစ်မဟုတ်ကြပါ။

http://www.dhammadownload.com

သင်္ဂဟ ၄ မျိုး

သမုစ္စည်းပိုင်း၌ အောက်ပါအတိုင်း သင်္ဂဟလေးမျိုးကို အစဉ်အတိုင်း ပြပါမည်။

၁။ **အကုသလသင်္ဂဟ** = အကုသိုလ်တရားတို့ကို စုပေါင်းပြရာ အခန်း

၂။ **မိဿကသင်္ဂဟ** = ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့ကို ရောနှောစုပေါင်းပြရာအခန်း

၃။ **ဗောဓိပက္ခိယသင်္ဂဟ**= မဂ်ဉာဏ်၏အသင်းအပင်းဝင် တရားတို့ကို စုပေါင်းပြရာအခန်း။

၄။ **သဗ္ဗသင်္ဂဟ** = ပရမတ္ထတရားအားလုံးကို စုပေါင်းပြရာ အခန်း။

အကုသလသင်္ဂဟ

လောကဋ္ဌ အမှောင်တရား၊ အလင်းတရား၊ အပြစ်ရှိသောတရား၊ အပြစ်ကင်းသောတရား၊ ဆင်းရဲစေတတ်သောတရား၊ ချမ်းသာစေတတ်သော တရား၊ ယုတ်ညံ့သောတရား၊ မြင့်မြတ်သောတရား၊ ညစ်ပေသောတရား၊ သန့်ရှင်းဖြူစင်သောတရားစသည်ဖြင့် သဘာဝအားဖြင့် ဆန့်ကျင်ဘက်တရား နှစ်မျိုးကွဲပြားလျက် ဖြစ်ပေါ်နေ၏။

အမှောင်တရား၊ အပြစ်ရှိသောတရား၊ ဆင်းရဲစေတတ်သောတရား၊ ယုတ်ညံ့သောတရား၊ ညစ်ပေစေတတ်သောတရားကို ပါဠိဘာသာဖြင့် ''**အကုသလဓမ္မ**'' ခေါ်၏။ ထိုအကုသလဓမ္မကို **အကုသိုလ်တရား** ဟု မြန်မာဝေါဟာရသို့ ပြောင်းယူကြ၏။ ထိုအကုသိုလ်တရားတို့ကို သဘောတူရာ ပေါင်းစု ရေတွက်ပြသောအခန်းသည် **အကုသလသင်္ဂဟ** ခေါ်၏။

http://www.dhammadownload.com

အာသဝတရား

အရက်နှင့်တူ ။ အရက်အိုးထဲ၌ ကြာမြင့်စွာ ထုံအပ် စိမ်ထားအပ်သော အရက်နှင့်တူသောကြောင့် အာသဝတရားခေါ်၏။

အရက်အိုးထဲ၌ ကြာမြင့်စွာ ထုံအပ်၊ စိမ်ထားအပ်သောအရက်သည် သောက်သုံးသူကို မူးယစ်စေနိုင်၏၊ မူးရူးစေနိုင်၏။ အရက်မူးလာလျှင် အရှက် အကြောက်ကင်းမဲ့လျက် မကောင်းမှုအမျိုးမျိုးကို ပြုလုပ်မိကြ၏။

အရက်အိုးနှင့်အလားတူသော သတ္တဝါတို့၏ ခန္ဓာကိုယ်၌လည်း ရှည်လျားလှသော ဘဝသံသရာတစ်လျှောက်လုံးမှာ မောဟ၊ ဒိဋ္ဌိ၊ လောဘ တရားများ မပြတ်ဖြစ်ပေါ်ခဲ့၏။ မောဟတရားသည် သတ္တဝါ၏စိတ်ကို အမှောင်ချထား၏။ ဒိဋ္ဌိတရားသည် သတ္တဝါကို သဘာဝနာမ်ရုပ်တရားအပေါ်၌ အမြင်မှား၊ အသိမှားစေ၏။ လောဘတရားသည် အာရုံငါးပါးကာမဂုဏ်တရား များနှင့် တွေ့ကြုံရသောအခါ ယင်းအာရုံတရား၌ သတ္တဝါကိုတပ်မက် တွယ်တာ စေ၏။ အာရုံငါးပါး ကာမဂုဏ်တရားနှင့် တွေ့ရသောအခါ ထိုမောဟ၊ ဒိဋ္ဌိ၊ လောဘတရားများသတ္တဝါသန္တာန်၌ ထကြွသောင်းကျန်းလာပြီး မိမိကိန်းရာ သတ္တဝါကို မူးရူးစေနိုင်၏။ မူလစိတ်ကောင်းစိတ်မြတ်များ ပျောက်ကွယ်သွား ပြီး ထိုသို့မူးရူးလာသောအခါ ရှက်စရာရွံစရာအဖြစ် လုံးဝမသိတော့ဘဲ အရှက် အကြောက်ကင်းမဲ့လျက် မကောင်းမှုအမျိုးမျိုးကို ရဲဝံ့စွာပြုလုပ်ကြ၏။ မောဟ၊ ဒိဋ္ဌိ၊ လောဘတရားများသည် ဤသို့ကြာမြင့်စွာ ထုံအပ်၊ စိမ်ထားအပ်သော အရက်နှင့်တူကြ၏။

နယ်ပယ်ကျယ်ဝန်းလှ ။ ဘုံအားဖြင့် ဘဝဂိုဏ်အောင် ဓမ္မအား ဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သောကြောင့်လည်း အာသဝခေါ်၏။ လောဘ၊ ဒိဋ္ဌိ၊ မောဟတရားများသည် သတ္တဝါများဖြစ်ရာ ဘုံအားဖြင့် (၃၁)ဘုံ တွင် နေဝသညာနာသညာယတနဘုံဟူသော အမြင့်ဆုံးဘဝဂ် ဘုံအထိပျံ့နှံ့ စီးဝင်နိုင်၏။ တရားသဘောအရ ဘဝသံသရာကို ကြောက်လန့်၍ ဘဝ

http://www.dhammadownload.com

သံသရာမှ ထွက်မြောက်လိုသဖြင့် ထွက်ပြေးသူများနောက်သို့လိုက်ရာ လောကီနယ်ပယ်ကိုကျော်လွန်ပြီ သောတာပတ္တိမဂ်ဟူသော လောကုတ္တရာနယ်ပယ်နှင့် နီးကပ်နေသော ဂေါတြဘူစိတ်အထိ ပျံ့နှံ့စီးဝင်နိုင်၏။

အရပ်သုံးစကားဖြင့်ပြောရလျှင် အာသဝတရားများသည် အပါယ်ဘုံသားသတ္တဝါများနှင့် လူသားများသန္တာန်၌လည်းဖြစ်၏။ နတ်သန္တာန်၌လည်းဖြစ်၏။ ဗြဟ္မာများသန္တာန်၌လည်းဖြစ်၏။ ထို့ကြောင့် အာသဝတရားများကင်းကွာအောင် မကြိုးစားနိုင်ကြသေးလျှင် အမြင့်ဆုံးဗြဟ္မာဘဝ၌ ဖြစ်နေစေကာမူ စျာန်အရှိန်ကုန်လာသောအခါ လူဘုံ၌လူပြန်ဖြစ်လာနိုင်၏။ လူဘုံမှ တစ်ဆင့်အပါယ်လေးဘုံ၌ ပြန်ဖြစ်နိုင်၏။

တရားသဘောအရပြောရလျှင် လောကီနယ်ကို လွှမ်းခြုံလျက် လောကုတ္တရာနယ်အစ သောတာပတ္တိမဂ်အနီး ဂေါတြဘူစိတ်အထိ အာသဝတရားများ ပျံ့နှံ့စိမ့်ဝင်နိုင်ခြင်းကြောင့် အာသဝတရား၏နယ်ပယ်သည် ကျယ်ဝန်းလှ၏။ ဤသို့ယိုစီးတတ်သောကြောင့်လည်း အာသဝတရားခေါ်၏။

အာသဝ ၄ ပါး

အာသဝတရားသည် အောက်ပါအတိုင်း လေးပါးပြား၏ –

(၁) ကာမာသဝ

(၂) ဘဝါသဝ

(၃) ဒိဋ္ဌာသဝ

(၄) အဝိဇ္ဇာသဝ

ကာမာသဝ ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးကို ကာမဂုဏ်တရားခေါ်၏။ လူသားများနေထိုင်ရာဘုံသည် ကာမဘုံဖြစ်၏။ ကာမဘုံ၌ဖြစ်ကြသော သတ္တဝါများသည် ကာမသတ္တဝါဖြစ်၏။ အဝတ်အစား၊ အိမ်၊ အိပ်ရာနေရာ၊ ရွှေငွေ၊ လယ်ယာ၊ ကိုင်းကျွန်းစသော အသုံး

http://www.dhammadownload.com

အဆောင်ပစ္စည်းအားလုံးသည် ကာမပစ္စည်း၊ ကာမအာရုံများဖြစ်၏။ ယင်း ကာမအာရုံများနှင့် ဆက်စပ်ပြီး လူ၏သန္တာန်၌ ဖြစ်ပေါ်လာသောစိတ်ကို ကာမ စိတ်ခေါ်၏။

ထိုသို့များပြားလှသော ကာမအာရုံကို တူရာပေါင်းစပ်လျက် အဆင်း ရူပါရုံ၊ အသံသဒ္ဒါရုံ၊ အနံ့ဂန္ဓာရုံ၊ အရသာရသာရုံ၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ ဟု အာရုံငါးမျိုးရှိ၏။ ထိုအာရုံငါးပါး၌ တပ်မက်တွယ်တာသော လောဘ စေတသိက်သည် မိမိကိန်းရာ သတ္တဝါကို မူးရူးစေတတ်သောကြောင့် **ကာမာသဝ** မည်၏။

ဘဝါသဝ ။ ကာမဂုဏ်ကို စက်ဆုပ်ပြီး ဈာန်တရားနှင့် ရူပဗြဟ္မာ၊ အရူပ ဗြဟ္မာဘဝကို နှစ်သက်တွယ်တာသော လောဘစေတသိက်သည် ဘဝါသဝ မည်၏။

ဒိဋ္ဌာသဝ ။ သဘာဝအမှန်တရားအပေါ်၌ အမြင်မှား၊ အယူမှားမှု မိစ္ဆာ ဒိဋ္ဌိ ၆၂ ပါးသည် ဒိဋ္ဌာသဝမည်၏။ သဘာဝတရားအပေါ်၌ အမြင်မှားလာ သောအခါ ယင်းအမြင်မှား၊ အသိမှားမှုကိုအခြေခံ၍ သတ္တဝါများ မူးရူးလာကြ၏။ ထို့ကြောင့် အမြင်မှားမှုကို ဒိဋ္ဌာသဝခေါ်၏။

အဝိဇ္ဇာသဝ ။ အမှန်တရားသစ္စာလေးပါး၊ လွန်ခဲ့သောအတိတ်ဘဝ ပုဗ္ဗန္တ၊ အနာဂတ်ဘဝအပရန္တ၊ အတိတ်ဘဝ အနာဂတ်ဘဝ ပုဗ္ဗန္တာပရန္တ၊ ကြောင်း ကျိုးဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ဟူသော ရှစ်ဌာနတို့၌ အမှန်အတိုင်း မသိအောင် စိတ်ကို အမှောင်ချထားမှု မောဟသည် အဝိဇ္ဇာသဝမည်၏။ ထိုသို့ မောဟ အမှောင်ထုဖုံးကွယ်ခံနေရသော သတ္တဝါများ မူးရူးလာကြ၏။ ထို့ကြောင့် ယင်းမောဟ အမှောင်ထုကို အဝိဇ္ဇာသဝခေါ်၏။

အာသဝတရားကိုယ်သုံးပါး ။ အာသဝတရားသည် လေးပါး၊ ပြားသော် လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူ၍သုံးပါးသာရှိ၏။

http://www.dhammadownload.com

တရားကိုယ်ကောက်ပုံ

၁	လောဘမူစိတ် ၈ ပါးဥယျှင်သောလောဘစေတသိက်သည် ကာမာသဝမည်၏။
၂	ဒိဋ္ဌိဂတပို့ယုတ်စိတ် ၄ ပါးဥယျှင်သော လောဘစေတသိက်သည် ဘဝါသဝမည်၏။
၃	ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄ ပါးဥယျှင်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာသဝမည်၏။
၄	အကုသိလ်စိတ် ၁၂ ပါးဥယျှင်သော မောဟစေတသိက်သည် အဝိဇ္ဇာသဝမည်၏။

ဩဃ

မြစ်ထဲ၊ ပင်လယ် (သမုဒ္ဒရာ) ထဲ၌ အဆက်မပြတ်စီးဆင်းနေသော ရေစီးကြောင်း ရေအလျဉ်များရှိကြ၏။ ယင်းရေစီးကြောင်း ရေအလျဉ်ကို ''ဩဃ'' ခေါ်၏။ အရှိန်ပြင်းစွာ စီးဆင်းနေသော ရေစီးကြောင်း၌ ရေစီး၊ ရေဝဲလည်းရှိ၏။ ယင်းရေစီး ရေဝဲကိုလည်း ''ဩဃ'' ခေါ်၏။ ယင်းရေဝဲ ရေစီးကြောင်းသည် ရေဝဲရေစီးကြောင်းအတွင်း ကျရောက်လာသော သတ္တဝါများကို ရေထဲ၌နှစ်မြုပ်သတ်တတ်၏။

ပရမတ္ထတရားများတွင်လည်း မိမိကိန်းရာသတ္တဝါများကို သံသရာဝဋ်ဆင်းရဲ၌ လွှမ်းမိုးဖိနှိပ်မြုပ်၍ သတ်တတ်သောတရားများရှိကြ၏ ထိုသို့သတ်ဖြတ်တတ်သဖြင့် ရေအလျဉ်နှင့်တူသောကြောင့် ယင်းလောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသောတရားတို့ကို ''ဩဃ'' ခေါ်၏။

ဩဃ ၄ ပါး

ထိုဩဃတရားသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

(၁) ကာမောဃ (၂) ဘဝေါဃ

(၃) ဒိဋ္ဌောဃ (၄) အဝိဇ္ဇောဃ

ကာမောဃ ။ အာရုံငါးပါး ကာမဂုဏ်တရား၌ တပ်မက်တွယ်တာသော လောဘ စေတသိက်သည် ကာမောဃမည်၏။ အာရုံငါးပါး၌ တပ်မက်

http://www.dhammadownload.com

တွယ်တာနေသူသည် သံသရာဆင်းရဲ၌ နစ်မြုပ်လျက် ဆင်းရဲဒုက္ခရောက်နေမည်သာဖြစ်၏။

ဘဝေါဃ ။ ကာမဂုဏ်ကိုစက်ဆုပ်ပြီး ဈာန်တရားနှင့် ရှုပဖြပ္မာ၊ အရှုပဖြပ္မာဘဝကို နှစ်သက်တွယ်တာသော လောဘစေတသိက်သည် ဘဝေါဃမည်၏။

ဒိဋ္ဌောဃ ။ အမြင်မှား၊ အယူမှားမှု ဝိစ္ဆာဒိဋ္ဌိ ၆၂ ပါးသည် ဒိဋ္ဌောဃမည်၏။

အဝိဇ္ဇောဃ ။ သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်ဟူသော ရှစ်ဌာနတို့၌ အမှန်အတိုင်းမသိအောင်စိတ်ကို အမှောင်ချထားမှုမောဟသည် အဝိဇ္ဇောဃမည်၏။

သြဃတရားကိုယ်သုံးပါး

သြဃတရားသည် လေးပါးပြားသော်လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူ၍သုံးပါးသာရှိ၏။

မှတ်ချက် ။ သြဃ၊ ယောဂ တရားကိုယ်ကောက်ပုံမှာ အာသဝနှင့်တူ၏။

ယောဂ

လောကဌ ထိမိလျှင် ကပ်တတ်သောအစေးများရှိကြ၏။ ထိုအစေးများသည် အရာဝတ္ထုနှစ်ခုကို ယှဉ်စပ်တွဲစပ်ပေးတတ်၏။ ထိုသို့ ယှဉ်စပ်ပေးခြင်းကို ယောဂခေါ်၏။

ပရမတ္ထတရားများတွင်လည်း မိမိကိန်းရာ သတ္တဝါကို သံသရာဝဋ်ဆင်းရဲ၌ ခိုင်မြဲအောင် ယှဉ်စပ်ပေးတတ်သောတရားများရှိကြ၏။ ထိုသို့ ယှဉ်စပ်ပေးတတ်သဖြင့် အစေးများနှင့်တူသောကြောင့် ယင်း လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော ပရမတ်တရားတို့ကို ယောဂခေါ်၏။

http://www.dhammadownload.com

ယောဂ ၄ ပါး

ထိုယောဂတရားသည် အောက်ပါအတိုင်း လေးပါးပြား၏။

(၁) ကာမယောဂ (၂) ဘဝယောဂ

(၃) ဒိဋ္ဌိယောဂ (၄) အဝိဇ္ဇာယောဂ

ကာမယောဂ ။ အာရုံငါးပါး ကာမဂုဏ်တရား၌ ကပ်ငြိတွယ်တာသော လောဘစေတသိက်သည် ကာမယောဂမည်၏။ ကာမဂုဏ်ငါးပါး၌ ကပ်ငြိတွယ်တာနေသူကို လောဘတရားက သံသရာဝဋ်ဆင်းရဲ၌ ခိုင်မြဲနေအောင် ယှဉ်စပ်ပေး၏။ ယှဉ်ကပ်ထား၏။ ထို့ကြောင့် အာရုံငါးပါး၌ ကပ်ငြိနေသူသည် သံသရာဝဋ်ဆင်းရဲ၌ ကပ်ငြိနေပြီး ဆင်းရဲဒုက္ခရောက်လျက် ဘဝပျက်စီးနေမည်သာဖြစ်၏။ အာရုံငါးပါး၌ ကပ်ငြိတွယ်တာခြင်းကြောင့် ပျက်စီးပုံကို လျှပ်ပေါ်လော်လည်သောမျောက်နှင့် ဥပမာပေး၍ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ဟိမဝန္တာတောင်မင်း၌ မျောက်များလှည့်လည်သွား၊းလာခြင်းလည်းရှိသော၊ လူတို့ လှည့်လည်သွားလာခြင်းလည်းရှိသော၊ ညီညာသော မြေအဖို့ရှိသော မွေ့လျော်ဖွယ်ရာအရပ်တို့သည် ရှိကုန်၏။ ရဟန်းတို့၊ ထိုအရပ်၌ မုဆိုးတို့သည် မျောက်တို့ကို သတ်ဖြတ်ရန် မျောက်တို့သွားရာလမ်းတို့၌ မျောက်နှဲစေးကို ထောင်ကုန်၏။ ရဟန်းတို့၊ ထိုဟိမဝန္တာတောင်၌ မိုက်မဲခြင်းသဘော လျှပ်ပေါ်လော်လည်ခြင်းသဘောမရှိကုန်သော မျောက်တို့သည် ထိုအရပ်၌ မျောက်နှဲစေးကို မြင်ကုန်သည်ရှိသော် ဝေးစွာရှောင်ဖဲသွားကြကုန်၏။

မိုက်မဲခြင်းသဘော လျှပ်ပေါ်လော်လည်ခြင်းသဘောရှိသော မျောက်သည်ကား ထိုမျောက်နှဲစေးရှိရာအရပ်သို့ ချဉ်းကပ်၍ လက်ဖြင့်ကိုင်ယူ၏။ ထိုလက်သည် မျောက်နှေးစေး၌ ကပ်ငြိ၏။ ''လက်ကိုလွတ်စေအံ့'' ဟု ကြံစည်လျက် ဒုတိယလက်ဖြင့် ကိုင်ပြန်၏။ ထိုဒုတိယလက်သည် မျောက်နှဲစေး၌

http://www.dhammadownload.com

ကပ်ငြိပြန်၏။ ''လက်နှစ်ဖက်ကို လွတ်စေအံ့'' ဟု ကြံစည်လျက် ခြေတစ်ဖက်ဖြင့် ကျောက်ကန်ထိပြန်၏။ ထိုခြေသည် မျောက်နှဲစေး၌ ကပ်ငြိပြန်၏။ ''လက်နှစ်ဖက်ဖြင့် ခြေကိုလွတ်စေအံ့'' ဟု ကြံစည်လျက် ဒုတိယခြေဖြင့် ကျောက်ကန်ထိပြန်၏။ ထိုဒုတိယခြေသည် မျောက်နှဲစေး၌ ကပ်ငြိပြန်၏။ ''လက်နှစ်ဘက်နှင့် ခြေနှစ်ဖက်ကို လွတ်စေအံ့'' ဟု ကြံစည်လျက် နှုတ်သီးဖြင့် ကိုင်ပြန်၏။ ထိုနှုတ်သီးသည် မျောက်နှဲစေး၌ ကပ်ငြိပြန်၏။

ရဟန်းတို့၊ ဤသို့လျှင် ထိုမျောက်သည် ငါးဌာနတို့၌ နှောင်ဖွဲ့မိသည် ဖြစ်၍သာလျှင် ညည်းတွားလျက် အိပ်ရလေ၏။ အကျိုးမဲ့ခြင်းသို့ ရောက်ရ၏။ ပျက်စီးခြင်းသို့ ရောက်ရ၏။ မုဆိုး၏အလိုရှိတိုင်း ပြုလုပ်မှုကိုခံရ၏။

ရဟန်းတို့၊ မုဆိုးသည် ထိုမျောက်ကို တံစို့ထိုးလျက် ထိုအရပ်၌ပင် ထင်းမီးကျီး၌ ကင်မြိုက်၍ အလိုရှိရာအရပ်သို့ ဖဲသွားလေ၏။

ရဟန်းတို့၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွားစေတတ်ကုန်သော မြတ်နိုးချစ်ခင်ဖွယ်သဘောရှိ၍ ကာမဂုဏ်နှင့်စပ်ယှဉ်လျက် တပ်မက်ဖွယ်ကောင်းကုန်သော မျက်စိဖြင့် မြင်အပ်သော ရူပါရုံ၊ နားဖြင့်ကြားအပ်သော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နမ်းရှူအပ်သော ဂန္ဓာရုံ၊ လျှာဖြင့်လျက်အပ်သော ရသာရုံ၊ ကိုယ်ဖြင့်တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံဟူသော မကျက်စား (မခံစား) သင့်သော သူတစ်ပါးတို့၏နေရာ အာရုံငါးပါး၌ ကျက်စား (ခံစား) သူသည် ဤမိုက်မဲလျှပ်ပေါ်လော်လည်ခြင်းသဘောရှိသော မျောက်ကဲ့သို့ ပျက်စီးရ၏။*

မှတ်ချက်။ စိတ်ကို မထိန်းသိမ်းနိုင်ဘဲ လျှပ်ပေါ်လော်လည်ခြင်းကြောင့် အာရုံငါးပါးတွင် တစ်ပါးပါး၌ ကပ်ငြိတွယ်တာမိလျှင် အာရုံငါးပါးလုံး၌ ကပ်ငြိလျက် ရုန်းမထွက်နိုင်ဘဲ ဘဝပျက်စီးပုံကို မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခြင်းဖြစ်၏။

---

* သံယုတ္တပါဠိ တတိယတွဲ ၁၂၉

http://www.dhammadownload.com

ဘဝယောဂ။ ကာမဂုဏ်ကို စက်ဆုပ်ပြီး စျာန်တရားနှင့် ရှုပဗြဟ္မာ၊ အရူပဗြဟ္မာဘဝကို နှစ်သက်တွယ်တာသော လောဘစေတသိက်သည် ဘဝယောဂမည်၏။

ဒိဋ္ဌိယောဂ။ သဘာဝတရားအပေါ်၌ အမြင်မှား အသိမှားမှု မိစ္ဆာဒိဋ္ဌိ ၆၂ ပါးသည် ဒိဋ္ဌိယောဂမည်၏။

အဝိဇ္ဇာယောဂ။ သစ္စာလေးပါး၊ လွန်ခဲ့သောဘဝပုဗ္ဗန္တ၊ အနာဂတ်ဘဝ အပရန္တ၊ အတိတ်ဘဝ အနာဂတ်ဘဝ ပုဗ္ဗန္တာပရန္တ၊ ကြောင်းကျိုးဖြစ်စဉ် ပဋ္ဌိစ္စသမုပ္ပါဒ်ဟူသော ရှစ်ဌာနတို့၌ အမှန်အတိုင်းမသိအောင် စိတ်ကို အမှောင်ချထားမှု မောဟသည် အဝိဇ္ဇာယောဂမည်၏။

ယောဂတရားကိုယ်သုံးပါး

ယောဂတရားသည် လေးပါးပြားသော်လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟဟူ၍ သုံးပါးသာရှိ၏။

ဂန္ထ

သံကွင်းချင်းဆက်၍ ဖွဲ့နှောင်ထားသကဲ့သို့ သတ္တဝါတို့၏ နာမကာယနှင့် ရူပကာယကို ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဝဋ်ဆင်းရဲမှ မထွက်ခွာနိုင် မလွတ်မြောက်နိုင်အောင် စုတိပြီးနောက် ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးနောက် စုတိဟု ဖွဲ့ဆက်ပေးတတ် ဖြေမရအောင် ရစ်ပတ်တတ်သောကြောင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့ကို ''ဂန္ထ'' ခေါ်၏။

ဂန္ထ ၄ ပါး

ထိုဂန္ထတရားသည် အောက်ပါအတိုင်း လေးပါးပြား၏။

(၁) အဘိဇ္ဈာကာယဂန္ထ (၃) သီလဗ္ဗတပရာမာသကာယဂန္ထ

(၂) ဗျာပါဒကာယဂန္ထ (၄) ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ

http://www.dhammadownload.com

အဘိဇ္ဈာကာယဂန္ထ ။ အာရုံတစ်ခုခုကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်း လောဘစေတသိက်သည် အဘိဇ္ဈာကာယဂန္ထမည်၏။

အထူး ။ အကုသလကမ္မပထ၌ သူတစ်ပါးစည်းစိမ်ကို မတရားလိုချင်သော လောဘသည်သာ အဘိဇ္ဈာမည်၏။ ဤ၌ အာရုံတစ်ခုခုကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်းလောဘဟူသမျှသည် အဘိဇ္ဈာမည်၏။

ဗျာပါဒကာယဂန္ထ ။ စိတ်ဖောက်ပြန် ပျက်စီးခြင်းသို့ရောက်ကြောင်း ဒေါသ စေတသိက်သည် ဗျာပါဒကာယဂန္ထမည်၏။

အထူး ။ အကုသလကမ္မပထ၌ သူတစ်ပါးကို သေစေလိုသော ဒေါသသည် ဗျာပါဒမည်၏။ ဤ၌ စိတ်ဖောက်ပြန် ပျက်စီးခြင်းသို့ရောက်ကြောင်း ဒေါသ မှန်သမျှသည် ဗျာပါဒမည်၏။

သီလဗ္ဗတပရာမာသကာယဂန္ထ

နွား၊ ခွေး စသည်တို့၏ အလေ့အကျင့်ကိုကျင့်လျှင် ကိလေသာမှ လည်း စင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်နိုင်၏ဟု မှားယွင်းစွာ သုံးသပ်တတ်သော ဒိဋ္ဌစေတသိက်သည် သီလဗ္ဗတပရာမာသ ကာယဂန္ထ မည်၏။

ကဏ္ဌသစ္စာဘိနိဝေသကာယဂန္ထ

အလွဲလွဲအမှားမှားယူပြီးလျှင် ငါ့အယူသာမှန်သည်၊ ကျန်အယူအားလုံး အလွဲအမှားချည်းဖြစ်သည်ဟု လွန်လွန်ကဲကဲ စွဲလန်းမှုဒိဋ္ဌစေတသိက်သည် ကဏ္ဌသစ္စာဘိနိဝေသမည်၏။

ဂန္ထတရားကိုယ်သုံးပါး

ဂန္ထတရားသည် လေးပါးပြားသော်လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌဟု သုံးပါးသာရှိ၏။

http://www.dhammadownload.com

''ရဟန်းတို့၊ ယောကျ်ားဇာတ်စိတ်ကို သိမ်းကျုံးဖမ်းယူရာ၌ မိန်းမဇာတ်၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကဲ့သို့ ဆွဲအားကောင်းသော အခြားတစ်မျိုးသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကို ငါဘုရား တွေ့မြင်တော်မမူ။

''ရဟန်းတို့၊ မိန်းမဇာတ်စိတ်ကို သိမ်းကျုံးဖမ်းယူရာ၌ ယောကျ်ားဇာတ်၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကဲ့သို့ ဆွဲအားကောင်းသော အခြားတစ်မျိုးသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိကို ငါဘုရား တွေ့မြင်တော်မမူ။[၁]

''ရဟန်းတို့၊ အာရုံငါးပါး ကာမဂုဏ်တရား၌ လိုချင်တပ်မက်မှုသည်-

(၁) လူသားအတွက်ကောင်းကျိုးချမ်းသာကို ဖြစ်ပေါ်စေတတ်သော ကုသိုလ်တရားများ လူသား၏စိတ်အစဉ်၌ မဖြစ်ရအောင် ပိတ်ပင်တားဆီးတတ်၏။

(၂) ဖြူစင်သောလူသား၏စိတ်ကို ညစ်ပေစေတတ်၏။

(၃) လူသား၏အသိပညာကို အားနည်းသွားအောင် ပြုလုပ်တတ်၏။

(၄) လူသား၏ပညာမျက်စိကို ကန်းအောင်ပြုလုပ်တတ်၏။

(၅) အဆိုးအကောင်း၊ အမှားအမှန် စသည်ကို ခွဲခြားနိုင်သော ပညာ မျက်စိမရှိအောင် ပြုလုပ်တတ်၏။

(၆) အဆိုးအကောင်း၊ အမှားအမှန် စသည်ကို ခွဲခြားမသိအောင် ပြုလုပ် တတ်၏။

(၇) လူ၏အသိပညာကို ချုပ်ကွယ်စေတတ်၏။

(၈) ဆင်းရဲပင်ပန်းခြင်းအဖို့၌သာ ဖြစ်စေတတ်၏။[၂]

ရဟန်းတို့၊ ထို့ကြောင့် ဤသာသနာတော်၌ သင်တို့သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော မိမိ၏ ဣန္ဒြေတံခါး ပေါက်တို့ကို လုံခြုံအောင် စောင့်ထိန်းနေကြလော့။[၃]

၁။ အင်္ဂုတ္တရပါဠိ၊ ပထမတွဲ-၁/၂
၂။ သံယုတ္တပါဠိ၊ ဒုတိယတွဲ-၃၈၆
၃။ သံယုတ္တပါဠိ၊ တတိယတွဲ-၈၃/၆

http://www.dhammadownload.com

မလွဲသာ, မရှောင်သာသောလူ့ကိစ္စ

မြတ်ဗုဒ္ဓသည် အာရုံခံစားမှုအပေါ်၌ အထက်ပါအတိုင်း ရှုမြင်တော်မူခဲ့၏။ ဤအမြင်မျိုးကို အခြားမည်သူမျှ မမြင်နိုင်ကြပေ။ ဤအမြင်မျိုးကို မမြင်နိုင်ခြင်းကြောင့် ကမ္ဘာလူသားအားလုံး ကာမဂုဏ်ထဲ၌ နစ်မြုပ်နေကြ၏။ ရှေးက မြန်မာတို့သည် မြတ်ဗုဒ္ဓ၏တရားတော်ကို သင်ယူခဲ့ကြခြင်းကြောင့် ကာမဂုဏ်အပေါ်၌ မြတ်ဗုဒ္ဓ၏အမြင်မျိုးဖြင့် ရှုမြင်ခဲ့ကြ၏။

ရှေးက မြန်မာများ အိမ်ထောင်ပြုကြသော်လည်း ယခုခေတ် လူသားများကဲ့သို့ ကာမဂုဏ်အပေါ်မှာ ငမ်းငမ်းတက် စွဲလမ်းမှုမျိုးမရှိဘဲ လူဖြစ်လာလျှင် မလွဲမရှောင်သာသော လူ့ကိစ္စတစ်ခုအဖြစ်သာ သဘောထားလျက် လင်နှင့်မယား သိုသိုသိပ်သိပ် ဆက်ဆံခဲ့ကြပြီး ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့ကြ၏။

ကာမဂုဏ်မှီဝဲခြင်းကိစ္စကို ယုတ်ညံ့သောကိစ္စအဖြစ် သဘောထားနိုင်ခြင်းကြောင့် ရှေးက မြန်မာလူမျိုးသည် အချစ်ရေးကို ဦးစားပေးသော လူမျိုးမဟုတ်ပေ။ အချစ်ရေးကို ဦးစားမပေးခြင်းကြောင့် မြန်မာတို့သန္တာန်၌ အကုသိုလ်အဖြစ်နည်းပြီး မြန်မာ့လူဘောင်ငြိမ်းချမ်းသာယာခဲ့၏။ စည်းလုံးညီညွတ်ခဲ့၏။ ဇနီးမောင်နှံတို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိခဲ့ကြ၏။ သားသမီးကို အသက်ပမာ ချစ်ခင်တန်ဖိုးထားခဲ့ကြ၏။ သားသမီးများကလည်း မိဘကို ရိုသေကြပြီး မိဘပြောဆို ဆုံးမသမျှကို ကျိုးနွံစွာ လိုက်နာကျင့်သုံးခဲ့ကြ၏။ ညီအစ်ကိုမောင်နှမအချင်းချင်းလည်း ချစ်ခင်ကြင်နာကြ၏။ မိန်းကလေးများသည် မိဘကိုသာမက မောင်ကိုလည်း ချစ်ကြောက်ရိုသေကြ၏။ ထို့ကြောင့် မြန်မာအမျိုးသမီးဘဝ လုံခြုံခဲ့၏။ ဗုဒ္ဓသာသနာတော်ကြောင့် မြန်မာကို ကမ္ဘာက မော်ကြည့်ခဲ့ကြရ၏။

ညံ့ရာကျလွန်း

လွတ်လပ်ရေးဆုံးရှုံးချိန်မှစ၍ မြန်မာတို့ မြတ်ဗုဒ္ဓတရားတော်ကို မသင်ရခြင်း၊ ရဟန်းသံဃာနှင့် ကင်းကွာလာခဲ့ခြင်း၊ လူမျိုးခြားအတွေးအခေါ်

http://www.dhammadownload.com

နှင့် ယဉ်ကျေးမှုကို အထင်ကြီးလာသဖြင့် မကောင်းမြစ်တာ, ကောင်းရာ ညွှန်လတ်ဟူသော မိဘတို့၏တာဝန်ကို ပစ်ပယ်လာခြင်း၊ သိပ္ပံဆက်သွယ်ရေး ပစ္စည်းများ တိုးတက်လာခြင်းကြောင့် သဘာဝစိတ်မိုက် စိတ်ရိုင်းကို အခြေခံ၍ ပြုမူနေထိုင်ကြသူတို့၏ ရိုင်းစိုင်းသောအပြုအမူများကို မြင်တွေ့နေရခြင်း စသော အကြောင်းများကြောင့် ရိုင်းစိုင်းသောအပြုအမူများကို မြင်တွေ့နေရခြင်း စသော အကြောင်းများကြောင့် မြန်မာလူငယ်များ အချစ်ရေးကို ဦးစားပေးလာကြသည်ကို တွေ့မြင်နေရ၏။ ထို့ကြောင့် ယခုအခါ မြန်မာ့လူ့ဘောင်၌ အစစအရာရာ အားလုံးပြောင်းလဲနေပြီဖြစ်၏။ မြန်မာတို့သည် မြတ်ပုဒ္ဓသာသနာတော်ကပေးထားသော တရားတော်အရိပ်နှင့် မိဘ၏မေတ္တာရိပ်ကို ဖယ်ရှားလိုက်ကြပြီဖြစ်၏။

နိုင်ငံခြားတိုင်းပြည်များ၌ ကာမဂုဏ်ကို ကျော်လွှားနိုင်သော နည်းစနစ်များမရှိခြင်းကြောင့် အပျော်ကြူး၍ ပျက်စီးနေကြသော်လည်း အပြစ်မဆိုသာ၊ မြန်မာနိုင်ငံ၌ မြတ်ပုဒ္ဓ၏နည်းစနစ်ကောင်းများ ရှိနေကြပါလျက် ယင်းနည်းစနစ်ကောင်းများကို အသုံးမချနိုင်ခြင်းကြောင့် မြန်မာများ ပျက်စီးရခြင်း အတွက် မြန်မာများ ညံ့ရာကျလွန်းသည်ဟု ဆိုချင်ပါသည်။ မြန်မာများ မြန်မာ့အသိစိတ်ဓာတ်ဖြင့် သီးသီးခြားခြားမနေနိုင်ဘဲ အရာရာမှာ သူတစ်ပါး နောက်လိုက်ဖြစ်ရခြင်းအတွက် မိဘလူကြီးများမှာ တာဝန်ရှိနေ၏။ လူမျိုးခြားဘာသာခြားများက မြန်မာများ ဤသို့သူတို့နောက်လိုက်ဖြစ်လာရေးအတွက် မြန်မာ့လူ့ဘောင်မှ မြတ်ပုဒ္ဓသာသနာတော်ကို ဖယ်ရှားထားခဲ့ခြင်းဖြစ်၏။ ဤသို့ မြန်မာ့သမိုင်းပြောင်းလဲဖြစ်ပေါ်စဉ်ကို မြန်မာတို့မြင်အောင် မကြည့်နိုင်ခဲ့ကြပေ။

ဗျာပါဒနီဝရဏ

သန့်ရှင်းအေးမြကြည်လင်နေသောစိတ်ကို ဖောက်ပြန်ပျက်စီးစေတတ်သော ဒေါသစေတသိက်သည် ကုသိုလ်စိတ်များမဖြစ်ရအောင် တားမြစ်

http://www.dhammadownload.com

ပိတ်ပင်တတ်သောကြောင့် ဗျာပါဒနီဝရဏမည်၏။ လူ၏သန္တာန်၌ စိတ်ဆိုးမှု ဒေါသစိတ်များဖြစ်ပေါ်နေပြီဆိုလျှင် ထိုဒေါသစိတ်က ထိုလူ၏စိတ်အစဉ်၌ အခြားစိတ်ကောင်းစိတ်မြတ်များမဖြစ်ရအောင် ပိတ်ပင်တားဆီး၏။ စိတ်ကို ညစ်ပေပူလောင်စေပြီး ဆင်းရဲပင်ပန်းစေ၏။ အသိပညာကို ချုပ်ကွယ်စေပြီး အမှားအမှန်အဆိုးအကောင်းကို မခွဲခြားနိုင်သည်အထိ လူကို မိုက်မဲစေ၏။ ဒေါသ (ဗျာပါဒ) စိတ်နှင့်ပတ်သက်၍ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

ရဟန်းတို့ စိတ်ကို ဖော်ကပြန်ပျက်စီးစေတတ်သော ဗျာပါဒနီဝရဏသည်

(၁) လူသားအတွက် ကောင်းကျိုးချမ်းသာကို ဖြစ်ပေါ်စေတတ်သော ကုသိုလ်တရားများ လူ၏စိတ်အစဉ်၌ မဖြစ်ရအောင် ပိတ်ပင်တားဆီးတတ်၏။

(၂) ဖြူစင်သောလူသား၏စိတ်ကို ညစ်ပေစေတတ်၏။

(၃) လူသား၏အသိပညာကို အားနည်းသွားအောင် ပြုလုပ်တတ်၏။

(၄) လူသား၏ ပညာမျက်စိကို ကန်းအောင်ပြုလုပ်တတ်၏။

(၅) အဆိုးအကောင်း အမှားအမှန် စသည်ကို ခွဲခြားသိမြင်နိုင်သော ပညာမျက်စိမရှိအောင် ပြုလုပ်တတ်၏။

(၆) အဆိုးအကောင်း အမှားအမှန် စသည်ကို ခွဲခြားမသိနိုင်အောင် ပြုလုပ်တတ်၏။

(၇) လူ၏အသိပညာကို ချုပ်ကွယ်စေတတ်၏။

(၈) ဆင်းရဲပင်ပန်းခြင်းအဖို့၌သာ ဖြစ်စေတတ်၏။

(၉) စိတ်၏ငြိမ်းအေးမှုကို မဖြစ်စေနိုင်။*

* သံယုတ္တပါဠိ၊ တတိယတွဲ - ၈

http://www.dhammadownload.com

ထိနမိဒ္ဓနီဝရဏာ

လန်းလန်းဆန်းဆန်းမရှိဘဲ စိတ်ကို ထိုင်းမှိုင်းစေတတ်သော ထိနမိဒ္ဓ စေတသိက်သည် လူ၏စိတ်အစဉ်၌ ကုသိုလ်တရားများမဖြစ်ရအောင် တားမြစ်ပိတ်ပင်တတ်သောကြောင့် ထိနမိဒ္ဓနီဝရဏာမည်၏။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏာ

စိတ်ပျံ့လွင့်ခြင်း၊ နောင်တတစ်ဖန် ပူပန်ခြင်း ဥဒ္ဓစ္စကုက္ကုစ္စစေတသိက်သည် လူသား၏စိတ်အစဉ်၌ ကုသိုလ်စိတ် စိတ်ကောင်းစိတ်မြတ်များ မဖြစ်ရအောင် တားမြစ်ပိတ်ပင်တတ်သောကြောင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏာမည်၏။

လူသားများသည် လောဘ၊ ဒေါသ၊ မောဟ စသော အဓမ္မတရား ဆိုးများ စိတ်၌ယှဉ်တွဲပူးကပ်လာသောအခါ မကောင်းမှုတစ်ခုခုကို ပြုလုပ်မိကြ၏။ ထိုသို့ မကောင်းမှုကို ပြုလုပ်ပြီးနောက် စိတ်မငြိမ်မသက်ဖြစ်လျက် စိတ်ဓာတ်ပျံ့လွင်လာ၏။ စိတ်ပျံ့လွင့်လာရုံသာမက မိမိပြုလုပ်မိခဲ့သော မကောင်းမှုအပေါ် သတိရတိုင်း 'ငါမှားတာပဲ' ဟု တွေးကာ နောင်တတစ်ဖန် ပူပန်ကြ၏။ ထိုသို့ စိတ်မငြိမ်မသက်ဖြစ်နေပြီး ပူပန်နေသူသည် မိမိဘဝ ကြီးပွားချမ်းသာရေးအတွက် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေးလုပ်ငန်း များကို မလုပ်နိုင်တော့ပေ။ ထို့ကြောင့် ထိုသူ၏ဘဝသည် ပျက်စီးရန်သာ ရှိတော့၏။

ဝိစိကိစ္ဆာနီဝရဏာ

ဘုရား တရားစသော အစစ်အမှန်တရားများအပေါ်၌ ယုံမှားခြင်း၊ ဘုရားဆိုတာ တကယ်ရှိလေသလား၊ မရှိလေသလား စသည်ဖြင့် သံသယ ဖြစ်ခြင်း ဝိစိကိစ္ဆာစေတသိက်သည် ကုသိုလ်စိတ်ကောင်းစိတ်မြတ်များ မဖြစ် ရအောင် တားမြစ်ပိတ်ပင်တတ်သောကြောင့် ဝိစိကိစ္ဆာနီဝရဏာမည်၏။

လောကဓံ အမှန်တကယ်ဖြစ်ပေါ်နေသော သဘာဝတရားများကို

http://www.dhammadownload.com

တိတိကျကျသိရှိသူသည် မြတ်ဗုဒ္ဓတစ်ဆူသာရှိ၏။ မြတ်ဗုဒ္ဓကဲ့သို့ သိမြင်သူ အခြားတစ်စုံတစ်ယောက်မျှ မရှိပေ။ သတ္တဝါများအပေါ်၌ သနားတော်မူသဖြင့် ဟောပြောတော်မူခဲ့သော မြတ်ဗုဒ္ဓတရားတော်ကဲ့သို့ တိကျမှန်ကန်ပြီး လူသားများအတွက် အကျိုးရှိလှသော အခြားမည်သည့်အရာမျှ လောကဌ်မရှိပေ။ မြတ်ဗုဒ္ဓတရားတော်က တန်ဖိုးရှိလှသော်လည်း လူ၏ပင်ကိုစိတ်က ယုတ်ညံ့နိမ့်ကျလွန်းသဖြင့် မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓတရားတော်အပေါ်၌ ယုံမှားသံသယဖြစ်လျက် လက်ခံကျင့်သုံးလေ့မရှိပေ။ ထို့ကြောင့် လောကသားများသည် မလုပ်သင့်သောအလုပ်ကို ပြုလုပ်မိပြီး လုပ်သင့်သောအလုပ်ကို မပြုလုပ်ဘဲ ချွတ်လွဲစေကြ၏။ သို့ပါ၍ လူသားတို့သည် လက်ရှိရရှိထားသော အခွေအရံနှင့် ချမ်းသာတရားများကို လက်လွတ်ဆုံးရှုံးခံကြရ၏။

အဝိဇ္ဇာနိဝရဏ

စိတ်ကို အမှောင်ချမှု၊ အာရုံ၏အမှန်သဘောကို မသိအောင် ဖုံးကွယ်မှု မောဟစေတသိက်သည် ကုသိုလ်စိတ်ကောင်းစိတ်မြတ်များ မဖြစ်ရအောင် တားမြစ်ပိတ်ပင်တတ်သောကြောင့် အဝိဇ္ဇာနိဝရဏမည်၏။

အဝိဇ္ဇာနိဝရဏတရား၏အဖြစ်ကိုလည်း ကာမစ္ဆန္ဒနိဝရဏ၊ ဗျာပါဒနိဝရဏတရားများအတိုင်းပင် ဟောတော်မူခဲ့၏။ ပြန်ကြည့်ပါလေ။

အဝိဇ္ဇာသည် မကောင်းမှုဒုစရိုက်တရားကို ပြုလုပ်ရာ၌ ဦးဆောင်သူဖြစ်၏။ အရှက်မရှိခြင်း အဟိရိက၊ ကြောက်လန့်မှုမရှိခြင်း အနောတ္တပ္ပတရားများသည် ထိုအဝိဇ္ဇာ၏ နောက်လိုက်အင်အားများဖြစ်ကြ၏။ စိတ်ကို အမှောင်ချထားခြင်းခံရမှု အာရုံ၏ အမှန်သဘောကို မသိအောင် ဖုံးကွယ်ထားမှု အဝိဇ္ဇာကို အခြေခံ၍ အရှက်အကြောက်မရှိခြင်းကြောင့် လူသားများ မကောင်းမှုဒုစရိုက်များကို ပြုလုပ်ကြခြင်းဖြစ်၏။ မှန်လှ၏။ မြတ်ဗုဒ္ဓနှင့် ရဟန္တာအရှင်မြတ်များသည် အဝိဇ္ဇာအမှောင်ထုကို ဖျက်ဆီးတော်မူပြီး၍ ဓမ္မအလင်းရောင်များ ဖြစ်ထွန်းနေပြီဖြစ်သောကြောင့် မည်သည့်မကောင်းမှု

http://www.dhammadownload.com

ဒုစရိုက်ကိုမှ ပြုလုပ်တော်မမူကြတော့ပေ။ လူသားများ မကောင်းမှုကို ပြုလုပ်ရာ၌ အဝိဇ္ဇာက ဦးဆောင်နေပုံကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ မသိမှုအဝိဇ္ဇာသည် အကုသိုလ်တရားများကို ပြုလုပ်ရန် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ မရှက်မှု အဟိရိက မကြောက်လန့်မှု အနောတ္တပ္ပသည် အဝိဇ္ဇာ၏နောက်လိုက်တရားများသာဖြစ်၏။*

စိတ်၏အညစ်အကြေးငါးမျိုး

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ကို စိတ်၏အညစ်အကြေးခေါ်၏။ နိဝရဏတရားခြောက်ပါးတွင် အဝိဇ္ဇာနိဝရဏမှတစ်ပါးကြွင်းသော နိဝရဏငါးပါးကို စိတ်၏အညစ်အကြေးအဖြစ် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ရွှေ၏အညစ်အကြေးတို့သည် ဤငါးမျိုးတို့တည်း၊ ငါးမျိုးတို့ဟူသည် အဘယ်နည်းဟူမူ

သံ၊ ကြေး၊ သလွဲစင် (ခဲမဖြူ)၊ သလွဲမဲ (ခဲပုပ်)၊ ငွေတို့တည်း။ ရဟန်းတို့၊ ဤသည်ကား ရွှေ၏အညစ်အကြေးတို့တည်း။

ယင်းအညစ်အကြေးငါးမျိုးတို့ဖြင့် ညစ်ပေနေသောရွှေသည် နူးညံ့မှုလည်းမရှိ၊ လက်ကောက်၊ နားတောင်း စသော အဆင်တန်ဆာပြုလုပ်၍လည်း မဖြစ်နိုင်၊ အရောင်လည်းမထွက်၊ ကြွပ်ဆတ်မှုလည်းရှိ၏။ အဆင်တန်ဆာပြုလုပ်မှုသို့လည်း ကောင်းစွာမရောက်နိုင်။

''ရဟန်းတို့၊ ဤအတူသာလျှင် စိတ်၏အညစ်အကြေးတို့သည် ဤငါးမျိုးတို့တည်း၊ ငါးမျိုးတို့ဟူသည် အဘယ်နည်းဟူမူ

(၁) အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုလားမှု ကာမစ္ဆန္ဒ၊

---

* သံယုတ္တပါဠိ၊ တတိယတွဲ - ၁

http://www.dhammadownload.com

(၂) စိတ်ကိုဖောက်ပြန်ပျက်စီးစေမှု ဗျာပါဒ၊

(၃) စိတ်၏လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓ၊

(၄) စိတ်ပျံ့လွင့်မှု၊ နောင်တတစ်ဖန် ပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စ၊

(၅) မဝေခွဲနိုင်မှု ဝိစိကိစ္ဆာတို့ပေတည်း။

ရဟန်းတို့၊ ယင်းအညစ်အကြေးတို့ဖြင့် ညစ်ပေသောစိတ်သည် နူးညံ့မှုလည်းမရှိ၊ ကြီးပွားရေးကိစ္စကို ပြုလုပ်၍လည်းမဖြစ်နိုင်၊ အရောင်လည်း မထွက်နိုင်၊ ကြွပ်ဆတ်မှုလည်းရှိ၏။ စိတ်ကို မူးရူးစေနိုင်သော အာသဝေါ တရားများ ကုန်ခန်းရန်လည်း ကောင်းစွာမတည်ကြည်နိုင်။[၁]

မိမိဇနီး မိမိယောကျ်ားဖြင့် ရောင့်ရဲခြင်း၊ မိမိရှာဖွေစုဆောင်း၍ ရရှိထားသောပစ္စည်းဖြင့် ရောင့်ရဲခြင်းကို သမလောဘခေါ်၏။ မိမိဇနီး၊ မိမိယောကျ်ားဖြင့် မရောင့်ရဲဘဲ သူတစ်ပါးဇနီး သူတစ်ပါးယောကျ်ားအပေါ် မက်မောတွယ်တာခြင်း၊ သူတစ်ပါး ရှာဖွေစုဆောင်းထားသောပစ္စည်းကို မက်မောတွယ်တာခြင်းကို အဘိဇ္ဈာဝိသမလောဘခေါ်၏။ ထိုအဘိဇ္ဈာဝိသမလောဘကိုလည်း စိတ်၏အညစ်အကြေးခေါ်၏။ လူ့လောက၌ ထိုသို့ အဘိဇ္ဈာဝိသမလောဘဖြစ်ပွားလာလျှင် ပျက်စီးတတ်ပုံကို မြတ်ဗုဒ္ဓက အနာထပိဏ်သူဌေးအား အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ဒါယကာ၊ သူတစ်ပါးဇနီး၊ သူတစ်ပါးယောကျ်ား၊ သူတစ်ပါးပစ္စည်း ဥစ္စာ၌ မက်မောခြင်း အဘိဇ္ဈာဟူသော ဝိသမလောဘ ဖိစီးနှိပ်စက်အပ်သော စိတ်ဖြင့် နေထိုင်သူသည် မပြုလုပ်သင့်သောအလုပ်ကို ပြုလုပ်မိ၏။ ပြုလုပ်သင့်သောအလုပ်ကို မပြုလုပ်မိဘဲ လွဲချော်စေ၏။ မပြုလုပ်သင့်သောအလုပ်ကို ပြုလုပ်လျက် ပြုလုပ်သင့်သောအလုပ်ကို လွဲချော်စေသူသည် အခြွေအရံမှလည်းကောင်း၊ ချမ်းသာမှုလည်းကောင်း ဆုတ်ယုတ်လျော့ကျ၏။*

၁။ အဂုတ္တရပါဠိ၊ ဒုတိယတွဲ - ၁၃ * အဂုတ္တရပါဠိ၊ ပထမအုပ်-၃၇၈

http://www.dhammadownload.com

မြတ်ဗုဒ္ဓသည် အာရုံလိုက်စားမှုကို စိတ်၏အညစ်အကြေးအဖြစ် ရှုမြင်တော်မူခဲ့၏။ ကမ္ဘာလူသားများသည် အာရုံလိုက်စားမှုကို လူ့အခွင့်အရေးဟု အထင်မှားကြ၏။ မြတ်ဗုဒ္ဓ၏အမြင်နှင့် ကမ္ဘာလူသားများ၏အမြင်သည် မည်မျှ ဆန့်ကျင်နေပါသနည်း၊ မည်သည့်အမြင်ကမှန်ကန်ကြောင်းကို ယနေ့ ကမ္ဘာ နိုင်ငံများ၌ ဖြစ်ပေါ်နေသောဖြစ်ရပ်များကို လေ့လာကြည့်ပါက သဘောပေါက် နိုင်၏။

စာရေးသူသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အဘိဓမ္မာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားနေစဉ် သင်တန်းသား သင်တန်းသူများကို သတိထားကြည့်ရှုလေ့လာခဲ့၏။ မိမိသင်ပြသော သင်ခန်းစာများကို အမျိုးသမီးများက သာ ပို၍စိတ်ဝင်စားသည်ကိုတွေ့ရ၏။ အမျိုးသားများ စိတ်ဝင်စားသည်ကို မတွေ့ရသဖြင့် ''မင်းတို့က အမျိုးသမီးတွေလောက် စာမဖတ်ကြဘူး၊ စကားပဲ များနေကြာတာပဲ'' ဟု ပြောသောအခါ ''သူတို့က မိန်းမတွေပဲ စာကြိုးစားကြမှာပေါ့၊ ယောကျ်ားနဲ့မိန်းမ ဘယ်တူပါ့မလဲ'' ဟု တုံ့ပြန်ကြ၏။

မိဘတိုင်းသည် သားပျိုသမီးပျိုများနှင့် ထိတွေ့နေရ၏။ ဆရာ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် နေ့စဉ်အမြဲ ထိတွေ့နေရ၏။ ခေတ်လူငယ်လောကထဲ၌ အမှန်တကယ်ဖြစ်ပေါ်နေသောဖြစ်ရပ်မှန်များကို မိဘများနှင့် ဆရာ ဆရာမများ အသိဆုံးပင်ဖြစ်၏။ တစ်ခါတစ်ရံ ဆရာ ဆရာမများနှင့်တွေ့ရသောအခါ သူတို့အတွေ့အကြုံကို လျှောက်ထားကြ၏။ စိတ်မချမ်းသာစရာစကားများကို ကြားရ၏။ စာရှည်နေမည်စိုး၍ သူတို့ လျှောက်ထားပုံကို ထည့်မရေးနိုင်တော့ပေ။

လူငယ်လောကထဲသို့ လွတ်လပ်မှုဟူသော အနောက်တိုင်းအတွေး အခေါ်များ ဝင်ရောက်လာခြင်းကြောင့် မိဘဆရာများ၏ ထိန်းကွပ် အုပ်ချုပ်မှုကို မလိုက်နာပဲ အပျော်ကြူးနေကြသဖြင့် စာမကျက်နိုင်ကြတော့ပေ။ မြတ်ဗုဒ္ဓသည် အာရုံလိုက်စားမှုကို စိတ်၏အညစ်အကြေးအဖြစ် ရှုမြင်တော်မူ

http://www.dhammadownload.com

ဇ။။ စိတ်မှာ အညစ်အကြေးများ လွှမ်းမိုးသွားလျှင် စိတ်နူးညံ့မှုလည်း မရှိတော့၊ ဘဝကြီးပွားရေးအတွက်လည်း အလုပ်မလုပ်နိုင်တော့၊ စိတ်ကြွပ်ဆတ်ဆတ်ဖြစ်နေပြီး မည်သူ့စကားကိုမျှ မလိုက်နာနိုင်တော့၊ ခန္ဓာကိုယ်၌ အနုသယဓာတ်အနေဖြင့် ကိန်းအောင်းပါရှိလာသော လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော အာသဝေါတရားများ တဖြည်းဖြည်းကုန်ခမ်းလာအောင် တစ်ခုတည်းသော အာရုံကောင်းအပေါ်၌ စိတ်ကိုမထားနိုင်တော့ဟု မြတ်ဗုဒ္ဓက တိကျခိုင်မာစွာ မိန့်ကြားတော်မူခဲ့ဇ။။ ယနေ့လူငယ်များဇ။ အပြုအမူများက အဆိုပါ မြတ်ဗုဒ္ဓဇ။အဆိုအမိန့်များ မှန်ကန်နေကြောင်း သက်သေထူပြနေဇ။။

လွတ်လပ်ရေးမဆုံးရှုံးရအောင်

ထိုသို့ မြတ်ဗုဒ္ဓတရားတော်များသည် လွန်စွာ လက်တွေ့ကျလှသဖြင့် မြန်မာတို့ ရရှိထားသော ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့လူသားများအတွက် တန်ဖိုးအရှိဆုံးသော တရားတော်ဖြစ်ဇ။။ ကမ္ဘာမှာ ဗုဒ္ဓသာသနာတော်လောက် တန်ဖိုးရှိသောအရာမရှိပေ။။ အနော်ရထာဘုရင်သည် နိုင်ငံတော်ကိုစုစည်းလျက် ဗုဒ္ဓသာသနာတော်ဖြင့် ပြန်လည်တည်ထောင်ပေးခဲ့ဇ။။ အနော်ရထာဘုရင်ဇ။ ကျေးဇူးတရားကြောင့် မြတ်ဗုဒ္ဓသာသနာတော်ကို အခြေခံလျက် မြန်မာနိုင်ငံ၌ အခြေခံကောင်းများ များစွာဖြစ်ထွန်းခဲ့ဇ။။ ယင်းအခြေခံကောင်းများသည် လွတ်လပ်ရေးဆုံးရှုံးမှုကြောင့် ပြန်လည်ပျက်စီးသွားခဲ့ကြဇ။။

မြန်မာတို့သည် လွတ်လပ်ရေးရလာသောအခါ ပျက်စီးသွားသော အခြေခံကောင်းများကို ပြန်လည်ပြုစုပျိုးထောင်ရန် ဆဋ္ဌသင်္ဂါယနာတင်ပြီး သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ဖို့ ကြိုးစားခဲ့ကြသော်လည်း နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ရည်ရွယ်ချက်များကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။။ နောက်ထပ်တက်လာသော နိုင်ငံတော်ခေါင်းဆောင်များက ဆဋ္ဌသင်္ဂါယနာတင်စဉ်က အကောင်အထည်မဖော်နိုင်ခဲ့သောကိစ္စရပ်များကို အကောင်အထည်

http://www.dhammadownload.com

ဖော်လိုသဖြင့် နိုင်ငံတော်တည်ငြိမ်လာသောအခါ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စကို ဆောင်ရွက်ပေးခဲ့ကြ၏။ သို့သော် နိုင်ငံရေးအခြေအနေကြောင့်ပင် မှန်းသလောက် မအောင်မြင်ခဲ့ကြပေ။ ဤဖြစ်စဉ်ကို လေ့လာသုံးသပ်ကြည့်လျှင် မြန်မာအမျိုးသားများသည် ပုဒ္ဓသာသနာတော် အပေါ်၌ မည်မျှတန်ဖိုးထားကြကြောင်း နားလည်နိုင်၏။ **သို့သော် ကျွန်သက်ရှည်မှုကြောင့် မြန်မာနိုင်ငံ၌ ကျွန်စိတ်ပေါက်နေသူအင်အားကိုလည်း အထင်မသေးသင့်ကြောင်း ဖြစ်ပေါ်နေသော ပကတိဖြစ်ရပ်များက သက်သေထူပြနေ၏။**

လွတ်လပ်ရေးရပြီးနောက် မြန်မာအမျိုးသားခေါင်းဆောင်များက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ကြသော်လည်း မှန်းသလောက် မအောင်မြင်ခဲ့ပေ။ ဤသို့ မအောင်မြင်ခဲ့သည်ကိုထောက်လျှင် မြန်မာနိုင်ငံ၌ အမျိုးသားအတွေးအခေါ်နှင့် အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားလျက် အချင်းချင်း ယုံကြည်လေးစားသူ အရေအတွက်ထက် နိုင်ငံခြားအတွေးအခေါ်နှင့် နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးပြီး ပြည်ပအားကိုးလိုသူ အရေအတွက်က ပိုများနေကြပြီလား။ လူကောင်းသူကောင်းများ နည်းနေပြီလားဟု စဉ်းစားစရာဖြစ်လာ၏။ နိုင်ငံခြားအတွေးအခေါ်နှင့် နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးလျက် ပြည်ပကိုအားကိုးလိုသူအရေအတွက်ပိုများလာလျှင် မြတ်ပုဒ္ဓသာသနာတော်သည် မြန်မာ့မြေမှ ရွှေ့လျောသွားမည်သာဖြစ်၏။

မြန်မာတို့သည် လွတ်လပ်ရေးဆုံးရှုံးမှုကြောင့် မြန်မာ့အခြေခံကောင်းများ ပျက်စီးခဲ့ရသည်ကို သင်ခန်းစာယူလျက် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးရအောင် စည်းစည်းလုံးလုံး နေထိုင်သင့်ကြ၏။

သစ်ဖောင်ဝါးဖောင်ပမာ

စည်းစည်းလုံးလုံးနေထိုင်နိုင်ဖို့မှာ ''ကြီးသူကိုရိုသေ ငယ်သူကိုသနား'' ဟူသော ရှေးလူကြီးသူမများ၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်တတ်ဖို့

http://www.dhammadownload.com

လိုအပ်လှ၏။ မြန်မာတို့သည် အချင်းချင်းအပေါ် မေတ္တာထားလျက် မိမိတို့ထက် အသက်အားဖြင့်ဖြစ်စေ၊ ဂုဏ်အားဖြင့်ဖြစ်စေ ကြီးကျယ်မြင့်မြတ်သူများကို ရိုသေလေးစားဖို့ လိုအပ်သကဲ့သို့ မိမိထက်နိမ့်ကျနေသူများအပေါ်၌လည်း သနားကြင်နာစိတ်ဖြင့် ပြောဆိုဆက်ဆံတတ်ဖို့ လိုအပ်လှ၏။ အချင်းချင်းအပေါ် မေတ္တာထားလျက် ပြောဆိုဆက်ဆံမှု လူ့ကျင့်ဝတ်သည် မြစ်ထဲချောင်းထဲ၌ လှိုင်းလေများတိုက်ခတ်လာသောအခါ သစ်ဖောင် ဝါးဖောင်များဖရိုဖရဲ ပြိုကွဲမသွားရအောင် သစ်ဖောင်ဝါးထောင်များကို ချည်နှောင်ထားသော ကြိုးများနှင့်လည်းကောင်း၊ ပန်းပင်ပေါ်က ကြွေကျလာသော ပန်းပွင့်များကို ကောက်ယူ၍ သီကုံးထားသော သီတံကြိုးများနှင့်လည်းကောင်း အလားတူ၏။

လှိုင်းလေများနှင့်တွေ့ရသောအခါ သစ်ဖောင် ဝါးဖောင်များ ပြိုကွဲမသွားရအောင် စုစည်းထားနိုင်သောအရာမှာ ယင်းသစ်ဖောင်ဝါးဖောင်များကို ချည်နှောင်ထားသော လွန်စွာခိုင်မာလှသော ကြိုးများပင်ဖြစ်၏။ ပန်းပွင့်များစွာကို စုစည်းထားနိုင်သောအရာမှာ ယင်းပန်းပွင့်များကို သီကုံးထားသော ကြိုးနှင့်သီတံပင်ဖြစ်၏။ လူသားမျိုးနွယ်စုတစ်စု၊ သို့မဟုတ် နိုင်ငံတစ်နိုင်ငံကို ပြိုကွဲမသွားရအောင် စုစည်းထားနိုင်သောအရာမှာလည်း ယင်းလူသားမျိုးနွယ်စု သို့မဟုတ် ယင်းနိုင်ငံ၌နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများအချင်းချင်းအပေါ် မေတ္တာထားလျက် ကျင့်သုံးအပ်သော ခိုင်မာသော လူ့ကျင့်ဝတ် လူ့ယဉ်ကျေးမှုများပင်ဖြစ်၏။ နိုင်ငံသားချင်းအပေါ် မေတ္တာထားလျက် ခိုင်မာသော လူ့ကျင့်ဝတ်များကို ကျင့်သုံးဆက်ဆံနေကြပါက သစ်ဖောင် ဝါးဖောင်ပမာ ကျစ်လျစ်ခိုင်မာသော မြန်မာ့လူ့ဘောင်ဖြစ်လာမှာ သေချာလှ၏။

မျှဝေပေးကြ

ဆရာတော် သံဃာတော်များဘက်ကလည်း ပေါ့ပေါ့ဆဆမနေကြဘဲ ယနေ့ကမ္ဘာနိုင်ငံများ၌ ဖြစ်ပေါ်နေသော အခြေအနေများကို လေ့လာသုံးသပ်

http://www.dhammadownload.com

လျက် မြန်မာတိုင်းရင်းသားအချင်းချင်း မေတ္တာထားလျက် လူ့ကျင့်ဝတ်များကို ကျင့်သုံးနိုင်သောအသိဉာဏ်များ ပြန်လည်ဖြစ်ထွန်းလာအောင် ဗုဒ္ဓတရားတော်များကို သင်ပေးထားနိုင်ဖို့လိုအပ်လှ၏။ မြန်မာတိုင်းရင်းသားအများအပြားသည် ဘာသာခြားများ၏ စည်းရုံးသိမ်းသွင်းမှုကိုခံရပြီး မျက်စိနားအားလုံးကို ပိတ်ထားခြင်းခံနေရ၏။ ပတ်ဝန်းကျင်နှင့် ကင်းကွာသွားကြ၏။ မိမိတို့နိုင်ငံ၌ လူသားများအတွက် အကောင်းဆုံးဖြစ်သော ဗုဒ္ဓတရားတော်စနစ်ကောင်းများရှိပါလျက် ယင်းတရားတော်များ၏ အရသာကို မြန်မာလူငယ်များ မခံစားရခြင်းသည် ကျွန်ုပ်တို့ညံ့ဖျင်းမှုကြောင့်သာဖြစ်၏။ အခြားမည်သူ့ကိုမျှ အပြစ်ပြောစရာမလိုပေ။ ကျွန်ုပ်တို့သည် အတ္တစိတ်လွန်ကဲပြီး မိမိပတ်ဝန်းကျင်ကို အာရုံစိုက်မှုနည်းနေကြ၏။

အတ္တလွန်ကဲပြီး ဝန်တိုလှသောကြောင့် မြန်မာ့တိုင်းရင်းဆေးနည်းကောင်းအများအပြားလည်း ကွယ်ပျောက်ကုန်ကြ၏။ အတ္တစိတ်လွန်ကဲပြီး ဝန်တိုလှသောသူသည် အထီးကျန်ဘဝမျိုးဖြင့် နေထိုင်ရတတ်၏။ မိမိတွေ့ရှိခံစားရသမျှကို ပတ်ဝန်းကျင်လူသားများသို့ မျှဝေပေးလျှင် အခြွေအရံ ပေါများရုံသာမက မိမိမှာ အင်အားလည်း တိုးပွားလာ၏။ အချင်းချင်း ချစ်ခင်လေးစားနေခြင်းကြောင့် စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာလျက် ဘဝလုံခြုံမှုလည်းရှိလာနိုင်၏။ ထို့ကြောင့် လောကထဲ၌ တည်တည်ငြိမ်ငြိမ်နေထိုင်တတ်အောင် မြန်မာ့လူငယ်များနှင့် မြန်မာနိုင်ငံပြင်ပရှိ လူငယ်များ မြတ်ဗုဒ္ဓတရားတော်အရသာကို ခံစားနိုင်အောင် မျှဝေပေးကြပါ။ ထိုသို့ မျှဝေပေး၍ မြတ်ဗုဒ္ဓတရားတော်အရသာကို ခံစားကြရလျှင် ကမ္ဘာ့လူငယ်များကို မည်သည့်အရာနှင့်မျှ ဖြားယောင်းသွေးဆောင်၍မရနိုင်လောက်အောင် စိတ်ဓာတ်ကြံ့ခိုင်နေမည်မှာ သေချာလှ၏။

သူတစ်ပါးကို စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးမှ မိမိလည်း စိတ်ချမ်းသာနိုင်သည်။ သူတစ်ပါးဘဝကို လုံခြုံအောင်ဆောင်ရွက်ပေးပါမှ မိမိဘဝ လုံခြုံသည်ဟူသော နိယာမသဘောတရားကို မြန်မာတို့ အမြဲသတိရနေဖို့ လိုပါသည်။

http://www.dhammadownload.com

နိဝရဏတရားကိုယ်ရှစ်ပါး

နိဝရဏတရားသည် ခြောက်ပါးပြားသော်လည်း တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟဟု ရှစ်ပါး ရှိ၏။

တရားကိုယ်ကောက်ပုံ

၁။ လောဘမူစိတ် ၈ ပါးနှင့် ယှဉ်သော လောဘစေတသိက်သည် ကာမစ္ဆန္ဒ နိဝရဏမည်၏။

၂။ ဒေါသမူဒွေနှင့်ယှဉ်သော ဒေါသစေတသိက်သည် ဗျာပါဒနိဝရဏ မည်၏။

၃။ သသင်္ခါရိကစိတ် ၅ ပါးနှင့်ယှဉ်သော ထနစေတသိက်သည် ထိန နိဝရဏ မည်၏။

၄။ သသင်္ခါရိကစိတ် ၅ ပါးနှင့်ယှဉ်သော မိဒ္ဓစေတသိက်သည် မိဒ္ဓနိဝရဏ မည်၏။

၅။ အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော ဥဒ္ဓစ္စစေတသိက်သည် ဥဒ္ဓစ္စ နိဝရဏမည်၏။

၆။ ဒေါသမူဒွေနှင့်ယှဉ်သော ကုက္ကုစ္စစေတသိက်သည် ကုက္ကုစ္စနိဝရဏ မည်၏။

၇။ ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့်ယှဉ်သော ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာနိဝရဏမည်၏။

၈။ အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာနိဝရဏမည်၏။

http://www.dhammadownload.com

အနုသယ

မဂ်ဖြင့် မပယ်နိုင်သေး၍ သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိနေသော ကိလေသာကို ''အနုသယ'' ခေါ်၏။ သင့်လျော်သောအကြောင်း (အာရုံ) နှင့်တွေ့လျှင် ဖြစ်ပေါ်ရန် သတ္တဝါများ၏ ခန္ဓာအစဉ်၌ ကိလေသာဓာတ်သဘောများ အမြဲကိန်းဝပ်လျက်ပါရှိ၏။ သရဏ်မျိုးစေ့၌ သရဏ်သီးကို သီးစေနိုင်သော ဗီဇသတ္တိများပါရှိလာသကဲ့သို့ပင်ဖြစ်၏။ မျိုးစေ့မှ သရဏ်ပင်ပေါက်လာသောအခါ ထိုအသီးကို သီးစေတတ်သော ဗီဇသတ္တိသည် သရဏ်တစ်ပင်လုံး အကိုင်းအခက် အရွက်တိုင်း၌ ပါရှိနေ၏။ ထို့ကြောင့် သီးခိုန်တန်လျှင် အကိုင်းအခက်ကြားမှ အဖူးအပွင့်များ တိုးထွက်လာကာ အသီးများ သီးလာခြင်းဖြစ်၏။

သတ္တဝါများ၏ နာမ်၊ ရုပ် ခန္ဓာအစဉ်၌လည်း အနုသယကိလေသာတရားများ အမြဲကိန်းဝပ်ပါလာရာ သက်ဆိုင်ရာအာရုံများနှင့် တွေ့ကြုံရသောအခါ ထကြွသောင်းကျန်းလာကြ၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်၍ ရဟန္တာဖြစ်လာသောအခါ မည်သည့်အာရုံနှင့်ပဲတွေ့တွေ့ အနုသယကိလေသာများ ဖြစ်ခွင့်မရှိတော့ပေ။ အပြီးသတ် ချုပ်ငြိမ်းသွားကြ၏။ မြတ်ဗုဒ္ဓတရားတော်သည် အဆိုပါအနုသယကိလေသာများကို အပြီးသတ် ပယ်သတ်နိုင်သောစွမ်းအားရှိနေ၏။ ယင်းအနုသယကိလေသာများ အပြီးသတ် ချုပ်ငြိမ်းစေဖို့ ပုဒ္ဓသာသနာတော်ကို တည်ထောင်တော်မူခဲ့ခြင်းဖြစ်၏။

ပုဒ္ဓသာသနာတော်ပြင်ပက လူသားများသည် အာရုံလိုက်စားရသည်ကို လူ့အခွင့်အရေးအဖြစ် အထင်မှားကာ အာရုံကို ပုံစံအမျိုးမျိုးဖြင့် ခံစားလျက် ကိလေသာအင်အားကောင်းအောင် ကြိုးစားနေကြ၏။ အာရုံခံစားနိုင်စေရန် ဖန်ဆင်းရှင်များက ယောကျ်ား၊ မိန်းမတို့ကို ဖန်ဆင်းပေးထားသည်ဟု မသိနားမလည်သူများကို သင်ပေးထားကြပြန်၏။ မူလကပင် လူ့ခန္ဓာကိုယ်ကို အနုသယကိလေသာတရားဖြင့် ဖွဲ့စည်းထားရာ ထိုသို့သင်ပြပေးခြင်းဖြင့် မီးလောင်ရာလေပင့်ဆိုသကဲ့သို့ ကိလေသာ အမှောင်တရားများ ပို၍တိုးပွားစေရာရောက်၏။

http://www.dhammadownload.com

အနုသယ ၇ ပါး

ထိုအနုသယသည် အောက်ပါအတိုင်း ခုနစ်ပါးပြား၏။

(၁) ကာမာရာဂါနုသယ
(၂) ဘဝရာဂါနုသယ
(၃) ပဋိဃာနုသယ
(၄) မာနာနုသယ
(၅) ဒိဋ္ဌာနုသယ
(၆) ဝိစိကိစ္ဆာနုသယ
(၇) အဝိဇ္ဇာနုသယ

ကာမာရာဂါနုသယ

အာရုံငါးပါး ကာမဂုဏ်တရား၌ တပ်မက်တွယ်တာသော လောဘ စေတသိက်သည် ကာမဘုံသား သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် ကာမရာဂါနုသယမည်၏။

ဘဝရာဂါနုသယ

ကာမဂုဏ်ကိုစက်ဆုပ်ပြီး ဈာန်တရားနှင့် ရှုပဗြဟ္မာ၊ အရူပဗြဟ္မာ ဘဝကို နှစ်သက်တွယ်တာသော လောဘစေတသိက်သည် ဗြဟ္မာများသန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် ဘဝရာဂါနုသယမည်၏။

ပဋိဃာနုသယ

သူတစ်ပါးအပေါ် မုန်းတီးမှု ရန်ငြိုးဖွဲ့မှုသဘောရှိသော ဒေါသ စေတသိက်သည် သတ္တဝါတို့သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသော ကြောင့် ပဋိဃာနုသယမည်၏။

မာနာနုသယ

ထောင်လွှားတက်ကြွခြင်း၊ မိမိကိုယ်ကို အထင်ကြီးလျက် ဘဝင်မြင့် ခြင်း သဘောရှိသော မာနစေတသိက်သည် သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် မာနာနုသယမည်၏။

http://www.dhammadownload.com

ဒိဋ္ဌာနုသယ

သဘာဝအမှန်တရားအပေါ်၌ အမြင်မှား အသိမှားမှု မိစ္ဆာဒဋ္ဌိ ၆၂ ပါးသည် သတ္တဝါများသန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် ဒိဋ္ဌာနုသယမည်၏။

ဝိစိကိစ္ဆာနုသယ

ဘုရား၊ တရား စသော အစစ်အမှန်တရားများအပေါ်၌ ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာစေတသိက်သည် သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် ဝိစိကိစ္ဆာနုသယမည်၏။

အဝိဇ္ဇာနုသယ

စိတ်ကိုအမှောင်ချထားမှု၊ အာရုံ၏အမှန်သဘောကို မသိအောင် ဖုံးကွယ်မှု မောဟစေတသိက်သည် သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ကိန်းအောင်းပါရှိသောကြောင့် အဝိဇ္ဇာနုသယမည်၏။

မှတ်ချက် ။ မဂ်ဖြင့် မပယ်နိုင်သေးခြင်းကြောင့် အင်အားကြီးမားသော ကိလေသာများသာ ခန္ဓာအစဉ်၌ ကိန်းဝပ်ပါရှိနိုင်၏။ ထို့ကြောင့် အင်အားကြီး မားသော ကိလေသာတို့ကိုသာ အနုသယခေါ်၏။

အင်အားကြီးမားခြင်းဟူသည်မှာလည်း အခြားကိလေသာတို့နှင့် ရောနှောဆက်ဆံခြင်းမရှိသော ကာမရာဂစသော ကိလေသာခြောက်ပါး တို့၏ သီးခြားသဘောပင်ဖြစ်၏။

လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာခြောက်ပါးတို့သည် ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပတရားတို့ထက် သတ္တိအင်အားကြီးမားထက်မြက်ကြ၏။ သက်ဆိုင်ရာ အကုသိုလ်လုပ်ငန်းများကို ပြုလုပ်ရာ၌ အခြားတရားများနှင့်မဆက်ဆံဘဲ မိမိတို့ကိုယ်တိုင် ဦးဆောင်၍ ထမြောက်ပြီးစီးအောင် ဆောင်ရွက်နိုင်သောစွမ်းအားရှိကြ၏။ ထို့ကြောင့်

http://www.dhammadownload.com

လောဘ စသည်တို့၏သတ္တိများသော ခန္ဓာအစဉ်၌ ကိန်းဝပ်ပါရှိနိုင်၏။ ထိုသို့ ကိန်းဝပ်ပါရှိနိုင်သော ကိလေသာတရားတို့ကိုသာ အနုသယခေါ်၏။

အမှာ။ အနုယသတရားကိုယ်ကောက်ပုံမှာ ထင်ရှားပြီး၊ ရှေ့ကကောက်ခဲ့သော အာသဝ စသည်ကိုနည်းမှီ၍ကောက်လေ။

တရားကိုယ် ၆ ပါး

လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟဟု အနုသယတရားကိုယ်ခြောက်ပါးရှိ၏။

သံယောဇဉ်

နှောင်ဖွဲ့တတ်သောကြောင့် သံယောဇဉ်ခေါ်၏။ ''သံယောဇဉ်ကြိုး'' ဆိုရာ၌ အရာဝတ္ထုနှစ်ခုကို ပြိုကွဲမသွားစေဘဲ ကပ်နေစပ်နေအောင် ကြိုးဖြင့် ချည်နှောင်ထားသကဲ့သို့ မိမိကိန်းရာသတ္တဝါကို သံသရာဝဋ္ဋဆင်းရဲမှ မလွတ်မြောက်ရလေအောင် ချည်နှောင်တတ်သောကြောင့် လောဘ စသော တရားတို့ကို သံယောဇဉ်ခေါ်၏။ ထို့ကြောင့် လောဘစသည်တို့သည် ကြိုးနှင့်အလားတူကြ၏။

သုတ္တန်နည်းသံယောဇဉ် ၁၀ ပါး

(၁) ကာမရာဂသံယောဇဉ်
(၂) ရူပရာဂသံယောဇဉ်
(၃) အရူပရာဂသံယောဇဉ်
(၄) ပဋိဃသံယောဇဉ်
(၅) မာနသံယောဇဉ်
(၆) ဒိဋ္ဌိသံယောဇဉ်
(၇) သီလဗ္ဗတပရာမာသသံယောဇဉ်
(၈) ဝိစိကိစ္ဆာသံယောဇဉ်
(၉) ဥဒ္ဓစ္စသံယောဇဉ်
(၁၀) အဝိဇ္ဇာသံယောဇဉ်။

http://www.dhammadownload.com

ကာမရာဂသံယောဇဉ်

အာရုံငါးပါး ကာမဂုဏ်တရား၌နှစ်သက်တွယ်တာတတ်သော လောဘစေတသိက်သည် မိမိကိန်းရာသတ္တဝါကို သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ရလေအောင် ချည်နှောင်တတ်သောကြောင့် ကာမရာဂ သံယောဇဉ်မည်၏။

ရူပရာဂသံယောဇဉ်

ရူပဈာန်နှင့် ထိုဈာန်၏အကျိုးဝိပါက်၌ နှစ်သက်တွယ်တာတတ်သော လောဘစေတသိက်သည် မိမိကိန်းရာသတ္တဝါကို သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ရလေအောင် ချည်နှောင်တတ်သောကြောင့် ရူပရာဂသံယောဇဉ် မည်၏။

အရူပရာဂသံယောဇဉ်

အရူပဈာန်နှင့် ထိုဈာန်၏အကျိုးဝိပါက်၌ နှစ်သက်တွယ်တာတတ်သော လောဘစေတသိက်သည် မိမိကိန်းရာသတ္တဝါကို သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ရလေအောင် ချည်နှောင်တတ်သောကြောင့် အရူပရာဂ သံယောဇဉ်မည်၏။

အမှာ ။ ကြွင်းသောသံယောဇဉ်တရားများ၏ အဓိပ္ပာယ်ကို နားလည်လောက်ပြီဖြစ်၍ မပြတော့ပါ။

တရားကိုယ် ၇ ပါး

သုတ္တန်ညီးသံယောဇဉ်သည် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟ ဟု တရားကိုယ်အားဖြင့် ၇ ပါးသာရှိ၏။

တရားကိုယ်ကောက်ပုံ

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ယှဉ်သော လောဘစေတသိက်သည် ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်မည်၏။

အမှာ ။ ကြွင်းသောသံယောဇဉ်တရားများ၌ တရားကိုယ်ကောက်ပုံလွယ်၏။

http://www.dhammadownload.com

အဘိဓမ္မာသံယောဇဉ် ၁၀ ပါး

(၁) ကာမရာဂသံယောဇဉ်
(၂) ဘဝရာဂသံယောဇဉ်
(၃) ပဋိဃသံယောဇဉ်
(၄) မာနသံယောဇဉ်
(၅) ဒိဋ္ဌိသံယောဇဉ်
(၆) သီလဗ္ဗတပရာမာသသံယောဇဉ်
(၇) ဝိစိကိစ္ဆာသံယောဇဉ်
(၈) ကုသာသံယောဇဉ်
(၉) မစ္ဆရိယသံယောဇဉ်
(၁၀) အဝိဇ္ဇာသံယောဇဉ်။

အမှာ ။ အဓိပ္ပာယ်နှင့် တရားကိုယ်ကောက်ပုံလွယ်၏။

အဘိဓမ္မာနည်းတရားကိုယ် ၈ ပါး

အဘိဓမ္မနည်းသံယောဇဉ်တရားကိုယ်မှာ လောဘ၊ ဒေါသ၊ မာန ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကုသာ၊ မစ္ဆရိယ၊ မောဟဟု ၈ ပါးရှိ၏။

နဝသံယောဇနာဒ္ဓနဝအရ

မှတ်ချက် ။ သုတ္တန်နည်း၊ အဘိဓမ္မနည်းနှစ်မျိုးကို ရောနှောပေါင်းထား၍ သံယောဇဉ်တရားကိုယ် ၉ ပါးဖြစ်လာရ၏။ သုတ္တန်နည်း အဘိဓမ္မာနည်းများ အရ ဖြစ်သင့်သော သံယောဇဉ်တရားကို ဖော်ပြခဲ့ပါဟု မေးလျှင် အထက် ပါအတိုင်းဖြေပါ။

ဩရမ္ဘာဂိယသံယောဇဉ်

အောက်ကာမဘုံ၌ဖြစ်သော သံယောဇဉ်ငါးပါးကို ဩရမ္ဘာဂိယ သံယောဇဉ်ခေါ်၏။ ပုထုဇဉ်ပုဂ္ဂိုလ်သန္တာန်၌ သံယောဇဉ် ၁၀ ပါးလုံး ဖြစ်နိုင်၏။ ထိုတွင် အောက်ပါသံယောဇဉ်ငါးမျိုးမှာ အောက်ကာမဘုံနှင့် ဆက်သွယ်ထား၏။

(၁) ကာမရာဂသံယောဇဉ်
(၂) ပဋိဃသံယောဇဉ်
(၃) ဒိဋ္ဌိသံယောဇဉ်
(၄) သီလဗ္ဗတပရာမသသံယောဇဉ်
(၅) ဝိစိကိစ္ဆာသံယောဇဉ်

http://www.dhammadownload.com

ဆောင်။ ကာမရာဂ၊ ပဋိဃနှင့် သီလ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဤငါးတန်၊ ဩရမ္ဘာဂိယ။

အောက်ကာမဘုံနှင့်ဆက်သွယ်ပုံ

လောကဥ္စ စိတ်ကဦးဆောင်နေ၏။ သဘာဝတရားအားလုံးသည် စိတ်၏အလိုသို့ လိုက်ပါနေကြ၏။ သဘာဝတရားအားလုံးတွင် စိတ်သည် စွမ်းအားအကြီးမားဆုံး သတ္တိအထက်မြက်ဆုံးဖြစ်၏။ သို့သော် စိတ်သည် ရုပ်ကိုမှီ၍ ဖြစ်ရ၏။ စိတ်၏တည်ရာကို ပါဠိဘာသာဖြင့် **''ဝိညာဏဋ္ဌိတိ''** ခေါ်၏။ ယင်းစိတ်တည်ရာကို မြတ်ဗုဒ္ဓက ခုနစ်မျိုးဟောတော်မူခဲ့၏။ ယင်းခုနစ်မျိုးကို အကျဉ်းချုပ်လိုက်လျှင် ကာမဂုဏ်ကို စက်ဆုပ်သောစိတ်၊ ကာမဂုဏ်နှင့် ပျော်ပါးသောစိတ်ဟု အခြေခံအားဖြင့် စိတ်နှစ်မျိုးရှိ၏။

ကာမဂုဏ်နှင့်ပျော်သောစိတ်သည် ကာမဂုဏ်ကို အခြေခံ၍ ကာမဘုံဥ္စ နာမ်ရုပ်တရားနှင့် ဖွဲ့စည်းလျက် ကာမသတ္တဝါဖြစ်လာ၏။ ကာမဂုဏ်နှင့်ပျော်ခြင်းကြောင့် ယင်းကာမဂုဏ်ကိုအခြေခံလျက် ကာမဘုံဥ္စ ယောကျ်ား၊ မိန်းမ ကွဲပြားနေ၏။

စိတ်သည် သန့်ရှင်းဖြူစင်၏။ အာရုံငါးပါး ကာမဂုဏ်တရားကို နှစ်သက်လိုလားမှုမရှိပေ။ အာရုံငါးပါး ကာမဂုဏ်တရားကို ဘောဘ (တဏှာ) စေတသိက်ကသာ နှစ်သက်လိုလား၏။ လောဘစေတသိက်သည် စိတ်မှာ မှီလျက်ဖြစ်ရ၏။ ကာမဂုဏ်ကို နှစ်သက်လိုလားသော လောဘ (တဏှာ) စေတသိက်က စိတ်မှာမှီလျက်အဖြစ်များလာသောအခါ လောဘ (တဏှာ) ၏ သတ္တိသည် စိတ်မှာကူးစက်ပျံ့နှံ့သွား၏။ ယခုခေတ်ဥ္စ အိမ်သာတွင် အသုံးပြုကြသော ကြွေခွက်သည် မူလက သန့်ရှင်းဖြူစင်နေ၏။ မည်သည့် အနှံ့အသက်မျှမရှိပေ။ လူသားများ အိမ်သာတက်၍ အသုံးများလာသောအခါ နေ့စဉ် ရေဖြင့်ဆေးကြောသုတ်သင်နေသော်လည်း မစင်၏အနှံ့အသက်များ အိမ်သာကြွေခွက်ဥ္စ စွဲကပ်လာပြီး မကောင်းသောအနှံ့အသက်များ အမြဲ

http://www.dhammadownload.com

ထွက်နေသကဲ့သို့ ဖြစ်၏။ မကောင်းသောအနံ့အသက်များ စွဲကပ်လာရုံ သာမက ကြွေခွက်၏မူလအဖြူရောင်သည်လည်း မူလအတိုင်း မဟုတ်တော့ဘဲ မဲညစ်လာ၏။

ကာမရာဂ (လောဘစေတသိက်) သည် ကာမဂုဏ်ကို လိုလားနှစ်သက်၏။ ကာမရာဂ (လောဘစေတသိက်) သည် စိတ်မှာမှီ၍ ဖြစ်သောကြောင့် ကာမရာဂသည် အိမ်သာခွက်၌မစင်အနံ့စွဲကပ်နေသကဲ့သို့ ကာမသတ္တဝါ၏ စိတ်အစဉ်၌ အနုသယခါတ်အဖြစ်ဖြင့် အမြဲမပြတ် ကိန်းဝပ်ပါရှိနေ၏။ ထို့ကြောင့် ကာမရာဂသည် ကာမဘုံနှင့် ဆက်သွယ်ထားသော ကာမရာဂ သံယောဉ်ဇဉ်ကြိုးဖြစ်၏။ ထို့ကြောင့် သတ္တဝါများ ကာမဘုံသို့ ရောက်လာကြခြင်းဖြစ်၏။ ဤကာမရာဂ (ကာမတဏှာ) ကိုအကြောင်းပြု၍ သတ္တဝါများ ကာမဂုဏ်ကို ခံစားကြ၏။ ကာမဂုဏ်စိတ်ကြောင့် ကာမဘုံ၌ ဖြစ်လာသော သတ္တဝါကို ကာမသတ္တဝါခေါ်၏။

ကာမရာဂသည် အနုသယ ကိန်းဝပ်ပါရှိသော ပုထုဇဉ်သတ္တဝါသည် ကာမဂုဏ်ကို လိုလားနှစ်သက်ခြင်းကြောင့် ကာမဂုဏ်နှင့် စပ်လျဉ်း၍ မိမိလိုလားသည့်အတိုင်း ဖြစ်မလာသောအခါ စိတ်ဆိုးလျက် ကြမ်းတမ်းခက်ထန်မှု ဒေါသဖြစ်လာ၏။ ထိုဒေါသစေတသိက်သည် ပဋိဃသံယောဇဉ် ဖြစ်၏။ ပဋိဃသံယောဇဉ်သည် ကာမဂုဏ်နှင့် ဆက်စပ်ဖြစ်လာသောကြောင့် ကာမဂုဏ်ရှိရာ ကာမဘုံနှင့်ဆက်သွယ်ထားသော သံယောဇဉ်ကြိုးပင်ဖြစ်၏။ ဗြဟ္မာပြည်၌ ကာမဂုဏ်မရှိရုံသာမက ဗြဟ္မာများသည် မေတ္တာစိတ်ဖြင့်သာ အမြဲ နေထိုင်ကြခြင်းကြောင့် ဗြဟ္မာပြည်မှာ ပဋိဃသံယောဇဉ်ကြိုး မရှိနိုင်ပေ။

ဒိဋ္ဌသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်သုံးပါးသည် သောတာပန်ဖြစ်သွားသောအခါမှသာ ချုပ်ငြိမ်းကင်းပြတ်၏။ သောတာပန်မဖြစ်မီ အဆိုပါ သံယောဇဉ်သုံးပါးသည် ကာမသတ္တဝါများ သန္တာန်၌ရှိနေမည်သာဖြစ်၏။ အဆိုပါ သံယောဇဉ်သုံးပါးရှိနေသေးလျှင် လူဘုံ၊ နတ်ဘုံဟူသော ကာမသုဂတိဘုံ၌ ဖြစ်ရုံသာမက အပါယ်လေးဘုံသို့

http://www.dhammadownload.com

ပင် ကျရောက်သွားနိုင်၏။ ထိုသို့သံယောဇဉ် ၅ ပါးက အောက်ကာမဘုံနှင့် ဆက်သွယ်ထားပြီး ကာမဘုံသို့ကျရောက်စေသောကြောင့် ယင်းကာမရာဂ စသော သံယောဇဉ်ငါးပါးကို ''သြရမ္ဘာဂိယ သံယောဇဉ်'' ခေါ်၏။ (၃၁)ဘုံတွင် သတ္တဝါ၏ဘဝကိုနိမ့်ကျစေသော သံယောဇဉ်ဖြစ်၏။

ဥဒ္ဓံဘာဂိယသံယောဇဉ်

အထက်ပြဟ္မာဘုံ၌ဖြစ်သော သံယောဇဉ်ကို ''ဥဒ္ဓံဘာဂိယသံယောဇဉ်'' ခေါ်၏။ အောက်ပါသံယောဇဉ် ငါးပါးသည် အထက်ပြဟ္မာဘုံနှင့် ဆက်သွယ်ထား၏။

(၁) ရူပရာဂသံယောဇဉ်
(၂) အရူပရာဂသံယောဇဉ်
(၃) မာနသံယောဇဉ်
(၄) ဥဒ္ဓစ္စသံယောဇဉ်
(၅) အဝိဇ္ဇာသံယောဇဉ်

ဆောင် ။ ရူပရာဂ၊ အရူပနှင့် မာနဥဒ္ဓစ္စ၊ အဝိဇ္ဇံ၊ ဥဒ္ဓံဘာဂိယ။

အထက်ပြဟ္မာပြည်နှင့်ဆက်သွယ်ပုံ

လောကဌ် စိတ်ဦးဆောင်နေသဖြင့် ကာမဂုဏ်ကို စက်ဆုပ်သော စိတ်သည် ကာမဂုဏ်မရှိသောနေရာကို မျှော်လင့်တောင့်တ၏။ ကာမဂုဏ် မရှိသော ဘုံဒေသမှ နာမ်ရုပ်တရားနှင့် ဖွဲ့စည်းပေါင်းစပ်လျက် သတ္တဝါတစ်မျိုးဖြစ်လာ၏။ ထိုသတ္တဝါကို ပြဟ္မာခေါ်၏။ ထိုပြဟ္မာများဖြစ်ရာ ဘုံဒေသကို ပြဟ္မာပြည်ခေါ်၏။

ကာမဂုဏ်ကို စက်ဆုပ်သောစိတ်နှင့် ပေါင်းစပ်ဖွဲ့စည်းခြင်းကြောင့် ပြဟ္မာပြည်၌ ယောကျ်ား၊ မိန်းမကွဲပြားမှုမရှိပေ၊ ရူပရာဂသည် ရူပစျာန်နှင့် ရူပပြဟ္မာဘဝကို နှစ်သက်တွယ်တာသောကြောင့် ရူပဘုံနှင့်ဆက်သွယ်ပြီး

http://www.dhammadownload.com

ရူပဗြဟ္မာဘဝကို ဖြစ်ပေါ်စေ၏။

အရူပရာဂသည် အရူပစျာန်နှင့် အရူပဗြဟ္မာဘဝကို နှစ်သက်တွယ်တာသောကြောင့် အရူပဘုံနှင့် ဆက်သွယ်ပြီး အရူပဗြဟ္မာဘဝကို ဖြစ်ပေါ်စေ၏။ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာသံယောဇဉ်တရားများသည်လည်း ထိုရူပဘုံ အရူပဘုံများ၌ ဆက်သွယ်လျက်ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် ထိုရူပရာဂစသော သံယောဇဉ်ငါးမျိုးကို ဥဒ္ဓံဘာဝိယ သံယောဇဉ်ခေါ်၏။ သတ္တဝါများ၏ဘဝကို မြင့်မားစေသော သံယောဇဉ်ဖြစ်၏။

အထူး ။ အဝေးဘုံသို့ရောက်နေစေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲယူသကဲ့သို့ ဆွဲချည်နှောင်ဖွဲ့တတ်သော သဘောသည် သံယောဇဉ်မည်၏။

သံကွင်းချင်း ဖွဲ့ဆက်သကဲ့သို့ စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိအားဖြင့် နာမ်ရုပ်အပေါင်းကို ဖွဲ့ဆက်တတ်သောသဘောသည် ဂန္ထမည်၏။

သစ်စေးဖြင့်ကပ်ထားသကဲ့သို့ ဝဋ်ဆင်းရဲ၌ မိမိကိန်းရာသတ္တဝါကို ယှဉ်စပ်ကပ်ထားတတ်သော သဘောသည် ယောဂမည်၏။

ကိလေသာ

စိတ်ကိုညစ်ပေအောင် ပြုလုပ်တတ်သောကြောင့်လည်းကောင်း၊ စိတ်ကို ပူလောင်စေတတ်၊ နှိပ်စက်တတ်သောကြောင့်လည်းကောင်း လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်တရားတို့ကို ကိလေသာခေါ်၏။

ကိလေသာ ၁၀ ပါး

၁။	လောဘ	၆။	ဝိစိကိစ္ဆာ
၂။	ဒေါသ	၇။	ထိန
၃။	မောဟ	၈။	ဥဒ္ဓစ္စ
၄။	မာန	၉။	အဟိရိက
၅။	ဒိဋ္ဌိ	၁၀။	အနောတ္တပ္ပ

တရားကိုယ်ကောက်ပုံလွယ်၏။

http://www.dhammadownload.com

မှတ်ချက်။ အကုသိုလ်စေတသိက် ၁၄ လုံးရှိရာတွင် ကျသော၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မိဒ္ဓ ဟူသော အကုသိုလ်စေတသိက် (၄) လုံးသည် ကိလေသာ အမည်မရပေ။

တစ်ထောင့်ငါးရာကိလေသာ

ကိလေသာ၏ အာရုံဖြစ်သောတရားသည်

၁။	စိတ်	၁ ပါး
၂။	စေတသိက်	၅၂ ပါး
၃။	နိပ္ပန္နရုပ်	၁၈ ပါး
၄။	လက္ခဏာရုပ်	၄ ပါး
	ပေါင်း	၇၅ ပါး ဖြစ်၏။

ထို ၇၅ ပါးကို တည်၍ အဇ္ဈတ္တသန္တာန် အာရုံ၊ ဗဟိဒ္ဓသန္တာန် အာရုံ ၂ ပါးဖြင့်မြှောက်၊ (၇၅ × ၂ = ၁၅၀ ဖြစ်၏)

ကိလေသာ ၁၀ ပါးတို့သည် ထို ၁၅၀ သော အာရုံကို အသီးသီး အာရုံပြုသောကြောင့် ယင်း ၁၅၀ ကို တည် ကိလေသာ ၁၀ ပါးဖြင့် မြှောက်ပါက (၁၅၀ × ၁၀) = ၁၅၀၀ ဖြစ်၏။

ယင်းကို တစ်ထောင့်ငါးရာ ကိလေသာခေါ်၏။

တရားကိုယ်ကောက်ရန်

အကုသလသင်္ခါရ အာသဝ၊ သြဃ၊ ယောဂ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်တို့၌ ကာမအရ၊ ဘဝအရ ထိုကာမနှင့်ဘဝတို့ကို အာရုံပြုသောတဏှာ (လောဘ) ကို ကောက်ယူရမည်။

ဒိဋ္ဌစေတသိက်ကို အမည်အမျိုးမျိုးဖြင့် ဆိုရပုံ

သီလဗ္ဗတပရာမာသသည် ''နွားဝတ်၊ ခွေးဝတ် တို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၊ သံသရာမှလွတ်မြောက်လွယ်၏'' ဟု ယူ၏။

http://www.dhammadownload.com

ကွဒံသစ္စာ ဘိနိဝေသသည် ''ငါ့အယူသာမှန်၏၊ ကျန်အယူများ အမှားချည်းသာဖြစ်၏'' ဟု စွဲမြဲစွာယူ၏။

အတ္တဝါဒုပါဒါန်သည် ''အတ္တရှိ၏'' ဟု စွဲမြဲစွာယူ၏။ ဤသို့ယူပုံ အခြင်းအရာအားဖြင့် ကွဲပြားလျက်ဖြစ်သောကြောင့် ဒိဋ္ဌစေတသိက် တစ်ခုတည်းကို အမည်အမျိုးမျိုးဖြင့် ဆိုရခြင်းဖြစ်ပါသည်။

အကုသလသင်္ဂဟ၌ ဟောအပ်သောအမည် ၉ မျိုး

၁။ အာသဝ	၄။ ဂန္ထ	၇။ အနုသယ
၂။ သြဃ	၅။ ဥပါဒါန	၈။ သံယောဇဉ်
၃။ ယောဂ	၆။ နီဝရဏ	၉။ ကိလေသာ

မိဿကသင်္ဂဟ

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့ကို ရောနှောစုပေါင်း၍ ပြအပ်သော သင်္ဂဟကို မိဿကသင်္ဂဟခေါ်၏။ ဥပမာ လောဘနှင့် အလောဘသည် တစ်ခုသောစိတ်နှင့်အတူတကွ ဖြစ်ရိုးမရှိသော်လည်း လောဘသည် လူ၏သန္တာန်၌ အကုသိုလ်ဖြစ်လာအောင် ကူညီထောက်ပံ့သကဲ့သို့ အလောဘသည်လည်း လူ၏သန္တာန်၌ ကုသိုလ်တရားများဖြစ်လာအောင် ကူညီထောက်ပံ့၏။ ဤသို့လောဘနှင့် အလောဘသည် အကြောင်းတရားအဖြစ် တူညီသောကြောင့် လောဘနှင့် အလောဘကို ဟေတုအမည်ဖြင့် ရောနှောစုပေါင်း၍ ပြထား၏။

ဟေတု

ရေသောက်မြစ်သည် မိမိနှင့်တကွဖြစ်သော သစ်ပင်ကိုခိုင်မြဲစည်ပင်စေရန် ကူညီထောက်ပံ့သကဲ့သို့ ထို့အတူ မိမိနှင့်အတူတကွဖြစ်ကြသော နာမ်ရုပ်တရားတို့ကို ခိုင်မာပြန့်ပွားစေရန် ထောက်ပံ့ကျွေးဖူးတတ်သော တရားကို ဟေတု–ဟိတ်ခေါ်၏။

http://www.dhammadownload.com

ဟိတ် ၆ ပါး

၁။	လောဘ	၄။	အလောဘ
၂။	ဒေါသ	၅။	အဒေါသ
၃။	မောဟ	၆။	အမောဟ

ဟိတ် ၆ ပါး တရားကိုယ်ကောက်ပုံ ထင်ရှားပါ၏။

ဈာန်

ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် အာရုံပြုတတ်၊ ရှုတတ်သော ဝိတက် ဝိစာရစသော တရားအပေါင်းကို ဈာန်ခေါ်၏။

ထိုဈာန်အပေါင်း၏ တစ်ခုစီ တစ်ခုစီသော အစိတ်အစိတ် အင်္ဂါများကို ဈာန်အင်္ဂါခေါ်၏။

ဈာန်၌ ၇ ပါး

၁။	ဝိတက်	၅။	သောမနဿ
၂။	ဝိစာရ	၆။	ဒေါမနဿ
၃။	ပီတိ	၇။	ဥပေက္ခာ
၄။	ဧကဂ္ဂတာ		

တရားကိုယ် ၅ ပါး

ဈာန်တရားသည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာဟူ တရားကိုယ်အားဖြင့် (၅) ပါးသာရှိ၏။

တရားကိုယ်ကောက်ပုံ

၁။ ဝိတက်ယှဉ်ရာ စိတ် ၅၅ ပါးဌ်ယှဉ်သော ဝိတက်စေတသိက်သည် ဝိတက်ဈာန်မည်၏။

၂။ ဝိစာရယှဉ်ရာ စိတ် ၆၆ ပါးဌ်ယှဉ်သော ဝိစာရစေတသိက်သည် ဝိစာရဈာန်မည်၏။

http://www.dhammadownload.com

၃။ ပီတိယှဉ်ရာ စိတ် ၅၁ ပါးဌ်ယှဉ်သော ပီတိစေတသိက်သည် ပီတိစ္စာနင်မည်၏။

၄။ ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောစိတ် ၁၉ ပါးဌ်ယှဉ်သော ဇကဂ္ဂတာစေတသိက်သည် ဇကဂ္ဂတာစ္စာနင်မည်၏။

၅။ သောမနဿသဟဂုတ်စိတ် ၆၂ ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် သောမနဿစ္စာနင်မည်၏။

၆။ ဒေါသမူဒွေဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဒေါမနဿစ္စာနင်မည်၏။

၇။ စက္ခုဝိညာဏ်ဒွေ၊ သောတဝိညာဏ်ဒွေ၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေကြဉ်သော ဥပေက္ခာသဟဂုဏ် စိတ် ၄၁ ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဥပေက္ခာစ္စာနင်မည်၏။

မှတ်ချက်။ ဒွေပဉ္စဝိညာဏ် (၁၀) ဌ် စ္စာနင်တရားကိုယ်မကောက်ရ။

မဂ္ဂင်

သုဂတိဘုံ၊ ဒုဂ္ဂတိဘုံသို့ သွားရောက်ဖို့ရာလမ်းကြောင်းဖြစ်သော တရားအပေါင်းကို မဂ္ဂင်ခေါ်၏။

မှန်လှ၏။ သမ္မာဒိဋ္ဌိစသောတရားအပေါင်းသည် သုဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသော တရားအပေါင်းသည် ဒုဂ္ဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏။

ထိုမဂ္ဂမည်သော တရားအပေါင်း၏ တစ်ခုတစ်ခုစီသော အစိတ်အစိတ်အင်္ဂါများကို မဂ္ဂင် ခေါ်၏။

http://www.dhammadownload.com

မဂ္ဂင် ၁၂ ပါး

၁။	သမ္မာဒိဋ္ဌိ	၇။	သမ္မာသတိ
၂။	သမ္မာသင်္ကပ္ပ	၈။	သမ္မာသမာဓိ
၃။	သမ္မာဝါစာ	၉။	မိစ္ဆာဒိဋ္ဌိ
၄။	သမ္မာကမ္မန္တ	၁၀။	မိစ္ဆာသင်္ကပ္ပ
၅။	သမ္မာအာဇီဝ	၁၁။	မိစ္ဆာဝါယာမ
၆။	သမ္မာဝါယာမ	၁၂။	မိစ္ဆာသမာဓိ

သုဂတိမဂ္ဂင်

သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိအဆုံး ရှစ်ပါးသောမဂ္ဂင်သည် လူ့ဘုံ၊ နတ်ဘုံ၊ နိဗ္ဗာန်ဟူသော ကောင်းသောဂတိသို့ရောက်ဖို့ရာ ကောင်းသော လမ်းကြောင်းဖြစ်၏။ ထို့ကြောင့် သံသရာမှာ ကျင်လည်နေစဉ် အထက်တန်း ကျကျဘဝဖြင့် ကျင်လည်လိုသော်လည်းကောင်း၊ ခန္ဓာဇာတ်သိမ်း၍ အပြီးသတ် ငြိမ်းအေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော်လည်းကောင်း သမ္မာဒိဋ္ဌိ စသော ကောင်းသောလမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်ဖို့လိုအပ်လှ၏။

၁။ သမ္မာဒိဋ္ဌိ

ကောင်းမြတ်မှန်ကန်စွာ သိမြင်တတ်သော အသိဉာဏ်ကို သမ္မာဒိဋ္ဌိ ခေါ်၏။

သမ္မာဒိဋ္ဌိသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ၊ စတုသစ္စသမ္မာဒိဋ္ဌိဟု သုံးမျိုးရှိ၏။

၁။ ကမ္မဿတာသမ္မာဒိဋ္ဌိ

သတ္တဝါများ နေ့စဉ် မိမိတို့ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု နှစ်မျိုးသည်သာ ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ လိုက်ပါကြ၏။ ထို့ကြောင့် ယင်းကောင်းမှု၊ မကောင်းမှု နှစ်မျိုးသာ ကိုယ်ပိုင်

http://www.dhammadownload.com

ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်းများဖြစ်၏ဟု သိမြင်တတ်သောဉာဏ်ကို **''ကမ္မဿကတာ သမ္မာဒိဋ္ဌိ''** ခေါ်၏။ ကမ္မဿကတာ သမ္မာဒိဋ္ဌိကို အောက်ပါအတိုင်း အကျယ်သိရာ၏။

၁။ **ကမ္မဿကာ** – သတ္တဝါအားလုံး မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု တရားနှစ်မျိုးသာဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်လိုက်ပါနေသော ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်းဖြစ်၏။

၂။ **ကမ္မဒါယာဒါ** – မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု တရားနှစ်မျိုးသာ ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်လိုက်ပါသော အမွေခံဥစ္စာများဖြစ်၏။

၃။ **ကမ္မယောနီ** – မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု တရားနှစ်မျိုးသာ ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်လိုက်ပါ၍ ကောင်းကျိုး၊ မကောင်းကျိုးကို ဖြစ်ပေါ်စေနိုင်သော ပဓာနအကြောင်းတရားများဖြစ်၏။

၄။ **ကမ္မပဋိသရဏာ** – မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု တရားနှစ်မျိုးသာ ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်လိုက်ပါ၍ ကူညီသော ဆွေမျိုး မိတ်ဆွေများ ဖြစ်ကြ၏။

၅။ **ကမ္မပဋိသရဏာ** – မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု၊ မကောင်းမှု တရားနှစ်မျိုးသာ ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်လိုက်ပါသော ကိုးကွယ်ရာများဖြစ်၏။

၆။ **တဿ ဒါယာဒါ ဘဝိဿန္တိ** – မိမိတို့ နေ့စဉ်ပြုလုပ်သော ကောင်းမှု မကောင်းမှု တရားနှစ်မျိုး၏ ကောင်းကျိုး၊ မကောင်းကျိုးဟူသော ကောင်းမွေ ဆိုးမွေကို ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက် ခံစားစံစားကြရလိမ့်မည်။

http://www.dhammadownload.com

၂။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိ

ဝတ္ထုအပြားဆယ်ပါး၌ ဉာဏ်ဖြင့်သက်ဝင်လျက် ကောင်းမြတ် မှန်ကန်စွာ သိမြင်တတ်သော အသိဉာဏ်ကို ''**ဒသဝတ္ထုကသမ္မာဒိဋ္ဌိ**'' ခေါ်၏။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိကို အောက်ပါအတိုင်း အကျယ်သိရာ၏။

၁။ **အတ္ထိ ဒိန္နံ** – ပေးလှူမှု ဒါနကုသိုလ်၏ အကျိုးသည် အမှန်ရှိ၏။

၂။ **အတ္ထိ ယိဋ္ဌံ*** – ယဇ်ကြီးပူဇော်ရခြင်း၊ အလှူကြီးပေးလှူရခြင်း အကျိုးသည် အမှန်ရှိ၏။

၃။ **အတ္ထိ ဟုတံ** – ယဇ်ငယ်ပူဇော်ရခြင်း၏အကျိုးသည် အမှန်ရှိ၏။

၄။ **အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော** – ကောင်းစွာပြုလုပ်အပ်၊ မကောင်းသဖြင့် ပြုလုပ်အပ်သော ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၅။ **အတ္ထိ မာတာ** – အင်္ဂ ကောင်းစွာပြုစုမှု၊ မကောင်းသဖြင့်ပြုလုပ်မှု၏ အကျိုးသည် အမှန်ရှိ၏။

၆။ **အတ္ထိ ပိတာ** – ဖခင်၌ ကောင်းစွာပြုစုမှု၊ မကောင်းသဖြင့်ပြုလုပ်မှု၏ အကျိုးသည် အမှန်ရှိ၏။

၇။ **အတ္ထိ သတ္တာ သြပပါတိကာ** – လူတို့ မမြင်အပ်သော ငရဲ၊ ပြိတ္တာ၊ နတ်သိကြား၊ ဗြဟ္မာဟူသော ဥပပတ်သတ္တဝါများ အမှန်ရှိ၏။

၈။ **အတ္ထိ အယံ လောကော** – မျက်မြင်ဒိဋ္ဌ ဤပစ္စုပ္ပန်လောကသည် အမှန်ရှိ၏။

၉။ **အတ္ထိ ပရောလောကော** – သေပြီးနောက်မှာ ရောက်ကြရာသော လောကတစ်ပါး၊ ဘုံတစ်ပါးသည် အမှန်ရှိ၏။

---

* ယဇ - ဒေဝပူဇာ၊ သင်္ဂဟကရဏာ၊ ဒါနဓမ္မေသု = နတ်ကိုပူဇော်ခြင်း၊ အပေါင်းအစု ပြုခြင်း၊ ပေးလှူခြင်းဟု ယဇ-ဓာတ်၏အနက်သုံးမျိုးကို ပြကြ၏။

http://www.dhammadownload.com

တစ်နည်းကား – အယံလောကော = ဤလူ့လောကသည် အမှန်ရှိ၏။ ပရောလောကော = အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ငြဟ္မာ နှစ်ဆယ်ဟူသော တစ်ပါးသောလောကသည် အမှန်ရှိ၏။

တစ်နည်းကား – အယံလောကော = လူ့ဘုံနှင့်တကွ အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ငြဟ္မာနှစ်ဆယ်ဟူသော ဤစကြာဝဠာ လောက ဓာတ်သည် အမှန်ရှိ၏၊ ပရောလောကော = ရှစ်မျက်နှာအားလုံးတို့၌ အဆုံးမရှိသော တစ်ပါးသော လောကဓာတ် အနန္တသည် အမှန်ရှိ၏။

၁၀။ အတ္ထိလောကေ သမဏဗြဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

ဤလောကနှင့် နောက်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြုလျက် ဟောပြောနိုင်ကုန်သော စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကုန်သော ကိုယ်ကျင့်ကောင်းမွန်ကုန်သော သဗ္ဗညုဘုရား စသော ရဟန်း ပုဏ္ဏား များ လောကဌ အမှန်ရှိကြ၏။

၃။ စတုသစ္စသမ္မာဒိဋ္ဌိ

သစ္စာလေးပါး အမှန်တရား၌ ဉာဏ်သက်ဝင်လျက် ကောင်းမြတ် မှန်ကန်စွာ သိမြင်တတ်သော အသိဉာဏ်ကို ''**စတုသစ္စသမ္မာဒိဋ္ဌိ**'' ခေါ်၏။ စတုသစ္စသမ္မာဒိဋ္ဌိကို အောက်ပါအတိုင်း သိရာ၏။

၁။ **ဒုက္ခေဉာဏံ** – ဆင်းရဲအမှန်၌ သိမြင်တတ်သော အသိဉာဏ်။

၂။ **ဒုက္ခသမုဒယေ ဉာဏံ** – ဆင်းရဲဖြစ်ပွားကြောင်း အမှန်တရား၌ သိမြင် တတ်သော အသိဉာဏ်။

၃။ **ဒုက္ခနိရောဓေ ဉာဏံ** – ဆင်းရဲချုပ်ငြိမ်းရာ အမှန်တရား၌ သိမြင် တတ်သော အသိဉာဏ်။

http://www.dhammadownload.com

၄။ **ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါဃညာဏ်** – ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မှန်၌ သိမြင်တတ်သော အသိဉာဏ်။

အမှာ။ လယ်တီဆရာတော်ဘုရား၏ မဂ္ဂင်္ဒီပနီကို မှီငြမ်း၍ သမ္မာဒိဋ္ဌိ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ပါသည်။ မြန်မာဘုရင်များလက်ထက်၌ မြန်မာပြည်သူများ မြတ်ပုဒ္ဓတရားတော်ကို သင်ယူခဲ့ခြင်းကြောင့် မြန်မာများ အသိအမြင်များ မှန်ကန်ခဲ့ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်များ မရောက်မီက မြန်မာလူမျိုးကို **သမ္မာဒိဋ္ဌိလူမျိုး**ဟု ခေါ်ကြ၏။

မြန်မာဘုရင်များခေတ်က မြန်မာတို့သည် ပုဒ္ဓတရားတော်ကို သင်ယူခဲ့ကြပြီး မိမိ၏အသိဉာဏ်ဖြင့် ပိုင်းခြားဝေဖန်၍ မြတ်ပုဒ္ဓသာသနာတော်ကို ယုံကြည်ကိုးကွယ်ခဲ့ကြ၏။ ယခု ပုဒ္ဓဘာသာဝင်များသည် မိရိုးဖလာ ပုဒ္ဓဘာသာဝင်မျှသာဖြစ်ကြ၏။ အထက်က ဖော်ပြခဲ့သော သမ္မာဒိဋ္ဌိ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာလျက် မိမိသန္တာန်၌ သမ္မာဒိဋ္ဌိ စသော မှန်ကန်သောအမြင်များ မည်မျှရှိသနည်းဟု အကဲဖြတ်နိုင်၏။ မြတ်ပုဒ္ဓအလိုတော်ကျ မှန်ကန်သော အမြင်မှန်များ မရှိပါဘဲ ပုဒ္ဓဘာသာဝင် အမည်ခံနေခြင်းသည် လိမ်ညာခြင်းသာဖြစ်ကြောင်း သဘောပေါက်သင့်၏။

၂။ သမ္မာသင်္ကပ္ပ

ကောင်းမြတ်မှန်ကန်သော အကြံအစည်ကို သမ္မာသင်္ကပ္ပခေါ်၏။ သမ္မာသင်္ကပ္ပသည် နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသာသင်္ကပ္ပ ဟု သုံးမျိုးပြား၏။

၁။ **နေက္ခမ္မသင်္ကပ္ပ** = အာရုံငါးပါး ကာမဂုဏ်တရားမှ ထွက်မြောက်လိုမှုနှင့် စပ်လျဉ်းသော ကြံစည်မှု။

၂။ **အဗျာပါဒသင်္ကပ္ပ** =သက်ရှိသတ္တဝါအားလုံးအပေါ်၌ ချစ်ခင်မြတ်နိုးလျက် အကျိုးလိုလားပြီး ချမ်းသာစေလိုမှုနှင့် စပ်လျဉ်းသော ကြံစည်မှု။

http://www.dhammadownload.com

၃။ **အဝိဟိသက်ပွ** = သက်ရှိသတ္တဝါများအားလုံးအပေါ်၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုမှုနှင့်စပ်လျဉ်းသော ကြံစည်မှု။

၃။ သမ္မာဝါစာ

ကောင်းမြတ်မှန်ကန်သော စကားကို ပြောဆိုခြင်း ဝစီကံမှုကို သမ္မာဝါစာ ခေါ်၏။ မုသာဝါဒဝိရတိ၊ ပိသုဏာဝါစာ ဝိရတိ၊ ဖရုသဝါစာ ဝိရတိ၊ သမ္ဖပ္ပလာပဝိရတိ ဟု သမ္မာဝါစာ လေးမျိုးရှိ၏။

၁။ **မုသာဝါဒဝိရတိ** = မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ **ပိသုဏာဝါစာဝိရတိ** = သူတစ်ပါးကွဲပြားစေရန် နှစ်ဦးသောသူတို့၏ အကြားခံ ကုန်းတိုက် (ရန်တိုက်) စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ **ဖရုသဝါစာဝိရတိ** = ဆဲဆို ငေါက်ငမ်း ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ **သမ္ဖပ္ပလာပဝိရတိ** =ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးနှင့် မဆက်စပ်ဘဲ ပိန်ဖျင်းသေးသိမ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ သမ္မာကမ္မန္တ

ကောင်းမြတ်မှန်ကန်စွာ ကိုယ်ဖြင့်ပြုလုပ်အပ်သော ကာယကံမှုကို သမ္မာကမ္မန္တ ခေါ်၏။ သမ္မာကမ္မန္တသည် ပါဏာတိပါတဝိရတိ၊ အဒိန္နဒါန ဝိရတိ၊ ကာမေသုမိစ္ဆာစာရဝိရတိ ဟု သုံးမျိုးရှိ၏။

၁။ **ပါဏာတိပါတဝိရတိ** = အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ **အဒိန္နာဒါနဝိရတိ** = ပိုင်ရှင်မပေးအပ်သော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

http://www.dhammadownload.com

၃။ **ကာမေသုမိစ္ဆာစာရဝိရတိ** = ကာမဂုဏ်တို့၌ မှားယွင်းဖောက်ပြန်စွာ ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၅။ သမ္မာအာဇီဝ

ကောင်းမြတ်မှန်ကန်စွာ အသက်မွေးမှုကို သမ္မာအာဇီဝခေါ်၏။ သမ္မာအာဇီဝသည် ဒုစ္စရိတမိစ္ဆာဇီဝဝိရတိ၊ အနေသနမိစ္ဆာဇီဝ ဝိရတိ၊ ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ၊ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ ဝိရတိဟု လေးမျိုးရှိ၏။

၁။ **ဒုစ္စရိတမိစ္ဆာဇီဝ ဝိရတိ** = လူတို့မှာ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါးတို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ **အနေသနမိစ္ဆာဇီဝ ဝိရတိ** = ရဟန်း၊ သာမဏေများမှာ လူတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသော (၂၁) ပါးသော အနေသနအမှုတို့ဖြင့် ယုတ်မာစွာသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ **ကုဟနာဒိမိစ္ဆာဇီဝ ဝိရတိ** = ရဟန်းသာမဏေတို့မှာ အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်လိမ်လည်ခြင်း စသော ငါးပါးသောအမှုတို့ဖြင့် ယုတ်မာစွာသော အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း။

မှတ်ချက်။ ကုဟန စသော ငါးပါးဟူသည် ကုဟန၊ လပန၊ နိမိတ္တ၊ နိပ္ပေသန၊ လာဘေန လာဘနိဇိဂီသန ဖြစ်၏။

၄။ **တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝ ဝိရတိ** = ရဟန်းသာမဏေတို့၏ အကျင့်သီလနှင့် ကန့်လန့်ဖီလာ ဆန့်ကျင်ဘက် ဖြစ်သော အင်္ဂါဝိဇ္ဇာ၊ နိမိတ္တဝိဇ္ဇာ အစရှိ သော အတတ်ပညာ ဝိဇ္ဇာမှုမျိုးဖြင့် ယုတ်မာစွာ အသက်မွေးခြင်းမှ ရှောင် ကြဉ်ခြင်း။

http://www.dhammadownload.com

၆။ သမ္မာဝါယာမ

ကောင်းမြတ်မှန်ကန်သော ကြိုးစားအားထုတ်မှု ဇွဲလုံ့လဝိရိယကို သမ္မာဝါယာမ ခေါ်၏။

၁။ မိမိသန္တာန်မှာ ယခုဘဝ၌ မဖြစ်ဖူးသေးသော မကောင်းမှုအကုသိုလ် တရားများ ဤဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်ကို ရသည့်ဘဝ တိုင်အောင် တစ်ရံတစ်ခါမျှ မိမိသန္တာန်၌ မဖြစ်စေခြင်းငှာ မဂ္ဂင် ရှစ်ပါးတရားတော်ကို အားထုတ်ခြင်း။

၂။ မိမိသန္တာန်မှာ ယခုဘဝ၌ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်သော မကောင်းမှု အကုသိုလ်တရားတို့ကို ဤဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မိမိသန္တာန်၌ နောင်တစ်ဖန် တစ်ရံတစ်ခါမျှ မဖြစ်ရအောင် ပယ်သတ်နိုင်ခြင်းငှာ မဂ္ဂင်ရှစ်ပါးတရားတော်ကို အားထုတ်ခြင်း။

၃။ ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသော ဗောဓိပက္ခိယတရား (၃၇) ပါးတို့ကို ယခုဘဝမှာပင် မိမိသန္တာန်၌ ဖြစ်ပေါ်လာအောင် မဂ္ဂင် ရှစ်ပါးတရားတော်ကို အားထုတ်ခြင်း။

၄။ ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ပြီးဖြစ်ဆဲဖြစ်သော သီလစသော ကုသိုလ်တရားများ အဆင့်ဆင့်တိုးတက်၍ အနုပါဒိသေသ နိဗ္ဗာန် ရသည့်ဘဝတိုင်အောင် အစဉ်တိုးပွားစေရန် မဂ္ဂင်ရှစ်ပါး တရား တော်ကို အားထုတ်ခြင်း။

၇။ သမ္မာသတိ

ကောင်းမြတ်မှန်ကန်သော မမေ့မလျော့ခြင်းကို သမ္မာသတိ ခေါ်၏။

၁။ **ကာယာနုပဿနာသတိပဋ္ဌာနံ** = ဝင်သက်၊ ထွက်သက် အစရှိသော ကိုယ်အင်္ဂါအစုဥ၌ ရှုဆင်ခြင်မှုမြဲသော အောက်မေ့မှု သတိတရား။

http://www.dhammadownload.com

၂။ **ဝေဒနာနုပဿနာသတိပဋ္ဌာန်** = ချမ်းသာမှု၊ ဆင်းရဲမှု စသော ဝေဒနာအစုဥ် ရှုဆင်ခြင်မှု မြဲသော အောက်မေ့မှု သတိတရား။

၃။ **စိတ္တာနုပဿနာသတိပဋ္ဌာန်** = ရာဂနှင့်ယှဉ်တွဲဖြစ်သော စိတ်၊ စိတ်ဆိုးမှုဒေါသနှင့် ယှဉ်တွဲဖြစ်သော စိတ် စသော စိတ်အစုဥ် ရှုဆင်ခြင်မှုမြဲသော အောက်မေ့မှု သတိတရား။

၄။ **ဓမ္မာနုပဿနာသတိပဋ္ဌာန်** = ကာမစ္ဆန္ဒ စသော ဓမ္မအစုဥ် ရှုဆင်ခြင်မှု မြဲသော အောက်မေ့မှု သတိတရား။

၈။ သမ္မာသမာဓိ

ကောင်းမြတ်မှန်ကန်သော စိတ်တည်ကြည်မှုကို သမ္မာသမာဓိခေါ်၏။

၁။ **ပထမဈာနသမာဓိ** = ရှေဦးစွာ ကသိုဏ်းစသော တစ်ခုသော သမထအာရုံဥ် တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော ပထမဈာန်နှင့် ယှဉ်တွဲဖြစ်သော ပထမဈာန်သမာဓိ။

၂။ **ဒုတိယဈာနသမာဓိ** = နှစ်ကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံဥ် တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲ တည်ငြိမ်သော ဒုတိယဈာန်နှင့်ယှဉ်တွဲဖြစ်သော ဒုတိယဈာန်သမာဓိ။

၃။ **တတိယဈာနသမာဓိ** = သုံးကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံဥ် တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော တတိယဈာန်နှင့် ယှဉ်တွဲဖြစ်သော တတိယဈာန်သမာဓိ။

၄။ **စတုတ္ထဈာနသမာဓိ** = လေးကြိမ်မြောက် ကသိုဏ်းစသော တစ်ခုသော သမထအာရုံဥ် တုန်လှုပ်ခြင်းမရှိဘဲ ရှုမြင်ထင်စွဲ ခိုင်မြဲတည်ငြိမ်သော စတုတ္ထဈာန်နှင့် ယှဉ်တွဲဖြစ်သော စတုတ္ထဈာန်သမာဓိ။

http://www.dhammadownload.com

ဒုဂ္ဂတိမဂ္ဂင်

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ လေးပါးသည် မကောင်းသောဂတိသို့ရောက်ဖို့ရာ မကောင်းသောလမ်းကြောင်းဖြစ်၏၊ ထို့ကြောင့် မိမိကိုယ်ကို သနားသူသည် မကောင်းသောလမ်းကြောင်းအတိုင်း မလျှောက်လှမ်းမိအောင် အထူးသတိထား ရှောင်ကြဉ်သင့်၏။ မြတ်ဗုဒ္ဓသည် သတ္တဝါများအပေါ် သနားတော်မူလှသဖြင့် ကောင်းသောလမ်းနှင့် မကောင်းသောလမ်းကို ခွဲခြားပြတော်မူခဲ့၏။

မိစ္ဆာဒိဋ္ဌိ

မှားယွင်းဖောက်ပြန် မမှန်မကန် သိမြင်တတ်သော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမည်၏။ ဤမိစ္ဆာဒိဋ္ဌိသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးတွင် တစ်ပါးပါး၌ အတ္တဟု အသိမှားသော သက္ကာယဒိဋ္ဌိ၊ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ စသည်ဖြင့် များပြားလှ၏။ ထိုတွင် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ ဟူသော ဒိဋ္ဌိသုံးမျိုးသာ ကမ္မပထမြောက်၏။ ကြွင်းသောဒိဋ္ဌိများမှာ ဒိဋ္ဌိသာမာန်သာဖြစ်၏။

နတ္ထိကဒိဋ္ဌိ

နောက်အနာဂတ်ဘဝများ၌ တွေ့ကြုံခံစားရဖွယ်အကျိုးမရှိဟု အကျိုးတရားကို ပစ်ပယ်တားမြစ်သော အသိမှားသည် နတ္ထိကဒိဋ္ဌိမည်၏။ ဤဒိဋ္ဌိသည် အကျိုးတရားကို ပစ်ပယ်သဖြင့် အကြောင်းကံတရားကိုလည်း ပစ်ပယ်ရာရောက်၏။ ဤနတ္ထိကဒိဋ္ဌိကို တိတ္ထိဆရာကြီး အဇိတကေသကမ္ဗလက ဟောပြော၏၊ နတ္ထိကဒိဋ္ဌိကို အောက်ပါအတိုင်း အကျယ်သိရာ၏။

၁။ **နတ္ထိ ဒိန္နံ** = ပေးလှူမှုဒါနကုသိုလ်၏ အကျိုးသည်မရှိ။

၂။ **နတ္ထိ ယိဋ္ဌံ** = ယဇ်ကြီးပူဇော်ရခြင်း၊ အလှူကြီးပေးလှူရခြင်းအကျိုးမရှိ။

http://www.dhammadownload.com

၃။ **နတ္ထိ ဟုတံ** = ယဇ်ငယ်ပူဇော်ရခြင်း အကျိုးမရှိ။

၄။ **နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဝိပါကော** = ကောင်းစွာပြုအပ်၊ မကောင်းသဖြင့် ပြုအပ်သော ကောင်းမှု မကောင်းမှုတို့၏အကျိုးရင်း အကျိုးဆက်သည် မရှိ။

၅။ **နတ္ထိ မာတာ** = အမိ၌ ကောင်းစွာပြုစုမှု၊ မကောင်းသဖြင့်ပြုလုပ်မှု၏ အကျိုးသည်မရှိ။

၆။ **နတ္ထိ ပိတာ** = ဖခင်၌ ကောင်းစွာပြုစုမှု၊ မကောင်းသဖြင့် ပြုလုပ်မှု၏ အကျိုးသည်မရှိ။

၇။ **နတ္ထိ သတ္တာ သြပပါတိကာ** = လူတို့မမြင်အပ်သော ငရဲ၊ ပြိတ္တာ၊ နတ်သိကြား၊ ဗြဟ္မာဟူသော ဥပပ္ပတ်သတ္တဝါများမရှိ။

၈။ **နတ္ထိ အယံ လောကော** = ဤဘက်ဘဝမရှိ။*

၉။ **နတ္ထိ ပရောလောကော** = ဟိုဘက်ဘဝမရှိ။*

၁၀။ **နတ္ထိ လောကေ သမဏဗြဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

ဤလောကနှင့် နောက်လောကကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြုလျက် ဟောပြောနိုင်သော စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကုန်သော ကိုယ်ကျင့် ကောင်းမွန်ကုန်သော သပ္ပညုဘုရား စသော ရဟန်းပုဏ္ဏားများ လောကမှာ မရှိကြ။

---

* ဟိုဘက်ဘဝ၌ တည်ရှိနေသူအတွက် ဤဘက်ဘဝမရှိဟုဆို၏။
ဤဘက်ဘဝ၌ တည်ရှိနေသူအတွက် ဟိုဘက်ဘဝမရှိဟုဆို၏။

http://www.dhammadownload.com

အဟေတုကဒိဋ္ဌိ

အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိဟု အကြောင်းအကျိုးနှစ်မျိုးလုံးကို တိုက်ရိုက်ပစ်ပယ်သော အသိမှားသည် အဟေတုကဒိဋ္ဌိမည်၏။ ဤဒိဋ္ဌိ၌ ''အကြောင်းမရှိ'' ဟု အကြောင်းတရားကို ပစ်ပယ်သဖြင့် အကျိုးတရားကိုလည်း ပစ်ပယ်ရာရောက်သောကြောင့် ဤအဟေတုကဒိဋ္ဌိသည် အကြောင်းအကျိုးနှစ်မျိုးလုံးကို ပစ်ပယ်ရာရောက်၏။ ဤအဟေတုကဒိဋ္ဌိကို တိတ္ထိဆရာကြီး မက္ခလိဂေါသာလက ဟောပြော၏၊ အဟေတုကဒိဋ္ဌိအကြောင်းကို အောက်ပါအတိုင်း သိရာ၏။

နတ္ထိဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ = သတ္တဝါများ ညစ်ပေဖို့ရာ ဇနက အကြောင်းလည်းမရှိ၊ ဥပတ္ထမ္ဘက အကြောင်းလည်းမရှိ။

အဟေတူ အပ္ပစ္စယာ သတ္တာ သံကိလိဿန္တိ = ဇနက* အကြောင်းလည်းမရှိဘဲ၊ ဥပတ္ထမ္ဘက*အကြောင်းလည်းမရှိဘဲ သတ္တဝါများ ညစ်ပေကြရ၏။

နတ္ထိဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာ = သတ္တဝါများ သန့်ရှင်းစင်ကြယ်ဖို့ရာ ဇနကအကြောင်းလည်းမရှိ၊ ဥပတ္ထမ္ဘက အကြောင်းလည်းမရှိ။

အဟေတူ အပ္ပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ = ဇနက အကြောင်းလည်းမရှိဘဲ ဥပတ္ထမ္ဘက အကြောင်းလည်းမရှိဘဲ သတ္တဝါများ သန့်ရှင်းစင်ကြယ်ကြ၏။

---

* အကျိုးတရားကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်သော အကြောင်တရားကို ဇနက အကြောင်းတရားခေါ်၏။ မိမိကိုယ်တိုင် အကျိုးတရားကို မဖြစ်ပေါ်စေနိုင်ဘဲ အခြားအကြောင်းတရားကို ထောက်ပံ့ရုံသာ ထောက်ပံ့ပေးနိုင်သောအကြောင်းတရားကို ဥပတ္ထမ္ဘက အကြောင်းခေါ်၏။

http://www.dhammadownload.com

အကြိယဒိဋ္ဌ

လူသားများ ကောင်းမှု မကောင်းမှုကို ပြုလုပ်ကြသော်လည်း ပြုလုပ်ရာမရောက်ဟု အကြောင်းကံတရားကို တားမြစ်ပစ်ပယ်သော အသိမှားသည် အကြိယဒိဋ္ဌမည်၏။ အကြိယဒိဋ္ဌ၌ အကြောင်းကံတရားကို ပစ်ပယ်သဖြင့် နောင်အခါ အကျိုးတရားလည်းမရှိနိုင်ဟု အကျိုးတရားကိုလည်း ပစ်ပယ်ရာရောက်သောကြောင့် ကံတရားနှင့် ကံ၏အကျိုးတရားနှစ်မျိုးလုံးကို ပစ်ပယ်ရာရောက်၏။ ဤအကြိယဒိဋ္ဌကို တိတ္ထိဆရာကြီး ပူရဏကဿပက ဟောပြော၏။ အကြိယဒိဋ္ဌကို အောက်ပါအတိုင်း သိရာ၏။

''ကိုယ်တိုင်ပြုလုပ်သူ၊ သူတစ်ပါးကိုပြုလုပ်စေသူ၊ ကိုယ်တိုင်ဖြတ်သူ၊ သူတစ်ပါးကိုဖြတ်စေသူ၊ နှိပ်စက်သူ၊ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ၊ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ ပြုစေသူ၊ တုန်လှုပ်သူ၊ တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ သတ်စေသူ၊ သူတစ်ပါးပစ္စည်းကို ခိုးယူသူ ခိုးယူစေသူ၊ အိမ်ကိုဖောက်ထွင်းသူ ဖောက်ထွင်းစေသူ၊ ရွာကို တိုက်ခိုက်လုယူသူ တိုက်ခိုက် လုယူစေသူ၊ တစ်အိမ်တည်းကို တိုက်ခိုက်လုယူသူ တိုက်ခိုက်လုယူစေသူ၊ လမ်းခရီးခွဲစောင့်၍လုယက်သူ လုယက်စေသူ၊ သူတစ်ပါးမယားကို လွန်ကျူးသွားလာသူ သွားလာစေသူ၊ မဟုတ်မမှန်ပြောဆိုသူ ပြောဆိုစေသူ များသည် မကောင်းမှုကို ပြုလုပ်သော်လည်း ပြုလုပ်ရာမရောက်''

အသိမှားမှုသည် အဆိုးဝါးဆုံးဖြစ်

လူ၏ခန္ဓာကိုယ်သည် စိတ်ကို အမှောင်ချထားသော မသိမှု အဝိဇ္ဇာ၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ စသည်ဖြင့် အသိမှား အမြင်မှားမှု ဒိဋ္ဌိ၊ အာရုံငါးပါး ကာမဂုဏ်တရားကို လိုလားမှု ကာမတဏှာ၊ မိမိလိုလားသည့် အတိုင်း ဖြစ်မလာသောအခါ စိတ်ဆိုးမှု ဒေါသ စသော အဓမ္မတရားဆိုး များဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ၏။

http://www.dhammadownload.com

ထိုသို့ အဓမ္မတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသောလူသားကို မီးလောင်ရာလေပင့်ဆိုသကဲ့သို့ အထက်ကဖော်ပြခဲ့သော အသိမှား အမြင်မှားမှု ဝါဒဆိုးများကို ဟောပြောသင်ပြလိုက်သောအခါ လူသားများ မိုက်မဲဆိုးသွမ်း ချင်တိုင်း မိုက်မဲဆိုးသွမ်းလာကြ၏။ လူသားများ အသိအမြင်မှားနေပြီဆိုလျှင် ယင်းအမြင်မှား အသိမှားခြင်းကိုအခြေခံ၍ ကြံစည်တွေးခေါ်မှုအားလုံး အမှား ဖြစ်လာ၏။ ပါးစပ်ကပြောသမျှ စကားအားလုံး အမှားဖြစ်လာ၏။ သွားလာ လုပ်ကိုင်မှုအလုပ်အားလုံး အမှားဖြစ်လာ၏။ ဘဝအတွက် ကြိုးပမ်းအားထုတ်မှု အားလုံး အမှားဖြစ်လာ၏။ ယင်းအမှားအားလုံးကို အမှားဟုမသိရုံသာမက အမှန်ထင်ပြီး တန်ဖိုးထား မြတ်နိုးနေတတ်၏။ ထို့ကြောင့် အသိမှား အမြင်မှား မှု မိစ္ဆာဒိဋ္ဌိသည် လူ့လောက၌ ဒုစရိုက်မှုအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်၏။ ထိုဒုစရိုက်မှုများသည် –

၁။ လူကို တန်ဖိုးကျစေရုံသာမက လူ့ဘဝကို လုံးဝ ပျက်စီးစေနိုင်၏။

၂။ လူသားများကို ပြိုကွဲစေပြီး ရန်ပွဲ၊ စစ်ပွဲအမျိုးမျိုး ဖြစ်ပွားမှု သတ္ထန္တရကပ်ကို ဖြစ်ပေါ်စေ၏။

၃။ ဆေးမတိုးနိုင်သောအနာရောဂါအမျိုးမျိုး ဖြစ်ပွားမှု ရောဂန္တရကပ်ကို ဖြစ်ပေါ်စေ၏။

၄။ ရာသီဥတုကို ပျက်စီးစေပြီး သစ်ပင်အသီးအနှံများ မဖြစ်ထွန်းခြင်းကြောင့် အစားအစာရှားပါးငတ်မွတ်မှု ဒုဗ္ဘိက္ခန္တရကပ်ကို ဖြစ်ပေါ်စေ၏။

အသိအမြင်မှားမှု မိစ္ဆာဒိဋ္ဌိသည် လူသားတို့အား ဤသို့ မကောင်းကျိုးများကိုသာ ဖြစ်ပေါ်စေသဖြင့် အပြစ်ကြီးလှ၏။ အပြစ်ကြီးလေးလှပုံကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

http://www.dhammadownload.com

''ရဟန်းတို့၊ အမြင်မှား အသိမှားမှု မိစ္ဆာဒိဋ္ဌိသည် အပြစ်ကြီးလေး လှသကဲ့သို့ အခြားတစ်မျိုးသော အပြစ်ကြီးလေးလှသောတရားကို ငါဘုရား တွေ့မြင်တော်မမူ၊ ရဟန်းတို့၊ အပြစ်ကြီးလေးလှသော တရားအားလုံးတို့တွင် အမြင်မှား အသိမှားမှု မိစ္ဆာဒိဋ္ဌိသည် အဆိုးဝါးဆုံးဖြစ်၏။*

အသိအမြင်မှန်ကန်ဖို့လို

လူသားများမှာ အသိအမြင်မှန်ကန်ဖို့ လိုအပ်လှ၏။ အသိအမြင် မှန်ကန်ပါမှ ယင်းမှန်ကန်သော အသိအမြင်ကို အခြေခံ၍ ကြံစည်တွေးခေါ် မှုအားလုံး မှန်ကန်လာမည်ဖြစ်၏။ အပြောအဆိုနှင့် သွားလာလှုပ်ရှားမှုအားလုံး မှန်ကန်လာမည်ဖြစ်၏။ မိမိချစ်ခင်မြတ်နိုးလှသော မိမိဘဝအတွက် ကြိုးပမ်းမှု အားလုံး မှန်ကန်လာမည်ဖြစ်၏။

ထိုသို့ အသိအမြင်မှန်ကန်နိုင်ဖို့အတွက် လူ့လောက၌ လူကောင်း သူကောင်းများရှိဖို့ လိုအပ်လှ၏။ ယင်းလူကောင်းသူကောင်းများက လူ့ပတ်ဝန်း ကျင်ကို ပတ်ဝန်းကျင်ကောင်းဖြစ်အောင် ပြုပြင်ဖန်တီးထားမည်ဖြစ်၏။ ပတ်ဝန်းကျင်ကောင်းမှာ မွေးဖွားလာသူသည် (သို့မဟုတ်) အခြားဒေသတစ်ခုမှ ပြောင်းရွှေ့လာသူသည် ပတ်ဝန်းကျင်ကောင်းတွင် လူကောင်းသူကောင်းတို့ နှင့်အတူ ပေါင်းသင်းနေထိုင်ရမည်ဖြစ်၏။ လူကောင်းသူကောင်းတို့ထံမှ ကြိုးပွားချမ်းသာကြောင့် အဆုံးအမစကားများနှင့် နည်းစနစ်ကောင်းများကို ကြားနာရမည်ဖြစ်၏။

အဆုံးအမများနှင့် နည်းစနစ်ကောင်းများကို ရရှိပါမှ မှန်ကန်သော အသိဉာဏ်များ ဖြစ်ပေါ်လာလျက် မှန်မှန်ကန်ကန် နှလုံးသွင်းတတ် တွေးခေါ် တတ်လာမည်ဖြစ်၏။ မှန်မှန်ကန်ကန် နှလုံးသွင်းတတ် တွေးခေါ်တတ်လာလျှင် မှန်ကန်သောနည်းစနစ်ကို အခြေခံလျက် ဘဝအတွက် မှန်ကန်သောအလုပ် ကို ပြုလုပ်လာမည်ဖြစ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း

---

*. အင်္ဂုတ္တရပါဠိ (ပထမတွဲ) - ၃၅

http://www.dhammadownload.com

တိတိကျကျ လမ်းညွှန်မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ဤတရားလေးမျိုးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သဘာဝတရားတို့၏အမှန်သဘောကို သိမြင်နိုင်သော ပညာကို ရရှိခြင်းငှာ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ –

၁။ သူတော်ကောင်းတို့ကို မှီဝဲပေါင်းသင်း ဆည်းကပ်ခြင်း။

၂။ သူတော်ကောင်းတရားကို နာကြားသင်ယူခြင်း။

၃။ မှန်မှန်ကန်ကန် နှလုံးသွင်းနိုင်ခြင်း။

၄။ တရားအားလျော်သော နည်းစနစ်ကောင်းကို ကျင့်သုံးခြင်းတို့ ဖြစ်၏။

လူသားများသန္တာန်မှာ မှန်ကန်သော အသိအမြင်များဖြစ်ပေါ်လာစေရန် မြတ်ဗုဒ္ဓက အထက်ပါအတိုင်း လိုအပ်ချက်လေးမျိုးကို တိကျပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။ အထက်ပါနည်းလမ်းလေးမျိုးကို လေ့လာကြည့်ပါက လူကြီးမိဘများ၏တာဝန်နှင့် လူငယ်များ၏တာဝန်ဟူ၍ တာဝန်နှစ်ရပ်ကို ထင်ရှားစွာတွေ့မြင်နိုင်၏။ လူကြီးမိဘများတာဝန်က ပတ်ဝန်းကျင်ကောင်းကို ပြုပြင်ဖန်တီးပေးပြီး လူငယ်တို့အား သူတော်ကောင်းများ၏ စနစ်ကောင်းကို သင်ပေးရမည်ဖြစ်၏။ လူငယ်များ၏တာဝန်က စနစ်ကောင်းနည်းလမ်းကောင်းများကို သင်ယူလေ့လာခြင်းနှင့် သင်ယူလေ့လာပြီးနောက် လက်တွေ့ဘဝတွင် လိုက်နာကျင့်သုံးခြင်းပင်ဖြစ်၏။ အနှစ်ချုပ်မှာ လူ့ဘဝ ကြီးပွားတိုးတက်မှုကို လူပတ်ဝန်းကျင်၌သာ ရှာဖွေလျက် လူသားကိုယ်တိုင် ကြိုးစားတည်ဆောက်ရမည်ဖြစ်၏။

ကြီးပွားတိုးတက်မှုကို လူပတ်ဝန်းကျင်ပြင်ပ၌ ရှာဖွေ၍ မတွေ့ရှိနိုင်ပေ။ ထို့ပြင် လူ၏ကြီးပွားတိုးတက်မှုကို လူကိုယ်တိုင်သာ ကြိုးစားရမည်ဖြစ်၏။ တန်ခိုးရှင် ဖန်ဆင်းရှင်ကို အားကိုးမနေရပေ။ ဤအချက်များသည် ဗုဒ္ဓ

http://www.dhammadownload.com

သာသနာတော်၏ ထူးခြားချက်ပင်ဖြစ်၏။ ဖန်ဆင်းရှင် တန်ခိုးရှင်တို့ကို ကိုးကွယ်လျှင် သေလွန်ပြီးနောက် ကောင်းကင်ဘုံမှနေ၍ ကယ်တင်မည်ဟု အချို့ဘာသာတရားများက သင်ပြကြ၏။ ၂၀၀၅ ခုနှစ် မိုးတွင်းက ပါကစ္စတန် နိုင်ငံ၌ မြေငလျင်လှုပ်ပြီး လူအများအပြားသေကြရ၏။ သက်ရှိ သက်မဲ့ အားလုံးကို ဖန်ဆင်းနိုင်လောက်အောင် တန်ခိုးကြီးမားပါလျက် မြေငလျင် မဖြစ်ပေါ်ရအောင် ဖန်ဆင်းရှင် တန်ခိုးရှင်များက အဘယ့်ကြောင့် မတားမြစ် နိုင်ကြပါသနည်း။

မြေငလျင်တို့ မတားမြစ်နိုင်သော်လည်း မြေငလျင်လှုပ်မည့်ဒေသ၌ နေထိုင်ကြသောလူတို့ကို ''မြေငလျင်လှုပ်လိမ့်မည်၊ ဤဒေသမှ ခဏရှောင် နေကြပါ'' ဟု အဘယ့်ကြောင့် ကြိုတင်၍ အသိမပေးပါသနည်း၊ ဤသို့ အသက်နှင့်ပတ်သက်နေသော ကိစ္စမျိုးမှာပင် အသက်အန္တရာယ်မဖြစ်ရအောင် မကာကွယ်နိုင်ဘဲ သေပြီးနောက်မှ ကယ်တင်မည်ဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စရပ်သာဖြစ်သည်ဟု ဖန်ဆင်းရှင်ကို ယုံကြည်သူများအတွက် စဉ်းစား ဖွယ်ရာဖြစ်လာသည်ကို တွေ့ရ၏။ ဇလဗေဒပညာရှင်များက ရာသီဥတုကို တိုင်းတာ၍ လူတို့ကို ကြိုတင်အသိပေးနိုင်ပါလျက် ဖန်ဆင်းရှင်၊ ကယ်တင် ရှင်ကြီးများက အဘယ်ကြောင့် ကြိုတင်အသိမပေးနိုင်ပါသလဲ၊ စဉ်းစားဖို့ ဝေဖန်ဖို့ပါ။

မြတ်ဗုဒ္ဓတရားတော်အရ အဖြေရှာလျှင် အလွယ်လေးပင်ဖြစ်၏။ မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက် ကွဲခြင်း စသည်တို့ကြောင့် လူအများအပြား သေရခြင်းသည် ကမ္မနိယာမ တရားသာဖြစ်၏။ ထိုဒေသ၌နေထိုင်ကြသော လူတို့၏ အမြင်မှား အသိမှား မှုကို အခြေခံ၍ လူသားတို့ပြုလုပ်ခဲ့ကြသော မကောင်းမှုဒုစရိုက်တရားများက ထိုလူသားတို့အား မကောင်းကျိုးများကို ပြန်လည်ပေးခြင်းပင်ဖြစ်၏။ မိမိပြုလုပ် သော ကံတရားက မိမိအား ဤသို့အကျိုးပေးခြင်းကို ပါဠိဘာသာဖြင့်

http://www.dhammadownload.com

''**ကမ္မဝိဝဋ္ဋ**'' ခေါ်၏။ မြန်မာဘာသာဖြင့် မိမိပြုလုပ်သောကံက မိမိအား ပြန်လည်အကျိုးပေးခြင်းခေါ်၏။ ခေတ်စကားအရ မိမိပြုလုပ်သော ကံတရား၏ တန်ပြန်အကျိုးသက်ရောက်မှုဟုလည်းကောင်း၊ ကိုယ်ပြုသည့် ကံ ကိုယ့်ဆီပြန်သည်လည်းကောင်း ပြောဆိုသုံးစွဲကြ၏။ လူသားတိုင်းမှာ ''**ကိုယ်လုပ်တဲ့ကံ ကိုယ့်ဆီပြန်သည်**'' ဟူသော ဤအယူအဆတစ်ခုကို အမှန်တရားအဖြစ် လက်ခံသွားရုံဖြင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာနေမည်ဖြစ်၏။

မြတ်ဗုဒ္ဓသည် ကိလေသာအပူဓာတ်ကို ပပျောက်စေတော်မူပြီး မေတ္တာအအေးဓာတ်များ လောကထဲ၌ ဖြစ်ထွန်းစေရန် တစ်နည်းပြောရလျှင် လောကသားများ ကြီးပွားတိုးတက်ပြီး ငြိမ်းချမ်းသာယာမှုများ ဖြစ်ထွန်းစေရန် လောက၌ ပွင့်ထွန်းတော်မူလာခဲ့၏။ သို့သော်လည်း မြတ်ဗုဒ္ဓမပွင့်မီကပင် လူ့လောက၌ မမှန်မကန်သော ဝါဒဆိုးများကို ပူရဏကဿပ စသော တိတ္ထိဆရာကြီးခြောက်ဦးတို့က ကြိုတင်ဟောပြောထားသဖြင့် မိစ္ဆာဝါဒများ လွှမ်းမိုးနေပြီဖြစ်၏။ လုပ်ချင်တာကိုလုပ် ဘာအကျိုးအပြစ်မျှမရှိဟူသော အလွယ်လမ်းသို့ လိုက်မိနေသူများအား သီလ သမာဓိ ပညာဟူသော ခက်ခက်ခဲခဲ ကျင့်သုံးရမည့် မြတ်ဗုဒ္ဓလမ်းစဉ်များကို ချပြတော်မူသောအခါ စိတ်မဝင်စားသူ အရေအတွက် ပိုများလှ၏။

မှန်လှ၏။ လူသားတို့သည် အိုးအိမ်တည်ထောင်၍ နေထိုင်ကြသဖြင့် မိသားစု စားဝတ်နေရေးကိစ္စကိုသာ အာရုံစိုက်နေကြ၏။ စားဝတ်နေရေး အဆင်ပြေနေစဉ် အာရုံခံစားလျက် မိသားစု ပျော်ရွှင်နေကြ၏။ သီလ သမာဓိ ပညာဆိုသည်ကို လူသားတို့ နားပင်မလည်ကြပေ။ လွယ်လွယ်ကြိုက်သူတို့အား အလွယ်လမ်းကိုပြ၍ စည်းရုံးသူတို့မှာ စည်းရုံးရေးအောင်မြင်နေမည်ဖြစ်၏။ သို့သော် ကမ္ဘာကြီးတွင် ဘယ်နေရာ၌ ဘယ်ပုဂ္ဂိုလ်များ ပို၍ဒုက္ခရောက်နေကြသနည်းဟု ကြည့်တတ်သူများ မြင်ကြ၏။

http://www.dhammadownload.com

မဂ္ဂင်တရားကိုယ်ကောက်ရန်။ သမ္မာဒိဋ္ဌိစသည်တို့၌ သမ္မာသဒ္ဒါသည် အကောင်းဟူသောအနက်ကိုဟော၏။ အကောင်းဟူသည်မှာလည်း မဖောက်မပြန် လမ်းမှန်ကျမှုပင်ဖြစ်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိ စသည်တို့၏ တရားကိုယ်ကို သောဘနစိတ်၌ ယှဉ်သင့်သည့် အားလျော်စွာ ယှဉ်ကြသော ပညာ စသည်တို့ကိုသာ ကောက်ရမည်။

မိစ္ဆာဒိဋ္ဌိ စသည်တို့၌ပါရှိသော မိစ္ဆာသဒ္ဒါသည် မှားယွင်းဖောက်ပြန်ခြင်းဟူသော အနက်ကိုဟော၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ စသည်တို့၏ တရားကိုယ်ကို အကုသိုလ်စိတ်၌ ယှဉ်သင့်သည်အားလျော်စွာ ယှဉ်သော ဒိဋ္ဌိစေတသိက်တို့ကို ကောက်ရမည်။ အဟိတ်စိတ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် တို့၌ မဂ္ဂင်တရားကိုယ် မကောက်ရ။

မဂ္ဂင်တရားကိုယ် ၉ ပါး

မဂ္ဂင်သည် တရားကိုယ်အားဖြင့် ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ကေဂ္ဂတာ၊ ဒိဋ္ဌိဟု ၉ ပါးသာ ရှိ၏။

မဂ္ဂင်တရားကိုယ်ကောက်ပုံ

၁။ တိဟိတ်စိတ် ၄၇ ပါး၌ယှဉ်သော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ ကာမာဝစရသောဘနစိတ် ၂၄ ပါး၊ ပထမဈာန်စိတ် ၁၁ ပါး၊ ပေါင်း ၃၅ ပါးသောစိတ်၌ယှဉ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

http://www.dhammadownload.com

၃။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးသော စိတ်၌ယှဉ်သော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာမဂင်မည်၏။

၄။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးစသော စိတ်၌ယှဉ်သော သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂင်မည်၏။

၅။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးသောစိတ်၌ယှဉ်သော သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂင်မည်၏။

၆။ သောဘနစိတ် တစ်ခုယုတ် ခြောက်ဆယ် (ငါးဆယ့်ကိုးပါး)၌ ယှဉ်သော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂင်မည်၏။

၇။ သောဘနစိတ် တစ်ခုယုတ်ခြောက်ဆယ်၌ယှဉ်သော သတိ စေတသိက်သည် သမ္မာသတိမဂင်မည်၏။

၈။ သောဘနစိတ်တစ်ခုယုတ်ခြောက်ဆယ်၌ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် သမ္မာသမာဓိမဂင်မည်၏။

၉။ ဒိဋ္ဌဂတသမ္မယုတ် ၄ ပါး၌ယှဉ်သော ဒိဋ္ဌစေတသိက်သည် မိစ္ဆာဒိဋ္ဌိမဂင်မည်၏။

၁၀။ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပမဂင်မည်၏။

၁၁။ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမ မဂင်မည်၏။

http://www.dhammadownload.com

၁၂။ ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြွဉ်သော အကုသိုလ်စိတ် ၁၁ ပါးဌ် ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် မိစ္ဆာသမာဓိမဂ္ဂင် မည်၏။

ကွန်ဒြေ

မိမိဆိုင်ရာကိစ္စဌ် အလွန်အစိုးရသော မိမိနှင့်သက်ဆိုင်သော တရား များကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သောတရားများကို ''ကွန်ဒြေ'' ဟု ခေါ်၏။

ကွန်ဒြေ ၂၂ ပါး

၁။ စက္ခုန္ဒြေ
၂။ သောတိန္ဒြေ
၃။ ဃာနိန္ဒြေ
၄။ ဇိဝှိန္ဒြေ
၅။ ကာယိန္ဒြေ
၆။ ကွတ္ထိန္ဒြေ
၇။ ပုရိသိန္ဒြေ
၈။ ဇိဝိတိန္ဒြေ
၉။ မနိန္ဒြေ
၁၀။ သုခိန္ဒြေ
၁၁။ ဒုက္ခိန္ဒြေ
၁၂။ သောမနဿိန္ဒြေ
၁၃။ ဒေါမနဿိန္ဒြေ
၁၄။ ဥပေက္ခိန္ဒြေ
၁၅။ သဒ္ဓိန္ဒြေ
၁၆။ ဝီရိယိန္ဒြေ
၁၇။ သတိန္ဒြေ
၁၈။ သမာဓိန္ဒြေ
၁၉။ ပညိန္ဒြေ
၂၀။ အနညာတညဿာမီတိန္ဒြေ
၂၁။ အညိန္ဒြေ
၂၂။ အညာတာဝိန္ဒြေ

http://www.dhammadownload.com

ကာန္ဒြေ ၂၂ ပါးအဓိပ္ပာယ်

စက္ခုန္ဒြေ = မြင်မှုဥာဏ်အစိုးရမှု

သောတိန္ဒြေ = ကြားမှုဥာဏ်အစိုးရမှု

ဃာနိန္ဒြေ = အနံ့ရခြင်းကိစ္စဥာဏ်အစိုးရမှု

ဇိဝှိန္ဒြေ = အရသာယူခြင်းကိစ္စဥာဏ်အစိုးရမှု

ကာယိန္ဒြေ = အတွေ့အထိကိစ္စဥာဏ်အစိုးရမှု

ဣတ္ထိန္ဒြေ = အမဖြစ်ရန်ကိစ္စဥာဏ်အစိုးရမှု

ပုရိသိန္ဒြေ = အဖိုဖြစ်ရန်ကိစ္စဥာဏ်အစိုးရမှု

ဇီဝိတိန္ဒြေ = အတူတကွဖြစ်ဖက်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်ခြင်းကိစ္စဥာဏ်အစိုးရမှု

မနိန္ဒြေ = အာရုံကိုသိမှုကိစ္စဥာဏ်အစိုးရမှု

သုခိန္ဒြေ = အလိုရှိအပ်သော ဖောဋ္ဌဗ္ဗာရုံ၏အရသာကိုခံစားမှုကိစ္စဥာဏ်အစိုးရမှု

ဒုက္ခိန္ဒြေ = အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံ၏အရသာကိုခံစားမှုကိစ္စဥာဏ်အစိုးရမှု

သောမနဿိန္ဒြေ = ဖောဋ္ဌဗ္ဗာရုံမှကြွင်းသော အလိုရှိအပ်သောအာရုံငါးပါး၏အရသာကိုခံစားမှုကိစ္စဥာဏ်အစိုးရမှု

ဒေါမနဿိန္ဒြေ = ဖောဋ္ဌဗ္ဗာရုံမှကြွင်းသော အလိုမရှိအပ်သောအာရုံငါးပါး၏အရသာကိုခံစားမှုကိစ္စဥာဏ်အစိုးရမှု

ဥပေက္ခိန္ဒြေ = အလယ်အလတ်ဖြစ်သော ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားမှုကိစ္စဥာဏ်အစိုးရမှု

http://www.dhammadownload.com

သဒ္ဓိန္ဒြေ = ဘုရားစသော ကောင်းသောအာရုံ၌ ယုဉ်ဘက်တရားတို့ကို ကြည်လင်စေမှု၌အစိုးရမှု

ဝီရိယိန္ဒြေ = အားထုတ်မှု၌အစိုးရမှု

သတိန္ဒြေ = ကုသိုလ်ဆိုင်ရာကိုအောက်မေ့မှု၌အစိုးရမှု

သမာဓိန္ဒြေ = တစ်ခုသောအာရုံကိုအောက်မေ့စေမှု၌အစိုးရမှု

ပညိန္ဒြေ = ပကတိအတိုင်းရှိနေသောသဘာဝတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရမှု

အနညာတညဿာမီတိန္ဒြေ = ရှည်လျားသောသံသရာ၌ မသိအပ်ဖူးသော သစ္စာ ၄ ပါးကို သိအောင်အားထုတ်ရာ၌ အစိုးရမှု

အညိန္ဒြေ = သောတာပတ္တိမဂ်ဉာဏ်ဖြင့် မြင်အပ်သော အပိုင်းအခြားကို မကျော်လွန်ဘဲသိမှု၌ အစိုးရမှု

အညာတာဝိန္ဒြေ = သစ္စာ ၄ ပါးကို ထိုးထွင်းသိပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သိမှုကိစ္စ၌ အစိုးရမှု။

တရားကိုယ်ကောက်ပုံ

၁။ စက္ခုပသာဒသည် စက္ခုန္ဒြေ မည်၏။

၂။ သောတပသာဒသည် သောတိန္ဒြေမည်၏။

၃။ ဃာနပသာဒသည် ဃာနိန္ဒြေမည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှိန္ဒြေမည်၏။

၅။ ကာယပသာဒသည် ကာယိန္ဒြေမည်၏။

၆။ ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေမည်၏။

၇။ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေမည်၏။

http://www.dhammadownload.com

၈။ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေမည်၏။

၉။ စိတ်တစ်ခု ယုတ် ၉၀ သည် မနိန္ဒြေမည်၏။

၁၀။ သုခသဟဂုတ်ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာစေတသိက်သည် သုခိန္ဒြေမည်၏။

၁၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေမည်၏။

၁၂။ သောမနဿသဟဂုတ်စိတ် ၆၂ ခု၌ ယှဉ်သော ဝေဒနာ စေတသိက်သည် သောမနဿိန္ဒြေမည်၏။

၁၃။ ဒေါသမူစိတ်နှစ်ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။

၁၄။ ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေမည်၏။

၁၅။ သောဘနစိတ်တစ်ခု ယုတ် ၆၀ ၌ယှဉ်သော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။

၁၆။ ဒွေးပဉ္စဝိညတ် ၁၀၊ မနောဓာတ် ၃ ပါး၊ သန္တီရဏစိတ် ၃ ပါး ကြဉ်သော စိတ် ၎၃ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

၁၇။ သောဘနစိတ်တစ်ခု ယုတ် ၆၀ ၌ယှဉ်သော သတိစေတသိက်သည် သတိန္ဒြေမည်၏။

၁၈။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ပါး၊ သန္တီရဏ ၃ ပါးကြဉ်စိတ် ၎၂ ပါး၌ယှဉ်သော ကေဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။

http://www.dhammadownload.com

၁၉။ တိဟိတ်စိတ် ၄၇ ပါးၟ်ယှဉ်သော ပညာစေတသိက်သည် ပညာန္ဒြေမည်၏။

၂၀။ သောတပတ္တိမဂ်စိတ်ၟ်ယှဉ်သော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေမည်၏။

၂၁။ အထက်မဂ် ၃ ပါး၊ အောဂ်ဖိုလ် ၃ ပါးၟ်ယှဉ်သော ပညာစေတသိက်သည် အညိန္ဒြေမည်၏။

၂၂။ အရဟတ္တဖိုလ်စိတ်ၟ်ယှဉ်သော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်၏။

ကုန္ဒြေတရားကိုယ် ၁၆ ပါး

၁။	ပသာဒရုပ်	၅	ပါး
၂။	ဘာဝရုပ်	၂	ပါး
၃။	ဇီဝိတရုပ်	၁	ပါး
၄။	ဇီဝိတစေတသိက်	၁	ပါး
၅။	စိတ်	၁	ပါး
၆။	ဝေဒနာစေတသိက်	၁	ပါး
၇။	သဒ္ဓါစေတသိက်	၁	ပါး
၈။	ဝီရိယစေတသိက်	၁	ပါး
၉။	သတိစေတသိက်	၁	ပါး
၁၀။	ကေဂ္ဂတာစေတသိက်	၁	ပါး
၁၁။	ပညာစေတသိက်	၁	ပါး
	ပေါင်း	**၁၆**	**ပါး**

http://www.dhammadownload.com

ကွန်ဒြေ ၂၂ ပါးကို ရုပ်နာမ်ကွန်ဒြေခွဲပုံ

ရုပ်ကွန်ဒြေ ၇ ပါး

၁။ စက္ခုဒြေ
၂။ သောတိဒြေ
၃။ ဃာနိဒြေ
၄။ ဇိဝှါတိဒြေ
၅။ ကာယိဒြေ
၆။ ဣတ္ထိဒြေ
၇။ ပုရိသိဒြေ

နာမ်ကွန်ဒြေ ၁၄ ပါး

၁။ မနိဒြေ
၂။ သုခိဒြေ
၃။ ဒုက္ခိဒြေ
၄။ သောမနဿိဒြေ
၅။ ဒေါမနဿိဒြေ
၆။ ဥပေက္ခိဒြေ
၇။ သဒ္ဓိဒြေ
၈။ ဝီရိယိဒြေ
၉။ သတိဒြေ
၁၀။ သမာဓိဒြေ
၁၁။ ပညိဒြေ
၁၂။ အနညာတညဿာမီတိဒြေ
၁၃။ အညိဒြေ
၁၄။ အညတာဝိဒြေ

နာမ်ရုပ် ၂ ပါး ပါဝင်သော ကွန်ဒြေ ၁ ပါး

၁။ ဇီဝိတိဒြေ

ပုထုဇဉ်သန္တာန်၌ဖြစ်နိုင်သော ကွန်ဒြေ ၁၉ ပါး

အနညာတညဿာမီတိဒြေ၊ အညိဒြေ၊ အညာတာဝိဒြေတို့ကို ကြဉ်၊ ကြွင်းသော ကွန်ဒြေ ၁၉ ပါး။

မှတ်ချက်။ ယောက်ျားသန္တာန်၌ ရနိုင်သော ကွန်ဒြေမှာ ကွတ္ထိဒြေကိုကြဉ်၊ ကြွင်းသောကွန်ဒြေ ၂၁ ပါးဖြစ်၍ မိန်းမသန္တာန်၌ရနိုင်သော

http://www.dhammadownload.com

ကာမဇောဇာတိ ကိုကြည့် ကြွင်းသောကာမဇောဇာတိ ၂၁ ပါးဖြစ်၏။ ပုထုဇဉ် ယောကျ်ားသန္တာန်၌ ရနိုင်သော သန္တာန်မှာ ကာမတ္ထိဇောဇာတိ၊ အနုညတည ဿာမီတိဇောဇာတိ၊ အညိဇောဇာတိ၊ အညာတာဝိဇောဇာတိ ၄ ပါးကြည့် ကြွင်းသော ကာမဇောဇာတိ ၁၈ ပါးဖြစ်၏။

အရိယာသန္တာန်၌သာရနိုင်သောကာမဇောဇာတိ

အနုညတညဿာမီတိဇောဇာတိ၊ အညိဇောဇာတိ၊ အညာတာဝိဇောဇာတိ။

သေက္ခပုဂ္ဂိုလ်သန္တာန်၌သာဖြစ်နိုင်သောကာမဇောဇာတိ

အနုညတညဿမီတိဇောဇာတိ၊ အညိဇောဇာတိ။

ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်သော ကာမဇောဇာတိ

အညာတာဝိဇောဇာတိ။

လူ့ခန္ဓာကိုယ်ကို ကာမဇောဇာဖြင့် လေ့လာခြင်း

လောကဝ်၌ လူ့ခန္ဓာကိုယ်ကို ယောကျ်ားကောင်၊ မိန်းမကောင်ဟု မြင်ကြခေါ်ဝေါ်ကြ၏။ နာမ်ရုပ်တရားများ၏ ဖြစ်ပျက်အစဉ်ကို မတွေ့မြင်နိုင်ကြပေ။ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာအမြင်၊ ပရမတ္ထဓမ္မအမြင်ဖြင့် ကြည့်ရှုတတ်သူများအနေဖြင့် ကြည့်သောအခါ ယောကျ်ားကောင်၊ မိန်းမကောင်အဖြစ် မမြင်တော့ဘဲ နာမ်ရုပ်ပရမတ္ထတရားများ စုပုံနေသော ''**ဓမ္မပုဉ္ဇ**'' တရားအစုအပုံအဖြစ်လည်းကောင်း၊ နာမ်ရုပ်တရားများ အဟောင်းပျက် အသစ်ဖြစ်လျက် ထာဝစဉ်ပြောင်းလဲနေသော ''**ဓမ္မသန္တတိ**'' နာမ်ရုပ်တရားဖြစ်ပျက်အစဉ် အဖြစ်လည်းကောင်း ရှုမြင်လေ့ရှိကြ၏။ ယောကျ်ားကောင်၊ မိန်းမကောင်အဖြစ် မြင်သောအမြင်ကို မြတ်ဗုဒ္ဓက ''မိစ္ဆာဒိဋ္ဌိ အသိမှား

http://www.dhammadownload.com

အမြင်မှား'' ဟု သတ်မှတ်တော်မူခဲ့၏။ တရားအစုအပုံအမြင်၊ နာမ်ရုပ်တရားများ ဖြစ်ပျက်အစဉ်ဟုမြင်သောအမြင်ကို သမ္မာဒိဋ္ဌိ အမြင်မှန် အသိမှန်ဟု သတ်မှတ်တော်မူခဲ့၏။

ဤနေရာ၌ ကွန်ဒေအကြောင်းကို သင်ပြနေခြင်းကြောင့် လူကို ဓမ္မအမြင်ဖြင့် ပြည့်ပြည့်စုံစုံ မလေ့လာဘဲ ကွန်ဒေအမြင်ဖြင့်သာ လေ့လာကြည့်သင့်၏။ လူဆိုရာ၌လည်း ပုထုဇဉ်လူသားကိုသာ လေ့လာသုံးသပ်မည်ဖြစ်၏။ စာရှုသူသည် မိမိခန္ဓာကိုယ်အပေါ်၌ အာရုံစူးစိုက်ထားပါ၊ ပုထုဇဉ်မိန်းမသန္တာန်၌ဖြစ်စေ၊ ယောကျ်ားသန္တာန်၌ဖြစ်စေ ကွန်ဒေ (၁၈) ပါးဖြစ်သည်ဟု အထက်က မိန့်ဆိုခဲ့၏။ လူမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ရှိ၏။ မျက်နှက်ဝန်းအလယ်၌ရှိနေသော အကြည်ရုပ်မှာ ရူပါရုံထိခိုက်လာသောအခါ မြင်သိစိတ်ဖြစ်လာ၏။ ထိုသို့ ရူပါရုံကိုမြင်ခြင်းသည် မျက်စိအကြည်ရုပ်ရှိနေခြင်းကြောင့်သာ ဖြစ်၏။ စက္ခုပသာဒအကြည်ရုပ်မရှိလျှင် မြင်မှုကိစ္စမဖြစ်နိုင်ပေ။ ထို့ကြောင့် မြင်ခြင်းကိစ္စမှာ စက္ခုပသာဒရုပ်က အစိုးရ၏။

ကြားမှုကိစ္စမှာ သောတပသာဒရုပ်က အစိုးရ၏။ အနံ့ယူမှုကိစ္စမှာ ဃာနပသာဒရုပ်ကအစိုးရ၏။ အရသာကိုယူမှုကိစ္စမှာ ဇိဝှါပသာဒရုပ်က အစိုးရ၏။ အတွေ့အထိကိစ္စမှာ ကာယပသာဒရုပ်က အစိုးရ၏။

ယောကျ်ားပုံသဏ္ဌာန်ဖြစ်ပေါ်မှုကိစ္စ၌ ပုရိသဘာဝရုပ်က အစိုးရ၏။ မိန်းမပုံသဏ္ဌာန်ဖြစ်ပေါ်မှုကိစ္စ၌ ကွတ္ထိဘာဝရုပ်က အစိုးရ၏။ ထို့ကြောင့် ယင်းစက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ကွတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်တို့သည် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ကွတ္ထိန္ဒြေ၊ ပုရိသိန္ဒြေဟု ကွန္ဒြိယ (ကွန်ဒေ) အမည်ကို အသီးအသီးရရှိကြ၏။ ကွန္ဒြိယသဒ္ဒါက အစိုးရခြင်း (ပြဋ္ဌာန်းခြင်း၊ ဦးဆောင်ခြင်း) အနက်ကို ဟော၏။ ဤကွန်ဒေ (၇) ပါးသည် ရုပ်ကွန်ဒေများဖြစ်ကြ၏။

http://www.dhammadownload.com

လူ့ခန္ဓာကိုယ်မှာ ကြွေးနွေးထိုက်သောတရားများကို ဆက်လက်ရှာဖွေသောအခါ ဇီဝိတိန္ဒြေကို တွေ့ရ၏။ ထိုဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ နှစ်မျိုးကွဲပြား၏။ ရုပ်၏အသက်ကို ရုပ်ဇီဝိတခေါ်၏။ နာမ်၏အသက်ကို နာမ်ဇီဝိတခေါ်၏။ ရုပ်ပိုင်း၌ပြခဲ့သည့်အတိုင်း စက္ခုပသာဒ၊ သောတပသာဒ စသည်တို့သည် တစ်ခုတည်းဖြစ်သည်မဟုတ်၊ အခြားရုပ် (၉) မျိုးနှင့် အတူတကွ ပေါင်းစပ်ဖွဲ့စည်းလျက် စက္ခုဒသက ကလာပ်စည်း၊ သောတဒသက ကလာပ်စည်း စသည်ဖြင့် ဖြစ်ကြ၏။ ကလာပ်စည်းတိုင်း၌ ရုပ်သက်ခေါ်သော ရုပ်ဇီဝိတပါရှိ၏။

လူအသက်ရှင်နေစဉ် လူ့ခန္ဓာကိုယ်၌ မျက်စိလည်း အလုပ်လုပ်နေ၏။ နားလည်း အလုပ်လုပ်နေ၏။ နှာခေါင်းလည်း အလုပ်လုပ်နေ၏။ လျှာလည်း အလုပ်လုပ်နေ၏။ ကိုယ်လည်း အလုပ်လုပ်နေ၏။ လူသေသောအခါ အသက်မရှိတော့သဖြင့် မျက်စိလည်း အလုပ်မလုပ်နိုင်တော့ပါ။ နားလည်း အလုပ်မလုပ်နိုင်တော့ပါ။ နှာခေါင်း စသည်တို့လည်း မလုပ်မလုပ်နိုင်တော့ပါ။ ထို့ကြောင့် ရုပ်သက်ခေါ်သော ဇီဝိတရုပ်သည် လူအသက်ရှင်နေစဉ် လူ့ခန္ဓာကိုယ်၌ရှိနေသော ဇီဝိတရုပ်သည် လူအသက်ရှင်နေစဉ် လူ့ခန္ဓာကိုယ်၌ရှိနေကြသော ရုပ်တရားများအပေါ်၌ အစိုးရ၏၊ ပြဋ္ဌာန်း၏၊ ဦးဆောင်နေ၏ဟု သိသာထင်ရှားလှ၏။ ထိုသို့အစိုးရခြင်းကြောင့် ဇီဝိတရုပ်ကို ''ဇီဝိတိန္ဒြေ'' ဟု ခေါ်ရ၏။

တစ်ဖန် လူ၏နာမ်ခန္ဓာကိုယ်အပိုင်းကို လေ့လာသောအခါ လူ၏စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်နေကြသော စေတသိက် ၅၂ ပါးကို တွေ့ရ၏။ ယင်း ၅၂ ပါးတွင် ဇီဝိတစေတသိက်တစ်လုံး ပါရှိ၏။ ယင်း ဇီဝိတစေတသိက်သည် လူ့သန္တာန်၌ စိတ်ဖြစ်တိုင်း အမြဲပါရှိ၏။ ယင်းဇီဝိတစေတသိက်သည် စိတ်၊ စေတသိက်ဟူသော နာမ်တရားများကို စောင့်ရှောက်လျက် ပါရှိ၏။ ကြာပင်သည် ရေကန်ထဲ၌ ပေါက်ရောက်နေစဉ် ရေသည် ကြာပင်များကို စောင့်ရှောက်နေသကဲ့သို့ပင်ဖြစ်၏။

http://www.dhammadownload.com

လူ့ခန္ဓာကိုယ်၌ နာမ်ကွန်ဒြေ ၁၄ ပါးရှိသည်ဟု ဆိုခဲ့၏။ လူသည် စိတ်ရှိနေခြင်းကြောင့် အာရုံကိုသိနေခြင်းဖြစ်၏။ စိတ်ချုပ်သွားသောအခါ အာရုံကိုမသိနိုင်တော့ပါ။ အာရုံကိုသိမှုကိစ္စ၌ စိတ်က အစိုးရခြင်းကြောင့် ကွန်ဒြေအမည်ရပြီး ''မနိန္ဒြေ'' ခေါ်၏။ ထို့ပြင် လူသည် ပတ်ဝန်းကျင် အာရုံများနှင့် တွေ့ကြုံရသောအခါ ကောင်းတာဆိုးတာကို ခံစားတတ်၏။ အာရုံခံစားမှုကို မြတ်ဗုဒ္ဓက ငါးမျိုးခွဲပြတော်မူခဲ့၏။ ယင်းငါးမျိုးကို အထက်က ဖော်ပြခဲ့ပြီဖြစ်၏။

ခန္ဓာကိုယ်မှာ နူးညံ့ပျော့အိအိ အတွေ့အထိများ တွေ့ထိလာသောအခါ ယင်းအတွေ့အထိကို ခံစားမှုကို သုခဝေဒနာခေါ်၏။ ထိခိုက်ခြင်း၊ သံစူးခြင်းစသော မကောင်းသော အတွေ့အထိကို ခံစားမှုကို ဒုက္ခဝေဒနာခေါ်၏။ ချီးမွမ်းသံ၊ သာယာဖွယ်သော သီချင်းဆိုသံစသော ကောင်းသောအသံကို ကြားရ၊ တွေ့ကြုံရသောအခါ ပျော်ရွှင်ဝမ်းမြောက်စွာ ခံစားမှုဖြစ်လာ၏။ ယင်းခံစားမှုကို သောမနဿဝေဒနာခေါ်၏။ ကဲ့ရဲ့သံ၊ ဆဲဆိုသံ စသော မကောင်းသောအာရုံကို တွေ့ရသောအခါ စိတ်ဆင်းရဲမှုဖြစ်လာ၏။ ယင်းခံစားချက်ကို ဒေါမနဿဝေဒနာခေါ်၏။ အချို့အာရုံနှင့် တွေ့ကြုံရသောအခါ ဝမ်းနည်းမှု၊ ဝမ်းသာမှုမဖြစ်ဘဲ တည့်မတ်တည်ငြိမ်စွာ နေထိုင်လေ့ရှိ၏။ ဥပမာ–မိမိနှင့် မသက်ဆိုင်သူတစ်ဦး သေဆုံးသောအခါ ဝမ်းနည်းမှု ဝမ်းသာမှု မဖြစ်ဘဲ တည်တည်ငြိမ်ငြိမ်နေထိုင်လေ့ရှိ၏။ ယင်းခံစားမှုကို ဥပေက္ခာဝေဒနာခေါ်၏။ ထိုသို့ သက်ဆိုင်ရာ အာရုံများကို ခံစားရာ၌ ဝေဒနာက အစိုးရ၏၊ ပြဋ္ဌာန်း၏၊ ထို့ကြောင့် ထိုဝေဒနာကို သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနုဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ခေါ်၏။

တစ်ဖန် လူ၏ ယုံကြည်မှုကို သဒ္ဓါခေါ်၏။ ထိုယုံကြည်မှု ကိစ္စ၌ သဒ္ဓါက အစိုးရ၏၊ ကြိုးစားအားထုတ်မှုကို ဝီရိယခေါ်၏၊ ထိုကြိုးစားမှုကိစ္စ၌ ဝီရိယက အစိုးရ၏၊ ကုသိုလ်ဆိုင်ရာ၌ အောက်မေ့အမှတ်ရမှုကို သတိခေါ်၏၊ ထိုအောက်မေ့မှု၌ သတိက အစိုးရ၏၊ တစ်ခုတည်းသော အာရုံအပေါ်၌

http://www.dhammadownload.com

စိတ်ကိုတည်ငြိမ်စွာ ထားရှိနိုင်မှုကို သမာဓိခေါ်၏။ ထိုသို့ အာရုံတစ်ခုအပေါ်၌ စိတ်ကို တည်ငြိမ်စွာ ထားရှိနိုင်မှု၌ သမာဓိက အစိုးရ၏။ ပတ်ဝန်းကျင်၌ တွေ့ကြုံရသမျှ အာရုံများအပေါ် နာမ်ရုပ်တရားအဖြစ်လည်းကောင်း၊ ယင်း နာမ်ရုပ်တရားများ၏ ပကတိသဘောဖြစ်သော မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အတ္တမဟုတ်သော အနတ္တသဘောတို့ကိုလည်းကောင်း၊ မြင်သိမှုကို ပညာခေါ်၏။ ထိုသို့ မြင်သိမှုကိစ္စ၌ ပညာက အစိုးရ၏။ ထိုသို့ မိမိတို့ သက်ဆိုင်ရာ ကိစ္စများ၌ အစိုးရခြင်း၊ ပြဋ္ဌာန်းခြင်းကြောင့် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ခေါ်၏။

လူခန္ဓာကိုယ်သည် စက်ရုံကြီးတစ်ရုံနှင့် အလားတူ၏။ စက်ရုံကြီးတစ်ရုံ၌ စက်ရုံဝန်ထမ်းများသူ့အလုပ်ကို သူလုပ်ကိုင်နေကြသကဲ့သို့ လူခန္ဓာကိုယ်၌လည်း စက္ခုန္ဒြေ (မျက်စိ)၊ သောတိန္ဒြေ (နား) စသော သဘာဝတရားများ မိမိကိစ္စကို မိမိတို့ အသီးအသီးဆောင်ရွက်နေကြ၏။ ဤသို့ သဘာဝတရားများ မိမိကိစ္စကို မိမိအသီးသီးဆောင်ရွက်နေကြပုံကို မြင်အောင်ကြည့်ရှု့တတ်လျှင် လူကောင်၊ ယောကျ်ားကောင်၊ မိန်းမကောင်အမြင်များ ပပျောက်ကာ သဘာဝနာမ်ရုပ်တရားများ အစုအပုံအဖြစ်လည်းကောင်း၊ နာမ်ရုပ်တရားများဖြစ်ပျက်အစဉ်အဖြစ်လည်းကောင်း တွေ့မြင်လာပါလိမ့်မည်။

ဗိုလ်

ဆိုင်ရာကိစ္စများ၌ ဆန့်ကျင်ဘက်တရားများကြောင့် ယိမ်းယိုင်လှုပ်ရှားမှုမရှိဘဲ ခိုင်မြဲသော သဒ္ဓါစသော တရားများကို ဗိုလ်ခေါ်၏။

လောကမှာ ဗိုလ်ဆိုသူများသည် မိမိတို့လုပ်ငန်းကိစ္စကို ပြုလုပ်ချ၌ ဆန့်ကျင်ဘက်ရန်သူများရှိနေကြသော်လည်း မယိမ်းမယိုင်ဘဲ ခိုင်မြဲစွာ မိမိကိစ္စကို ပြုလုပ်ကြသကဲ့သို့ပင်ဖြစ်၏။

ဤဗိုလ်တရားများသည် အောက်ပါအတိုင်း (၉) ပါးပြား၏။

http://www.dhammadownload.com

၁။ သဒ္ဓါဗိုလ်။ ၆။ ဟိရိဗိုလ်။
၂။ ဝီရိယဗိုလ်။ ၇။ သြတ္တပ္ပဗိုလ်။
၃။ သတိဗိုလ်။ ၈။ အဟိရိကဗိုလ်။
၄။ သမာဓိဗိုလ်။ ၉။ အနောတ္တပ္ပဗိုလ်။
၅။ ပညာဗိုလ်။

အဓိပ္ပါယ်

သဒ္ဓါဗိုလ် = ဘုရား၊ တရား၊ သံဃာ အစစ်အမှန်တရားများအပေါ်၌ မတုမလှုပ် ခိုင်မြဲစွာ ယုံကြည်မှု။

ဝီရိယဗိုလ် = ဆိုင်ရာလုပ်ငန်းကို ပြုလုပ်ရန် မကြောက်မရွံ့ ရဲရင့်စွာ ခိုင်မြဲသော ဇွဲလုံ့လဖြင့် အားထုတ်မှု။

သတိဗိုလ် = ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၏ ဂုဏ်တော်များနှင့် အခြားကုသိုလ်ဆိုင်ရာ ကိစ္စကို အောက်မေ့မှု။

သမာဓိဗိုလ် = အာရုံတစ်ခုတည်း၌ စိတ်ကို တည်တံ့အောင်ထားနိုင်မှု။

ပညာဗိုလ် = သခါရတရားများ၏ မမြဲခြင်း၊ အနိစ္စသဘော ဆင်းရဲခြင်း ဒုက္ခသဘော၊ ငါ, ငါ့ဥစ္စာမဟုတ်ခြင်း၊ အနတ္တသဘောစသော သဘာဝတရားများ၏ ပကတိသဘောမှန်ကို ထိုးထွင်းသိမြင်မှု။

ဟိရိဗိုလ် = မကောင်းမှုဒုစရိုက်ပြုလုပ်ရမှာကို ရှက်တတ်မှု။

သြတ္တပ္ပဗိုလ် = မကောင်းမှုဒုစရိုက်ပြုလုပ်ရမှာကို ကြောက်လန့်မှု။

အဟိရိကဗိုလ် = မကောင်းမှုဒုစရိုက်ပြုလုပ်ရမှာကို မရှက်တတ်မှု။

အနောတ္တပ္ပဗိုလ် = မကောင်းမှုဒုစရိုက်ပြုလုပ်ရမှာကို မကြောက်လန့်မှု။

မှတ်ချက်။ အဟိရိက၊ အနောတ္တပ္ပဗိုလ်နှစ်ပါးသည် အကုသိုလ်ဗိုလ်များဖြစ်၏။

http://www.dhammadownload.com

တရားကိုယ် ကောက်ပုံ

၁။ သောဘနစိတ်တစ်ခုယုတ်ခြောက်ဆယ်၌ ယှဉ်သော ဟိရီစေတသိက်သည် ဟိရီဗိုလ်မည်၏။

၂။ သောဘနစိတ်တစ်ခုယုတ်ခြောက်ဆယ်၌ ယှဉ်သော ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ်မည်၏။

၃။ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော အဟိရိကစေတသိတ်သည် အဟိရိကဗိုလ်မည်၏။

၄။ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ်မည်၏။

မှတ်ချက်။ ။ သဒ္ဓါဗိုလ်၊ သတိဗိုလ်တို့၏ တရားကိုယ် ကောက်ပုံသည် သဒ္ဓါန္ဒြေ၊ သတိန္ဒြေတို့နှင့် တူ၏။

ဝီရိယဗိုလ်သည် ဝီရိယန္ဒြေနှင့်တူ၏။ သမာဓိဗိုလ်သည် သမာဓိန္ဒြေနှင့်တူ၏။ ပညာဗိုလ်သည် ပညိန္ဒြေနှင့် တူ၏။

အဓိပတိ

မိမိနှင့်အတူတကွ ဖြစ်ဖက်တရားတို့ကို လွှမ်းမိုးအုပ်စိုး၍ အကြီးအကဲအရှင်သခင်လုပ်ကာ ယင်းအတူတကွ ဖြစ်ဖက်တရားများကို လုပ်ငန်းကိစ္စတိုင်း၌ မိမိအလိုက္ခ လိုက်ပါစေနိုင်သော တရာများကို အဓိပတိခေါ်၏။ ထိုအဓိပတိတရားသည် အောက်ပါအတိုင်း လေးမျိုးပြား၏။

၁။ ဆန္ဒာဓိပတိ။ ၃။ စိတ္တာဓိပတိ။

၂။ ဝီရိယာဓိပတိ။ ၄။ ဝီမံသာဓိပတိ။

http://www.dhammadownload.com

အဓိပ္ပါယ်

ဆန္ဒာဓိပတိ = မိမိဆောင်ရွက်နေသောအလုပ်အောင်မြင်စေရန် ဆန္ဒပြင်းပြမှု ကြီးမားခြင်း။

ဝီရိယာဓိပတိ = မိမိဆောင်ရွက်နေသောအလုပ်အောင်မြင်စေရန် အားထုတ်မှု ဝီရိယကြီးမားခြင်း။

စိတ္တာဓိပတိ = မိမိဆောင်ရွက်နေသောအလုပ်အောင်မြင်စေရန် စိတ်ဓာတ်မြင့်မြတ်ကြီးမားခြင်း။

ဝီမံသာဓိပတိ = မိမိဆောင်ရွက်နေသောအလုပ်နှင့် စပ်လျဉ်း၍ အဆိုးအကောင်း၊ အမှား အမှန်စသည်ကို ခွဲခြားသိမြင်မှု ပညာကြီးမားခြင်း။

တရားကိုယ် ကောက်ပုံ

၁။ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄ ပါး၌ ယှဉ်သော ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိမည်၏။

၂။ ဒွိဟိတ်ဇော ၁၈-ပါး၊ တိဟိတ်ဇော ၃၄-ပါး၌ ယှဉ်သော ဝီရိယစေတသိက်သည် ဝီရိယာဓိပတိမည်၏။

၃။ ဒွိဟိတ်ဇော ၁၈-ပါး၊ တိဟိတ်ဇော ၃၄-ပါးသည် ''စိတ္တာဓိပတိ'' မည်၏။

၄။ တိဟိတ်ဇော ၃၄-ပါး၌ ယှဉ်သော ပညာစေတသိက်သည် ဝီမံသာဓိပတိမည်၏။

အဓိပတိနှင့် ကုန္ဒြေထူးခြားပုံ

အဓိပတိနှင့် ကုန္ဒြေတို့၏ အစိုးရပုံ ထူးခြားပုံကို နားလည်ထားသင့်၏။

http://www.dhammadownload.com

အဓိပတိတို့၏ အစိုးရပုံသည် ပြည့်ရှင်မင်း၏ အစိုးရပုံနှင့်တူ၏။ နိုင်ငံတစ်နိုင်ငံ၌ ပြည့်ရှင်မင်းသည် တစ်ဦးတည်းသာ ရှိရ၏။ တိုင်းပြည့် အုပ်ချုပ်ရေးကိစ္စ၌ သူတစ်ပါးအလိုသို့မလိုက်ဘဲ နိုင်ငံ၏ အခြားအကြီး အကဲများဖြစ်သော ဝန်ကြီးမှူးမတ်များကသာ ပြည့်ရှင်မင်း၏ အလိုသို့ လိုက်ပါကြရ၏။ ထို့အတူ အဓိပတိတရားများလည်း မိမိနှင့်အတူတကွ ဖြစ်ဖက် တရားများတွင် တစ်ပါးတည်းသာ အဓိပတိတရားတပ်၏။ ထိုအဓိပတိတပ်သော တရား၏အလိုသို့သာ အခြားအတူတကွဖြစ်ဖက် တရားအားလုံးလိုက်ပါကြလျက် ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြရ၏။

ဣန္ဒြေ၏အစိုးရပုံသည် အခြားဝန်ကြီးမှူးမတ်များ၏ အစိုးရပုံနှင့် တူ၏။ နိုင်ငံတိုင်း၌ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ပညာရေး ဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးစသည်ဖြင့် ဝန်ကြီးဌာနအသီးအသီးရှိနေကြ၏။ ဝန်ကြီးဌာနတိုင်း၌ ဌာနဆိုင်ရာ ကိစ္စရပ်များကို စီမံဆောင်ရွက်ရာတွင် မိမိတို့ ဌာန၌ အကြီးအကဲဖြစ်သော ဝန်ကြီးက အစိုးရ၏ ဝန်ကြီး ဆန္ဒအတိုင်းသာ ဆောင်ရွက်ရ၏။ မဆိုင်သော အခြားဝန်ကြီးဌာနများက ဝန်ကြီးများဝင်ရောက် စွက်ဖက်ခွင့်မရှိပေ။ ဥပမာ။ ။ နိုင်ငံ၌ စစ်ရေးပေါ်ပေါက်လာလျှင် ကာကွယ် ရေးဝန်ကြီးကသာ အစိုးရ၏ ဝန်ကြီးကသာ စီမံဆောင်ရွက်ရ၏။ ကာကွယ် ရေးဝန်ကြီး၏ ဆောင်ရွက်ချက်ကို ပညာရေးဝန်ကြီးစသော အခြားဝန်ကြီး များက သဘောတူရ၏။

ထို့အတူ အတူတကွဖြစ်ဖက်တရားစုတွင် ဣန္ဒြေထိုက်သော တရား များမှာ ပါရှိပါက သက်ဆိုင်ရာ ဣန္ဒြေများ မိမိကိစ္စ၌သာ အစိုးရ၏။ အခြား ကိစ္စ၌ အစိုးရခြင်းမရှိ၊ သက်ဆိုင်ရာ ဣန္ဒြေတရား၏ အလိုသို့လိုက်ပါရ၏ ဥပမာ။ ။ ယုံကြည်မှု ကိစ္စ၌ သဒ္ဓါစေတသိက်သာ အစိုးရ၏။ ဝီရိယ စေတသိက်စ သည်တို့က အစိုးရခြင်းမရှိ၊ အဓိပတိနှင့် ဣန္ဒြေတို့၏ အစိုးရပုံ ဤသို့ ထူးခြား၏။

http://www.dhammadownload.com

အာဟာရ

အစားအစာအာဟာရသည် ခန္ဓာကိုယ်ကို ကြာရှည်စွာ တည်တံ့အောင် ဆောင်ထားသကဲ့သို့ မိမိဆိုင်ရာ အကျိုးတရားများကို ကြာရှည်စွာ တည်တံ့အောင် ဆောင်ထားနိုင်သော တရားများ အာဟာရခေါ်၏။

ဆောင်ထားခြင်းဟူသည် ဖြစ်စေခြင်း၊ ထောက်ပံ့ခြင်းပင်ဖြစ်၏။ အောင်မြင်စွာ တည်တံ့နေသော စာသင်တိုက်တစ်တိုက်ကို လေ့လာကြည့်လျှင် ယင်းစာသင်တိုက်၌ ပိဋကတ်စာပေကျွမ်းကျင်ပြီး ကိုယ်ကျင့်တရားလည်းကောင်း၊ အုပ်ချုပ်ရေး၌လည်း ကျွမ်းကျင်တော်မူသော ဦးဆောင်နေသူ စာချဆရာတော်တစ်ပါးကို တွေ့မြင်ရမည်ဖြစ်၏။ ထိုစာချဆရာတော်၏ ဦးဆောင်မှုကောင်းခြင်းကြောင့် အဆိုပါ စာသင်တိုက်တည်တံ့နေပုံကို တွေ့ရမည်ဖြစ်၏။ ထိုစာချဆရာတော်ကောင်းမရှိလျှင် အဆိုပါစာသင်တိုက် ပျက်စီးသွားမည်ဖြစ်၏။ စာသင်တိုက်ကြီး တည်တံ့နေအောင် စာချဆရာတော်ကောင်း၏ ကြိုးစားဆောင်ရွက်ထောက်ပံ့နေသည်ကို ''ဆောင်''သည် ခေါ်၏။

အာဟာရ ၄ - ပါး

၁။ ကဗဠီကာရာဟာရ။ ၃။ မနောသဉ္စေတနာဟာရ။

၂။ ဖဿာဟာရ။ ၄။ ဝိညာဏာဟာရ။

တရားကိုယ်ကောက်ပုံ

၁။ သြဇာသည် ကဗဠီကာရာဟာရမည်၏။

၂။ စိတ်တစ်ခုယုတ်ကိုးဆယ်၌ ယှဉ်သော ဖဿစေတသိက်သည် ဖဿာဟာရမည်၏။

http://www.dhammadownload.com

၃။ စိတ်တစ်ခု ယုတ်ကိုးဆယ်၌ ယှဉ်သော စေတနာစေတသိက်သည် မနောသဥ္စေတနာဟာရမည်၏။

၄။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏာဟာရမည်၏။

အာဟာရ ၄-ပါး၏ မိမိဆိုင်ရာ အကျိုးကိုဆောင်ထားပုံ

၁။ ကဗဠီကာရာဟာရသည် သြဇာနှင့်တကွဖြစ်သော ရုပ် ၈-ပါး (အာဟာရဇအဋ္ဌကလာပ်ရုပ်)ကို ဆောင်ထား၏။

၂။ ဖဿာဟာရသည် ''ဖဿပစ္စယာဝေဒနာ''နှင့်အညီ ဝေဒနာ'ဟူသော အကျိုးကို ဆောင်ထား၏။ ဖြစ်စေ၏။

၃။ မနောသဥ္စေတနာဟာရသည် ''သခါရပစ္စယာဝိညာဏံ''နှင့်အညီ ပဋိသန္ဓေဝိညာဏ်ဟူသောအကျိုးကို ဆောင်ထား၏။ ဖြစ်စေ၏။

၄။ ဝိညာဏာဟာရသည် ''ဝိညာဏပစ္စယာနာမရူပံ''နှင့်အညီ တကွဖြစ်ဖက်စေတသိက်ဟူသော နာမ်နှင့်ရုပ်တရားတို့ကို ဆောင်ထား၏။ ဖြစ်စေ၏။

မှတ်ချက်။ ဆိုင်ရာအကျိုးပစ္စယုပ္ပန်တရားကို ဆောင်ထားသော အခြားဟိတ်စသော ပစ္စည်းများရှိကြသော်လည်း အဖျတ္တခန္ဓာအစဉ်၏ထူးခြားသော အကြောင်းဖြစ်သောကြောင့် ဤကဗဠီကာရာဟာရစသော ၄-ပါးကို ''အာဟာရ'' ခေါ်၏။

တရားကိုယ်ကောက်ရန် အမှာစကား

သောတာပတ္တိမဂ်ဉာဏ်ကို ''အနညာတညဿာမီတိန္ဒြေ'' ခေါ်၏။ အရဟတ္တဖိုလ်ဉာဏ်ကို ''အညာတာဝိန္ဒြေ'' ခေါ်၏။ အထက်မဂ်၊ အောက်ဖိုလ် ၆-ပါးသော အလယ်ဉာဏ်တို့ကို ''အညိန္ဒြေ'' ခေါ်၏။

http://www.dhammadownload.com

ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ဟူ၍ နှစ်ပါးပြား၏။ စျာနင် တရားတို့တွင် ကေဂ္ဂတာနှင့် ဝေဒနာသည် ဒွေးပဉ္စဝိညာဏ် ၁၀ ၌ ယှဉ်၏။ သို့သော် ဒွေးပဉ္စဝိညာဏ် ၁၀ ၌ ယှဉ်သော ကေဂ္ဂတာနှင့် ဝေဒနာတို့ကို စျာနင်တရာကိုယ်မကောက်ရ။

ဝီရိယမယှဉ်သော စိတ် ၁၆–ပါး၌ ဗိုလ်အရမကောက်ရ။

အဟိတ်စိတ် ၁၈–ပါး၌ မဂ္ဂင်တရားကိုယ်မကောက်ရ။

ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ယှဉ်သော ကေဂ္ဂတာစေတသိက်ကို မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်တရားကိုယ်မကောက်ရ။

မှတ်ချက်။ ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ယှဉ်သော ကေဂ္ဂတာစေတသိက်ကို သာ ဣန္ဒြေတရားကိုယ်မကောက်ရသည်မဟုတ်၊ ဝီရိယ မယှဉ်သော စိတ် ၁၆–ပါး၌ ယှဉ်သော ကေဂ္ဂတာ စေတသိက်ကိုလည်း ဣန္ဒြေတရားကိုယ် မကောက်ရ။

ဒွိဟိတ်ဇော၊ တိဟိတ်ဇောတို့၌သာ ဖြစ်သင့်သည် အားလျော်စွာ အဓိပတိ တစ်ပါးတည်းသာ တရားကိုယ်ကောက်ရမည်။

ဒွိဟိတ်ဇော ၁၈–ပါး

၁။	မောဟမူစိတ် ၂–ပါး ကြဉ်အကုသိုလ်စိတ်	၁၀ ပါး
၂။	မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်	၄ ပါး
၃။	မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်	၄ ပါး
	ပေါင်း	**၁၈ ပါး**

http://www.dhammadownload.com

" တိဟိတ်ဖော ၃၄-ပါး "

၁။	မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်	၄ ပါး
၂။	မဟာကြိယာဉာဏသမ္ပယုတ်စိတ်	၄ ပါး
၃။	မဟဂ္ဂုတ်ကုသိုလ်စိတ်	၉ ပါး
၄။	မဟဂ္ဂုတ်ကြိယာစိတ်	၉ ပါး
၅။	လောကုတ္တရာစိတ်	၈ ပါး
	ပေါင်း	၃၄ ပါး

ဖြစ်သင့်သည်အားလျော်စွာ အဓိပတိတရားတစ်ပါးတည်းသာဖြစ်

နွိဟိတ်ဖောတို့၌ ပညာမယှဉ်သောကြောင့် ဝီမံသာဓိပတိကိုမရနိုင်။ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိသုံးပါးသာရနိုင်၏။

တိဟိတ်ဖော၌ အဓိပတိ ၄-ပါးလုံးရနိုင်၏။ သို့သော် အဓိပတိတရားများသည် လေးပါးလုံးတစ်ပြိုင်နက်မဖြစ်ကြ။ ဆန္ဒဦးဆောင်၍ ဆန္ဒထက်သန်သောအခါ ဆန္ဒာဓိပတိဖြစ်၏။ ဝီရိယဦးဆောင်၍ ဝီရိယထက်သန်သောအခါ ဝီရိယာဓိပတိဖြစ်၏။ စိတ်ဦးဆောင်၍ စိတ်ထက်သန်သောအခါ စိတ္တာဓိပတိဖြစ်၏။ ပညာဦးဆောင်၍ ပညာထက်သန်သောအခါ ဝီမံသာဓိပတိဖြစ်၏။

ဤသို့အဓိပတိတို့တွင် တစ်ပါးပါးက ဦးဆောင်၍ အဓိပတိအမည်ရခိုက် ကျန်တရားများက နောက်လိုက်ဖြစ်ရ၏။ ဤသို့ အဓိပတိသည်ဖြစ်သင့်သည် အားလျော်စွာ တစ်ပါးတည်းသာဖြစ်၏။

http://www.dhammadownload.com

မိဿကသင်္ဃာ့ ပြဿောအမည် (၅) မျိုး

၁။ ဟေတု။ ၅။ ဗလ။
၂။ စျာန။ ၆။ အဓိပတိ။
၃။ မဂ္ဂင်္။ ၇။ အာဟာရ။
၄။ ကျွန်ုယ။

မိဿကသင်္ဃာပြီး၏။

* * * * *

ဗောဓိပက္ခိယသင်္ဃာ

မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားတို့ကို ဗောဓိပက္ခိယ ဟုခေါ်၏။ လောကာ့ လူတို့သည် မိမိနှစ်သက်ရာ အစုအဖွဲ့၌ ပါဝင်လျက် အသင်းအဖွဲ့ကိုယ်စီဖြင့် နေထိုင်ကြ၏။

သဘာဝတရားများလည်း သဘောတူရာ ဓာတ်တူရာချင်းစုပေါင်း လျက် အသင်းအဖွဲ့ဖွဲ့စည်းဖြစ်ပေါ်နေကြ၏။ ထိုသို့ အသင်းအဖွဲ့ကိုယ်စီဖြင့် ဖြစ်ပေါ်နေခြင်းကြောင့် မဂ်ဉာဏ်၏ အသင်းအဖွဲ့၌ ပါဝင်သောတရားတို့ကို မြတ်ဗုဒ္ဓက ဗောဓိပက္ခိယတရားအဖြစ် ဖေါ်ထုတ်ဟောပြတော်မူခဲ့၏။

ဗုဒ္ဓဘာသာဝင်များ၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးဖြင့်သာ မျက်မှောက်ပြုနိုင် မြင်နိုင်၏။ မဂ်ဉာဏ် ကို ရအောင်ပွားများရမည့်တရားများကား ဗောဓိပက္ခိယတရား (၃၇)ပါးပင် ဖြစ်၏။

ဗောဓိပက္ခိယသင်္ဃာ့ ပြအပ်သောအမည် ၇-ပါး

၁။ သတိပဋ္ဌာန။ ၅။ ဗလ
၂။ သမ္မပ္ပဓါန် ၆။ ဗောဇ္ဈင်္
၃။ ဣဒ္ဓိပါဒ ၇။ မဂ္ဂင်္
၄။ ကျွန်ုယ

http://www.dhammadownload.com

သတိပဋ္ဌာန်တရား

မိမိဆိုင်ရာ တရားအာရုံထဲ၌ စွဲစွဲမြဲမြဲသက်ဝင်တည်နေသော သတိစေတသိက်ကို ''သတိပဋ္ဌာန်'' ခေါ်၏။ ထိုသတိစေတသိက်သည် တစ်ပါးတည်း သာဖြစ်သော်လည်း ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟု အာရုံလေးမျိုးကွဲပြားခြင်းကြောင့်လည်းကောင်း၊ ယူပုံအခြင်းအရာလေးမျိုးကွဲပြားခြင်းကြောင့်လည်းကောင်း၊ ပယ်ခွာခြင်းကိစ္စလေးမျိုးကွဲပြားခြင်းကြောင့်လည်းကောင်း၊ သတိပဋ္ဌာန်လေးမျိုးကွဲပြား၏။

ဝိပလ္လာသတရား

ဖေါက်ပြန်မှားယွင်းမှုကို ''ဝိပလ္လာသ'' ခေါ်၏။ ထိုဝိပလ္လာသသည် သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသဟုသုံးမျိုးပြား၏။ အမှတ်မှားခြင်းကို သညာဝိပလ္လာသခေါ်၏၊ အသိမှားခြင်းကို စိတ္တဝိပလ္လာသခေါ်၏၊ အမြင်အယူမှားခြင်းကို ဒိဋ္ဌိဝိပလ္လာသခေါ်၏။ ထိုဝိပလ္လာသသုံးပါးသည် နိစ္စဝိပလ္လာသ၊ သုခဝိပလ္လာသ၊ အတ္တဝိပလ္လာသ၊ သုဘဝိပလ္လာသဟု လေးမျိုးစီပြား၏။

၁။ **နိစ္စဝိပလ္လာသ** = မမြဲသော (အနိစ္စ) နာမ်ရုပ်တရား၌ နိစ္စ – မြဲ၏ ဟု အထင်မှားခြင်း။

၂။ **သုခဝိပလ္လာသ** = ဆင်းရဲသော (ဒုက္ခ) နာမ်ရုပ်တရား၌ သုခ–ချမ်းသာဟု အထင်မှားခြင်း။

၃။ **အတ္တဝိပလ္လလာသ** = အတ္တမဟုတ်သော (အနတ္တ) နာမ်ရုပ်တရား၌ အတ္တဟု အထင်မှားခြင်း။

၄။ **သုဘဝိပလ္လာသ** = မတင့်တယ်သော (အသုဘ)နာမ်ရုပ်တရား၌ သုဘ–တင့်တယ်၏ဟု အထင်မှားခြင်း။

http://www.dhammadownload.com

သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကိုပွားများအားထုတ်သူသည် ထိုဝိပလ္လာသတရားတို့ကို ပယ်ရှားနိုင်၏။

သတိပဋ္ဌာန် ၄-ပါး

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊

၁။ ကာယာနုပဿနာသတိပဋ္ဌာန်

ဆံပင်၊ အမွေးစသော (၃၂) ကောဋ္ဌာသအစုဥ် အဖန်ဖန်ရှုဆင်ခြင်မှုမြဲသော အောက်မေ့သော သတိတရားကို ကာယာနုပဿနာ သတိပဋ္ဌာန်ခေါ်၏။ ဤကာယနုပဿနာသတိပဋ္ဌာန်သည် ဆံပင်အမွေး စသော ကောဋ္ဌာသပညတ်ကို အာရုံပြု၏။ ကောဋ္ဌာသပညတ်ကို မတင့်မတယ်ရွံစဖွယ် အသုဘအခြေအနေမျိုးစိတ်ထဲ၌ ထင်လာအောင် အဖန်ဖန်အထပ်ထပ် ရှုဆင်ခြင်ရ၏။ ထိုသို့ရှု၍ မတင့်မတယ် ရွံစဖွယ် အသုဘအဖြစ် ထင်လာနိုင်၏။ ထို့ကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်သည် လှပတင့်တယ်သည်ဟု အထင်မှားသော သုဘဝိပလ္လာသကို ပယ်ခြင်းကိစ္စရှိ၏။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်

ချမ်းသာမှု၊ ဆင်းရဲမှုစသော ခံစားမှု ဝေဒနာအစုဥ် အဖန်ဖန်ရှုဆင်ခြင်မှုမြဲသော အောက်မေ့မှု သတိတရားကို ဝေဒနာနုပဿနာသတိပဋ္ဌာန်ခေါ်၏။

ဤဝေဒနာနုသတိပဋ္ဌာန်သည် ဝေဒနာတို့ကို ဆင်းရဲအဖြစ် ထင်မြင်

http://www.dhammadownload.com

လာအောင် အဖန်ဖန်ရှုဆင်ခြင်ရ၏။ ဤသတိပဋ္ဌာန်ဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ တို့ကို ရှုသောအခါ အဖြစ်အပျက်ဒဏ်ကို အမြဲခံရပုံကို တွေ့မြင်ရသဖြင့် ကြောက်မက်ဖွယ်ဘေးဒုက္ခအဖြစ် ထင်မြင်လာ၏။ ထို့ကြောင့် ဤဝေဒနာနုပဿနာသတိပဋ္ဌာန်သည် နာမ်ရုပ်တရား တို့ကို ချမ်းသာသုခအဖြစ် မှတ်ထင်သော သုခဝိပလ္လာသကို ပယ်ခြင်းကိစ္စရှိ၏။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်

ရာဂနှင့် ယှဉ်တွဲဖြစ်သော စိတ်၊ စိတ်ဆိုးမှုဒေါသနှင့် ယှဉ်တွဲဖြစ်သော စိတ်စသော စိတ်အစုဋ္ဌ ရှုဆင်ခြင်မှုမြဲသော အောက်မေ့မှုသတိတရား ကို စိတ္တာနုပဿနာခေါ်၏။

ဤသတိပဋ္ဌာန်ဖြင့် စိတ်တို့ကိုခွဲခြားလျက် ဆင်ခြင်ဖန်များလာသော အခါ စိတ်တစ်မျိုးပြီးတစ်မျိုးဖြစ်ပျက်ပြောင်းလဲနေပုံကို သေချာစွာသိမြင်လာခြင်းကြောင့် မမြဲသောအခြင်းအရာများ လွန်စွာထင်မြင်လာ၏။ ထို့ကြောင့် ဤစိတ္တာနုပဿနာသည် မြဲသောနိစ္စအဖြစ် မှတ်ထင်သော နိစ္စဝိပလ္လာသကို ပယ်ခြင်းကိစ္စရှိ၏။

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်

ကာမဋ္ဌလိုလားမှု ကာမစ္ဆန္ဒစသော ဓမ္မအစုဋ္ဌ ရှုဆင်ခြင်မှုမြဲသော အောက်မေ့မှုသတိတရားကို ဓမ္မာနုပဿနာခေါ်၏။

ဤဓမ္မာနုပဿနာဖြင့် ခန္ဓာကိုယ်ဋ္ဌဖြစ်ပေါ်နေသော ကာမစ္ဆန္ဒစသော ဓမ္မအစုဋ္ဌ ရှုဆင်ခြင်မှုများလာသောအခါ အတ္တ (၎င်) ကောင်ဟူသော အမြင်များ ပပျောက်လျက် အနတ္တဟု လွန်စွာထင်မြင်လာ၏။ ထို့ကြောင့် ဓမ္မာနုပဿနာသည် အတ္တဝိပလ္လာသကို ပယ်ခြင်းကိစ္စရှိ၏။

ဤသို့ အာရုံလေးမျိုးကွဲပြားသောကြောင့်လည်းကောင်း၊ ယူပုံအခြင်းအရာလေးမျိုးကွဲပြားသောကြောင့်လည်းကောင်း၊ ပယ်ခြင်းကိစ္စ လေးမျိုးကွဲပြားသောကြောင့်လည်းကောင်း သတိပဋ္ဌာန်လေးမျိုးကွဲပြားရ၏။

http://www.dhammadownload.com

မှတ်ချက်။ ဓမ္မာနုပဿနာ၌ ဓမ္မဟု သာမညဆိုသော်လည်း ရူပက္ခန္ဓာကို ကာယာနုပဿနာဖြင့် ရှုမြင်ပြီးဖြစ်သောကြောင့်လည်းကောင်း၊ ဝေဒနာက္ခန္ဓာကို ဝေဒနာနုပဿနာဖြင့် ရှုမြင်ပြီးဖြစ်သောကြောင့်လည်းကောင်း၊ ဝိညာဏက္ခန္ဓာကို စိတ္တာနုပဿနာဖြင့် ရှုမြင်ပြီးဖြစ်သောကြောင့်လည်းကောင်း ဓမ္မအရ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဓမ္မတို့ကိုသာ ယူရမည်။

တရားကိုယ်ကောက်ပုံ

မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇော ၂၆ ပါး၌ ယှဉ်သော သတိစေတသိက်သည် သတိပဋ္ဌာန်မည်၏။

မှတ်ချက်။ ဗောဓိပက္ခိယတရားကို တရားကိုယ်ကောက်ရာ၌ **''သဗ္ဗေ လောကုတ္တရေဟောန္တိ''** စသော ဂါထာနှင့်အညီ မဂ်ဖိုလ်နှင့် ယှဉ်သော တရားတို့ကိုလည်းကောင်း၊ မဂ်ဖိုလ်၏ရှေ့သွားဖြစ်သော လောကီကုသိုလ်၊ ကြိယာတို့နှင့်ယှဉ်ခိုက်တရားတို့ကိုလည်းကောင်း ထိုက်သလို ကောက်ယူရမည်။

သမ္မပ္ပဓာန်

မှန်ကန်ကောင်းမြတ်သော ကြိုးစားအားထုတ်မှုကို သမ္မပ္ပဓာန် ခေါ်၏။

အမှာ။ သမ္မပ္ပဓာန်၏ ကောင်းသောကြိုးစားအားထုတ်မှုလေးမျိုး၏ အဓိပ္ပာယ်ကို မဂ္ဂင် ၁၂ ပါးတွင် သမ္မာဝါယာမမဂ္ဂင်၌ ပြခဲ့သော အဓိပ္ပာယ်အတိုင်းမှတ်ပါ။

တရားကိုယ်ကောက်ပုံ

ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် သမ္မပ္ပဓာန်မည်၏။

မှတ်ချက်။ ဤသမ္မပ္ပဓာန်ကိစ္စလေးပါးသည် ရဟန္တာများနှင့် မသက်ဆိုင်တော့ပါ။ ထို့ကြောင့် ရဟန္တာများသန္တာန်၌သာဖြစ်သော ကြိယာ

P.O.A

http://www.dhammadownload.com

စိတ်၌ယှဉ်သော ဝီရိယကို သမ္မပ္ပဓာန်တရားကိုယ်အရ မကောက်ရ။ ဖိုလ်စိတ် သည်လည်း သမ္မပ္ပဓာန်ကိစ္စလေးပါးကို မဆောင်ရွက်နိုင်သောကြောင့် သမ္မပ္ပဓာန်ကိစ္စလေးပါးကို မဆောင်ရွက်နိုင်သောကြောင့် ဖိုလ်စိတ်၌ယှဉ်သော ဝီရိယကို သမ္မပ္ပဓာန်တရားကိုယ်မကောက်ရ။

ကျွဒ္ဓိပါဒ်

မိမိလိုလားအပ်သော စျာန်၊ မဂ်၊ ဖိုလ် တရားဟူသော အကျိုးတရားများ ပြီးစီးထမြောက်ရန် လိုအပ်သော အခြေခံအကြောင်းတရားများကို ကျွဒ္ဓိပါဒ်တရားခေါ်၏။ ထိုကျွဒ္ဓိပါဒ်သည် အောက်ပါအတိုင်း လေးမျိုးပြား၏။

၁။ **ဆန္ဒိဒ္ဓိပါဒ်** = အလုပ်ကိစ္စအောင်မြင်မှု၏ အခြေခံဆန္ဒ။

၂။ **ဝီရိယိဒ္ဓိပါဒ်** = အလုပ်ကိစ္စအောင်မြင်မှု၏ အခြေခံဝီရိယ။

၃။ **စိတ္တိဒ္ဓိပါဒ်** = အလုပ်ကိစ္စအောင်မြင်မှု၏ အခြေခံစိတ်ဓာတ်။

၄။ **ဝီမံသိဒ္ဓိပါဒ်** = အလုပ်ကိစ္စအောင်မြင်မှု၏ အခြေခံပညာ။

တရားကိုယ်ကောက်ပုံ

၁။ ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ်မည်၏။

၂။ ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်၏။

၃။ ကုသိုလ်စိတ် ၂၁ ပါးသည် စိတ္တိဒ္ဓိပါဒ်မည်၏။

၄။ တိဟိတ်ကုသိုလ်စိတ် ၁၃ ပါး၌ယှဉ်သော ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ်မည်၏။

မှတ်ချက်။ အကျိုးတရားအားလုံး ပြီးစီးနေသော ရဟန္တာများ၏သန္တာန်၌ ဖြစ်သော ကြိယာစိတ်နှင့် အကျိုးတရားဖြစ်သော ဖိုလ်စိတ်တို့၌ ကျွဒ္ဓိပါဒ် တရားကိုယ်အရ မကောက်ရပါ။

http://www.dhammadownload.com

ကွန်ဒြေ ၅ ပါး

၁။ သဒ္ဓိန္ဒြေ ၄။ သမာဓိန္ဒြေ
၂။ ဝီရိယိန္ဒြေ ၅။ ပညိန္ဒြေ
၃။ သတိန္ဒြေ

အမှာ။ ကွန်ဒြေအဓိပ္ပာယ်ကို မိဿကသင်္ဂဟ၌ ပြခဲ့ပြီး၊ ပြန်ကြည့်ပါ။

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပွနာဇော ၂၆ ပါးတို့၌ယှဉ်သော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။

၂။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပွနာဇော ၂၆ ပါးတို့၌ယှဉ်သော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

၃။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါးတို့၌ယှဉ်သော သတိစေတသိက်သည် သတိန္ဒြေမည်၏။

၄။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပွနာဇော ၂၆ ပါးတို့၌ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။

၅။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ အပွနာဇော ၂၆ ပါးတို့၌ယှဉ်သော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။

ဗိုလ် ၅ ပါး

၁။ သဒ္ဓါဗိုလ် ၄။ သမာဓိဗိုလ်
၂။ ဝီရိယဗိုလ် ၅။ ပညာဗိုလ်
၃။ သတိဗိုလ်

အမှာ။ ဗိုလ်အဓိပ္ပာယ်ကို မိဿကသင်္ဂဟ၌ ပြခဲ့ပြီ။ ဗိုလ်တရားကိုယ်ကောက်ပုံသည် ကွန်ဒြေနှင့်တူ၏။

http://www.dhammadownload.com

ဗောဇ္ဈင်

သစ္စာ ၄ ပါးကို သိကြောင်း ဗောဓိမည်သော တရားအပေါင်း၏ အစိတ်အစိတ်တရားကို ဗောဇ္ဈင်ခေါ်၏။

ဗောဇ္ဈင် ၇ ပါး

၁။ သတိသမ္ဗောဇ္ဈင် ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ၆။ သမာဓိသမ္ဗောဇ္ဈင်
၃။ ဝီရိယသမ္ဗောဇ္ဈင် ၇။ ဥပေက္ခာသမ္ဗောဇ္ဈင်
၄။ ပီတိသမ္ဗောဇ္ဈင်

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပွနာဇော ၂၆ ပါး၌ယှဉ်သော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏။

၂။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ အပွနာဇော ၂၆ ပါး၌ယှဉ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။

၃။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပွနာဇော ၂၆ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

၄။ မဟာကုသိုလ်သောမနဿသဟဂုတ်စိတ် ၄ ပါး၊ မဟာကြိယာသောမနဿသဟဂုတ်စိတ် ၄ ပါး၊ ပထမဈာန် ၁၀ ပါး၊ ဒုတိယဈာန်ဇော ၁၀ ပါး၊ တတိယဈာန်ဇော ၁၀ ပါး၊ ပေါင်း ၃၈ ပါး၌ယှဉ်သော ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင်မည်၏။

http://www.dhammadownload.com

၅။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါးဠ်ယှဉ်သော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိစေတသိက်တို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။

၆။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့ဠ်ယှဉ်သော ဇောဂတာစေတသိက်သည် သမာဓိသမ္ဗောဇ္ဈင်မည်၏။

၇။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါးဠ်ယှဉ်သော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

မဂ္ဂင် ၈ ပါး

၁။ သမ္မာဒိဋ္ဌိ	၅။ သမ္မာအာဇီဝ
၂။ သမ္မာသင်္ကပ္ပ	၆။ သမ္မာဝါယာမ
၃။ သမ္မာဝါစာ	၇။ သမ္မာသတိ
၄။ သမ္မကမ္မန္တ	၈။ သမ္မာသမာဓိ

အမှာ။ မဂ္ဂင်အဓိပ္ပာယ်နှင့် မဂ္ဂင် ၈ ပါးအဓိပ္ပာယ်ကို မိဿကသင်္ဂဟ၌ ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့ဠ် ယှဉ်သော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ပထမစျာန် ၁၀ ပါးတို့ဠ်ယှဉ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

http://www.dhammadownload.com

၃။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါးတို့၌ယှဉ်သော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။

၄။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါးတို့၌ယှဉ်သော သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။

၅။ မဟာကုသိုလ်စိတ် ၈ ပါး၊ လောကုတ္တရာစိတ် ၈ ပါးတို့၌ယှဉ်သော သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင်မည်၏။

၆။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင်မည်၏။

၇။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ယှဉ်သော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်မည်၏။

၈။ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ယှဉ်သော ကေဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင်မည်၏။

တရားကိုယ်ကောက်ရန်

သတိပဋ္ဌာန် ၄ ပါးလုံး၏ တရားကိုယ်သည် သမ္မာသတိခေါ်သော သတိစေတသိက်တစ်ပါးတည်းသာတည်း။

သမ္မပ္ပဓာန်လေးပါးလုံး၏ တရားကိုယ်သည် သမ္မာဝါယာမခေါ်သော ဝီရိယစေတသိက်တစ်ပါးတည်းသာတည်း။

ဗောဓိပက္ခိယတရားအားလုံးကို လောကုတ္တရာစိတ်၌ တရားကိုယ်ကောက်ရမည်။ သို့သော် ‘‘**နဝါသက်ပ္ပဝိတိယော**’’ ကို ထောက်၍ ဒုတိယဈာန် စသည်၌ ဝိတက်ကို တရားကိုယ်မကောက်ရ၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်တို့၌ ပီတိကို တရားကိုယ်မကောက်ရ။

http://www.dhammadownload.com

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့ကိုဖြစ်စေရန် လောကီကုသိုလ်၊ ကြိယာစိတ်များဖြင့် အားထုတ်ရ၏။ ထို့ကြောင့် လောကီကုသိုလ်၊ ကြိယာစိတ်တို့၌လည်း ဗောဓိပက္ခိယတရားကို တရားကိုယ်အရကောက်ရ၏။

လောကီဝိပါက်စိတ်များသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံလောက်သာ တပ်နိုင်သောကြောင့် သီလဝိသုဒ္ဓိ စသည်တို့ကို မဖြစ်စေနိုင်။ ထို့ကြောင့် လောကီဝိပါက်စိတ်တို့၌ယှဉ်သောတရားကို တရားကိုယ်အရ မကောက်ရ။

မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇောတို့၌ယှဉ်သောတရားကို သတိပဋ္ဌာန်၊ ကြွန်ခြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တရားကိုယ် ကောက်ယူရမည်။ ကုသိုလ်စိတ်၌ယှဉ်သောတရားတို့ကိုသာ သမ္မပ္ပဓာန်၊ ကြွဒွိပါဒ်တရားကိုယ် ကောက်ယူရမည်။

ဗောဓိပက္ခိယတရား ၃၇ ပါး

၁။	သတိပဋ္ဌာန်	၄ ပါး
၂။	သမ္မပ္ပဓာန်	၄ ပါး
၃။	ကြွဒွိပါဒ်	၄ ပါး
၄။	ကြွခြေ	၅ ပါး
၅။	ဗိုလ်	၅ ပါး
၆။	ဗောဇ္ဈင်	၇ ပါး
၇။	မဂ္ဂင်	၈ ပါး
	ပေါင်း	**၃၇ ပါး**

မှတ်ချက်။ ဗောဓိပက္ခိယတရားအပြားကို ရေတွက်ပြပါဟု မေးလျှင် အထက်ပါအတိုင်း ဖြေပါ။

http://www.dhammadownload.com

ဗောဓိပက္ခိယတရားကိုယ် ၁၄ ပါး

၁။ ဆန္ဒ
၂။ စိတ်
၃။ တတြမဇ္ဈတ္တတာ
၄။ သဒ္ဓါ
၅။ ပဿဒ္ဓိ
၆။ ဝီတိ
၇။ ပညာ
၈။ ဝိတက်
၉။ ဝီရိယ
၁၀။ သမ္မာဝါစာ
၁၁။ သမ္မကမ္မန္တ
၁၂။ သမ္မာအာဇီဝ
၁၃။ သတိ
၁၄။ ဧကဂ္ဂတာ

ဗောဓိပက္ခိယတရားကိုယ်များကို ဖြစ်ရာဌာနဖြင့် ဝေဖန်ပြခြင်း
၁-ဌာန၌ဖြစ်သော ဗောဓိပက္ခိယတရားကို သက်ဆိုင်ရာဌာနနှင့် တွဲပြပုံ

	တရား	ဖြစ်ရာဌာန
၁။	ဝိတက်	သမ္မာသင်္ကပ္ပမဂ္ဂင်
၂။	ပဿဒ္ဓိ	ပဿဒ္ဓိသမ္ဗောဇ္ဈင်
၃။	ဝီတိ	ဝီတိသမ္ဗောဇ္ဈင်
၄။	တတြမဇ္ဈတ္တတာ	ဥပေက္ခာသမ္ဗောဇ္ဈင်
၅။	ဆန္ဒ	ဆန္ဒိဒ္ဓိပါဒ်
၆။	စိတ္တ	စိတ္တိဒ္ဓိပါဒ်
၇။	သမ္မာဝါစာ	သမ္မာဝါစာမဂ္ဂင်
၈။	သမ္မာကမ္မန္တ	သမ္မာကမ္မန္တမဂ္ဂင်
၉။	သမ္မာအာဇီဝ	သမ္မာအာဇီဝမဂ္ဂင်

သဒ္ဓါ၏ဖြစ်ရာ ၂ ဌာန

၁။ သဒ္ဓိန္ဒြေ
၂။ သဒ္ဓါဗိုလ်

http://www.dhammadownload.com

ကေဂ္ဂတာ (သမာဓိ) ၏ ဖြစ်ရာ ၄ ဌာန

၁။ သဒ္ဓိန္ဒြေ ၃။ သမာဓိသမ္ဗောဇ္ဈင်
၂။ သမာဓိဗိုလ် ၄။ သမ္မာသမာဓိမဂ္ဂင်

ပညာ၏ဖြစ်ရာ ၅ ဌာန

၁။ ဝီမံသိဒ္ဓိပါဒ် ၄။ ဓမ္မဝိစယသမ္ဗောဇ္ဈင်
၂။ ပညိန္ဒြေ ၅။ သမ္မာဒိဋ္ဌိမဂ္ဂင်
၃။ ပညာဗိုလ်

သတိဖြစ်ရာ ၈ ဌာန

၁။	သတိပဋ္ဌာန်	၄ ပါး
၂။	သတိန္ဒြေ	၁ ပါး
၃။	သတိဗိုလ်	၁ ပါး
၄။	သတိသမ္ဗောဇ္ဈင်	၁ ပါး
၅။	သမ္မာသတိမဂ္ဂင်	၁ ပါး
	ပေါင်း	**၈ ပါး**

ဝီရိယ၏ဖြစ်ရာ ၉ ဌာန

၁။	သမ္မပ္ပဓာန်	၄ ပါး
၂။	ဝီရိယိဒ္ဓိပါဒ်	၁ ပါး
၃။	ဝီရိယိန္ဒြေ	၁ ပါး
၄။	ဝီရိယဗိုလ်	၁ ပါး
၅။	ဝီရိယသမ္ဗောဇ္ဈင်	၁ ပါး
၆။	သမ္မာဝါယာမမဂ္ဂင်	၁ ပါး
	ပေါင်း	**၉ ပါး**

ဗောဓိပက္ခိယသင်္ဂဟပြီး၏။

* * * * *

http://www.dhammadownload.com

သဗ္ဗသင်္ဟ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်အားလုံးကို သိမ်းကျုံးရေတွက်ပြရာ အခန်းကို ''သဗ္ဗသင်္ဟ'' ခေါ်၏။

ခန္ဓာ။ ခန္ဓာသဒ္ဒါသည် အပေါင်းအစုဟူသော အနက်ကိုဟော၏။ ထို့ကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စသောအားဖြင့် ပေါင်းစုသောရုပ် စသည်တို့ကို ခန္ဓာခေါ်၏။

ခန္ဓာ ၅ ပါး

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

မှတ်ချက်။ ခန္ဓာ၊ အာယတန စသည်တို့၏ တရားကိုယ်နှင့်ခန္ဓာ၊ အာယတန စသည် ဖွဲ့ပုံဆိုရိုးကို နောက်မှာပြထား၏။

ဥပါဒါနက္ခန္ဓာ

ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာခေါ်၏။ ဥပါဒါန်တရားဟူသည် လောဘ၊ ဒိဋ္ဌိပင်တည်း။ လောဘဒိဋ္ဌိဟူသော အကုသိုလ်တရားများသည် လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဟူသော လောကီတရားကိုသာ အာရုံပြု၏။ လောကုတ္တရာစိတ် ၈ ပါး၊ စေတသိက် ၃၆ ပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားတို့ကို အာရုံမပြုနိုင်ပေ။

ဥပါဒါနက္ခန္ဓာ ၅ ပါး

၁။ ရူပုပါဒါနက္ခန္ဓာ
၂။ ဝေဒနုပါဒနက္ခန္ဓာ
၃။ သညုပါဒါနက္ခန္ဓာ
၄။ သင်္ခါရုပါဒါနက္ခန္ဓာ
၅။ ဝိညာဏုပါဒါနက္ခန္ဓာ

http://www.dhammadownload.com

ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ ၂ မျိုးခွဲဟောရခြင်း

ရထိုက်သမျှသော သဘောတူရာ လောကီလောကုတ္တရာ တရားအားလုံးကို သိမ်းသွင်းပေါင်းယူ၍ ခန္ဓာဖွဲ့ပြလိုသောကြောင့် ပထမခန္ဓာဒေသနာတော်ကို ဟောတော်မူ၏။

ယောဂီပုဂ္ဂိုလ်များ ဝိပဿနာရှုရန်အတွက် ဝိပဿနာဉာဏ်ဖြစ်ရာ လောကီအာရုံသက်သက်ကိုသာ ခန္ဓာဖွဲ့ပြလိုသောကြောင့် ဥပါဒါနက္ခန္ဓာဒေသနာတော်ကို ဟောတော်မူ၏။

အထူး။ လောကီ၊ လောကုတ္တရာစိတ်အားလုံးသည် ဝိညာဏက္ခန္ဓာမည်၏။ ဘုံသုံးပါး၌ဖြစ်သော လောကီစိတ်သက်သက်သည် ဝိညာဏုပါဒါနက္ခန္ဓာမည်၏။ ဝိညာဏက္ခန္ဓာနှင့် ဝိညာဏုပါဒါနက္ခန္ဓာများ ဤသို့ထူးပါသည်။

အာယတန

စိတ်၊ စေတသိက်တို့၏ဖြစ်ကြောင်းတရားကို အာယတနခေါ်၏။ ရူပါရုံ၊ စက္ခုပသာဒတို့ကိုအကြောင်းပြု၍ စက္ခုဒွါရိကဝီထိစိတ်များနှင့် စေတသိက်တရားများ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် စက္ခုပသာဒနှင့် ရူပါရုံသည် စက္ခုဒွါရိကဝီထိစိတ်၊ စေတသိက်များဖြစ်ပေါ်ကြောင်းဖြစ်၍ စက္ခာယတန၊ ရူပါယတနအမည်ရကြ၏။ ဤသို့ စသည်ဖြင့် သိပါလေ။

ဒွါရ ၆ ပါး၊ အာရုံ ၆ ပါးကွဲပြားခြင်းကြောင့် အာယတန ၁၂ ပါး ပြားရ၏။

အာယတန ၁၂ ပါး

၁။ စက္ခာယတန	၇။ ရူပါယတန
၂။ သောတာယတန	၈။ သဒ္ဒါယတန
၃။ ဃာနာယတန	၉။ ဂန္ဓာယတန
၄။ ဇိဝှါယတန	၁၀။ ရသာယတန

http://www.dhammadownload.com

၅။ ကာယာယတန	၁၁။ ဖောဋ္ဌဗ္ဗာယတန
၆။ မနာယတန	၁၂။ ဓမ္မာယတန

ဓာတ်

မိမိ၏သဘောလက္ခဏာကို မပျောက်ကွယ်ရအောင် ဆောင်ထားသောကြောင့် ဓာတ်ခေါ်၏။ ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ် ၆ ပါးကွဲပြားသောကြောင့် ထိုဓာတ်သည် ၁၈ ပါးပြားရ၏။

ဓာတ် ၁၈ ပါး

၁။ စက္ခုဓာတ်	၁၀။ ဖောဋ္ဌဗ္ဗဓာတ်
၂။ သောတဓာတ်	၁၁။ စက္ခုဝိညာဏဓာတ်
၃။ ဃာနဓာတ်	၁၂။ သောတဝိညာဏဓာတ်
၄။ ဇိဝှါဓာတ်	၁၃။ ဃာနဝိညာဏဓာတ်
၅။ ကာယဓာတ်	၁၄။ ဇိဝှါဝိညာဏဓာတ်
၆။ ရူပဓာတ်	၁၅။ ကာယဝိညာဏဓာတ်
၇။ သဒ္ဒဓာတ်	၁၆။ မနောဓာတ်
၈။ ဂန္ဓဓာတ်	၁၇။ မနောဝိညာဏဓာတ်
၉။ ရသဓာတ်	၁၈။ ဓမ္မဓာတ်

ဓာတ် ၁၈ ပါး ကွဲပြားပုံ

ဒွါရ ၆ ပါး	အာရုံ ၆ ပါး	ဝိညာဏ် ၆ ပါး
၁။ စက္ခုဒွါရ	ရူပါရုံ	စက္ခုဝိညာဏ်
၂။ သောတဒွါရ	သဒ္ဒါရုံ	သောတဝိညာဏ်
၃။ ဃာနဒွါရ	ဂန္ဓာရုံ	ဃာနဝိညာဏ်
၄။ ဇိဝှါဒွါရ	ရသာရုံ	ဇိဝှါဝိညာဏ်
၅။ ကာယဒွါရ	ဖောဋ္ဌဗ္ဗာရုံ	ကာယဝိညာဏ်
၆။ မနောဒွါရ	ဓမ္မာရုံ	မနောဝိညာဏ်။

http://www.dhammadownload.com

ဤသို့ ဒွါရ ၆ ပါး၊ အာရုံ ၆ ပါး၊ ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ် ၆ ပါး ကွဲပြားသောကြောင့် ဓာတ် ၁၈ ပါး ပြား၏။

သစ္စာ

ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်း၊ နိရောဓ နိရောဓသို့ရောက်ကြောင်း သဘော အားဖြင့် မှန်ကန်သောတရားတို့ကို သစ္စာခေါ်၏။

ယင်းသစ္စာ ၄ ပါးကိုပင် အရိယာပုဂ္ဂိုလ်များ သိအပ်သောကြောင့် အရိယသစ္စာခေါ်၏။

သစ္စာ ၄ ပါး

၁။ ဒုက္ခသစ္စာ ၂။ နိရောဓသစ္စာ
၃။ သမုဒယသစ္စာ ၄။ မဂ္ဂသစ္စာ

သစ္စာ ၄ ပါး အဓိပ္ပာယ်

၁။ **ဒုက္ခသစ္စာ** = စက်ဆုပ်အပ်သည်ဖြစ်၍ အချည်းနှီးသော ဆင်းရဲမှု အမှန်တရား၊

၂။ **သမုဒယသစ္စာ**= ကံစသော အကြောင်းတရားနှင့် ပေါင်းဆုံမိသော် ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊

၃။ **နိရောဓသစ္စာ** = တစ်ဖန်ဖြစ်ခြင်းမရှိသောအားဖြင့် ဆင်းရဲ၏ ချုပ်ရာ အမှန်တရား၊

၄။ **မဂ္ဂသစ္စာ** = ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် မြတ်ဖြစ်သော အမှန်တရား။

http://www.dhammadownload.com

တရားကိုယ်ကောက်ရန်

၁။	စိတ်	၈၉	ပါး
၂။	စေတသိက်	၅၂	ပါး
၃။	ရုပ်	၂၈	ပါး
၄။	နိဗ္ဗာန်		

ခန္ဓာဖွဲ့ရန်

ထိုပရမတ္ထတရား ၄ ပါးတွင် –

၁။ ရုပ် ၂၈ ပါးကို ရူပက္ခန္ဓာဖွဲ့ရမည်။

၂။ ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာဖွဲ့ရမည်။

၃။ သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ရမည်။

၄။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀ ကို သင်္ခါရက္ခန္ဓာ ဖွဲ့ရမည်။

၅။ စိတ် ၈၉ ပါးကို ဝိညာဏက္ခန္ဓာ ဖွဲ့ရမည်။

မှတ်ချက်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စသောအားဖြင့် ကွဲပြားမှု မရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ၊ ခန္ဓာဝိမုတ်ဟုမှတ်ပါ။

ခန္ဓာနှင့်တရားကိုယ်တွဲပြပုံ

	တရားကိုယ်	ခန္ဓာ
၁။	ရုပ် ၂၈ ပါး	ရူပက္ခန္ဓာ
၂။	ဝေဒနာစေတသိက်	ဝေဒနာက္ခန္ဓာ
၃။	သညာစေတသိက်	သညာက္ခန္ဓာ
၄။	ကြွင်းသောစေတသိက် ၅၀	သင်္ခါရက္ခန္ဓာ
၅။	စိတ် ၈၉	ဝိညာဏက္ခန္ဓာ

http://www.dhammadownload.com

ခန္ဓာ ၅ ပါး အရကောက်ဆိုရိုး

ခန္ဓာအားဖြင့် ၅ ပါးဟူသော်ကား –

၁။ ရုပ် ၂၈ ပါးသည် ရူပက္ခန္ဓာမည်၏။

၂။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။

နိဗ္ဗာန်သည် ခန္ဓာဟူသောအရေအတွက်မှလွတ်၏။

ဤသို့လျှင် ခန္ဓာအားဖြင့် ၅ ပါးဖြစ်သတည်း။

ဥပါဒါနက္ခန္ဓာဖွဲ့ရန်

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဟူသော ဘုံသုံးပါး၌ဖြစ်သော လောကီစိတ် ၈၁ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးတို့သည် ဥပါဒါန်တရား၏ စွဲလန်းရာအာရုံဖြစ်သောကြောင့် ထိုလောကီစိတ်၊ စေတသိက်ရုပ်တရားတို့ကို ဥပါဒါနက္ခန္ဓာ ၅ ပါးဖွဲ့ရမည်။ ခန္ဓာ ၅ ပါးဖွဲ့ပုံကို နည်းယူ၍ ဥပါဒနက္ခန္ဓာ ၅ ပါးကို ဖွဲ့လေ။

လောကုတ္တရာစိတ်၊ ထိုလောကုတ္တရာစိတ်နှင့်ယှဉ်သော စေတသိက်တို့သည် ဥပါဒါန်တို့၏ အာရုံမဟုတ်သောကြောင့် ယင်းလောကုတ္တရာစိတ်၊ စေတသိက်တရားတို့ကို ဥပါဒါနက္ခန္ဓာမဖွဲ့ရပါ။

http://www.dhammadownload.com

အာယတနဖွဲ့ရန်

ပရမတ္ထတရား ၄ ပါးတွင် –

၁။ ပသာဒရုပ် ၅ ပါးကို အစဉ်အတိုင်း စက္ခာယတန စသည်ဖွဲ့ရမည်။

၂။ ဂေါစရရုပ် ၇ ပါးကို အစဉ်အတိုင်း ရူပါယတန စသည်ဖွဲ့ရမည်။

၃။ စိတ် ၈၉ ပါးကို မနာယတနဖွဲ့ရမည်။

၄။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်ကို ဓမ္မာယတနဖွဲ့ရမည်။

အာယတနအရကောက်ဆိုရိုး

အာယတနအားဖြင့် ၁၂ ပါးဟူသော်ကား

ရုပ် ၂၈ ပါးတို့တွင် –

၁။ စက္ခုပသာဒသည် စက္ခာယတနမည်၏။

၂။ သောတပသာဒသည် သောတာယတနမည်၏။

၃။ ဃာနပသာဒသည် ဃာနယတနမည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။

၅။ ကာယပသာဒသည် ကာယာယတနမည်၏။

၆။ ရူပါရုံသည် ရူပါယတနမည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။

၈။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။

၉။ ရသာရုံသည် ရသာယတနမည်၏။

၁၀။ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

http://www.dhammadownload.com

၁၁။ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် မနာယတနမည်၏။

၁၂။ စေတသိက် ၅၂၊ အာပေါ၊ ကျတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနစ္စတာအားဖြင့် သုခုမရုပ် ၁၆ ပါး၊ နိဗ္ဗာန်သည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတနအားဖြင့် ၁၂ ပါး ဖြစ်သတည်း။

ဓာတ်ဖွဲ့ရန်

ဓာတ်ဖွဲ့သောအခါ မနာယတနတစ်ပါးတည်းကို စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယ ဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်ဟူ၍ ဝိညာဏဓာတ် ၇ ပါးခွဲလျက် ဖွဲ့ရမည်။

ပရမတ္ထတရားလေးပါးတွင် –

၁။ ပသာဒရုပ် ၅ ပါးကို အစဉ်အတိုင်း စက္ခုဓာတ် စသည်ဖွဲ့ရမည်။

၂။ ဂေါစရရုပ် ၇ ပါးကို အစဉ်အတိုင်း ရူပဓာတ် စသည်ဖွဲ့ရမည်။

၃။ စိတ် ၈၉ ပါးတွင် –

(က) စက္ခုဝိညာဏ်စိတ် ၂ ပါးကို စက္ခုဝိညာဏ်ဓာတ်ဖွဲ့ရမည်။

(ခ) သောတဝိညာဏ်စိတ် ၂ ပါးကို သောတဝိညာဏ်ဓာတ် ဖွဲ့ရမည်။

(ဂ) ဃာနဝိညာဏစိတ် ၂ ပါးကို ဃာနဝိညာဏဓာတ်ဖွဲ့ရမည်။

(ဃ) ဇိဝှါဝိညာဏစိတ် ၂ ပါးကို ဇိဝှါဝိညာဏဓာတ်ဖွဲ့ရမည်။

(င) ကာယဝိညာဏစိတ် ၂ ပါးကို ဝိညာဏဓာတ်ဖွဲ့ရမည်။

၄။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းစိတ် ၂ ပါးတို့ကို မနောဓာတ်ဖွဲ့ရမည်။

http://www.dhammadownload.com

၅။ ကြွင်းသောစိတ် ၎၆ ပါးကို မနောဝိညာဏဓာတ်ဖွဲ့ရမည်။

၆။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်ကို ဓမ္မဓာတ်ဖွဲ့ရမည်။

ဓာတ် ၁၈ ပါးအရကောက်ဆိုရိုး

ဓာတ်အားဖြင့် ၁၈ ပါးဟူသော်ကား –

ရုပ် ၂၈ ပါးတို့တွင်

၁။ စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။

၂။ သောတပသာဒသည် သောတဓာတ်မည်၏။

၃။ ဃာနပသာဒသည် ဃာနဓာတ်မည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏။

၅။ ကာယပသာဒသည် ကာယဓာတ်မည်၏။

၆။ ရူပါရုံသည် ရူပဓာတ်မည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။

၈။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။

၉။ ရသာရုံသည် ရသဓာတ်မည်၏။

၁၀။ ပထဝီ၊ တေဇော၊ ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

၁၁။ စက္ခုဝိညာဏ်စိတ် ၂ ပါးသည် စက္ခုဝိညာဏဓာတ်မည်၏။

၁၂။ သောတဝိညာဏ်စိတ် ၂ ပါးသည် သောတဝိညာဏဓာတ်မည်၏။

၁၃။ ဃာနဝိညာဏစိတ် ၂ ပါးသည် ဃာနဝိညာဏဓာတ်မည်၏။

၁၄။ ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည် ဇိဝှါဝိညာဏဓာတ်မည်၏။

၁၅။ ကာယဝိညာဏ်စိတ် ၂ ပါးသည် ကာယဝိညာဏဓာတ်မည်၏။

http://www.dhammadownload.com

၁၆။ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းစိတ် ၂ ပါးသည် မနောဓာတ်မည်၏။

၁၇။ ကြွင်းသောစိတ် ၎၆ ပါးသည် မနောဝိညာဏဓာတ်မည်၏။

၁၈။ စေတသိက် ၅၂၊ အာပေါ၊ ကျတ္ထိန္ဒြေ၊ ပုရိသန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မ၊ သုတ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် သုခုမရုပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။ ဤသို့လျှင် ဓာတ်အားဖြင့် ၁၈ ပါးဖြစ်သတည်း။

သစ္စာဖွဲ့ရန် အရကောက်တရားကို အောက်ပါအတိုင်း ၅ မျိုး ခွဲထားရန်

ပရမတ္ထတရား ၄ ပါး

၁။ လောကီစိတ် ၈၁၊ လောဘကြဉ်စေ ၅၁၊ ရုပ် ၂၈

၂။ လောဘ

၃။ နိဗ္ဗာန်

၄။ မဂ်စိတ် ၄၊ စေ–၃၆၊ = ၈ = ၂၈

၅။ ဖိုလ်စိတ် ၄၊ စေ–၃၆။

မှတ်ချက်။ အမှတ် ၄ တွင် ၈ = ရှစ်ဂဏန်းသည် မဂ္ဂင်တရားကိုယ်ဖြစ်သည်။

၁။ လောကီစိတ် ၈၁၊ လောဘကြဉ်စေတသိက် ၅၁၊ ရုပ် ၂၈ ပါးကို ဒုက္ခသစ္စာဖွဲ့ရမည်။

မှတ်ချက်။ လောဘစေတသိက်ကို သမုဒယသစ္စာ သီးခြားဖွဲ့လတ္တံ့ဖြစ်သောကြောင့် လောဘစေတသိက်ကို ဒုက္ခသစ္စာ၌ မပါဝင်သော လောကီ (တေဘူမက) တရားဟုမှတ်ပါ။

၂။ လောဘစေတသိက်ကို သမုဒယသစ္စာဖွဲ့ရမည်။

http://www.dhammadownload.com

၃။ နိဗ္ဗာန်ကို နိရောဓသစ္စာဖွဲ့ရမည်။

၄။ မဂ်စိတ် ၄ ပါးခွဲယှဉ်သော မဂ္ဂင်တရားကိုယ် ၈ ပါးကို မဂ္ဂသစ္စာ ဖွဲ့ရမည်။

မှတ်ချက်။ မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့ကို သစ္စာမဖွဲ့ရပါ။

မဂ်စိတ်၌ စေတသိက် ၃၆ ပါးယှဉ်၏။ ထိုတွင် မဂ္ဂင်တရားကိုယ် ၈ ပါးကို နှုတ်ပါက ၂၈ ပါးကျန်၏။ မဂ်စိတ် ၄ ပါးကို အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်းသာယူ၍ ကျန်သော စေတသိက် ၂၈ ပါး နှင့် ပေါင်း ၂၉ ပါးဖြစ်၏။ ယင်း ၂၉ ပါးကို မဂ်စိတ္တုပ္ပါဒ် ၂၉ ပါးခေါ်၏။

ဖိုလ်စိတ် ၄ ပါး၌ စေတသိက် ၃၆ ပါးယှဉ်၏။ ဖိုလ်စိတ် ၄ ပါးကို အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသာယူ၍ ဖိုလ်စိတ်၌ယှဉ်သော စေတသိက် ၃၆ ပါးနှင့် ပေါင်းပါက ၃၇ ပါးဖြစ်၏။ ယင်း ၃၇ ပါးကို ဖိုလ်စိတ္တုပ္ပါဒ်ခေါ်၏။

သစ္စာ ၄ ပါးအရကောက်ဆိုရိုး

သစ္စာအားဖြင့် ၄ ပါးဟူသော်ကား –

၁။ လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါးသည် ဒုက္ခသစ္စာမည်၏။

၂။ လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ မဂ်စိတ် ၄ ခုခွဲရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈ ပါး၊ ၅ ပါး၊ သကဒါဂါမိမဂ် ၈ ပါး၊ ၅ ပါး၊ အနာဂါမိမဂ် ၈ ပါး၊ ၅ ပါး၊ အရဟတ္တမဂ် ၈ ပါး၊ ၅ ပါးသည် မဂ္ဂသစ္စာမည်၏။

http://www.dhammadownload.com

ကြွင်းသောမင်္ဂိစ္ဆာပွါဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် သစ္စာအားဖြင့် ၄ ပါး ဖြစ်သတည်း။

မှတ်ချက်။ မင်္ဂပထမစျာန်ကို ရည်ရွယ်၍ ၈ ပါးဆို၏။ ဒုတိယစျာန် စသည်၌ ဝိတက်ဟူသော သမ္မာသင်္ကပ္ပမဂ္ဂင် မယှဉ်သောကြောင့် မင်္ဂ ဒုတိယစျာန် စသည်ကိုရည်ရွယ်၍ ၇ ပါးဆို၏။

လေ့ကျင့်ခန်း

၁။ အဘယ်ကြောင့် အဘယ်ကို မာတုဟု ခေါ်ပါသနည်းရှင်းပြ၍၊ သမုစ္စည်းပိုင်း၌ ပေါင်းစုပြဆိုရာ သဘာဝနာမ်ရုပ်တရားတို့ကို ဖော်ပြခဲ့ပါ။

၂။ အာသဝ၏အဓိပ္ပာယ်ကိုရေး၍၊ အာသဝတရား၏ ကြာမြင့်စွာ စိမ်ထားအပ်သောအရက်နှင့်တူပုံကို ရှင်းပြပါ။

၃။ အာရုံငါးပါး ကာမဂုဏ်တရား၌ ကပ်ငြိတွယ်တာသူများ ပျက်စီးပုံကို ဥပမာသွင်းလျက် ရှင်းပြခဲ့ပါ။

၄။ နီဝရဏတရား၏အဓိပ္ပာယ်ကိုရေး၍၊ စိတ်၏အညစ်အကြေးငါးမျိုးကို ရေးခဲ့ပါ။

၅။ သံယောဇဉ် ၁၀ ပါးကို သြရမ္ဘာဂိယသံယောဇဉ်၊ ဥဒ္ဓံဘာဂိယသံယောဇဉ်ခွဲပြပါ။

၆။ ကမ္မဿကတာသမ္မာဒိဋ္ဌိအဓိပ္ပာယ်ကိုရေး၍၊ ကမ္မပထမြောက်၍ အပါယ်ဘုံသို့ရောက်စေနိုင်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖော်ပြခဲ့ပါ။

၇။ ဈာန်အဓိပ္ပာယ်ကိုရေး၍၊ ဈာန်တရားကိုယ် ၁၆ မျိုးကို ရေးခဲ့ပါ။

http://www.dhammadownload.com

၈။ ဗိုလ်အဓိပ္ပာယ်ကိုရေး၍၊ အဓိပတိနှင့် ကွန်ဒြိုထူးခြားပုံကို ရေးခဲ့ပါ။

၉။ အာဟာရတရား၏ဆိုင်ရာအကျိုးကို ဆောင်ထားပုံကိုရေး၍၊ ကွန်ဒိုပါဒ် ၄ ပါး အဓိပ္ပာယ်ကိုရေးပါ။

၁၀။ အောက်ပါတရားတို့ကို တရားကိုယ်အရကောက်ပြခဲ့ပါ။

(က) ကာမာသဝ (ဂ) ကာယိဒ္ဓြေ

(ခ) အညိဒ္ဓြေ (ဃ) သမာဓိဒ္ဓြေ

သမုစ္စည်းဗိုင်းပြီး၏။

* * * * *

http://www.dhammadownload.com

အပိုင်း (၈)

ပစ္စည်းပိုင်း

ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားများနှင့် ဟေတုသတ္တိ၊ အာရမ္မဏသတ္တိ စသော ကျေးဇူးပြုဟန် သတ္တိအပြားကို ပြဆိုရာအပိုင်းကို ပစ္စည်းပိုင်း ခေါ်၏။

ပစ္စည်း။ အကျိုးတရားကိုဖြစ်ပေါ်စေတတ်သော အကြောင်းတရားကို ပစ္စည်းတရားခေါ်၏။

သင်္ဂဟပါဠိ၌ **ယေဓမ္မာ** ဟု သာမညဆိုထားခြင်းကြောင့် ပစ္စည်းတရားထဲ၌ သခ်ံတတရား ''အသခ်ံတတရား'' ပညတ်တရားများ ပါဝင်၏။ ထို့ကြောင့်

(၁) စိတ် ၈၉၊ စေတသိက် ၅၁၊ ရုပ် ၂၈ ဟူသော သခ်ံတတရား။

(၂) နိဗ္ဗာန်ဟူသော အသခ်ံတတရား

(၃) ပညတ်တရား

ဤတရားသုံးမျိုးလုံးကို ပစ္စည်းတရားအရ ယူရမည်။

ပစ္စယုပ္ပန်။ အကြောင်းပစ္စည်းတရားကြောင့်ဖြစ်ရသော အကျိုးတရားကို ပစ္စယုပ္ပန်တရားခေါ်၏။

သင်္ဂဟပါဠိ၌ **သခ်ံတဓမ္မာနံ** ဟု ဆိုထားသောကြောင့် စိတ် ၈၉၊ စေတသိက် ၅၁၊ ရုပ် ၂၈ ပါးဟူသော သခ်ံတတရားကိုသာ ပစ္စယုပ္ပန်တရားအရ ယူရမည်။

မှတ်ချက်။ သခ်ံတဓမ္မာနံဟူသော သင်္ဂဟပါဠိကိုထောက်၍ အသခ်ံတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်တရားများ ပစ္စယုပ္ပန်တရားထဲ၌ မပါဝင်ဟု မှတ်။

http://www.dhammadownload.com

သတ္တိ။ ဟေတု, အာရမ္မဏ စသော (၂၄) ပစ္စည်းတို့၏ ကျေးဇူးပြုနိုင်သော စွမ်းရည်ကို သတ္တိခေါ်၏။ ထိုသတ္တိသည် ဟာတုသတ္တိ၊ အာရမ္မဏသတ္တိ စသည်ဖြင့် (၂၄) မျိုးပြား၏။

ကျေးဇူးပြု။

(၁) မဖြစ်သေးသော အကျိုးပစ္စယုပ္ပန်တရားတို့ကို ဖြစ်ပေါ်စေခြင်း၊

(၂) ဖြစ်ပေါ်ပြီးသော အကျိုးပစ္စယုပ္ပန်တရားတို့ကို တည်တံ့ အောင် ထောက်ပံ့ခြင်း

ဤနှစ်မျိုးကို ကျေးဇူးပြုခေါ်၏။

နည်းနှစ်မျိုး။ မြတ်ဗုဒ္ဓသည် အကြောင်းအကျိုးဆက်သွယ်၍ နာမ်ရုပ် တရားများ ဖြစ်ပေါ်နေပုံကို တွေ့ရှိတော်မူခဲ့၏။ ထိုသို့ အကြောင်းအကျိုး ဆက်သွယ်၍ ဖြစ်ပေါ်နေပုံကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၊ သစ္စာ လေးပါးနည်းဟု နည်းလမ်းသုံးမျိုးဖြင့် ဖော်ထုတ်ဟောပြတော်မူခဲ့၏။ ဤပစ္စည်းပိုင်း၌ ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းဟူ၍ နည်းနှစ်မျိုးဖြင့် ဖြစ်ပုံကို ပြပါမည်။

နည်း ၂ ပါးအထူး

အဝိဇ္ဇာစသော အကြောင်းတရားများဖြစ်ခြင်းကြောင့် သခါရ စသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှကိုသာပြ၍ ပစ္စယသတ္တိထူးကို မပြ သောနည်းသည် ပဋ္ဌိစ္စသမုပ္ပါဒ်နည်းမည်၏။

အကြောင်းပစ္စည်းတရား၊ အကျိုးပစ္စယုပ္ပန်တရား၊ ပစ္စယတ္တိသုံးမျိုး လုံးကို ပြသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။ ဤသို့ထူးပါသည်။

တိုက်တွန်းချက်။ လောကၠ သက်ရှိသက်မဲ့အားလုံးကို ဖန်ဆင်းရှင်က ဖန်ဆင်းထားသလိုလို အချို့ ဟောပြောကြ၏။ အချို့က အကြောင်းမရှိဘဲ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်နေကြသည်ဟု ဟောပြောကြ၏။ လောက

http://www.dhammadownload.com

အကြောင်းကို တိတိကျကျ သိလိုသူသည် ပဋ္ဌာန်းပါဠိတော်ကို ကြည့်ရှုသင့်ပါသည်။ ဆရာကြီးအားဖြင့် ပဋ္ဌာန်းပါဠိကို သင်ပေးသောအခါ သရုပ်ကို နားလည်ရုံသာမက လောကနှင့်ဆက်စပ်၍ သဘောပေါက်အောင် သင်ပေးပါ။

ပဋ္ဌာန်းပါဠိတော်

(ကျက်ရန်)

အဝိဂတပစ္စယော သဓိပတိ၊
သဓိပတိပစ္စယော ဝိပ္ပယုတ္တဓမ္မာ၊
ဝိပ္ပယုတ္တပစ္စယော နာမဉ္စ ရူပံ၊
နာမဉ္စ ရူပပစ္စယော သဟဇာတဓမ္မာ၊
သဟဇာတပစ္စယော ဥပနိဿယော၊
ဥပနိဿယပစ္စယော ပုရေဇာတံ၊
ပုရေဇာတပစ္စယော ပစ္ဆာဇာတာ၊
ပစ္ဆာဇာတပစ္စယော အာသေဝနေ၊
အာသေဝနပစ္စယော ကမ္မံ၊
ကမ္မပစ္စယော ဝိပါကာ၊
ဝိပါကပစ္စယော ကဋတ္တာရူပါနံ၊
အာဟာရပစ္စယော ဣန္ဒြိယေ၊
ဣန္ဒြိယပစ္စယော ဈာနေ၊
ဈာနပစ္စယော မဂ္ဂေ၊
မဂ္ဂပစ္စယော သမ္ပယုတ္တေ၊
သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တေ၊
ဝိပ္ပယုတ္တပစ္စယော အတ္ထိယာ၊
အတ္ထိပစ္စယော နတ္ထိယာ၊
နတ္ထိပစ္စယော ဝိဂတေ၊
ဝိဂတပစ္စယော အဝိဂတေ။

သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။
ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အနက်ပြန်မာပြန်ဆိုပုံ

အဝိဂတပစ္စယော–လေးပါးသစ္စာ၊ ပုဗ္ဗန္တာ – ပရန္တ၊ သုံးပါးမျှနှင့်၊ ပဋ္ဌာန်းပါဠိ၊ ဤရှုစ်ရပ်ကို၊ မပြတ်ပိတ်ကာ၊ အဝိဂတဟူသော အကြောင်းကြောင့်၊ သဓိပတိ–ပုညာပုည၊ အနေဉ္ဇဟု၊ သုံးဝကွဲပြား၊ သဓိပတိရတနာတို့သည်၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

http://www.dhammadownload.com

သခါရပစ္စယာ–သခါရဟူသောအကြောင်းကြောင့်၊ ဝိညာဏံ–လောကီသက်သက်၊ ဝိပါက်တရား၊ ၃၂ ပါးသော ဝိညာဏ်သည်၊ သမ္ဘဝတိ–ဖြစ်၏။

ဝိညာဏပစ္စယာ–ဝိညာဏ်ဟူသောအကြောင်းကြောင့်၊ နာမရူပံ–ဝိပါက်ယှဉ်ဘိ စေတသိက ကမ္မဇဟု နာမ်ရုပ်စုသည်၊ သမ္ဘဝတိ–ဖြစ်၏။

နာမရူပပစ္စယာ–နာမ်ရုပ်ဟူသောအကြောင်းကြောင့်၊ သဠာယတနံ–အဖျ တ္တိကာယတန ၆ ပါး၊ ခြောက်ခုမြောက်သော မနာယတနတရားသည်၊ သမ္ဘဝတိ–ဖြစ်၏။

သဠာယတနပစ္စယာ–အာယတန ခြောက်ပါးဟူသောအကြောင်းကြောင့်၊ ဖဿော–စက္ခုသမ္ဖဿ၊ စသည်ကွဲပြား၊ ခြောက်ဒွါရ၌ဖြစ်သော ဖဿတရားသည်၊ သမ္ဘဝတိ–ဖြစ်၏။

ဖဿပစ္စယာ–ဖဿဟူသောအကြောင်းကြောင့်၊ ဝေဒနာ–စက္ခုသမ္ဖဿဇာ၊ အစလာသည့်၊ ဒွါရစွမ်းအား၊ ခြောက်ပါးပြားသော ဝေဒနာတရားသည်၊ သမ္ဘဝတိ–ဖြစ်၏။

ဝေဒနာပစ္စယာ–ဝေဒနာဟူသောအကြောင်းကြောင့်၊ တဏှာ–ကာမ, ဘဝ, ဝိဘဝဟု သုံးဝတဏှာ အာကာသန္ဉာန် မြောက်ပြန်ဆင့်ပွား တစ်ရာ့ရှစ်ပါးသော တဏှာတရားသည်၊ သမ္ဘတိ – ဖြစ်၏။

တဏှာပစ္စယာ–တဏှာဟူသောအကြောင်းကြောင့်၊ ဥပါဒါနံ–ဥပါဒါန်တရားသည်၊ သမ္ဘဝတိ–ဖြစ်၏။

ဥပါဒါနပစ္စယာ–ဥပါဒါန်ဟူသောအကြောင်းကြောင့်၊ ဘဝေါ–ကမ္မဘဝ ဥပပတ္တိဘဝသည်၊ သမ္ဘဝတိ–ဖြစ်၏။

ဘဝပစ္စယာ–ကမ္မဘဝဟူသောအကြောင်းကြောင့်၊ ဇာတိ–လောကီဝိပါက၊ ကမ္မဇဟု နာမ်ရုပ်စု၏၊ ဥပါဒိခြင်းသည်၊ သမ္ဘဝတိ–ဖြစ်၏။

ဇာတိပစ္စယာ–ဇာတိဟူသောအကြောင်းကြောင့်၊ ဇရာမရဏံ–ဇရာမရဏသည်လည်းကောင်း၊ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ

http://www.dhammadownload.com

ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့သည်လည်းကောင်း၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။ ဇဝံ–ဤအဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့်သာ၊ ကေဝလဿ–ချမ်းသာမဖက် သက်သက်သော၊ ဝါ–အလုံးစုံသော၊ ဇေဿဒုက္ခက္ခန္ဓဿ–ဤဆင်းရဲအစုဏ်၊ သမုဒယော– ဖြစ်ပုံသည်၊ ဟောတိ–ထင်ရှား၏။

ပဋိစ္စသမုပ္ပါဒ်နည်း

နာမ်ရုပ်တရားများကြောင်းကျိုးဆက်သွယ်ဖြစ်

၁။ အမှန်တရားကိုမသိအောင် စိတ်ကိုအမှောင်ချထားမှု အဝိဇ္ဇာဖြစ်ခြင်း ကြောင့် ပြုပြင်စီမံတတ်သော သခါရ (စေတနာ) ဖြစ်ပေါ်လာ၏။

၂။ သခါရ (စေတနာ) ဖြစ်ခြင်းကြောင့် ဝိပါက်ဝိညာဏ်ဖြစ်ပေါ်လာ၏။

၃။ ဝိပါက်ဝိညာဏ်ဖြစ်ခြင်းကြောင့် ယှဉ်ဖက်စေတသိက်နာမ်နှင့် ကမ္မဇရုပ် များ ဖြစ်ပေါ်လာ၏။

၄။ စေတသိက်တရားနှင့် ကမ္မဇရုပ်များဖြစ်ခြင်းကြောင့် အတွင်းအဖျ တွဿန္တာန်၌ စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ, မနဟူသော အာယတန ခြောက်ပါးဖြစ်ပေါ်လာ၏။

၅။ ခန္ဓာကိုယ်၌ အာယတနခြောက်ပါး (သဠာယတန) ဖြစ်ခြင်းကြောင့် အာရုံကို တွေ့ထိမှု ဖဿဖြစ်ပေါ်လာ၏။

၆။ အာရုံကိုထိတွေ့မှု ဖဿဖြစ်ခြင်းကြောင့် အာရုံကိုခံစားမှုဝေဒနာ ဖြစ်ပေါ် လာ၏။

၇။ အာရုံကိုခံစားမှုဝေဒနာဖြစ်ခြင်းကြောင့် အာရုံကိုလိုလားမှုတဏှာ ဖြစ်ပေါ် လာ၏။

၈။ အာရုံကိုလိုလားမှုတဏှာဖြစ်ခြင်းကြောင့် အာရုံကိုစွဲလမ်းမှု ဥပါဒါန် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com

၉။ အာရုံကိုစွဲလမ်းမှု ဥပါဒါန်ဖြစ်ခြင်းကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝ ဖြစ်ပေါ်လာ၏။

၁၀။ ကမ္မဘဝဖြစ်ခြင်းကြောင့် လောကီဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ စတင်ဖြစ်ပေါ်မှု ဇာတိဖြစ်ပေါ်လာ၏။

၁၁။ ဇာတိဖြစ်ခြင်းကြောင့် ရင့်ရော်မှုဇရာ၊ သေကြေပျက်စီးမှုမရဏ၊ စိုးရိမ်ဝမ်းနည်းမှု သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွင်ပင်ပန်းမှု ဥပါယာသတရားများ ဖြစ်ပေါ်လာကြ၏။

ဤသို့ အဝိဇ္ဇာ စသောအကြောင်းတရားများဖြစ်ခြင်းကြောင့်သာ ချမ်းသာမဖက် ဆင်းရဲစုသက်သက်ဖြစ်ပေါ်လာခြင်းမှာ ထင်ရှား၏။ ပြဟ္မာ၊ ဗိဿနိုး တန်ခိုးကြီးမားသောနတ်၊ ဘုရားစသော ဖန်ဆင်းရှင်များ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်မဟုတ်။

ဆောင်။ အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊
ချမ်းသာလိမ့်နိုး၊ ရည်မျှော်ကိုးလျက်၊ သုံးမျိုးမှုကံ၊
ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊ နာမ်ရုပ်ကပ်လျက်၊
၆ ရပ်အာယတန၊ ဖဿ ၆ ဖြာ၊ ဒေဝနာကြောင်း၊
တဏှာ ၆ တန်၊ ဥပါဒါန်နှင့်၊ ဖြစ်ရန်အကြောင်း၊
ကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ၊
အိုနာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊
စိတ်မချမ်းမြေ၊ ပူပန်ရသည်၊ လုံးဝဆင်းရဲစုသာတည်း။

(မဟာစည်ဆရာတော်)

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ်နည်းအပြား

ပဋ္ဌိစ္စသမုပ္ပါဒ်နည်းသည် ဘေဒအားဖြင့်

၁။	အဝိဇ္ဇာ	၁၀။	ဘဝ
၂။	သင်္ခါရ	၁၁။	ဇာတိ
၃။	ဝိညာဏ်	၁၂။	ဇရာ
၄။	နာမ်ရုပ်	၁၃။	မရဏ
၅။	သဠာယတန	၁၄။	သောက
၆။	ဖဿ	၁၅။	ပရိဒေဝ
၇။	ဝေဒနာ	၁၆။	ဒုက္ခ
၈။	တဏှာ	၁၇။	ဒေါမနဿ
၉။	ဥပါဒါန်	၁၈။	ဥပါယာသ

ဤသို့ (၁၈) မျိုး ပြား၏။

အဝိဇ္ဇာပစ္စယာသင်္ခါရာ

အဝိဇ္ဇာ။ သိသင့်သိထိုက်သော အမှန်တရားများကို မသိအောင် စိတ်ကို အမှောင်ခြ ဖုံးကွယ်ပိတ်ကာထားသော မောဟကို အဝိဇ္ဇာခေါ်၏။

ဆောင်။ မိုက်မဲစွာလှ၊ မှောင်ကြီးခြ။ မောဟအဝိဇ္ဇာ။

တရားကိုယ်။ အကုသိုလ်စိတ် ၁၂ ပါးဌ ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။

အဝိဇ္ဇာဖုံးကွယ်ရာ (၈) ဌာန

၁။	သစ္စာ	၄	ပါး
၂။	ပုဗ္ဗန္တ	၁	ပါး
၃။	အပရန္တ	၁	ပါး
၄။	ပုဗ္ဗန္တာပရန္တ	၁	ပါး
၅။	ပဋ္ဌိစ္စသမုပ္ပါဒ်	၁	ပါး
	ပေါင်း	၈	ပါး

http://www.dhammadownload.com

မှတ်ချက်။ ဤ (၈) ဌာနကို မသိအောင် ဖုံးကွယ်ထားခြင်းကိုသာ အဝိဇ္ဇာခေါ်၏။ ဉာဏ်ကြီးရှင်များ၏ အရာသာဖြစ်သော

အကြောင်းအရာများကို တိကျပိုင်နိုင်စွာမသိခြင်းသည် အဝိဇ္ဇာမဟုတ်၊ ပင်ကိုဉာဏ်၏ သတ္တိညံ့ဖျင်းမှုသာဖြစ်၏။

ပုဗ္ဗန္တ။ အတိတ်ဘဝက ဖြစ်ခဲ့သောခန္ဓာ၊ အာယတန၊ ဓာတ်အဖို့အစုကို ပုဗ္ဗန္တခေါ်၏။ ပုထုဇဉ်လူသားများ လွန်ခဲ့သောအတိတ်ဘဝ

ကို မယုံကြည်ခြင်းသည် ယင်းအတိတ်ဘဝက ဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ်အဖို့အစုကို မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားခြင်းကြောင့်ဖြစ်၏။

အပရန္တ။ နောင်အနာဂတ်ဘဝ၌ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်အဖို့အစုကို ''အပရန္တ'' ခေါ်၏။ ပုထုဇဉ်လူသားများ အနာဂတ်

ဘဝကို မယုံကြည်ခြင်းသည် ယင်းအနာဂတ်ဘဝ၌ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်အဖို့အစုကို မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားခြင်းကြောင့်ပင်ဖြစ်၏။

ပုဗ္ဗန္တာပရန္တ။ အတိတ်ဘဝကဖြစ်ခဲ့သော ခန္ဓာ, အာယတန, ဓာတ်အဖို့အစုနှင့် နောင်အနာဂတ်ဘဝ၌ဖြစ်မည့် ခန္ဓာ, အာယတန, ဓာတ်

အဖို့အစုကို ပုဗ္ဗန္တာပရန္တခေါ်၏။ ပုထုဇဉ်လူသားများ အတိတ်ဘဝနှင့် အနာဂတ်ဘဝနှစ်မျိုးလုံးကို မယုံကြည်ခြင်းသည် ယင်းအတိတ်ဘဝနှင့် အနာဂတ်ဘဝတို့၌ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်အဖို့အစုကို မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားခြင်းကြောင့်ပင်ဖြစ်၏။

သခ်ီရာ။ ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရူပ်ဟူသော အကျိုးတရားစုကို ပြုပြင်စီမံတတ်သော လောကီကုသိုလ် အကုသိုလ်စေတနာကို သခ်ီရခေါ်၏။

http://www.dhammadownload.com

တရားကိုယ်။ အကုသိုလ်စိတ် ၁၂ ပါး၊ လောကီကုသိုလ် ၁၇ ပါးဌ ယှဉ်သော စေတနာ (၂၉) ပါးသည် သခါရမည်၏။

သခါရအပြား။ သခါရသည် အောက်ပါအတိုင်း (၃) မျိုးပြား၏။

၁။ ပုညာဘိသခါရ
၂။ အပုညာဘိသခါရ
၃။ အာနေဉ္ဇာဘိသခါရ

ဆောင်။ ပုညာပုည၊ အာနေဉ္ဇ၊ သုံးဝခွဲစိတ်ဖြာ။

ပုညာဘိသခါရ။ ကုသိုလ်ဖြစ်လျက် ပြုလုပ်စီမံတတ်သောတရားသည် ပုညာဘိသခါရမည်၏။

အပုညာဘိသခါရ။ အကုသိုလ်ဖြစ်လျက် ပြုလုပ်စီမံတတ်သောတရားသည် အပုညာဘိသခါရမည်၏။

အာနေဉ္ဇာဘိသခါရ။ ဆန့်ကျင်ဘက်တရားများကြောင့် လှုပ်ရှားမှုမရှိဘဲ တည်တံ့ခိုင်မြဲလျက် ပြုလုပ်စီမံတတ်သောတရားသည် အာနေဉ္ဇာဘိသခါရမည်၏။

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်စိတ် (၈) ပါး၊ ရူပါဝစရကုသိုလ်စိတ် (၅) ပါးဌ ယှဉ်သော စေတနာ (၁၃) ပါးသည် ပုညာဘိသခါရမည်၏။

၂။ အကုသိုလ်စိတ် (၁၂) ပါးဌယှဉ်သော စေတနာ (၁၂) ပါးသည် အပုညာဘိသခါရမည်၏။

၃။ အရူပကုသိုလ်စိတ် (၄) ပါးဌယှဉ်သော စေတနာ (၄) ပါးသည် အာနေဉ္ဇာဘိသခါရမည်၏။

http://www.dhammadownload.com

အဝိဇ္ဇာကြောင့် သခါရဖြစ်ပုံ

မျက်စိနှစ်ဖက်လုံးကန်းနေသူသည် မြေ၌ လှည့်လည်သွားလာနေသောအခါ လမ်းမှားလမ်းမှန် နှစ်မျိုးလုံးကို သွားမိတတ်၏။ မြင့်မောက်နေသော ကုန်းအရပ်နှင့် ချိုင့်ဝှမ်းမြေနိမ့်အရပ် နှစ်မျိုးလုံးကိုလည်း သွားမိတတ်၏။ မြေညီအရပ် မြေမညီသောအရပ် နှစ်မျိုးလုံးကိုလည်း သွားမိတတ်၏။

ထိုနည်းအတူ အဝိဇ္ဇာအမှောင်ထုအတွင်း၌ မွေးဖွားလာသူသည်လည်း အဝိဇ္ဇာအမှောင်ထု ဖုံးကွယ်ပိတ်ကာထားမှုကြောင့် မျက်မှောက်ဘဝ၌ တွေ့ကြုံခံစားရမည့် ဆင်းရဲအမျိုးမျိုးနှင့် တမလွန်ဘဝများ၌ တွေ့ကြုံခံစားရမည့် ဆင်းရဲအမျိုးမျိုးကို အမှန်အတိုင်းမသိမြင်နိုင်ခြင်းကြောင့် ဆင်းရဲကို ချမ်းသာထင်ပြီး လိုချင်သည့်အရာအားလုံးကို ရအောင်အားထုတ်မှု ပုညာဘိသခါရခေါ်သော ကုသိုလ်အမျိုးမျိုးကိုလည်း ပြုလုပ်မိကြ၏။ အပုညာဘိသခါရခေါ်သော မကောင်းမှုအမျိုးမျိုးကိုလည်း ပြုလုပ်မိကြ၏။ အာနေဉ္ဇာဘိသခါရခေါ်သော ကုသိုလ်အမျိုးမျိုးကိုလည်း ပြုလုပ်မိကြ၏။

ပိုးပရန်ကောင်သည် မီးကို အတင်းဝင်တိုးသကဲ့သို့လည်းကောင်း၊ ပျားရည်ကြိုက်သူသည် ပျားရည်သုတ်လိမ်းထားသော ဓားသွားကို လျှာဖြင့် လျက်သကဲ့သို့လည်းကောင်း အဝိဇ္ဇာအမှောင်ထု လွှမ်းမိုးခံနေရသော ပုထုဇဉ် ပုဂ္ဂိုလ်သည် ဘဝကို ဆင်းရဲမှန်းမသိဘဲ ချမ်းသာဟုအထင်မှားခြင်းကြောင့် မိမိဘဝထက်မြင့်မြတ်သောဘဝကို မျှော်လင့်၍ ပုညာဘိသခါရ၊ အနေဉ္ဇာဘိသခါရခေါ်သော ကုသိုလ်အမျိုးမျိုးကို အားရဝမ်းသာ ပြုလုပ်၏။

မစင်ကို ရွှံစရာအဖြစ်မသိတတ်သောကလေးသည် မစင်ကို ကိုင်တွယ်ကစားနေသကဲ့သို့လည်းကောင်း၊ သေချင်နေသူသည် အဆိပ်သောက်ရမှာကို မကြောက်သကဲ့သို့လည်းကောင်း အဝိဇ္ဇာအမှောင်ထု လွှမ်းမိုးခံနေရသူသည် ဘဝနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် မကောင်းကျိုးများကို မသိ

http://www.dhammadownload.com

မြင်ခြင်းကြောင့် ဘဝချမ်းသာရေးအတွက် လူသတ်မှု၊ ခိုးဝှက်လုယက်မှု၊ ကာမဂုဏ်ဖောက်ပြန်မှု၊ သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် နည်းလမ်းအမျိုးမျိုးဖြင့် လိမ်လည်လှည့်ပတ် ပြောဆိုမှု၊ အရက်, မူးယစ်ဆေးဝါးသုံးစွဲမှု စသော အပုညာဘိသင်္ခါရခေါ်သော အကုသိုလ်အမျိုးမျိုးကို ပြုလုပ်လေ့ရှိ၏။

ဤသို့ မသိမှုအဝိဇ္ဇာကို အခြေခံ၍ သင်္ခါရသုံးမျိုး ဖြစ်ပေါ်လာရ၏။

''မိမိဇနီးနှင့် မရောင့်ရဲနိုင်ဘဲ ပြည့်တန်ဆာနှင့် ပျော်ပါးခြင်း၊ သူတစ်ပါးဇနီးတို့နှင့် ပျော်ပါးခြင်းသည် ပျက်စီးခြင်းအကြောင်းဖြစ်၏'' ဟု နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ပရာဘဝသုတ္တန်၌ မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။

လောကသားများသည် ဘုရားဟောတရားတော်များကို ဘာသာရေးတရားအဖြစ် သဘောထားပြီး လူသားများနှင့် မသက်ဆိုင်ဟု ယူဆကာ ဘုရားဟောတရားတော်များကို အလေးမထားခဲ့ကြပေ။ ခေတ်လူသားများသည် ကာမဂုဏ်ခံစားမှုကို လူ့အခွင့်အရေးအဖြစ် အထင်မှားကာ တွေ့ရာကြုံရာသူနှင့် ပျော်ပါးကြ၏။ ထိုသို့ ပျော်ပါးမှုကြောင့် အေအိုင်ဒီအက်စ် ရောဂါ ကူးစက်ပြီး ငယ်ငယ်ရွယ်ရွယ်ဖြင့် အသေစောကြ၏။ အေအိုင်ဒီအက်စ် ရောဂါဖြစ်၍ အသက်အန္တရာယ်ဖြစ်မည်ကို မသိမြင်ခြင်းသည် အဝိဇ္ဇာဖြစ်၏။ ကာမဂုဏ်ဖောက်ပြန်ခြင်းသည် အပုညာဘိသင်္ခါရဖြစ်၏။

သင်္ခါရပစ္စယာဝိညာဏ်

သင်္ခါရ။ သင်္ခါရပစ္စယာဝိညာဏ်၌ အကြောင်းသင်္ခါရအရ ဥဒ္ဓစ္စစေတနာနှင့် အဘိညာဉ်စေတနာတို့ကို မယူရ။

တရားကိုယ်။ ဥဒ္ဓစ္စသဟဂုတ်စေတနာ၊ အဘိညာဉ်စေတနာကြဉ်သော လောကီကုသိုလ် အကုသိုလ်စိတ်တို့၌ယှဉ်သော စေတနာ (၂၈) ပါးသည် သင်္ခါရမည်၏။

http://www.dhammadownload.com

ဝိညာဏ်။ ဝိညာဏ်အရ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ထိုက်သည့်အား လျော်စွာဖြစ်သော လောကီဝိပါက် (၃၂) ပါးကိုသာ ယူရမည်။ ဝဋ်တရားကို ပြဆိုရဖြစ်သောကြောင့် လောကုတ္တရာဝိပါက်စိတ်ကို မယူရ။

တရားကိုယ်။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ၁၉ ပါး၊ ပဝတ္တိအခါ လောကီဝိပါက် ၃၂ ပါးသည် ဝိညာဏ်မည်၏။

ဆောင်။ သန္ဓိ ပဝတ္တိနှစ်မျိုးရှိ၊ ဝိပါက်ဝိညာဏာ။

သခ်ါရနှင့် ဝိညာဏ်တွဲစပ်ပုံ

	သခ်ါရတရား	ဝိပါက်ဝိညာဏ်	
၁။	ပုညာဘိသခ်ါရ	အဟိတ်ကုသလဝိပါက်စိတ်	၈ ပါး
		မဟာဝိပါက်စိတ်	၈ ပါး
		ရူပဝိပါက်စိတ်	၅ ပါး
		ပေါင်း	**၂၁ ပါး**
၂။	အပုညာဘိသခ်ါရ	အကုသလဝိပါက်စိတ်	၇ ပါး
၃။	အာနေဉ္စာဘိသခ်ါရ	အရူပဝိပါက်စိတ်	၄ ပါး

သတ္တဝါများ အတိတ်ဘဝက ဤသို့ အကြောင်းသခ်ါရသုံးမျိုးကို ပြုလုပ်ခဲ့ကြ၏။ ဤ မိမိပြုလုပ်ခဲ့သော သခ်ါရသုံးမျိုး၏ ပြုပြင်စီမံမှုကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ အဘိဓမ္မာအသုံးအနှုန်းဖြင့် ပဋိသန္ဓေအခါ၊ ပဋိသန္ဓေစိတ် ဝိညာဏ်နှင့် ပဝတ္တိအခါ လောကီဝိပါက်စိတ်ဝိညာဏ်များ ဖြစ်ပေါ်ကြရ၏။

ဘဝဟောင်းက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဟူသော အကျိုးဝိပါက် ဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ ယင်းအကျိုးဝိညာဏ်စိတ်သည် ပဋိသန္ဓေစိတ်အမည်ဖြင့် တစ်ကြိမ်ဖြစ်ပြီးနောက် ဘဝင်စိတ်အမည်ဖြင့် အသက်ရှိသမျှကာလပတ်လုံး

http://www.dhammadownload.com

ဆက်ဖြစ်နေ၏။ ယင်းအကျိုးဝိပါက်စိတ် ချုပ်ငြိမ်းခြင်းကို စုတိစိတ် (သေစိတ်) ခေါ်၏။

မွေးဖွားပြီး အသက်ရှင်နေစဉ် ရှုပါရုံကိုမြင်သိသော စက္ခုဝိညာဏ်စိတ်၊ သဒ္ဒါရုံကို ကြားသိသော သောတဝိညာဏ်စိတ်၊ ဂန္ဓာရုံကို နံသိသော ဃာနဝိညာဏ်စိတ်၊ ရသာရုံကို စားသိသော ဇိဝှါဝိညာဏ်စိတ်၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသိသော ကာယဝိညာဏ်စိတ်များ ဖြစ်ပေါ်လေ့ရှိကြ၏။ ထို့နောက် သမ္ပဋိစ္ဆိန်းစိတ်၊ သန္တီရဏစိတ်၊ တဒါရုံဝိပါက်စိတ်များ ဖြစ်ကြ၏။ ဤသို့ စက္ခုဝိညာဏ် စသည်ဖြစ်ပေါ်ခြင်းကို ပဝတ္တိအခါ သခ်ၤဳရကြောင့် ဝိညာဏ် ဖြစ်သည်ဟု ခေါ်၏။

အမှာ။ သခ်ၤဳရကြောင့် ဝိညာဏ်ဖြစ်ပုံကို အကျယ်သိလိုပါက ဝိထိမုတ်ပိုင်း ပါကဋ္ဌာနနှင့် ဝိထိပိုင်း တဒါရမ္မဏနိယမတို့နှင့် ဆက်စပ်လေ့လာပါလေ။

အထူး။ အဝိဇ္ဇာပစ္စယာ သခ်ၤဳရာ၌ ပါဝင်သော အကျိုးသခ်ၤဳရအရ ကုသိုလ်အကုသိုလ်စေတနာအားလုံးကို ယူရ၏။ သခ်ၤဳရပစ္စယာ ဝိညာဏ်၌ ပါဝင်သော အကြောင်းသခ်ၤဳရအရ ပဋိသန္ဓေအခါ ဥဒ္ဓစ္စစေတနာနှင့် ပဝတ္တိအခါ အဘိညာဉ်ကုသိုလ်မှကြွင်းသော လောကီကုသိုလ်၊ အကုသိုလ်စေတနာကိုသာ ယူရ၏။ ဤသို့ထူးပါသည်။

ဝိညာဏပစ္စယာနာမရူပံ

ဤ၌ ဝိညာဏအရ လောကီဝိပါက် ဝိညာဏ်ကို ယူရမည်။ နာမရူပံ အရ ထိုလောကီဝိပါက် ဝိညာဏ်၌ယှဉ်သော စေတသိက်နှင့် ကမ္မဇရူပ်များကိုသာ ယူရမည်။

ဆောင်။ စေတသိက်မူ၊ နာမ်ဟုယူ၊ ရူပ်မူကမ္မဇ။

ပဋိသန္ဓေအခါ ပဋိသန္ဓေဝိညာဏ် ဖြစ်ပေါ်လာသည်ရှိသော် ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရူပ်များ အတူတကွ ဖြစ်ပေါ်လာကြ၏။ ထိုတွင်

http://www.dhammadownload.com

ပဋိသန္ဓေဝိညာဏ်က ရှေ့သွားခေါင်းဆောင်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်ဖြစ်ခြင်းကြောင့်သာ ယှဉ်ဖက်စေတသိက်နှင့် ကမ္မဇရုပ်များ ဖြစ်ပေါ်လာကြရ၏။ ပဋိသန္ဓေဝိညာဏ်မဖြစ်လျှင် စေတသိက်နှင့်ကမ္မဇရုပ်များ မဖြစ်နိုင်ကြ။ ထို့ကြောင့် အထူးအားဖြင့် ပဋိသန္ဓေဝိညာဏ်၊ ယှဉ်ဖက်စေတသိက်၊ ကမ္မဇရုပ်များကိုသာယူသင့်၏။ (ဋီကာကျော် ၂၃၅/၆)

မှတ်ချက်။ အတိတ်ဘဝ၌ ပြုလုပ်ခဲ့သော သခီရက ပြုပြင်စီမံမှုကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာ အမိဝမ်း၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ် ဟူသော သဘာဝတရားသုံးမျိုး ဖြစ်ပေါ်ပြီးနောက် တစ်စတစ်စ ကြီးပွား ဖွံ့ဖြိုးလာခြင်းကို ပဋိသန္ဓေနေသည်၊ ကိုယ်ဝန်ရှိသည်ဟု လောကဌ ပြောဆိုကြ၏။

နာမရူပတရားကိုယ်။ လောကီဝိပါက်စိတ် (၃၂) ပါး၌ယှဉ်သော စေတသိက် (၃၅) ပါးသည် နာမမည်၏။ ကမ္မဇရုပ် (၂၀) သည် ရူပမည်၏။

မှတ်ချက်။ ဝိပါက် ဝိညာဏ်သည် နာမ်မည်သော်လည်း အကြောင်းအဖြစ်ဖြင့် ယူပြီးဖြစ်သောကြောင့် ယင်းဝိပါက်ဝိညာဏ်ကို နာမအရ မယူရတော့ပါ။

နာမရူပပစ္စယာသဠာယတနံ

နာမရူပ။ လောကီဝိပါက်စိတ် ၃၂ ပါး၌ယှဉ်သော စေတသိက် ၃၅ ပါးသည် နာမမည်၏။ ကမ္မဇရုပ် ၂၀ သည် ရူပမည်၏။

သဠာယတန။ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဟူသော အတွင်းအဖျ တ္တကာယတန (၆) ပါးသည် သဠာယတနမည်၏။

ဤနေရာ၌ လောကီဝိပါက် ၃၂ ပါးကို မနာယတနအရ ယူရမည်။ စိတ်အားလုံးကို မယူရ။

http://www.dhammadownload.com

တရားကိုယ်။ ပသာဒရုပ် ၅ ခု၊ လောကီဝိပါက် ၃၂ ခုသည် သဋ္ဌာယတနမည်၏။ ထိုတွင် –

၁။ စက္ခုပသာဒသည် စက္ခာယတနမည်၏။
၂။ သောတပသာဒသည် သောတာယတနမည်၏။
၃။ ဃာနပသာဒသည် ဃာနာယတနမည်၏။
၄။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။
၅။ ကာယပသာဒသည် ကာယာယတနမည်၏။
၆။ လောကီဝိပါက် ၃၂ ခုသည် မနာယတနမည်၏။

ဆောင်။ သဋ္ဌာယတန၊ ခြောက်ဒွါရ၊ မနဝိပါက်သာ။

နာမ်ရုပ်ကြောင့် သဋ္ဌာယတနဖြစ်ပုံ

လူသားဖြစ်ရန် အတိတ်ကံဟူသော သခီါရတရားကြောင့် အမိဝမ်း၌ မိဘသွေးကိုမှီလျက် ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ ဤသို့ဖြစ်ပေါ်လာသည်ကို **သခီါရပစ္စယာဝိညာဏံ** ဟု အထက်ကပြခဲ့ပြီးဖြစ်၏။

ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ပေါ်လာသောအခါ ထိုပဋိသန္ဓေစိတ်နှင့် ယှဉ်တွဲ၍ စေတသိက် ၃၃ ပါးနှင့် ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော အတိတ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များ စတင်ဖြစ်ပေါ်လာ၏။ ဤသို့ ဖြစ်ပေါ်လာသည်ကို **ဝိညာဏပစ္စယာ နာမရူပံ** ဟု အထက်က ပြခဲ့ပြီးဖြစ်၏။

ထိုသို့ ယှဉ်ဖက်စေတသိက်တရားနှင့် ကမ္မဇရုပ်များ ဖြစ်ခြင်းကြောင့် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းပြီးနောက် (၇၇) ရက်ကြာသောအခါ လူသားသန္ဓာန်၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာများ အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။ ကိုယ်နှင့်စိတ်က နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းချိန်မှစ၍ ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် ''နာမ်ရုပ်ကြောင့် သဋ္ဌာယတနဖြစ်ပေါ်လာ၏'' ဟု မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

http://www.dhammadownload.com

မှတ်ချက်။ ပဉ္စဝေါကာရဘုံ၌ အာယတန (၆) ပါးလုံး ဖြစ်နိုင်၏။ အရူပဘုံ၌ ခြောက်ခုမြောက် မနာယတနတစ်ခုသာဖြစ်နိုင်၏။

ပဉ္စဝေါကာရဘုံ၌ အာယတန (၆) ပါးလုံး ဖြစ်နိုင်သည်ဟုဆိုသော်လည်း ရူပဘုံ၌ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန ဟူသော အာယတန (၃) ပါး မဖြစ်နိုင်။ ကာမဘုံ၌သာ အာယတန (၆) ပါးလုံး ဖြစ်နိုင်၏။

သဋ္ဌာယတနပစ္စယာဖဿော

ဤနေရာ၌ သဋ္ဌာယတနအရ ဆိုခဲ့ပြီးသော စက္ခာယတနစသော အာယတန (၆) ပါးလုံးကို ယူရမည်။

ဖဿ။ အာရုံကိုတွေ့ထိခြင်းသဘောကို ဖဿခေါ်၏။ ဖဿနှင့် သမ္ပယုတ်သည် အနက်အားဖြင့်တူ၏။ ထိုသမ္ပယုတ်သည် အောက်ပါအတိုင်း ခြောက်မျိုးပြား၏။

(၁) စက္ခုသမ္ပဿ (၄) ဇိဝှါသမ္ပဿ
(၂) သောတသမ္ပဿ (၅) ကာယသမ္ပဿ
(၃) ဃာနသမ္ပဿ (၆) မနောသမ္ပဿ

တရားကိုယ်ကောက်ပုံ

လောကီဝိပါက် (၃၂) ပါး၌ယှဉ်သော ဖဿစေတသိက်သည် ဖဿမည်၏။ ထိုတွင် –

(၁) စက္ခုဝိညာဏ်စိတ် ၂ ပါး၌ယှဉ်သော ဖဿသည် စက္ခုသမ္ပဿမည်၏။

(၂) သောတဝိညာဏ်စိတ် ၂ ပါး၌ယှဉ်သော ဖဿသည် သောတသမ္ပဿမည်၏။

http://www.dhammadownload.com

(၃) ဃာနဝိညာဏ်စိတ် ၂ ပါး၌ယှဉ်သော ဖဿသည် ဃာနသမ္ဖဿ မည်၏။

(၄) ဇိဝှါဝိညာဏ်တိ ၂ ပါး၌ယှဉ်သော ဖဿသည် ဇိဝှါသမ္ဖဿမည်၏။

(၅) ကာယဝိညာဏ်စိတ် ၂ ပါး၌ယှဉ်သော ဖဿသည် ကာယသမ္ဖဿ မည်၏။

(၆) ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော လောကီဝိပါက် (၂၂) ပါး၌ယှဉ်သော ဖဿသည် မနောသမ္ဖဿမည်၏။

သဠာယတနနှင့် ဖဿ ၆ မျိုးတွဲပုံ

အာယတန	ဖဿ
(၁) စက္ခာယတန	စက္ခုသမ္ဖဿ
(၂) သောတာယတန	သောတသမ္ဖဿ
(၃) ဃာနာယတန	ဃာနသမ္ဖဿ
(၄) ဇိဝှါယတန	ဇိဝှါသမ္ဖဿ
(၅) ကာယာယတန	ကာယသမ္ဖဿ
(၆) မနာယတန	မနောသမ္ဖဿ

ဤသို့ အာယတန (၆) ပါးကြောင့် ဖဿ (၆) ပါး အစဉ်အတိုင်း ဖြစ်ကြ၏။ သတ္တဝါများ၏သန္တာန်၌ စက္ခာယတန (စက္ခုပသာဒ) စသော အာယတနခြောက်မျိုးရှိနေခြင်းကြောင့် ယင်းအာယတနခြောက်မျိုး၌ ရှုပါရုံ စသော ပတ်ဝန်းကျင်အာရုံ (၆) ပါး တွေ့ထိ ထိခိုက်မှုဖြစ်လာ၏။ ဥပမာ– စက္ခုပသာဒရှိနေခြင်းကြောင့် ရှုပါရုံက စက္ခုပသာဒ၌ ထိခိုက်လာသောအခါ မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်) ဖြစ်လာ၏။ ယင်းစက္ခုဝိညာဏ်စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်လာသော ဖဿစေတသိက်ကို စက္ခုသမ္ဖဿခေါ်၏။ ကျန်ဖဿ များကို ဤနည်းအတိုင်းသိပါ။

http://www.dhammadownload.com

မျက်စိ, အဆင်း, မြင်သိစိတ်သုံးမျိုး ပေါင်းဆုံတွေ့ခြင်းကို ဖဿခေါ်၏။ မျက်စိဟူသော စက္ခာယတနဖြစ်၏။ အဆင်းဟူသော ရူပါယတနဖြစ်၏။ မြင်သိစိတ်ဟူသော မနာယတနဖြစ်၏။ ဤသို့ အာယတနသုံးပါးကြောင့် မြင်သိမှုဖြစ်ပြီး စိတ်ထဲ၌ အာရုံကို ထင်ရှားစွာတွေ့ထိသွားခြင်းဖြစ်၏။ ယင်းတွေ့ထိခြင်းကို ဖဿခေါ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

မျက်စိအကြည်ဓာတ် အဆင်းရူပါရုံတို့ကို စွဲမှီလျက် မြင်သိမှု စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏။ မျက်စိအကြည်ဓာတ်၊ အဆင်းရူပါရုံကို မြင်သိမှု စက္ခုဝိညာဏ်စိတ်ဟူသော တရားသုံးမျိုးတို့၏ ပေါင်းဆုံတွေ့ထိခြင်းသည် ဖဿဖြစ်၏။

ဖဿပစ္စယာဝေဒနာ

ဝေဒနာ။ အာရုံ၏အရသာကိုခံစားခြင်းသဘောကို ဝေဒနာခေါ်၏။ ထိုဝေဒနာသည် (၆) မျိုးပြား၏။

(၁) စက္ခုသမ္ဖဿဇာဝေဒနာ (၄) ဇိဝှါသမ္ဖဿဇာဝေဒနာ

(၂) သောတသမ္ဖဿဇာဝေဒနာ (၅) ကာယသမ္ဖဿဇာဝေဒနာ

(၃) ဃာနသမ္ဖဿဇာဝေဒနာ (၆) မနောသမ္ဖဿဇာဝေဒနာ

အာရုံကို တွေ့ထိမှု ဖဿဖြစ်လျှင် ယင်းအာရုံခံစားမှုဝေဒနာဖြစ်ပေါ်လာ၏။ ဖဿဟူသော အတွေ့ဓာတ်မဖြစ်လျှင် ဝေဒနာဟူသော ခံစားမှုသဘော မဖြစ်နိုင်ပေ။ ဖဿဟူသော အတွေ့ဓာတ်ဖြစ်ပေါ်လာသော အခါ ဝေဒနာဟူသော ခံစားမှုဖြစ်ပေါ်လာရ၏။ ထို့ကြောင့် ''ဖဿပစ္စယာ ဝေဒနာ ဖဿကြောင့် ဝေဒနာဖြစ်သည်'' ဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။ အာရုံကိုခံစားမှုဖြစ်ရခြင်းသည် တန်ခိုးရှင်၊ ဖန်ဆင်းရှင်က ဖန်ဆင်းခြင်း

http://www.dhammadownload.com

ကြောင့် ဖြစ်ရသည်မဟုတ်။ အာရုံကို တွေ့ထိမှုကြောင့် ဖြစ်ရ၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်က ခံစားသည်မဟုတ်၊ အာရုံကို တွေ့ထိမှု ဖဿကြောင့် ဝေဒနာစေတသိက်ဟူသော နာမ်တရားက ခံစားခြင်းသာဖြစ်၏။

တရားကိုယ်။ လောကီဝိပါက် (၃၂) ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ ထိုတွင် –

(၁) စက္ခုဝိညာဏ်စိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် စက္ခု သမ္ဖဿဇာဝေဒနာ မည်၏။

(၂) သောတဝိညာဏ်စိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် သောတသမ္ဖဿဇာဝေဒနာ မည်၏။

(၃) ဃာနဝိညာဏ်စိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဃာနသမ္ဖဿဇာဝေဒနာ မည်၏။

(၄) ဇိဝှါဝိညာဏ်စိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဇိဝှါ သမ္ဖဿဇာဝေဒနာ မည်၏။

(၅) ကာယဝိညာဏ်စိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ကာယသမ္ဖဿဇာဝေဒနာ မည်၏။

(၆) ဒွေပဉ္စဝိညာဏ် (၁၀) ကြဉ်သော လောကီဝိပါက် (၂၂) ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် မနောသမ္ဖဿဇာဝေဒနာမည်၏။

အမှာ။ အာရုံအားလျော်စွာ ဝေဒနာသုံးမျိုးကွဲပြား၏။ အလိုမရှိအပ်သော အနိဋ္ဌာရုံကို ခံစားရလျှင် ဒုက္ခဝေဒနာဖြစ်၏။ အလိုရှိအပ်သော ကောင်းသော ကြံဌာရုံကို ခံစားရလျှင် သုခဝေဒနာဖြစ်၏။ အလယ်အလတ်စား ကြံဌမဇ္ဈတ္တာရုံ ကို ခံစားရလျှင် အဒုက္ခမသုခဝေဒနာဖြစ်၏။

နည်းနှစ်မျိုး။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အဘိဓမ္မာနည်း၊ သုတ္တန်နည်း ဟူ၍ နည်းနှစ်မျိုးဖြင့် ဟောတော်မူ၏။ ဝိညာဏ် စသော

http://www.dhammadownload.com

အကြောင်းတရား ငါးမျိုးကို တရားကိုယ်ကောက်ရာ၌ အဘိဓမ္မာနည်းနှင့် သုတ္တန်နည်း ကွဲပြားမှုရှိ၏။

အဘိဓမ္မာနည်းတရားကိုယ်ကောက်ပုံ

၁။ စိတ် ၈၉ ပါးသည် ဝိညာဏ်မည်၏။

၂။ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးသည် နာမ်ရုပ်မည်၏။

၃။ စိတ် ၈၉ ပါး၊ ပသာဒရုပ် ၅ ပါးသည် သင်္ဂါယတနမည်၏။

၄။ စိတ် ၈၉ ပါး၌ယှဉ်သော ဖဿစေတသိက်သည် ဖဿမည်၏။

၅။ စိတ် ၈၉ ပါး၌ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။

ဝိညာဏ်, နာမ်ရုပ်, သင်္ဂါယတန, ဖဿ, ဝေဒနာတို့၏ အရဂို့ ဤသို့ အဘိဓမ္မာနည်းအားဖြင့် အကြွင်းမရှိအောင် တရားကိုယ်ကောက်ယူရ၏။ ဓာတုကထာအရကောက်၌ ဤအဘိဓမ္မာနည်းအတိုင်းပင် ကောက်ပြ၏။ ဤနည်း၌ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး စသည်ဖြင့် ခွဲပြရန် မလိုပေ။

သုတ္တန်နည်း၌မူကား အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး စသည်ဖြင့် ခွဲပြရမည်ဖြစ်၍ ဝိညာဏ် စသည်တို့၏အရကို လောကီဝိပါက်၊ ယင်းလောကီဝိပါက်နှင့်ယှဉ်သော စေတသိက်၊ ကမ္မဇရုပ်တို့ကိုသာ အထက်က ကောက်ပြခဲ့သည့်အတိုင်း ကောက်ယူရ၏။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌မူကား သုတ္တန်နည်းအတိုင်း ကောက်ရ၏။

ဝေဒနာပစ္စယာ တဏှာ

တဏှာ။ အာရုံငါးပါး ကာမဂုဏ်တရားကို တပ်မက်တွယ်တာသော သဘော ကို တဏှာခေါ်၏။ ထိုတဏှာ ညှ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာဟု သုံးမျိုးပြား၏။

http://www.dhammadownload.com

ကာမတဏှာ။ အာရုံခြောက်ပါးကို တပ်မက်တွယ်တာမှုတဏှာသည် ကာမတဏှာမည်၏။ ကာမတဏှာဟူသည် ထမင်းဆာ၊ ရေဆာသူကဲ့သို့ အာရုံ များကို ဆာလောင်တောင့်တမှုသဘောဖြစ်၏။

ဘဝတဏှာ။ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဘဝတဏှာမည်၏။

ဝိဘဝတဏှာ။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့သည် အောက်ပါ အတိုင်း ၆ ပါးစီ ပြားကြ၏။

ကာမတဏှာ ၆ ပါး

၁။ **ရူပတဏှာ** = အဆင်းရူပါရုံကို တပ်မက်တွယ်တာသောတဏှာ၊

၂။ **သဒ္ဒတဏှာ** = အသံသဒ္ဒါရုံကို တပ်မက်တွယ်တာသောတဏှာ၊

၃။ **ဂန္ဓတဏှာ** = အနံ့ဂန္ဓာရုံကို တပ်မက်တွယ်တာသောတဏှာ၊

၄။ **ရသတဏှာ** = အရသာ၊ ရသာရုံကို တပ်မက်တွယ်တာသော တဏှာ၊

၅။ **ဖောဋ္ဌဗ္ဗတဏှာ** = အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်တွယ်တာသော တဏှာ၊

၆။ **ဓမ္မတဏှာ** = ဓမ္မာရုံကို တပ်မက်တွယ်တာသောတဏှာ၊

ဆောင်း။ ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံညစ်တဏှာ။

မှတ်ချက်။ ဘဝတဏှာ၊ ဝိဘဝတဏှာများလည်း အထက်ပါအတိုင်း ၆ ပါးစီ ပြားကြ၏။

တရားကိုယ်။ လောဘမူစိတ် ၈ ပါးဌာယည်သော လောဘစေတသိက်သည် တဏှာမည်၏။ အာရုံခံစားမှုဝေဒနာမဖြစ်လျှင် အာရုံဌ

http://www.dhammadownload.com

တပ်မက်တွယ်တာမှု တဏှာမဖြစ်နိုင်၊ အာရုံခံစားမှုဝေဒနာ ဖြစ်ပေါ်လာသောအခါ ယင်းအာရုံကို တပ်မက်တွယ်တာမှုတဏှာ ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် ''ဝေဒနာပစ္စယာတဏှာ'' ဟု မြတ်ဗုဒ္ဓ ဟောတော်မူခဲ့၏။

အမြဲဆာလောင်နေ

အာရုံကို ဆာလောင်တောင့်တမှုသဘောကို တဏှာခေါ်သည်ဟု အထက်က ရေးခဲ့၏။ အာရုံတစ်ခုခုကို ခံစားမိပြီဆိုပါက ထိုအာရုံကို နောက်ထပ်ခံစားလိုခြင်းကြောင့် လူသည် ထိုအာရုံကို အမြဲဆာလောင်တောင့်တနေတော့၏။ လှပချောမောသော ရူပါရုံကိုတွေ့လျှင် ထိုရူပါရုံကို အမြဲကြည့်ရှုလို၏။ အမြဲကြည့်ရသော်လည်း ကြည့်၍ဝသွားပြီဟု မရှိပေ။ လွန်စွာလှပသော ယောကျ်ား၊ မိန်းမကို တွေ့ရပြီဆိုပါက မခွဲနိုင် မခွာနိုင် အောင် ဖြစ်နေတတ်၏။ ထို မိမိမြင်တွေ့ရသော ယောကျ်ား၊ မိန်းမသာမက အခြားလှပသော ယောကျ်ား၊ မိန်းမကိုတွေ့ရပါကလည်း ထိုနည်းအတိုင်းပင် တပ်မက်တွယ်တာနေပြန်၏။ ထိုသို့ တွယ်တာခြင်းကြောင့် မူလအိမ်ထောင်သည် ယောကျ်ား၊ မိန်းမကို စွန့်ပစ်လျက် မယားငယ်၊ လင်ငယ် ယူကြခြင်းဖြစ်၏။

သာယာဖွယ်ကောင်းသောအသံကို ကြားရသောအခါ၌လည်း ထိုကြားရသောအသံကို တပ်မက်တွယ်တာ၏။ သီချင်းဆိုသံကို နားထောင်၍ ဝသွားပြီဟု လုံးဝမရှိပေ။ မျက်မှောက်ခေတ်လူသားများကို လေ့လာကြည့်ပါက အာရုံများအပေါ်၌ တပ်မက်တွယ်တာမှုအင်အားကြီးမားပုံကို သဘောပေါက်နိုင်၏။ ခေတ်လူသားများသည် မိမိ၏နေအိမ်၌နေထိုင်စဉ် ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြားစက်များကို ဖွင့်လျက် နေ့စဉ် တစ်နေ့လုံး အမြဲကြည့်ရှုနားထောင်နေကြ၏။ ခရီးသွားစဉ် ကား၊ သင်္ဘော၊ မီးရထားများ၌လည်း အမြဲကြည့်ရှုနားထောင်နေကြ၏။ တည်းခိုခန်း၊ စားသောက်ဆိုင်များ၌လည်း အမြဲကြည့်ရှု နားထောင်နေကြ၏။ သို့သော် မည်မျှပင် ကြည့်ရှုနားထောင်

http://www.dhammadownload.com

ရသည်ဖြစ်စေ ရောင့်ရဲသည်၊ ဝသွားပြီဟု မရှိပေ။ အမြဲဆာလောင်မြဲ ဆာလောင်နေကြသည်သာဖြစ်၏။ အဘယ့်ကြောင့် ထိုသို့ ဆာလောင်နေကြသနည်းဆိုသော် ခန္ဓာကိုယ်၌ အဝိဇ္ဇာအမှောင်ထုနှင့် ကာမတဏှာများ အင်အားကြီးများစွာ ဖြစ်ပေါ်နေခြင်းကြောင့်ပင် ဖြစ်၏။

အတွင်းသဘောကိုမြင်အောင်ကြည့်

မှန်၏၊ စိတ်ကို အဝိဇ္ဇာအမှောင်ထု ဖုံးကွယ်ထားခြင်းကြောင့် လူသည် သဘာဝနာမ်ရုပ်တရားများကို မှန်မှန်ကန်ကန် မမြင်နိုင်ဘဲ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် အမှားမြင် အမှားသိလာ၏။ ထိုသို့ အမြင်မှားမှုကြောင့် မြင်သမျှ တွေ့သမျှ အာရုံကို တပ်မက်တွယ်ကာမှု ကာမတဏှာ ဖြစ်လာ၏။ ထို့ကြောင့် လူမှာ သဘာဝတရားများကို မှန်မှန်ကန်ကန် ကြည့်ရှုတတ်သော အသိဉာဏ်ရှိဖို့ လိုအပ်လှ၏။

လူသားများသည် ယောကျ်ား၊ မိန်းမအာရုံကို တွေ့ရသောအခါ အပေါ်ယံကိုကြည့်ပြီး ''လှတယ်၊ ချောတယ်၊ တင့်တယ်တယ်'' ဟု ပြောဆိုကြခြင်းဖြစ်၏။ အတွင်းသဘောကို မြင်အောင်ကြည့်တတ်လျှင် လူ့ခန္ဓာကိုယ်မှာ လိုချင်စရာ တစ်စုံတစ်ရာ မရှိပေ။ ရွံစရာ၊ စက်ဆုပ်စရာများနှင့် ပြည့်နေသည်ကိုသာ တွေ့မြင်ရမည်ဖြစ်၏။ အတွင်းသဘောကို မြင်အောင်ကြည့်တတ်သော အသိဉာဏ်ရရှိရန် မြတ်ဗုဒ္ဓ၏တရားတော်ကို လေ့လာရမည်။ သမထဝိပဿနာတရားကို အားထုတ်ရမည်ဖြစ်၏။ ထိုသို့ လေ့လာအားထုတ်ပါမှ မှန်ကန်သောအသိဉာဏ်များ ဖြစ်ပေါ်လာပြီး အဝိဇ္ဇာအမှောင်ထု တဖြည်းဖြည်းချုပ်ငြိမ်းလာကာ ဆာလောင်မှုတဏှာလည်း ခေါင်းပါးချုပ်ငြိမ်းလာမည်ဖြစ်၏။ အဝိဇ္ဇာ၊ တဏှာ အားနည်းလာသောအခါ လောကထဲ၌ တည်တည်ငြိမ်ငြိမ်နေထိုင်တတ်လာမည်ဖြစ်၏။ ထို့ကြောင့် မိမိသန္တာန်၌ မှန်ကန်သောအသိဉာဏ် ရရှိလာအောင် မြတ်ဗုဒ္ဓတရားတော်ကို စတင်လေ့လာဖို့ တိုက်တွန်းပါသည်။

http://www.dhammadownload.com

တဏှာအစစ် တစ်ရာ့ရှစ်

၁။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ၃ ပါးကိုတည်
အာရုံ ၆ ပါးဖြင့်မြှောက် ၃ × ၆ = ၁၈ ပါး ဖြစ်၏။

၂။ ယင်း ၁၈ ပါးကိုတည်၊ ကာလသုံးပါးဖြင့်မြှောက်၊ ၁၈ × ၃ = ၅၄ ပါးဖြစ်၏။

၃။ ယင်း ၅၄ ပါးကိုတည်၊ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် ၂ ပါးဖြင့်မြှောက်၊ ၅၄ × ၂ = ၁၀၈ ပါး ဖြစ်၏။

ယင်း ၁၀၈ ပါးကို ''တဏှာအစစ် တစ်ရာ့ရှစ်'' ခေါ်၏။

တဏှာပစ္စယာဥပါဒါန်

ဥပါဒါန်။ မြွေကဖားကို ဖမ်းယူထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်း ခိုင်မြဲစွာ အာရုံပြုတတ်၊ ယူတတ်သောကြောင့် လောဘ၊ ဒိဋ္ဌိတို့ကို ဥပါဒါန်ခေါ်၏။

တရားကိုယ်။ လောဘမူစိတ် ၈ ပါး၌ယှဉ်သော လောဘ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ ဒိဋ္ဌိစေတသိက်သည် ဥပါဒါန်မည်၏။

ဥပါဒါန် ၄ ပါး။ ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟု လေးပါးပြား၏။

ဆောင်။ ကာမဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တစွဲသန်၊ ဥပါဒါန်၊ လေးတန်သရုပ်ဖြာ။

ကာမုပါဒါန် ။ ငါးပါးအာရုံ ကာမဂုဏ်၌ စွဲလမ်းတတ်သော လောဘစေတသိက်ကို ''ကာမုပါဒါန်'' ခေါ်၏။

တရားကိုယ် ။ လောဘမူစိတ် ၈ ပါး၌ယှဉ်သော လောဘစေတသိက်သည် ကာမုပါဒါန်မည်၏။

http://www.dhammadownload.com

ဒိဋ္ဌုပါဒါန် ။ သီလဗ္ဗတပရာမာသ၊ အတ္တဝါဒဒိဋ္ဌိတို့မှတစ်ပါး ကျန်ဒိဋ္ဌိအမျိုးမျိုးကို ''ဒိဋ္ဌုပါဒါန်'' ခေါ်၏။

သီလဗ္ဗတုပါဒါန်။ ခွေး၊ နွား စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်နိုင်၏ဟု လွန်လွန်ကဲကဲ စွဲလန်းမှု ဒိဋ္ဌိ စေတသိက်ကို ''သီလဗ္ဗတုပါဒါန်'' ခေါ်၏။

အတ္တဝါဒုပါဒါန် ။ အတ္တရှိ၏ဟု လွန်လွန်ကဲကဲ ပြောဆိုစွဲလမ်းမှု ဒိဋ္ဌိ စေတသိက်ကို ''အတ္တဝါဒုပါဒါန်'' ခေါ်၏။

တရားကိုယ် ။ ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄ ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌုပါဒါန်မည်၏။ သီလဗ္ဗတုပါဒါန် မည်၏။ အတ္တဝါဒုပါဒါန်မည်၏။

တဏှာနှင့် ကာမုပါဒါန်အထူး

၁။ အားသေးသော လိုချင်တပ်မက်မှုသည် တဏှာမည်၏။ အားကြီးသော လိုချင်တပ်မက်မှုသည် ကာမုပါဒါန်မည်၏။

၂။ မိမိလက်သို့ မရောက်သေးသောပစ္စည်းကို ယူခြင်းငှါ အမှောင်ထဲ၌ ခိုးသူတို့၏လက်ကို ဆန့်တန်းသကဲ့သို့မရောက်အပ်၊ မရအပ်သေးသော အာရုံကို တောင့်တခြင်းသည် တဏှာမည်၏။ လက်ထဲသို့ ရောက်ပြီးသော ပစ္စည်းကို ခိုးသူများကိုင်ထားသကဲ့သို့ ရောက်အပ်၊ ရအပ်ပြီးသော အာရုံကို ယူခြင်းသည် ကာမုပါဒါန်မည်၏။

၃။ တဏှာသည် အပ္ပိစ္ဆတာ (မလိုချင်မှု) ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ကာမုပါဒါန်သည် သန္တောသ (တင်းတိမ်ရောင့်ရဲမှု) ၏ ဆန့်ကျင်ဘက်ဖြစ်၏။

၄။ တဏှာသည် ရှာဖွေမှုကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏အကြောင်းရင်းဖြစ်၏။ ကာမုပါဒါန်သည် စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်၏။ တဏှာနှင့် ကာမုပါဒါန် ဤသို့ ထူးခြား၏။

http://www.dhammadownload.com

တဏှာကြောင့် ဥပါဒါန်ဖြစ်

ဥပါဒါနပုဒ်ကို ဥပ–တစ်ပုဒ်၊ အာဒါန–တစ်ပုဒ်ဟု နှစ်ပုဒ် ခွဲရ၏။ ဥပ–သဒ္ဒါက အလွန်အကဲဟူသော အနက်ကိုဟော၏။ ထို့ကြောင့် ဥပသဒ္ဒါကို ''လွန်စွာ၊ မြဲမြံစွာ၊ ပြင်းပြစွာ'' ဟု မြန်မာပြန်ရ၏။ အာဒါနသဒ္ဒါက ''ယူခြင်း၊ ဆုပ်ကိုင်ခြင်း'' ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် ဥပါဒါနပုဒ်ကို ''အာရုံကို အလွန်မြဲမြံ ပြင်းထန်စွာ ယူတတ်၊ ဆုပ်ကိုင်တတ်သော တရား'' ဟု မြန်မာပြန်ရ၏။ လွန်စွာ ပြင်းပြင်းပြပြအာရုံကိုယူခြင်းကို စွဲလမ်းသည်ဟု လောကဌ ပြောဆိုကြ၏။ အာရုံတစ်ခုခုကို ရှေဦးစွာ လိုချင်မှုကို တဏှာခေါ်၏။ ထိုသို့ လိုချင်မှုဖြစ်လာပြီးနောက် ယင်းအပေါ်၌ လိုချင်တပ်မက်မှု အင်အားကြီးမားလာလျက် မမြင်ရ မနေနိုင်၊ မရလျှင် မနေနိုင်သည်အထိ အားကြီးလွန်ကဲလာတတ်၏။ ယင်းအားကြီးလွန်ကဲစွာ လိုချင်မှုကို စွဲလမ်းမှု ဥပါဒါန်ခေါ်၏။ ထိုသို့ လိုချင်မှုတဏှာကို အခြေခံ၍ စွဲလမ်းမှုဖြစ်လာခြင်းကြောင့် ''တဏှာကြောင့် ဥပါဒါန်ဖြစ်သည်'' ဟု မိန့်ကြားတော်မူခြင်းဖြစ်၏။

ကာမုပါဒါန်

အာရုံငါးပါးကို ကာမခေါ်၏။ ယင်းအာရုံငါးပါးကို လိုချင်တပ်မက်လျက် လွန်စွာစွဲလမ်းနေမှုကို ကာမုပါဒါန်ခေါ်၏။ ကာမဘုံသား သတ္တဝါမှန်လျှင် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ အာရုံငါးပါး ကာမဂုဏ်တရားကို လိုချင်ကြ၏။ စွဲလမ်းကြ၏။

အာရုံငါးပါးသည် သဘာဝကဋ္ဌာရုံ၊ ပရိကပ္ပကဋ္ဌာရုံဟု နှစ်မျိုးကွဲပြား၏။ ပကတိလူသားများ အမှန်တကယ် အလိုရှိအပ်သောအာရုံကို သဘာဝကဋ္ဌာရုံခေါ်၏။ လူအများက မနှစ်သက်သော်လည်း အချို့ပုဂ္ဂိုလ်များ စိတ်ထဲ၌ နှစ်သက်လိုလားသောအာရုံကို ပရိကပ္ပကဋ္ဌာရုံ ခေါ်၏။ ဥပမာ–ဇမ္ဗုကစသော အချို့လူသားများနှင့် ခွေးစသော အချို့တိရစ္ဆာန်များ မစင်ကို

http://www.dhammadownload.com

လိုလိုလားလား စားသုံးခြင်းမျိုးဖြစ်၏။ သဘာဝက္ကဋ္ဌာရုံ၊ ပရိကပ္ပက္ကဋ္ဌာရုံ နှစ်မျိုးလုံးကို အာရုံငါးပါးအရယူရ၏။ ရူပါရုံ စသော အာရုံငါးပါး ဆွဲအား ကောင်းပုံကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ကာမဂုဏ်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ်ငါးမျိုး တို့နည်းဟူမူကား –

''မြင်အပ်သူတိုင်း လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ချစ်စရာကောင်းကုန်သော ကာမရာဂနှင့် ဆက်စပ်နေကုန်သော မြင်ရသူတိုင်းကို စွဲမက်စေနိုင်ကုန်သော မျက်စိဖြင့်မြင်အပ်ကုန်သော အဆင်း ရူပါရုံ။

''ကြားရသူတိုင်း လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ ချစ်စရာကောင်းကုန်၊ ကာမရာဂနှင့် ဆက်စပ်ကုန်သော ကြားရသူ တိုင်းကို စွဲမက်စေနိုင်ကုန်သော၊ နားဖြင့်ကြားအပ်ကုန်သော အသံ သဒ္ဒါရုံ။

''နမ်းရှူမိသူတိုင်း လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည်ဖြစ် ၍ ချစ်စရာကောင်းကုန်၊ ကာမရာဂနှင့်ဆက်စပ်ကုန်သော နမ်းရှူသူတိုင်းကို စွဲမက်စေနိုင်ကုန်သော နှာခေါင်းဖြင့် နမ်းရှုအပ်ကုန်သော အနံ့ဂန္ဓာရုံ''။

''စားမိသူတိုင်း လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည်ဖြစ်၍ စားချင်စရာကောင်းကုန်၊ ကာမရာဂနှင့် ဆက်စပ်ကုန်သော စားမိသူတိုင်း ကို စွဲမက်စေနိုင်ကုန်သော လျှာဖြင့်စားအပ်ကုန်သော အရသာမျိုးစုံ ရသာစုံ။

''ထိမိသူတိုင်း လိုလားအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည်ဖြစ်၍ ကိုင်တွယ်ထိတွေ့ချင်စရာကောင်းကုန်သော ကာမရာဂနှင့် ဆက်စပ်ကုန် သော ကိုင်တွယ်ထိမိသူတိုင်းကို စွဲမက်စေနိုင်ကုန်သော ခန္ဓာကိုယ်ဖြင့် ထိတွေ့ အပ်ကုန်သော အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံတို့တည်း။''*

---

* မူလပဏ္ဏာသပါဠိ-၁၁၉။

http://www.dhammadownload.com

အပြန်အလှန်ဆွဲအားကောင်းခြင်း

မြတ်ဗုဒ္ဓသည် အာရုံငါးပါး ဆွဲအားကောင်းပုံကို အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။ ယင်းအာရုံငါးပါးသည် သက်ရှိသက်မဲ့ အရာဝတ္ထုတိုင်း၌ တည်ရှိနေ၏။ သို့သော် ယောကျ်ား၊ မိန်းမခန္ဓာကိုယ်၌ တည်ရှိနေသော အာရုံငါးပါးသည် ပို၍ပို၍ ဆွဲအားကောင်းလှ၏။ မိန်းမခန္ဓာကိုယ်၌ရှိနေသော အာရုံငါးပါးသည် ယောကျ်ား၏စိတ်ကို ပို၍ပို၍ ဆွဲအားကောင်းလှ၏။ ထိုနည်းအတူ ယောကျ်ားခန္ဓာကိုယ်၌ရှိနေသော အာရုံငါးပါးသည် မိန်းမ၏စိတ်ကို ဖမ်းချုပ်ဆွဲယူရာ၌ ပို၍ပို၍ ဆွဲအားကောင်းလှ၏။ ယောကျ်ား၊ မိန်းမ ခန္ဓာကိုယ်၌ ရှိနေကြသော အာရုံငါးပါးသည် ဤသို့ အပြန်အလှန် ဆွဲအားကောင်းလှ၏။

ယောကျ်ားတစ်ယောက်က မိန်းမပျိုတစ်ယောက်ကို တွေ့ရသော အခါ အဆင်းကိုဖြစ်စေ၊ အသံကိုဖြစ်စေ၊ အနံ့ကိုဖြစ်စေ၊ အရသာကိုဖြစ်စေ၊ အတွေ့အထိကိုဖြစ်စေ တစ်ခုခုကို တွယ်တာမိလျှင် ယင်းယောကျ်ားသည် အဆိုပါ မိန်းမပျိုဇ၏အနားက မခွဲနိုင်၊ မခွာနိုင်တော့ဘဲ မိန်းမပျိုဇ၏အနား၌ပင် ရစ်သီရစ်သီဖြင့် နေထိုင်လေ့ရှိ၏။ မိန်းမပျိုကို စတင်တွေ့ချိန်၌ မိန်းမပျိုအပေါ်၌ တပ်မက်တွယ်တာခြင်းသည် တဏှာ အဆင့်ဖြစ်၏။ မခွဲနိုင်၊ မခွာနိုင်ဘဲ အနားမှာ ရစ်သီရစ်သီလုပ်နေခြင်းသည် ဥပါဒါန်အဆင့်ဖြစ်၏။

ရသာရုံရှင်းလင်းချက်

ရသာရုံနှင့်ပတ်သက်၍ လူအတော်များများ နားမရှင်းသည်ကို တွေ့ရ၏။ သို့ပါ၍ ရသာရုံကို ရှင်းပြဖို့လိုမည်ထင်၏။ ယောကျ်ား၊ မိန်းမ ခန္ဓာကိုယ်၌ ရှုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံများ ရှိနေသည်ကို လူတိုင်း သဘောပေါက်သော်လည်း ရသာရုံကို သဘောပေါက်သူ နည်းလှ၏။ မိန်းကလေးကို ကိုက်စား၍ မဖြစ်နိုင်သောကြောင့် ရသာရုံမဖြစ်နိုင်ဟု ပြောဆိုကြသည်ကို တွေ့ရ၏။ မိန်းကလေးတစ်ဦးကို တွယ်တာနေပြီဆိုလျှင် ယင်း

http://www.dhammadownload.com

မိန်းကလေး ရှာဖွေကျွေးမွေးသော အစားအစာ၊ ချက်ပြုတ်ကျွေးမွေးသော အစားအစာများကို စားသုံးရသောယောကျ်ားတ၏ စိတ်ထဲမှာ လွန်စွာ အရသာရှိသည်ဟု ထင်မှတ်နေတတ်တ၏။ မိန်းကလေးက ဟင်းချက်မကောင်းသော်လည်း ဟင်းချက်သူမိန်းကလေးကို ချစ်ခင်တွယ်တာနေခြင်းကြောင့် ယင်းမိန်းကလေးချက်ပြုတ်ကျွေးမွေးသော အစားအစာကို တွယ်တာနေခြင်းဖြစ်တ၏။ စားကောင်းသည်ဟု ယူဆနေခြင်းသာဖြစ်တ၏။ ထိုသို့ ချစ်သူကျွေးမွေးစာကို နှစ်သက်တွယ်တာနေခြင်းကို ရသာရုံကို နှစ်သက်တွယ်တာခြင်းခေါ်တ၏။

ထို့ပြင် မိမိချစ်သူ၊ မိမိဇနီးက ပြုစုလုပ်ကျွေးတာကို ပိုကောင်းသည်ဟု ထင်မှတ်ကာ သာယာနေတတ်တ၏။ ဥပမာ – ထမင်းအစားအစာ ခွံ့ပေးတာ၊ ဆေးလိပ်မီးညှိပေးတာ စသည်များဖြစ်တ၏။ ယင်းကို ပရိဘောဂရသခေါ်တ၏။ ယောကျ်ားခန္ဓာကိုယ်ဖြစ်စေ၊ မိန်းခန္ဓာကိုယ်ဖြစ်စေ လွန်စွာ စက်ဆုပ်ဖွယ်ကောင်းလှတ၏။ စက်ဆုပ်ဖွယ်ကောင်းသော်လည်း ယောကျ်ားခန္ဓာကိုယ်၊ မိန်းမခန္ဓာကိုယ်တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံတစ်ခုခုကို တဏှာဖြင့် တွယ်တာနေပါက ယင်းတဏှာက စိတ်ကို လွှမ်းခိုးထားခြင်းကြောင့် လူ့ခန္ဓာကိုယ်၌ စက်ဆုပ်ဖွယ်အားလုံးကို စက်ဆုပ်ဖွယ်အဖြစ် လူသားများ မမြင်စွမ်းနိုင်ကြတော့ပေ။

မှန်လှတ၏။ တပ်မက်တွယ်တာမှုသည် တဏှာဖြစ်တ၏။ စက်ဆုပ် ရွံရှာခြင်းသည် ဒေါသဖြစ်တ၏။ တဏှာနှင့် ဒေါသသည် ဆန့်ကျင်ဘက်တရားများဖြစ်တ၏။ လူတ၏စိတ်ထဲ၌ ဆန့်ကျင်ဘက်တရား နှစ်မျိုးသည် တစ်ပြိုင်နက် အတူတကွ ဖြစ်ရိုးမရှိပေ။ တဏှာစိတ် ငြိမ်းသွားပြီးမှသာ ဒေါသစိတ် ဖြစ်လာတ၏။ တဏှာကို ငြိမ်းသတ်နိုင်ဖို့မှာ နာမ်ရုပ်သဘာဝတရားများအပေါ်၌ မှန်မှန်ကန်ကန် ကြည့်ရှုနိုင်သော ဝိပဿနာဉာဏ်ရှိဖို့လိုတ၏။ မှန်မှန်ကန်ကန် ကြည့်ရှုနိုင်သော ဝိပဿနာဉာဏ်ရှိဖို့မှာလည်း မြတ်ဗုဒ္ဓတရားတော်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီး လက်တွေ့အားထုတ်ဖို့လိုတ၏။ တဏှာကို အဖော်လုပ်နေသော လောကသားများနေထိုင်ရာ လူ့ပတ်ဝန်းကျင်မှ

http://www.dhammadownload.com

သဘာဝနာမ်ရပ်တရားများအပေါ်၌ မှန်မှန်ကန်ကန် ကြည့်ရှုနိုင်သော ဝိပဿနာအသိဉာဏ်မျိုးကို အမှန်ပင် မရရှိနိုင်ပေ။

ကာမဂုဏ်သရုပ်

အမျိုးသား၊ အမျိုးသမီးများ ခန္ဓာကိုယ်၌ရှိသော အာရုံငါးပါးကိုသာ ကာမဂုဏ်ခေါ်သည်မဟုတ်၊ သက်ရှိသက်မဲ့အရာဝတ္ထုတိုင်း၌ တည်ရှိသော အာရုံငါးပါးကိုလည်း ကာမဂုဏ်ခေါ်၏။ ကာမဂုဏ်သရုပ်ကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း ထုတ်ပြတော်မူခဲ့၏။

''ရဟန်းတို့၊ လယ်ကိုသော်လည်းကောင်း၊ အိမ်ရာမြေ၊ ခြံရာမြေစသော မြေကိုသော်လည်းကောင်း၊ ရွှေငွေကိုသော်လည်းကောင်း၊ နွား၊ မြင်းစသော သက်ရှိသတ္တဝါကိုသော်လည်းကောင်း၊ ကျွန်၊ အစေခံ၊ အလုပ်သမားအခြွေအရံကိုသော်လည်းကောင်း၊ မိန်းမတို့ကိုသော်လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေအပေါင်းကိုသော်လည်းကောင်း အခြားနှစ်သက်ဖွယ်ရာ ကာမဂုဏ်အာရုံကိုသော်လည်းကောင်း အစဉ်မပြတ် ကပ်ငြိတွယ်တာနေသူကို အားမရှိသော ကိလေသာတို့သည် နိုင်ထက်စီးနင်း လွှမ်းမိုးနှိပ်စက်ကြကုန်၏။ ထိုကာမဂုဏ်ကို လိုလားနှစ်သက်နေသူကို အတွင်းရန်၊ အပြင်ရန်များ နှိမ်နင်းနှိပ်စက်ကြ၏။*

အထက်ပါ မြတ်ဗုဒ္ဓစကားတော်အရ ကာမဂုဏ်တရား အများအပြား ရှိကြောင်း ထင်ရှားလှ၏။ လယ်ယာမြေနှင့် လယ်ယာမြေမှထွက်သော ဆန်၊ စပါးစသော အသီးအရွက်များ၊ အိမ်ရာမြေ၊ ခြံရာမြေများနှင့် ယင်းမြေတို့မှ ထွက်သော သစ်ပင်များ၊ အသီးအပွင့်များ၊ ခြံမြေထဲ၌ရှိနေကြကုန်သော ဆိုက်ကား၊ ဆိုင်ကယ်၊ လှည်း၊ ကား၊ အိမ်၊ ရထား၊ ယာဉ်အမျိုးမျိုး၊ ရွှေ, ငွေ, ကျောက်သံပတ္တမြား၊ လောင်စာဆီ၊ ဓာတ်ငွေ့များ၊ နွား၊ မြင်း၊ ဆင်၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသော တိရစ္ဆာန်များ၊ ကျွန်၊ အစေခံ၊

* သုတ္တနိပါတပါဠိ၊ ၃၉၉

http://www.dhammadownload.com

အလုပ်သမားများ၊ အမျိုးသမီးများ၊ မိဘ သားသမီး ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးအပေါင်းအသင်းများ၊ အခြားလောကၦ နှစ်သက်ဖွယ်ရာ သက်ရှိသက်မဲ့ အရာဝတ္ထုများအားလုံးသည် ကာမဂုဏ်တရားများပင် ဖြစ်ကြ၏။ လယ်မြေစသော အဆိုပါအာရုံများကို လူသားများ အလိုရှိအပ်၊ နှစ်သက်တောင့်တအပ်သောကြောင့် ကာမဂုဏ်တရားခေါ်၏။ ထိုအရာများကို ဝတ္ထုကာမခေါ်၏။ အာရုံငါးပါး၏ တည်ရာများဖြစ်ကြ၏။

ထိုအာရုံငါးပါး၏ တည်ရာဝတ္ထုပစ္စည်းများကို ကပ်ငြိတွယ်တာတတ်သော တဏှာ (လောဘ) ကို ကိလေသာကာမ ခေါ်၏။ အဆိုပါ အိမ်ရာမြေ စသော အာရုံများကို လိုလားတောင့်တတတ်သောကြောင့် တဏှာ (လောဘ) ကိုလည်း ကာမဟုခေါ်၏။ ဤကာမကို ကိလေသာကာမခေါ်၏။ ဤကာမ တဏှာကြောင့်ပင် ကာမဘုံ၌ လာဖြစ်ကြသော သတ္တဝါများကို ကာမသတ္တဝါ ဟု ခေါ်ရခြင်းဖြစ်၏။ ကာမဘုံသား သတ္တဝါများသည် ဤကာမတဏှာ ကြောင့်ပင် အိမ်ရာမြေစသော အဆိုပါကာမဂုဏ်တရားများကို လိုလားနေကြခြင်းဖြစ်၏။

ကိလေသာတရားများ လွန်စွာအားနည်း

လူ၏ခန္ဓာကိုယ်၌ ရှိနေကြသော လောဘ (တဏှာ) စသော ကိလေသာများသည် မူလက အင်အားနည်းပါးကြ၏။ မှန်လှ၏။ ကမ္ဘာဦးက လူသားများ၏အခြေအနေကိုကြည့်လျှင် ကိလေသာတရားများ အားနည်းကြပုံကို တွေ့ရမည်သာဖြစ်၏။

''ဝါသေဋ္ဌ၊ ရှည်ကြာသောအချိန်ကာလ ကုန်လွန်သော် တစ်ခါတစ်ရံ ဤလောကသည် ကမ္ဘာသစ်ဖြစ်တည်လာ၏။ ထိုကမ္ဘာသစ်ဖြစ်တည်လာသော အချိန်အခါမျိုးသည် ရှိနေသည်သာဖြစ်၏။ ကမ္ဘာ(လောက) သစ် ဖြစ်တည်လာသည်ရှိသော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရ ပြဟ္မာဘုံမှ စုတေ (သေ) ၍ ဤလူ့ပြည်၌ လာရောက်ဖြစ်ကြ၏။

http://www.dhammadownload.com

ထိုကမ္ဘာဦးကလူတို့သည် စျာန်စိတ်ကြောင့် ဖြစ်လာကြ၏။ နှစ်သက်ခြင်းပီတိဟူသော အစာရှိကြ၏။ မိမိတို့ကိုယ်ရောင်ဖြင့် ထွန်းလင်းတောက်ပနေကြ၏။ ကောင်းကင်၌ ကျက်စားကြ၏။ တင့်တယ်သောနေရာရှိကြသည် ဖြစ်၍ ကြာမြင့်စွာသောကာလပတ်လုံး တည်နေကြ၏။''*

အထက်ပါ မြတ်ဗုဒ္ဓစကားတော်ကို လေ့လာကြည့်လျှင် ကမ္ဘာဦးက လူသားများမှာ မူလက ကိလေသာတရားများနည်းပါးပြီး လူနေမှုဘဝ မြင့်မားလှကြောင်း ထင်ရှား၏။ အာရုံခံစားမှုမရှိသောကြောင့် စိတ်ဓာတ် လွန်စွာသန့်ရှင်းဖြူစင်နေပြီး ကိလေသာတရားများ လွန်စွာအားနည်းနေကြောင်း သိသာလှ၏။

လောကွဲပမာ လူ့ခန္ဓာ

နောက်မှ မြေဆီ၊ မြေဆီလွှာ၊ နွယ်ချို စသည်တို့ကို စားသောက်ကြရာမှ သန့်ရှင်းဖြူစင်နေသောစိတ်အစဉ်မှာ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအညစ်အကြေးများဖြင့် ညစ်ပေလာပြီး ယောကျ်ား၊ မိန်းမ ကွဲပြားလာကြ၏။ ယောကျ်ား၊ မိန်းမ ကွဲပြားလာပြီးနောက် ကာမဂုဏ် ခံစားရာမှစပြီး ကိလေသာတရားများ အားကောင်းလာကြ၏။ ဒုစရိုက်မှုအမျိုးမျိုးကို လွန်ကျူးလာကြ၏။ ဒုစရိုက်မှုများကို လွန်ကျူးခြင်းကြောင့် ပြောမကုန်နိုင်လောက်အောင် ဆင်းရဲအမျိုးမျိုးကို ခံစားနေကြရ၏။ ဤသို့ ဆင်းရဲအမျိုးမျိုးကို ခံစားနေကြရခြင်းသည် လောဘ (တဏှာ) စသော ကိလေသာတရားများက လူကို လွှမ်းမိုးနှိပ်စက်နေကြခြင်းကြောင့်ပင် ဖြစ်၏။

ကိလေသာတရားများသည် လူသားများကို ဤသို့ လွှမ်းမိုး နှိပ်စက်နေကြခြင်းသည် လူ့ခန္ဓာကိုယ်၌ မူလက အင်အားကောင်းနေသောကြောင့် လွှမ်းမိုးနှိပ်စက်နိုင်ခြင်းမဟုတ်ပေ။ လူသားများ၏ခန္ဓာကိုယ်၌ သဒ္ဓါဗလ၊ ဝီရိယဗလ၊ သတိဗလ၊ သမာဓိဗလ၊ ပညာဗလဟူသော စိတ်၏အားငါးမျိုး

* ပါထိကဝဂ္ဂပါဠိတော် - ၇၀

http://www.dhammadownload.com

မရှိခြင်းကြောင့် နှိပ်စက်နိုင်ကြခြင်းဖြစ်၏။ စိတ်၏အားငါးမျိုး အဓိပ္ပာယ်ကို အခြေခံပုဒ္ဓဘာသာယဉ်ကျေးမှုစာအုပ်၌ရှုပါ။ လူ၏ခန္ဓာကိုယ်၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အာရုံများ ဆက်သွယ်ရာ အပေါက်များပါရှိသောကြောင့် လူ့ခန္ဓာကိုယ်သည် လှော်ကွဲနှင့်တူလှ၏။

စိတ်၏အားငါးမျိုးမရှိသောအခါ လှော်ကွဲထဲသို့ ရေများအဆက်မပြတ် ဒလဟော ဝင်လာသကဲ့သို့ လူ၏စိတ်အစဉ်သို့ ကိလေသာတရားများ အတားအဆီးမရှိဘဲ အဆက်မပြတ် ဒလဟောဝင်ရောက်နှိပ်စက်နိုင်ကြ၏။ ထိုသို့ နှိပ်စက်ခြင်းကြောင့် လူသားများမှာ ယခုဘဝမှစ၍ သံသရာတစ်လျှောက်လုံး ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားကြရ၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ထိုသို့ အားမရှိသော ကိလေသာတို့က နိုင်ထက်စီးနင်း လွှမ်းမိုးနှိပ်စက်ခြင်း၊ အတွင်းရန်သူ အပြင်ရန်သူတို့က နှိပ်စက်ခြင်းကြောင့် ထိုကာမဂုဏ်ကို နှစ်သက်တွယ်တာနေသူသို့ ဘဝဆင်းရဲအမျိုးမျိုးသည် နောက်မှ အစဉ်မပြတ် လိုက်ပါနေ၏။ ပေါက်ကွဲနေသောလှော်ထဲသို့ ရေသည် အစဉ်မပြတ် ဒလဟော ဝင်ရောက်လာသကဲ့သို့ဖြစ်၏။''*

ချောင်းထဲမြစ်ထဲမှာ လှော်ဖြင့်သွားလာနေစဉ် တစ်စုံတစ်ရာနှင့် တိုက်မိ၍ လှော်ကွဲသွားသောအခါ ပေါက်ကွဲသွားသောနေရာက ရေများ အစဉ်မပြတ် ဝင်ရောက်လာ၏။ အပေါက်ကြီးလျှင် ရေများများဝင်လာပြီး လှော် နစ်မြုပ်သွားနိုင်၏။ ထို့အတူ အာရုံငါးပါး ကာမဂုဏ်တရားကို မက်မော တွယ်တာနေသူမှာ ယင်းကာမဂုဏ်နှင့်ဆက်စပ်လျက် ခန္ဓာကိုယ်ထဲသို့ ကိလေသာတရားများ အမြဲဝင်ရောက်လာခြင်းကြောင့် မကောင်းမှုဒုစရိုက်မှုများကို ပြုလုပ်မိကြ၏။ ဒုစရိုက်မှုများကို ပြုလုပ်တိုင်း ယင်းမကောင်းမှုများက မကောင်းကျိုးများကိုသာ ဖြစ်ပေါ်စေသဖြင့် လူသားများမှာ ယခုဘဝ

* သုတ္တနိပါတပါဠိတော် - ၃၉၉

http://www.dhammadownload.com

မှစ၍ ဘဝသံသရာတစ်လျှောက်လုံး ဆင်းရဲတရားများ အမြဲလိုက်ပါနေကြပြီး လူသားများကို အမြဲနှိပ်စက်နေကြခြင်းဖြစ်၏။ ကိလေသာတရားနှင့် ဆက်စပ်ပြီး ဆင်းရဲအမျိုးမျိုးကို ခံစားနေရသော်လည်း လူတို့သည် ဆင်းရဲကို ဆင်းရဲဟုမသိဘဲ လူ့သဘာဝဟု အထင်လွဲမှားကာ ယင်းဆင်းရဲများကို ကြိတ်မှိတ်ခံနေကြ၏။

ကာမဂုဏ်ကိုစွန့်လွှတ်နိုင်ရန်

နေပူထဲ၌ အမြဲနေသူသည် အလေ့အကျက်ရနေပြီဖြစ်၍ နေပူမှန်းကို မသိနိုင်သကဲ့သို့ ကာမဂုဏ်နယ်ပယ်ထဲ၌နေလျက် ကာမဂုဏ်ခံစားနေသူသည် ကာမဂုဏ်ကြောင့် ဆင်းရဲပုံကို မသိနိုင်ပေ။ ကာမဂုဏ်ဆင်းရဲကို သိနိုင်ဖို့အတွက် ကာမနယ်ထဲက ရုန်းထွက်လျက် မြတ်ဗုဒ္ဓတရားတော်ကို လေ့လာအားထုတ်သင့်၏။

''လူသည် မြွေ၏ဦးခေါင်းကို မိမိခြေထောက်ဖြင့် မနင်းမိရအောင် အထူးသတိထား ရှောင်ကြဉ်သကဲ့သို့ ကာမဂုဏ်ခံစားမှုကို ရှောင်ကြဉ်ရမည်'' ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။ ကာမဂုဏ်ခံစားမှုကို ရှောင်ကြဉ်ပြီး သတိပဋ္ဌာန်တရားကို ပွားများနေရမည်ဟု အောက်ပါအတိုင်း ဆက်လက် မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ ချမ်းသာကို လိုလားသောသူသည် သတိပဋ္ဌာန်တရားကို နေ့ရောညပါ အခါခပ်သိမ်း ရှုမှတ်ပွားများနေသော် ကာမဂုဏ်တို့ကို ရှောင်ကြဉ်နိုင်ရာ၏။''

ကာမဂုဏ်နှင့် ပျော်ပါးနေသောစိတ်ကို ကာမဂုဏ်မှဆွဲထုတ်ယူပြီး သတိပဋ္ဌာန်တရားအာရုံသို့ တင်ပေးလျက် သတိပဋ္ဌာန်တရားကို ပွားများချိန်များလာသောအခါ ကာမဂုဏ်နှင့်အနေဝေးကာ စိတ်သည် တရားအာရုံ၌ တည်နေပြီး ချမ်းသာနေမည်ဖြစ်၏။ တရားအာရုံ၌ တည်နေလျက် တရားအာရုံနှင့် ပျော်နေသောအခါ ကာမဂုဏ်ခံစားမှုအပေါ်၌ အပြစ်မြင်လာပြီး

http://www.dhammadownload.com

ကာမဂုဏ်ခံစားမှုကို စွန့်လွှတ်နိုင်မည်သာဖြစ်၏။ ကာမဂုဏ်ကို စွန့်လွှတ်နိုင်ရန် မြတ်ဗုဒ္ဓတရားတော်ကို နာယူခြင်း၊ သင်ယူခြင်းဖြင့် လေ့လာပြီး နောက် သတိပဋ္ဌာန် (သမထ၊ ဝိပဿနာ) တရားကို အားထုတ်ရမည် ဖြစ်၏။

တစ်ဖက်ကမ်းသို့ကူးမြောက်နိုင်

လှေကွဲထဲမှရေကို ပက်ထုတ်လျက် လှေကွဲကို လုံအောင်ပိတ်ဆို့ပြီး ဆက်လက်လှော်ခတ်သွားလျှင် မိမိသွားလိုရာတစ်ဖက်ကမ်းသို့ ချောမောစွာ ရောက်နိုင်သကဲ့သို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ကိုယ်၊ စိတ် ဟူသော ကိလေသာဝင်ပေါက်များကို လုံခြုံအောင် ပိတ်ဆို့လျက် သတိပဋ္ဌာန်တရား များကို ကြိုးစားအားထုတ်ကာ သံသရာရေစီးကြောင်းကို ဖြတ်ကူးပါက ခန္ဓာကိုယ်၌ ကိလေသာတရားချုပ်ငြိမ်းပြီး နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ချမ်းချမ်းသာသာဖြင့် အမှန်ပင်ရောက်ရှိနိုင်မည်ဖြစ်၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓက အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။

''ရဟန်းတို့၊ မြွေ၏ဦးခေါင်းကို မိမိခြေဖြင့် မနင်းမိအောင် ရှောင်ကြဉ်သကဲ့သို့ ကာမဂုဏ်ကို ရှောင်ကြဉ်နိုင်သူသည် သတိပဋ္ဌာန်တရားကို ပွားများရှုမှတ်နေသော် လောကဋ္ဌ ဤတဏှာကို ကောင်းစွာကျော်လွန်သွား နိုင်၏။''

''ထို့ကြောင့် နေ့ရောညပါ အခါခပ်သိမ်း သတိပဋ္ဌာန်တရားကို ပွားများလျက် ကာမဂုဏ်တို့ကို ရှောင်ကြဉ်ရာ၏။ ရေဝင်နေသောလှေမှရေကို ပက်ထုတ်၍ တစ်ဖမ်းကမ်းသို့ ကူးဖြတ်သွားသူကဲ့သို့ ထိုကိလေသာတရား တို့ကို ပယ်စွန့်လျက် သံသရာရေစီးကြောင်းကို ဖြတ်ကူးရာ၏။ ဤသို့ ဖြတ်ကူးနိုင်သော် နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်နိုင်ရာ၏။''*

မြတ်ဗုဒ္ဓတရားတော်ကို လေ့လာပြီး မြတ်ဗုဒ္ဓညွှန်ပြတော်မူသော နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးပါက တဏှာကင်းပြတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်၏။ တဏှာမကင်းပြတ်သေး၍ နိဗ္ဗာန်မရောက်မီ

http://www.dhammadownload.com

သံသရာမှာကျင်လည်နေစဉ်မှာလည်း စိတ်ဓာတ်ယဉ်ကျေးနေပြီဖြစ်၍ လူ့ဘုံ နတ်ဘုံတို့၌ဖြစ်လျက် အထက်တန်းကျကျ ချမ်းချမ်းသာသာ ကျင်လည် နေမည်ဖြစ်၏။ မြတ်ဗုဒ္ဓတရားတော်ကို မလေ့လာဘဲနေလျှင် မျက်မှောက် ခေတ် ကမ္ဘာလူသားများကဲ့သို့ တွေ့သမျှကို လိုချင်လျက် တဏှာကို အတော မသတ်နိုင်ဘဲ တဏှာပွားမြဲ ပွားနေကြမည်ဖြစ်၏။ တဏှာပွားရုံသာမက မရလျှင် မနေနိုင်သည်အထိ ဥပါဒါန်တရားများဖြင့် စွဲလန်းကာ သံသရာ၌ ခေါင်းမထောင်နိုင်အောင် နစ်မြုပ်နေကြမည်ဖြစ်၏။

ဥပါဒါနပစ္စယာ ဘဝေါ

ဘဝ ၂ မျိုး

လူသားများ၏သန္တာန်၌ စွဲလန်းမှုဥပါဒါန်ဖြစ်နေလျှင် ဘဝဆက် ဖြစ်နေမည်ဖြစ်၏။ ဘဝသည်လည်း ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးပြား၏။ ဘဝအရ ယင်းဘဝနှစ်မျိုးကိုသာ ယူရမည်။

ကမ္မဘဝ

ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သော ကံတရားကို ကမ္မဘဝခေါ်၏။

တရားကိုယ်

လောကီကုသိုလ်စိတ် ၁၇ ပါး၊ အကုသိုလ်စိတ် ၁၂ ပါးတို့၌ယှဉ် သော စေတနာ (၂၉) ပါးသည် ကမ္မဘဝမည်၏။

ဆောင်။ ကုသလာ ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မဘဝသ'။

သခီရနှင့်ကမ္မဘဝအထူး

ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဖို့ရန် အတိတ်ဘဝကဖြစ်ပေါ်ခဲ့သော စေတနာသည် သခီရမည်၏။

အနာဂတ်ဘဝ၌ အကျိုးပေးဖို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။

http://www.dhammadownload.com

ဥပပတ္တိဘဝ

မိမိပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတရားကြောင့် နောက်ဘဝ၌ ဖြစ်ပေါ်လာသော ဘဝသစ် နာမ်၊ ရုပ်ခန္ဓာဟူသော သတ္တဝါများဖြစ်ရာ ဘဝကို ဥပပတ္တိဘဝခေါ်၏။

တရားကိုယ်

လောကီဝိပါက် ၃၂၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀ သည် ဥပပတ္တိဘဝမည်၏။

ဆောင်။ ဝိပါက်ခန္ဓာ၊ ကဋ္ဌတ္တာဟု၊ ရုပ်နာမ်စု၊ ဥပပတ္တိသာ။

ဥပပတ္တိဘဝ (၉) မျိုး

ဥပပတ္တိဘဝသည် –

၁။	ကမ္မဘဝ	၆။	နေဝသညီနာသညီဘဝ
၂။	ရူပဘဝ	၇။	ဧကဝေါကာရဘဝ
၃။	အရူပဘဝ	၈။	စတုဝေါကာရဘဝ
၄။	သညီဘဝ	၉။	ပဉ္စဝေါကာရဘဝ
၅။	အသညီဘဝ		ဤသို့ ၉ မျိုးပြား၏။

တရားကိုယ်ကောက်ပုံ

ကာမဘဝ။ ကာမဝိပါက် ၂၃၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက် ၃၃၊ ကမ္မဇရုပ် ၂၀ သည် ကာမဘဝမည်၏။

မှတ်ချက်။ အတိတ်ဘဝက မိမိတို့ကိုယ်တိုင်ပြုလုပ်ခဲ့သော ကံတရားကြောင့် ကာမဘုံ၌ ကာမဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ဟူသော နာမ်ရုပ်တရားများ ဖွဲ့စည်းဖြစ်ပေါ်မှုကို ကာမဘဝ၊ ကာမသတ္တဝါခေါ်၏။

http://www.dhammadownload.com

ရူပဘဝ။ ရူပဝိပါက် ၅ ပါး၊ စက္ခုဝိညာဏ် ၂၊ သောတဝိညာဏ် ၂၊ သမ္ပဋ္ဆိစ္ဆိန်း ၂၊ သန္တီရဏ ၃၊ ဝိရတီကြဉ်သော စေတသိက် ၃၅၊ ကျတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဃာန၊ ဇိဝှါ၊ ကာယကြဉ်သော ကမ္မဇရူပ် (၁၅) ပါးသည် ရူပဘဝ မည်၏။

အရူပဘဝ။ အရူပဝိပါက် ၄ ပါး၊ စေတသိက် ၃၀ သည် အရူပဘဝ မည်၏။

သညီဘဝ။ နေဝသညာ နာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ၃၁ ပါး၊ စေတသိက် ၃၅ ပါး၊ ကမ္မဇရူပ် ၂၀ သည် သညီဘဝ မည်၏။

အသညီဘဝ။ ဇိဝိတနဝကဘ ကလာပ်ရူပ်သည် အသညီဘဝမည်၏။

နေဝသညီနာသညီဘဝ။ နေဝသညာနာသညာယတနဝိပါက်စိတ် ၁ ပါး စေတသိက် ၃၀ သည် နေဝသညီနာသညီဘဝမည်၏။

ကေဝေါကာရဘဝ။ ဇိဝိတနဝကဘ ကလာပ်ရူပ်သည် ကေဝေါကာရဘဝ မည်၏။

စတုဝေါကာရဘဝ။ အရူပဝိပါက် ၄ ပါး၊ စေတသိက် ၃၀ သည် စတုဝေါကာရဘဝ မည်၏။

ပဉ္စဝေါကာရဘဝ။ ကာမဝိပါက် ၂၃ ပါး၊ ရူပဝိပါက် ၅ ပါး၊ စေတသိက် ၃၅ ပါး၊ ကမ္မဇရူပ် ၂၀ သည် ပဉ္စဝေါကာရဘဝမည်၏။

မှတ်ချက်။ အထက်ပါ ဘဝ (၉) ပါးကို အကျဉ်းချုပ်ပါက ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟု ဘဝသုံးမျိုးသာရှိ၏။ ဘဝ (၉) ပါးလုံး ယင်းဘဝသုံးမျိုး၌ အကျုံးဝင်သွား၏။

http://www.dhammadownload.com

ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကာမဘဝ။ ကာမဂုဏ်ကို လိုလားမှုကို ကာမတဏှာခေါ်၏။ ထိုကာမတဏှာ၏ ကျက်စားရာ အာရုံပြုရာ နယ်ပယ်ကို ကာမဘုံခေါ်၏။

လူ၏ခန္ဓာကိုယ်ကို ထိုကာမတဏှာဖြင့် ဖွဲ့စည်းထား၏။ ထို့ကြောင့် လူသားများသည် အာရုံငါးပါး ကာမဂုဏ်တရားနှင့် ရင်ဆိုင်တွေ့ကြုံရသော အခါ ထိုအာရုံများအပေါ်၌ နှစ်သက်တွယ်တာမှုဖြစ်လာ၏။ ယင်းနှစ်သက်တွယ်တာမှုကို ကာမတဏှာခေါ်၏။

ထိုကာမတဏှာသည် တဖြည်းဖြည်း ရင့်သန်လာ၏။ ထိုသို့ ရင့်သန်လာမှုကို ကာမုပါဒါန်ခေါ်၏။ ဥပမာ – လူငယ်တစ်ဦးက လှပသော မိန်းကလေးကို စတင်တွေ့ရသောအခါ လိုချင်၏၊ ထိုလိုချင်မှုကို တဏှာခေါ်၏၊ ထိုလိုချင်စိတ်ပျောက်မသွားဘဲ လူငယ်၏စိတ်အစဉ်၌ အင်အားကောင်းလာသောအခါ မိန်းကလေးဆီသွားလျက် ရည်စားစာပေး၏။ မိန်းကလေးက ရည်းစားစာကို လက်ခံယူထားလိုက်၏။ ရည်းစားစာကို လက်ခံချိန်မှစ၍ လူငယ်၏စိတ်ထဲ၌ မိန်းကလေးကိုမမြင်ရလျှင် မနေနိုင်သည်အထိ စွဲလမ်းလာ၏။ ထိုစွဲလမ်းမှုကို ကာမုပါဒါန်ခေါ်၏။

ဥမ္မတ္တကောဝိယ ပုထုဇ္ဇနော – ပုထုဇဉ်သည် အရူးနှင့်တူ၏ဟူသော အဆိုအမိန့်အရ ပုထုဇဉ်ပုဂ္ဂိုလ်များသည် ရာဂရူး၊ ဒေါသရူး၊ မောဟရူးများဖြစ်၏။ အာရုံတစ်ခုခုကို တွေ့ရသောအခါ သင့်မသင့်၊ ကောင်းမကောင်း မစဉ်းစားနိုင်ဘဲ တစ်စုံတစ်ရာကို လိုချင်ရာမှ စွဲမိစွဲရာ စွဲလမ်းလာသည်သာဖြစ်၏။ ထိုသို့ စွဲလမ်းရာ၌ ခန္ဓာကိုယ်မှာ ကာမတဏှာရှိနေရုံသာမက လူသားနေထိုင်ရာ ပတ်ဝန်းကျင်အကြောင်းတရားများလည်း တွန်းအားပေးမှုများစွာပါရှိ၏။ မှန်လှ၏၊ လူသားမွေးဖွားရာ ပတ်ဝန်းကျင်သည် အိုးအိမ်တည်ထောင်လျက် ကာမဂုဏ်ခံစားနေသော ပတ်ဝန်းကျင်ဖြစ်၏။ ပတ်ဝန်းကျင်လူသားများ ကာမဂုဏ်ခံစားနေကြသည်ကို လူငယ်များ တွေ့

http://www.dhammadownload.com

မြင်နေကြရ၏။ ထိုသို့ တွေ့မြင်နေရခြင်းကြောင့် လူငယ်များသန္တာန်၌ ကာမဂုဏ်ကို လိုလားမှု၊ စွဲလမ်းမှုများ ဖြစ်လာကြ၏။ ဤသို့ လိုလားစွဲလမ်းမှုမျိုးကို ''**ဒိဋ္ဌာနုသာရေနဝါ**–မိမိကိုယ်တိုင် မြင်တွေ့နေမှုသို့လိုက်၍ ကာမဂုဏ်ကို လိုလားမှု စွဲလမ်းမှုများ ဖြစ်လာရသည်'' ဟု ပိဋကတ်စာပေ၌ အခိုင်အမာ မိန့်ဆိုထား၏။

ထို့ပြင် လူပတ်ဝန်းကျင်၌ ''သက်ရှိသက်မဲ့အားလုံးကို တန်ခိုးရှင် ဖန်ဆင်းရှင်က ဖန်ဆင်းထား၏။ ယောကျ်ား မိန်းမကို ဖန်ဆင်းပေးထားခြင်းသည် ကာမဂုဏ်ချမ်းသာကို ခံစားစေဖို့ဖြစ်သည်။ ကာမဂုဏ်ခံစားချိန်မှာ ကာမဂုဏ်မခံစားဘဲနေလျှင် လူ့အခွင့်အရေးဆုံးရှုံးသည်။ တိရစ္ဆာန်များကို လူ့အစားအစာအဖြစ် ဖန်ဆင်းထားခြင်းဖြစ်၏။ သတ္တဝါသည် လူချွတ်မှ ဝင့်ကျွတ်သည်၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ကိုသတ်၍ နတ်၊ ဘုရားသခင်အား ပူဇော်ပသပါက ကောင်းကျိုးချမ်းသာဖြစ်၏။ သေလွန်သော အခါ ဘုရားသခင်က ကောင်းကင်ဘုံက ကယ်တင်မည်'' စသည်ဖြင့် မမှန်မကန် ဟောပြောနေကြသည်ကို လူသားများ ကြားနေကြရ၏။ ထိုသို့ မမှန်မကန် ဟောပြောမှုကို နာကြားနေရသူတို့ကို ''**အသဒ္ဓမ္မဿဝနာဒီဟိ ဝဋ္ဋတော**–မှားယွင်းသော ဘာသာတရားကို ကြားနာရခြင်း စသည်တို့ဖြင့် လှည့်ပတ်မှုကို ခံနေရသူ'' ဟု အခိုင်အမာ မိန့်ဆိုထား၏။

ထိုသို့ မမှန်မကန် ဟောပြောမှုကို နာကြားရ၍ လူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်တို့ကို လိုလားစွဲလမ်းမှုမျိုးကို ''**အနုဿဝနဝေနဝါ** – သူတစ်ပါး ဟောပြောသံကို နာကြားရမှုကြောင့်လည်း ကာမဂုဏ်ကို လိုလားစွဲလမ်းမှုများ ဖြစ်လာရသည်'' ဟု အခိုင်အမာမိန့်ဆိုထား၏။ ထိုသို့ စွဲလန်းမှုမျိုးကို ကာမုပါဒါန်ခေါ်၏။

http://www.dhammadownload.com

ကာမုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ထိုသို့ စွဲလမ်းမှုကာမုပါဒါန်ကြောင့် ကာမဂုဏ်ခံစားလိုမှုကို အခြေခံ၍ လူသားအချင်းချင်း သတ်ဖြတ်လုယက်ကြ၏။ ကာမဂုဏ်ဖောက်ပြန်ကြ၏။ သားကောင်များကို သတ်ဖြတ်၍ ယဇ်နတ်ပူဇော်ကြ၏။ ထိုလူတို့ပြုလုပ်အပ်သော အကုသိုလ်ကံကို ကမ္မဘဝခေါ်၏။ ယင်းအကုသိုလ်ကမ္မဘဝက အပါယ်လေးဘုံ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော ဥပပတ္တိဘဝကို ဖြစ်ပေါ်စေ၏။

အချို့လူသားများ မှန်ကန်သော ဘာသာတရားကို ကိုးကွယ်ရသဖြင့် သူတော်ကောင်းတရားများကို နာကြားကြရ၏။ မိဘကောင်း၊ ဆရာသမားကောင်းတို့၏ ဟောပြောဆုံးမမှုကို ကောင်းစွာရရှိကြ၏။ ထို့ကြောင့် မှန်ကန်သော အသိဉာဏ်များ တိုးတက်ဖွံ့ဖြိုးလာပြီး စိတ်ကောင်းထားလျက် လူချမ်းသာ၊ နတ်ချမ်းသာတို့ကို တောင့်တ၍ စွန့်ကြဲလှူဒါန်းမှု၊ သီလကို လုံခြုံအောင် စောင့်ထိန်းမှု၊ အသက်သိက္ခာ ဂုဏ်ဝါကြီးများသူတို့ကို အရိုအသေပြုမှု၊ ရတနာသုံးပါး၊ မိဘဆရာ လူကြီးသူမများနှင့် မကျန်းမာသူများအတွက် ဝေယျာဝစ္စကုသိုလ်ကို ပြုလုပ်မှု စသော ကာမာဝစရကုသိုလ်ကံကို ပြုလုပ်ကြ၏။ ဤသို့ ကာမကုသိုလ်ကံကို ပြုလုပ်မှုကို ကမ္မဘဝခေါ်၏။

ထိုကုသိုလ်ကမ္မဘဝက လူ့ဘုံနတ်ဘုံတို့၌ လူ့ဘဝ နတ်ဘဝဟူသော ဥပပတ္တိဘဝကို ဖြစ်ပေါ်စေ၏။ ဤသို့ ကာမဂုဏ်ချမ်းသာကို စွဲလမ်းမှု ကာမုပါဒါန်ကို အခြေခံ၍ ကုသိုလ်ကံ၊ အကုသိုလ်ကံ ကမ္မဘဝကို ပြုလုပ်ခြင်းကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ် ဥပပတ္တိဘဝနှင့် လူနတ်ဟူသော ကောင်းသောသုဂတိ ဥပပတ္တိဘဝကို ရခြင်းကြောင့် ''ဥပါဒါန်ကြောင့် ကမ္မဘဝ၊ ဥပပတ္တိဘဝ နှစ်မျိုးဖြစ်သည်'' ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။

http://www.dhammadownload.com

ရူပဘဝ၊ အရူပဘဝ။ အချို့ပုဂ္ဂိုလ်များ ''ရူပ၊ အရူပဘုံ၌ ကာမဘုံထက်ပင် ချမ်းသာများ ပို၍ပြည့်စုံ၏'' ဟု ကြားဖူး၍ဖြစ်စေ၊ ကြံစည်ထင်မြင်၍ဖြစ်စေ ထိုချမ်းသာကို စွဲလမ်းလျက် ရူပစျာန်၊ အရူပစျာန်ဟူသော ကမ္မဘဝကို ရအောင် အားထုတ်ကြ၏။ ပြဟ္မာချမ်းသာကို စွဲလမ်းမှု ကာမုပါဒါန်ကြောင့် ရူပစျာန်၊ အရူပစျာန်ကိုရအောင် အားထုတ်မှုကို ကမ္မဘဝ ခေါ်၏။ ထိုသို့ ကမ္မဘဝကို ပြုလုပ်ခြင်းကြောင့် ရူပစျာန်ဟူသော ကမ္မဘဝက ရူပဘုံ၌ ရူပပြဟ္မာဘဝဟူသော ဥပပတ္တိဘဝကို ဖြစ်ပေါ်စေ၏။ အရူပစျာန်ဟူသော ကမ္မဘဝက အရူပဘုံ၌ အရူပပြဟ္မာဟူသော ဥပပတ္တိဘဝကို ဖြစ်ပေါ်စေ၏။

ကာမုပါဒါန်ဖြင့် ရူပစျာန်၊ အရူပစျာန်ဟူသော ကမ္မဘဝကို ပွားများ အားထုတ်ခြင်းကြောင့် ရူပ၊ အရူပစျာန်ဟူသော ကမ္မဘဝက ရူပဘုံ၊ အရူပဘုံ၌ ''ရူပပြဟ္မာ၊ အရူပပြဟ္မာ'' ဟူသော ဥပပတ္တိဘဝကို ဖြစ်ပေါ်စေ၏။ ထို့ကြောင့် ''ဥပါဒါန်ကြောင့် ဘဝဖြစ်သည်'' ဟု ဟောတော်မူခြင်းဖြစ်၏။

မှတ်ချက်။ ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံကို ကြွင်းသောဘဝတို့၌ ရှင်းမပြတော့ပါ။ ကြွင်းသော ဘဝများသည် ကာမ၊ ရူပ၊ အရူပဘဝတို့၌ အကျုံးဝင်ကြ၏။

ဒိဋ္ဌုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အချို့လူသားများသည် ခန္ဓာကိုယ်၌ အတ္တရှိ၏ဟု အယူရှိကြ၏။ ထိုအတ္တသည် လူသေလျှင် ဘဝပြတ်၏ဟု ယူဆကြ၏။ ထိုသူကို ဥစ္ဆေဒဒိဋ္ဌိ အယူရှိသူခေါ်၏။ ထို ဥစ္ဆေဒဒိဋ္ဌိအယူရှိသူသည် ''ငါ၏အတ္တသည် ကာမသုဂတိဘုံ၊ ရူပ အရူပဘုံတို့တွင် တစ်ဘုံဘုံ၌ ပြတ်စဲလျှင် ကောင်းသော ပြတ်စဲခြင်းဖြစ်၏'' ဟု ဥစ္ဆေဒဒိဋ္ဌိဟူသော ဒိဋ္ဌုပါဒါန်ကို အခြေခံလျက် ထိုကာမဘုံ၊ ရူပ အရူပဘုံများသို့ ရောက်ဖို့ရန် မျှော်လင့်၍ ကုသိုလ် ကမ္မဘဝကို ပြုလုပ်၏။ ထိုသို့ပြုလုပ်ရာ၌ အကျင့်မှန်ကိုကျင့်မိလျှင် ရည်ရွယ်ထား

http://www.dhammadownload.com

သော သုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍ အကျင့်လွဲလျှင် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။

အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အချို့ပုဂ္ဂိုလ်သည် လူသေသော်လည်း အတ္တမသေဘဲ ဘဝသစ်သို့ ကူးပြောင်းသွား၏။ အတ္တသည် မြဲ၏ဟု ယူဆလေ့ရှိကြ၏။ ထိုသူကို သဿတဒိဋ္ဌိအယူရှိသူခေါ်၏။ ထိုသဿတဒိဋ္ဌိအယူရှိသူသည် ''ငါ၏အတ္တသည် ကာမသုဂတိဘုံ၊ ရူပ အရူပဘုံတို့၌ဖြစ်လျှင် ကောန်ချမ်းသာ၏၊ အပူကင်း၏'' ဟု အတ္တဝါဒုပါဒါန်ကိုအခြေခံလျက် ထိုကာမသုဂတိဘုံ၊ ရူပ အရူပဘုံသို့ ရောက်ဖို့ရန် မျှော်လင့်၍ ကုသိုလ်ကမ္မဘဝကို ပြုလုပ်၏။ ထိုသို့ပြုလုပ်ရာ၌ အကျင့်မှန်ကို ကျင့်မိလျှင် ရည်ရွယ်ထားသော သုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍ အကျင့်လွဲလျှင် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။

သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ခွေး, နွား စသည်တို့၏ အလေ့အကျင့်ကိုကျင့်လျှင် ကိလေသာမှ လည်း စင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်၏ဟု လွဲမှားစွာ စွဲလမ်း၏။ ထိုသူကို သီလဗ္ဗတုပါဒါန်အယူရှိသူခေါ်၏။ ထိုသူသည် ''ယခု ငါကျင့်နေသောအကျင့်ကို နတ်ပြည်၊ ဗြဟ္မာပြည်၌ကျင့်လျှင် လွယ်ကူစွာ ပြည့်စုံမည်'' ဟု သီလဗ္ဗတုပါဒါန်ကို အခြေခံ၍ ထိုကာမသုဂတိဘုံ၊ ရူပ အရူပဘုံသို့ ရောက်ဖို့ရန် မျှော်လင့်၍ ကံတစ်ခုခုကို ပြုလုပ်၏။ ထိုသို့ပြုလုပ်ရာ၌ အကျင့်မှန်ကိုကျင့်မိလျှင် ရည်ရွယ်ထားသော သုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍ အကျင့်လွဲလျှင် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။ ဤသို့ ဒိဋ္ဌိအမျိုးမျိုးကြောင့် ကမ္မဘဝ၊ ဥပပတ္တိဘဝဟူသော ဘဝနှစ်မျိုးဖြစ်ရ၏။

သညီဘဝ။ ရုန့်ရင်းကြမ်းတမ်းသော အမှတ်သညာရှိသော သတ္တဝါများ၏ ဘဝကို ''သညီဘဝ'' ခေါ်၏။ အသညသတ်ဘုံနှင့် နေဝ

http://www.dhammadownload.com

သညာ နာသညာ ယတနဘုံမှတစ်ပါး ကြွင်း ၂၉ ဘုံက သတ္တဝါများ၏ ဘဝများကို သညီဘဝခေါ်၏။

အသညီဘဝ။ အသညသတ်ပြဟ္မာဘဝကို ''အသညီဘဝ'' ခေါ်၏။

နေဝသညီဘာသညီဘဝ။ ဘဝင်ဘုံဟုခေါ်သော နေဝသညာ နာသညာ ယတနဘုံသား ပြဟ္မာများ၏ဘဝကို ''နောသညီနာသညီဘဝ'' ခေါ်၏။

ဧကဝေါကာရဘဝ။ ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ပြဟ္မာဘဝကို ဧကဝေါကာရဘဝ ခေါ်၏။ အသညီဘဝနှင့်တူ၏။

စတုဝေါကာရဘဝ။ နာမ်ခန္ဓာလေးပါးရှိသော အရူပပြဟ္မာကို စတုဝေါကာရဘဝခေါ်၏။

ပဉ္စဝေါကာရဘဝ။ နာမ်၊ ရုပ်ခန္ဓာငါးပါးလုံးရှိသော ကာမဘုံသားဘဝနှင့် ရူပ (၁၅) ဘုံသား ပြဟ္မာတို့၏ဘဝကို ပဉ္စဝေါကာရဘဝခေါ်၏။

ဘဝပစ္စယာ ဇာတိ

ဘဝ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ ကသာ ဇာတိကိုဖြစ်စေနိုင်သောကြောင့် ''ဘဝပစ္စယာ'' ၌ ဘဝအရ ကမ္မဘဝကိုသာ ယူရမည်။ ဥပပတ္တိဘဝကို မယူရ။

ဇာတိ။ ကာမသတ္တဝါ၊ ရူပသတ္တဝါ၊ အရူပသတ္တဝါများ ရောက်ထိုက်သော ဘုံဘဝ၌ ခန္ဓာကိုယ်အတ္တဘောကို ရရှိခြင်းသည် ဇာတိမည်၏။

ဥပမာ – အတိတ်ဘဝက မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကာမာဝစရ ကုသိုလ်ကံကြောင့် နောက်ဘဝမှာ လူ့ဘုံဝယ် အမိဝမ်း၌ မိဘသွေးကို မှီလျက်–

(၁) မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊

http://www.dhammadownload.com

(၂) ထိုစိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိက်တရား၊

(၃) ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကမ္မဇ ကလာပ်သုံးစည်း။

ဤနာမ်ရုပ်တရားသုံးမျိုး စတင်ဖွဲ့စည်းဖြစ်ပေါ်ချိန် ဥပါဒ်ခဏကို ဇာတိခေါ်၏။ တစ်ဘဝ၌ ထိုသို့ ပထမဆုံးဖြစ်ရာ ဥပါဒ်ခဏကို ဘာသာရေး ဝေါဟာရအားဖြင့် ဇာတိခေါ်၏။ အရပ်သုံးစကားဖြင့် ပဋိသန္ဓေနေသည်ဟု ခေါ်၏။

တရားကိုယ်။ လောကီဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်း၊ ဥပါဒ်သည် ဇာတိမည်၏။ နောက်ဘဝ၌ အကျိုး ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ရှေးဦးစွာဖြစ်ခြင်း ဇာတိသည် မိမိကိုယ်တိုင်ပြုလုပ်သော ကမ္မဘဝကြောင့် ဖြစ်ရ၏။ ထို့ကြောင့် ''ဘဝ ပစ္စယာဇာတိ'' ဟု ဟောတော်မူခြင်းဖြစ်၏။

ဘဝ (၂) မျိုးအထူး

ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝအရ ကမ္မဘဝ၊ ဥပပတ္တိဘဝနှစ်မျိုး လုံးကို ယူရ၏။ ဘဝပစ္စယာ ဇာတိ၌ ဘဝအရ ကမ္မဘဝကိုသာ ယူရ၏။ ဤသို့ထူး၏။

မှတ်ချက်။ ယခု အသက်ရှင်နေသော ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝကြောင့် သေလွန်ပြီးနောက် အနာဂတ်ဘဝမှာ အမိဝမ်း၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်ဟူသော သဘာဝတရားသုံးမျိုး ဖြစ်ပေါ်မှု ဇာတိဖြစ်လာဦးမည်။ ဤသို့ တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ နာမ်ရုပ်တရားများ ဖြစ်ပေါ်နေမှုကို သံသရာခေါ်၏။

http://www.dhammadownload.com

ဇာတိပစ္စယာ ဇရာမရဏံ

ဇရာ။ ဖြစ်ပြီးသော ခန္ဓာကိုယ်အတ္တဘောတို့၏ ရင့်ရော်ခြင်းကို ဇရာ ခေါ်၏။ ထိုဇရာသည် အပါကဋ္ဌဇရာ၊ ပါကဋ္ဌဇရာဟု နှစ်မျိုးရှိ၏။ ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဌိခဏသည် ရင့်ရော်သော ဇရာအခိုက်ဖြစ်၏။ သို့သော် ထိုဇရာသည် လူတို့မျက်မြင်အားဖြင့် မထင်ရှားသောကြောင့် အပါကဋ္ဌဇရာ မည်၏။

ဆံဖြူ၊ သွားကျိုး၊ အသားအရေတွန့်၊ ခါးကုန်းဖြစ်လာအောင် အိုမင်းရင့်ရော်မှုသည် လူတို့မျက်မြင်အားဖြင့် ထင်ရှားသောကြောင့် ပါကဋ္ဌဇရာ မည်၏။

တရားကိုယ်။ လောကီဝိပါက်၊ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ရင့်ရော်ခြင်း ဌိခဏသည် ဇရာမည်၏။

မရဏ။ ပျက်စီးခြင်း၊ သေခြင်းသည် မရဏမည်၏။ ထိုမရဏသည် အပါကဋ္ဌမရဏ၊ ပါကဋ္ဌမရဏဟု နှစ်မျိုးရှိ၏။ ထိုတွင် ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဘင်ခဏသည် ပျက်သောအခိုက် မရဏဖြစ်၏။ သို့သော် ထိုမရဏသည် လူတို့မျက်မြင်အားဖြင့် မထင်ရှားသော အပါကဋ္ဌမရဏမည်၏။

ဘဝတစ်ခုဖြင့် ပိုင်းခြားသတ်မှတ်အပ်သော ဤပစ္စုပ္ပန်ခန္ဓာကိုယ် အဆုံးသတ်ပျက်စီးခြင်းသည် လူတို့မျက်မြင်အားဖြင့် ထင်ရှားသောကြောင့် ပါကဋ္ဌမရဏ မည်၏။

တရားကိုယ်။ လောကီဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း ဘင်ခဏသည် မရဏမည်၏။ ဘဝတစ်ခု၌ ရှေ့ဦးစွာ ဇာတိဟူသော ပဋိသန္ဓေနေမှုကြောင့် ထိုပါကဋ္ဌ၊ အပါကဋ္ဌ ဇရာ မရဏများဖြစ်ကြ၏။ ထို့ကြောင့် အိုမှု (ဇရာ)၊ သေမှု (မရဏ) တို့ ဖြစ်ကြသည်ဟု မိန့်တော်မူခဲ့ခြင်းဖြစ်၏။

http://www.dhammadownload.com

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

သောက။ ဆွေမျိုး၊ ပစ္စည်းဥစ္စာ စသည်တို့၏ ပျက်စီးခြင်းစသော ဗျသန တရားများ တွေ့ထိနှိပ်စက်ခံရသူ၏ ပူပန်ဝမ်းနည်းခြင်းကို သောကခေါ်၏။

တရားကိုယ်။ ဒေါသမူစိတ် နှစ်ပါးဌ်ယှဉ်သော ဒေါမနဿဝေဒနာသည် သောကမည်၏။

ပရိဒေဝ။ ဆွေမျိုးပျက်စီးခြင်းစသော ဗျသနတရားများ တွေ့ထိနှိပ်စက်ခံရသူ၏ နှုတ်ဖြင့် ပြောဆိုငိုကြွေးခြင်းကို ပရိဒေဝ ခေါ်၏။

တရားကိုယ်။ ဆွေမျိုးတို့၏ ပျက်စီးခြင်းစသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသ သဒ္ဒသည် ပရိဒေဝမည်၏။

ဒုက္ခ။ အနာပေါက်ခြင်း၊ ကိုက်ခဲခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း စသည်တို့ကြောင့် ကိုယ်ဆင်းရဲမှုကို ဒုက္ခခေါ်၏။

တရားကိုယ်။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ဌ်ယှဉ်သော ဝေဒနာ စေတသိက်သည် ဒုက္ခမည်၏။

ဒေါမနဿ။ချစ်သူနှင့်ကွဲရခြင်း၊ မုန်းသူနှင့်အတူနေရခြင်း၊ လိုချင်ရာကို မရခြင်း၊ စီးပွားဥစ္စာ ပျက်စီးခြင်းစသော အကြောင်းကြောင့် စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှုကို ဒေါမနဿခေါ်၏။

တရားကိုယ်။ ဒေါသမူစိတ်နှစ်ပါးဌ်ယှဉ်သော ဝေဒနာစေတသိက်သည် ဒေါမနဿမည်၏။

http://www.dhammadownload.com

ဥပါယာသ။ ဆွေမျိုးပျက်စီးခြင်းစသော ဗျသနတရားများ တွေ့ထိနှိပ်စက်ခံရသူမှာ သောက ပရိဒေဝထက် လွန်ကဲလျက် အသံမျှ မထွက်နိုင်အောင် လွန်စွာ စိတ်ဆင်းရဲမှုကြောင့် ဖြစ်ပေါ်လာသော ရှိုက်ကြီးတငင် ဖြစ်ကာ အတွင်းဆွေး ဆွေးသော ဆင်းရဲပင်ပန်းခြင်းကို ဥပါယာသခေါ်၏။

တရားကို ယ်။ ဆွေမျိုးပျက်စီးခြင်း (ဉာတိဗျသန) စသည်တို့ဖြင့် တွေ့သူအား လွန်စွာဖြစ်သော စိတ်ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်းခြင်း၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူစိတ် နှစ်ပါးဌ ယ့ဉ်သော ဒေါသစေတသိက်သည် ဥပါယာသမည်၏။

အထူး။ သောက၊ ပရိဒေဝ၊ ဥပါယာသ တို့၏ ထူးခြားပုံကို အိုးဖြင့် ဆီချက်သည်နှင့် နှိုင်းယှဉ်ပြကြ၏။ ဝမ်းနည်းခြင်းသောကသည် အိုးအတွင်းမှာ ဆီကျက်နေခြင်းနှင့်တူ၏။ ငိုသံထွက်ခြင်း ပရိဒေဝသည် ကျက်အားကြီး၍ ဆီများဝေလျှံတက်ခြင်းနှင့်တူ၏။ အတွင်းဆွေး ဆွေးကာ လွန်စွာ ပူလောင်ခြင်း ဥပါယာသသည် ဝေလျှံပြီးနောက် ကျန်ရစ်သော ဆီများ၏ ကုန်ခမ်းသွားအောင် ကျက်ခြင်းနှင့်တူ၏။

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ

ဤအဝိဇ္ဇာ စသော အကြောင်းတို့ကြောင့်သာ ဤအားလုံးဒုက္ခစု၊ ဒုက္ခတုံး၏ ဖြစ်ခြင်းသာ ထင်ရှား၏ဟု ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်အပေါ်မှာ မြတ်ဗုဒ္ဓ၏ အမြင်ကို တိကျပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။

အကြောင်းအကျိုးဖြစ်ပေါ်ပုံကို ဖော်ပြသောတရားတော်

ပဋိစ္စသမုပ္ပါဒ်တရားတော်သည် ပရမတ်အမြင်ဖြင့် လောကိနယ်ပယ်တွင် နာမ်ရုပ်ပရမတ်တရားများ အကြောင်းအကျိုးဆက်သွယ်လျက် ဖြစ်ပေါ်ပုံကို ဖော်ပြသော တရားတော်ဖြစ်၏။ ပညတ်အမြင်ဖြင့် ၃၁ ဘုံ၌ သတ္တဝါ

http://www.dhammadownload.com

များ အကြောင်းအကျိုးဆက်သွယ်လျက် ဖြစ်ပေါ်ပုံကို ဖော်ပြသော တရားတော်ဖြစ်၏။

အမှောင်ထုထဲကျရောက်နေ

ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် ရှေ့ဦးစွာ ခေါင်ချုပ်အဖြစ် အဝိဇ္ဇာကို ဟောတော်မူ၏။ အဝိဇ္ဇာကို ''တမ၊ အန္ဓကာရ–ဘဝ၏အမှောင်ထု'' ဟု မြတ်ဗုဒ္ဓ ဟောတော်မူခဲ့၏။ ၃၁–ဘုံတွင် သတ္တဝါများ၏ဖြစ်စဉ်ကို ဖော်ပြရာ၌ အဝိဇ္ဇာကို ခေါင်ချုပ်အဖြစ် ရှေ့ဦးစွာ ဟောတော်မူခြင်းကြောင့် လောကသားများအားလုံး အဝိဇ္ဇာအမှောင်ထုအတွင်း၌ ကျရောက်နေကြောင်း ထင်ရှား၏။ ထို့ကြောင့် လူသားတိုင်း မိမိဘဝကို အမှောင်ထုထဲကျရောက်နေသူ မျက်ကန်းအဖြစ် သိထားရန်လို၏။

အထင်မှားခြင်း

ထိုသို့ သိထားပါမှ မိမိဘဝအပေါ်မှာ မှန်မှန်ကန်ကန် ရှုမြင်နိုင်သောကြောင့် မိမိဘဝနှင့် မိမိအကြံ၊ အပြော၊ အလုပ်တို့ကို အထင်ကြီးသော မနာတရား အားနည်းသွားမည်ဖြစ်၏။ မိမိကိုယ်ကို အထင်မကြီးပါမှ ပုဒ္ဓဓမ္မ သံဃာအပေါ်မှာ ယုံကြည်လေးစားစိတ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်၏။ မျက်စိနှစ်ဖက်ကန်းသူသည် လမ်းသွားသောအခါ လမ်းမှန်ကိုရွေး၍ မသွားတတ်ဘဲ လမ်းမဟုတ်သောနေရာသို့သာ အသွားများသကဲ့သို့ အဝိဇ္ဇာအမှောင်ထု လွှမ်းမိုးနေသူသည်လည်း ကုသိုလ် အကုသိုလ်မျှကိုပင် ခွဲခြားမသိခြင်းကြောင့် အကုသိုလ်ကိုသာ ပြုလုပ်မှုများနေတတ်၏။

ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အမြဲဖြစ်ပျက်နေသော နာမ်ရုပ်အစဉ်ကို မပျက်မစီးဘဲ အမြဲရှိနေသောပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအဖြစ် အထင်မှားနေကြခြင်းဖြစ်၏။ ဆင်းရဲလှသောတရားကို ချမ်းသာ

http://www.dhammadownload.com

အဖြစ် အထင်မှားနေကြခြင်းဖြစ်၏။ ငါမဟုတ်သော နာမ်ရုပ်ဖြစ်ပျက်အစဉ်ကို ငါအဖြစ်၊ ငှဲဇနီး၊ ငှဲယောကျ်ားအဖြစ် အထင်မှားနေကြခြင်းဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုလေ့လာလျှင် ယင်းအထင်မှားမှုအားလုံး ပပျောက်သွားပြီး နာမ်ရုပ်ဖြစ်စဉ်ကို အမှန်အတိုင်း တွေ့မြင်လာမည်ဖြစ်၏။

အဝိဇ္ဇာကိုအခြေခံ၍ ပြုလုပ်မှုကြောင့် ဖြစ်ပေါ်မှုအားလုံးသည် ဆင်းရဲစုသက်သက် နာမ်ရုပ်တရားများသာဖြစ်၏။ ချမ်းသာဟူ၍ လုံးဝ မရှိပေ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဖြစ်ခြင်းဟူ၍ မရှိပေ။ လောကၠ ထိုသို့ ဆင်းရဲစုသက်သက်ဖြစ်ပေါ်မှုသည် အဝိဇ္ဇာ စသော အဆင့်ဆင့်သော အကြောင်းတရားများကို အခြေခံ၍ ဖြစ်ခြင်းသာဖြစ်၏။ တစ်စုံတစ်ယောက်သော တန်ခိုးရှင် ဖန်ဆင်းရှင်က ဖန်ဆင်း၍ ဖြစ်ပေါ်ခြင်းမဟုတ်။

ပဋိစ္စသမုပ္ပါဒ်နည်းသိမှတ်ဖွယ်ရာများ

ပဋိစ္စသမုပ္ပါဒ်နည်းကို –

၁။	အဓွန့် (ကာလ)	၃ ပါး
၂။	အင်္ဂါ	၁၂ ပါး
၃။	အခြင်းအရာ	၂၀ ပါး
၄။	အစပ်	၃ ပါး
၅။	အလွှာ (အဖို့အစု)	၄ ပါး
၆။	ဝဋ္ဋ	၃ ပါး
၇။	မူလ	၂ ပါး

ဤသို့ ခွဲစိတ်ဝေဖန်ရမည်။

အဒ္ဓါ။ အမြဲ အဆက်မပြတ် ဖြစ်တတ်သောကြောင့် ကာလကို အဒ္ဓါ (အဓွန့်) ခေါ်၏။

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကာလ ၃ ပါးဖြင့် ဝေဖန်ပုံ

၁။ အဝိဇ္ဇာ၊ သခါရတို့သည် အတိတ်ကာလ၌ ဖြစ်ကြ၏။

၂။ ဇာတိ၊ ဇရာ၊ မရဏ တို့သည် အနာဂတ်ကာလ၌ ဖြစ်ကြ၏။

၃။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်ကုန်၏။

အင်္ဂါ ၁၂ ပါး

၁။ အဝိဇ္ဇာ	၇။ ဝေဒနာ
၂။ သခါရ	၈။ တဏှာ
၃။ ဝိညာဏ်	၉။ ဥပါဒါန်
၄။ နာမ်ရုပ်	၁၀။ ဘဝ
၅။ သဠာယတန	၁၁။ ဇာတိ
၆။ ဖဿ	၁၂။ ဇရာ၊ မရဏ

အင်္ဂါအဖြစ် မရေတွက်ရ

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် ဇာတိ၏ အကျိုးဆက်မျှသာဖြစ်၏။ ဇာတိ၏အကျိုးရင်းမဟုတ်ကြ၊ ထို့ကြောင့် ထိုသောက စသည်တို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ်ဖြင့် မရေတွက်ရ၊ ထိုသို့ အင်္ဂါအဖြစ်ဖြင့် မရေတွက်ရသောကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်သည် အင်္ဂါအားဖြင့် ၁၂ ပါးသာရှိ၏။

မူချအကျိုး၊ နိဿန္ဒအကျိုး

မည်သည့်ဘဝ၌မဆို ဇာတိဖြစ်လျှင် ဇရာ၊ မရဏတို့ ကောန်ရှိရမြဲဖြစ်၏။ ထို့ကြောင့် ဇရာ၊ မရဏသည် ဇာတိ၏မူချအကျိုးဖြစ်၏။

သောက စသည်တို့သည် အချို့နတ်လူများနှင့် ပြဟ္မာများမှာ မဖြစ်ကြ၊ ထို့ကြောင့် သောက စသည်တို့သည် ဇာတိ၏ မူချအကျိုးရင်းမဟုတ်ကြ၊ ဆက်စပ်ဖြစ်ရသော နိဿန္ဒအကျိုး (အကျိုးဆက်) သာ ဖြစ်၏။

http://www.dhammadownload.com

ခြင်းရာ (အပြား) ၂၀

၁။	အတိတ်အကြောင်း	၅	ပါး
၂။	ပစ္စုပ္ပန်အကျိုး	၅	ပါး
၃။	ပစ္စုပ္ပန်အကြောင်း	၅	ပါး
၄။	အနာဂတ်အကျိုး	၅	ပါး
	ပေါင်း ခြင်းရာ	**၂၀**	**ပါး**

အတိတ်အကြောင်း ၅ ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

မှတ်ချက်။ ကာလဖြင့် ဝေဖန်စဉ်က အဝိဇ္ဇာ၊ သင်္ခါရတို့သည် အတိတ်ကာလ၌ဖြစ်၏ဟု ဆိုခဲ့၏။ ကိလေသာဝဋ်အဖြစ်ဖြင့် တူသောကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာ၊ ဥပါဒါန်တို့ကိုယူပြီးဖြစ်၏။ ကမ္မဝဋ်အဖြစ်ဖြင့် တူသောကြောင့် သင်္ခါရကို ယူသဖြင့် ကမ္မဘဝကိုယူပြီး ဖြစ်၏။ ထို့ကြောင့် အတိတ်အကြောင်း ၅ ပါးဖြစ်၏။

ပစ္စုပ္ပန်အကျိုး ၅ ပါး

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

ပစ္စုပ္ပန်အကြောင်း ၅ ပါး

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။

မှတ်ချက်။ ပစ္စုပ္ပန်ကာလ၌ဖြစ်သော တရား (၈) မျိုးတွင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ ပါရှိ၏။ ယင်းတဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကို တိုက်ရိုက်ယူသဖြင့် ကိလေသာဝဋ်ချင်း၊ ကမ္မဝဋ်ချင်းတူသောကြောင့် အဝိဇ္ဇာ၊ သင်္ခါရတို့ကိုလည်း ယူပြီးဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန်အကြောင်း ၅ ပါးဖြစ်၏။

http://www.dhammadownload.com

အစပ် ၃ ပါး

၁။ သခ်ါရနှင့် ဝိညာဏ်၏အကြားသည် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်။

၂။ ဝေဒနာနှင့် တဏှာ၏အကြားသည် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတစ်စပ်။

၃။ ဘဝနှင့် ဇာတိအကြားသည် ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

ပုံစံ။ အဝိဇ္ဇာ၊ သခ်ါရ ↔ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ
ဝေဒနာ ↔ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ↔ ဇာတိ၊ ဇရာ၊ မရဏာ။

အလွှာ ၄ ပါး

၁။	အတိတ်အကြောင်း	တစ်လွှာ
၂။	ပစ္စုပ္ပန်အကျိုး	တစ်လွှာ
၃။	ပစ္စုပ္ပန်အကြောင်း	တစ်လွှာ
၄။	အနာဂတ်အကျိုး	တစ်လွှာ

ဤသို့ ၄ လွှာ၊ ၄ ဖို့ရှိ၏။

ဝဋ် ၃ ပါး

ဝဋ္ဋ သဒ္ဒါသည် ဘီးများလည်နေသကဲ့သို့ လှည့်လည်ခြင်းအနက်ကို ဟော၏။ ထို့ကြောင့် ''အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်း'' ဟု အကြောင်းအကျိုးမပြတ်ဘဲ ဆက်စပ်လည်နေသော ပဋိစ္စသမုပ္ပါဒ်တရားများကို ဝဋ္ဋ (ဝဋ်) ဟု ခေါ်၏။ ထိုဝဋ်သည် အောက်ပါအတိုင်း သုံးမျိုးပြား၏။

၁။ ကိလေသာဝဋ်
၂။ ကမ္မဝဋ်
၃။ ဝိပါကဝဋ်

http://www.dhammadownload.com

ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ဝဋ် ၃ ပါးဖြင့် ဝေဖန်ပုံ

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ကိလေသာဝဋ်မှ မည်၏။

၂။ ကမ္မဘဝဟူသော ဘဝတစ်စိတ်နှင့် သခါရတို့သည် ကမ္မဝဋ်မည်၏။

၃။ ဥပပတ္တိဘဝဟူသော ဘဝတစ်စိတ်နှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် ဝိပါကဝဋ်မှ မည်၏။

ဝဋ်မြစ် ၂ ပါး

ရင်းမြစ်အစကို မူလခေါ်၏။ ထိုမူလသည် အဝိဇ္ဇာ၊ တဏှာဟု နှစ်ပါးရှိ၏။

၁။ အဝိဇ္ဇာ၊ သခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် ရှေ့ပိုင်းစက်တည်း။

၂။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် နောက်ပိုင်းစက်တည်း။

နောက်ပိုင်းစက်၌ တဏှာသည် ရင်းမြစ်မူလအစဖြစ်၏။ ပဋ္ဌိစ္စသမုပ္ပါဒ်တရား၌ ဤသို့ အဝိဇ္ဇာ၊ တဏှာဟု မူလနှစ်ပါးရှိ၏။

ဝဋ်ပြတ်ပျက်စီးခြင်း

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်သွားပါက သစ်ပင်တစ်ပင်လုံး သေပျောက် ပျက်စီးရသကဲ့သို့ ထို့အတူ သံသရာ၌ စည်ပင်နေသည့် သတ္တဝါဟူသော နာမ်ရုပ်ခန္ဓာကိုယ်တွင် အဝိဇ္ဇာ၊ တဏှာဟူသော ဘဝရေသောက်မြစ်နှစ်ခုကို အရဟတ္တမဂ်ဟူသော လက်နက်ကောင်းဖြင့် ဖျက်ဆီးပြတ်တောက်လိုက်လျှင် နာမ်ရုပ်ခန္ဓာကိုယ် အပြီးသတ်ချုပ်ငြိမ်းပျက်စီးသွားနိုင်၏။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ဝဋ်ပြတ် ပျက်စီးပုံကို ဟောတော်မူခြင်း

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊

သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊

ဝိညာဏနိရောဓာ နာမရူပနိရောဓော၊

နာမရူပနိရောဓာ သဠာယတနနိရောဓော

သဠာယတနနိရောဓာ ဖဿနိရောဓော

ဖဿနိရောဓာ ဝေဒနာနိရောဓော

ဝေဒနာနိရောဓာ တဏှာနိရောဓော

တဏှာနိရောဓာ ဥပါဒါနနိရောဓော

ဥပါဒါနနိရောဓာ ဘဝနိရောဓော၊

ဘဝနိရောဓာ ဇာတိနိရောဓော၊

ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

အနက်မြန်မာပြန်ပုံ

အဝိဇ္ဇာယတွေဝ–အဝိဇ္ဇာ၏ပင်လျှင်၊ အသေသ ဝိရာဂ နိရောဓာ–အရဟတ္တိမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော–သင်္ခါရတို့ ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

သင်္ခါရနိရောဓာ – သင်္ခါရတို့၏ချုပ်ခြင်းကြောင့်၊ ဝိညာဏ နိရောဓော – ဝိညာဏ်၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဝိညာဏနိရောဓာ – ဝိညာဏ်၏ချုပ်ခြင်းကြောင့်၊ နာမရူပနိရော ဓော – နာမ်ရုပ်၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

http://www.dhammadownload.com

နာမရူပနိရောဓာ – နာမ်ရုပ်၏ချုပ်ခြင်းကြောင့်၊ သဠာယတန နိရောဓော–တည်ရာအာယတနခြောက်ပါးချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

သဠာယတနနိရောဓာ – တည်ရာအာယတနခြောက်ပါး၏ ချုပ်ခြင်း ကြောင့်၊ ဖဿနိရောဓာ – ဖဿ၏ချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော– ဝေဒနာ၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဖဿနိရောဓာ – ဖဿ၏ချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော– ဝေဒနာ၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဝေဒနာနိရောဓာ – ဝေဒနာ၏ချုပ်ခြင်းကြောင့်၊ တဏှာနိရောဓော– တဏှာ၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

တဏှာနိရောဓာ – တဏှာ၏ချုပ်ခြင်းကြောင့်၊ ဥပါဒါနနိရောဓော– ဥပါဒါန်၏ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဥပါဒါနနိရောဓာ – ဥပါဒါန်၏ချုပ်ခြင်းကြောင့်၊ ဘဝနိရောဓော– ဘဝ၏ချုပ်ခြိုးသည်၊ ဟောတိ – ဖြစ်၏။

ဘဝနိရောဓာ – ဘဝ၏ချုပ်ခြင်းကြောင့်၊ ဇာတိနိရောဓော – ဇာတိ ၏ ချုပ်ခြင်းသည်၊ ဟောတိ – ဖြစ်၏။

ဇာတိနိရောဓာ – ဇာတိ၏ချုပ်ခြင်းကြောင့်၊ ဇရာ မရဏံ – အို ခြင်း (ဇရာ)၊ သေခြင်း (မရဏ) သည်လည်းကောင်း၊ သောကပရိဒေ ဒုက္ခ ဒေါမနဿုပါယာသာ – စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ ခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည်လည်းကောင်း၊ နိရုဇ္ဈန္တိ– ချုပ်ကုန်၏။

ဧဝံ – ဤသို့ အဝိဇ္ဇာစသည်တို့ ချုပ်ခြင်းတို့ကြောင့်သာ၊ ကေဝ လဿ – ချမ်းသာမဖက် သက်သက်သော (ဝါ) အလုံးစုံသော၊ ဇေဿ ဒုက္ခက္ခန္ဓဿ – ဤဆင်းရဲအစုတ်၏ နိရောဓော – ချုပ်ခြင်းသည်၊ ဟောတိ– ထင်ရှား၏။

http://www.dhammadownload.com

ပညာလက်နက်ကောင်းရရှိဖို့လို

ပဋ္ဌိစ္စသမုပ္ပါဒ်ဖြစ်စဉ်မှာ အစအဦး ခေါင်ချုပ်တရားသည် အဝိဇ္ဇာ ဖြစ်၏။ ထို့ကြောင့် လူတို့၏ခန္ဓာကိုယ်၌ အဝိဇ္ဇာအမှောင်ထု ဖြစ်ထွန်းနေပါက လောကထဲမှာ နာမ်ရုပ်အစဉ်အဆက်ဖြစ်လျက် ဆင်းရဲမြဲ ဆင်းရဲနေမည်သာဖြစ်၏။

ပဋ္ဌိစ္စသမုပ္ပါဒ်ပျက်စဉ်မှာလည်း အဝိဇ္ဇာကို အစအဦး ခေါင်ချုပ်အဖြစ် ထားလျက် ဟောတော်မူ၏။ အဝိဇ္ဇာပျက်စီးသွားပါက နာမ်ရုပ်ဖြစ်စဉ်လည်း ပျက်စီးသွားမည်ဟု ဟောတော်မူခဲ့၏။ ထို့ကြောင့် အဝိဇ္ဇာအမှောင်ထုကို ရှေးဦးစွာ ဖောက်ခွဲဖျက်ဆီးပစ်ရမည်ဖြစ်၏။ အဝိဇ္ဇာအမှောင်ထုကို ဖောက်ခွဲဖျက်ဆီးနိုင်ရန် ပညာတည်းဟူသော လက်နက်ရှိဖို့လို၏။ ပညာ လက်နက်ရရှိဖို့ရန် ''သူတော်ကောင်းကို မှီဝဲပေါင်းသင်းရမည်၊ သူတော်ကောင်းတရားကို နာကြားသင်ယူရမည်၊ ဘဝအတွက် မှန်မှန်ကန်ကန်နှလုံးသွင်းနိုင်ရမည်၊ တရားအားလျော်သော အကျင့်ပဋိပတ်ကိုကျင့်ရမည်'' ဟု မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

ထိုအတိုင်းသာ လိုက်နာကျင့်သုံးပါက မိမိစိတ်အစဉ်၌ အဝိဇ္ဇာအမှောင်ထု အားနည်းလာပြီး မြတ်ဗုဒ္ဓတရားတော် အလင်းရောင် ဖြစ်ထွန်းလာမည်ဖြစ်၏။ နောက်ဆုံးမှာ အရဟတ္တမဂ်နှင့် ယှဉ်တွဲဖြစ်သော အရဟတ္တမဂ်ပညာ ဖြစ်ပေါ်လာသောအခါ အဝိဇ္ဇာအမှောင်ထု လုံးဝချုပ်ငြိမ်း ပျက်စီးသွားမည်ဖြစ်၏။ ထို့ကြောင့် အသိဉာဏ်ရှိသော လူ့ဘဝကို ရရှိနေပြီး မြတ်ဗုဒ္ဓသာသနာတော်နှင့်လည်း တွေ့ရှိနေချိန်မှာ ဗုဒ္ဓတရားတော်ကို မဖြစ်မနေ လေ့လာသင့်၏။ အားထုတ်သင့်၏။ အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေပါလျက် မြတ်ဗုဒ္ဓတရားတော်ကို မလေ့လာ မအားထုတ်ဘဲ လူ့ဘဝကို ရရှိနေစဉ် တိုတောင်းလှသော အချိန်အတွင်းမှာ ဘဝပျော်ရွှင်ရေးအတွက်သာ အချိန်မကုန်စေသင့်ပါ။

http://www.dhammadownload.com

အဝိဇ္ဇာ၏အကြောင်းတရား

ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာကို ရှေးဦးစွာ ဆိုထားသောကြောင့် အဝိဇ္ဇာသည် အကြောင်းမရှိဘဲ ဖြစ်သလောဟု ထင်မှတ်ဖွယ်ရှိ၏။ ထိုသို့ မမှတ်သင့်ပေ။

''**အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ**'' ဟူသော စကားကို ထောက်၍ အဝိဇ္ဇာ၏အကြောင်းကား အာသဝေါတရားလေးပါးဖြစ်၏။ အာသဝေါတရားလေးပါးဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ရ၏။

အာသဝေါတရားကြောင့် အဝိဇ္ဇာဖြစ်ပုံ

သောက၊ ဒေါမနဿ၊ ဥပါယာသတို့သည် ဒေါသမူစိတ်၌ ယှဉ်ကြ၏။ ''**ကာမတော ဇာယတေ သောကော**'' ဟူသော မြတ်ဗုဒ္ဓစကားတော်အရ ချစ်ခင်နှစ်သက်တတ်သော ကာမာသဝကြောင့် ထိုသောက စသည်တို့ လူ၏စိတ်အစဉ်၌ ဖြစ်ပေါ်လာရ၏။ လွန်စွာချစ်ခင်သူတစ်ယောက် ပျက်စီးခြင်းကြောင့် လူသား၏သန္တာန်၌ ထိုသောက၊ ဒေါမနဿ၊ ဥပါယာသတရားများ ဖြစ်ပေါ်လာသောအခါ အဝိဇ္ဇာဟူသော မောဟသည်လည်း ဒေါသမူစိတ်၌ အမြဲယှဉ်တွဲပါလာ၏။ ဝိကြွေးမှု ပရိဒေဝသည်လည်း အဝိဇ္ဇာမကင်းသေးသူများ၌သာ ဖြစ်လေ့ရှိ၏။ ကိုယ်ဆင်းရဲမှုဖြစ်သောအခါ စိတ်ဆင်းရဲမှု ဒေါမနဿနှင့် အဝိဇ္ဇာတို့ ဆက်လက်ဖြစ်ပေါ်လာကြ၏။ ဤသို့ သောက စသည်တို့ဖြစ်သောအခါ အဝိဇ္ဇာလည်း အတူတကွဖြစ်စေ၊ ရှေ့အဖို့ နောက်အဖို့၌ဖြစ်စေ၊ အမြဲမပြတ် ယှဉ်တွဲပါလာ၏။ ထို့ကြောင့် အာသဝတရားကြောင့် အဝိဇ္ဇာဖြစ်ရသည်ဟု မိန့်တော်မူခြင်းဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်

အဆက်မပြတ် ဖွဲ့စပ်လျက် ဘုံသုံးပါး၌အကျုံးဝင်သော အစလည်းမရှိသော ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူသော ဝဋ်တရားသုံးပါးကို

http://www.dhammadownload.com

စက်ရဟတ်ပမာ အမြဲလည်နေသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားဟူ၍ ဘုရားရှင် ဟောတော်မူခဲ့၏။

ဝဋ်ဆင်းရဲ၌ကျင်လည်နေပုံကို သိစေလို

ဘုံသုံးပါး၌ အကျုံးဝင်သော နာမ်ရုပ်တရားသည် ဒြပ်အဖြစ် ဖွဲ့စည်းလျက် အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဟူ၍ ကာလသုံးပါး ပြတ်မသွားအောင် အကြောင်းအကျိုးဆက်စပ်၍ တစ်ဘဝပြီးတစ်ဘဝ ဘဝ စက်ရဟတ်ပမာ မပြတ်လည်လျက် ဖြစ်ပေါ်နေကြ၏။

ထိုသို့ဖြစ်ပေါ်ရာ၌ ''ဘယ်အချိန်က စဖြစ်ခဲ့သည်၊ ဘယ်တရားက စဖြစ်ခဲ့သည်'' ဟု အစလည်းမရှိပေ။ ပုထုဇဉ်သတ္တဝါများသည် နာမ်ရုပ် သဘာဝတရားများ အကြောင်းအကျိုးဆက်သွယ်လျက် ကံအားလျော်စွာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နှင့် သံသရာဇာတ်ပုံပေါ်၌ သရုပ်ဖော် ကပြနေကြသည်ကို မသိမြင်နိုင်ကြပေ။ ထိုသို့ မသိမြင်ခြင်းမှာ လည်း အဝိဇ္ဇာအမှောင်ထုအတွင်း ကျရောက်နေခြင်းကြောင့်ဖြစ်၏။ ထိုသို့ အဝိဇ္ဇာအမှောင်ထုအတွင်း ကျရောက်ပြီး သံသရာဝဋ်ဆင်းရဲ၌ ကျင်လည် နေကြပုံကို သတ္တဝါများ သိရှိနိုင်စေရန် မြတ်ဗုဒ္ဓသည် ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာ တော်ကို ဟောတော်မူခဲ့ခြင်းဖြစ်၏။

လေ့ကျင့်ခန်းမေးခွန်း

၁။ ပစ္စည်း၊ ပစ္စယုပ္ပန်၊ သတ္တိဟူသော ဝေါဟာရတို့၏အဓိပ္ပာယ်ကိုရေး၍ ကျေးဇူးပြုဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကိုလည်းရေးပါ။

၂။ ပဋ္ဌိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းတို့၏ ထူခြားပုံကိုရေး၍ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဟူသော ပါဠိကိုလည်း မှန်အောင်အနက်ပေးပါ။

၃။ မသိသောအရာတိုင်းကို အဝိဇ္ဇာဟု မှတ်ရမည်လော၊ အဘယ်ကို မသိသည်ကို အဝိဇ္ဇာခေါ်ပါသနည်း၊ ဖြေဆို၍ အဘယ်တရားကြောင့်

http://www.dhammadownload.com

အဘယ်တရားများ ဖွဲ့စည်းဖြစ်ပေါ်မှုကို လောကၠ ''ပဋ္ဌိသန္ဓေတည်သည်၊ ကိုယ်ဝန်ရှိသည်'' ဟု ပြောဆိုကြပါသနည်း။

၄။ အဘယ်သခ်ါရတရားကြောင့် ဘယ်ဝိညာဏ်များ ဖြစ်ကြပါသနည်း၊ ဖြေဆိုရ၍ ဥပါဒါန်၏အဓိပ္ပာယ်ကိုရေး၍ တဏှာနှင့် ကာမုပါဒါန်အထူးကို ရေးပါ။

၅။ သဘာဝကုဋ္ဌာရုံ၊ ပရိကပ္ပ ကုဋ္ဌာရုံတို့ကိုရှင်းပြ၍၊ လူ့ခန္ဓာကိုယ်၏ လှေကွဲ၊ လှေပေါက်နှင့်တူပုံကို ရှင်းပြပါ။

၆။ ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝအရှေ့နှင့် ဘဝပစ္စယာ ဇာတိ၌ ဘဝအရတို့ကို ဖော်ပြပါ။

၇။ (က) သခ်ါရ၊ (ခ) အတ္တ ဝါဒုပါဒါန် (ဂ) ပရိဒေဝ တို့ကို တရားကိုယ်ကောက်ပြ၍ ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ကာလသုံးပါးဖြင့် ဝေဖန်ပြပါ။

၈။ အဘယ့်ကြောင့် အဘယ်တရားတို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်အဂါအဖြစ်ဖြင့် မရေတွက်ရပါသနည်း ဖြေဆိုရ၍၊ အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါးတို့ကို ဖော်ပြပါ။

၉။ ဝဋ္ဋဟူသော ပါဠိဝေါဟာရ၏အဓိပ္ပာယ်ကိုရေး၍ ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ဝဋ်သုံးပါးဖြင့်ဝေဖန်ပြပါ။

၁၀။ ပဋ္ဌိစ္စသမုပ္ပါဒ်၌ 'အဝိဇ္ဇာကြောင့် သခ်ါရဖြစ်သည်' ဟုဆိုရာ ယင်းအဝိဇ္ဇာကား အဘယ်တရားကြောင့် ဖြစ်ရပါသနည်း ဖြေဆိုရ၍ အဘယ်တရားကို ပဋ္ဌိစ္စသမုပ္ပါဒ်တရားဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ပါသနည်း။

ပဋ္ဌိစ္စသမုပ္ပါဒ်နည်းပြီး၏။

* * * * *

http://www.dhammadownload.com

ပဋ္ဌာန်းနည်း
(ကျက်ရန်)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယော တိ။

http://www.dhammadownload.com

အနက်မြန်မာပြန်ဆိုပုံ

၁။ **ဟေတုပစ္စယော** – ရေသောက်မြစ်လျှင်၊ ကိုယ့်သစ်ပင်ကို၊ စိမ်းလှုင်ညွှန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့၊ တကွဖြစ်ဟန်၊ ရုပ်နှင့်နာမ်ကို၊ စွမ်းသန်စေမှု၊ ဟောတုပစ္စယသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ် (၆) ပါး ဟေတုပစ္စည်းတရားလည်းကောင်း။

၂။ **အာရမ္မဏပစ္စယော** – တောင်ဝှေးကြိုးတန်း၊ လူမစွမ်းကို၊ မပမ်းရလေ၊ ထိုင်ထစေသို့၊ စိတ်စေလေးဖြာ၊ နာမ်ခန္ဓာအား၊ မှီရာလွန်ကြူး၊ အာရမ္မဏပစ္စယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရုံ (၆) ပါး အာရမ္မဏပစ္စည်းတရားလည်းကောင်း။

၃။ **အဓိပတိပစ္စယော** – စကြာဘုန်းဌ၊ များပိုလိ်လူကို၊ ပြိုင်သူမရှိ၊ အုပ်စိုးဘိသို့၊ သာဓိနာမ၊ ရှုပဝတ်၊ သဟဇာတ်နှင့်၊ လေးမြတ်လည်းပြု၊ ရှစ်ခုလောဘ၊ အဋ္ဌမဟာ၊ ကုသလာတည့်၊ ကြိယာသန်၊ ရှစ်တန်လောကုတ်၊ လွှမ်းမိုးချုပ်လျက်၊ စိုးအုပ်လွန်ကြူး၊ အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသာ ဟူသော သဟဇာတာဓိပတိ၊ နိပ္ပန်ကျင့်၊ ဌာရသနှင့် ဒေါသ၊ မောဟ၊ ဒုက္ခကြဉ်ဖယ်၊ ရှစ်ဆယ့်လေးတန်၊ စိတ်နိဗ္ဗာန်ဟူသော၊ အာရမ္မဏာဓိပတိ၊ ပြားဘိ ၂ ပါး၊ အဓိပတိပစ္စည်းတရားလည်းကောင်း။

၄။ **အနန္တရပစ္စယော** – သားကြီးရိပ်ရာ၊ ရစိမ့်ငှာလျှင်၊ စကြာမင်းတရား၊ နတ်ရွာလားသို့၊ အခြားမဲ့မှာ၊ ဖြစ်ပွားလာသည့်၊ နာမကွန်ဇာတ်၊ ကြားမပြတ် အောင်၊ စွမ်းဆောင်ကွန်မြူး၊ အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရဟန္တာစုတိ၊ ကြဉ်ဘိပယ်ထား၊ ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com

၅။ **သမနန္တရပစ္စယော** – သားကြီးရိပ်ရာ ရစိမ့်ငှာလျှင်၊ စကြာမင်းတရား တောထွက်သွားသို့၊ အခြားမဲ့မှာ၊ ဖြစ်ပွားလာသည့်၊ နာမက္ခန်ဇာတ်၊ ကြားမပြတ်အောင်၊ ပိုင်းဖြတ်ခွဲခြား၊ မထင်ရှားဘဲ၊ တစ်သားတည်းသာ၊ ကဲ့ပမာသို့၊ လွန်စွာပြန့်ပြူး၊ သမနန္တရသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော၊ ရဟန္တာစုတို၊ ကြဉ်ဘိပယ်ထား၊ ရှေးရှေးသော နာမက္ခန္ဓလေးပါး၊ သမနန္တရပစ္စည်းတရားလည်းကောင်း။

၆။ **သဟဇာတပစ္စယော** – အလင်းဖြစ်မှု၊ ဆီမီးပြုသို့၊ ပေါင်းစုတူကွ၊ ဖြစ်လာကြသည့်၊ နာမရူပါ၊ ဘုတ္တပါနှင့်၊ ဝိပါဝတ္ထု၊ တရားစုအား၊ ဥပါဒ်အတူဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော၊ နာမက္ခန္ဓာ၊ မဟာဘူတ၊ ဝိပါကနှင့်၊ ဟဒယဟူငြား၊ သဟဇာတပစ္စည်းတရားလည်းကောင်း။

၇။ **အညမညပစ္စယော** – သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ တကွဖြစ်လာ၊ နာမ်ခန္ဓာချင်း၊ ဘုတ်ချင်းချင်းနှင့်၊ ချင်းချင်းဟဒယ၊ ဝိပါကအား၊ ထောက်ထားလှုန်ပင်း၊ အချင်းချင်းဟူသော၊ အညမညသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမက္ခန္ဓာ၊ မဟာဘူတ၊ ဝိပါကနှင့်၊ ဟဒယဟူငြား၊ အညမညပစ္စည်းတရားလည်းကောင်း။

၈။ **နိဿယပစ္စယော** – သစ်ပင်အားမြေ၊ ထောက်ပံ့လေသို့၊ နှစ်ထွေသဟဇ နာမ်ရူပနှင့်၊ စိတ္တကမ္မ၊ ပဋ္ဌပမာ၊ သတ်ဝိညာဏ်အား၊ တည်ရာမှီရာဟူသော၊ အဓိဋ္ဌာနာကာရ၊ နိဿယာကာရ သတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်းလက္ခဏာရှိသော၊ နာမက္ခန္ဓာ၊ မဟာဘူတ၊ ဝိပါကနှင့်၊ ဟဒယဟူသော၊ သဟဇာတနိဿယ၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော၊ ပုရေဇာတနိဿယ၊ ပြားကြနှစ်ပါး၊ နိဿယပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com

၉။ **ဥပနိဿယပစ္စယော** – မိုးကိုအားထား၊ ဝတ္ထုများကို၊ ကြီးမား သွန်းဖြိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးကွဲပြား၊ စိတ်စေအားလျှင်၊ အားကြီးသော မှိရာအကြောင်း၏။ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့်၊ ကျေးဇူး ပြုခြင်းလက္ခဏာရှိသော၊ နိပ္ပန်ကုဋ္ဌ ဌာရသနှင့်၊ ဒေါသမောဟ၊ ဒုက္ခကြဉ်ဖယ်၊ ရှစ်ဆယ်လေးတန်၊ စိတ်နိဗ္ဗာန်ဟူသော အာရမ္မဏူပနိဿယ၊ ရဟန္တာစုတိ၊ ကြဉ်ဘိပယ်ထား၊ ရှေးရှေးသော နာမက္ခန္ဓာလေးပါးဟူသော အနန္တရူပနိဿယ ဗလဝစိတ်၊ စေတသိက်ရှု၊ ပညတ်ဟူသော၊ ပကတူပနိဿယ၊ ပြားကြသုံးပါး၊ ဥပနိဿယပစ္စည်းတရားလည်းကောင်း။

၁၀။ **ပုရေဇာတပစ္စယော** – နောက်နောက်ဖြစ်လာ၊ လူများစွာကို၊ ကမ္ဘာအစ၊ ပေါ်ထွန်းပသည့်၊ နေလမသွေ၊ နောက်ဖြစ်လေသည့်၊ စိတ်စေတို့ အား၊ ရှေ့ဖြစ်ပွားလျက်၊ ထင်ရှားတည်ကာ၊ ပုရေဇာတသတ္တိထူးဖြင့်၊ ကျေးဇူး ပြုခြင်း လက္ခဏာရှိသော၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော၊ ဝတ္ထုပုရေဇာတ၊ ရူပနိပ္ပန်၊ ပစ္စုပ္ပန်ဟူသော၊ အာရမ္မဏပုရေဇာတ၊ ပြားကြနှစ်ပါး၊ ပုရေဇာတ ပစ္စည်းတရားလည်းကောင်း။

၁၁။ **ပစ္ဆာဇာတပစ္စယော** – လင်းတပေါက်စ၊ ကိုယ်ကာယအား၊ ဟာရ အာသာ၊ စေတနာသို့၊ ရှေ့မှာဖြစ်ကြ၊ ရုပ်ဓမ္မအား၊ နောက်မှပင့်မြှောက် ပင့်၊ ထောက်ခိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း၊ လက္ခဏာရှိ သော၊ နောက်နောက်ပဋိဝေါကာ၊ နာမ်ခန္ဓာလေးပါး၊ ပစ္ဆာဇာတပစ္စည်းတရား လည်းကောင်း။

၁၂။ **အာသေဝနပစ္စယော** – နောက်သင်စရာ၊ ကျန်းဂန်စာအား၊ ရှေ့မှာသင်ထား၊ ကျမ်းဂန်လားသို့၊ အခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယသဘော၊ နောက်နောက်ဇောအား၊ ရှိန်မြင့်မားအောင်၊ ခွန်အားဟုန်ခြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော၊ အာသေဝနသတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ဆုံးဇောကြဉ်ဘိ၊ လောကီရှေးရှေး၊ လေးဆယ်ခုနစ်ပါး အာသေဝနပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com

၁၃။ **ကမ္မပစ္စယော** – သစ်ပင်တို့အား မျိုးစေ့လားသို့ ကြွင်းငြားသဟဇာနာမ်ရူပါနှင့် ဝိပါကမ္မဇ ဒွေဓမ္မအား လုံ့လသည်းစွာ အမူအရာဟူသော သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ စေတနာဟူသော သဟဇာတကမ္မ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိက ကမ္မပြားကြနှစ်ပါး ကမ္မပစ္စည်းတရားလည်းကောင်း။

၁၄။ **ဝိပါကပစ္စယော** – အခြားလူအေး ငြိမ်သက်အေးဖို့ လူအေးကလျှင် ပြုစုရင်သို့ တူပင်ဖြစ်လတ် သဟဇာတ်အား ငြိမ်ဝပ်လွန်ကြူး ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာ ဟူသော ဝိပါကပစ္စည်းတရားလည်းကောင်း။

၁၅။ **အာဟာရပစ္စယော** – မယိမ်းမယိုင် ခိုင်မြဲသောအား ထောက်သည့်ကျားသို့ နှစ်ပါးသဟဇာ နာမ်ရူပါနှင့် လေးဖြာသန္တတိ စတုသမုဋ္ဌာနိက ရုပ်အား ဆောင်ထားထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရ အဇ္ဈတ်ဗဟို စတုသမုဋ္ဌာနိကဩဇာ ဟူသော ရုပ်အာဟာရ ပြားကြနှစ်ပါး အာဟာရပစ္စည်းတရားလည်းကောင်း။

၁၆။ **ဣန္ဒြိယပစ္စယော** – တစ်ပြည်အတွင်း ချင်းချင်းမဆန့် ခွဲခန့်အုပ်စီးဝန်ကြီးပမာ သဟဇာတ နာမ်ရူပနှင့် ပဋိဝိညာ တူစွာကလာပ ကမ္မဇအား အခြားမသွေ မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဇီဝိတ၊ စိတ်၊ စေတနာ သဒ္ဓါ၊ ဝီရိယ သတိ၊ ဇောဂ္ဂတာ ပညာဟူသော သဟဇာတိန္ဒြိယ မဇ္ဈိမာယုကာ ပသာဒစု ရုပ်ငါးခုဟူသော ပုရေဇာတိန္ဒြိယ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ ပြားကြသုံးပါး ဣန္ဒြိယပစ္စည်းတရားလည်းကောင်း။

http://www.dhammadownload.com

၁၇။ **ဈာနပစ္စယော** – သစ်ပင်တောင်ဂူ တက်သောသူသည် အောက်လူတို့အား ပြောသည့်လားသို့ နှစ်ပါးရှုပ်နာမ် သဟဇံအား ထင်ရှားတပ်တပ်ကပ်၍ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပဋ္ဌိညာဏ်ကြည် စိတ်မှာယှဉ်သည့် ဈာနင်တရား ကိုယ်ငါးပါး ဈာနပစ္စည်းတရားလည်းကောင်း။

၁၈။ **မဂ္ဂပစ္စယော** – ထိုဤမှာသို့ ဆောင်ယူပို့သည့် ကူးတို့မသွေသဟေတုကတ် သဟဇာတ်အား ဖြူဆွတ်မည်းညစ် ဤအဖြစ်မှ ပြန်လှစ်ဆူလှယ် ထုတ်ဆယ်ဆောင်ယူ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်တရားကိုယ် ကိုးပါး မဂ္ဂပစ္စည်းတရားလည်းကောင်း။

၁၉။ **သမ္ပယုတ္တပစ္စယော** – စတုမဟာ ရောသည့်မူသို့ လေးဆူနာမ်အား လေးပါးအင်္ဂါ မကွာချင်းချင်း ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** – ရသာခြောက်ပါး ရောစပ်ထားသို့ နှစ်ပါးရုပ်နာမ် စည်းပန်တကွ ဆုံမိကြလည်း သမသဘော မရောနှောခြင်း ဟူသော ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပဋ္ဌဝေါကာရရူပသမုဋ္ဌာနိက စိတ်စေ သန္ဓေဝိပါက ဟဒယဟူသော သဟဇာတ ဝိပ္ပယုတ်ပဝတ္တိစု ဆဝတ္ထုဟူသော ပုရေဇာတဝိပ္ပယုတ် နောက်နောက် ပဋ္ဌဝေါကာနာမ်ခန္ဓာလေးပါးဟူသော ပစ္ဆာဇာတဝိပ္ပယုတ် သမုတ်သုံးပါး ဝိပ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

၂၁။ **အတ္ထိပစ္စယော** – မြေမြင်းမိုသည် ထိုထိုစိမ်းရွှင် မြက်သစ်ပင်အား ထင်ရှားရှိမှု ထောက်ပံ့ပြုသို့ နှစ်ခုရှိခိုက် အထိုက်လျောက ဥပတ္ထမ္ဘက

http://www.dhammadownload.com

သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော သ, ပု, ပစ္ဆာ အာဟာ, ကမ္မဋ္ဌိယ ပြားကြငါးပါး အတ္ထိပစ္စည်းတရားလည်းကောင်း။

၂၂။ **နတ္ထိပစ္စယော** – မိုက်မှောင်ဖြစ်စေ ငြိမ်းသေလေပြီး ဆီမီးပုံသွေး ဖြစ်ခွင့်ပေး၍ ကျေးဇူးပြုခြင်းလက္ခဏာရှိသော နတ္ထိပစ္စည်းတရားလည်းကောင်း။

၂၃။ **ဝိဂတပစ္စယော** – နေရောင်ပျောက်ကင်း လရောင်လင်းသို့ ချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဝိဂတပစ္စည်းတရားလည်းကောင်း။

၂၄။ **အဝိဂတပစ္စယော** – ငါးတို့ပျော်ရာ မဟာသမုဒ် ရေအစုတ်သို့ မချုပ်ထင်လင်း မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားလည်းကောင်း။

ကွတိ – ဤသို့ (ပစ္စယာ – ပစ္စည်းတို့သည်၊ စတုဝီသတိ – ၂၄ ပါးတည်း)။

၁။ ဟေတုပစ္စည်း

အကျိုးတရား၏ တည်ရာမှီရာဖြစ်သောကြောင့် အကြောင်းတရားကို ဟေတုခေါ်၏။

သစ်မြစ်က ရေမြေတို့၏ အဆီအနှစ်ကို စုပ်ယူပြီး သစ်ပင်အား ထောက်ပံ့ပေး၏။ ထိုသို့ သစ်မြစ်၏ထောက်ပံ့ပေးမှုခြင်းကြောင့် သစ်ပင်သည် ဖြစ်ထွန်းပေါက်ရောက်လာပြီး ရှင်သန်ကြီးပွားရ၏၊ တည်တံ့ခိုင်မြဲရ၏၊ စည်ပင်ပြန့်ပွားရ၏။ ရသောက်မြစ်ကောင်းလေ သစ်ပင်ခိုင်မြဲလေဖြစ်၏။ စည်ပင်ပြန့်ပွားပြီး အသီးအပွင့်များ ပို၍ပို၍ ဖြစ်ထွန်းလေ၏။

ထို့အတူ ကံတရား၏ အခြေခံအကြောင်းရင်းဖြစ်သော ကံတရားကို ဖြစ်ပေါ်စေနိုင်သော လောဘ စသော အကြောင်းတရားများက ထောက်ပံ့

http://www.dhammadownload.com

ကျေးဇူးပြုမှုကြောင့် နာမ်ရုပ်အကျိုးတရားများဖြစ်ရ၊ ကြီးပွားစည်ပင်ရ၏။ ထို့ကြောင့် လောဘစသော တရား ၆ ပါးကို ဟေတုခေါ်၏။

ထိုသို့ ရေသောက်မြစ်ကဲ့သို့ သက်ဆိုင်ရာ အာရုံတရားများ၌ ယှဉ်ဖက်တရားတို့ကို မြဲမြံခိုင်ခံ့ တည်တံ့နေအောင် အခြေအမြစ်မူလအဖြစ် ဖြင့် ကျေးဇူးပြုသော လောဘ စသော တရား ၆ ပါးကို ဟေတုပစ္စည်း ခေါ်၏။

ပစ္စည်းတရား။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဤဟိတ် ၆ ပါးတို့သည် ဟေတုပစ္စည်းတပ်သော တရားမည်၏။

ပစ္စယုပ္ပန်တရား။ သဟိတ်စိတ် (၇၁) ပါး၊ မောဟမူဒွေ့၌ မောဟကြဉ်သော စေတသိက် (၅၂) ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တရားဖြစ်၏။

၂။ အာရမ္မဏပစ္စည်း

အားမရှိသောသူသည် တောင်ဝှေး၊ ကြိုးတန်း စသည်တို့ကို ဆွဲကိုင်၍ ရပ်ရ၊ သွားရသကဲ့သို့ စိတ်၊ စေတသိက်များသည် အာရုံတစ်ခုခုကို စွဲမှီ၍ ဖြစ်ရ၏။ ထိုသို့ အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုသော အာရုံ ၆ ပါးသည် အာရမ္မဏပစ္စည်းမည်၏။

မှတ်ချက်။ စိတ်၊ စေတသိက်တရားများ လက်မလွတ်နိုင်လောက်အောင် ဆွဲမှီဖွယ်ကိုဆောင်သော သတ္တိအင်အားကို အာလမ္ဗနသတ္တိခေါ်၏။

ပစ္စည်းတရား။ စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ၅၂၊ ရုပ် ၂၈ပါး၊ နိဗ္ဗာန်၊ ပညတ်။

ဤအာရုံ ၆ ပါး ပစ္စည်းတရားတို့သည် အာရမ္မဏပစ္စည်းတပ်သော တရား တို့မည်၏။

http://www.dhammadownload.com

ပစ္စယုပ္ပန်တရား။ စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပါး သည် အာရမ္မဏပစ္စည်း၏ ပစ္စုပ္ပန်တရားများဖြစ်၏။

၃။ အဓိပတိပစ္စည်း

မိမိနှင့်ဆက်စပ်ဖြစ်ပေါ်ကြသော ပစ္စယုပ္ပန်တရားတို့၏ ပြိုင်ဘက် မရှိသော အကြီးအမှူးအရှင်သခင်ဖြစ်၍ ကျေးဇူးပြုသောတရားသည် အဓိပတိပစ္စည်းမည်၏။

စကြာဝဠာတမ်းမင်းသည် သူတစ်ပါးတို့၏သတ္တိကို တားမြစ်လျက် နိုင်ငံသူ နိုင်ငံသားများအား အစိုးရသည်၏အဖြစ်ဖြင့် အုပ်စိုးသကဲ့သို့ ပြိုင်ဘက်မရှိသော အကြီးအမှူးအဖြစ်ဖြင့် မိမိအလိုသို့ လိုက်ပါစေလျက် ပစ္စယုပ္ပန်တရားများအား ကျေးဇူးပြုသောတရားသည် အဓိပတိပစ္စည်း မည်၏။ ထိုအဓိပတိပစ္စည်းသည် –

၁။ အာရမ္မဏာဓိပတိပစ္စည်း

၂။ သဟဇာတာဓိပတိပစ္စည်း ဟု နှစ်မျိုးပြား၏။

အာရမ္မဏာဓိပတိပစ္စည်းတရား

အလေးအမြတ်ပြုအပ်သော ကျင့်ဖြစ်သော နိပ္ပန္နရုပ် ၁၈၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄ ခု၊ ဒေါသ, ကျသာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇ ခု၊ နိဗ္ဗာန်၊ ဤတရားများသည် အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားများဖြစ်၏။

အာရမ္မဏာဓိပတိပစ္စယုပ္ပန်တရား

အလေးအမြတ်ပြုတတ်သော လေးဘမူစိတ် ၈ ခု၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခု၊ လောကုတ္တရာစိတ် ၈ ခု၊ ဒေါသ, ကျသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော

http://www.dhammadownload.com

စေတသိက် ၄၅ ခု၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားများဖြစ်၏။

သဟဇာတာဓိပတိပစ္စည်းတရား

အဓိပတိပစ္စည်းတပ်ခိုက်တပ်နေ မောဟမူဒွေ၊ ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂ ခုဉ်ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ၊ သာဓိပတိဇော ၅၂ ခုဟု ဆိုအပ်သော စိတ်အားဖြင့် အဓိပတိတရားကိုယ် ၃ ပါး၊ ၄ ပါးတို့တွင် တစ်ပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သော တရားများဖြစ်၏။

သဟဇာတာဓိပတိပစ္စယုပ္ပန်တရား

အဓိပတိပစ္စည်းကို ရခိုက်, ရနေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂ ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁ ပါး၊ သာဓိပတိစိတ္တဇရုပ်။

ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

အဓိပတိတပ်ခိုက်

''အဓိပတိတပ်ခိုက်'' ဟူသော စကားသည် အနေကန်ကို ရည်ရွယ်သော စကားဖြစ်၏။ ကာမဇောကို ရည်ရွယ်သည်။ မှန်၏၊ ကာမဇော၌ပါသော ဆန္ဒစသည်သည် တစ်ရံတစ်ခါ၌သာ အဓိပတိသတ္တိရှိ၏။

အဓိပတိတပ်နေ

''အဓိပတိတပ်နေ'' ဟူသော စကားသည် ဇောန်ကိုပြသော စကားဖြစ်၏။ မဟဂ္ဂုတ်၊ လောကုတ္တရာဇောတို့ကို ရည်ရွယ်ပါသည်။

http://www.dhammadownload.com

၄။ အနန္တရပစ္စည်း

အနန္တရပုဒ်ကို န + အန္တရ ဟု နှစ်ပုဒ်ခွဲရ၏။ အန္တရ – အကြား၊ န–မရှိ၊ အနန္တရ – အကြားမရှိ၊ တစ်ဆက်တည်းဟု အဓိပ္ပာယ်ရ၏။

ပစ္စယုပ္ပန်တရားနှင့် အကြားကာလမရှိဘဲ မိမိ၏အခြားမဲ့၌ သင့်လျော်သော နောက်စိတ်များဖြစ်ပေါ်လာအောင် ရှေးရှေးက ချုပ်ပျက်လျက် ကျေးဇူးပြုတတ်သော ပစ္စည်းတရားသည် အနန္တရပစ္စည်းမည်၏။

မိမိ၏အခြားမဲ့၌ သားကြီးရတနာအား ဘိသိက်သွန်းလောင်း၍ မင်းဖြစ်လာစေရန် စကြာဝတေးမင်း နတ်ရွာစံလျက် ကျေးဇူးပြုသကဲ့သို့ မိမိ၏အခြားမဲ့၌ သင့်လျော်သော နောက်စိတ်များဖြစ်ပေါ်လာအောင် ရှေးရှေးက ချုပ်ပျက်လျက် ကျေးဇူးပြုသောပစ္စည်းသည် အနန္တရပစ္စည်းမည်၏။

မှတ်ချက်။ စိတ္တနိယာမအတိုင်း မိမိ၏အခြားမဲ့၌ ဖြစ်သင့်သောစိတ်များ ဖြစ်ပေါ်စေခြင်းငှာ စွမ်းနိုင်သော ရှေးရှေးစိတ်၏ သတ္တိကို အနန္တရသတ္တိခေါ်၏။

ပစ္စည်းတရား။ ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ် ၈၉ ပါး၊ စေတသိက် ၅၂၊ ပဝတ္တိပဋ္ဌာန်းနည်း နာမက္ခန္ဓာ ၄ ပါး။ ဤတရားတို့ဉာဉ် အနန္တရပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄ ပါး။ ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၅။ သမနန္တရပစ္စည်း

ပုံသဏ္ဌာန်မရှိခြင်းကြောင့် လွန်စွာအကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ရှေးရှေးက ချုပ်ပျက်လျက် ကျေးဇူးပြုသောပစ္စည်းသည် သမနန္တရပစ္စည်းမည်၏။

http://www.dhammadownload.com

အထူး။ မိမိ၏အခြားမဲ့၌ သင့်လျော်သော စိတ်, စေတသိက်ကို ဖြစ်စေခြင်း ၄ ပွမ်းနိုင်သော ရှေးရှေးချုပ်သွားပြီးသောတရားကို အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းခေါ်၏။ မှန်၏၊ အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းသည် သံ–သဒ္ဒါပါခြင်း၊ မပါခြင်းသာထူး၏။ တရားကိုယ်အားဖြင့် ထူးခြားမှုမရှိပေ။

တရားကိုယ် အနက်အားဖြင့် မထူးခြားသော်လည်း ဝေနေယျဇ္ဈာသယ အားဖြင့် သံ–သဒ္ဒါပါခြင်း၊ မပါခြင်း အထူးမျှဖြင့် အနန္တရပစ္စည်း၊ သမနန္တရ ပစ္စည်းဟု နှစ်မျိုးခွဲ၍ ဟောတော်မူခြင်းဖြစ်၏။

အမှာ။ သမနန္တရပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် အနန္တရပစ္စည်း နှင့်တူ၏။

၆။ သဟဇာတပစ္စည်း

သဟ–အတူတကွ၊ ဇာတ–ဖြစ်သောတရား၊ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရား တစ်ပြိုင်နက် အတူတကွဖြစ်သော တရားကို သဟဇာတ ခေါ်၏။

ဆီမီးသည် မိမိတောက်လောင်ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အလင်းရောင်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ ထို့အတူ မိမိဟူသော အကြောင်းပစ္စည်းတရားဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အကျိုးပစ္စယုပ္ပန် တရားများဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော ပစ္စည်းသည် သဟဇာတ ပစ္စည်းမည်၏။

မှတ်ချက်။ ပစ္စည်းတရား၏ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ပစ္စယုပ္ပန် တရားများ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော သတ္တိကို သဟဇာတသတ္တိခေါ်၏။

http://www.dhammadownload.com

ပစ္စည်းတရား။ စိတ် ၈၉၊ စေတသိက် ၅၂၊ အလုံးစုံသောမဟာဘုတ် ၄ ပါး၊ ပဋ္ဌဝေါကာရပဋိသန္ဓေနာမကမ္မဇာနှင့် ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ စိတ် ၈၉၊ စေတသိက် ၅၂၊ ဥပါဒါရုပ်နှင့်တကွ အလုံးစုံသော မဟာဘုတ် ၄ ပါး၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမကမ္မဇာနှင့် ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၇။ အညမညပစ္စည်း

အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသောတရားသည် အညမညပစ္စည်း၏။

ခြေထောက်သုံးချောင်းဖြင့် ပြုလုပ်ထားသောခုံ၌ သစ်သားခြေထောက်သုံးချောင်းသည် အချင်းချင်း အပြန်အလှန်ကျေးဇူးပြုသကဲ့သို့ အတူတကွဖြစ်ဘက် တရားချင်း အပြန်အလှန်ကျေးဇူးပြုသော ပစ္စည်းသည် အညမညပစ္စည်းမည်၏။

သဟဇာတပစ္စည်းနှင့် အညမညပစ္စည်းထူးခြားချက်

ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရား အတူတကွဖြစ်ကာမျှဖြင့် အတူတကွကျေးဇူးပြုသောပစ္စည်းသည် သဟဇာတပစ္စည်းမည်၏။ ဥပမာ–လောက၌ မိတ်ဆွေကောင်းများသည် မိမိအားပြန်၍ ကျေးဇူးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ မိမိနှင့်အတူတကွဖြစ်လျှင် အကျိုးဆောင်ပေးကြသကဲ့သို့ဖြစ်၏။

အတူတကွဖြစ်၍ အပြန်အလှန်ကျေးဇူးပြုသောပစ္စည်းသည် အညမညပစ္စည်းမည်၏။ ဥပမာ – အချို့မိတ်ဆွေများသည် မိမိအား ကျေးဇူးပြုပေးသူကိုသာ မိမိကပြန်၍ကျေးဇူးပြုပေးသကဲ့သို့ဖြစ်၏။

http://www.dhammadownload.com

ပစ္စည်းတရား။ စိတ် ၈၉၊ စေတသိက် ၅၂၊ အလုံးစုံသောမဟာဘုတ် ၄ ပါး၊ ပဋ္ဌဝေါကာရပဋ္ဌာနနှောမကွန်ခွာနှင့် ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ စိတ် ၈၉၊ စေတသိက် ၅၂၊ အလုံးစုံသော မဟာဘုတ် ၄ ပါး၊ ပဋ္ဌဝေါကာရ ပဋ္ဌာနနှောမကွန်ခွာနှင့် ဟဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၈။ နိဿယပစ္စည်း

မှီရာ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရားကို နိဿယခေါ်၏။

ပုံဆွဲရန် ပြုလုပ်ထားသော ကားပုံအဝတ်သည် ပန်းချီဆေးရေးရုပ်အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွဖြစ်သော ပစ္စယုပ္ပန်နာမ်ရုပ်တရားတို့အား မှီရာအဖြစ်ဖြင့်လည်းကောင်း၊ မြေကြီးသည် သစ်ပင်တို့၏တည်ရာအဖြစ်ဖြင့် သစ်ပင်တို့အား ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား တည်ရာအဖြစ်ဖြင့်လည်းကောင်း၊ ကျေးဇူးပြုသောပစ္စည်းသည် နိဿယပစ္စည်းမည်၏။

ထိုနိဿယပစ္စည်းသည် –

၁။ သဟဇာတနိဿယပစ္စည်း

၂။ ပုရေဇာတနိဿယပစ္စည်းဟု နှစ်မျိုးပြား၏။

မှတ်ချက်။ သဟဇာတနိဿယပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် သဟဇာတပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားနှင့်တူ၏။

ပုရေဇာတနိဿယပစ္စည်း

ပုရေဇာတနိဿယပစ္စည်းသည် –

၁။ ဝတ္ထုပုရေဇာတနိဿယပစ္စည်း

၂။ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း နှစ်မျိုးပြား၏။

http://www.dhammadownload.com

ဝတ္ထုပုရေဏတနိဿယပစ္စည်းတရား

ပဝတ္တိအခါ ဆဝတ္ထု။

ဤတရားတို့သည် ဝတ္ထုပုရေဏတနိဿယပစ္စည်းတပ်သော ပစ္စည်းတရားများဖြစ်၏။

ဝတ္ထုပုရေဏတနိဿယပစ္စယုပ္ပန်တရား

ပဋ္ဌဝေါကာရပဝတ္တိအခါ အရူပဝိပါက် ၄ ခုကြဉ်သောစိတ် ၈၅ ပါး၊ စေတသိက် ၅၂ ပါး၊ ဤတရားတို့သည် ဝတ္ထုပုရေဏတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

ဝတ္ထာရမ္မဏပုရေဏတနိဿယပစ္စည်းတရား

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၈ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဏတနိဿယပစ္စည်းတပ်သော တရားများဖြစ်၏။

ဝတ္ထာရမ္မဏပုရေဏတနိဿယပစ္စည်း၏ပစ္စယုပ္ပန်တရား

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉ ခု၊ တဒါရုံ ၁၁ ပါး၊ ကုသာ၊ မဗ္ဘရိယ၊ ကုက္ကုစ္စ၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိက် ၄၄ ပါး။ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဏတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၉။ ဥပနိဿယပစ္စည်း

အားကြီးသောမှီရာအကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် ဥပနိဿယပစ္စည်းမည်၏။ မိုးသည် မြေကိုမှီ၍ ပေါက်ရောက်နေကြသော သစ်ပင်တို့အား မိုးရွာချပေးခြင်းဖြင့် စိမ်းလန်းစိုပြေပြီး ကြီးပွားအောင် ကျေးဇူးပြုသကဲ့သို့ ဆိုင်ရာပစ္စယုပ္ပန်တရားတို့အား အားကြီးသော မှီရာအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် ဥပနိဿယပစ္စည်း

http://www.dhammadownload.com

မည်၏။

ထိုဥပနိဿယပစ္စည်းသည် –

၁။ အာရမ္မဏူပနိဿယပစ္စည်း

၂။ အနန္တရူပနိဿယပစ္စည်း

၃။ ပကတူပနိဿယပစ္စည်းဟု သုံးမျိုးပြား၏။

မှတ်ချက်။ အာရမ္မဏူပနိဿယပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် အာရမ္မဏာဓိပတိပစ္စည်း, ပစ္စယုပ္ပန်တရားနှင့်တူ၏။ အနန္တရူပနိဿယပစ္စည်း, ပစ္စယုပ္ပန်တရားသည် အနန္တရပစ္စည်း ပစ္စယုပ္ပန်တရားနှင့်တူ၏။

ပကတူပနိဿယပစ္စည်းတရား

ဗလဝဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈ ပစ္စည်းထိုက်သော အချို့သော ပညတ်၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်း တပ်သော တရားများဖြစ်၏။

ပကတူပနိဿယပစ္စယုပ္ပန်တရား

နောက်နောက်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ဤတရားတို့သည် ပကတူပနိဿယ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၀။ ပုရေဇာတပစ္စည်း

ပစ္စယုပ္ပန်တရားများမဖြစ်မီ ရှေ့ဦးစွာ ကြိုတင်ဖြစ်နေပြီး မပျက်မစီးဘဲ ဖြစ်တည်နေလျက် ဆိုင်ရာပစ္စယုပ္ပန်တရားအား မှီရာအဖြစ်ဖြင့်ဖြစ်စေ၊ အာရုံအဖြစ်ဖြင့်ဖြစ်စေ ကျေးဇူးပြုသော ပစ္စည်းသည် ပုရေဇာတပစ္စည်းမည်၏။

ကမ္ဘာဦးကစ၍ ရှေ့ဦးစွာ ကြိုတင်ဖြစ်ပေါ်ခဲ့သော နေ, လများသည်

http://www.dhammadownload.com

ယခုတိုင် ထင်ရှားရှိနေလျက် နေ, လများ ပေါ်ပေါက်လာပြီး နောက်မှ ပေါ်ပေါက်လာသူများအား အလင်းရောင်ပေးလျက် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားများ မဖြစ်မိကပင် ရှေဦးစွာ ဖြစ်ပေါ်လာပြီး ချုပ်ပျောက်ပျက်စီးမှုမရှိဘဲ ဖြစ်တည်နေလျက် မိမိနောက်မှ ဖြစ်ပေါ်လာသော တရားများအား ကျေးဇူးပြုသောပစ္စည်းသည် ပုရေဇာတပစ္စည်းမည်၏။

ထိုပုရေဇာတပစ္စည်းသည် –

၁။ အာရမ္မဏပုရေဇာတပစ္စည်း

၂။ ဝတ္ထုပုရေဇာတပစ္စည်းဟု နှစ်မျိုးပြား၏။

အာရမ္မဏပုရေဇာတပစ္စည်း

ပစ္စည်းတရား။ ပစ္စုပ္ပန်နိပ္ပန္နရုပ် ၁၈ ပါး။

ဤတရားသည် အာရမ္မဏပုရေဇာတပစ္စည်းတပ်သော တရားဖြစ်၏။

ပစ္စယုပ္ပန်တရား။ ကာမစိတ် ၅၄ ပါး၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတစိုက် ၅၀။

ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

မှတ်ချက်။ ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် ဝတ္ထုပုရေဇာတနိဿယနှင့်တူ၏။

၁၁။ ပစ္ဆာဇာတပစ္စည်း

နောက်မှဖြစ်ပြီး ရှေ့မှာ ကြိုတင်ဖြစ်နေသော တရားအား ကျေးဇူးပြုသောပစ္စည်းကို ပစ္ဆာဇာတခေါ်၏။

လင်းတငယ်များ အစာမစားရပါဘဲ နောက်စားရမည်ဟူသော မျှော်လင့်ချက်အာသာရှိနေကြ၏။ ထိုအာဟာရ၌ တပ်မက်သော ရသတဏှာ

http://www.dhammadownload.com

နှင့် စပ်ယှဉ်သော စေတနာသည် မိမိမဖြစ်ပေါ်မီ ရှေ့ဦးစွာဖြစ်နေသော လင်းတငယ်တို့၏ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းအား နောက်မှ မိမိဖြစ်ပေါ်လာသောအခါ လင်းတငယ်များ မသေအောင် ကျေးဇူးပြုပေးသကဲ့သို့ နောက်မှဖြစ်ပြီး မိမိရှေ့က ကြိုတင်ဖြစ်နှင့်နေသော ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းမည်၏။

ပစ္စည်းတရား။ ပဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅ ပါး၊ စေတသိက် ၃၂ ပါး၊ နာမကွန္ဓာ ၄ ပါး။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၌ရုပ်၏ဌိသို့ရောက်သော ဇကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ။ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၂။ အာသေဝနပစ္စည်း

တရားတစ်မျိုးတည်းကိုပင် အကြိမ်ကြိမ်အထပ်ထပ်ပြုလုပ်ခြင်း၊ ဖြစ်စေခြင်းမျိုးကို အာသေဝနခေါ်၏။

ကျမ်းဂန်တစ်ခုကို သင်ယူရာ၌ ရှေးရှေးသင်ယူလေ့ကျက်မှုသည် နောက်နောက်သင်ယူလေ့ကျက်မှုအား လေ့လာမှု၊ အားရှိမှုအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိ၏အခြားမဲ့၌ ကုသိုလ်စသည်တို့၏ အဖြစ်ဖြင့် မိမိနှင့် အလားတူသော တရားတစ်မျိုး အင်အားကြီးမားစွာဖြစ်ပေါ်လာအောင် လေ့လာမှု၊ အားရှိမှုအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် အာသေဝန ပစ္စည်းမည်၏။

http://www.dhammadownload.com

ပစ္စည်းတရား။ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော ၄၇ ပါး၊ စေတသိက် ၅၂ ပါး။ ဤတရားတို့သည် အာသေဝန ပစ္စည်း တပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ၅၁ ပါး၊ စေတသိက် ၅၂ ပါး။ ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၃။ ကမ္မပစ္စည်း

ကမ္မဟူသော ပါဠိစကားကို ''အလုပ်'' ဟု မြန်မာပြန်ရ၏။ ထို့ကြောင့် အလုပ်ကို ကမ္မ–ကံခေါ်၏။

ကံသုံးမျိုး

လူသည် စေတနာက စေ့ဆော်လှုံ့ဆော်ခြင်းကြောင့် နေ့စဉ် အမြဲ မပြတ် လက်, ခြေစသော ကိုယ်ဖြင့် အလုပ်အမျိုးမျိုးကို ပြုလုပ်၏။ ထို ကိုယ်ဖြင့်ပြုလုပ်သော အလုပ်ကို **ကာယကံ** ခေါ်၏။

လူသည် စေတနာကစေ့ဆော် လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ နှုတ်ဖြင့် စကားအမျိုးမျိုးကို ပြောဆိုနေ၏။ ယင်းနှုတ်ဖြင့် ပြောဆိုသော စကားကို **ဝစီကံ** ခေါ်၏။

လူသည် စေတနာက စေ့ဆော်လှုံ့ဆော်မှုကြောင့် နေ့စဉ်အမြဲ စိတ် ဖြင့် အကြံအမျိုးမျိုးကို ကြံစည်တွေးခေါ်နေ၏။ ယင်းကြံစည်မှုကို **မနောကံ** ခေါ်၏။

ထိုသို့ လူ၏အပြုအမူ၊ လူ၏လှုပ်ရှားမှုက သုံးမျိုးရှိသောကြောင့် ကံတရားလည်းသုံးမျိုးပြား၏။

http://www.dhammadownload.com

ကမ္မသတ္တိ အင်အားကြီးမားလှ

လူ၏ ယင်းကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုသည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ လူ၏စိတ်မှာ ယှဉ်တွဲဖြစ်ပေါ်လာသော စေ့ဆော်မှု၊ လှုံ့ဆော်မှုစေတနာကို အခြေခံ၍ ဖြစ်ပေါ်လာခြင်းသာ ဖြစ်၏။ ထို့ကြောင့် ယင်းလက်သည် အကြောင်းရင်းစေတနာကို ကံခေါ်၏။ စေတနာသည် ကောင်းသောစေတနာ၊ မကောင်းသောစေတနာဟု ကွဲပြားခြင်းကြောင့် ကောင်းသောစေတနာက ကောင်းကျိုးတရားကို ဖြစ်ပေါ်စေ၏။ မကောင်းသော စေတနာက မကောင်းကျိုးကို ဖြစ်ပေါ်စေ၏။

စေတနာသည် လူ၏စိတ်အစဉ်၌ ဥပါဒ်၊ ဌိတ်အားဖြင့် ဖြစ်ပြီး ပျက်သွားသော်လည်း စေတနာ၏သတ္တိအင်အားမှာ ပျက်မသွားဘဲ အချိန်ကြာမြင့်စွာ တည်တံ့နေ၏။ ထမင်းတစ်ထပ်စားချိန်သည် မိနစ်ပိုင်းသာ ကြာသော်လည်း ယင်းထမင်း၏အာနိသင်သည် လူကို နာရီပေါင်းများစွာ အဆာပြေစေပြီး လူ၏ခန္ဓာကိုယ်မှာ အင်အားများ တိုးပွားစေလျက် လူ၏အသက်ကို ကြာမြင့်စွာ ရှည်စေနိုင်၏။

အရက်တစ်ခွက်ကို သောက်ချိန်သည် ခဏလေးသာ ကြာသော်လည်း ယင်းအရက်၏စွမ်းအားကြောင့် လူသည် နာရီပေါင်းများစွာ မူးမေနေပြီး လူ၏မူလအင်အားကို ပျက်စီးစေနိုင်၏။

မိုးသည် နာရီပိုင်းမျှသာ ရွာသွန်းပြီး ပြတ်စဲသွားသော်လည်း မိုးရေ၏ အအေးဓာတ်သည် ရုတ်တရုတ် ပျက်ပြယ်မသွားဘဲ တော၊ တောင်၊ ရေ၊ မြေ၌ စိမ့်ဝင်လျက် အချိန်ကြာမြင့်စွာ ပံ့နှုံ့တည်ရှိနေ၏။ ယင်း ထမင်း၊ အရက်၊ မိုးရေများ၏သတ္တိသည် ရုပ်တရား၏ သတ္တိများဖြစ်၏။ စိတ်၊ စေတနာစသော နာမ်၏သတ္တိကား ထိုရုပ်၏သတ္တိထက် အဆပေါင်းများစွာ ကြာမြင့်၏။ စိတ်၊ စေတနာ၏သတ္တိသည် ကမ္မာပေါင်းများစွာ ကြာနေသော်လည်း ပျက်စီးပျောက်ကွယ်မသွားပေ။

http://www.dhammadownload.com

လူသားများသည် မကောင်းသောစိတ်၊ မကောင်းသောစေတနာဖြင့် မကောင်းသောအလုပ်လုပ်ကြပြီး ကောင်းသောစိတ် ကောင်းသောစေတနာဖြင့် ကောင်းသောအလုပ်တို့ကို နေ့စဉ်မပြတ် ပြုလုပ်နေကြ၏။ ယင်း စိတ်၊ စေတနာ၏သတ္တိသည် ပြုလုပ်သူ လူသား၏ စိတ်အစဉ်၌ အင်အားကြီးမားစွာ ပျံ့နှံ့တည်ရှိနေခဲ့၏။ ထို့ကြောင့် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး လူချင်းတူကြစေကာမူ စိတ်ထက်မြက်ပုံချင်း၊ စရိုက်ဝါသနာချင်းမတူ ကွဲပြားနေကြခြင်းဖြစ်၏။ လူ၏စိတ်အစဉ်၌ ပျံ့နှံ့တည်ရှိနေသော ယင်း စိတ်၊ စေတနာ၏ သတ္တိသည် ကမ္ဘာမြေကြီးထက် အဆပေါင်းများစွာ နက်နဲကျယ်ပြန့်ကြောင်း၊ ထုထည်ကြီးမားကြောင်း မြတ်ဗုဒ္ဓက မူလပဏ္ဏာသပါဠို၊ ကကစူပမသုတ္တန်၌ ပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။

ဘုရားတစ်ဆူဖြစ်ရန် ပါရမီတော်များကို အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ကျင့်ရ၏။ ဘုရားအလောင်းတော်၏ စိတ်အစဉ်၌ ပါရမီတော်များကို ဖြည့်နှိုင်ရန် ဖြစ်ပေါ်ခဲ့သော ကောင်းမြတ်သော စေတနာ၏သတ္တိသည် ပျက်ပြယ်မသွားဘဲ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အချိန်ကြာအောင် တည်တံ့လျက် နောက်ဆုံး သိဒ္ဓတ္ထမင်းသားဘဝသို့ရောက်မှ သဗ္ဗညုတဘုရားအဖြစ်ဟူသော အကောင်းဆုံး အကျိုးတရားကို ဖြစ်ပေါ်စေခဲ့၏။

အလောင်းတော်သည် ပါရမီနုစဉ်ဘဝက မကောင်းသောစေတနာဖြင့် သူတစ်ပါး ဆင်းရဲဒုက္ခရောက်အောင် နှိပ်စက်ခဲ့၏။ ယင်း မကောင်းသော စေတနာ၏သတ္တိအင်အားသည် ပျက်စီးမသွားဘဲ ဘုရားဖြစ်နေသော ဘဝမှာပင် ဝိပါက်တော်အဖြစ် ဝဠုလည်သည့်သဘောဖြင့် မကောင်းကျိုးကို ဖြစ်ပေါ်စေ၏။ ထို့ကြောင့် စိတ်၊ စေတနာ၏ စွမ်းရည်သတ္တိသည် ရုပ်၏ စွမ်းရည်သတ္တိထက် အဆပေါင်းများစွာ ကြာမြင့်၏။ ထက်မြက်၏။ မြတ်ဗုဒ္ဓသည် စေတနာခေါ်သော ကံတရားက အကျိုးတရားကို ဖြစ်စေနိုင်ပုံကို ပဋ္ဌာန်းဒေသနာတော်၌ ကမ္မပစ္စည်းအဖြစ် ထုတ်ဖော်ဟောပြတော်မူခဲ့၏။

http://www.dhammadownload.com

လူတို့သည် အတ္တသမားဖြစ်၍ မိမိလုပ်ကောက်တရားက မိမိအား သင့်လျော်သောအချိန်၌ အကျိုးတရားကိုဖြစ်ပေါ်စေနိုင်သည်ဟု ယုံကြည်ကြပါက မကောင်းမှုကို ရှောင်ကြဉ်ကြမည်သာဖြစ်၏။ လူ၏ခန္ဓာကိုယ်သည် အဓမ္မတရားဆိုးများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေရုံသာမက မမှန်သော ဘာသာရေးတရားများနှင့် ဝါဒဆိုး၊ စနစ်ဆိုးများကို လူတို့အား ဟောပြောသင်ပြကြခြင်းကြောင့် လူ့လောက၌ အဓမ္မတရားများသာ လွှမ်းမိုးကြီးစိုးနေသည်ကို တွေ့ရ၏။ အဓမ္မတရား လွှမ်းမိုးနေသော လောကထဲ၌ မြတ်ဗုဒ္ဓ၏ ကြောင်းကျိုးဖြစ်စဉ် ကမ္မဝါဒသည် အဘယ်မှာ အောင်အောင်မြင်မြင် ရှိနိုင်ပါအံ့နည်း။ မြတ်ဗုဒ္ဓ၏ ကမ္မဝါဒကို အသိဉာဏ်ရင့်ကျက်သူ လူအနည်းငယ်သာ လက်ခံနိုင်ကြသည်ကို တွေ့ရ၏။ စာရှုသူသည် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒကို လက်ခံသူထဲတွင် ပါဝင်နေပြီလားဟု မိမိကိုယ်ကို ပြန်လည်သုံးသပ်သင့်၏။

အကျဉ်းမှတ်ရန်

စေတနာတစ်ခုတည်း သီးခြားဖြစ်ပေါ်လာခြင်းမဟုတ်၊ အခြားစိတ်စေတသိက်တရားများနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်ရ၏။ ထိုသို့ အတူတကွဖြစ်သော နာမ်တရားတွင် စေတနာသည် သတ္တိအင်အား၊ ကြောင့်ကြ ဗျာပါရအကြီးမားဆုံးဖြစ်၏။ ထို့ကြောင့် စေတနာသည် တပည့်ကြီး၊ လက်သမားဆရာကြီး စသူတို့နှင့်တူ၏ဟု ကျမ်းဂန်များ၌ အဆိုရှိ၏။ ထိုသို့ စေတနာ၏ကြီးမားသော အမူအရာ ဗျာပါရသတ္တိဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော ပစ္စည်းသည် ကမ္မပစ္စည်းမည်၏။ ထိုကမ္မပစ္စည်းသည် –

၁။ သဟဇာတကမ္မပစ္စည်း

၂။ နာနာက္ခဏိက ကမ္မပစ္စည်းဟု နှစ်မျိုးပြား၏။

သဟဇာတကမ္မ

ပစ္စည်းတရား။ စိတ် ၈၉ ပါး၌ရှိသော စေတနာ။ ဤတရားသည် သဟဇာတ ကမ္မပစ္စည်းတပ်သော တရားမည်၏။

http://www.dhammadownload.com

ပစ္စယုပ္ပန်တရား။ စိတ် ၈၉ ပါး၊ စေတနာကြွဉ်သော စေတသိက် ၅၁ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

နာနာက္ခဏိကကမ္မ

ပစ္စည်းတရား။ အတိတ်ဖြစ်သော ကုသိုလ်၊ အကုသိုလ်စေတနာ ၃၃ ခု၊ ဤတရားသည် နာနာက္ခဏိက ကမ္မပစ္စည်းတပ်သော တရားမည်၏။

ပစ္စယုပ္ပန်တရား။ ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇ၊ ဤတရားတို့သည် နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်၏။

၁၄။ ဝိပါကပစ္စည်း

မိမိအားထုတ်ခြင်း ဗျာပါရကင်းလျက် ငြိမ်သက်သောသဘော ရှိသည်၏ အဖြစ်ဖြင့် အတူတကွဖြစ်ကြသော နာမ်ရုပ်တရားများအား အားထုတ်ခြင်း ဗျာပါရကင်းပြီး ငြိမ်သက်ခြင်းအကျိုးငှာ ကျေးဇူးပြုသော ပစ္စည်းသည် ဝိပါကပစ္စည်းမည်၏။

ရှင်းပါဦးမည်၊ ဝိပါက်စိတ်တို့သည် ပယောဂဗျာပါရဖြင့် မပြီးစေထိုက်သည့်အတွက် ကုသိုလ်ကံ အကုသိုလ်ကံတရားကို ပြုလုပ်ပြီးဖြစ်သဖြင့် ယင်းကုသိုလ် အကုသိုလ်ကံတရားကြောင့် အဆင်သင့် ပြီးစီးဖြစ်ပေါ်လာကြရသော အကျိုးတရားများဖြစ်၏။ ထို့ကြောင့် ဝိပါက်စိတ်တို့မှာ အားထုတ်မှု ဥဿာဟမရှိသော ငြိမ်သက်မှုသဘောရှိကြ၏။

ဝိပါက်စိတ်များ ငြိမ်ငြိမ်သက်သက်ဖြစ်ပုံမှာ အိပ်ပျော်နေစဉ် ဘဝင်စိတ်များ ဖြစ်ပေါ်နေသောအခါ စိတ်ဖြစ်နေမှန်းမသိလောက်အောင် ငြိမ်သက်လှ၏။ အိပ်ပျော်နေစဉ် လူ၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်၏ပယောဂမှု လုံးဝ မဖြစ်ပေ။

http://www.dhammadownload.com

ပဋ္ဌာဒ္ဓါရဝိထိဠ္ဍလည်း ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိန်း စသော ဝိပါက်စိတ်များချည်းသာ ဖြစ်နေပါက ဖြစ်မှန်းကိုပင်မသိနိုင်။ ဇော ၇ ကြိမ် ဖြစ်ခြင်းကြောင့်သာ ယင်း ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏစိတ်များ ရှုပါရုံ စသော အာရုံကို ယူနေမှန်းသိရခြင်းဖြစ်၏။

ဤသို့ လူအေးတစ်ဦးက အခြားလူအေးတစ်ဦးအား အေးအေးနေရန် စီမံသကဲ့သို့ မိမိကိုယ်တိုင် ဗျာပါရကင်းလျက် ငြိမ်သက်သည်ဖြစ်၍ အတူတကွဖြစ်သော နာမ်ရုပ်တရားအား ဗျာပါရကင်းလျက် ငြိမ်သက်ဖို့ရန် ကျေးဇူးပြုသောသတ္တိသည် ဝိပါကသတ္တိမည်၏။

ပစ္စည်းတရား။ ဝိပါက်စိတ် ၃၆ ပါး၊ စေတသိက် ၃၈ ပါး၊ အလုံးစုံသော ဝိပါက် ပဝတ္တိ၊ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်စိတ် ၃၆ ပါး၊ စေတသိက် ၃၈ ပါး၊ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ယထာရဟပြုအုပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားများ ဖြစ်၏။

၁၅။ အာဟာရပစ္စည်း

အိမ် စသည်ကို ထောက်ထားသော ''ကျား'' ခေါ်သော ထောက်တိုင်သည် အိမ်စသည်ကို မယိမ်းမယိုင် ခိုင်မြဲအောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့ အကျိုးပစ္စယုပ္ပန်ဖြစ်သော နာမ်ရုပ်တရားတို့အား ကြာမြင့်စွာ ဆက်လက်တည်တံ့အောင် ထောက်ပံ့ကျေးဇူးပြုသောပစ္စည်းသည် အာဟာရပစ္စည်းမည်၏။ ထိုအာဟာရပစ္စည်းသည် –

၁။ ရုပ်အာဟာရပစ္စည်း

၂။ နာမ်အာဟာရပစ္စည်းဟု နှစ်မျိုးပြား၏။

http://www.dhammadownload.com

ရုပ်အာဟာရပစ္စည်း

ပစ္စည်းတရား။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ ကလာပ်တူ ဩဇာကြွင်သော ကလာပ်တူ၊ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ။ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

နာမ်အာဟာရပစ္စည်း

ပစ္စည်းတရား။ ဖဿ၊ စေတနာ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃ ပါး။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့မည်၏။

ပစ္စယုပ္ပန်တရား။ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၆။ ဣန္ဒြိယပစ္စည်း

ပြည်ထဲရေးဝန်ကြီး၊ ပညာရေးဝန်ကြီး စသော ဝန်ကြီးများ၊ မိမိဆိုင်ရာလုပ်ငန်းကိစ္စ၌ အစိုးရကြသကဲ့သို့ ဆိုင်ရာကိစ္စများ၌ အကျိုးပစ္စယုပ္ပန်တရားတို့ကို မိမိအလို သို့လိုက်ပါစေခြင်းဟုဆိုအပ်သော အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည် ဣန္ဒြိယပစ္စည်းမည်၏။ ထို ဣန္ဒြိယပစ္စည်းသည် –

၁။ သဟဇာတိန္ဒြိယပစ္စည်း
၂။ ပုရေဇာတိန္ဒြိယပစ္စည်း
၃။ ရူပဇီဝိတိန္ဒြိယပစ္စည်း ဟု သုံးမျိုးပြား၏။

http://www.dhammadownload.com

သဟဇာတိန္ဒြိယပစ္စည်း

ပစ္စည်းတရား။ ဇိဝတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဇောဂ္ဂတာ၊ ပညာ ဟူသော နာမ်ကွန်ရှေ့တရားကိုယ် ၈ ပါး။ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သော တရားများဖြစ်၏။

ပစ္စယုပ္ပန်တရား။ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

ပုရေဇာတိန္ဒြိယပစ္စည်း

ပစ္စည်းတရား။ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတိတ်ဘဝဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ (ပ) ကာယိန္ဒြေ။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့မည်၏။

ပစ္စယုပ္ပန်တရား။ ဒွေပဥ္စဝိညာဏ် ၁၀၊ သဒ္ဒစိတ္တသာဓာရဏာစေတသိက် ၇ ပါး။ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

ရူပဇီဝိတိန္ဒြိယပစ္စည်း

ပစ္စည်းတရား။ ပဝတ္တိ၊ ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားမည်၏။

ပစ္စယုပ္ပန်တရား။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၈ ခု၊ ၉-ခု။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

http://www.dhammadownload.com

၁၇။ ဈာနပစ္စည်း

အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်တို့၏ အစွမ်းဖြင့် ကပ်ရောက်၍ အာရုံကို ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် ဈာနပစ္စည်း မည်၏။

သစ်ပင်ပေါ်၊ တောင်ထိပ်ပေါ်သို့ တက်သူသည် ထိုထို၊ ဤဤ၌ အထူးအဆန်း ရှုခင်းအမျိုးမျိုးကို ကိုယ်တိုင်လည်းကြည့်ရှုရ မြင်ရ၏။ မိမိမြင်သမျှကို အောက်၌ရှိနေသော လူတို့အားလည်း ပြောပြ၏။ ထို့အတူ ဝိတက်စသော ဈာနင်တရားတို့သည် မိမိတို့လည်း အာရုံကို စူးစိုက်စွာ ယူကြ၏။ အတူတကွဖြစ်သော တရားတို့အားလည်း အာရုံကို စူးစိုက်စွာ ယူနိုင်ရန် ကျေးဇူးပြုကြ၏။ ထိုသို့ ကျေးဇူးပြုသောပစ္စည်းသည် ဈာနပစ္စည်း မည်၏။

ပစ္စည်းတရား။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဇောဂတာ။ ဤဈာနင် တရားကိုယ်ငါးပါး ဈာနပစ္စည်းတပ်သော တရားတို့မည်၏။

ပစ္စယုပ္ပန်တရား။ ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၉ ပါး၊ စေတသိက် ၅၂ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၈။ မဂ္ဂပစ္စည်း

မဂ္ဂသဒ္ဒါသည် လူတို့ ပကတိသွားရိုးသွားစဉ် လမ်းခရီးကိုဟော၏။ ဤ၌ ပညာစသည်တို့သည် ထိုလမ်းခရီးနှင့်တူသောကြောင့် မဂ္ဂမည်၏။ ပကတိလမ်းခရီးသည် လမ်းပေါ်မှာသွားလာကြသူတို့ကို သွားလိုရာအရပ်သို့ ရောက်အောင် ပို့ပေးသကဲ့သို့ မဂ္ဂင်တရားများသည်လည်း လိုက်နာကျင့်သုံး သူတို့ကို ရောက်လိုရာဘဝ လိုရာအာရုံသို့ရောက်အောင် ပို့ဆောင်ပေးကြ၏။ ထိုလမ်းခရီးနှင့်တူသောကြောင့် မဂ္ဂမည်၏။

http://www.dhammadownload.com

သုဂတိဘဝမှသော်လည်းကောင်း၊ ကုသိုလ်ကောင်းမှုမှသော်လည်းကောင်း ဒုဂ္ဂတိဘဝမှသော်လည်းကောင်း မကောင်းမှုအကုသိုလ်မှသော်လည်းကောင်း ထွက်မြောက်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် မဂ္ဂပစ္စည်းမည်၏။

ပစ္စည်းတရား။ ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ကေဂ္ဂတာ၊ ဒိဋ္ဌိ။ ဤမဂ္ဂင်တရားကိုယ်ကိုးပါးတို့သည် မဂ္ဂပစ္စည်းတပ်သောတရားတို့မည်၏။

ပစ္စယုပ္ပန်တရား။ သဟိတ်စိတ် ၎၁ ပါး၊ စေတသိက် ၅၂ ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၁၉။ သမ္မယုတ္တပစ္စည်း

ပရမတ္ထအားဖြင့် ကွဲပြားနေကြသော်လည်း တပေါင်းတည်း၊ တစ်စုတည်းအဖြစ်သို့ ရောက်သကဲ့သို့ အတူတကွဖြစ်ခြင်း၊ (ဇောပ္ပါဒ) စသည်တို့၏ အဖြစ်ဟုဆိုအပ်သော သမ္မယုတ်လက္ခဏာအားဖြင့် ကျေးဇူးပြုတတ်သော နာမက္ခန္ဓာလေးပါးတို့သည် သမ္မယုတ္တပစ္စည်းမည်၏။

ထောပတ်၊ ပျားရည်၊ သကာ၊ ဆီဟူသော အချိုအဆိမ့်လေးမျိုးကို ရောလျက် ချက်ပြုံးသောအခါ အရသာကိုခွဲခြား၍မရနိုင်လောက်အောင် အချင်းချင်း ရောနှောပေါင်းစပ်သကဲ့သို့ စိတ်၊ စေတသိက်၊ နာမက္ခန္ဓာလေးပါးတို့သည် ဇောပ္ပါဒတာစသော စေတသိက်လက္ခဏာတို့ဖြင့် အညီအမျှ ယှဉ်တွဲဖြစ်ရာ၌ တစ်စုစီခွဲထုတ်မရနိုင်လောက်အောင် အချင်းချင်း လိုက်လျောပေါင်းစပ်လျက် ကျေးဇူးပြုသောပစ္စည်းသည် သမ္မယုတ္တပစ္စည်းမည်၏။

ပစ္စည်းတရား။ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္မယုတ္တ ပစ္စည်းတပ်သော တရားတို့မည်၏။

http://www.dhammadownload.com

ပစ္စယုပ္ပန်တရား။ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ အလုံးစုံသော ပဝတ္တိပဋ္ဌသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္မယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

၂၀။ ဝိပ္ပယုတ္တပစ္စည်း

အချင်းချင်း ဆက်သွယ်ခြင်းရှိသည်၏အဖြစ်ဖြင့် ယှဉ်စပ်ကြသော်လည်း ကေပ္ပါဒတာ စသော စေတသိက်သဘောလက္ခဏာမျိုးဖြင့် မယှဉ်ခြင်း မရောနှောခြင်းကြောင့် ကိုယ်ပိုင်သဘောလက္ခဏာအသီးသီးဖြင့် ပေါင်းစပ်လျက် ကျေးဇူးပြုသောပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။

အရသာ ၆ မျိုးကို ရောစပ်ထားရာ၌ ရောပင်ရောစပ်ထားသော်လည်း တစ်မျိုးနှင့်တစ်မျိုးထဲ နှီးနှောမိကြသဖြင့် အညီအမျှမဖြစ်ဘဲ ကိုယ်ပိုင်သဘောလက္ခဏာအသီးသီးဖြင့် ကျေးဇူးပြုကြသကဲ့သို့ အတူတကွဖြစ်ကြသော်လည်း ပစ္စည်း ပစ္စယုပ္ပန်တရားများ အချင်းချင်း မလိုက်လျောနိုင်ကြသဖြင့် အညီအမျှမဖြစ်နိုင်ဘဲ ကျေးဇူးပြုသောပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။

ထိုဝိပ္ပယုတ္တပစ္စည်းသည် -

(၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း

(၂) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း

(၃) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းဟု သုံးမျိုးပြား၏။

မှတ်ချက်။ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းသည် ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဟု နှစ်မျိုးပြား၏။

သဟဇာတဝိပ္ပယုတ္တပစ္စည်း

ပစ္စည်းတရား။ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ပါး၊ ဒေပဋ္ဌဝိညာဏ် ၁၀၊ ရဟန္တာတို့ စုတိကြဉ်သော စိတ် ၁၅ပါး၊

http://www.dhammadownload.com

စေတသိက် ၅၂–ပါး၊ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄–ပါး၊ ပဥ္စဝေါကာရ ပဋိသန္ဓေ စိတ် ၁၅–ပါး၊ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်းတပ်သော တရားတို့မည်၏။

ပစ္စယုပ္ပန်တရား။ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ၁၅–ပါး၊ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်၏။

မှတ်ချက်။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် ဝတ္ထုပုရောဇာတနိဿယနှင့် တူ၏။ ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားသည် ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

၂၁။ အတ္ထိပစ္စည်း

ပစ္စုပ္ပန်သဘောဟုဆိုအပ်သော ထင်ရှားစွာ တည်ရှိနေလျက် ထိုသို့ ပစ္စုပ္ပန်အဖြစ်ဖြင့် ထင်ရှားစွာ တည်ရှိနေသော ပစ္စယုပ္ပန်တရားအား ထောက်ပံ့ကျေးဇူးပြုသော တရားသည် အတ္ထိပစ္စည်းမည်၏။

မြေကြီး, မြင်မိုရ်တောင်တို့သည် မိမိတို့ထင်ရှားရှိနေစဉ် မိမိအပေါ်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်လျက်ထင်ရှားရှိနေသော သစ်ပင်တို့အား ရှင်သန်စိမ်းလန်းအောင် ထောက်ပံ့သကဲ့သို့ မိမိတို့ ထင်ရှားရှိနေစဉ်မှာ မိမိတို့ကဲ့သို့ပင် ထင်ရှားရှိနေသော ပစ္စယုပ္ပန်တရားများအား ကျေးဇူးပြုသော ပစ္စည်းသည် အတ္ထိပစ္စည်းမည်၏။

ထိုအတ္ထိပစ္စည်းသည် –

၁။ သဟဇာတတ္ထိ
၂။ ပုရေဇာတတ္ထိ
၃။ ပစ္ဆာဇာတတ္ထိ
၄။ ရူပအာဟာရတ္ထိ
၅။ ရူပဇီဝိတိန္ဒြိယတ္ထိ ဟု ၅မျိုးပြား၏။

http://www.dhammadownload.com

မှတ်ချက်။ သဟဇာတတ္ထိသည် သဟဇာတပစ္စည်းနှင့် တူ၏။ ပုရေဇာတတ္ထိသည် ပုရေဇာတပစ္စည်းနှင့် တူ၏။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့် တူ၏။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။

၂၂။ နတ္ထိပစ္စည်း

နတ္ထိသဒ္ဒါသည် မရှိဟူသော အနက်ကိုဟော၏။ လောကဌ် ဆီမီးအလင်းရောင်နှင့် အမှောင်ထုသည် တစ်ပြိုင်နက်ဖြစ်ရိုးမရှိ၊ ဆီမီးငြိမ်းသွားပြီးနောက်မှ အမှောင်ထုဖြစ်ပေါ်လာ၏။ ထို့ကြောင့် ငြိမ်းသွားပြီးသော ဆီမီးသည် အမှောင်ထုဖြစ်လာစေရန် အခွင့်ပေးသွားခြင်းဖြစ်၏။

ထို့အတူ လူ၏စိတ်ဌ်လည်း တရားနှစ်မျိုး တစ်ပြိုက်နက်ဖြစ်ရိုးမရှိ၊ ဖဿ စသောတရားအပေါင်းအစုတစ်မျိုး ဖြစ်ပေါ်နေစဉ်နှစ်ခုမြောက် အခြားဖဿစသော တရားအပေါင်းအစုတစ်မျိုးမဖြစ်နိုင်ခြင်းကြောင့် မိမိတည်ရှိနေစဉ် ဖြစ်ခွင့်မရကြသော မိမိအခြားမဲ့ဌ် ဖြစ်ပေါ်လာလတ္တံ့သော စိတ်, စေတသိက်တို့အား မိမိချုပ်ငြိမ်းသွားပြီးနောက် မိမိ၏ အခြားမဲ့ဌ် ဖြစ်ခွင့်ပေးသည့်အနေဖြင့် ချုပ်ငြိမ်းပြီး ကျေးဇူးပြုသော စိတ်, စေတသိက်တရားသည် နတ္ထိပစ္စည်းမည်၏။

မှတ်ချက်။ နီတ္ထိပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်တရားများသည် အနန္တရနှင့် တူ၏။

၂၃။ ဝိဂတပစ္စည်း

ဝိဂတသဒ္ဒါသည် ကင်းပျောက်ချုပ်ငြိမ်းခြင်းအနက်ကို ဟော၏။ နေရောင်ရှိနေလျှင် လရောင်ဖြစ်မလာနိုင်ပေ၊ နေရောင်ပျောက်ကွယ်ခြင်းသည် လရောင်ဖြစ်လာဖို့ရန် အခွင့်ပေး ကျေးဇူးပြုရာရောက်၏။

ထို့အတူ ပစ္စည်းတရားက ထင်ရှားရှိနေခြင်း သဘောမှကင်းပျောက်ချုပ်ကွယ်မှု မရှိပါလျှင် နောက်နောက်ပစ္စယုပ္ပန်တရားများဖြစ်ခွင့်မရကြ။ ထို့ကြောင့် နောက်နောက် ပစ္စယုပ္ပန်တရားများ ဖြစ်ခွင့်ရအောင် မိမိပစ္စည်း

http://www.dhammadownload.com

တရားက ကင်းပျောက်ချုပ်ကွယ်ခြင်းဖြင့် နောက်နောက် ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုသော ပစ္စည်းသည် ဝိဂတပစ္စည်းမည်၏။

မှတ်ချက်။ ဝိဂတပစ္စည်း, ပစ္စယုပ္ပန်တရားသည် အနန္တရပစ္စည်း ပစ္စယုပ္ပန် တရားနှင့် တူ၏။

၂၄။ အဝိဂတပစ္စည်း

အဝိဂတသဒ္ဒါသည် '' မကင်းသေး၊ မချုပ်သေး'' ဟူသော အနက် ကိုဟော၏။ မိမိပစ္စည်းတရားက မကင်းသေး၊ မချုပ်သေးသည်၏ အဖြစ်ဖြင့် ပစ္စည်းယုပ္ပန်တရားများအား ကျေးဇူးပြုသော ပစ္စည်းသည် အဝိဂတပစ္စည်း မည်၏။

သမုဒ္ဒရာသည် မိမိ၌တည်ရှိနေသော ငါး, လိပ်စသော သတ္တဝါများ အား မိမိမကင်းသေး၊ မကုန်ခန်းသေးသမျှ ကာလပတ်လုံး အေးအေးမြမြ တည်ရှိနေရန် ကျေးဇူးပြုသကဲ့သို့ပင် ဖြစ်၏။ ထိုအဝိဂတပစ္စည်းသည်-

၁။ သဟဇာတ အဝိဂတပစ္စည်း
၂။ ပုရေဇာတ အဝိဂတပစ္စည်း
၃။ ပစ္ဆာဇာတ အဝိဂတပစ္စည်း
၄။ ရူပအာဟာရ အဝိဂတပစ္စည်း
၅။ ရူပဇီဝိတိန္ဒြိယ အဝိဂတပစ္စည်းဟု ၅-မျိုးပြား၏။

မှတ်ချက်။ အဝိဂတပစ္စည်း၏ ပစ္စည်း၊ ပစ္စယုပ္ပန်တရားသည် အတ္တိပစ္စည်းနှင့် တူ၏။

ပစ္စည်း ၆-မျိုးခွဲခြားပုံ

၁။	နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း	၆ ပါး
၂။	နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း	၅ ပါး
၃။	နာမ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်း	၁ ပါး

http://www.dhammadownload.com

၄။ ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၁ ပါး

၅။ ပညတ်နာမ်ရုပ်တို့က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂ ပါး

၆။ နာမ်ရုပ် ၂ ပါးက နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုသောပစ္စည်း ၉ ပါး

နာမ်ကနာမ်အား ကျေးဇူးပြုသော ၆-ပစ္စည်း

၁။ အနန္တရ
၂။ သမနန္တရ
၃။ အာသေဝန
၄။ သမ္ပယုတ္တ
၅။ နတ္ထိ
၆။ ဝိဂတ

နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ၅-ပစ္စည်း

၁။ ဟေတုပစ္စည်း
၂။ ဈာနပစ္စည်း
၃။ မဂ္ဂပစ္စည်း
၄။ ကမ္မပစ္စည်း
၅။ ဝိပါကပစ္စည်း

နာမ်ကရုပ်အား ကျေးဇူးပြုသော ၁-ပစ္စည်း

ပစ္ဆာဇာတပစ္စည်း

ရုပ်ကနာမ်အား ကျေးဇူးပြုသော ၁-ပစ္စည်း

ပုရေဇာတပစ္စည်း

ပညတ်, နာမ်ရုပ်က နာမ်အား ကျေးဇူးပြုသော ၂-ပစ္စည်း

အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း

နာမ်ရုပ် ၂-ပါးက နာမ်ရုပ် ၂-ပါးအား ကျေးဇူးပြုသော ၉-ပစ္စည်း

၁။ အဓိပတိပစ္စည်း
၂။ သဟဇာတပစ္စည်း
၃။ အညမညပစ္စည်း
၄။ ဩပ္ပယျတ္တပစ္စည်း
၅။ ဝိပ္ပယုတ္တပစ္စည်း
၆။ ကျွန်ုိယပစ္စည်း
၇။ ဝိပ္ပယုတ္တပစ္စည်း
၈။ အတ္ထိပစ္စည်း

http://www.dhammadownload.com

၄။ နိဿယပစ္စည်း ၉။ အဝိဂတပစ္စည်း
၅။ အာဟာရပစ္စည်း

ပစ္စည်းအကျဉ်းချုပ် ၄-မျိုး

၂၄-ပစ္စည်းသည်

၁။ အာဟာရမူဏာပစ္စည်း
၂။ ဥပနိဿယပစ္စည်း
၃။ ကမ္မပစ္စည်း
၄။ အတ္ထိပစ္စည်း ဟု ၄-ပစ္စည်း၌ ပါဝင်၏။

၄-ပစ္စည်း၌ ပါဝင်ပုံ

၁။ အာရမ္မဏာမျိုး ၈-ပါးသည် အာရမ္မဏပစ္စည်း၌ ပါဝင်၏။
၂။ အနန္တရမျိုး ၇-ပါးသည် အနန္တရူပနိဿယပစ္စည်း၌ ပါဝင်၏။
-ပကတူပနိဿယမျိုး ၂-ပါးသည် ပကတူပနိဿယပစ္စည်း၌ ပါဝင်၏။
၃။ နာနာက္ခဏိက ကမ္မမျိုး ၁-ပါးသည် ကမ္မပစ္စည်း၌ ပါဝင်၏။
၄။ သဟဇာတ ၁၅-မျိုးသည် သဟဇာတတ္တိပစ္စည်း၌ ပါဝင်၏။
- ဝတ္ထုပုရေဇာတမျိုး ၆-ပါးသည် ပုရေဇာတတ္ထိပစ္စည်း၌ ပါဝင်၏။
-ပစ္ဆာဇာတမျိုး ၄-ပါးသည် ပစ္ဆာဇာတတ္ထိပစ္စည်း၌ ပါဝင်၏။
-ရုပ်အာဟာရမျိုး ၃-ပါးသည် ရူပအာဟာရတ္ထိပစ္စည်း၌ ပါဝင်၏။
-ရူပဇီဝိတိန္ဒြိယမျိုး ၃-ပါးသည် ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်း၌ ပါဝင်၏။
၂၄-ပစ္စည်းကို အကျဉ်းချုံး၍ ပေါင်းယူပါက အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ-ဟူသော ၄-ပစ္စည်း၌ ထိုက်သည်အားလျော်စွာ ပါဝင်ကြ၏။

http://www.dhammadownload.com

သဟဇာတရူပံ။ သဟဇာတမျိုးဌ် သဟဇာတရူပ–အတူတကွဖြစ်သော ရုပ်ဟုဆိုရာဌ် ယင်းသဟဇာတရူပ–အတူတကွဖြစ်သော ရုပ်အရ ပဝတ္တိအခါဌ် စိတ္တဇရုပ်ကို ယူရမည်၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်ကို ယူရမည်။

တေကာလိကတရား

စိတ်, စေတသိက်, ရုပ်တရားများသည် ကာလသုံးပါးဌ်ဖြစ်သော (တေကာလိက) တရားများဖြစ်၏။

ကာလဝိမုတ္တတရား

နိဗ္ဗာန်နှင့် ပညတ်သည် ကာလ ၃–ပါးမှလွတ်သော (ကာလဝိမုတ္တ) တရားများဖြစ်၏။

၂၄–ပစ္စည်းကို ကာလ ၃–ပါးဖြင့် ဝေဖန်ပုံ

၁။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဤ ၁၅ ပစ္စည်းသည် ပစ္စုပ္ပန်ကာလဌ် ဖြစ်၏။

၂။ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ–ဤ ၅–ပစ္စည်းသည် အတိတ်ကာလဌ် ဖြစ်၏။

၃။ ကမ္မ–ပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်ဟူသော ကာလ ၂–ပါးဌ် ဖြစ်၏။

၄။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ–ဤသုံးပစ္စည်းသည် ပစ္စုပ္ပန်အတိတ်, အနာဂတ်ကာလ ၃–ပါးဌ်လည်း ဖြစ်၏။ ကာလ ၃–ပါးမှလည်း လွတ်၏။

ရှင်းလင်းချက်

၁။ ဟေတုပစ္စည်းဌ် ဟိတ်၆–ပါးသည် ဥပါဒ်, ဌိ, ဘင်အားဖြင့် ပစ္စုပ္ပန်ကာလဌ် ထင်ရှားနေစဉ်ဌ်သာ ဟေတုပစ္စည်းတပ်၏။ ချုပ်ပြီးအတိတ်ကာလနှင့်

http://www.dhammadownload.com

မဖြစ်သေးသော အနာဂတ်ကာလ၌ ဟေတုပစ္စည်းမတပ်၊ သဟဇာတ စသော ကြွင်း ၁၄-ပစ္စည်းတို့၌ ဤနည်းအတိုင်း နားလည်ပါစေ။

၂။ အနန္တရပစ္စည်း၌ ရှေးရှေး နာမက္ခန္ဓာသည် ချုပ်ပျောက်ပြီး အတိတ်ကာလသို့ ရောက်မှ နောက်နောက်တရားများ ဖြစ်ပေါ်ရန် ကျေးဇူးပြု၏။ ပစ္စုပ္ပန်အခိုက်၌ တည်ရှိနေစဉ်မှာ ကျေးဇူးမပြုနိုင်၊ မဖြစ်သေးသော အနာဂတ်ကာလ၌လည်း ကျေးဇူးမပြုနိုင် ကြွင်းသော သမနန္တရစသော ၄-ပစ္စည်း၌လည်း ဤနည်းအတိုင်း နားလည်ပါစေ။

၃။ ကမ္မပစ္စည်းသည် သဟဇာတကမ္မ၊ နာနာက္ခဏိက ကမ္မဟုနှစ်မျိုးရှိ၏။ ထိုတွင် သဟဇာတကမ္မပစ္စည်းသည် ဥပါဒ်, ဌိ, ဘင်ထင်ရှားသော ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြု၏။ နာနာက္ခဏိက ကမ္မပစ္စည်းသည် ချုပ်ပြီးနောက် အတိတ်ကာလ၌ ကျေးဇူးပြု၏။

၄။ ရူပါရုံသည် ပစ္စုပ္ပန်ကာလ၌လည်း အာရမ္မဏပစ္စည်းတပ်၏။ အတိတ်ကာလ, အနာဂတ်ကာလတို့၌လည်း အာရမ္မဏပစ္စည်းတပ်၏။ ထို့ကြောင့် ရူပါရုံသည် ကာလသုံးပါး၌ဖြစ်၏။ သဒ္ဒါရုံစသည်တို့လည်း ထိုနည်းအတူပင်ဖြစ်၏။ ဓမ္မာရုံတွင် နိဗ္ဗာန်နှင့် ပညတ်သည် ကာလဝိမုတ်အာရုံများဖြစ်၏။ အဓိပတိ, ဥပနိဿယပစ္စည်းတို့ကို စိစစ်ကြည့်ပါလေ။ ဥပနိဿယပစ္စည်း၌ ပုဂ္ဂလ, သေနာသနစသော ပညတ်ကာလဝိမုတ်တရားများပါရှိ၏။

၂၄-ပစ္စည်းကို သခ်ံတ, အသခ်ံတခွဲပုံ

သခ်ံတ ဟူသည် ကံစိတ်ဥတုံ အာဟာရဟူသော အကြောင်းတရားများ ပြုပြင်စီမံအပ်သော စိတ်, စေတသိက်, ရုပ်တရားများဖြစ်၏။

အသခ်ံတ ဟူသည် ကံ, စိတ်, ဥတု,အာဟာရ ဟူသော အကြောင်းတရားများ မပြုပြင် မစီမံအပ်သော နိဗ္ဗာန်, ပညတ်များဖြစ်၏။

http://www.dhammadownload.com

၁။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ဤပစ္စည်းတို့သည် သခ်ၤတ, အသခ်ၤတ ၂-မျိုးလုံး၌ ဖြစ်၏။

၂။ ကြွင်း ၂၁-ပစ္စည်းသည် သခ်ၤတ တစ်မျိုးသာဖြစ်၏။

၂၄-ပစ္စည်းကို နာမ်, ရုပ်, ပညတ်ခွဲပုံ

၁။ ဟေတု၊ အနန္တရ၊ သမနန္တရ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ နတ္ထိ၊ ဝိဂတ-ဤ ၁၂ ပစ္စည်းသည် နာမ်ဖြစ်သော ပစ္စည်းတို့တည်း။

၂။ ပုရေဇာတ ပစ္စည်းသည် ရုပ်ဖြစ်သော ပစ္စည်းတည်း။

၃။ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ ၉-ပစ္စည်းတို့သည် နာမ်ရုပ် ၂-ပါး ဖြစ်သော ပစ္စည်းတို့တည်း။

ပဋ္ဌာန်းနည်းပြီး၏။

*****

နမ်တရား, ရုပ်တရား, ပညတ်ခွဲပုံ

နာမ်တရား။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သခၤါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူ၍ နာမက္ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်၊ ဤ ၅-ပါးကို နာမ်တရားဟုလည်း ခေါ်၏။ အရူပတရားဟုလည်း ခေါ်၏။

ရုပ်တရား။ ရုပ်တရားဟူသည် ရူပက္ခန္ဓာပင်ဖြစ်၏။

ပညတ်ကို။ နာမ်, ရုပ် ပရမတ်တရားများသည် သက်ရှိ၊ သက်မဲ့ဒြပ်အဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေကြ၏။ ထိုသို့ ဖြစ်ပေါ်ရာ၌ ပုံသဏ္ဌာန်ကွဲပြားလျက် ဖြစ်ပေါ်ကြ၏။ ကမ္မာဦးက လူတို့သည် ထိုသို့ နာမ်ရုပ်ခန္ဓာငါးပါး

http://www.dhammadownload.com

တရားများ ဖြစ်အဖြစ်ဖွဲ့စည်းဖြစ်ပေါ်နေသည်ကို တွေ့မြင်ရသောအခါ ပုံသဏ္ဌာန်ကိုကြည့်လျက် လူဟုလည်းကောင်း၊ နတ်ဟုလည်းကောင်း၊ တိရစ္ဆာန်ဟုလည်းကောင်း စသည်ဖြင့် သတ်မှတ်ခေါ်ဝေါ်ကြ၏။

သစ်ပင်များ စုပေါင်းပေါက်ရောက်နေသောနေရာကိုကြည့်လျက် ''တော'' ဟု သတ်မှတ်ခေါ်ဝေါ်ကြ၏။ ထိုသို့ ကမ္ဘာဦးကလူသားများ ခေါ်ဝေါ်ပညတ်အပ်သည်ကို ပညတ်ခေါ်၏။ မီးတောက်မီးလျှံကို အခြေခံ၍ မီးအလင်းရောင်ဖြစ်လာသကဲ့သို့ ပရမတ်တရားကို အခြေခံ၍ ပညတ်ဖြစ်ပေါ်လာ၏။ မီးခိုးသည် မီးတောက်မီးလျှံကို ဖုံးကွယ်ထားသကဲ့သို့ ပညတ်သည် ပရမတ်တရားကို ဖုံးကွယ်ထား၏။ ပညတ်ဖုံးကွယ်ထားမှုကြောင့် ပရမတ်တရားသည် အသိခက်၏။ ပညတ်ဖုံးကွယ်ထားမှုကြောင့် သာမန်လူသားများ ပရမတ်တရားကို မမြင်နိုင်ဘဲ ပညတ်နယ်၌ မျက်စိလည်နေကြ၏။

ပညတ်အပြား

ပညတ်သည် အတ္ထပညတ်၊ သဒ္ဒပညတ်ဟု ၂ မျိုးပြား၏။

အတ္ထပညတ်။ အပြားအားဖြင့် သိစေအပ်သောကြောင့် ခေါ်ဝေါ်အပ်သော အနက်ဒြပ်ကို အတ္ထပညတ်ခေါ်၏။ စိတ်ထဲ၌ထင်လာသော အကောင်အထည်ဒြပ်ကို အနက်ခေါ်၏။ ထိုအနက်ကို သူတစ်ပါးတို့ နားလည်အောင် အမျိုးမျိုးအပြားပြား နာမည်တပ်၍ သိစေအပ်သောကြောင့် အတ္ထပညတ်ခေါ်၏။

ထိုအတ္ထပညတ်သည် –

၁။ သန္တာနပညတ်	၆။ မာသပညတ်
၂။ သမူဟပညတ်	၇။ သံဝစ္ဆရပညတ်
၃။ သတ္တပညတ်	၉။ အာကာသပညတ်
၄။ ဒိသာပညတ်	၁၀။ ကသိဏ်းပညတ်

http://www.dhammadownload.com

၅။ ကာလပညတ် ၁၁။ နိမိတ္တပညတ်
၆။ ဥတုပညတ် ဤသို့ စသည်ဖြင့်ပြား၏။

မှတ်ချက်။ သတ္တပညတ်ကို ဥပါဒါပညတ်ဟုလည်းကောင်း၊ ဇာတိပညတ်ဟုလည်းကောင်း ခေါ်ကြသေး၏။ **ဒိသာကာလာဒိကာ၌** အာဒိသဒ္ဒါဖြင့် ဥတုပညတ်၊ မာသပညတ်၊ သံဝစ္ဆရပညတ်တို့ကို ယူရ၏။

သန္တာနပညတ်။ ဘူမိ (မြေ)၊ ပဗ္ဗတ (တောင်) စသော ပညတ်သည် ထိုထို ပထဝီစသော မဟာဘုတ်များ အစဉ်အဆက်တွဲယှဉ်ကာ အမျိုးမျိုးအဖုံဖုံ ထက်ဝန်းကျင် ညွတ်ကိုင်းပေါင်းစုလျက် တည်နေပုံအခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် သန္တာနပညတ်မည်၏။

မှတ်ချက်။ သန္တာနပညတ်ကို သမူဟပညတ်ဟုလည်းခေါ်၏။

ဘူမိ။ မဟာဘုတ်များ (ဓာတ်ကြီး) ၄ ပါး၊ အစဉ်အဆက် အချင်းချင်း ညွတ်ပေါင်းစုပုံလျက် တည်နေပုံ ဖြစ်အစဉ်ကိုမြင်ရသောအခါ ယင်းဖြစ်ကို အာရုံပြု၍ ''ဤအရာသည် ဘူမိ (မြေကြီး) တည်း'' စသည်ဖြင့် ရှေးက လူများ သတ်မှတ်၍ ဝေါဟာရများ တီထွင်ကြ၏။ ထိုသို့ သတ်မှတ်တီထွင် ချိန်မှစ၍ လူသားများသည် ပရမတ်တရား ဖြစ်စုကို ဘူမိ (မြေကြီး) ဟု ခေါ်ဝေါ်သုံးစွဲလာကြ၏။

ပဗ္ဗတ။ မဟာဘုတ်များ (ဓာတ်ကြီး ၄ ပါး) အစဉ်အဆက် အချင်းချင်း ယှဉ်တွဲဆက်စပ်လျက် ကျယ်ပြန့်ပြားချပ်သောအသွင်ဖြင့် ယှဉ်တွဲဆက်စပ်လျက် မိုမိုမောက်မောက် မတ်မတ်စောက်စောက် အသွင်ဖြင့် ထက်ဝန်းကျင် ညွတ်ပေါင်းစုပုံလျက် တည်နေပုံ အခြင်းအရာကို တွေ့မြင်ရသော အခါ ယင်းကို စိတ်ထဲမှာ အာရုံပြုလျက် ''ဤအရာသည် ပဗ္ဗတ (တောင်) တည်း'' စသည်ဖြင့် ရှေးကလူများ သတ်မှတ်၍ ဝေါဟာရ များ တီထွင်ကြ၏။ ထိုသို့ သတ်မှတ်တီထွင်ချိန်မှစ၍ လူသားများသည် ပရမတ်တရားဖြစ်စုကို ပဗ္ဗတ (တောင်) ဟု ခေါ်ဝေါ်သုံးစွဲလာကြ၏။

http://www.dhammadownload.com

မှတ်ချက်။ ဘူမိပဗ္ဗတာဒိကာဠ် အာဒိ–သဒ္ဒါဖြင့် ရုက္ခ (သစ်ပင်)၊ နဒီ (မြစ်)၊ သမုဒ္ဒ (သမုဒ္ဒရာ) စသည်တို့ကို ယူရမည်။

သမ္ဘူဟပညတ်။ ဂေဟ (အိမ်)၊ ရထ (ရထား)၊ သကဋ (လှည်း) စသော ပညတ်သည် သစ်သား၊ မြေဆိုင်းချည် စသော အဆောက်အအုံများ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက် တည်နေပုံအခြင်းအရာကို စိတ်ဖြင့် ရှေးဦး စွာယူ၍ ရှေးကလူများ ''ဤဟာသည် ဂေဟ (အိမ်) တည်း၊ ဤဟာသည် ရထ (ရထား) တည်း၊ ဤဟာကား သကဋ (လှည်း) တည်း'' စသည်ဖြင့် နာမည်ပညတ် သမုတ်အပ်၏။ ဤသို့ အထည်ဖြပ်သည် အဆောက်အအုံများ စုပေါင်းတည်နေပုံကိုစွဲ၍ ခေါ်ဝေါ်ပညတ်အပ်သောကြောင့် သမ္ဘူဟပညတ်မည်၏။

မှတ်ချက်။ ပုံသဏ္ဌာန်ကိုစွဲ၍ဖြစ်သောကြောင့် သမ္ဘူဟပညတ်ကို သဏ္ဌာနပညတ်ဟုလည်းခေါ်၏။ ဂေဟရထသကဋာဒိကာဠ် အာဒိသဒ္ဒါဖြင့် ဂါမ (ရွာ)၊ ဃဋ (အိုး)၊ ပဋ (ပုဆိုး) စသည်တို့ကို ယူရမည်။

သတ္တပညတ်။ ပုရိသ (ယောကျ်ား)၊ ပုဂ္ဂလ (ပုဂ္ဂိုလ်) စသော ပညတ်သည် ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သောကြောင့် ''သတ္တပညတ်'' မည်၏။

မှတ်ချက်။ ပုရိသပုဂ္ဂလာဒိကာဠ် အာဒိသဒ္ဒါဖြင့် ဣတ္ထိ၊ အတ္တ၊ ဇီဝ စသည်တို့ကို ယူရမည်။

ဒိသာပညတ်။ လ, နေ, နက္ခတ်များ၊ မြင့်မိုရ်တောင်ကို လက်ယာရစ် လှည့်ပတ်၍ ထွက်ပုံ၊ ဝင်ပုံ အစရှိသည်ကိုစွဲ၍ လ, နေ, နက္ခတ်တို့ ရှေးဦးစွာ ထွက်ပေါ်ရာအရပ်ကို ပုဗ္ဗဒိသာ၊ ပုရတ္ထိမဒိသာ (အရှေ့အရပ်၊ လ, နေ, နက္ခတ်တို့ နောက်ဆုံးဖြစ်ရာအရပ်ကို ပစ္ဆိမဒိသာ (အနောက်အရပ်)၊ လက်ယာဘက်အရပ်ကို ဒက္ခိဏဒိသာ (တောင်အရပ်)၊ လက်ဝဲဘက်

http://www.dhammadownload.com

အရပ်ကို ဥတ္တရဒိသာ (မြောက်အရပ်) ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် ''ဒိသာပညတ်'' မည်၏။

ကာလပညတ်။ နေ၏ရွေ့ဦးစွာထွက်ခါစအချိန်ကို ပုဗ္ဗဏှ (နံနက်ပိုင်း)၊ နေ့လယ်ပိုင်းကို မဇ္ဈဏှ၊ ညနေပိုင်းကို အပရဏှဟုခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် ကာလပညတ်မည်၏။

မှတ်ချက်။ ဒိသာကာလာဒိကာ၌ အာဒိသဒ္ဒါဖြင့် မာသပညတ် (တပေါင်းလ စသည်) ဥတုပညတ်၊ သံဝစ္ဆရပညတ်စသည်တို့ကို ယူရမည်။

အာကာသပညတ်။ကူပ (တွင်း) ဂုဟာ (လှိုဏ်ဂူ)စသော ပညတ်သည် မဟာဘုတ် ရုပ်ကလာပ်များ ထိစပ်ဆက်သွယ်မှုမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေပုံအခြင်းအရာကိုစွဲ၍ ခေါ်ဝေါ်သမုတ်အပ်သောကြောင့် အာကာသပညတ်မည်၏။

မှတ်ချက်။ ကူပဂုဟာဒိကာ၌ အာဒိသဒ္ဒါဖြင့် ဆိဒ္ဒ (အပေါက်)၊ ဝိဝရ (အကြား) စသည်တို့ကို ယူရမည်။

ကသိဏ်း, ပညတ်။ ကသိဏ်းပညတ်သည် ထိုထိုမဟာဘုတ်အာရုံကိုစွဲ၍ဖြစ်၏။ ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ်ဖြစ်သော မြေအပြင်ကို ''ပထဝီကသိဏ'' ဟု ခေါ်ဝေါ်ပညတ်၏။ အာပေါဓာတ်လွန်ကဲသော ရုပ်ကလာပ်ဖြစ်သော ရေအလျဉ်ကိုစွဲ၍ ''အာပေါကသိဏ'' ဟု ခေါ်ဝေါ်ပညတ်၏။ ထိုသို့ ခေါ်ဝေါ်ပညတ်သမုတ်အပ်သောကြောင့် ကသိဏ်းပညတ်မည်၏။

နိမိတ္တပညတ်။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်စသော နိမိတ်ပညတ်များသည် ဘာဝနာအစဉ်အထူးကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောကြောင့် နိမိတ္တပညတ်မည်၏။

http://www.dhammadownload.com

သဒ္ဒပညတ်။ အပြားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ်မည်၏။ ပါဠိစကားသံဖြစ်စေ၊ မြန်မာစကားသံဖြစ်စေ ထိုထိုစကားသံဟူသမျှကို သဒ္ဒဟုခေါ်၏။ ယင်းသဒ္ဒသည် မိမိတို့ဘာသာဝါဒအားလျော်စွာ ဆိုလိုသောအနက်ဒြပ်၊ အထည်ဝတ္ထုတစ်ခုခုကို အမျိုးမျိုးအစားစားအားဖြင့် သိစေတတ်သောကြောင့် သဒ္ဒပညတ်မည်၏။

သဒ္ဒပညတ်၏အမည်များ

သဒ္ဒပညတ်ကို နာမ၊ နာမကမ္မ၊ နာမဓေယျ၊ နာမနိရုတ္တိ၊ နာမဗျဉ္ဇန၊ နာမဘိလာပ အမည်အားဖြင့် ထင်ရှားအောင်ပြသင့်၏။

နာမ။ သဒ္ဒပညတ်ဟူသမျှသည် မိမိတို့ကိုယ်တိုင်ကလည်း အနက်သို့ ညွတ်တတ်၏။ မိမိသို့လည်း အနက်တို့ကို ညွတ်စေတတ်၏။ ထို့ကြောင့် နာမ (နာမ်) မည်၏။

ဘူမိသဒ္ဒါသည် ''မြေကြီး'' ဟူသောအနက်ကို ဟောစွမ်းနိုင်သောသတ္တိရှိ၏။ ထိုသို့ ဟောစွမ်းနိုင်သောသတ္တိအားလျော်စွာ မြေကြီးဟူသောအနက်ကို ဟောဖို့ရာ အမြဲညွတ်နေသကဲ့သို့ဖြစ်သည်ကို ''**အနက်သို့ညွတ်သည်**'' ဟုဆို၏။

မြေကြီးဟူသောအနက်ကို ဟောစွမ်းနိုင်သောသတ္တိရှိသည်အားလျော်စွာ ဘူမိသဒ္ဒါက မြေကြီးဟူသောအနက်ကို မိမိ၏ဟောနက်အဖြစ်ဖြင့် အမြဲကိုင်းရှိုင်းညွတ်လာစေသကဲ့သို့ဖြစ်သည်ကို ''**မိမိသို့အနက်ကိုညွတ်စေတတ်၏**'' ဟု ဆို၏။

နာမကမ္မ။ သဒ္ဒပညတ်ဟူသမျှသည် ရှေးပညာရှင်များပြုစီရင်အပ်သောမှည့်ခေါ်အပ်သော နာမည်ချည်းသာဖြစ်၏။ ထို့ကြောင့် နာမကမ္မလည်း မည်၏။

http://www.dhammadownload.com

နာမဓေယျ။ သဒ္ဒပညတ်ဟူသမျှသည် ရှေးပညာရှင်များ ပညတ်တင်ထားအပ်သော နာမည်များသာဖြစ်၏။ ထို့ကြောင့် နာမဓေယျမည်၏။

နာမနိရုတ္တိ။ သဒ္ဒပညတ်ဟူသမျှသည် ထုတ်ဖော်ရွတ်ဆိုအပ်သော နာမည်များပင်ဖြစ်၏။ ထို့ကြောင့် နာမနိရုတ္တိမည်၏။

နာမပ္ပဥ္ဇန။ သဒ္ဒပညတ်ဟူသမျှသည် အနက်ဒြပ်အတ္ထပညတ်ကို ထင်ရှားပြတတ်သော နာမည်များပင်ဖြစ်ကြ၏။ ထို့ကြောင့် နာမပ္ပဥ္ဇနမည်၏။

နာမဘိလာပ။ သဒ္ဒပညတ်ဟူသမျှသည် အနက်ကို ရည်မှတ်၍ ရွတ်ဆိုအပ်၊ ပြောဆိုအပ်သော နာမည်ချည်းသာဖြစ်၏။ ထို့ကြောင့် နာမဘိလာပမည်၏။

သဒ္ဒပညတ်အပြား

၁။ ဝိဇ္ဇမာနပညတ်
၂။ အဝိဇ္ဇမာနပညတ်
၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်
၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်
၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်
၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်

သဒ္ဒပညတ် ၆ မျိုးနှင့် အဓိပ္ပာယ်ပုံစံ

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်မျိုးကို ရည်မှတ်ခေါ်ဝေါ်ရသော သဒ္ဒပညတ်မျိုးသည် ဝိဇ္ဇမာနပညတ်မည်၏။ ပုံစံကား ရူပဝေဒနာ စသော ပညတ်မျိုးတည်း။

http://www.dhammadownload.com

ရှင်း။ ရူပဟူသော သဒ္ဒါသည် သဒ္ဒပညတ်ဖြစ်၏။ ထိုသဒ္ဒပညတ် ဖြင့် ပြအပ်သော ပထဝီ၊ အာပေါ စသော ရုပ် ၂၈ ပါးသည် အတ္ထ ပညတ်ဖြစ်၏။ ထို ပထဝီ၊ အာပေါ စသည်က ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် အနက်ကိုပြသော ရူပသဒ္ဒါကိုလည်း ဝိဇ္ဇမာန ပညတ်ဟု ဆိုရ၏။ ဝေဒနာစသည်သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အထည်ကိုယ်ဝတ္ထု အနက်ဒြပ်စုကို ရည်မှတ်ခေါ်ဝေါ်သော သဒ္ဒပညတ်မျိုးသည် အဝိဇ္ဇမာနပညတ်မည်၏။

ပုံစံကား – ဘူမိ၊ ပဗ္ဗတ စသော ပညတ်မျိုးတည်း။

ရှင်း။ အနက်ဒြပ် အတ္ထပညတ်က ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့် ဘူမိ၊ ပဗ္ဗတဟူသော သဒ္ဒပညတ်သည် အဝိဇ္ဇမာန ပညတ်မည်၏။

၃။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်နှင့် ထင်ရှားမရှိသော အနက်ဒြပ်နှစ်မျိုးကို ရောစပ်၍ ရည်မှတ်မှည့်ခေါ်သော သဒ္ဒပညတ် သည် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။

ပုံစံကား – ဆဋ္ဌာဘိည စသော ပညတ်မျိုးတည်း။

ရှင်း။ ဆဋ္ဌာဘိည အဘိညာဉ် ၆ ပါးရှိသူ ဟူသော ပုံစံ၌ အဘိညာဉ် ၆ ပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ ဝိဇ္ဇမာနတည်း။ အဘိ ညာဉ် ၆ ပါးရှိသူကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနတည်း။ ဤသို့ ဝိဇ္ဇမာန အဝိဇ္ဇမာန နှစ်မျိုးရောစပ်လျက် ခေါ်ဝေါ်ပညတ်ထားသောကြောင့် ဆဋ္ဌာဘိညဟူသော သဒ္ဒပညတ်သည် ဝိဇ္ဇမာနေနအဝိဇ္ဇာမာနပညတ်မည်၏။

http://www.dhammadownload.com

၄။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်နှင့် ထင်ရှားရှိသော အနက်ဒြပ်နှစ်မျိုးကို ရောစပ်လျက် ရည်မှတ်ခေါ်ဝေါ် ပညတ်အပ်သော သဒ္ဒပညတ်သည် အဘိဇ္ဈာနေန ဝိဇ္ဇာနပညတ်မည်၏။

ပုံစံကား – ကုတ္ထိသဒ္ဒေါ – မိန်းမသံ စသော ပညတ်မျိုးတည်း။

ရှင်း။ ဤ ကုတ္ထိသဒ္ဒ မိန်းသံဟူသောပုံစံ၌ မိန်းမဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇာနပညတ်တည်း။ အသံဟူသော သဒ္ဒရုပ်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇာနပညတ်တည်း။ ဤသို့ အဝိဇ္ဇာန ဝိဇ္ဇာန နှစ်မျိုးရောစပ်လျက် ရည်မှတ်ခေါ်ဝေါ်ပညတ်အပ်သောကြောင့် ကုတ္ထိသဒ္ဒေါဟူသော သဒ္ဒပညတ်သည် အဝိဇ္ဇာနေန ဝိဇ္ဇာနပညတ်မည်၏။

၅။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်နှစ်မျိုးကို ရောစပ်၍ ရည်မှတ်ခေါ်ဝေါ် ပညတ်အပ်သော သဒ္ဒပညတ်သည် ဝိဇ္ဇာနေန ဝိဇ္ဇာနပညတ်မည်၏။

ပုံစံကား – စက္ခုဝိညာဏံ စသော ပညတ်မျိုးတည်း။

ရှင်း။ စက္ခုဝိညာဏ်ဟူသော ပုံစံ၌ စက္ခုပသာဒသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇာနပညတ်တည်း၊ စက္ခုဝိညာဏ်စိတ်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇာနပညတ်တည်း။ ဤသို့ ဝိဇ္ဇာနတရားနှစ်မျိုးကို ရောစပ်လျက် ရည်မှတ်ခေါ်ဝေါ် ပညတ်အပ်သောကြောင့် စက္ခုဝိညာဏံဟူသော သဒ္ဒပညတ်သည် ဝိဇ္ဇာနေန ဝိဇ္ဇာနပညတ်မည်၏။

၆။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်နှစ်မျိုးကို ရောစပ်၍ ရည်မှတ်ခေါ်ဝေါ်ပညတ်အပ်သော သဒ္ဒပညတ်သည် အဝိဇ္ဇာနေန အဝိဇ္ဇာန ပညတ်မည်၏။

http://www.dhammadownload.com

ပုံစံကား – ရာဇဖုတ္တော၊ မင်းသားစသော ပညတ်မျိုးတည်း။

ရှင်း။ ဤရာဇဖုတ္တော – မင်းသားဟူသောပုံစံ၌ မင်းကလည်း ပရမတ္ထ အားဖြင့်ထင်ရှားမရှိသောကြောင့်အဝိဇ္ဇမာနတည်း။ သားကလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနတည်း။ ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မင်းနှင့်သားဟူသော အဝိဇ္ဇမာန နှစ်မျိုးကို ရောစပ်လျက် ခေါ်ဝေါ်ပညတ်အပ်သောကြောင့် ရာဇဖုတ္တော ဟူသော သဒ္ဒပညတ်သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။

ပညတ်နှစ်မျိုးကိုသိပုံ

၁။ ''ဂေါ'' ဟူသော စကားသံကို ကြားရသောအခါ ထို ''ဂေါ'' ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုလျက် သောတဝိညာဏ်ဝီထိဖြစ်၏။

သောတဝိညာဏ်ဝီထိပုံ

ဘဘ ''တီ နဒ ပသော သံ ဏာ ဝု ဇဇဇဇဇဇဇ ရုံ ရုံ'' ဘဘ

၂။ ထို့နောက် ချုပ်သွားပြီးသော အတိတ်သဒ္ဒါရုံကို အာရုံပြုလျက် တဒနုဝတ္တိကာ မနောဒ္ဒါရဝီထိဖြစ်၏။

တဒနုဝတ္တိကာ မနောဒ္ဒါရဝီထိပုံ

ဘဘ ''နဒ မဇဇဇဇဇဇဇဇ ရုံ ရုံ'' ဘဘ

၃။ ထို့နောက် ''ဂေါ'' ဟူသော သဒ္ဒပညတ်ကို အာရုံပြုလျက် နာမဂ္ဂဟဏ တတိယမနောဒ္ဒါရဝီထိဖြစ်၏။

သဒ္ဒပညတ်ကိုသိသော မနောဒ္ဒါရဝီထိပုံ

ဘဘ ''နဒ မဇဇဇဇဇဇဇ'' ဘဘ

http://www.dhammadownload.com

၄။ ထို့နောက် ''နွား'' ဟူသော အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြုလျက် အတ္ထဂ္ဂဟဏ မနောဒွါရဝီထိဖြစ်၏။ ထိုစတုတ္ထမနောဒွါရဝီထိဖြင့်သာ ''နွား'' ဟူသော အနက်ဒြပ် အတ္ထပညတ်ကို သိနိုင်၏။

နွားဒြပ်ကိုအာရုံပြုသော အတ္ထဂ္ဂဟဏမနောဒွါရဝီထိပုံ

ဘဘ ''နဒမဇဇဇဇဇဇဇဇ'' ဘဘ

မှတ်ချက်။ ''ဂေါ'' ဟူသော အက္ခရာတစ်လုံးသောအသံ၌ အပေါင်း သဒ္ဒါရုံကို အာရုံပြုသော သမူဟဂ္ဂဟဏဝီထိကို မရနိုင်။

နာမပညတ် (သဒ္ဒပညတ်) ဖြစ်ပေါ်လာပုံ

ကမ္ဘာတည်ပြီးနောက် လူသားများ ပေါ်ပေါက်လာသောအခါ မြေ, တော, တောင်, သစ်ပင် စသော ထိုထိုအရာဝတ္ထုများ (အနက်ဒြပ် အတ္ထပညတ်များ) သာ ရှိနေ၏။ ကမ္ဘာမှာ ပေါ်ပေါက်နေသော ထိုအရာဝတ္ထုများကို ခေါ်ဝေါ်ပြောဆိုဖို့ရာ နာမပညတ် (သဒ္ဒပညတ်) ဟူသော ဝေါဟာရ စကားလုံးများ မရှိသေးပါ။

ထိုအခါ ပညာရှင်လူသားများက ''မြေသားဒြပ်'' ကို စိတ်ထဲ၌ အာရုံပြု၍ ''ဘူမိ'' ဟူသော အမှတ်သင်္ကေတဝေါဟာရစကားလုံးတစ်လုံးကို စတင်တီထွင်သုံးစွဲလိုက်ကြ၏။ ထိုအခါမှစ၍ ဘူမိသဒ္ဒါသည် မြေကြီးဟု သိဖို့ရာ အမှတ်အသားဝေါဟာရစကားလုံးတစ်ခု လူ့လောက၌ ဖြစ်ပေါ်လာတော့၏။

ဤသို့လျှင် ရှေးပညာရှင် လူကြီးများက နာမပညတ် (သဒ္ဒပညတ်) အမျိုးမျိုးကို လောကသားများ၏ အမှတ်သင်္ကေတအနေအထားသို့ ရောက်လာအောင် တစ်စတစ်စ စီစဉ်ရတီထွင်လာကြရ၏။ ထိုသို့ တီထွင်သော ကြောင့် လောက၌ နာမပညတ် (သဒ္ဒပညတ်) များ ပေါ်ပေါက်လာကြရ၏။

http://www.dhammadownload.com

လေ့ကျင့်ခန်းမေးခွန်း

၁။ အာဟာရပစ္စယော ဟူသော ပဋ္ဌာန်းပါဠိတော်ကို အနက်ပေး၍ အာရမ္မဏပစ္စည်း၏ ကျေးဇူးပြုပုံကို ရှင်းပြပါ။

၂။ ဥပနိဿယပစ္စည်း၏ အပြားကိုရေး၍ ပကတူပနိဿယပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို ဖော်ပြပါ။

၃။ ၂၄ ပစ္စည်း၏ ပစ္စည်း ၆ မျိုး၊ ၄ မျိုးဖြစ်ပုံကို ရေးပါ။

၄။ နာမ်က နာမ်အား ကျေးဇူးပြုရာ ပစ္စည်း ၆ မျိုးကို ဖော်ပြ၍၊ သဟဇာတမျိုး၌ သဟဇာတရူပ (အတူတကွဖြစ်သောရုပ်) အရ ယူသင့်သော ရုပ်တရားတို့ကို ဖော်ပြပါ။

၅။ ဘူမိ, ပဗ္ဗတစသော ပညတ်ကို သန္တာနပညတ်ခေါ်ရခြင်းအကြောင်းကို ရေး၍ သတ္တပညတ်၏ အဓိပ္ပာယ်ကိုလည်းရှင်းပြပါ။

၆။ အတ္ထပညတ်, သဒ္ဒပညတ်အပြားတို့ကို ဖော်ပြ၍၊ ဆဋ္ဌာဘိညာဟူသော ပညတ်သည် မည်သည့်ပညတ်ဖြစ်ကြောင်း ရှင်းပြပါ။

၇။ ''နွား'' ဟူသော အသံကို ကြားရသည်မှစ၍ ''နွားဒြပ်'' ကို သိသည်အထိ လူသား၏စိတ်အစဉ်၌ ဖြစ်ပေါ်ခဲ့သော ဝီထိများကိုချပြပါ။

၈။ ''ဘူမိ'' ဟူသော နာမပညတ်ဖြစ်ပေါ်လာပုံကိုရေးပါ။



http://www.dhammadownload.com

အပိုင်း (၉)

ကမ္မဋ္ဌာန်းပိုင်း

စိတ်ပိုင်းစသော အောက်ပိုင်း (၈) ပိုင်းကို လေ့လာခြင်းဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ်တရားများနှင့် ယင်းစိတ်, စေတသိက်, ရုပ်တရားများ အကြောင်းအကျိုးအဖြစ် ဆက်သွယ်လျက် သက်ရှိသက်မဲ့ ဒြပ်အဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေကြပုံကို မှန်မှန်ကန်ကန် သိမြင်လာနိုင်၏။ ထိုသို့ စိတ်, စေတသိက်, ရုပ်တရားများ ဒြပ်အဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေပြီး အခိုက်အတန့်အားဖြင့် ယာယီတည်ရှိနေပြီးနောက် ပျက်သွားကြ၏။ ပျက်သွားပြီးနောက် အခြားအကြောင်းတရားတစ်မျိုး၏ ထောက်ပံ့မှုကြောင့် အကျိုးတရားအသစ်တစ်မျိုး ဖြစ်ပေါ်လာပြန်၏။ ဤသို့ဖြင့် လောကဌ် ရှိနေကြသော သဘာဝတရားများသည် အဟောင်း ပျက် အသစ်ဖြစ်နေသော ဖြစ်ပျက်အစဉ်မျှသာဖြစ်၍ ဆင်းရဲတရားသက် သက်သာဖြစ်၏ဟု ပကတိဖြစ်ရပ်မှန်ကို သိမြင်လာနိုင်၏။

ပို၍ယုံကြည်လေးစားစိတ်ဖြစ်ပေါ်လာနိုင်

ထိုသို့ သိမြင်နိုင်သော အသိဉာဏ်များ ဖြစ်ပေါ်လာပြီးနောက် ယင်းဘဝဆင်းရဲမှ လွတ်မြောက်လိုသူများ ကျင့်သုံးနိုင်ရန် အဓိသီလ သိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာဟု သိက္ခာသုံးပါးကို ဆက်လက်သင်ပြလိုသဖြင့် ကမ္မဋ္ဌာန်းပိုင်းကို ဆက်လက်ပြုရခြင်းဖြစ်၏။ ထိုသိက္ခာသုံးပါးကို သီလ, သမာဓိ, ပညာဟုလည်း အတိုကောက်ခေါ်ကြ၏။

နာမ်ရုပ်အကြောင်းကို သိရှိပြီးနောက် အနွယ်ပုထုဇဉ်ကဲ့သို့ ဆင်းရဲကို ချမ်းသာထင်ပြီး ဘဝသံသရာဆင်းရဲမှာ နစ်မြုပ်လျက် ဆင်းရဲကြောင်း အလုပ်ကို ပြုလုပ်နေခြင်းဖြင့် ကျေနပ်မနေသင့်ပေ။ သတ္တဝါများအပေါ်၌

http://www.dhammadownload.com

သနားတော်မူလှသဖြင့် မြတ်ဗုဒ္ဓသည် ဘဝဆင်းရဲမှ လွတ်မြောက်နိုင်သော ကျင့်စဉ်များကို သင်ပြတော်မူခဲ့၏။ ယင်းကျင့်စဉ်များကို သိရှိနိုင်အောင် ကမ္မဋ္ဌာန်းပိုင်းကို မဖြစ်မနေ ဆက်လက်လေ့လာသင့်၏။ ကမ္မဋ္ဌာန်းပိုင်းကို လေ့လာခြင်းဖြင့် စိတ်ကို သိမ်းဆည်းထားရမည့်နေရာကို တိတိကျကျ သိမြင်လာမည်ဖြစ်၏။ လောကသားများ၏ နေထိုင်နည်းနှင့် မြတ်ဗုဒ္ဓ စသော သူတော်စင်များ နေထိုင်နည်းကိုလည်း ပီပီပြင်ပြင် ခွဲခြား သိမြင်လာမည် ဖြစ်၏။

လောကီအာရုံများကို ခုံမင်လျက် လောကီအာရုံများနှင့် မိတ်ဖွဲ့ ပြီး ပျော်ရွှင်နေသော လောကသားများကို အခြားငြိမ်းအေးသော နေထိုင် နည်းတစ်မျိုးနှင့် နေထိုင်ကြည့်ရန် ညွှန်ပြတော်မူခဲ့သော မြတ်ဗုဒ္ဓအပေါ် ၌လည်း ပို၍ပို၍ ယုံကြည်လေးစားစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်၏။

အဓိသီလသိက္ခာ

လူသားတိုင်း သင်ယူအပ်၊ လေ့ကျင့်အပ်သောတရားကို သိက္ခာ ခေါ်၏။ ထိုသိက္ခာသည် သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာဟု သုံးမျိုး ပြား၏။ လူသားများသန္တာန်၌ ကိလေသာသုံးမျိုးရှိနေသဖြင့် ထိုကိလေသာ သုံးမျိုးကို ဖျက်ဆီးပစ်ရန် လိုအပ်သောကြောင့် သီလ၊ သမာဓိ၊ ပညာဟု သိက္ခာသုံးမျိုးကိုသတ်မှတ်တော်မူရခြင်းဖြစ်၏။ လူသားတိုင်းသည် ယင်းသိက္ခာ သုံးပါးကို ဖြည့်ကျင့်ရမည်သာဖြစ်၏။ ယင်းသိက္ခာသုံးပါးကို မဖြည့်ကျင့်သူ သည် ဘဝဆင်းရဲထဲမှာ နစ်မြုပ်နေမည်သာဖြစ်၏။ အပါယ် ၄ ဘုံသည် မိမိနေအိမ်သဖွယ် ဖြစ်နေမည်ဖြစ်၏။

ကိလေသာသုံးမျိုး

လူ၏သန္တာန်၌ ကိလေသာသုံးမျိုး ဖြစ်ပေါ်လေ့ရှိ၏။

(က) ဝီတိက္ကမကိလေသာ – လွန်ကျူးမှုကိလေသာ

http://www.dhammadownload.com

(ခ) ပရိယုဋ္ဌာနကိလေသာ – စိတ်ထဲ၌ဆူပူထကြွသောင်းကျန်းမှုကိလေသာ၊

(ဂ) အနုသယကိလေသာ – ခန္ဓာကိုယ်အစဉ်၌ အင်အား ကြီးမားစွာ အမြဲကိန်းဝပ်တည်ရှိနေသော ကိလေသာ။

လူ၏သန္တာန်၌ ထိုသို့ကိလေသာသုံးမျိုး ဖြစ်ပေါ်နေပြီး၊ ယင်းကိလေသာသုံးမျိုးက လူသားတို့အား နည်းအမျိုးမျိုးဖြင့် နှိပ်စက်ဖျက်ဆီးနေကြ၏။ ထိုသို့ နှိပ်စက်ဖျက်ဆီးခြင်းကြောင့် လောကသားများသည် ဆင်းရဲအမျိုးမျိုးကို အလူးအလဲခံစားနေကြရ၏။ ထိုသို့ ခံစားနေကြရပုံကို စာရှုသူမြင်အောင်သာကြည့်ပါ။ သတ္တဝါများကို ထိုသို့ ကိလေသာများ နှိပ်စက်ခြင်းကြောင့် သတ္တဝါများ ဆင်းရဲနေပုံကို မြင်တော်မူရ၍ သနားတော်မူလှသဖြင့် မြတ်ဗုဒ္ဓသည် ကိလေသာကို တွန်းလှန်ဖျက်ဆီးနိုင်ရန် နည်းလမ်းသုံးမျိုးကို သတ္တဝါတို့အား သင်ပြတော်မူခဲ့၏။ လူသားများသည် ပတ်ဝန်းကျင်သတ္တဝါများအပေါ်၌ ကိုယ်နှုတ်ဖြင့် ကိုယ်ထိလက်ရောက် မကျူးလွန်ရအောင် သီလသိက္ခာဖြင့် ဝိတိက္ကမကိလေသာကို တော်လှန်ဖျက်ဆီးရန် သင်ပြတော်မူခဲ့၏။

လူ၏စိတ်ထဲ၌ ထကြွဆူပူသောင်းကျန်းနေသော ပရိယုဋ္ဌာနကိလေသာတရားများ မထကြွမသောင်းကျန်းရအောင် သမာဓိသိက္ခာဖြင့် ကာကွယ်နှိမ်နင်းရန် သင်ပြပေးတော်မူခဲ့၏။ လူ၏ခန္ဓာကိုယ်၌ အမြစ်တွယ်လျက် ပြန့်ပွားစည်ပင်နေသော အနုသယကိလေသာကို အမြစ်ကပင် ဖြတ်တောက်ဖျက်ဆီးနိုင်ရန်အတွက် ပညာသိက္ခာကို သင်ပြတော်မူခဲ့၏။ လူ၏စိတ်အစဉ်၌ အမြစ်တွယ်၍ ပြန့်ပွားနေသော အနုသယကိလေသာ ကို အမြစ်ပြတ်အောင် ဖျက်ဆီးနိုင်ပါမှ ဝဋ်ဆင်းရဲအားလုံး အပြီးသတ် ချုပ်ငြိမ်းသွားမည်ဖြစ်၏။

http://www.dhammadownload.com

အနုသယကိလေသာကို ဖျက်ဆီးနိုင်ရန် ဝိတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာနှစ်မျိုးကို ကြိုတင်ဖျက်ဆီးထားနိုင်ဖို့လို၏။ ဝိတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာတို့ကို ဖျက်ဆီးမထားနိုင်လျှင် အနုသယကိလေသာကို ဖျက်ဆီးနိုင်ဖို့မလွယ်လှပေ။ ဝိတိက္ကမကိလေသာ၊ ပရိယုဋ္ဌာနကိလေသာဟူသော အရံကိလေသာနှစ်မျိုးနှင့် အဆက်အသွယ်ရနေ လျှင် အနုသယကိလေသာသည် အင်အားကောင်းမြဲကောင်းနေမည်သာ ဖြစ်၏။ ထို့ကြောင့် အရံကိလေသာနှစ်မျိုးကို ကြိုတင်ဖျက်ဆီးထားနိုင်ရန် သီလသိက္ခာ၊ သမာဓိသိက္ခာနှစ်မျိုးကို ရှေ့ဦးစွာ ကျင့်သုံးထားနိုင်ရန် မြတ်ဗုဒ္ဓသင်ပြတော်မူခဲ့၏။

အချို့က သီလစောင့်ရန်မလို၊ သမထလုပ်ငန်းကို လုပ်ရန်မလို။ ဝိပဿနာအလုပ်တစ်ခုကိုလုပ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်ဟု ပြောကြ၏။ ကာမဂုဏ်ကို အဟုတ်ထင်ပြီး ကာမဂုဏ်နှင့်ပျော်နေသော ပုထုဇဉ် အကြမ်းစား (အန္ဓပုထုဇဉ်) သည် မြတ်ဗုဒ္ဓ၏တရားတော်ကို မဝေဖန်သင့်ပေ။ ထိုသို့ ဝေဖန်ခြင်းဖြင့် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကို စော်ကားရာရောက်၏။ မြတ်ဗုဒ္ဓအပေါ်၌ ဆရာလုပ်ရာရောက်သဖြင့် အပြစ်ကြီးလှ၏။

သီလသိက္ခာသည် ဘဝကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာ ကျင့်သုံးရမည့် အခြေခံကျင့်ဝတ်ဖြစ်၏။ ရန်ကုန်မြို့၌ နေထိုင်လျက် ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတစ်ခုခုကို လုပ်ကိုင်လိုသူမှာ မိမိထောက်တည်ရာရှိဖို့အတွက် နေထိုင်မည့် မြေပိုင်အိမ်ပိုင်ရှိဖို့ လိုအပ်၏။ နေစရာမြေပိုင်အိမ်ပိုင်ရှိပါမှ မိမိလုပ်ကိုင်လိုသော လုပ်ငန်းများကို လုပ်နိုင်မည်ဖြစ်၏။ နေစရာမြေမရှိ အိမ်မရှိလျှင် မိမိလုပ်လိုသောအလုပ်ကို လုပ်နိုင်မည်မဟုတ်ပေ။

ဘဝကြီးပွားချမ်းသာရေးအတွက် ကြိုးစားလိုသူမှာလည်း မိမိဘဝပျက်ကျမသွားရအောင် ခိုင်မာစွာရပ်တည်နေနိုင်ဖို့နေရာလိုအပ်လှ၏။ ထိုသို့ ရပ်တည်နေဖို့ နေရာအဖြစ် မြတ်ဗုဒ္ဓက သီလသိက္ခာကို ညွှန်ပြတော်မူခဲ့၏။

http://www.dhammadownload.com

ဘဝကို ကြီးပွားတိုးတက်စေမည့် ကုသိုလ်လုပ်ငန်းအားလုံးကို သီလ သိက္ခာ ခေါ်သော ကိုယ်ကျင့်သီလမှာ အခြေခံ၍ တည်ဆောက်ရ၏။ သီလပျက်စီး သွားလျှင် လက်ရှိရရှိထားသော လူ့ဘဝပျက်ကျသွားပြီး အပါယ်လေးဘုံ တစ်ဘုံဘုံသို့ ကျရောက်သွားမည်ဖြစ်၏။ အပါယ်ဘုံသို့ ကျရောက်သွားပါက မည်သည့်ဘဝကြီးပွားချမ်းသာကြောင်းတရားကိုမျှ မလုပ်နိုင်တော့ပေ။ ထို့ကြောင့် ထိုသို့တန်ဖိုးရှိသော လူ့ဘဝ ပျက်ကျ မသွားရအောင် ရပ်တည်နေရ မည့်နေရာအဖြစ် မြတ်ဗုဒ္ဓက သီလသိက္ခာ ကို ညွှန်ပြတော်မူခဲ့ခြင်းဖြစ်၏။ သီလသိက္ခာသည် လူတစ်ဦး၏ ထောက်တည်ရာဖြစ်၍ သီလသည် မြေကြီးနှင့်တူသည်ဟု မြတ်ဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။

အဓိစိတ္တသိက္ခာ

အဓိစိတ္တသိက္ခာကို သမာဓိသိက္ခာဟုလည်းခေါ်၏။ သမာဓိသိက္ခာ ဟူသည် မိမိဆောင်ရွက်နေသော အလုပ်တစ်ခု၊ အာရုံတစ်ခုအပေါ်၌သာ စိတ်ကို တည့်မတ်စွာထားရှိနိုင်ခြင်းပင်ဖြစ်၏။ ဘဝကြီးပွားချမ်းသာရေး အတွက် အလုပ်လုပ်သောအခါ အလုပ်မများရ၊ အာရုံမများရပေ။ တစ်ခု တည်းသော အလုပ်၌ ဘဝကို မြှုပ်နှံလျက် တစ်ခုတည်းသော အလုပ်ကိုသာ လုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်၏။ ထိုသို့ တစ်ခုတည်းသောအလုပ်၌ မိမိစိတ်ကို ထားရှိနိုင်ရေးအတွက် သမာဓိသိက္ခာကို ညွှန်ပြတော်မူခဲ့ခြင်းဖြစ်၏။ ယင်းသမာဓိသိက္ခာကို မလူပ်မရှား တည်ရှိနေသော ကျောက်ဆောင် ကျောက် တိုင်ဖြင့်လည်းကောင်း၊ လေငြိမ်သောနေရာ၌ ထွန်းညှိထားသော မီးတောက် မီးလျှံဖြင့်လည်းကောင်း ခိုင်းနှိုင်းတော်မူ၏။

အဓိပညာသိက္ခာ

ပညာသိက္ခာဟူသည် လူ၏မှန်ကန်သော အသိဉာဏ်ပင်ဖြစ်၏။ ဘဝအတွက် မှန်ကန်သော တစ်ခုတည်းသောအလုပ်ကို ရွေးချယ်နိုင်ဖို့နှင့် ယင်းအလုပ်နှင့်ပတ်သက်၍ အဆိုးအကောင်း၊ အမှားအမှန် ခွဲခြား စိစစ်နိုင်

http://www.dhammadownload.com

သော အသိဉာဏ်မျိုးရှိဖို့လိုအပ်လှ၏။ လောကထဲ၌ နေထိုင်စဉ် ဘဝမပျက်စီးရအောင် နေထိုင်တတ်သော အသိဉာဏ်ရှိဖို့လိုအပ်လှ၏။ ယင်းအသိဉာဏ်မျိုးကို ပညာသိက္ခာအဖြစ် မြတ်ဗုဒ္ဓညွှန်ပြတော်မူခဲ့၏။ ယင်းသီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးသည် ဘဝ၏အနှစ်တရားဖြစ်၏။

ဘဝမှာအနှစ်ကိုရှာလျှင် သီလ၊ သမာဓိ၊ ပညာသုံးပါးပင်ဖြစ်၏။ ဘဝပျက်စီးသွားသောအခါ မိသားစုအားလုံးနှင့် ပစ္စည်းဥစ္စာများကို စွန့်ပစ်ထားခဲ့ရပြီး မပျက်မစီးဘဲ ကျန်ခဲ့သောတရားမှာ ယင်းသီလ၊ သမာဓိ၊ ပညာတရားသုံးမျိုးပင်ဖြစ်၏။ မပျက်မစီးဘဲ ကျန်နေခဲ့သောဘဝ၏ အနှစ်သုံးမျိုးကသာ ပျက်စီးသွားသောဘဝထက် မြင့်မြတ်သောဘဝကို ပြန်လည်တည်ထောင်ပေးနိုင်၏။ ထို့ကြောင့် ဘဝကြီးပွားတိုးတက်လိုသူတိုင်း တစ်ဘဝစာ တစ်နပ်စာ ပျော်ရွှင်ရေးအတွက် စီးပွားရှာဖွေရေးကိစ္စ တစ်ခုၟသာ အချိန်ကုန်မခံဘဲ တစ်ဆင့်ထက်တစ်ဆင့် ဘဝကြီးပွား တိုးတက်စေရန် သီလ၊ သမာဓိ၊ ပညာ အနှစ်တရားသုံးမျိုးကို ထာဝစဉ် ကြိုးစားလေ့လာနေပါရန် တိုက်တွန်းပါသည်။

အခန်း (၁)

အဓိသီလသိက္ခာ

အရှင်အနုရုဒ္ဓါဆရာသည် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းတွင် ဝိပဿနာကမ္မဋ္ဌာန်းကျမှ ဝိသုဒ္ဓိ ၇ ပါးမှာ သီလဝိသုဒ္ဓိကို ထည့်သွင်းပြထား၏။ ထို့ကြောင့် အချို့ပုဂ္ဂိုလ်များက သမထကမ္မဋ္ဌာန်း၌ သီလကို ကျင့်သုံးရန်မလိုဟု ယူဆကြ၏။ သီလသည် သမထဘာဝနာ၊ ဝိပဿနာ စသော ကုသိုလ်လုပ်ငန်းအားလုံး၏ အခြေခံကျင့်ဝတ်ဖြစ်၏။ သမထဘာဝနာ ဝိပဿနာဘာဝနာ စသော ကုသိုလ်လုပ်ငန်းအားလုံးကို သီလသိက္ခာအပေါ်၌တည်ဆောက်ရ၏။ မှန်၏။ အသက်သတ်မှု စသော ဒုစရိုက်များကို ကျူးလွန်နေသူမှာ စိတ်ပူလောင်နေခြင်းကြောင့် စိတ်တည်ငြိမ်မှု မရှိဘဲ စိတ်

http://www.dhammadownload.com

အမြဲပျံ့လွင့်နေ၏။ ထို့ကြောင့် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာလုပ်ငန်းနှစ်မျိုးလုံးကို မလုပ်နိုင်ပေ။ သီလလုံခြုံမှု စိတ်ငြိမ်းအေး နေခြင်းကြောင့် သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်မျိုးလုံးကို ပြုလုပ် နိုင်၏။ ထို့ကြောင့် သီလလုံခြုံအောင် စောင့်ထိန်းနိုင်ရေးအတွက် ဤကျမ်း၌ သီလကို ရှေးဦးစွာ ပြမည်။

စတုပါရိသုဒ္ဓိသီလ

ထက်ဝန်းကျင်စင်ကြယ်သော သီလလေးမျိုးကို စတုပါရိသုဒ္ဓိသီလခေါ်၏။ ရဟန်းတော်များမှာ လုံခြုံအောင် စောင့်ထိန်းရမည့်သီလသည် အောက်ပါအတိုင်း ၄ မျိုးပြား၏။ ထိုသီလ ၄ မျိုးကို ရဟန်းတော်များ လုံခြုံအောင် စောင့်ထိန်းနိုင်ပါမှ သီလဝိသုဒ္ဓိဖြစ်၏။

၁။ ပါတိမောက္ခသံဝရသီလ၊
၂။ အာဇီဝပါရိသုဒ္ဓိသီလ၊
၃။ ပစ္စယသန္နိဿိတသီလ၊
၄။ ဣန္ဒြိယသံဝရသီလ။

၁။ ပါတိမောက္ခသံဝရသီလ

ဒွေမာတိကာခေါ်သော ပါတိမောက်သာမက ဝိနည်းပါဠိတော်များ၌ ပညတ်အပ်သော သီလအားလုံးကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် ပါတိမောက္ခသံဝရသီလမည်၏။ ဤပါတိမောက်ခ္ခသံဝရသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ရန် သဒ္ဓါတရားရှိဖို့လို၏။ သဒ္ဓါတရားရှိသူသည်သာ ဤသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်မည်ဖြစ်၏။

၂။ ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော လူ၏ဣန္ဒြေ ၆ ပါးကို အကုသိုလ်မဖြစ်ရအောင် ထိန်းသိမ်းစောပ့်စည်းနေခြင်းသည်

http://www.dhammadownload.com

ကုန်ခြင်းသဘောရှိသော ကြွင်းကျန်ခြင်းသဘောရှိသော ဝိပါက်ဓမ္မတရားတို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံ၏ ကြွင်းကျန်သော အကျိုး

http://www.dhammadownload.com

နည်းပါးလှ၏။ ထို့ကြောင့် ရဟန်းသစ်၊ သာမဏေသစ်များ ဆင်ခြင်တတ်သူ မရှိသလောက်ပင် ရှားပါးလှ၏။ စာကို နူတ်က ရွတ်ရုံသာ မက ပစ္စည်းလေးပါး သို့ စိတ်ရောက်လျက် အသိဉာဏ်ဖြင့် ဆင်ခြင်တတ်ဖို့လို၏။ ထိုသို့ မဆင်ခြင်ဘဲ အမှတ်တမဲ့ဖြစ်စေ (သို့မဟုတ်) ငါကောင်းကောင်းဝတ်၊ ကောင်းကောင်းစားနိုင်ပြီး လှပတင့်တယ်သော ကျောင်း ကြီးမှာနေရတာပဲဟု မိမိကိုအထင်ကြီးသော တဏှာ၊ မာန၊ ဒိဋ္ဌိတရား များ လွှမ်းမိုး၍ သုံးစွဲနေကြပါက ပစ္စယ နွံသိတသီလပျက်စီး၏။

မျက်မှောက်ခေတ်မှာ ပစ္စဝေက္ခဏာ ၄ ပုဒ်ကို မြန်မာလို သင်ပေးကြသည်ကိုတွေ့ရ၏။ သို့သော် ၄ ပုဒ်လုံးကို တစ်ပုဒ်စီ ဆင်ခြင်နိုင်သူ နည်းလှ၏။ တစ်ပုဒ်တည်းပေါင်း၍ ဆင်ခြင်နိုင်ပါက ပိုကောင်း၏။ သို့ပါ၍ အောက်ပါဆင်ခြင်ပုံကို ကျက်ထားပါ။

ဆင်ခြင်ရန်

အသက်ရှည်စွာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍ ဤဆေး၊ ဤဆွမ်း၊ ဤသင်္ကန်းနှင့် ရွှင်လန်းဖွယ်ကောင်း ဤစံကျောင်းကို မှီအောင်းသုံးစွဲပါသတည်း။

အဓိသီလသိက္ခာ ၂ မျိုး

အဓိသီလသိက္ခာသည် –

၁။ အာဒိဗြဟ္မစရိယကသီလ၊

၂။ အာသိသမာစာရိကသီလဟု နှစ်မျိုးပြား၏။

၁။ အာဒိဗြဟ္မစရိယကသီလ

မဂ္ဂဗြဟ္မစရိယ၏အစဖြစ်သောသီလကို အာဒိဗြဟ္မစရိယက သီလ ခေါ်၏။ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟူသော မဂ်လေးပါးသည် ဗြဟ္မစရိယမည်၏။ ထိုမဂ်လေးပါးကို ရရှိလို

http://www.dhammadownload.com

သောသူသည် ရှေးဦးစွာ ဤအာဒိပြဟ္မစရိယက သီလကို နိစ္စသီလအဖြစ် အမြဲ လုံခြုံအောင် စောင့်ထိန်းရမည်ဖြစ်၏။ အာဇီဝဋ္ဌမကသီလသည် အာဒိပြဟ္မစရိယကသီလမည်၏။ ဤအာဇီဝဋ္ဌမကသီလ လုံခြုံပါမှ မဂ်၊ ဖိုလ်ကိုရနိုင်၏။ အာဇီဝဋ္ဌမကသီလ မလုံခြုံလျှင် မဂ်ဖိုလ်ကို မရနိုင်ပေ။ ထို့ကြောင့် ဤအာဇီဝဋ္ဌမကသီလသည် မဂ်ဟူသောမြတ်သောအကျင့်၏အစ အခြေခံသီလဖြစ်၏။ ပါတိမောက္ခသံဝရသီလနှင့် အာဇီဝပါရိသုဒ္ဓိ သီလသည် အာဒိပြဟ္မစရိယသီလဖြစ်၏။

မှတ်ချက်။ ပါတိမောက္ခသံဝရသီလဟူသော ဝိနည်းသိက္ခာပုဒ်သီလတို့ကို အကျဉ်းချုံး၍ အနှစ်ချုပ်ကိုရှာလျှင် ရဟန်းတော်များ၏ အာဇီဝဋ္ဌမကသီလပင်ဖြစ်၏။ မှန်၏၊ ဝိနည်းသိက္ခာပုဒ်အားလုံးသည် ကာယကံ၊ ဝစီကံတို့၌သာ အာပတ်သင့်ရ၏။ အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် ထိန်းသိမ်းနိုင်လျှင် ကာယကံ၊ ဝစီကံအားလုံး လုံခြုံသဖြင့် အာပတ်မသင့်နိုင်တော့ပေ။ ထိုအာဇီဝဋ္ဌမကသီလသည် မဂ္ဂပြဟ္မစရိယ၏ အစအဦးဖြစ်၍ အာဒိပြဟ္မစရိယကသီလမည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အာဒိပြဟ္မစရိယသီလသည် အာဇီဝဋ္ဌမကသီလ၏အမည်ဖြစ်သည်ဟု မိန့်ဆိုထား၏။

ဆောင်။ အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ပြဟ္မအာဒိသာ။

အာဇီဝဋ္ဌမကသီလ

ရှစ်ခုမြောက်နေရာ၌ စင်ကြယ်စွာ အသက်မွေးမှုအာဇီဝကို ထည့်သွင်း ရေတွက်ထားသဖြင့် ရှစ်ပါးအရေအတွက်ရှိသောသီလကို အာဇီဝဋ္ဌမကသီလခေါ်၏။ ထိုအာဇီဝဋ္ဌမကသီလသည် ကာယသုစရိုက် ၃ ပါး၊ ဝစီသုစရိုက် ၄ ပါး၊ သမ္မာအာဇီဝ ၁ ပါး၊ ပေါင်း ၈ ပါးဖြစ်၏။

http://www.dhammadownload.com

အာဇီဝဋ္ဌမကသီလ ၈ ပါး

၁။ ပါဏာတိပါတဝိရတိ – ပါဏာတိပါတမှ ရှောင်ကြဉ်မှု၊
၂။ အဒိန္နာဒါနဝိရတိ – အဒိန္နာဒါနမှရှောင်ကြဉ်မှု၊
၃။ ကာမေသုမိစ္ဆာစာရဝိရတိ – ကာမေသုမိစ္ဆာစာရမှရှောင်ကြဉ်မှု၊
၄။ မုသာဝါဒဝိရတိ – မုသာဝါဒမှရှောင်ကြဉ်မှု၊
၅။ ပိသုဏာဝါစာဝိရတိ – ပိသုဏာဝါစာမှရှောင်ကြဉ်မှု၊
၆။ ဖရုသဝါစာဝိရတိ – ဖရုသဝါစာမှရှောင်ကြဉ်မှု၊
၇။ သမ္ဖပ္ပလာပါဝိရတိ – သမ္ဖပ္ပလာပမှရှောင်ကြဉ်မှု၊
၈။ မိစ္ဆာဇီဝဝိရတိ – မိစ္ဆာဇီဝမှရှောင်ကြဉ်မှု

၂။ အာဘိသမာစာရိကသီလ

လွန်ကဲမြင့်မြတ်သော အကျင့်သီလကို အာဘိသမာစာရိကသီလ ခေါ်၏။ ရဟန်းတော်များ၌ ဥပဇ္ဈာယ်ဆရာကျင့်ဝတ်၊ သင္ဓိဝိဟာရိကကျင့်ဝတ်၊ အာစရိယကျင့်ဝတ်၊ အန္တေဝါသိကကျင့်ဝတ် စသော မဟာဝါဒန္ဓက၊ စူဠဝါဒန္ဓကတို့၌လာသော ကျင့်ဝတ်များ၊ မုတင် ၁၃ ပါးတို့သည် အာဘိသမာစာရိကသီလမည်၏။ ထိုကျင့်ဝတ်များသည် အာဒိဗြဟ္မစရိယက သီလပေါ်၌ အရောင်တင် အမွမ်းတင်သော သီလဖြစ်၍ လွန်ကဲမြင့်မြတ်သော အကျင့်ဖြစ်သောကြောင့် အာဘိသမာစာရိက သီလမည်၏။ မှန်၏။ အာဘိသမာစာရိကသီလသည် လွန်စွာနူးညံ့သိမ်မွေ့လှသဖြင့် စိတ်ဓာတ်ယဉ်ကျေးနေကြသော အထက်တန်းသူတော်စင်ကြီးများသာ ပြည့်ပြည့်စုံစုံ ကျင့်သုံးနိုင်သော ကျင့်ဝတ်များဖြစ်၏။

စတုပါရိသုဒ္ဓိသီလတွင် ပစ္စယသန္နိဿိတသီလနှင့် ကွန်ဒြိယသံဝရသီလသည် အာဘိသမာစာရိကသီလမျိုးဖြစ်၏။ အာဘိသမာစာရိကသီလဟူသည် အာဇီဝဋ္ဌမကမှကြွင်းသောသီလ၏ အမည်ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌မိန့်ဆို၏။

http://www.dhammadownload.com

မှတ်ချက်။ သီလကို စတုပါရိသုဒ္ဓိသီလဟု လေးမျိုးခွဲရာ၌ ဝိနည်းပါဠိတော်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်သီလအားလုံးကို ပါတိမောက္ခသံဝရဟု ယူပါမှ သိက္ခာပုဒ်အကြွင်းအကျန်မရှိ ခြင်းကြောင့် ပြည့်စုံ၏။ ဥဘတောဝိဘင်း၌ ပညတ်တော်မူအပ် သော ၂၂၇ သွယ်သော သိက္ခာပုဒ်သီလကိုသာ ပါတိမောက္ခ သံဝရအရ ယူပါက မဟာဝါခန္ဓက၊ စူဠဝါခန္ဓကလာ သိက္ခာ ပုဒ်သီလများမပါဘဲ ကျန်နေခဲ့မည်ဖြစ်၏။

အာဒိဗြဟ္မစရိယကသီလ၊ အာဘိသမာစာရိကသီလဟု နှစ်မျိုးခွဲသောအခါ ဥဘတောဝိဘင်း၌လာသော ၂၂၇ သွယ်သော သိက္ခာပုဒ်သီလကိုသာ အာဒိဗြဟ္မစရိယသီလအရ ယူရမည်။ ခန္ဓကဋ္ဌလာသော ကျင့်ဝတ်သီလများကို မယူရ။ ယင်းခန္ဓကလာ သီလများကို အာဘိသမာစာရိကသီလအတွက် ချန်ထားခဲ့ရမည်။

ဂဟဋ္ဌသီလ

လူတို့ စောင့်ထိန်းအပ်သောသီလကို ဂဟဋ္ဌသီလခေါ်၏။ လူသားတိုင်း ကျင့်သုံးအပ်သောသီလမှာ ၅ ပါးသီလ၊ ၈ ပါးသီလ၊ ၁၀ ပါးသီလများ၏ဖြစ်၏။ ထိုသီလများကို ဂဟဋ္ဌသီလခေါ်၏။

လူသည် လောကထဲ၌ နေထိုင်စဉ် ငါးပါးသီလကို လုံခြုံအောင် အမြဲစောင့်ထိန်းရမည်ဖြစ်၏။ ငါးပါးသီလကို စောင့်ထိန်းခြင်းဖြင့် မိမိဘဝနှင့် ပတ်ဝန်းကျင်သတ္တဝါများ၏ဘဝကို လုံခြုံအောင် ဆောင်ရွက်ရာရောက်၏။ ဘဝလုံခြုံမှုရှိသဖြင့် သတ္တဝါများ အသက်ရှင်နေစဉ် စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် ပျော်ရွှင်စွာနေထိုင်ရ၏။ လူသားတို့သည် ငါးပါးသီလကို လုံခြုံအောင် မစောင့်ထိန်းကြသောအခါ အချင်းချင်း ယုံကြည်မှုမရှိခြင်းကြောင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုမရှိဘဲ အမြဲကြောက်လန့်လျက် စိုးရိမ်ပူပန်စိတ်များဖြင့် ဆင်းဆင်းရဲရဲ နေထိုင်ရ၏။ ထို့ပြင် ရာသီဥတုဖောက်ပြန်ခြင်း၊ အစားအစာရှားပါး၍ ငတ်မွတ်မှုများ ဖြစ်ပေါ်ခြင်း၊ အနာရောဂါဆိုးများ

http://www.dhammadownload.com

ဖြစ်ပွားခြင်း စသည်ဖြင့် ကပ်ဆိုးကြီးများ ကျရောက်လာနိုင်၏။ ထို့ကြောင့် လူ့ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းသာယာမှုများ ဖြစ်ထွန်းနေရေးအတွက် လူသားတိုင်း ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲလုံခြုံအောင် စောင့်ထိန်းရမည်ဖြစ်၏။

ထိုသို့ ငါးပါးသီလကို စောင့်ထိန်းရုံဖြင့် မလုံလောက်သေးဘဲ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလကို ခံယူဆောက်တည်၍ ဥပုသ်သီတင်းများ စောင့်သုံးဖို့လို၏။ ထိုသို့ စောင့်သုံးအပ်သောသီလကို ဥပေါသထသီလခေါ်၏။ ထို့ပြင် အိမ်ထောင်ရေးကိစ္စကို စွန့်လွှတ်၍ သူတော်စင်အဝတ်ကိုဝတ်လျက် ဆယ်ပါးသီလကို အမြဲစောင့်ထိန်းရမည်ဖြစ်၏။ ထိုသို့ အမြဲစောင့်ထိန်းပါက ဆယ်ပါးသီလသည် သူတော်စင်ဘဝအတွက် နိစ္စသီလပင်ဖြစ်၏။

အိမ်ထောင်ရေးကိစ္စကို မစွန့်လွှတ်နိုင်ဘဲ မိသားစုနှင့်အတူနေလျက် အထက်တန်းသူတော်စင်ဘဝမျိုးဖြင့် နေထိုင်လိုသူများ အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် အမြဲစောင့်ထိန်းရမည်ဖြစ်၏။ အာဇီဝဋ္ဌမကသီလရှစ်ပါးကို အထက်ကဖော်ပြခဲ့ပြီးဖြစ်၏၊ ပြန်ကြည့်ပါ။

ငါးပါးသီလသည် လူသားတို့ အမြဲစောင့်ထိန်းရမည့် နိစ္စသီလဖြစ်သကဲ့သို့ အာဇီဝဋ္ဌမကသီလသည်လည်း အထက်တန်းသူတော်စင်များ အမြဲစောင့်ထိန်းရမည့် နိစ္စသီလဖြစ်၏။ အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်ပြီဆိုလျှင် ငါးပါးသီလကိုလည်း စောင့်ထိန်းပြီးဖြစ်၏။ အထက်တန်းသူတော်စင်များမှာ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရုံဖြင့် မလုံလောက်ပေ။ အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် မဖြစ်မနေ စောင့်ထိန်းရမည်ဖြစ်၏။

လူတို့စောင့်အပ်သောသီလကို ၂ မျိုးခွဲပုံ

၁။ လူတို့စောင့်ထိန်းအပ်သော အာဇီဝဋ္ဌမကသီလသည် အာဒိဗြဟ္မ စရိယကသီလမည်၏။

http://www.dhammadownload.com

၂။ ဥပုသ်နေ့၌ စောင့်သုံးအပ်သော ၈ ပါးသော ဥပေါသထသီလ၊ ၁၀ ပါးသီလ၊ အချို့သော ဓုတင်အင်္ဂျင်သည် အာဘိသမာစာရိကသီလမည်၏။

လောကုတ္တရာမဂ်တရားကို ရရှိရန် အခြေခံအစအဦးဖြစ်သောသီလသည် အာဒိဗြဟ္မစရိယကသီလမည်၏။ ယင်းအာဒိဗြဟ္မစရိယကသီလဟူသည် အာဇီဝဋ္ဌမကသီလဖြစ်၏။ ထို့ကြောင့် မဂ်ဖိုလ်တရားကို လိုလားသူတိုင်း အာဇီဝဋ္ဌမကသီလကို လုံခြုံအောင် စောင့်ထိန်းရမည်ဖြစ်၏။ အာဇီဝဋ္ဌမကသီလသည် ဗုဒ္ဓဘာသာဝင်များအတွက် အရေးပါသော သီလဖြစ်၍ အသက်မွေးမှုနှင့်စပ်လျဉ်း၍ မိစ္ဆာဇီဝ၊ သမ္မာအာဇီဝတို့ကို ခွဲခြားသိနေဖို့ လိုအပ်၏။ ထို့ကြောင့် မိစ္ဆာဇီဝနှင့် သမ္မာအာဇီဝကို မကျဉ်းမကျယ် ဖော်ပြမည်။

အသက်မွေးမှု ၂ မျိုး

အသက်မွေးရန် ပစ္စည်းဥစ္စာရှာဖွေရာ အလုပ်အကိုင် အရောင်းအဝယ်လုပ်ငန်းမှန်သမျှကို ''အာဇီဝ'' ခေါ်၏။ အာဇီဝသည် မမှန်မကန် မတရားသောနည်းလမ်းဖြင့် စီးပွားဥစ္စာရှာဖွေ၍ အသက်မွေးမှု မိစ္ဆာဇီဝ၊ မှန်မှန်ကန်ကန် တရားသဖြင့် စီးပွားဥစ္စာရှာဖွေ၍ အသက်မွေးမှု သမ္မာအာဇီဝဟု နှစ်မျိုးရှိ၏။

မိစ္ဆာဇီဝ။ သဘာဝအားဖြင့် ပင်ကိုမူလကပင် အပြစ်မကင်းသော အကုသိုလ် အလုပ်များကို ပြုလုပ်လျက် အသက်မွေးမှုကို မိစ္ဆာဇီဝခေါ်၏။ နားလည်အောင် ပြောရလျှင် သူတစ်ပါးကို ထိခိုက်နစ်နာစေလျက် သူတစ်ပါးကို ဆင်းရဲဒုက္ခရောက်စေနိုင်သော အလုပ်များကို ပြုလုပ်လျက် အသက်မွေးမှုကို မိစ္ဆာဇီဝခေါ်၏။

၁။ **ပါဏာတိပါတမှု**။ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ကျွဲများကိုသတ်၍ ဖြစ်စေ၊ တံငါမုဆိုးအလုပ်များဖြင့် သူတစ်ပါးအသက်ကိုသတ်၍ဖြစ်စေ ပစ္စည်းရှာဖွေလျက် အသက်မွေးမှု။

http://www.dhammadownload.com

၂။ **အဒိန္နဒါနမှု**။ သူတစ်ပါးပစ္စည်းကို ခိုးဝှက်လုယူ၍ဖြစ်စေ၊ အရှိန်အဝါဖြင့် သူတစ်ပါးပစ္စည်းကိုရယူ၍ဖြစ်စေ အသက်မွေးမှု။

မှတ်ချက်။ သူတစ်ပါးပစ္စည်းကိုယူရာ၌ ခိုးနည်း ၂၅ မျိုးရှိ၏။ ခိုးနည်းကား သိမ်မွေ့လှ၏။ ခိုးနည်းအပြည့်အစုံကို ဖော်မပြနိုင်ပါ။

၃။ **ကာမေသုမိစ္ဆာစာရမှု**။ သူတစ်ပါးဆီမှ ပစ္စည်းဥစ္စာရယူ၍ ခန္ဓာကိုယ်နှင့် ရင်းနှီးလျက် ကာမဂုဏ်ဖောက်ပြန်၍ အသက်မွေးမှု။

၄။ **မုသာဝါဒမှု**။ မတရားလိမ်လည်လှည့်ပတ်ပြောဆို၍ဖြစ်စေ၊ မမှန်မကန် ရှေ့နေလိုက်၍ဖြစ်စေ၊ ပစ္စည်းအတုလုပ်လျက် ရောင်းဝယ်၍ဖြစ်စေ ပစ္စည်းဥစ္စာရှာဖွေလျက် အသက်မွေးမှု။

၅။ **ပိသုဏဝါစာမှု**။ သူတစ်ပါးတို့ကွဲပြားအောင် ရန်တိုက်ပေးလျက် စီးပွားရှာဖွေ၍ အသက်မွေးမှု။

၆။ **ဖရုသဝါစာမှု**။ သူတစ်ပါးတို့ ကြောက်လန့်အောင် ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုခြောက်လှန့်လျက် ပစ္စည်းရှာဖွေ၍ အသက်မွေးမှု။

၇။ **သမ္ဖပ္ပလာပမှု**။ သူတစ်ပါးဘဝပျက်စီးအောင် ယုတ်ညံ့သိမ်ဖျင်းသော ဇာတ်လမ်းဇာတ်ကွက်များဆင်လျက် မကောင်းသော ဇာတ်လမ်းများကို ဟောပြောပြသလျက် စီးပွားရှာဖွေ၍ အသက်မွေးမှု။

အထက်ပါ ပုံစံခုနစ်မျိုးဖြင့် စီးပွားရှာ၍ အသက်မွေးမှုကို မိစ္ဆာဇီဝခေါ်၏။ **''ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ''** စသည်ဖြင့် ရွတ်ဆိုဆောက်တည်လျက် ထိုသို့ မတရားစီးပွားရှာဖွေ၍ အသက်မွေးမှုကို ရှောင်ကြဉ်လိုက်ပါက အာဇီဝဋ္ဌမကသီလ လုံခြုံနိုင်၏။ ထိုသိက္ခာပုဒ် ၇ မျိုးဌ မပါဝင်သေးသော မိစ္ဆာဇီဝများလည်းရှိသေး၏။

http://www.dhammadownload.com

၁။ **သတ္ထဝဏ္ဏိဇ္ဈာ**။ ဓား၊ လုံ၊ သေနတ်၊ ပိုက်၊ ကွန်၊ မိုင်း၊ ဗုံး စသော သတ္တဝါများကို သေစေတတ်သော လက်နက် ထုတ်လုပ်ရောင်းဝယ်၍ စီးပွား ရှာဖွေမှု၊ လူကိုသေစေတတ်၊ ကိုယ်ဝန်ကို ပျက်ကျစေနိုင်သော ဆေးဝါး ထုတ်လုပ်ရောင်းဝယ်၍ စီးပွားရှာဖွေမှု။

၂။ **သတ္တဝဏ္ဏိဇ္ဈာ**။ လူအရောင်းအဝယ်လုပ်၍စီးပွားရှာဖွေမှု၊ ပြည်တန်ဆာများကို ရှာဖွေမွေးမြူလျက် ပြည့်တန်ဆာလုပ်ငန်းဖြင့် စီးပွားရှာဖွေမှု။

၃။ **မံသဝဏ္ဏိဇ္ဈာ**။ အသားကို ကုန်သွယ်ရောင်းဝယ်၍ စီးပွားရှာဖွေမှု၊ နွား၊ ကျွဲ၊ ဆိတ်၊ ဝက်၊ ကြက်၊ ငှက် စသည်တို့ကို မွေးမြူ၍ အသားစားရန် သတ်ဖြတ်သူများအား ရောင်းစားမှု။

၄။ **မဇ္ဇဝဏ္ဏိဇ္ဈာ**။ ထန်းရည်၊ အရက်၊ ဘိန်း၊ ဘီယာ စသော လူကို မူးယစ် စေတတ်သော မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်၍ စီးပွားရှာဖွေမှု။

၅။ **ဝိသဝဏ္ဏိဇ္ဈာ**။ အဆိပ်ထုတ်လုပ် ကုန်သွယ်ရောင်းဝယ်လျက် စီးပွားရှာဖွေမှု။

အထက်ပါ ကုန်ပစ္စည်းငါးမျိုးကို ရောင်းဝယ်လျက် အသက်မွေးခြင်းသည် မိစ္ဆာဇီဝပင်ဖြစ်၏။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာ၊ ဥပါသိကာမများသည် အဆိုပါကုန်ပစ္စည်းငါးမျိုးကို အရောင်းအဝယ်မပြုလုပ်ရန် မြတ်ဗုဒ္ဓက တားမြစ်တော်မူခဲ့၏။ လောင်းကစားပွဲများဖြင့် စီးပွားရှာဖွေ၍ အသက်မွေးခြင်းသည်လည်း မိစ္ဆာဇီဝပင်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ် ဥပါသကာ ဥပါသိကာမတို့သည် မည်သည့် လောင်းကစားမှုမျိုးနှင့်မျှ စီးပွားမရှာမိအောင် ရှောင်ကြဉ်သင့်ကြ၏။ မျက်မှောက်

http://www.dhammadownload.com

ခေတ် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အတော်များများသည် ဘောပွဲလောင်းခြင်း၊ ချဲထီထိုးခြင်း၊ ရောင်းခြင်း စသော လောင်းကစားမှုများဖြင့် စီးပွားရှာဖွေနေကြပြီဖြစ်၏။ ထိုသို့ အလုပ်မလုပ်ဘဲ လောင်းကစားမှုမျိုးစုံကို ပြုလုပ်၍ စီးပွားရှာဖွေနေကြခြင်းဖြင့် မြတ်ဗုဒ္ဓတားမြစ်တော်မူခဲ့သော ''**အက္ခဓုတ္တ-လောင်းကစားမှုကြူးခြင်း**'' ဟူသော ပျက်စီးကြောင်းတရားကို ကျူးလွန်နေကြပြီဖြစ်၏။

သမ္မာအာဇီဝ။ သဘာဝအားဖြင့် ပင်ကိုကပင် အပြစ်ကင်းသော လယ်ထွန်မှု၊ ဥယျာဉ်စိုက်ပျိုးမှု၊ ကောင်းရောင်းကောင်းဝယ် ကုန်သွယ်မှု စသော လုပ်ငန်းများကို ပြုလုပ်လျက် အသက်မွေးခြင်းကို ကောင်းသော အသက်မွေးခြင်းခေါ်၏။ ထိုသမ္မာအာဇီဝသည် သုတ္တန်နည်း သမ္မာအာဇီဝ၊ အဘိဓမ္မာနည်း သမ္မာအာဇီဝဟု နှစ်မျိုးရှိ၏။

တရားနည်းလမ်းအတိုင်း ပစ္စည်းဥစ္စာရှာဖွေခြင်း၊ တရားသဖြင့် ရှာဖွေ၍ ရရှိသောပစ္စည်းများကို စားသောက်သုံးစွဲခြင်းသည် သုတ္တန်နည်း သမ္မာအာဇီဝမည်၏။

ပစ္စည်းရှာဖွေစဉ် မတရားသောနည်းလမ်းဖြင့် ပစ္စည်းရှာလျှင် ပစ္စည်းဥစ္စာများများရရှိဖို့ အခွင့်အလမ်းမျိုးနှင့် ကြုံတွေ့နေပါလျက် ယင်းအလုပ်ကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာနည်း သမ္မာအာဇီဝမည်၏။ ထို့ကြောင့် မသိနားမလည်သောအချိန်က မတရားနည်းလမ်းဖြင့် စီးပွားရှာဖွေသုံးစွဲခဲ့သော်လည်း နားလည်သဘောပေါက်လာသောအခါ ထိုသို့ မတရားသောနည်းလမ်းဖြင့် စီးပွားရှာခြင်းကို ရှောင်ကြဉ်ပါက အဘိဓမ္မာနည်းအရ သမ္မာအာဇီဝဖြစ်နိုင်၏။ ထိုသို့ သိရှိနားလည်လာသောအခါ မတရားသောနည်းလမ်းဖြင့် စီးပွားရှာဖွေမှုကို ရှောင်ကြဉ်ပါလျှင် အာဇီဝဋ္ဌမကသီလလုံခြုံနိုင်၏။

http://www.dhammadownload.com

တရားသဖြင့် ပစ္စည်းရှာဖွေခြင်းဆိုရာ၌ ပစ္စည်းရှာဖွေသောအခါ ကုသလကမ္မပထ (သုစရိုက်တရား) ၁၀ ပါးကို မပျက်စေဘဲ စီးပွားရှာဖွေခြင်းကို တရားသဖြင့် ပစ္စည်းရှာဖွေခြင်းခေါ်၏။ ထိုသို့ တရားသဖြင့်ရှာဖွေ၍ ရရှိသောပစ္စည်းကို ပါဠိတော်၌ ''**ဓမ္မိကေဟိ ဓမ္မလဒ္ဓေဟိ**'' ဟု ဟောတော်မူ၏။ ထိုသို့ တရားသဖြင့်ရှာဖွေ၍ရရှိသောပစ္စည်းကို မိမိလည်း စားရမည်၊ မိဘဆွေမျိုးများကိုလည်း ကျွေးမွေးလှူဒါန်းရမည်၊ ရဟန်းသံဃာတော်များအားလည်း လှူဒါန်းရမည်ဟု မြတ်ဗုဒ္ဓ ဟောတော်မူခဲ့၏။*

အာဇီဝဋ္ဌမကသီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတ္ဝာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊ အဟံဘန္တေ (ပ) မေ ဘန္တေ။

တတိယမ္ပိ၊ အဟံဘန္တေ (ပ) မေ ဘန္တေ။

အာဇီဝဋ္ဌမက သီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏာဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဖရုသဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၇။ သမ္ဖပ္ပလာပါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၈။ မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

---

* အဂုံတ္တရပါဠိ၊ ပထမတွဲ

http://www.dhammadownload.com

မှတ်ချက်။ အာဇီဝဋ္ဌမကသီလသည် မဂ်ဖိုလ်ရရန် အခြေခံအကျဆုံးသီလ ဖြစ်၍ အရေးကြီးလှ၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ဖော်ပြရခြင်းဖြစ်၏။ ကြွင်းသောသီလယူပုံအစီအစဉ်ကို ငါးပါးသီလအတိုင်းဆိုကြပါ။

* * * * *

အခန်း (၂)
အဓိစိတ္တသိက္ခာ

အဓိစိတ္တသိက္ခာကို သမာဓိသိက္ခာဟုလည်းခေါ်ကြ၏။ လူ၏စိတ် အစဉ်၌ ဖြစ်ပေါ်လေ့ရှိသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အပူဓာတ်တို့ကို ငြိမ်းအေးစေတတ်သောကြောင့် သမာဓိ (ဇကဂ္ဂတာ စေတသိက်) ကို သမထခေါ်၏။

မူလက လူ၏စိတ်သည် အာရုံငါးပါး ကာမဂုဏ်တရား၌ ကျက်စား နေ၏။ ကာမဂုဏ်နှင့်မွေ့လျော်ပျော်ပါးနေ၏။ ထိုသို့ ကာမဂုဏ်နှင့် ပျော်ပါး နေသဖြင့် ကာမဂုဏ်နှင့်ဆက်စပ်၍ လူ၏စိတ်သည် အမြဲပူလောင်နေ၏။ အမြဲပူလောင်နေသော်လည်း ရဂုတ်သီးထဲ၌နေသော ပိုးကောင်သည် အလေ့ အကျက်ရနေပြီဖြစ်၍ ရဂုတ်သီးပူမှန်းကိုမသိနိုင်သကဲ့သို့ ကာမဂုဏ်နှင့် ပျော် ပါးနေသူသည်လည်း ကာမဂုဏ်၏ပူလောင်မှုကို မသိနိုင်ပေ။ ရဂုတ်သီးနှင့် ဆက်စပ်ထိတွေ့မှုမရှိဘဲ ရဂုတ်သီး၏အပြင်၌နေသူသည် တစ်ခါတစ်ရံ ရဂုတ် သီးနှင့် ထိတွေ့ရသောအခါ ရဂုတ်သီးပူမှန်းကိုသိသကဲ့သို့ ကာမဂုဏ်ကို စွန့်လွှတ်၍ ကာမဂုဏ်နှင့်ဝေးကွာနေသူသည်သာ ကာမဂုဏ်၏ ပူလောင်မှု နှင့် အကျိုးအပြစ်ကို သိနိုင်၏။

http://www.dhammadownload.com

မြတ်ဗုဒ္ဓသည် ကာမဂုဏ်၌ ကပ်ငြိတွယ်တာတတ်သော တဏှာနှင့် ကိလေသာအားလုံးကို ပယ်သတ်ပြီးဖြစ်၍ ကာမဂုဏ်ကို လုံးဝ စွန့်လွှတ်ထားပြီးဖြစ်၏။ ထို့ကြောင့် ကာမဂုဏ်၏ပူလောင်ပုံကိုလည်းကောင်း၊ ကာမဂုဏ်နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်တတ်သော အကျိုးအပြစ်ကိုလည်းကောင်း မြတ်ဗုဒ္ဓသည်သာ အသိဆုံးဖြစ်၏။ မြတ်ဗုဒ္ဓသည် ကာမဂုဏ်၌ နှစ်သက်ဝမ်းမြောက်မှု၊ စွဲလမ်းတွယ်တာမှု လုံးဝမရှိခြင်းကြောင့် ကာမဂုဏ်အပေါ်၌ မြတ်ဗုဒ္ဓ၏အမြင်သည်သာ အမှန်ကန်ဆုံးဖြစ်၏။ မြတ်ဗုဒ္ဓက ကာမဂုဏ်နှင့် ဆက်စပ်ပြီး လူ ၁းများမှာ စိုးရိမ်ပူဆွေးမှုသောကနှင့် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ဖြစ်ပေါ်လာ၏ဟု တိကျပြတ်သားစွာ မိန့်ကြားတော်မူခဲ့၏။ မြတ်ဗုဒ္ဓ၏ ဤအမြင်သည် အစွဲအလမ်းကင်းရှင်းသော အမြင်ဖြစ်၍ လုံးဝ အကြွင်းမဲ့ မှန်ကန်သောအမြင်ဖြစ်၏။ လူသားသည် ဤမြတ်ဗုဒ္ဓ၏အမြင်ကိုသာ မှန်ကန်သောအမြင်အဖြစ် လက်ခံရမည်ဖြစ်၏။

''အချစ်မှာ ဘာပြဿနာမျှမရှိပါ'' ဟု ခေတ်လူငယ်များ သီချင်းဆိုနေကြသည်ကို ကြားရ၏။ ဤအမြင်သည် ကာမတဏှာမကင်းပြတ်သေး၍ ကာမတဏှာ၏လှုံ့ဆော်မှုကြောင့် ကာမတဏှာကိုအခြေခံ၍ ဖြစ်ပေါ်လာသော အမြင်သာဖြစ်၍ လုံးဝ မမှန်ပေ။ လူ့ခန္ဓာကိုယ်သည် ကာမတဏှာနှင့် ဖွဲ့စည်းဖြစ်ပေါ်နေခြင်းကြောင့် ကာမတဏှာမကင်းပြတ်သေးသော လူသားတိုင်း ဤအမြင်ကိုသာ အမှန်ဟု လက်ခံကြပေလိမ့်မည်။ လူ့ခန္ဓာကိုယ်၌ အမှန်တရားကို လက်ခံနိုင်သော အခြေခံတရားများ နည်းပါးခြင်းကြောင့် လူ့လောက၌ အမှန်တရားမထွန်းကားဘဲ အတုအယောင် အဓမ္မတရားများသာ ကြီးစိုးနေသည်ကို တွေ့ရ၏။ လူသားများ အမှန်တရားကို အမှန်တရားအဖြစ် လက်မခံနိုင်ခြင်းသည် လူသားများ၏အားနည်းချက်ပင်ဖြစ်၏။ ယင်းအားနည်းချက်ကြောင့်ပင် လူ့လောက၌ အမှန်တရားမထွန်းကားခြင်းဖြစ်၏။ ထိုသို့ အမှန်တရားကို လက်မခံဘဲ အာရုံငါးပါးကိုအဖော်လုပ်ပြီး အာရုံငါးပါးနှင့် ပျော်ရွှင်နေကြသော လူ့အသိုင်းအဝိုင်းထဲမှာ အာရုံခံစားမှုကို စွန့်လွှတ်

http://www.dhammadownload.com

၍ တရားအာရုံနှင့်နေထိုင်ရန် သင်ပြပေးတော်မူသော မြတ်ဗုဒ္ဓ၏စေတနာတော်ကို လွန်စွာ လေးစားသင့်၏။ ချီးကျူးသင့်၏။

မြတ်ဗုဒ္ဓသည် ကာဖုဏ်၏ဆိုးကျိုးကို တိတိကျကျ တွေ့မြင်တော်မူသဖြင့် ကာမဂုဏ်၌နစ်မြုပ်နေသော လူ၏စိတ်ကို ကာမဂုဏ်ထဲမှ ဆွဲထုတ်တော်မူလျက် ငြိမ်းအေးလှသော တရားအာရုံသို့တင်ပေးတော်မူလိုသဖြင့် သမထကမ္မဋ္ဌာန်း ၄၀ ကို သတ်မှတ်ပေးတော်မူ၏။ စိတ်သည် အာရုံနှင့်ကင်းကွာ၍ ဖြစ်ရိုးထုံးစံမရှိပေ။ **လူ၏စိတ်သည် မူလအာရုံငါးပါး ကာမဂုဏ်တရားနှင့် ပျော်ပါးနေပြီး ကာမဂုဏ်တရား၌ နစ်မြုပ်နေ၏။ မြတ်ဗုဒ္ဓသည် လူသားကို သနားတော်မူသဖြင့် ကာမဂုဏ်ငါးပါး၌ နစ်မြုပ်နေသောစိတ်ကို ကာမဂုဏ်မှ ဆွဲထုတ်တော်မူလျက် အာရုံငါးပါး ကာမဂုဏ်တရားနေရာမှာတရားအာရုံကိုအစားထိုးပေးခြင်းဖြစ်၏။** လူ၏စိတ်မှာ ကိလေသာတရားများ ဆူပူထကြွ သောင်းကျန်းမလာရအောင် စိတ်ကို အာရုံငါးပါးမှ ဆွဲထုတ် ထားခြင်းပင်ဖြစ်၏။ ထိုသို့ ခွဲထုတ်ထားခြင်းဖြင့် ကမ္မဋ္ဌာန်းအာရုံဖြင့် ထကြွသောင်းကျန်းနေသော ပရိယုဋ္ဌာနကိလေသာကို အသေသတ်ခြင်းပင်ဖြစ်၏။

ငါးသည် ရေ၌နေ၏။ ရေမှာပျော်ပါးနေ၏။ ရေ၌ပျော်နေသောငါးကို ဖမ်းယူ၍ ကုန်းပေါ်သို့ပစ်တင်လိုက်သောအခါ ငါးသည် အငြိမ်မနေဘဲ ထခုန်နေတတ်၏။ မည်မျှပင်ခုန်နေစေကာမူ အချွန်ကာလကြာညောင်းလာသောအခါ ငါးသည် ငြိမ်ကျသွားသည်သာဖြစ်၏။ ထိုနည်းအတူ အာရုံငါးပါးနှင့် ပျော်နေသောစိတ်ကို တရားအာရုံသို့ တင်ပေးလိုက်သောအခါ တရားအာရုံ၌ ငြိမ်သက်စွာမနေဘဲ အာရုံငါးပါးဆီသို့သာ ရောက်နေမည်ဖြစ်၏။ အာရုံငါးပါးသို့ ထွက်သွားသောစိတ်ကို ပြန်လည်သိမ်းဆည်း၍ တရားအာရုံသို့ တင်ပေးလျက် ဇွဲကောင်းကောင်းဖြင့် တရားကို ဆက်လက်အားထုတ်ပါက စိတ်မိုက်စိတ်ရိုင်းသည် တရားအာရုံ၌ တဖြည်းဖြည်း ငြိမ်သက်စွာတည်ရှိလာမည်သာဖြစ်၏။

http://www.dhammadownload.com

ကမ္မဋ္ဌာန်း။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်မျိုးကို အားထုတ်မှု၏ တည်ရာအာရုံကို ကမ္မဋ္ဌာန်းခေါ်၏။ သမထဘာဝနာကို ပွားများ အားထုတ်သူသည် ကုသိုဏ်း၊ အာနာပါနစသည်တို့ကို အာရုံပြု၍ ပွားများ အားထုတ်ရသောကြောင့် ကသိုဏ်း၊ အာနာပါန စသော အရှုခံအာရုံများကို ''သမထကမ္မဋ္ဌာန်း'' ခေါ်၏။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်သူသည် လောကဌ် အကျုံးဝင်သော နာမ်၊ ရုပ်သခ်ါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပွားများရသောကြောင့် နာမ်ရုပ်သခ်ါရတရားဟူသော အရှုခံအာရုံများကို ''ဝိပဿနာကမ္မဋ္ဌာန်း'' ခေါ်၏။

ဘာဝနာ။ သမထ၊ ဝိပဿနာ အလုပ်နှစ်မျိုးလုံးသည် လူသားများအတွက် လွန်စွာ အကျိုးများလှသဖြင့် မိမိသန္တာန်၌ ဖြစ်ပေါ်တိုးပွားလာ အောင် အကြိမ်များစွာ ကြိုးစား အားထုတ်သင့်သောကြောင့် ''ဘာဝနာ'' မည်၏။

သမထကမ္မဋ္ဌာန်း ၄၀

၁။	ကသိုဏ်း	၁၀	ပါး
၂။	အသုဘ	၁၀	ပါး
၃။	အနုဿတိ	၁၀	ပါး
၄။	အပ္ပမညာ	၄	ပါး
၅။	အာဟာရေပဋိကူလသညာ	၁	ပါး
၆။	စတုဓာတုဝဝတ္ထာန်	၄	ပါး
၇။	အာရုပ္ပ	၄	ပါး
	ပေါင်း	**၄၀**	**ပါး**

http://www.dhammadownload.com

ကသိုဏ်း ၁၀ ပါး

ကသိုဏ်းဟူသော ဝေါဟာရသည် ''ကသိဏ'' ဟူသော ပါဠိမှ သက်ဆင်းလာသော ပါဠိသက်ဝေါဟာရဖြစ်၏။ ယင်းကသိဏသဒ္ဒါသည် အလုံးစုံဟူသောအနက်ကို ပေါ်၏။

ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံအကုန်အစင် တစ်ပြိုင်နက် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အာရုံကို ကသိုဏ်းအာရုံခေါ်၏။ ဥပမာ – ကမ္မဋ္ဌာန်းရှုဖို့ရန် တစ်ထွာနှင့် လက်လေးသစ်မျှ ပမာဏရှိသော ခွက်ငယ်၊ စကောငယ်လောက် ငယ်ငယ်ဖြစ်စေ၊ ကောက်စပါးနယ်ရာ တလင်းဝိုင်းလောက်ကြီးကြီးဖြစ်စေ ပြုလုပ်ထားသော မြေကွက်ကို ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် မြေကွက်၏ တစ်စိတ်တစ်ပိုင်းကို မရှုမှတ်ဘဲ ကသိုဏ်းအာရုံဖြစ်သော မြေကွက်မြင်ကွင်းအလုံးစုံ ကို ရှုမှတ်ရ၏။ ထိုသို့ မြင်ကွင်းအာရုံအလုံးစုံကို ရှုမှတ်ခြင်းကို ကသိုဏ်း ခေါ်၏။

ထိုကသိုဏ်းသည် ၁၀ ပါးပြား၏။

၁။ **ပထဝီကသိဏ** = မြေကသိုဏ်း
၂။ **အာပေါကသိဏ** = ရေကသိုဏ်း
၃။ **တေဇောကသိဏ** = မီးကသိုဏ်း
၄။ **ဝါယောကသိဏ** = လေကသိုဏ်း
၅။ **နီလကသိဏ** = အညိုရောင်ကသိုဏ်း
၆။ **ပီတကသိဏ** = အဝါရောင်ကသိုဏ်း
၇။ **လောဟိတကသိဏ** = အနီရောင်ကသိုဏ်း
၈။ **ဩဒါတကသိဏ** = အဖြူရောင်ကသိုဏ်း
၉။ **အာကာသကသိဏ** = ကောင်းကင် (အပေါက်) ကသိုဏ်း
၁၀။ **အာလောကကသိဏ** = အလင်းရောင်ကသိုဏ်း

http://www.dhammadownload.com

အသုဘ ၁၀ ပါး

အသုဘ သဒ္ဒါသည် ''မတင့်တယ်'' ဟူသောအနက်ကိုဟော၏။ ထို့ကြောင့် သေလွန်ပြီးနောက် ခန္ဓာကိုယ်နှင့်စပ်၍ အမျိုးမျိုးဖြစ်ပေါ်လာတတ်သော တင့်တယ်မှုမရှိသော စက်ဆုပ်ရွံရှာဖွယ် အလောင်းကောင်ပုံသဏ္ဌာန်အမျိုးမျိုးကို ''အသုဘ'' ခေါ်၏။

ထိုအသုဘသည် ၁၀ မျိုးပြား၏ –

၁။ **ဥဒ္ဓုမာတက** = သေပြီးနောက် နှစ်ရက်သုံးရက်ကြာသောအခါ ဖူးဖူးယောင်ပုပ်လျက် စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၂။ **ဝိနီလက** = အဖြူ အနီ ရောနှောကာ ညိုမဲလျက် စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၃။ **ဝိပုဗ္ဗက** = ပြည်တစိုစို ပေါက်ကွဲယိုထွက်နေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၄။ **ဝိစ္ဆိဒ္ဒက** = ခန္ဓာကိုယ်အထက်ပိုင်း အောက်ပိုင်း မစပ်မိအောင် ရန်သူသတ်ဖြတ်ထားသော မသာအလောင်းကောင်။

၅။ **ဝိက္ခာယိတက** = အိမ်ခွေး၊ တောခွေး၊ လင်းတ၊ ကျီးများ ခဲစားထားသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၆။ **ဝိက္ခိတ္တက** = လက်၊ ခြေ၊ ခေါင်း၊ ကိုယ်များ တစ်ခြားစီ တကွဲတပြား အိမ်ခွေး၊ တောခွေး စသော သတ္တဝါများ ကိုက်ဖြတ်လွှင့်ပစ်ထားသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

http://www.dhammadownload.com

၇။ **ဟတဝိက္ခိတ္တက** = ကျီးခြေသဏ္ဌာန်ဖြစ်အောင် ခား စသည်ဖြင့် အစိတ်စိတ်အမွှာမွှာ ခုတ်ဖြတ်၍ လက်၊ ခြေ၊ ကိုယ်များ ဖရိုဖရဲ တစ်ခြားစီ လွှင့်ပစ်ထားသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၈။ **လောဟိတက** = တစ်ကိုယ်လုံးမှာ သွေးများ ယိုထွက်ပေကျံနေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၉။ **ပုဠုဝက** = ပိုးလောက်များ ကျိကျိတက်ထွက်နေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

၁၀။ **အဋ္ဌိက** = အရိုးစုဖြစ်စေ၊ အရိုးတစ်ချောင်းဖြစ်စေ ဖြစ်နေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်။

အနုဿတိ ၁၀ ပါး

အာရုံတစ်ခုခုကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်တတ်သော သတိစေတသိက်ကို အနုဿတိခေါ်၏။ ထိုအနုဿတိသည် ၁၀ ပါး ပြား၏။

၁။ **ဗုဒ္ဓါနုဿတိ** = ဘုရားရှင်၏ အရဟံစသော ဂုဏ်တော် ၉ ပါး ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း။

၂။ **ဓမ္မာနုဿတိ** = မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန်၊ ပရိယတ်ဟူသော ၁၀ ပါးသော တရားတော်၏ သွက္ခာတတာ စသော ဂုဏ်တော် ၆ ပါးကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း။

၃။ **သံဃာနုဿတိ** = သုပ္ပဋိပန္နတာ စသော သံဃာ့ဂုဏ်တော် ၉ ပါးကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း။

http://www.dhammadownload.com

၄။ **သီလာနုဿတိ** = မကျိုးမပျက်ရအောင် မိမိစောင့်ထိန်းအပ်သော သီလဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း။

၅။ **စာဂါနုဿတိ** = ဝန်တိုခြင်း၊ အညစ်အကြေးကင်းရှင်းပြီး ရက်ရက်ရောရော မိမိစွန့်ကြဲလှူဒါန်းသော အလှူကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း။

၆။ **ဒေဝတာနုဿတိ** = သဒ္ဓါ၊ သီလ၊ သုတ စသော ဂုဏ်နှင့်ပြည့်စုံသူများသည် ဤလူ့ပြည်မှ စုတေပြီးနောက် နတ်ပြည်၊ ဗြဟ္မာပြည်၌ နတ်ဗြဟ္မာများဖြစ်၍ ငြိမ်းချမ်းစွာ နေထိုင်ကြရ၏။ ငါ့မှာလည်း ထိုကဲ့သို့ သဒ္ဓါ၊ သီလစသော ဂုဏ်များ အမြဲပြည့်စုံနေပြီဟု နတ်ဗြဟ္မာများ၏ သဒ္ဓါ၊ သီလ စသည်တို့ အကျိုးပေးပုံကို သက်သေထား၍ မိမိ၏သဒ္ဓါ၊ သီလ စသော အကျင့်ဂုဏ်ကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း။

၇။ **ဥပသမာနုဿတိ** = ဆင်းရဲအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်၏ငြိမ်းအေးပုံကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း။

၈။ **မရဏာနုဿတိ** = ဇီဝိတိန္ဒြေပြတ်စဲခြင်းဖြစ်သော သေခြင်းတရားကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း။

၉။ **ကာယဂတာသတိ** = ဆံပင်စသော ၃၂ ကောဋ္ဌာသအပေါင်းကို အာရုံပြုလျက် အောက်မေ့ဆင်ခြင်ခြင်း။

၁၀။ **အာနာပါနုဿတိ** = မိမိ၏ထွက်သက်ဝင်သက်ကို သတိကပ်၍ ရှုမှတ်နေခြင်း။

http://www.dhammadownload.com

အပွမညာ ၄ ပါး

ငါ့သား၊ ငါ့သမီးပဲ၊ ငါ့ဆွေမျိုးပဲ၊ ငါ့ရွာသားပဲ၊ ငါ့လူမျိုးပဲ စသည်ဖြင့် ပိုင်းခြားကန့်သတ်ချက်အတိုင်း အရှည်ပမာဏမရှိဘဲ သတ္တဝါတိုင်းအပေါ်၌ ညီတူညီမျှ အာရုံပြု၍ ကျင့်သုံးမှုကို အပွမညာခေါ်၏။ ဤသို့ သတ္တဝါတိုင်းအပေါ်၌ ညီတူညီမျှ သဘောထား ကျင့်သုံးမှုကို လူတိုင်း မကျင့်သုံးနိုင်ပေ။ အသိဉာဏ်ကြွယ်ဝပြီး စိတ်ထားမြင့်မြတ်သူများသာ လက်ခံကျင့်သုံးနိုင်၏။

၁။ **မေတ္တာ** = သတ္တဝါတိုင်းအပေါ်၌ မိခင်စိတ်ထားမျိုးဖြင့် ချစ်ခင်မြတ်နိုးပြီး ကောင်းကျိုးစီးပွားကို လိုလားခြင်း။

၂။ **ကရုဏာ** = ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာလျက် ယင်းဆင်းရဲ ဒုက္ခကို ပယ်ရှားလိုခြင်း။

၃။ **မုဒိတာ** = ချမ်းသာအောင်မြင်နေသူကို တွေ့မြင်ရသောအခါ ဝမ်းမြောက်ခြင်း။

၄။ **ဥပေက္ခာ** = သတ္တဝါများအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းကင်းပြီး ညီမျှအောင် သဘောထားခြင်း။

ဗြဟ္မဝိဟာရ။ ငါ့သားပဲ၊ ငါ့သမီးပဲ စသည်ဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိဘဲ သတ္တဝါတိုင်းအပေါ်၌ ညီတူညီမျှ မေတ္တာထားခြင်းစသော အပွမညာလေးပါးကို လူတိုင်းမလိုက်နာ၊ မကျင့်သုံးနိုင်ပေ။ စိတ်ထားမြင့်မြတ်သူများ သာ လက်ခံကျင့်သုံးနိုင်၏။ ထို့ကြောင့် အပွမညာ ၄ ပါးကို လက်ခံကျင့်သုံး နေခြင်းသည် မြင့်မြတ်အထက်တန်းကျသော နေထိုင်ခြင်းမျိုးဖြစ်၏။ တစ်နည်း ပြောရပါမူ မြင့်မြတ် အထက်တန်းကျသူတို့၏ နေထိုင်နည်းမျိုးဖြစ်၏။ ထို့ကြောင့် အပွမညာ ၄ ပါးကို ဗြဟ္မဝိဟာရဟုလည်းခေါ်၏။

http://www.dhammadownload.com

အာဟာရေပဋိကူလသညာ ၁ ပါး

စားသောက်ဖွယ်အစာဟူသမျှကို အာဟာရခေါ်၏။ ထိုစားသောက်ဖွယ် အာဟာရ၌ ''စက်ဆုပ်ရွံရှာဖွယ်'' ဟု ထင်မှတ်လာအောင် ရှုဆင်ခြင်တတ်သော သညာကို အာဟာရေပဋိကူလသညာခေါ်၏။

စတုဓာတုဝဝတ္ထာန် ၁ ပါး

ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းဟူသော အမှတ်သညာပျောက်ကင်း၍ ''ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော'' ဟူသော ဓာတ်လေးပါး အစုအဝေးအဖြစ် ထင်မြင်လာအောင် ခန္ဓာကိုယ်ရှိ ဓာတ် ၄ ပါးကို ပိုင်းခြားသတ်မှတ်တတ်သောဉာဏ်သည် စတုဓာတုဝဝတ္ထာန် မည်၏။

အာရုပ္ပ ၄ ပါး

၁။ အာကာသာနဉ္စာယတနစျာန်

၂။ ဝိညာဏဉ္စာယတနစျာန်

၃။ အာကိဉ္စညာယတနစျာန်

၄။ နေဝသညာနာသညာယတနစျာန်။

မှတ်ချက်။ ဤစျာန် ၄ ပါးသည် အာရုပ္ပဈာန ကမ္မဋ္ဌာန်းတည်း၊ ကောင်းကင်ပညတ်စသော ၄ ပါးသည် ထိုစျာန်တရားတို့၏ အာရုံကမ္မဋ္ဌာန်းတည်း။

အာရုံကမ္မဋ္ဌာန်း ၂၀ ပါး

၁။	ကသိုဏ်း	၁၀ ပါး
၂။	အသုဘ	၁၀ ပါး
	ပေါင်း	၂၀ ပါး

http://www.dhammadownload.com

အာရမ္မဏိက ကမ္မဋ္ဌာန်း ၂၀ ပါး

၁။	အနုဿတိ	၁၀ ပါး
၂။	အပ္ပမညာ	၄ ပါး
၃။	အာဟာရေပဋိကူလသညာ	၁ ပါး
၄။	စတုဓာတုဝဝတ္ထာန်	၁ ပါး
၅။	အာရုပ္ပ	၄ ပါး
	ပေါင်း	၂၀ ပါး

စရိုက် ၆ ပါး

သတ္တဝါများသန္တာန်၌ ပင်ကို ရိုးရာဖြစ်နေကျထက် ပိုမိုလွန်ကဲစွာ ဖြစ်ခြင်းကို ''စရိုက်'' ခေါ်၏။ ထို့ကြောင့် ရာဂအဖြစ်များသူကို ''ရာဂစရိုက် ရှိသူ'' စသည်ဖြင့် ခေါ်၏။

ထိုစရိုက်သည် ၆ မျိုးပြား၏။

၁။ **ရာဂစရိုက်** = ရာဂလွန်ကဲစွာ အဖြစ်များခြင်း
၂။ **ဒေါသစရိုက်** = ဒေါသလွန်ကဲစွာ အဖြစ်များခြင်း
၃။ **မောဟစရိုက်** = မောဟ အဖြစ်များခြင်း
၄။ **သဒ္ဓါစရိုက်** = သဒ္ဓါလွန်ကဲစွာ အဖြစ်များခြင်း
၅။ **ဗုဒ္ဓိစရိုက်** = အသိပညာလွန်ကဲစွာ အဖြစ်များခြင်း
၆။ **ဝိတက်စရိုက်** = အကြံအစည်လွန်ကဲစွာ အဖြစ်များခြင်း။

ဆောင်။ ရာ, ဒေါ, မော, ဝိ၊ သဒ်, ဗုဒ္ဓိ၊ စရိုက်ခြောက်ဖြာ။

စရိုက်အကဲခတ်ရန်

ရာဂစရိုက်။ ရာဂစရိုက်ရှိသူသည် ပကတိသွားမြဲအတိုင်း သွားလာသည် ရှိသော် ယဉ်ယဉ်ကျေးကျေး တင့်တင့်တယ်တယ် စံပယ်သကဲ့

http://www.dhammadownload.com

သို့သွား၏။ ခြေကို ဖြည်းဖြည်းသာသာ ညှိညှိညှာညှာချ၏၊ ညှိညှိညှာညှာ ချီကြွ၏။ သူ၏ခြေရာသည် အလယ်က ထိစပ်မှုမရှိပေ။

လုပ်ငန်းကိစ္စပြုလုပ်ရာ၌ တံမြက်လှည်းမှု၊ အဝတ်ဖွပ်လျှော်မှု၊ အဝတ်ဆိုးမှု၊ ဝတ်စားဆင်ယင်မှု ကျွန်သေသပ်၏။ အစားအသောက်အား ဖြင့် အချို၊ အဆိမ့်၊ အမွှေးအကြိုင် သင်းပျံ့နူးညံ့သော အစားအစာကို နှစ်သက်၏။

အမြင်စသည်အားဖြင့် အတော်အတန်လှပသာယာသော အဆင်း၊ အသံကို တွေ့ကြုံရသောအခါ မခွဲချင်မခွာချင်အောင်ဖြစ်နေတတ်၏။

စိတ်နေစိတ်ထားကို လေ့လာကြည့်ပါက ပရိယာယ်မာယာများ၏။ ကောက်ကျစ်စဉ်းလဲမှုများ၏။ မာနကြီး၏။ အလိုရမ္မက်ကြီး၏။

ဒေါသစရိုက်။ ဒေါသစရိုက်ရှိသူသည် အသွားအလာ အနေအထိုင် ကြမ်းတမ်း၏။ ခြေဖျားဖြင့် မြေကိုတူးဆွသကဲ့သို့သွား၏။ ခြေကို အဆောတလျင် ကတိုက်ကရိုက်ချ၏။ အဆောတလျင် ခြေကိုချီကြွ၏။ သူ၏ခြေရာသည် နောက်သို့ ဆွဲငင်သကဲ့သို့ရှိ၏။

လုပ်ငန်းကိစ္စကိုပြုလုပ်ရာ၌ တင့်တယ်သပ်ယပ်မှုမရှိ၊ ဝတ်စားဆင်ယင်မှု ကျွန်သေသပ်မှုမရှိ၊ အကျည်းတန်လှ၏။ အစာစားရာ၌ ကြမ်းတမ်းသော အစားအစာကို ကြိုက်၏။ ချဉ်၊ ငန်၊ စပ်၊ ခါး ဆူးပါသော အရသာများကို ကြိုက်၏။ စားသောအခါ အရသာခံလျက်မစားဘဲ မြန်မြန်စားတတ်၏။ မကြိုက်သောအစားအစာကိုရလျှင် သည်းခံအောင့်အည်းမှုမရှိ၊ စိတ်တိုလျက် ဆဲဆိုငေါက်ငန်းတတ်၏။

အမြင်စသည်အားဖြင့် မနှစ်သက်ဖွယ် ရူပါရုံ၊ သဒ္ဒါရုံ စသည်တို့ကို တွေ့မြင်ကြားသိရသောအခါ ပင်ပန်းသောသဘောရှိသကဲ့သို့ ကြာမြင့်စွာ မကြည့်ရှု၊ နားမထောင်၊ အနည်းငယ်သောအပြစ်ကို မြင်တွေ့ကြားသိရပါက အမျက်ထွက်လျက် ပင်ပန်းနေ၏။ ဟုတ်မှန်သော ဂုဏ်ကျေးဇူးကိုလည်း

http://www.dhammadownload.com

လက်မခံတတ်ပေ။ အရပ်တစ်မျိုးသို့ ဖဲသွားသောအခါ စွန့်လွှတ်လိုသော သဘောရှိလျက် ငဲ့ကွက်တွယ်တာမှုမရှိဘဲ ဖဲသွား၏။

စိတ်နေစိတ်ထားကိုကြည့်ပါက အမျက်ထွက်လွယ်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူတစ်ပါးဂုဏ်သိက္ခာကို ချေဖျက်လိုခြင်း၊ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်း၊ ပြောဆိုဆုံးမခက်ခဲခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း စသော အဓမ္မတရားဆိုးများ အဖြစ်များကြ၏။

မောဟစရိုက်။ မောဟစရိုက်ရှိသူသည် မယဉ်မကျေး မှိုင်းငေးပေါ့ပျက်ရွှပ်ယှက်ခတ်သော အသွားအလာ အနေအထိုင်ရှိ၏။ လုပ်ငန်းကိစ္စကို ပြုလုပ်ရာ၌ ရွှပ်ထွေးပွေလီမ်လျက် ပြုလုပ်၏။ လျော့ရဲလျော့ရဲပြုလုပ်၏။ ဝတ်စားဆင်ယင်ရာ၌ သေသပ်မှုမရှိ လျော့ရိလျော့ရဲဖြစ်ကတတ်ဆန်း ဝတ်လေ့ရှိ၏။ စားသောက်ရာ၌ ဘယ်ဟာကို နှစ်သက်သည်ဟု အမှတ်တရမရှိ။ အမြင်စသည်အားဖြင့် တစ်စုံတစ်ရာကို တွေ့မြင်ကြားသိရသောအခါ သူတစ်ပါးကို ယုံလွယ်၏။ မိမိကိုယ်တိုင် စူးစမ်းဆင်ခြင်၍ အဆိုး၊ အကောင်း အကြောင်းအကျိုးကို မဆုံးဖြတ်နိုင်သဖြင့် နေ့တကာ တိုင်း၌ သူတစ်ပါး၏နောက်လိုက်သာဖြစ်နေခြင်းကြောင့် သူများချီးမွမ်းသူကို မိမိကလည်း ရောပြီး ချီးမွမ်းလေ့ရှိ၏။ သူများကဲ့ရဲ့သူကိုလည်း မိမိလိုက်၍ကဲ့ရဲ့တတ်၏။

စိတ်နေစိတ်ထားကိုကြည့်ပါက သတိပညာကင်းလျက် ထိုင်းမှိုင်းဖျင်းအခြင်း ထိန, မိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ နောင်တတစ်ဖန် ပူပန်ခြင်း ကုက္ကုစ္စ၊ ရတနာသုံးပါးနှင့်တကွ အရာရာမှာ ယုံမှားသံသယဖြစ်ခြင်း ဝိစိကိစ္ဆာ၊ မှားယွင်းနေသော မိမိ၏အယူအဆကို စွဲစွဲမြဲမြဲ ယူထားပြီး ယင်းမှားယွင်းသော အယူကို စွန့်လွှတ်နိုင်ခဲခြင်းစသော အဓမ္မတရားများ ကြီးစိုးနေ၏။

သဒ္ဓါစရိုက်။ ရာဂစရိုက်ရှိသူ စသည်တို့၌ ဖြစ်လေ့ရှိသော အသွားအလာ အနေအထိုင်၊ အလုပ်အကိုင်၊ အစားအသောက်၊ အမြင်

http://www.dhammadownload.com

အကြားဟူသော ရှေ့လေးပါးသည် သဒ္ဓါစရိုက်ရှိသူ၌လည်း ဖြစ်လေ့ရှိ၏။ သို့သော် သဒ္ဓါတရားရှိသူ၌ ဓမ္မပိုင်းဆိုင်ရာ စိတ်နေစိတ်ထား၌ကား တူညီမှု မရှိပေ။ သဒ္ဓါစရိုက်ရှိသူသည် စိတ်ဓာတ်ကြည်လင်နေပြီး စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ရဟန်းသံဃာတော်များကို ဖူးမြင်လိုသောဆန္ဒရှိ၏။ သူတော် ကောင်းတရားကို နာကြားလို၏။ ကြည်ညိုသင့်သောပုဂ္ဂိုလ်များအပေါ်၌ ကြည်ညိုလေးစားလျက် ကုသိုလ်ကောင်းမှုကိုပြုလုပ်ကာ ဝမ်းမြောက်ပျော်ရွှင်စွာ နေထိုင်လေ့ရှိ၏။

ဗုဒ္ဓိစရိုက်။ ဗုဒ္ဓိစရိုက် (ပညာစရိုက်) ရှိသူ၌လည်း အသွားအလာ၊ အနေအထိုင်၊ အလုပ်အကိုင် စသော ရှေ့လေးပါးသည် ဒေါသစရိုက်ရှိသူနှင့် တူ၏။ စိတ်နေစိတ်ထား စသော ဓမ္မရေးရာ၌ကား တူညီမှုမရှိပေ။ ဗုဒ္ဓိစရိုက်ရှိသူသည် စိတ်ရှည်၏။ စိတ်ထားနူးညံ့ပြီး ပြောဆိုဆုံးမလွယ်၏။ မိတ်ဆွေကောင်းအဖြစ် ပေါင်းသင်းဆက်ဆံရေးကောင်း၏။ မိမိနှင့် သင့်မသင့် စဉ်းစားချိန်ဆပြီးမှ အစားအစာများကို စားသောက်လေ့ရှိ၏။ ဆင်ခြင်ဉာဏ် ရှိပြီး အရာရာ၌ သတိထားနေထိုင်တတ်၏။ တက်ကြွနိုးကြားမှုရှိ၏။ ထိတ်လန့်သင့်သောနေရာ၌ ထိတ်လန့်လျက် မှန်မှန်ကန်ကန် ကြိုးစားအားထုတ်မှုရှိ၏။

ဝိတက်စရိုက်။ ဝိတက်စရိုက်ရှိသူသည် မောဟစရိုက်ရှိသူနှင့် ထူးမခြားနားပင်ဖြစ်၏။ အကြံများ စကားများလျက် အလုပ်ကို အကောင်အထည်မဖော်နိုင်ဘဲ အကြံသမား၊ အပြောသမားသက်သာသာဖြစ်နေတတ်၏။ ဘဝကို ကြိုးပမ်းတိုးတက်စေတတ်သော ကုသိုလ်လုပ်ငန်း၌ ပျင်းရိနေတတ်၏။ မိမိလို အကြံသမား အပြောသမား လူညံ့များနှင့် မိတ်ဖွဲ့ကာ ထွေရာလေးပါး ကြံစည်ပြောဆိုလျက် အချိန်းဖြုန်းနေသော လူပိုလူအားသာ ဖြစ်နေ၏။

မှတ်ချက်။ အထက်ကပြခဲ့သော အနေအထိုင် အပြောအဆို စသည်ကို ကြည့်လျက် အကဲခတ်တတ်ပါက ''မည်သည့်စရိုက်ရှိသူ'' ဟု သိနိုင်၏။ သို့သော် လူတစ်ဦးမှာ စရိုက်တစ်မျိုးသာမဟုတ်ဘဲ နှစ်မျိုးသုံးမျိုး

http://www.dhammadownload.com

စသည် ရောနှောလျက် ရှိနိုင်သောကြောင့် အတွေ့အကြုံ ဗဟုသုတများပြီး အသိအလိမ္မာရှိနေသူဖြစ်ပါက အရာရာ၌ မိမိ၏ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစား ချိန်ဆလျက် သတိထားနေထိုင်တတ်ကြ၏။ ထိုသူမှာ ပင်ကိုစရိုက် မထင် ရှားနိုင်ပေ။ ထို့ကြောင့် အထက်ကဖော်ပြခဲ့သော အကဲခတ်နည်းများကို တထစ်ချ အမှန်ဟု မယူဆစေလိုပါ။ စရိုက်အကဲခတ်နည်းသည် ပါဠိတော် ၌မလာ၊ ဆရာစဉ်ဆက် ပြောရိုးဆိုစဉ်ရှိ၍သာ ဖော်ပြရခြင်းဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အရှင်ဗုဒ္ဓဃောသကိုယ်တိုင် မှကြားထားသည်ကို တွေ့ရ၏။ စေတောပရိယာဉာဏ်ရမှသာ စရိုက်အမှန်ကို သိနိုင်မည်ဖြစ်၏။

ဘာဝနာ ၃ ပါး

ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာဟု ဘာဝနာ သုံးပါးပြား၏။

ပရိကမ္မဘာဝနာ။ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုလျက် နှုတ်ဖြင့်ရွတ်ဆို၍ ဖြစ်စေ၊ စိတ်ဖြင့်မှန်း၍ဖြစ်စေ၊ ရှေဦးစွာ စီးဖြန်းပွားများ မှုကို ပရိကမ္မဘာဝနာခေါ်၏။ ဤပရိကမ္မဘာဝနာသည် အပ္ပနာဘာဝနာ၏ အစအလုပ်ဖြစ်၍ ရှေဦးအစဖြစ်သော ဘာဝနာဖြစ်၏။

ဥပစာရဘာဝနာ။ အိမ်၏အနီးအပါးဖြစ်သော ရှေ့မျက်နှာစာအရပ်ကို အိမ် ဥပစာခေါ်သကဲ့သို့ အပ္ပနာ၏အနီးအပါး၌ဖြစ်သော ရှေ့က ဘာဝနာကို ''ဥပစာရဘာဝနာ'' ခေါ်၏။

အပ္ပနာဘာဝနာ။ ဥပစာရဘာဝနာထက် လွန်ကဲ၍ စွဲမြဲစွာ အာရုံ၌ သက်ဝင် တည်နေသောစျာန်ကို ''အပ္ပနာဘာဝနာ'' ခေါ်၏။

နိမိတ် ၃ ပါး

နိမိတ္တသဒ္ဒါသည် ''အကြောင်း'' ဟူသောအနက်ကို ဟော၏။ ထို့ကြောင့် ဘာဝနာ၏အကြောင်းဖြစ်သော အာရုံကို နိမိတ္တခေါ်၏။ ထိုနိမိတ် သည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟု သုံးမျိုးပြား၏။

http://www.dhammadownload.com

ပရိကမ္မနိမိတ်။ ပရိကမ္မဘာဝနာ၏ အာရုံသည် ပရိကမ္မနိမိတ်မည်၏။ ကမ္မဋ္ဌာန်းစတင်အားထုတ် စီးဖြန်းသောအခါ အာရုံပြုအပ်သော ပထဝီကသိုဏ်းစသော အာရုံများကို ပရိကမ္မနိမိတ်ခေါ်၏။

ဥဂ္ဂဟနိမိတ်။ ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်၍ စိတ်ထဲ၌ စွဲမြဲလာသောအခါ မျက်စိဖြင့် မြင်နေရသကဲ့သို့ စိတ်ဖြင့်မှန်းဆယူအပ်သော မြေကသိုဏ်းဝန်းစသောအာရုံသည်ဥဂ္ဂဟနိမိတ်မည်၏။

ပဋိဘာဂနိမိတ်။ ပဋိဘာဂသဒ္ဒါသည် ''အတူ'' ဟူသောအနက်ကို ဟောတ်၏။ ထို့ကြောင့် မူလစီစဉ်၍ စီးဖြန်း ပွားများအပ်သော မြေကသိုဏ်းဝန်းစသည်နှင့် အလားတူစွာ စိတ်ထဲ၌ ထင်ရှားဖြစ်ပေါ်လာသော အာရုံသည် ပဋိဘာဂနိမိတ်မည်၏။

သပ္ပါယဘေဒ

မည်သည့်စရိုက်ရှိသူအား မည်သည့်ကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်သည်ဟု ခွဲခြားပြဆိုရာအခန်းကို ''သပ္ပါယာဘေဒ'' ခေါ်၏။ လူတစ်ဦး၌ စရိုက်နှစ်မျိုးသုံးမျိုး ရောနှောရှိနေတတ်သော်လည်း ထင်ရှားသော မူလစရိုက်တစ်မျိုးကို စိစစ်ရွေးချယ်၍ ယင်းမူလစရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကိုသာ ပေးရမည်ဖြစ်၏။

ဆေးဆရာသည် အနာနှင့်ဆေးကို သင့်လျော်အောင် ပေးနိုင်ပါမှ လူနာမှာ ရောဂါပျောက်မည်ဖြစ်၏။ လူသားများမှာလည်း ရှည်လျားသော ဘဝသံသရာကပင် ခန္ဓာကိုယ်၌ စွဲကပ်နေသော လောဘ၊ ဒေါသ၊ မောဟစသော အနာဆိုးများ ပျောက်ကင်းရေးအတွက် ကမ္မဋ္ဌာန်းပြ ဆရာတော်များက လူသား၏မူလစရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးနိုင်ဖို့လို၏။ ရာဂ၊ ဒေါသ၊ မောဟ၊ ဝိတက်စရိုက်များသည် မကောင်းသော စရိုက်ဆိုးများ ဖြစ်၏။ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်များသည် စရိုက်ကောင်းများဖြစ်၏။ စရိုက်ဆိုးရှိသူများသည် ယင်းစရိုက်ဆိုးများပပျောက်အောင် စရိုက်၏

http://www.dhammadownload.com

ဆန့်ကျင်ဘက် ကမ္မဋ္ဌာန်းကို ကြိုးစားပွားများရမည်။ စရိုက်ကောင်းရှိသူများ ယင်းစရိုက်ကောင်းများ တိုးတက်လာအောင် စရိုက်အားလျော်သော စရိုက်၏အကြိုက် ကမ္မဋ္ဌာန်းကို အားထုတ်ရမည်ဖြစ်၏။

ရာဂစရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

၁။ အသုဘကမ္မဋ္ဌာန်း ၁၀ ပါး
၂။ ကာယဂတာသတိခေါ်သော ကောဋ္ဌာသဘာဝနာ ၁ ပါး
ပေါင်း ၁၁ ပါး

ဆောင်။ အသု, ကာယ၊ ဆယ့်တစ်ဝ၊ ရာဂလျော်လှစွာ။

ရာဂစရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

၁။ အပ္ပမညာ ၄ ပါး
၂။ နီလ, ပီတ, လောဟိတ, ဩဒါတ ဟူသောကသိုဏ်း ၄ ပါး
ပေါင်း ၈ ပါး

ဆောင်။ အဆင်းမည၊ ၈ ဌာန၊ ဒေါသလျော်လှစွာ။

မောဟစရိုက်၊ ဝိတက်စရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

အာနာပါနကမ္မဋ္ဌာန်း။

ဆောင်။ အာနာပါန၊ အလျော်ကျ။ မောဝိတက်သာ။

သဒ္ဓါစရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

၁။ ဗုဒ္ဓါနုဿတိ ၄။ သီလာနုဿတိ
၂။ ဓမ္မာနုဿတိ ၅။ စာဂါနုဿတိ
၃။ သံဃာနုဿတိ ၆။ ဒေဝတာနုဿတိ

ဆောင်။ နုဿတိဆ၊ သဒ္ဓါကျ။ သေသအားလုံးသာ။

http://www.dhammadownload.com

ပုဒ္ဓိ (ပညာ) စရိုက်ရှိသူအား သင့်လျော်သောကမ္မဋ္ဌာန်း

၁။	မရဏာနုဿတိ	၁	ပါး
၂။	ဥပသမာနုဿတိ	၁	ပါး
၃။	အာဟာရေပဋိကူလသညာ	၁	ပါး
၄။	စတုဓာတုဝဝတ္ထာန်	၁	ပါး
	ပေါင်း	၄	ပါး

ဆောင်။ မရဏာနှင့် ဥပသမာ၊ သညာတစ်တန်၊ ဝဝတ္ထာန်၊ လေးတန်ပုဒ္ဓိသာ။

အားလုံးနှင့်သင့်လျော်သောကမ္မဋ္ဌာန်း

၁။	ပထဝီ ကသိုဏ်း	၁	ပါး
၂။	အာပေါ ကသိုဏ်း	၁	ပါး
၃။	တေဇော ကသိုဏ်း	၁	ပါး
၄။	ဝါယော ကသိုဏ်း	၁	ပါး
၅။	အာကာသ ကသိုဏ်း	၁	ပါး
၆။	အာလောက ကသိုဏ်း	၁	ပါး
၇။	အာရုပ္ပ	၄	ပါး
	ပေါင်း	၁၀	ပါး

မောဟစရရိုက်နှင့် ဝိတက်စရိုက်များအတွက် ကသိုဏ်းဝန်း

မောဟစရိုက်ရှိသူမှာ = ကောက်စပါးနယ်ရာတလင်းဝန်းခန့် ကျယ်ပြန့်သော ကသိုဏ်းသည်သာ သင့်လျော်၏။

ဝိတက်စရိုက်ရှိသူမှာ= တစ်ပေခန့်မျှ ပမာဏရှိသော ကျဉ်းသောကသိုဏ်း သည်သာ သင့်လျော်၏။

ဆောင်။ ကသိုဏ်းကြီးမူ၊ မောဟယူ၊ ငယ်မူဝိတက်သာ။

http://www.dhammadownload.com

၁။ ကမ္မဋ္ဌာန်းပြဆရာ၌ ရှိရမည့်ဂုဏ်အင်္ဂါ (၎) ပါး

(၁) တပည့်ရဟန်းရှင်လူများ ချစ်ခင်မြတ်နိုးအပ်သော ပိယဂုဏ်။

(၂) ကိုယ်ကျင့်တရား သီလ, သမာဓိ, ပညာဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် တပည့်ရဟန်းရှင်လူအများ ရိုသေလေးစားအပ်သော ဂရုဂုဏ်။

(၃) အချိန်အခါ နေရာဌာနကိုချိန်ဆ၍ ပြောဆိုဆုံးမသင့်သောအခါ၌ ချိုသာသော စကားဖြင့် တရားအားလျော်စွာ တပည့် ရဟန်းရှင်လူတို့အား ပြောဆိုဆုံးမလေ့ရှိသဖြင့် တပည့် ရဟန်းရှင်လူတို့၏ စိတ်ထဲ၌ မေတ္တာသက်ရောက်သဖြင့် ကြည်ညိုလေးစားမှု တိုးပွားအပ်သော ဘာဝနီယဂုဏ်။

(၄) တပည့် ရဟန်းရှင်လူတို့အား ပြောဆိုဆုံးမသင့်သောအခါ၌ ဆင်းရဲချမ်းသာ မျက်နှာကြီးငယ်မထောက်ဘဲ တိကျပြတ်သားစွာ ပြောဆိုဆုံးမရဲသော ဝတ္တာဂုဏ်။

(၅) တပည့် ရဟန်းရှင်လူများက အကျိုးလိုလား၍ အပြုသဘောဖြင့် လျှောက်ထားသင့်သည်ကို အကြံပေးလျှောက်ထားသည့်အခါ သည်းခံလိုနာတတ်သော ဝစနက္ခမဂုဏ်။

(၆) တပည့် ရဟန်းရှင်လူတို့အား သိမ်မွေ့နက်နဲသော တရားစကားကို ဟောပြောတတ်သော ဂမ္ဘီရဉ္စကထံ ကတ္တာဂုဏ်။

(၇) တပည့် ရဟန်းရှင်လူတို့အား မသင့်လျော်သောအရာ၌ မစေခိုင်းမတိုက်တွန်းတတ်သော နောစဋ္ဌာနေ နိယောဇကဂုဏ်။

တရားပြဆရာသည် တပည့် ရဟန်းရှင်လူများ ချစ်ခင်အောင် အစားအသောက်ပေးလျက် လူပေါင်း မပေါင်းရပေ၊ သီလကို လုံအောင် ထိန်းလျက် တပည့် ရဟန်းရှင်လူများအပေါ်၌ မေတ္တာစိတ်၊ ကရုဏာစိတ် ဖြင့် ပြောဆိုဆက်ဆံပါက တပည့်များက ချစ်ခင်ကြမည်သာဖြစ်၏။ တပည့်

http://www.dhammadownload.com

များ ချစ်ခင်အောင်နေဖို့လွယ်သော်လည်း ရှိသေလေးစားအောင်နေဖို့က ပို၍ခက်ခဲလှ၏။ ငါ့ကို ရှိသေပါ၊ ငါ့စကားကိုနားထောင်ပါ ပြောရုံဖြင့် ရှိသေလေးစားမည်မဟုတ်ပေ။ မိမိစိတ်နှင့် တပည့်ရဟန်း ရှင်လူများ၏ စိတ်များ အချင်းချင်းဆုံမိကြသောအခါ တပည့် ရဟန်းရှင်လူတို့၏စိတ်က မိမိစိတ်ကို ရှိသေလေးစားလာအောင် မိမိစိတ်မှာ စိတ်၏အင်အားတရားများ တိုးတက်ဖွံ့ဖြိုးနေအောင် ကြိုတင်လေ့ကျင့်ထားရမည် ဖြစ်၏။ ကြိုတင်လေ့ကျင့်မထားခြင်းကြောင့် မိမိစိတ်က တပည့်များ၏စိတ်အောက် အင်အားနည်းနေပါက မိမိကို တပည့်ရဟန်းရှင်လူများက မည်သည့်နည်းနှင့်မျှ ရှိသေလေးစားကြမည်မဟုတ်၊ မိမိ၏စိတ်အစဉ်၌ သီလ, သမာဓိ, ပညာတို့ကို တပည့်များထက် တိုးတက်ရင့်ကျက်နေအောင် ကျင့်သုံးထားပါမှ ရှိသေလေးစားကြမည်ဖြစ်၏။

တပည့် ရဟန်းရှင်လူများအပေါ် ပြောစရာကြုံလာသောအခါ မျက်နှာကြီးငယ်မထောက်ဘဲ တရားတော်ဘောင်အတွင်းမှနေ၍ ချိုသာစွာ ပြောဆိုဆုံးမတတ်ဖို့လို၏။ အချို့ ဒကာ ဒကာမများ စုမိသောအခါ ''အချို့ တရားပြပုဂ္ဂိုလ်များ ပရိသတ် လျော့နည်းသွားမှာကို စိုးရိမ်သဖြင့် ပြောသင့်တာကို တွေ့ပါလျက် မပြောကြတော့ဘူး'' ဟု အားငယ်စိတ်ပျက်သံဖြင့် ပြောဆိုကြသည်ကို ကြားသိနေရ၏။

တရားပြဆရာသည် ပစ္စည်းလာဘ်ကို မမျှော်လင့်ရ၊ ပုဂ္ဂိုလ် အနည်းအများ၊ အယုတ်အမြတ်ကို အလေးမထားရ၊ သူတော်ကောင်းတရား တည်တံ့ပြန့်ပွားရေးကိုသာ အလေးထားရ၏။ ပရိသတ်နည်းသွားမှာကိုစိုးသဖြင့် ပြောသင့်သည်ကို မပြောဘဲ မသိဟန် မကြားဟန် ဆောင်နေပါက ယင်းတရားပြဆရာသည် တရားကိုအကြောင်းပြု၍ လောကမှာ ကြီးပွားအောင် ပစ္စည်းပေါများအောင် ဆောင်ရွက်နေသူသာဖြစ်၍ အားကိုးထိုက်သောဆရာမဟုတ်ပေ။

http://www.dhammadownload.com

တရားပြဆရာသည် မိမိထံမှာ တရားအားထုတ်သူ၏စိတ်ထဲ၌ မူလက စွဲလမ်းနေသော လူမှုရေးအသိမှား အမြင်မှားများ ပပျောက်ပြီး သိမ်မွေ့နက်နဲသော တရားတော်များကို ထင်လာမြင်လာအောင် ဟောပြောသင်ပြပေးနိုင်ရမည်။ လောကအသိထက် ဓမ္မအသိကို ပို၍တန်ဖိုးထားတတ်အောင် ဟောပြောသင်ပြနိုင်စွမ်းရှိရမည်ဖြစ်၏။ မူလက အာရုံငါးပါးနှင့် အချိန်ကုန်နေသော လူသားများကို အာရုံငါးပါးကို စွန့်လွှတ်လိုသောစိတ်ဆန္ဒများ ပေါ်ပေါက်လာအောင် နေထိုင်ပြဖို့လို၏။

ကမ္မဋ္ဌာန်းအားထုတ်မှုအလုပ်သည် လူ့ဘဝအတွက် အကောင်းဆုံး တန်ဖိုးအရှိဆုံး အလုပ်ဖြစ်၏။ အကောင်းဆုံးကမ္မဋ္ဌာန်းအားထုတ်မှုအလုပ်ကို လုပ်ရာ၌ ဆရာကောင်း၊ အမှီကောင်းနှင့် တွေ့ရဖို့အရေးကြီး၏။ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉ ပါးအားလျော်သော အကျင့်မှန်ကို သင်ပြသော ဆရာကောင်းနှင့်တွေ့ပါမှ မိမိကျင့်ကြံအားထုတ်မှု မှန်ကန်မည်ဖြစ်၏။ အကျင့်မှန်ပါမှ အကျင့်နှင့်လျော်သော လောကုတ္တရာချမ်းသာစစ်ကို ရရှိခံစားရမည်ဖြစ်၏။

ကမ္မဋ္ဌာန်းပြဆရာသည် ပဋ္ဌကတ်စာပေ ကျွမ်းကျင်ပြီး စိတ်ဓာတ်ယဉ်ကျေးကာ လောကရေးထက် ဓမ္မရေးကို အလေးထားသော ဆရာမျိုးဖြစ်ဖို့လို၏။ ကိုယ်တိုင်တရားသိရှိနေသူဖြစ်သင့်၏။ ကိုယ်တိုင် တရားမရသေးသော်လည်း တရားရအောင် ဆရာသမားကောင်းထံ၌ အမှန်တကယ် ကျွမ်းကျွမ်းကျင်ကျင် အားထုတ်ဖူး အားထုတ်ဆဲဖြစ်ရမည်။ ပဋ္ဌကစာပေ မကျွမ်းကျင်ဘဲ ကမ္မဋ္ဌာန်းတရား အဟောအပြောကောင်းသော ဆရာတော်ကြီးများ၏ ဟောကွက်ပြောကွက်ကို အရကျက်လျက် တရားပြနေသော ဆရာမျိုးဖြစ်ပါက တရားမဟုတ်သည်ကို တရားထင်နေပြီး ဘဝင်မြင့်နေတတ်၏။ အခြားကမ္မဋ္ဌာန်းပြဆရာတို့ကို ဆန့်ကျင်ဝေဖန်လျက် မိမိပရိသတ် တိုးပွားအောင် ဆောင်ရွက်နေတတ်၏။ ဆရာမှားလျှင် တရားမရရုံသာမက အပါယ်ဘုံသို့ပင် ကျရောက်နိုင်၏။

http://www.dhammadownload.com

တရားပြဆရာသည် အဆင့်အမြင့်ဆုံး တန်ဖိုးအရှိဆုံးအလုပ်ကို လုပ်နေသူဖြစ်၍ စိတ်ထားမြင့်မြတ်ဖို့လိုတ်။ **ဘုရားရှင်မရှိသောနောက်ပိုင်းမှာ ဘုရားရှင်နေရာတွင် ဘုရားရှင်ကိုယ်စား မိမိက ဝင်ရောက်တရားပြနေရသူအဖြစ် သတိရနေသင့်တ်။** ဘုရားရှင်နေရာမှာ ဝင်ရောက်လျက် တရားပြ နေသူက စာမတတ် ပေမတတ်ဘဲ အပြောမှား အလုပ်မှားနေပါက ဘုရားရှင်နှင့် ဘုရားရှင်သာသနာတော်ကို ထိခိုက်စေနိုင်တ်။ ဘုရားရှင်တ်တရားတော်သည် လူတ်ကိုယ်နှတ်စိတ်ကို ယဉ်ကျေးစေသည်ဟု လူအများ သိရှိနေကြရာ ကိုယ်နှတ်စိတ် မယဉ်ကျေးသော ကမ္မဋ္ဌာန်းတရားပြဆရာကို တွေ့မြင်ရသောအခါ ဘုရားရှင်တ်တရားတော်အပေါ်၌ ယုံကြည်မှုမရှိ ဖြစ်သွားနိုင်တ်။

တရားပွဲ၌အလှူမခံသင့်

တရားပြဆရာသည် သာမန်ရဟန်းတော်တစ်ပါးထက် ကိုယ်, နှုတ်, စိတ် ပို၍ယဉ်ကျေးနေဖို့လိုတ်။ ''**တရားဟော တရားပြဆရာသည် ပရိသတ်တိုးပွားရေးနှင့် ပစ္စည်းလာဘ်ရရှိရေးကို လုံးဝ မမျှော်လင့်ရပေ၊ အထူးအားဖြင့် တရားပွဲ၌ အလှူခံခြင်းကိစ္စကို လုံးဝ ရှောင်ကြဉ်သင့်တ်။ တရားတော်သည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်မရနိုင်လောက်အောင် တန်ဖိုးကြီးမားလှတ်။ တန်ဖိုးကြီးမားလှသော တရားတော်ကို ငွေနှင့် လဲလှယ်ခြင်းမပြုသင့်ပေ။**'' တရားပွဲ၌ အလှူခံခြင်းလုပ်ရပ်သည် တရားတော်ကို သေးသိမ်စေသော လုပ်ရပ်ဖြစ်တ်။ တရားတော်ကို တန်ဖိုးကျစေသော လုပ်ရပ်ဖြစ်တ်။

တရားဟော တရားပြဆရာများသည် တရားဟောရာ၌ အောက်ပါမြတ်ဗုဒ္ဓတ်၊ လမ်းညွှန်ချက်စကားတော်ကို လိုက်နာ၍ တရားဟောသင့်တ်၊ တရားပြသင့်တ်။

''**ရဟန်းတို့၊ ဤသူသည် ငါတ်တရားတော်ကို နာယူလျှင်**

http://www.dhammadownload.com

ကောင်းလေစွ၊ နာယူပြီးနောက် တရားတော်ကို ကြည်ညိုလျှင် ကောင်းလေစွ၊ ကြည်ညိုသူများ၏ အပြုအမူဖြစ်သော လှူဒါန်းမှု၊ ပူဇော်မှု စသည်ကို ငါ့ အပေါ်၌ပြုလုပ်လျှင် ကောင်းလေစွ'' ဟူသော စိတ်ထားမျိုးဖြင့် တရားဟော ပြောသောရဟန်း၏ ယင်းဟောပြောခြင်းသည် မသန့်ရှင်းသော ဟောပြော ခြင်းသာဖြစ်၏။

''မြတ်စွာဘုရား ဟောကြားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်အပ်သော တရား တော်ပါပေတည်း၊ အခါအလင့် အကျိုးပေးတတ်သော တရားတော်ပါပေ တည်း၊ လာလှည့် ရှုလှည့်စမ်းပါဟု ဆောင်ပြထိုက်သော တရားတော်ပါပေ တည်း၊ မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားသင့်သော တရားတော်ပါပေ တည်း၊ ပညာရှိများသာ ကိုယ်စီကိုယ်စီ သိမြင်နိုင်သော တရားတော်ပါပ တည်းဟု နှလုံးသွင်းလျက် ငါ၏တရားကို နာကြားကြပါမူ ကောင်းလေစွ၊ နာကြားပြီး၍လည်း တရားတော်ကို သိမြင်ကြပါမူ ကောင်းလေစွ၊ သိပြီး နောက် အရဟတ္တဖိုလ်အကျိုးငှါ ကျင့်ကြံပါမူ ကောင်းလေစွ'' ဟု ဤသို့ စိတ်ထားရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟော၏။ ဤသို့ တရားတော်၏ ကောင်းသောတရားအဖြစ်ကိုစွဲ၍ သူတစ်ပါးတို့အား တရားဟော၏။ သနားခြင်းကိုစွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သူတစ်ပါး တို့အား တရားဟော၏။ ရဟန်းတို့၊ ဤသို့သဘောရှိသော ရဟန်း၏ တရား ဟောခြင်းသည် သန့်ရှင်းစင်ကြယ်၏။''*

မြန်မာတို့သည် ဗုဒ္ဓသာသနာတော်၌ လွန်စွာယုံကြည်လေးစားခဲ့ ကြ၏။ မြန်မာတို့၏ ရိုးသားဖြူစင်သောစိတ်ဓာတ်အပေါ်မှာ အခွင့်ကောင်း ယူသူများ ပေါ်ပေါက်ခဲ့ကြ၏။ တရားပွဲ၌ အလှူခံရုံသာမက အချို့လူ တရား ပြဆရာများ တရားတော်၏အဓိပ္ပာယ်ကို လိုသလို အဓိပ္ပာယ်ဆွဲယူကာ မမှန်

* သံယုတ္တပါဠိ (ပထမတွဲ) ၄၀၂/၃

http://www.dhammadownload.com

မကန် ဟောပြောလျက် အမျိုးသမီးများဆီမှ ကာမဂုဏ်ကို အရယူခဲ့ကြ၏။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ပေါက်လာသောအခါ ယင်း မမှန်မကန် ဟောပြောချက်များကို အဓမ္မဝါဒအဖြစ် ကြေညာကာ ဖျက်ဆီး တော်မူခဲ့ရ၏။ **ဗုဒ္ဓဘာသာလူထုကြီးက ယင်းဘာသာရေးဖြစ်စဉ်ကို မေ့မနေသင့်ကြပေ။ တရားတော်ကို အရောင်ပြလျက် စီးပွားရှာသူများ၊ မယူသင့်သော အခွင့်အရေးကို ယူလိုသူများ မပေါ်ပေါက်ရအောင် ဗုဒ္ဓဘာသာလူထုကြီးမှာ မြတ်ဗုဒ္ဓတရားတော်၌ လိမ္မာကျွမ်းကျင်မှု ရှိဖို့လို၏။**

ပဓာနိယင်္ဂတရား ၅ ပါး

ဤကျမ်းစာသည် ကမ္မဋ္ဌာန်းအားထုတ်နည်းကို သင်ပြသော ကျမ်းစာမဟုတ်ပေ။ အခြေခံဗုဒ္ဓအဘိဓမ္မာကို သင်ပြသော ကျမ်းစာသာ ဖြစ်၏။ ထို့ကြောင့် ဤကျမ်းစာ၌ ကမ္မဋ္ဌာန်းကျမ်းကြီးသဖွယ် ကမ္မဋ္ဌာန်း ထိုင်မှုနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် မရေးလိုပေ။ မျက်မှောက်ခေတ်၌ ဒကာ ဒကာမများ ပဋိပတ္တိအလုပ်ကို စိတ်ဝင်စားကြသဖြင့် သိသင့်သော အကြောင်းအရာအချို့ကိုသာ ထည့်သွင်းရေးလို၏။

ကမ္မဋ္ဌာန်းအားထုတ်သူ၌ ရှိရမည့်အင်္ဂါ ၅ ပါးကို ပဓာနိယင်္ဂတရား ငါးပါးခေါ်၏။ လောကီကြီးပွားရေးအလုပ်ကို လုပ်သည်ဖြစ်စေ၊ လောကုတ္တရာ ကြီးပွားရေးအလုပ်ကို လုပ်သည်ဖြစ်စေ အလုပ်လုပ်သူမှာ မိမိလုပ်မည့် အလုပ်ကို ပြီးစီးထမြောက်အောင်လုပ်နိုင်သော အရည်အသွေးရှိဖို့နှင့် မှန်ကန် သော ရည်ရွယ်ချက်ရှိဖို့ လိုအပ်လှ၏။ လိုအပ်သော အရည်အသွေးမပြည့်မီ ပါက ကြီးပွားရေးအလုပ်ကို ပြီးစီးသည်အထိ မလုပ်နိုင်ပေ။ လုပ်ငန်းကို ပြီးစီးအောင်မလုပ်နိုင်လျှင် မိမိရယူလိုသော အောင်မြင်မှုကို မရနိုင်ပေ။

ကမ္မဋ္ဌာန်းအလုပ်သည် မှန်ကန်သောအလုပ်ဖြစ်သော်လည်း ရည်ရွယ် ချက် မမှန်လျှင်လည်း အောင်မြင်မှုကို မရနိုင်ပေ။ ရှင်ဒေဝဒတ် ရဟန်းပြု

http://www.dhammadownload.com

ရာဠ် ရဟန်းပြုမှုအလုပ်သည် ဘဝအတွက် အကောင်းဆုံးအလုပ်ဖြစ်သော်လည်း ရည်ရွယ်ချက်မမှန်သောကြောင့် ရဟန်းဘဝဖြင့် အပါယ်ဘုံသို့ ကျရောက်သွားခဲ့ရခြင်းဖြစ်၏။ အမှန်မှာ ရဟန်းဘဝသည် မြင့်မြတ်သော သူတော်စင်ဘဝဖြစ်၍ အပါယ်ဘုံသို့မကျရောက်သင့်ပေ။ ရှင်ဒေဝဒတ်သည် မြင့်မြတ်သောဘဝသို့ ရောက်နေသော်လည်း မိမိဘဝနှင့်ဆီလျော်အောင် မြင့်မြတ်သောစိတ်ကို မထားနိုင်ဘဲ ဓမ္မရေးထက် လောကရေးကို အလေးထားမှုကြောင့် အပါယ်ဘုံသို့ ကျရောက်သွားရခြင်းဖြစ်၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းအားထုတ်မှုအလုပ်ကို ပေါက်ပေါက်မြောက်မြောက် လုပ်လိုသူမှာ ရှိရမည့်အင်္ဂါရုပ်ငါးပါးကို သိထားဖို့လို၏။ တရားအားထုတ်သူသည် –

(၁) ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်ရမည်။

(၂) ကမ္မဋ္ဌာန်းတရား ပြီးစီးထမြောက်ရန် အားထုတ်နိုင်လောက်အောင် ကျန်းမာရေးကောင်းရမည်။

(၃) မိမိမှာမရှိသောဂုဏ်ကို ရှိဟန်ဆောင်၍ ကောက်ကျစ်စဉ်းလဲစွာ ပြောဆိုမှုနှင့် မိမိအပြစ်ကို ဖုံးကွယ်လို၍ လှည့်ပတ်ပြောဆိုမှုများ မရှိဘဲ မိမိဆရာ၊ ပညာရှိသော အတူနေ တရားကျင့်ဖက် ပုဂ္ဂိုလ်တို့အထဲမှာ မိမိကိုယ်ကို ဟုတ်မှန်သည့်အတိုင်း ထင်ရှားလာအောင် ပြုလုပ်ရမည်။

(၄) အကုသိုလ်တရားများကို စွန့်ပယ်ရန်နှင့် ကုသိုလ်တရားများ ပြည့်စုံလာစေရန် ခိုင်မြဲသော အားထုတ်မှု ဇွဲ လုံ့လ ရှိရမည်။

(၅) ကိလေသာ ဖောက်ခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်ပြီး ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို သိစွမ်းနိုင်သော အကြွင်းမဲ့ ဝဋ်ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော စင်ကြယ်သော ပညာရှိသူဖြစ်ရမည်။

အချို့ ရဟန်းတော်များသည် အမှန်တကယ် တရားကို လိုလား၍ မဟုတ်ဘဲ ဘယ်ရိပ်သာသည် အောင်မြင်နေသည်၊ ပြည်သူအများ လက်ခံ

http://www.dhammadownload.com

နေကြသဖြင့် တိုးတက်စည်ကားနေသည်၊ ယင်းရိပ်သာသို့သွား၍ တရားအားထုတ်ပါက ယင်းရိပ်သာ၏တရားကို လက်ခံနေသူများသည် ငါ့ပရိသတ်ဖြစ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရိပ်သာဝင်၍ တရားအားထုတ်လေ့ရှိကြသည်ကို တွေ့ရ၏။ လူတို့တွင်လည်း ဘယ်ရိပ်သာမှာ လူစည်ကားနေသည်၊ ယင်းရိပ်သာသို့ဝင်၍ တရားအားထုတ်လျှင် ငါ့မှာ အသိမိတ်ဆွေများ တိုးပွားလာမည်၊ အသိမိတ်ဆွေများ တိုးပွားလာလျှင် စီးပွားရေးလုပ်ငန်းမှစ၍ အရာရာမှာ တိုးတက်အောင်မြင်လာနိုင်သည်ဟု ယူဆလျက် ရိပ်သာသို့ဝင်၍ တရားအားထုတ်လေ့ရှိကြသည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်များသည် သူတော်ကောင်းဟန်ဆောင်၍ သူတော်ကောင်းအသိုင်းအဝိုင်းထဲသို့ ဝင်လာပြီး သူတော်ကောင်းအသိုင်းအဝိုင်းထဲမှာ လောကီအောင်မြင်ရေးကိစ္စကို လုပ်ဆောင်ရန် ဝင်လာသူများဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးကို သတိထားပေါင်းသင့်၏။

ရှင်ဒေဝဒတ်ကဲ့သို့ လောကရေးကို အလေးထားသူများ မိမိတို့သူတော်ကောင်းအသိုင်းအဝိုင်းထဲမှာ ရောနှောပါလာလျှင် သူတော်ကောင်းအသိုင်းအဝိုင်းထဲမှာ မဖြစ်သင့်သော ပြဿနာရပ်များဖြစ်ပေါ်လာတတ်၏။ ထိုသို့ မဖြစ်သင့်သောကိစ္စရပ်များ ဖြစ်ပေါ်လာသောအခါ သူတော်ကောင်းအသိုင်းအဝိုင်းတစ်ခုလုံး နာမည်ပျက်ပြီး ပြည်သူလူထုနှင့် ကင်းကွာသွားနိုင်၏။

သတိထားရမည့်အချက်များ

ငကော = တရားအားထုတ်သူသည် တရားရှုမှတ်ရာ၌ အဖော် မပါရ၊ တစ်ဦးတည်းသာ ဖြစ်ရ၏။

ဝူပကဋ္ဌော = လူသူတိတ်ဆိတ်နေသော နေရာဖြစ်ရ၏။

အပ္ပမတ္တော = လောကီကိစ္စများနှင့် မေ့မေ့လျော့လျော့ မနေဘဲ တရားအာရုံကို အဆက်မပြတ် ရှုမှတ်နေရ၏။

http://www.dhammadownload.com

အာတာပီ = မိမိစိတ်ထဲသို့ လောကီအာရုံများ ဝင်လာပြီး အပျင်း မထူဘဲ မိမိ၏စိတ်အစဉ်၌ ကိလေသာတရားများ ဝင် မလာရအောင် တရားအားထုတ်မှု၌ ဖွဲ့ လုံ့လကောင်းရ၏။

ပဟိတတ္တော = တရားအားထုတ်သူ၏စိတ်ကို နိဗ္ဗာန်သို့ ဦးတည်ထားရ ၏။ လောကရေးကို ဦးမတည်ရ။

ဘာဝနာဘေဒ

ကမ္မဋ္ဌာန်း (၄၀) ကို ဘာဝနာသုံးပါးဖြင့် ရသင့်သလို ခွဲခြားဝေဖန် ပြသော အခန်းကို ဘာဝနာဘေဒခေါ်၏။

၁။ ပရိကမ္မဘာဝနာကို ကမ္မဋ္ဌာန်း (၄၁) လုံး၌ ရနိုင်၏။ ယောဂီပုဂ္ဂိုလ် သည် ရှေ့ဦးစွာ ကမ္မဋ္ဌာန်းတစ်ခုခုကို အာရုံပြုလျက် ''ပထဝီ, ပထဝီ'' စသည်ဖြင့် နှုတ်ကရွတ်ဆို၍ဖြစ်စေ၊ စိတ်ဖြင့်မှန်း၍ဖြစ်စေ စီးဖြန်းပွားများရ၏။ ထိုသို့ ရှေ့ဦးစွာ စီးဖြန်းပွားများခြင်းကို ပရိကမ္မ ဘာသနာခေါ်၏။ ထို့ကြောင့် ကမ္မဋ္ဌာန်း (၄၀) လုံးမှာ ပရိကမ္မ ဘာဝနာကို ရနိုင်၏။

၂။ ဥပစာရဘာဝနာကို ကမ္မဋ္ဌာန်း (၄၀) လုံး၌ ရနိုင်၏။

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာ နုဿတိ ဟူသော အနုဿတိ ၈ ပါး၊ အာဟာရေ ပဋိကူပသညာ, စာတုဓာတုဝဝတ္ထာန်ဟူ၍ ဤကမ္မဋ္ဌာန်း ၁၀ ပါးတို့၌ ဥပစာရ ဘာဝနာကိုသာ ရနိုင်၏။ အပ္ပနာဘာဝနာကို မရနိုင်။ အိမ်အနီး အပါးကို အိမ်ဥပစာခေါ်သကဲ့သို့ အပ္ပနာဘာဝနာ၏အနီးအပါး ဖြစ်သော ဘာဝနာကို ဥပစာရဘာဝနာခေါ်၏။ ပရိကမ္မဘာဝနာ သည်ပင် တဖြည်းဖြည်း ရင့်သန်လာသောအခါ ဥပစာရဘာဝနာ အမည်ရ၏။

http://www.dhammadownload.com

၃။ ဥပစာရဘာဝနာထက် ဆိုင်ရာအာရုံ၌ လွန်ကဲစွဲမြဲစွာ သက်ဝင်တည်နေသော စျာန်, မဂ်, ဖိုလ်တရားကို အပ္ပနာဘာဝနာ ခေါ်၏။

၁။	ကသိုဏ်း	၁၀ ပါး
၂။	အသုဘ	၁၀ ပါး
၃။	ကာယဂတာသတိ	၁ ပါး
၄။	အာနာပါနဿတိ	၁ ပါး
၅။	အပ္ပမညာ	၄ ပါး
၆။	အာရုပ္ပ	၄ ပါး
	ပေါင်း	**၃၀ ပါး**

ဤကမ္မဋ္ဌာန်း ၃၀ ပါးကို ပွားများလျှင် ဥပစာရဘာဝနာကိုလည်း ရနိုင်၏။ အပ္ပနာဘာဝနာခေါ်သော စျာန်တရားကိုလည်း ရနိုင်၏။ ထို့ကြောင့် အပ္ပနာဘာဝနာကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းမရှိ။

မှတ်ချက်။ အပ္ပနာဘာဝနာကို ရစေနိုင်သော ကမ္မဋ္ဌာန်းကို ရေးပါဟု မေးလျှင် အထက်ပါ ကမ္မဋ္ဌာန်း (၃၀) ကို ဖြေပါ။

ရူပစျာန် ၅ ပါးလုံး၏ အာရုံကမ္မဋ္ဌာန်း

၁။	ကသိုဏ်း	၁၀ ပါး
၂။	အာနာပါနဿတိ	၁ ပါး
	ပေါင်း	**၁၁ ပါး**

ဤကမ္မဋ္ဌာန်း ၁၁ ပါးကို ပွားများအားထုတ်လျှင် ရူပစျာန် ၅ ပါးလုံးကို ရနိုင်၏။

http://www.dhammadownload.com

ပထဗျာန်သာ အာရုံဖြစ်သော ကမ္မဋ္ဌာန်း

၁။ အသုဘ ၁၀ ပါး

၂။ ကာယဂတာသတိ ၁ ပါး

ပေါင်း ၁၁ ပါး

ဤကမ္မဋ္ဌာန်း ၁၁ ပါးကို ပွားများအားထုတ်လျှင် ရူပါဝစရ ပထမဈာန်ကိုသာ ရနိုင်၏။

ပ၊ ဒု၊ တ စတုတ္ထဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း

မေတ္တာ၊ ကရုဏာ၊ မုဒိတာ ၃ ပါး။

ဤမေတ္တာ စသော ကမ္မဋ္ဌာန်းသုံးပါးကို ပွားများအားထုတ်လျှင် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် လေးမျိုးလုံးကို ရနိုင်၏။

ရူပါဝစရပဉ္စမဈာန်၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်း

ဥပေက္ခာ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းသည် ရူပါဝစရ ပဉ္စမဈာန်၏ အာရုံကမ္မဋ္ဌာန်းဖြစ်၏။ ဥပေက္ခာ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် ရူပါဝစရ ပဉ္စမဈာန်ကိုသာ ရနိုင်၏။

ရူပါဝစရဈာန်၏ အာရုံကမ္မဋ္ဌာန်း

၁။ ကသိုဏ်းပညတ် ၁၀ ပါး

၂။ အသုဘပညတ် ၁၀ ပါး

၃။ ကောဋ္ဌာသပညတ် ၁ ပါး

၄။ အာနာပါနပညတ် ၁ ပါး

၅။ ဗြဟ္မဝိဟာရ၏အာရုံဖြစ်သော သတ္တဝါပညတ် ၄ ပါး

ပေါင်း ၂၆ ပါး

၂.၁၃.၈

http://www.dhammadownload.com

ဤ ၂၆ ပါးသော ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် ရူပါဝစရ စျာန်ကို ရနိုင်၏။

ရူပ ပထမစျာန်စိတ် ၃ ပါး၏ အာရုံကမ္မဋ္ဌာန်း

၁။	ကသိုဏ်းပညတ်	၁၀ ပါး
၂။	အသုဘပညတ်	၁၀ ပါး
၃။	အာနာပါနပညတ်	၁ ပါး
၄။	ကောဋ္ဌာသပညတ်	၁ ပါး
၅။	မေတ္တာ, ကရုဏာ, မုဒိတာ	၃ ပါး
	ပေါင်း	**၂၅ ပါး**

ဤ ၂၅ ပါးသော ကမ္မဋ္ဌာန်းကို ပွားများလျှင် ပထမစျာန်ကို ရနိုင်၏။ ရူပါဝစရ ပထမစျာန်စိတ် ၃ ပါးသည် ဤ ၂၅ ပါးသော ပညတ်တရားကို အာရုံပြု၏။ ထို့ကြောင့် အာရမ္မဏသင်္ဂဟ၌ ''ပဉ္ဉတ္တိသုံးတန်'' ဟု ဆိုခဲ့၏။

ရူပ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်တို့၏ အာရုံကမ္မဋ္ဌာန်း

၁။	ကသိုဏ်းပညတ်	၁၀ ပါး
၂။	အာနာပါနပညတ်	၁ ပါး
၃။	မေတ္တာ, ကရုဏာ, မုဒိတာ	၃ ပါး
	ပေါင်း	**၁၄ ပါး**

ဤကမ္မဋ္ဌာန်း ၁၄ ပါးကို ပွားများလျှင် ရူပါဝစရ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို ရနိုင်၏။ ဤစျာန် ၉ ပါးသည် ဤ ၁၄ ပါးသော ပညတ်တရားကို အာရုံပြု၏။ ထို့ကြောင့် အာရမ္မဏသင်္ဂဟ၌ ''ဆယ့်လေး, ကိုးလီ'' ဟု ဆိုခဲ့၏။

http://www.dhammadownload.com

ရူပါဝစရပဉ္စမစျာန်၏ အာရုံကမ္မဋ္ဌာန်း

၁။ ကသိုဏ်းပညတ် ၁၀ ပါး
၂။ အာနာပါနပညတ် ၁ ပါး
၃။ ဥပေက္ခာဗြဟ္မဝိဟာရ ၁ ပါး
ပေါင်း ၁၂ ပါး

ရူပါဝစရပဉ္စမစျာန် ၃ ပါးသည် ဤ ၁၂ ပါးသော ပညတ်တရားကို အာရုံပြု၏။ ထို့ကြောင့် ''ဆယ့်နှစ်သုံးပင်'' ဟု ဆိုခဲ့၏။ ဤ ၁၂ ပါးသော ကမ္မဋ္ဌာန်းကို ပွားများလျှင် ရူပါဝစရပဉ္စမစျာန်ကို ရနိုင်၏။

အရူပစျာန်၏အာရုံကမ္မဋ္ဌာန်း

၁။ ကောင်းကင်ပညတ်
၂။ ပထမာရုပ္ပဝိညာဏ်
၃။ နတ္ထိဘောပညတ်
၄။ တတိယာရုပ္ပဝိညာဏ်

ဤကမ္မဋ္ဌာန်းလေးပါးကို ပွားများလျှင် အစဉ်အတိုင်း အရူပစျာန်လေးပါးကို ရနိုင်၏။

ပညတ်ကမ္မဋ္ဌာန်းများ

၁။ ကသိုဏ်းပညတ် ၁၀ ပါး
၂။ အသုဘပညတ် ၁၀ ပါး
၃။ အာနာပါနဓ်၏အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ် ၁ ပါး
၄။ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကောဋ္ဌာသပညတ် ၁ ပါး

http://www.dhammadownload.com

၅။	ဗြဟ္မဝိဟာရ ၄ ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်	၄ ပါး
၆။	ကောင်းကင်ပညတ်	၁ ပါး
၇။	နတ္ထိဘောပညတ်	၁ ပါး
	ပေါင်း	၂၈ ပါး

ပရမတ်ကမ္မဋ္ဌာန်း

၁။	ဗုဒ္ဓါနုဿတိစသော အနုဿတိ	၈ ပါး
၂။	အာဟာရေ ပဋိကူလသညာ	၁ ပါး
၃။	စတုဓာတုဝဝတ္ထာန်	၁ ပါး
၄။	ပထမာရုပ္ပဝိညာဏ်	၁ ပါး
၅။	တတိယာရုပ္ပဝိညာဏ်	၁ ပါး
	ပေါင်း	၁၂ ပါး

ဂေါစရဘေဒ

ကမ္မဋ္ဌာန်း ၄၀ တို့ကို အာရုံသုံးပါးဖြင့် ရသင့်သည်အားလျော်စွာ ခွဲခြားဝေဖန်ပြရာအခန်းကို ''ဂေါစရဘေဒ'' ခေါ်၏။

မှတ်ချက်။ ဤနေရာ၌ ''ဂေါစရသဒ္ဒါ၊ နိမိတ္တသဒ္ဒါ'' နှစ်ခုလုံးပင် အာရုံဟူသော အနက်ကိုဟော၏။

ပရိကမ္မနိမိတ်, ဥဂ္ဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း

၁။ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို သမထကမ္မဋ္ဌာန်း ၄၀ လုံးမှာပင် ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့်ရ၏။

ပရိကမ္မဘာဝနာ၏ အာရုံကို ''ပရိကမ္မနိမိတ်'' ခေါ်၏။ စိတ်ဖြင့်

http://www.dhammadownload.com

မှန်းဆ၍ ယူအပ်သောအာရုံကို ဥဂ္ဂဟနိမိတ်ခေါ်၏။ ဤဥဂ္ဂဟနိမိတ်ကိုလည်း ပရိကမ္မဘာဝနာကပင် အာရုံပြု၏။ သို့သော် ''ဥဂ္ဂဟနိမိတ်'' ဟူသော အမည်ထူးကို ရထားပြီးဖြစ်သောကြောင့် ပရိကမ္မနိမိတ် မခေါ်တော့ပေ။

ထိုထိုကမ္မဋ္ဌာန်းအားလျော်စွာ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်ထင်သည်ကို ရသင့်သည်အားလျော်စွာ ရသည်ဟုဆို၏။ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ပရိယာယ်အားဖြင့် ရသည်ဟုဆိုသော်လည်း ကမ္မဋ္ဌာန်း ၄၀ လုံးမှာပင် ပရိယာယ်အားဖြင့် ရသည်မဟုတ်၊ ဗုဒ္ဓါနုဿတိ စသော ၁၈ ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပရိယာယ်အားဖြင့် ရနိုင်၏။

ပဋိဘာဂနိမိတ်ရကောင်းသော ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါဿတိ ဟူသော ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် နှစ်ပါးကို အထင်အရှား ကွဲကွဲပြားပြားပင် မုချအားဖြင့် ရနိုင်၏။

မှတ်ချက်။ အချို့ ဗုဒ္ဓါနုဿတိ စသော ၁၈ ပါးသော ကမ္မဋ္ဌာန်းအာရုံသည် မထင်ရှားသောကြောင့် ထိုကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်တို့ကို ပရိယာယ်အားဖြင့် ရ၏။ မှန်လှ၏။ ဗုဒ္ဓါနုဿတိ စသော အာရုံတို့၌ မူလစီးဖြန်းစကပင် ဘုရားဂုဏ်တော် စသည်တို့ကို စိတ်ဖြင့် မှန်းဆ၍ စီးဖြန်းရ၏။ ဘယ်အခိုက်၌ ပရိကမ္မနိမိတ်၊ ဘယ်အခိုက်၌ ဥဂ္ဂဟနိမိတ်ဟု အထင်အရှား ခွဲခြား၍ မရနိုင်။ ဂုဏ်တော်များ မထင်ရှားသော အခါ၌ ပရိကမ္မနိမိတ်၊ ဂုဏ်တော်များ အတော်ထင်ရှားလာသောအခါ ဥဂ္ဂဟနိမိတ်ဟု မှန်းဆ၍ ပရိယာယ်အားဖြင့် ခွဲခြား၍ ရနိုင်၏။

http://www.dhammadownload.com

ပဋ္ဌာဘာဂနိမိတ်ရနိုင်သောကမ္မဋ္ဌာန်း

၂။ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်တို့၌သာ ပဋ္ဌာဘာဂနိမိတ်ကို ရနိုင်၏။

ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ၁၈ ပါးတို့၌မူကား ပဋ္ဌာဘာဂနိမိတ်ကို မရနိုင်။ အဘယ့်ကြောင့်ဆိုသော် ပဋ္ဌာဘာဂနိမိတ်ဟူသည် စီးဖြန်းခါစ မူလအာရုံနှင့်တူသော အာရုံတစ်မျိုးပင်ဖြစ်၏။ စီးဖြန်းခါစ မူလအာရုံမဟုတ်ပေ။ ဘုရားဂုဏ်တော် စသည်တို့ကား စီးဖြန်းခါစနှင့် ဘာဝနာစီးဖြန်း၍ အသားကျရာနောက်အခါ၌ တစ်မျိုးတစ်ဖုံကွဲပြား၍ ထင်ရှားလာရိုးမရှိသောကြောင့်တည်း။

မှတ်ချက်။ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကောဋ္ဌာသပညတ်၊ အာနာပါနတို့၌ ပဋ္ဌာဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိများဖြစ်ကြ၏။ ထို့ကြောင့် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာက အာရုံပြု၏။ ပဋ္ဌာဘာဂနိမိတ်ကို ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့က အာရုံပြု၏။

ပဋ္ဌာဘာဂနိမိတ် မရကောင်းသော ကမ္မဋ္ဌာန်းတို့၌ကား ထိုက်သည်အားလျော်စွာ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့က ဥဂ္ဂဟနိမိတ်ကိုသာ အာရုံပြု၏။

အကျဉ်းအားဖြင့် မှတ်သားရန်

၁။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ကို ကမ္မဋ္ဌာန်း ၄၀ တို့၌ ထိုက်သည်အားလျော်စွာ ပရိယာယ်အားဖြင့် ရနိုင်၏။

၂။ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော

http://www.dhammadownload.com

ထွက်သက်ဝင်သက်ပညတ်၊ ဤ ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပဋိဘာဂနိမိတ်ကို ရနိုင်၏။

အမှာ။ နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပြပါဟု မေးလျှင် အထက်ပါအတိုင်း လိုရင်းအကျဉ်းချုပ်ကိုသာ ဖြေပါ။

ပထဝီကသိုဏ်းကို စီးဖြန်းရန်

ကမ္မဋ္ဌာန်းထိုင်ရန် သင့်လျော်သောကျောင်း

ကမ္မဋ္ဌာန်းထိုင်ရန် ကျောင်းသည် အောက်ပါအင်္ဂါ ၅ ပါးနှင့် ပြည့်စုံရမည်။

၁။ ဆွမ်းခံရွာ မဝေးလွန်း မနီးလွန်းသော နေရာကျောင်းဖြစ်ခြင်း၊

၂။ လူသူတိတ်ဆိတ်သော ကျောင်းဖြစ်ခြင်း၊

၃။ မှက်၊ ခြင် စသည် နည်းပါးသော ကျောင်းဖြစ်ခြင်း၊

၄။ ပစ္စည်းလေးပါး ရလွယ်သော ကျောင်းဖြစ်ခြင်း၊

၅။ ပိဋကတ်ကျမ်းစာ ကျွမ်းကျင်သော မိတ်ဆွေကောင်းနှင့် နီးကပ်သော ကျောင်းဖြစ်ခြင်း။

ပလိဗောဓငယ်များကို ဖြတ်တောက်ခြင်း

ယောဂီပုဂ္ဂိုလ်သည် ထို့နောက် အောက်ပါပလိဗောဓငယ်များကို ဖြတ်တောက်ထားရမည်။

၁။ ဆံပင်ကို ရိတ်ရခြင်း၊

၂။ မုတ်ဆိတ် စသည်ကို ရိတ်ဖြတ်ခြင်း၊

၃။ ခြေသည်း၊ လက်သည်းတို့ကို ဖြတ်ညှပ်ခြင်း၊

၄။ သင်္ကန်းဖွတ်လျှော် ဖာခြင်း၊ ချုပ်ဆိုးခြင်း၊

http://www.dhammadownload.com

၅။ သံချေးတက်နေသော သပိတ်ကိုဖုတ်ခြင်း၊

၆။ ညောင်စောင်း စသည်ကို သုတ်သင်ရှင်းလင်းခြင်း။

ထိုသို့ ပလိဗောဓငယ်များကို ဖြတ်ပြီးနောက် ရှေးဘဝက ပထဝီကသိုဏ်းကို စီးဖြန်း၍ စျာန်ရဖူးသူဖြစ်ပါက ကသိုဏ်းဝန်းကို တမင်စီမံရန် မလိုပေ။ မူလရှိနေသော ကောက်နယ်တလင်းမြေ လယ်ထွန်ရာအရပ်မြေကို မြင်ရရုံဖြင့် ''ပထဝီ၊ ပထဝီ (မြေမြေ) ဟု စီးဖြန်းပွားများလျှင် ပဋိဘာဂ နိမိတ် ထင်လာနိုင်၏။

မြေကသိုဏ်းဝန်းပြုလုပ်ခြင်း

ထိုသို့ မလေ့လာဖူးသော ယောဂီပုဂ္ဂိုလ်သည် ဩဒါတ, လောဟိတ, နီလ, ပီတ ဟူသော အခြားကသိုဏ်းများနှင့် မရောနှောစေရန် အဖြူ, အနီ, အညို, အရွှေဟူသော လေးမျိုးသော အဆင်းများနှင့် ရောယှက်ခြင်း မရှိရအောင် မြေကသိုဏ်းဝန်းကို ပြုလုပ်စီမံရမည်။

နေအရုဏ်ရောင် အဆင်းရှိသော မဝင်းလွန်း၊ မဝါလွန်းသော နုနုမြေကို ရွာဖွေ၍ သဲ အမှိုက်မပါရအောင် ထိုမြေကို ညက်စွာကြိတ်ပြီး ဆင့်ရမည်၊ ထိုမြေမှုန့်ကို ရေနှင့်ဖျော်ပြီးလျှင် ပျဉ်ချပ်ပေါ်မှာဖြစ်စေ၊ သားရေပိုင်း အဝတ် စသည်တို့အပေါ်မှာဖြစ်စေ တစ်ထွာနှင့် လက်လေးသစ်ခန့် ကျယ်ပြန့်ဝိုင်းစက်စွာ သုတ်လိမ်းပြီး၍ ထက်ဝန်းကျင် ပတ်ပတ်လည် အနားကို မဲနယ်ရောင် ဆေးသားဖြင့် အနားကွပ် ပေါ်လွင်အောင် သုတ်လိမ်းရမည်။ စည်မျက်နှာပြင်ကဲ့သို့ ချောမွေ့ညက်ညောအောင် ပြုလုပ်ရမည်။ ကသိုဏ်းဝန်းပြုလုပ်ရာတွင် ရွှေ့ပြောင်း၍ရသော ကသိုဏ်းဝန်း၊ မရွှေ့ပြောင်းဘဲ တစ်နေရာတည်း၌ အမြဲထားသော ကသိုဏ်းဝန်းပုံနှစ်မျိုးအနက် နှစ်သက်ရာကို ပြုလုပ်နိုင်၏။ ရွှေ့ပြောင်းရသော ကသိုဏ်းဝန်းပုံကို တုတ်တံလေးချောင်းတို့၌ အဝတ်စ၊ သားရေပြား၊ ပျဉ်ချပ်တစ်ခုခုကို ချည်နှောင်၍ အထက်က ဖော်ပြခဲ့သည့်အတိုင်း ပြုလုပ်ရမည်။

http://www.dhammadownload.com

ရွှေ့ပြောင်းမရသော ကသိုဏ်းဝန်းပုံကိုမူ ပဒုမ္မာကြာပွင့်ချပ်သဏ္ဌာန် ဖြင့် ငုတ်များစိုက်၍ ကြိုးများဖြင့် ခိုင်မြဲစွာ ချည်နှောင်ထားရမည်။ ကသိုဏ်းဝန်း အကြီးစားပြုလုပ်လိုပါက **ကောက်နယ်တလင်းဝန်းခန့်** ပမာဏလောက် ပြုလုပ်ရမည်။ ကသိုဏ်းဝန်းထားမည့်နေရာကို တံမြက်လှည်း၍ အညစ် အကြေးမစွန့်ရ၊ မပွန်းပဲ့ရအောင် ကောင်းမွန်ရှိသေစွာထားရမည်။ ဘုရား ဓာတ်တော်ကဲ့သို့ ရှိသေစွာ ထားရမည်။

ကသိုဏ်းဝန်းကို ရှုရန်နေရာယူခြင်း

ကသိုဏ်းဝန်းကိုရှုမည့် ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းဝန်းပုံ တည်ရှိ နေရာနှင့် နှစ်တောင့်ထွာ အကွာနေရာ၌ ထိုင်ရမည်။ ကသိုဏ်းဝန်းပုံနှင့် အလွန်နီးသောနေရာ၊ အလွန်ဝေးသောနေရာတို့၌ မထိုင်ရ၊ နှစ်တောင့်ထွာ ထက်ဝေးသောအရပ်၌ထိုင်လျှင် ကသိုဏ်းဝန်းမထင်နိုင်။ နှစ်တောင့်တွာထက် အလွန်နီးသောနေရာ၌ထိုင်လျှင် ကသိုဏ်း၏အပြစ်များ ထင်လာတတ်၏။

မိမိထိုင်မည့်ထိုင်ခုံသည် တစ်ထွာနှင့် လက်လေးသစ်ခန့် မြင့်သော ခုံဖြစ်ရမည်။ ထိုင်ခုံမြင့်လွန်းပါက အောက်သို့ငုံ့ကြည့်နေရမည်။ ထိုင်ခုံနိမ့် လွန်းပါက ဒူးဆစ်များ နာကျင်တတ်၏။ ထို့ကြောင့် ငုံ့ကြည့်မနေရအောင် မော့၍လည်း မကြည့်ရအောင် ထိုင်ခုံကို တစ်ထွာလက်လေးသစ်သာ အမြင့် စီမံရမည်။

ကသိုဏ်းမရှုမီ ကြိုတင်လုပ်ရမည့်ကိစ္စများ

၁။ တစ်ယောက်တည်း တင်ပလ္လင်ခွေထိုင်ပါ။

၂။ ကာမဂုဏ်တို့သည် ညှီစော်နံသော အရိုးစုနှင့်တူကြ၏။ ''ကာမဂုဏ် နှင့်စပ်လျက် ဆင်းရဲများစွာ ဖြစ်ပေါ်လေ့ရှိကြ၏။ ပင်ပန်းခြင်းသာ များလှ၏။ ကျိုးငှက်များ ဝိုင်းအုံနေသောသားတစ်ပမာ လူဆိုး လူမိုက် လောကသားများ ဝိုင်းအုံနေခြင်းကြောင့် အသက်သေရသည်အထိ

http://www.dhammadownload.com

ဆင်းရဲဒုက္ခများစွာ ဝိုင်းရံနေ၏'' စသည်ဖြင့် ကာမဂုဏ်၏ အပြစ်များကို မြင်အောင်ဆင်ခြင်ပါ။

၃။ ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်ရှိခိုးပါ။

၄။ မိမိပတ်ဝန်းကျင်ရှိ သတ္တဝါများနှင့်တကွ သတ္တဝါအားလုံးအပေါ် မေတ္တာပို့ပါ။

၅။ ငါ ကောန်သေရမည်၊ မသေမီ ကိုးကွယ်အားထားရာရအောင် ကြိုးစားမည်ဟု သေခြင်းတရားကို ဆင်ခြင်ပါ။

၆။ ဤကသိုဏ်းအကျင့်သည် ဘုရား ပစ္စေကဗုဒ္ဓါနှင့် အရိယာသူတော်ကောင်းများ၏ အကျင့်မြတ်ဖြစ်သည်ဟု မိမိကျင့်သုံး အားထုတ်မည့် ကသိုဏ်းအကျင့်နှင့် ယုံကြည်လေးစားစိတ်ထားပါ။

၇။ ဤကသိုဏ်းအကျင့်မြတ်ဖြင့် စိတ်၏ငြိမ်းအေးချမ်းသာမှုကို ကောန် ရရှိခံစားရမည်ဟု စိတ်အားတက်ကြွမှုရှိပါ။

အမှာ။ ဤကိစ္စများကို အခြားကမ္မဋ္ဌာန်းတို့ကို အားထုတ်ရာ၌လည်း ကျင့်သုံးရမည်။

ပထဝီကသိုဏ်းစီးဖြန်းခြင်း

ပရိကမ္မနိမိတ်၊ ပရိကမ္မဘာဝနာ

ထို့နောက် မှန်အပြင်၌ မျက်နှာရိပ်ကိုကြည့်သူပမာ မျက်စိ မပွင့်လွန်း၊ မမှိတ်လွန်းဘဲ ကသိုဏ်းဝန်းကိုကြည့်ရှုရာ၏။ ထိုသို့ကြည့်ရှုရာ၌ ကသိုဏ်းဝန်း၏ အရုဏ်ရောင်အဆင်းကိုလည်း မဆင်ခြင်ရ၊ ပထဝီဓာတ်၏ ခက်မာခြင်းသဘောကိုလည်း နှလုံးမသွင်းရ။ အဆင်းနှင့်စပ်နေသော မြေသားဖြေပ်ကိုသာ တစ်စပ်တည်းထင်စေလျက် ပါဠိဘာသာဖြင့် ''ပထဝီ, ပထဝီ'' ဟု ဖြစ်စေ၊ မြန်မာဘာသာဖြင့် ''မြေ၊ မြေ'' ဟု ဖြစ်စေ နှစ်သက်သလို ပွားများနိုင်၏။ နှုတ်ဖြင့် ရွတ်ဆို၍လည်း ပွားများနိုင်၏။ နှုတ်ဖြင့်

http://www.dhammadownload.com

မရွှတ်ဘဲ စိတ်ဖြင့်ဆင်ခြင်၍လည်း ပွားများနိုင်၏။

ထိုသို့ပွားများရာတွင် ရံခါ မျက်စိဖွင့်၍၊ ရံခါ မျက်စိမှိတ်၍ ဥဂ္ဂဟာနိမိတ်မထင်မချင်း ပွားများရ၏။ ထိုသို့ မျက်စိဖြင့်ကြည့်ရှုအပ်၊ စိတ်ဖြင့် မှန်းဆအပ်လျက် ပွားများအပ်သောအာရုံကို **ပရိကမ္မနိမိတ်** ခေါ်၏။ ထိုသို့ကြည့်ရှု၍လည်းကောင်း၊ စိတ်ဖြင့်မှန်းဆ၍လည်းကောင်း ပွားများမှုကို **ပရိကမ္မဘာဝနာ** ခေါ်၏။

ဥဂ္ဂဟာနိမိတ်၊ ပရိကမ္မဘာဝနာ

ထိုသို့ ဖွင့်တုံမှိတ်တုံ အာရုံပြု၍ ပွားများနေစဉ် မျက်စိမှိတ်၍ ဆင်ခြင်နေသောအခါ မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်ထဲ၌ ထင်ထင်ရှားရှား ပေါ်လာတတ်၏။ ထိုသို့ စိတ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာသောအာရုံကို ''**ဥဂ္ဂဟာနိမိတ်**'' ခေါ်၏။ ထို ဥဂ္ဂဟာနိမိတ်ကို အာရုံပြုသော ပရိကမ္မဘာဝနာသည်လည်း ရှေးကထက်ပို၍ သမာဓိအားကောင်းလာ၏၊ တည်ကြည်လာ၏။

မှတ်ချက်။ ဥဂ္ဂဟာနိမိတ်အဆင့်၌လည်း ပရိကမ္မဘာဝနာအဆင့်မျှသာ ရှိသေး၏ဟု ဆိုလို၏။

ပဋိဘာဂနိမိတ်

ထိုပရိဘာဂနိမိတ်ဖြင့် ဥဂ္ဂဟာနိမိတ်ကို အာရုံပြု၍ စိတ်တည်ကြည်နေသော ယောဂီပုဂ္ဂိုလ်သည် ထိုဥဂ္ဂဟာနိမိတ်ကိုပင် ပရိကမ္မဘာဝနာဖြင့် ဆက်လက်ပွားများ အားထုတ်သောအခါ ဥဂ္ဂဟာနိမိတ်နှင့် ပုံသဏ္ဌာန် ပမာဏတူသော အာရုံတစ်မျိုးမျိုးသည် စိတ်ထဲ၌ ငြိမ်သက်စွာတည်နေ၏။ စိတ်ထဲ၌ ကောင်းစွာသွင်းထားသကဲ့သို့ဖြစ်၏။ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ထင်လာ၏။

ထိုအာရုံသည် အထည်ကိုယ်ဒြပ် ပရမတ်မဟုတ်၊ ပညတ်မျှသာ

http://www.dhammadownload.com

ဖြစ်၏။ ဘာဝနာ၏အစွမ်းကြောင့် ဖြစ်ပေါ်လာရ၏။ ထိုဥဂ္ဂဟနိမိတ်နှင့် အလားတူစွာ ထင်လာသည့် အာရုံသည်ပင် ''ပဋိဘာဂနိမိတ်'' မည်၏။ ပဋိဘာဂနိမိတ် ကောင်းစွာဖြစ်ပေါ်နေပြီဟု ဆိုနိုင်၏။

မှတ်ချက်။ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသခ်ိတံ ဟူသော ပါဠိကိုထောက်၍ ပဋိဘာဂနိမိတ်သည် ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်၏။

ဘာဝနာမယမာရမ္မဏံ ဟူသော ပါဠိကိုထောက်၍ ယင်းပဋိဘာဂနိမိတ်သည် ဘာဝနာကြောင့် ဖြစ်ပေါ်လာသော အာရုံတရားဖြစ်၏။

ဥပစာရဘာဝနာ

ထိုပဋိဘာဂနိမိတ် ဖြစ်ပေါ်လာရာအခါမှစ၍ ဘာဝနာစိတ်အစဉ်သည်လည်း ပရိကမ္မဘာဝနာအဆင့်ကို ကျော်လွန်ကာ ဥပစာရဘာဝနာအဆင့်သို့ ရောက်လာတော့၏။ ယင်းဥပစာရဘာဝနာသည် ပရိဗန္ဓ အမည်ရသော –

၁။ ကာမဂုဏ်ခံစားလိုသော ကမ္မဋ္ဌန္ဒနီဝရဏ၊

၂။ အမျက်ထွက်စိတ်ဆိုးခြင်း ဗျာပါဒနီဝရဏ၊

၃။ ငိုက်မျဉ်းထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနီဝရဏ၊

၄။ စိတ်ပျံ့လွင့်ပူပန်ခြင်း ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ၊

၅။ ကမ္မဋ္ဌာန်းပြဆရာနှင့် ကမ္မဋ္ဌာန်းတရားတော်အပေါ်၌ ယုံမှားသံသယဖြစ်မှု ဝိစိကိစ္ဆာနီဝရဏ

ကို ပယ်ခွာနိုင်၏။ ဥပစာရဘာဝနာဟူသည် သမာဓိပြဋ္ဌာန်းသော ကာမာဝစရဇောစိတ်ပင်ဖြစ်၏။

ဆောင်။ ပဋိဘာဂ၊ ထင်လာက၊ နီဝရဏကွာ။

ဥပစာရစျာန်။ ဥပစာရဘာဝနာ ဖြစ်ပေါ်လာသောအခါ ကာမဋ္ဌန္ဒ စသော နီဝရဏများ ကင်းကွာ၍ ဝိတက်စသော စျာန်အင်္ဂါ ၅ ပါး

http://www.dhammadownload.com

တို့သည် မိမိဆိုင်ရာ ကိစ္စကို အထင်အရှား ဆောင်ရွက်နေကြလေပြီ။ ထို့ကြောင့် ဥပစာရ ဘာဝနာကိုပင် ဥပစာရစျာန်ဟုလည်း ခေါ်ကြသေး၏။ အပ္ပနာ၏ အနီးအပါး၌ဖြစ်သော စျာန်ဟုဆိုလို၏။

ရူပါဝစရစျာန်များဖြစ်ပေါ်လာပုံ

ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ

ပဋိဘာဂနိမိတ်ထင်လာ၍ ဥပစာရဘာဝနာသို့ရောက်ပြီးသူသည် ယင်းထင်လာသော ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် ဆက်လက်အားထုတ်လျှင် ထက်မြက်သောဉာဏ်ကြီးရှင်တို့မှာ မကြာမီမှာပင် ရူပါဝစရ ပထမစျာန်ဟူသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၏။

ဉာဏ်ကြီးရှင်လောက် ဉာဏ်မထက်မြက်သူတို့မှာ ရပြီးသော ပဋိဘာဂနိမိတ်ကိုပင် ပျောက်ကွယ်မသွားရအောင် အထူးစောင့်ရှောက်လျက် အဆက်မပြတ် အထပ်ထပ် အားထုတ်ရမည်၊ ထိုသို့ အားထုတ်ခြင်းမျိုးကို ''ကောင်းစွာ မှီဝဲသည်'' ဟု ဆို၏။ ထိုသို့ အားထုတ်လျှင် ရူပါဝစရပထမစျာန်သည် ငကန်ပင်ဖြစ်ပေါ်လာရ၏။ ယင်း ရူပါဝစရပထမစျာန် စသည်ကိုပင် အပ္ပနာဘာဝနာခေါ်၏။

ရူပါဝစရဒုတိယစျာန်စသည်ဖြစ်ပေါ်လာပုံ

ပထမစျာန်ကိုရပြီးနောက် ဒုတိယစျာန် စသည်တို့ကိုရလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိရရှိပြီးသော ပထမစျာန်ကို အာဝဇ္ဇန၊ သမာပဇ္ဇန၊ အဓိဋ္ဌာန၊ ဝုဋ္ဌာန၊ ပစ္စဝေက္ခဏာ ဟူသော ဝသီဘော်ငါးပါးတို့ဖြင့် အစွမ်းသတ္တိထက်မြက်လာအောင် အဖန်ဖန်အထပ်ထပ် လေ့လာဝင်စားပြီးနောက် ဝိတက်စသော ရုန့်ရင်းကြမ်းတမ်းသော စျာန်အင်္ဂါတို့ကို ပယ်ခွာခြင်းငှာလည်းကောင်း၊ ဝိစာရ စသော သိမ်မွေ့သော စျာန်အင်္ဂါများ ဖြစ်ပေါ်လာခြင်းငှာလည်းကောင်း၊ ရှေးကထင်ပြီးသော ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်

http://www.dhammadownload.com

ပွားများအားထုတ်လျှင် အစဉ်အတိုင်း ထိုက်သည်အားလျော်စွာ ဒုတိယစျာန်စသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၏။

ဝသီဘော် (အစွမ်းသတ္တိ) ၅ ပါး

စွမ်းရည်သတ္တိရှိလာအောင် ပထမစျာန်ကို အထပ်ထပ် ပွားများရ၏။ ထိုသို့ ပထမစျာန်ကို အထပ်ထပ်ဝင်စား၍ ရရှိလာသော အစွမ်းသတ္တိကို ''ဝသီဘော်'' ခေါ်၏။ ထိုဝသီဘော်သည် အောက်ပါအတိုင်း ၅ ပါး ပြား၏။

၁။	အာဝဇ္ဇနဝသီဘော်	၁ ပါး
၂။	သမာပဇ္ဇနဝသီဘော်	၁ ပါး
၃။	အဓိဋ္ဌာနဝသီဘော်	၁ ပါး
၄။	ဝုဋ္ဌာနဝသီဘော်	၁ ပါး
၅။	ပစ္စဝေက္ခဏဝသီဘော်	၁ ပါး
	ပေါင်း	၅ ပါး

၁။ စျာန်မှထ၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်ရန် ဘဝင်များစွာ မကျစေဘဲ စျာန်အင်္ဂါတို့ကို ဆင်ခြင်နိုင်သော အာဝဇ္ဇန်းလျင်မြန်စွာ ဖြစ်စေနိုင်မှုကို အာဝဇ္ဇနဝသီဘော် ခေါ်၏။

၂။ စျာန်ကို အလိုရှိသောခဏ၌ လျင်မြန်စွာ ဝင်စားနိုင်မှုကို သမာပဇ္ဇနဝသီဘော်ခေါ်၏။

၃။ တစ်ခဏ၊ တစ်နာရီ၊ တစ်နံနက်၊ တစ်ရက် စသည်ဖြင့် မိမိဝင်စားလိုသည့် အချိန်အတိုင်းအတာအတိုင်း အပိုအလိုမရှိဘဲ တိကျစွာ စျာန်ကိုဖြစ်စေနိုင်မှု၊ ထားနိုင်မှုကို အဓိဋ္ဌာနဝသီဘော် ခေါ်၏။

မှတ်ချက်။ ရေကာတာသည် ရေကို တားဆီးထားသကဲ့သို့ ဘဝင်ကို တားဆီးထားနိုင်သော သတ္တိသည် အဓိဋ္ဌာနဝသီဘော်သတ္တိ ဖြစ်၏။

http://www.dhammadownload.com

၄။ အချိန်ကာလ အပိုအလိုမရှိဘဲ မိမိမှန်းဆထားသော အချိန်၌ ဖောမထနိုင်မှုကို ဝုဋ္ဌာနဝသီဘော်ခေါ်၏။

၅။ စျာန်အင်္ဂါကို ဆင်ခြင်ပြီးလျှင် တစ်ဖန် စျာန်ကို အလျင်အမြန် ဝင်စားရန် စျာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဖောများ (၇) ကြိမ်မြောက် များစွာမဖြစ်စေဘဲ ၄ ကြိမ်၊ ၅ ကြိမ်မျှသာ ကျစေနိုင်မှုကို ပစ္စဝေက္ခဏဝသီဘော် ခေါ်၏။

မှတ်ချက်။ အာဝဇ္ဇနဝသီဘော်ကြောင့်သာ ပစ္စဝေက္ခဏဝသီဘော်ပြီးစီး၏။ မနောဒွါရာဝဇ္ဇန်း၏ အစွမ်းသတ္တိကို အာဝဇ္ဇနဝသီဘော် ခေါ်၏။ ပစ္စဝေက္ခဏာဖော၏ သတ္တိကို ပစ္စဝေက္ခဏာဝသီဘော်ခေါ်၏။ ကျမ်းစာကျယ်မည်စိုးသဖြင့် ကြွင်းသောကသိုဏ်း ၉ ပါး ပွားများပုံကို မပြနိုင်တော့ပါ။

အသုဘကမ္မဋ္ဌာန်းပွားများရန်

လူတို့သည် ငယ်ရွယ်နုပျိုစဉ်အခါ၌ ယောကျ်ားး၊ မိန်းမအချင်းချင်း မြင်တွေ့ရစဉ် တစ်ဦးအပေါ်တစ်ဦး ချောသည်၊ လှပသည်ဟု အထင်မှားကာ ချစ်ကြ၊ ခင်ကြ၊ သိမ်းပိုက်ကြ၏။ တဏှာအမြင်လွှမ်းမိုးနေခြင်းကြောင့် တစ်လင်တစ်မယားစနစ်ဖြင့် မရောင့်ရဲနိုင်ကြဘဲ တိရစ္ဆာန်ဘဝကဲ့သို့ တွေ့ရာကြုံရာနှင့် ဆက်ဆံလာကြသည်အထိ မိုက်မဲလာကြ၏။ သားသမီးကောင်း ထွန်းကားရေးဟူသော နိယာမတရားကို ဆန့်ကျင်လျက် လိင်တူချင်းပင် ဆက်ဆံလာကြ၏။

လူ့ဘဝ၏နောက်ဆုံးဖြစ်ရပ်မှန် အခြေအနေကို ကြိုတင်ကြည့်ရှုစေပြီး မိမိခန္ဓာကိုယ်၌ ထကြွသောင်းကျန်းနေသော ကာမတဏှာကို နှိပ်ကွပ်ချိုးနှိမ်ပစ်ဖို့ အသုဘကမ္မဋ္ဌာန်းကို ပွားများရန် မြတ်ဗုဒ္ဓ သင်ပြတော်မူခဲ့၏။ ငယ်ရွယ်စဉ်ကပင် အသုဘအလောင်းကောင်ကို ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်ရှုပွားများထားပါလျှင် မျက်မှောက်ခေတ် လူငယ်များ၏စိတ်အစဉ်၌ တဏှာတရား အားနည်းလာလျက် စိတ်ဓာတ်ယဉ်ကျေးလာမည်ဖြစ်၏။

http://www.dhammadownload.com

(ကျက်ရန်)

၁။ သရီရံ – ခန္ဓာကိုယ်သည်၊ ဥဒ္ဒုမာတကံ – သေသည်မှအထက် နှစ်ရက်၊ သုံးရက်ကူးသဖြင့် ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၂။ သရီရံ – ခန္ဓာကိုယ်သည်၊ ဝိနီလကံ – ဖြူနီသဘော၊ ရောနှော စပ်တွဲ၊ ညိုမည်း မည်းပုပ်၊ စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၃။ သရီရံ – ခန္ဓာကိုယ်သည်၊ ဝိပုဗ္ဗကံ – ပြည်တစိုစို၊ ပေါက်ကွဲယို လျက်၊ စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၄။ သရီရံ – ခန္ဓာကိုယ်သည်၊ ဝိစ္ဆိဒ္ဒကံ – ထက်အောက်နှစ်ရပ်၊ မဆက်စပ်အောင်၊ ဖြတ်အပ်ပြီးလျက်၊ စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၅။ သရီရံ – ခန္ဓာကိုယ်သည်၊ ဝိက္ခာယိတကံ – ခွေး လင်းတ ကျီး အသီးသီးတို့၊ နည်းမျိုးစုံပြား၊ ဖုံဖုံအားဖြင့်၊ ခဲစားအပ်လျက် စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၆။ သရီရံ – ခန္ဓာကိုယ်သည်၊ ဝိက္ခိတ္တကံ – လက် ခြေ ခေါင်းကိုယ် ဖရိုဖရဲ၊ ထိုထိုကြဲသဖြင့်၊ ပစ်လွှင့်အပ်လျက်၊ စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၇။ သရီရံ – ခန္ဓာကိုယ်သည်၊ ဟတဝိက္ခိတ္တကံ – ကျီး ခြေမယွင်း မားဖြင့်မွန်း၍၊ ညှဉ်းအပ်ထိုထို၊ လက်ခြေကိုယ်တို့၊ ဖရိုဖရဲ၊ ထိုထိုကြဲသဖြင့်၊ ပစ်လွှင့်အပ်သော စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၈။ သရီရံ – ခန္ဓာကိုယ်သည်၊ လောဟိတကံ – သွေးများထွက်ယို၊ တစ်ကိုယ်လုံးပေ၊ လိမ်းကျံနေသော စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

http://www.dhammadownload.com

၉။ သရီရံ – ခန္ဓာကိုယ်သည်၊ ပဋ္ဌဝကံ – ပိုးကောင်တွေပြည့်၊ ကျိကျိတက်နေ၊ ထွက်စေတတ်သော စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

၁၀။ သရီရံ – ခန္ဓာကိုယ်သည်၊ အဋ္ဌိကံ – အရိုးစုပေါင်း၊ တစ်ချောင်းဖြစ်စေ၊ အသေရေယုတ် စက်ဆုပ်ဖွယ်ရာ မသာလောင်းပါတကား။

မှတ်ချက်။ မိမိခန္ဓာကိုယ်ကို ပွားများလိုလျှင် ''မေ–ငါ၏'' ဟု ထည့်ဆိုပါ၊ သူတစ်ပါးခန္ဓာကိုယ်ကို ပွားများလိုလျှင် ''တေ–သင်၏'' ဟု ထည့်ဆိုပါ။ ဤအသုဘကမ္မဋ္ဌာန်းကို လမ်းသွားနေစဉ်၊ ထိုင်နေစဉ်၊ အလုပ်လုပ်နေစဉ်၊ လဲလျောင်းနေစဉ်တို့၌ ရွတ်ဖတ်ပွားများနိုင်၏။ ချစ်သူနှင့်ကွဲ၍ စိတ်သောကဖြစ်နေစဉ် ဤအသုဘကမ္မဋ္ဌာန်းကို ရွတ်ဖတ်ပွားများနေပါက စိတ်သက်သာရာ ရလိမ့်မည်။

ဥဒ္ဓုမာတက။ သေပြီးနောက် နှစ်ရက် သုံးရက်ရှိလာသောအခါ ဖူးဖူး ရောင်ပွတက်နေသော လူသေကောင်ကို ဥဒ္ဓုမာတကခေါ်၏။ ထိုဥဒ္ဓုမာတက လူသေကောင်ကို ကြည့်ရှုပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဖူးဖူးရောင် ပုပ်ပွနေသော လူသေကောင်ကို ကသိုဏ်း၌ ရှုမှတ်သကဲ့သို့ မျက်စိဖြင့် မြင်သည့်အတိုင်း စိတ်ထဲမှာ စွဲကပ်ထင်မြင်လာအောင် စိတ်ထဲက မှတ်သား ၍ မျက်စိနှင့်ကြည့်၍ နိမိတ်ယူရာ၏။

မျက်စိဖြင့် မြင်သည့်အတိုင်း စက်ဆုပ်ဖွယ်၊ ကြောက်မက်ဖွယ်အဖြစ် စိတ်ထဲ၌ ထင်လာပါက ဥဂ္ဂဟနိမိတ်ဖြစ်၏။ ပဋိဘာဂနိမိတ်ဖြင့် ကြောက်လန့်ဖွယ်၊ စက်ဆုပ်ဖွယ်မရှိ၊ လွန်စွာချောမောလှပစွာ ပြည့်ဖြိုးနှစ်သက်ဖွယ်အဖြစ် ထင်လာ၏။ ဤဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် နှစ်မျိုးလုံးကိုပင် စက်ဆုပ်ဖွယ်အဖြစ် နှလုံးသွင်း၍ ရှုအပ်၊ ပွားများအပ်၏။ ရှုဖန်များလာသော အခါ ကသိုဏ်း၌ပြုခဲ့သည့်အတိုင်း ပထမစျာန်ဇောဝီထိဖြစ်လာပြီး ပထမစျာန်ကိုရ၏။

http://www.dhammadownload.com

မှတ်ချက်။ အာရုံကြမ်းတမ်းသောကြောင့် ဒုတိယစျာန် စသည်ကို မဖြစ်စေနိုင်၊ မရနိုင်။ ပထမစျာန်ကိုသာ ရစေနိုင်၏။ ကြွင်းသော အသုဘအလောင်းကောင် ပွားများနည်းကို မပြနိုင်တော့ပါ။

အသုဘကမ္မဋ္ဌာန်း၌သတိထားရန်

အသုဘ (၁၀) ပါးတွင် အလောင်းကောင်မပျက်သေးသော အသုဘအလောင်းကို ကြည့်ရှုပွားများရာ၌ နိမိတ်ထင်ခါနီးတွင် လူသေကောင်ကြီး ထလာပြီး မိမိဆီသို့ လိုက်လာသကဲ့သို့ ကြောက်လန့်ဖွယ်အဖြစ် စိတ်ထဲ၌ ထင်လာတတ်၏။

ထိုသို့ထင်လာသောအခါ ကြောက်လန့်၍ နှလုံးသွေးများ ပျက်လုမတတ် ရူးသွပ်တတ်၏။ ထိုသို့ မရူးသွပ်ရအောင် သတိပြုရမည်။ အသက်မရှိသော သစ်တုံး၊ ကျောက်တုံးများ၊ သစ်ငုတ်များ ထ၍မလိုက်နိုင်သကဲ့သို့ အသက်မရှိသော လူသေကောင်သည်လည်း ထ၍လိုက်နိုင်စရာအကြောင်းလုံးဝမရှိပေ။

ဤသို့ ထ၍လိုက်လာသကဲ့သို့ စိတ်ထဲ၌ထင်လာခြင်းသည် ငါ၏ တရားအားထုတ်မှု ရင့်သန်လျက် နိမိတ်ထင်ခါနီးနေခြင်းကြောင့် ဤသို့ ထင်လာခြင်းသာဖြစ်၏။ ''သင် မကြောက်ပါနဲ့'' ဟု မိမိစိတ်ကို ကြောက်လန့်ခြင်းကင်းအောင် ဆုံးမပြီး ဝမ်းမြောက်ဝမ်းသာဖြင့် ဆက်လက်၍ ကြည့်ရှုပွားများရမည်။ အလောင်းကောင်မှာ အရေမစုတ်ပြတ်သေးပါက ဖုတ်ကောင်ဝင်လာနိုင်သေး၏။ အရေစုတ်ပြတ်ပြီး အလောင်ကောင် ပျက်နေပါက ဖုတ်ကောင် ဝင်မလာနိုင်တော့ပေ။ အကယ်၍ ဖုတ်ကောင်ဝင်လာပါက တုတ်၊ တောင်ဝှေးဖြင့် တွန်းထိုးလျက် လှဲရမည်။ ပရိတ်ရွတ်ဖတ်၍လည်း လှဲပစ်ရမည်။

အသုဘကမ္မဋ္ဌာန်းရှုရန် အသုအလောင်းကောင်ရှိရာသို့ တစ်ဦးတည်း သွားသူသည် တုတ်၊ တောင်ဝှေးကို ဆောင်ယူသွားရမည်။ ပရိတ်တရား

http://www.dhammadownload.com

ဘော်ကိုလည်း သွက်သွက်လက်လက်ရအောင် ကျက်ထား ဆောင်ထားရမည်။ အထူးသတိထားလျက်က နေထိုင်ပွားများရမည်။

အမှာ။ ကြောက်တတ်သူများ၊ ကလေးနှင့် အမျိုးသမီးများ အသုဘ အလောင်းကိုကြည့်လျက် မပွားများသင့်ပါ။ အသုဘ (၁၀) ပါး ပါဠိအနက်ကို ရွတ်ဖတ်ပွားများရုံသာ ပွားများသင့်၏။

ကာယဂတာသတိကမ္မဋ္ဌာန်း

လူ့ခန္ဓာကိုယ်၌ရှိနေသော ဆံပင်၊ အမွေးစသော ၃၂ ပါးသော အစုအဝေးများ၏ အပေါင်း၌ အာရုံပြု၍ဖြစ်သော သတိကို ''ကာယဂတာသတိ'' ခေါ်၏။ လူ့ခန္ဓာကိုယ်ကို ယောကျ်ား၊ မိန်းမ ဟူသော အမြင်ဖြင့် ကြည့်ရှုပါက ယင်းယောကျ်ား၊ မိန်းမဟူသော အမြင်ကို အကြောင်းပြု၍ ချောသည်၊ လှပသည် စသည်ဖြင့် တဏှာကို ပွားစေသောအမြင်မျိုးသာ ဖြစ်ပေါ်လာနိုင်၏။ ထိုအမြင်မျိုးဖြင့် ကြည့်ရှုလေ့ရှိကြသောကြောင့် ခေတ်လူသားများသန္တာန်၌ ကိလေသာတရားများ လွန်စွာတိုးပွားပြီး အဖေနှင့် သမီး အမေနှင့်သား၊ ယောကျ်ားအချင်းချင်း၊ မိန်းမအချင်းချင်း မရှောင်နိုင်ဘဲ မဖြစ်သင့်သောကိစ္စရပ်များ ဖြစ်လေ့ရှိကြ၏။

ဘုရားရှင်က ''လူ့ခန္ဓာကိုယ်ကို အောက်ပိုင်း ခြေဖဝါးအပြင်မှ အထက်ပိုင်း ဆံဖျားအထိလည်းကောင်း၊ အထက်ပိုင်း ဆံဖျားမှ အောက်ပိုင်း ခြေဖဝါးအထိလည်းကောင်း အစုန်အဆန် အတွင်းကျကျ လေ့လာ ဆင်ခြင်ကြည့်ပါ။ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား စသည်ဖြင့် ခန္ဓာကိုယ်ကို အသိဉာဏ်ဖြင့် တစ်စစီ တစ်စစီ ဖျက်ထုတ်၍ကြည့်တတ်လျှင် မစင်မကြယ် ရွံစဖွယ်ဖြင့် ပြည့်နှက်နေသည်ကိုသာ တွေ့ရလိမ့်မည်'' ဟု မိန့်ကြားတော်မူခဲ့၏။ ထို့ကြောင့် လူသားများသည် လူ့ခန္ဓာကိုယ်ကို ပုထုဇဉ်မျက်ကန်းများအမြင်ဖြင့်မကြည့်ဘဲ ဘုရားရှင်၏အမြင်မျိုးဖြင့် ကြည့်ရှု ဆင်ခြင်ရန် တိုက်တွန်းပါသည်။

http://www.dhammadownload.com

၃၂ ကောဋ္ဌာသပါဠိ

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု –

ကွာမမေဝ ကာယံ၊ ဥဒ္ဓံ ပါဒတလာ၊ အဓော ကေသမတ္ထကာ၊ တစပရိယန္တံ ပူရံ၊ နာနပ္ပကာရကဿ၊ အသုစိနော ပစ္စဝေက္ခတိ၊ အတ္ထိ ကွာမသ္မိံ ကာယေ –

– ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊

– မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမဉ္ဇံ, ဝက္ကံ၊

– ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖာသံ၊

– အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ၊

– ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ၊

– အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ။

၃၂ ကောဋ္ဌာသအနက်

ဘိက္ခဝေ – ရဟန်းတို့၊ ပုနစ – တစ်ဖန်လည်း၊ အပရံ – တစ်မျိုးကား၊ ဘိက္ခု – ရဟန်းသည်၊ ပါဒတလာ – ခြေဖဝါးအပြင်မှ၊ ဥဒ္ဓံ – အထက်ဆံဖျားတိုင်အောင်လည်းကောင်း၊ ကေသမတ္ထကာ – ဆံဖျားမှ၊ အဓေါ – အောက်ခြေဖဝါးတိုင်အောင်လည်းကောင်း၊ တစပရိယန္တံ – အရေဟူသော အဆုံးအပိုင်းအခြားရှိသော၊ နာနပ္ပကာရကဿ – အမျိုးမျိုးသော အပြားရှိသော၊ အသုစိနော – မစင်မကြယ် ရွံစဖွယ်ဖြင့်၊ ပူရံ – ပြည့်နေသော၊ ကွာမမေဝကာယံ – ဤကိုယ်ကိုပင်၊ ပစ္စဝေက္ခတိ – ဆင်ခြင်၏။ (ကိ – အဘယ်သို့ဆင်ခြင်သနည်း)။

ကွာမသ္မိံကာယေ – ဤခန္ဓာကိုယ်၌

ကေသာ – ဆံပင်တို့သည်လည်းကောင်း၊

http://www.dhammadownload.com

လောမာ – မွေးညှင်းတို့သည်လည်းကောင်း၊
နခါ – ခြေသည်း၊ လက်သည်းတို့သည်လည်းကောင်း၊
ဒန္တာ – သွားတို့သည်လည်းကောင်း၊
တစော – အရေသည်လည်းကောင်း၊
မံသံ – အသားသည်လည်းကောင်း၊
နှာရု – အကြောသည်လည်းကောင်း၊
အဋ္ဌိ – အရိုးသည်လည်းကောင်း၊
အဋ္ဌိမဉ္ဇံ – ရိုးတွင်းခြင်ဆီသည်လည်းကောင်း၊
ဝက္ကံ – အညှိုသည်လည်းကောင်း၊
ဟဒယံ – နှလုံးသားသည်လည်းကောင်း၊
ယကနံ – အသည်းသည်လည်းကောင်း၊
ကိလောမကံ – အမြှေးသည်လည်းကောင်း၊
ပိဟကံ – အဖျဉ်းသည်လည်းကောင်း၊
ပပ္ဖါသံ – အဆုတ်သည်လည်းကောင်း၊
အန္တံ – အူမသည်လည်းကောင်း၊
အန္တဂုဏံ – အူသိမ်သည်လည်းကောင်း၊
ဥဒရိယံ – အစာသစ်သည်လည်းကောင်း၊
ကရီသံ – အစာဟောင်းသည်လည်းကောင်း၊
မတ္ထလုင်္ဂံ – ဦးနှောက်သည်လည်းကောင်း၊
ပိတ္တံ – သည်းခြေသည်လည်းကောင်း၊
သေမှံ – သလိပ်သည်လည်းကောင်း၊

http://www.dhammadownload.com

ပုဗ္ဗော – ပြည်သည်လည်းကောင်း၊
လောဟိတံ – သွေးသည်လည်းကောင်း၊
သေဒေါ – ချွေးသည်လည်းကောင်း၊
မေဒေါ – အဆီခဲသည်လည်းကောင်း၊
အဿု – မျက်ရည်သည်လည်းကောင်း၊
ဝသာ – ဆီကြည်သည်လည်းကောင်း၊
ခေဠော – တံတွေးသည်လည်းကောင်း၊
သိင်္ဃာဏိကာ– နှပ်သည်လည်းကောင်း၊
လသိကာ – အစေးသည်လည်းကောင်း၊
မုတ္တံ – ကျင်ငယ်သည်လည်းကောင်း၊

အတ္ထိ – ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်သည်တကား။ ကုတိ – ဤသို့၊ ပစ္စဝေက္ခတိ – ဆင်ခြင်၏။

ကူးစက်ပြန့်ပွားနေပြီ

ဤကောဋ္ဌာသပါဠိအနက်ကို ရွတ်ဆိုသောအခါ စိတ်က သက်ဆိုင်ရာ ကောဋ္ဌာသအဖို့အစုသို့ ရောက်သွားရမည်။ ဥပမာ – ''ကေသာ – ဆံပင်တို့သည်'' ဟု ရွတ်ဆိုသောအခါ စိတ်က ဆံပင်သို့ ရောက်ရှိပြီး ဆင်ခြင်ပွားများရမည်။ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို လမ်းသွားရင်း၊ အလုပ်လုပ်ရင်းလည်း ရွတ်ဖတ်ပွားများနိုင်သည်။

ဤကမ္မဋ္ဌာန်းကို ပွားများဖန်များလာသောအခါ ယောဂျီး၊ မိန်းမဟူသော လူကောင်အမြင်များ ပပျောက်ပြီး စက်ဆုပ်စရာ၊ ရွံစရာကောင်းသော ဆံပင် စသော သဘာဝအညစ်အကြေး အစုအပုံအဖြစ်သာ မြင်လာ

http://www.dhammadownload.com

လိမ့်မည်။ လူတစ်ဦးကို တွေ့သောအခါ ရွံစရာ မသတီစရာအဖြစ် မြင်လာအောင် မြတ်ဗုဒ္ဓက ကြည့်ခိုင်းစေတော်မူ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓအမြင်မျိုး အမြင်သန်လာသော ရှေးက ဗုဒ္ဓဘာသာဝင်လူသားများသည် မိန်းကလေးတစ်ဦးကို တွေ့ရသောအခါ အမူအရာများ ဖောက်ပြန်မလာဘဲ တည်တည်ငြိမ်ငြိမ် နေထိုင်တတ်ကြ၏။

ခေတ်လူငယ်များသည် ဗုဒ္ဓဘာသာတရားတော်ကို မသင်ရဘဲ နိုင်ငံခြားဇာတ်လမ်းများကိုသာ ကြည့်ရှုနေရခြင်းကြောင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်နေကြပြီး ဗုဒ္ဓဘာသာစိတ်ဓာတ် ပျက်စီးသွားကြပြီဖြစ်၏။

လူမျိုးခြား ဘာသာခြားများသည် မိန်းကလေးတစ်ဦးကို တွေ့ရသောအခါ ''ကာမဂုဏ်ခံစားရန် ငါတို့ဘုရားသခင်က ငါတို့ယောကျ်ားများအတွက် ဖန်ဆင်းပေးထားသော ယောကျ်ားများ၏ အသုံးအဆောင် ဇိမ်ခံပစ္စည်းဖြစ်သည်'' ဟု ရှုမြင်ကြ၏။ ထိုသို့ ရှုမြင်ကြခြင်းကြောင့် လူမျိုးခြား ဘာသာခြား အသိုင်းအဝိုင်းထဲမှာ ကာမတဏှာများ ထကြွသောင်းကျန်းမှုကြောင့် လူမှုရေးပြဿနာများ ပို၍ပို၍ ရှုပ်ထွေးလာ၏။ ယင်းလူမျိုးခြား ဘာသာခြားများ၏ အသိအမြင်နှင့် အပြုအမူများသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင် လူ့အဖွဲ့အစည်းသို့ ကူးစက်ပြန့်ပွားနေပြီဖြစ်၏။ ယင်းလူမျိုးခြား ဘာသာခြားများ၏ အသိအမြင်နှင့် အပြုအမူများကို မြန်မာ့ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းထဲမှ ဖယ်ရှားနိုင်ရန် ဤ **''ကာယဂတာသတိဘာဝနာ''** ကို အကြိမ်ကြိမ် အထပ်ထပ် ပွားများရမည်ဖြစ်၏။

အာနာပါနဿတိဘာဝနာ

မိမိ၏ ဝင်လေထွက်လေကို အာရုံပြု ရှုမှတ်မှုသတိကို အာနာပါနဿတိခေါ်၏။ ထိုအာနာပါနဿတိကို ပွားများအားထုတ်သူသည် အာရုံငါးပါးနှင့် ပျော်ပါးနေသောစိတ်ကို အာရုံငါးပါးမှ သိမ်းယူ၍ ဝင်လေထွက်

http://www.dhammadownload.com

လေ၌ စိတ်ကိုထားလျက် သတိနှင့်ကပ်ထားပြီး ရှုမှတ်ရ၏။ ထိုသို့ ရှုမှတ်ဖန်များလာသောအခါ စိတ်ငြိမ်းအေးပြီး အာရုံငါးပါးဆီသို့ မသွားတော့ဘဲ နေတတ်ထိုင်တတ်လာမည်။ သမာဓိအားကောင်းလာပြီး စိတ်သန့်ရှင်း ဖြူစင်လာကာ သဘာဝတရားကို အမှန်အတိုင်း သိမြင်လာနိုင်၏။

နေရာသုံးမျိုး

မြတ်ဗုဒ္ဓသည် တရားအားထုတ်သူများနေထိုင်ရမည့် နေရာအဖြစ် အောက်ပါသုံးမျိုးကို ညွှန်ပြတော်မူခဲ့၏။

(၁) **အရညဂတောဝါ** – တောအရပ်သို့ဖြစ်စေ သွားရမည်။

(၂) **ရုက္ခမူလဂတောဝါ** – သစ်ပင်အောက်သို့ဖြစ်စေ သွားရမည်။

(၃) **သုညာဂါရဂတောဝါ** – လူသံ၊ ရှင်သံ တိတ်ဆိတ်သောအရပ်သို့ ဖြစ်စေ သွားရမည်။

တရားအားထုတ်လိုသူသည် သမာဓိကို တည်ဆောက်နိုင်အောင် အထက်ပါနေရာသုံးမျိုးတွင် တစ်မျိုးမျိုးသောနေရာကို ရွေးချယ်ရမည် ဖြစ်၏။ အာရုံငါးပါးရှိနေသောနေရာ၌ သမာဓိကို တည်ထောင်နိုင်ဖို့ မလွယ်လှပေ။ မူလကပင် စိတ်သည် အာရုံငါးပါးနှင့်ပျော်နေသဖြင့် အာရုံငါးပါးရှိရာနေရာ၌ တရားမှတ်နေလျှင် စိတ်သည် အာရုံငါးပါးဆီသို့ပင် ရောက်နေမည်ဖြစ်၏။ အာရုံငါးပါးသို့ ရောက်နေပါက စိတ်သည် တရားအာရုံ၌ မတည်နိုင်ပေ။ တရားအာရုံ၌ မတည်ပါက သမာဓိမဖြစ်နိုင်ပေ။ သမာဓိမဖြစ်နိုင်ပါက တရားထူးကို မမြင်နိုင်၊ မရနိုင်။ ထို့ကြောင့် အာရုံငါးပါးကင်းဝေးရာ အထက်ပါ နေရာသုံးမျိုးတွင် တစ်မျိုးမျိုးကို အမှန်ပင် ရွေးချယ်ရမည်ဖြစ်၏။

ကြိုတင်ပြင်ဆင်ရန်

၁။ ပတ်ဝန်းကျင်အာရုံများ တိတ်ဆိတ်သောနေရာသို့ သွားပါ။

၂။ ရတနာသုံးပါး သို့မဟုတ် အနုဿတိငါးပါးကို ရှိခိုးပါ။

http://www.dhammadownload.com

၃။ မေတ္တာပို့ပါ။

၄။ စိတ်ထဲ၌ အစွဲအလမ်းအားလုံး ပြင်ပယုံကြည်ချက်ကို ဖယ်ထားပါ။

၅။ မိမိအသက်နှင့် ခန္ဓာကိုယ်ကို နိဗ္ဗာန်သို့ ဦးတည်ထားပါ။

တရားရှုမှတ်ရန် ခန္ဓာကိုယ်ကို ထားနည်း

၁။ တင်ပလ္လင်ခွေထိုင်ပါ၊ သို့မဟုတ် ကျုံ့ကျုံ့ထိုင်ပါ။

၂။ အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်မတ်စွာထားပါ။

၃။ လက်ဝဲလက်ပေါ်တွင် လက်ယာလက်ကိုတင်ထားပါ။

ဆောင်။ တင်ပလ္လင်ခွေကာ၊ ခါးဆန့်ပါ၊ ခေါင်းမှာမတ်မတ်ထား။
ဘယ်လက်ပေါ်တွင်၊ ညာလက်တင်၊ လက်မချင်းပင်ထိ၍ထား။
ဝင်လေ, ထွက်လေ၊ ဤနှစ်ထွေ၊ မှတ်လေသိအောင်ပွား။

ဝင်လေထွက်လေကို ရှုမှတ်ခြင်း

ထိုသို့ထိုင်ပြီးနောက် ဝင်လေထွက်လေကို မနှေးမမြန် မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက် နှာသီးဖျားဌ၌ စိတ်ကိုထားလျက် ဝင်လေမှစ၍ ဝင်လေထွက်လေများထိရာ နှာသီးဖျားမှာ ထိတိုင်းထိတိုင်း၊ ဝင်လျှင် ဝင်လေ၊ ထွက်လျှင် ထွက်လေဟု သိအောင် အဖန်ဖန်ရှုမှတ်ရမည်။

ထိုသို့ ဝင်လေထွက်လေအပေါ်၌ သတိကပ်လျက် ရှုမှတ်ဖန်များလာသောအခါ အလေ့အကျင့်ရလာပြီး သမာဓိအားကောင်းလာမည်။ တရားအားထုတ်စဉ် ဝင်လေထွက်လေကို ရှုမှတ်နေစဉ် စိတ်သည် အာရုံတစ်ခုခုဆီသို့ ရောက်သွားပါက ယင်းစိတ်ကို ပြန်လည်သိမ်းဆည်းပြီး မူလအာရုံဖြစ်သော ဝင်လေထွက်လေများထိရာ နှာသီးဖျားဌ၌ ပြန်လည်ရှုမှတ်ရမည်။ စိတ်ကို မိမိရှုမှတ်နေသော အာရုံတစ်ခုဌ၌သာ ထားနိုင်ပါမှ သမာဓိဖြစ်နိုင်သောကြောင့် စိတ်ကို အခြားမည်သည့်အာရုံသို့မျှ ရောက်မသွားစေရ၊ ဤအချက်ကို အထူးသတိပြုရမည်။

http://www.dhammadownload.com

မှတ်ချက်။ ပဋိဘာဂနိမိတ်ရကောင်းသော **ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကောဋ္ဌာသပညတ်၊ အာနပါနဿတိ**၊ ဤ ၂၂ ပါးသော ကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်ပုံအကျဉ်းကို ပြခဲ့ပြီးဖြစ်၏။

အပ္ပနာသို့ ရောက်စေနိုင်သော ကျန်ကမ္မဋ္ဌာန်း ၈ ပါး

အပ္ပနာသို့ ရောက်စေနိုင်သော ကျန်ကမ္မဋ္ဌာန်း ၈ ပါးဟူသည် အပ္ပမညာ ၄ ပါး၊ အာရုပ္ပ ၄ ပါးပင် ဖြစ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော အပ္ပမညာ ၄ ပါးတွင် မေတ္တာဘာဝနာများပုံကို ပြမည်။

မေတ္တာဘာဝနာ

သတ္တဝါတိုင်းအပေါ်၌ မိခင်စိတ်ဓာတ်မျိုးဖြင့် ချစ်ခင်မြတ်နိုးခြင်း၊ သတ္တဝါများ၏ ကောင်းကျိုးစီးပွားချမ်းသာကို လိုလားခြင်း အဒေါသ စေတသိက်ကို မေတ္တာခေါ်၏။

သတ္တဝါများ၏ အကျိုးစီးပွားနှင့် ချမ်းသာကို လိုလားလျက် သတ္တဝါများအပေါ်မှာ ထားရှိသော မိခင်၏မေတ္တာစိတ်မျိုးကို သတ္တဝါများအပေါ်၌ ဖြန့်ထုတ်သော **''သဗ္ဗသတ္တာ အဝေရာ ဟောန္တု''** စသည်ဖြင့် ပို့လွှတ်ခြင်းကို မေတ္တာပို့ခေါ်၏။

ထိုသို့ ပို့လွှတ်လိုက်သော မေတ္တာစွမ်းအားသည် သတ္တဝါများ၏ သန္တာန်၌ မနောဒွါရခေါ်သော ဘဝင်စိတ်မှာ သွားရောက်ရိုက်ခတ် ထိခိုက်၏။ ထိုသို့ မေတ္တာတရား ဆက်သွယ်ထိခိုက်လာသောအခါ ဆက်သွယ်ခံရသူ၏သန္တာန်၌ အေးမြသော မေတ္တာဓာတ် ပျံ့နှံ့လာ၏။ မေတ္တာတရားသည် မေတ္တာပို့သူ၊ မေတ္တာပို့သခြင်းခံရသူနှစ်ဦးလုံးကို အေးမြချမ်းသာစေနိုင်၏။

မေတ္တာပို့သောအခါ ရှေ့ဦးစွာ မိမိကိုယ်ကို ပို့သရ၏။ ထို့နောက် သူတစ်ပါးကို ပို့သရ၏။ မေတ္တာပို့ရာ၌ တကယ်ချမ်းသာစေလိုသော စိတ်မပါဘဲ ''သဗ္ဗသတ္တာ အဝေရာဟောန္တု'' စသည်ဖြင့် နှုတ်က ဆိုရုံဖြင့်

http://www.dhammadownload.com

ထိရောက်သော မေတ္တာပို့ခြင်း မဖြစ်နိုင်။ ကုသိုလ်ဖြစ်ရုံသာ ဖြစ်နိုင်၏။ ငါက ဆင်းရဲကို စက်ဆုပ်ပြီး ချမ်းသာကို လိုလားသကဲ့သို့ အခြားသတ္တဝါများလည်း ဆင်းရဲကို ဆက်ဆုပ်ပြီး ချမ်းသာကို အလိုရှိကြသည်သာဖြစ်၏။ ဤသို့ စသည်ဖြင့် မိမိနှင့်ထပ်တူ သဘောထားလျက် ကိုယ်ချင်းစာစိတ်ဖြင့် တရစ္ဆာန်ကိုပင် မကျန်စေဘဲ သတ္တဝါအားလုံး ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေဟု စစ်မှန်သော မေတ္တာစိတ်ကို ဖြစ်ပေါ်စေကာ မေတ္တာပို့ရမည်ဖြစ်၏။ သူတစ်ပါးကို မေတ္တာပို့ရာ၌ အနောဓိသမေတ္တာဖရဏာနည်း၊ သြဓိသမေတ္တာဖရဏာနည်း၊ ဒိသာဖရဏာမေတ္တာပို့နည်းများအတိုင်း မေတ္တာပို့ရမည်။

၂၅၈ သွယ် မေတ္တာပွားနည်း

အနောဓိသ မေတ္တာဖရဏာနည်း

''ယောကျ်ား၊ မိန်းမ မည်သူမည်ဝါ'' စသည်ဖြင့် ပိုင်းခြားကန့်သတ်ခြင်းမရှိဘဲ မေတ္တာပွားနည်းကို အနောဓိသ မေတ္တာဖရဏာနည်း ခေါ်၏။

မှတ်ချက်။ ဤမေတ္တာပွားနည်းကို ''အနောဒိဿမေတ္တာ'' ပွားနည်းဟုလည်း ခေါ်၏။

သြဓိသမေတ္တာဖရဏာနည်း

''မိန်းမနှင့် ယောကျ်ားကို တစ်ကန့်စီ၊ အရိယာနှင့် ပုထုဇဉ်ကို တစ်ကန့်စီ'' ဤသို့ စသည်ဖြင့် ကန့်သတ်ပိုင်းခြားလျက် အာရုံပြု၍ မေတ္တာပွားနည်းကို သြဓိသမေတ္တာဖရဏာနည်းဟုခေါ်၏။

မှတ်ချက်။ ဤမေတ္တာပွားနည်းကို သြဒိဿမေတ္တာပွားနည်းဟုလည်း ခေါ်၏။

ဒိသာဖရဏာ မေတ္တာပွားနည်း

ပုရတ္ထိမာယ ဒိသာယ စသည်ဖြင့် အရပ်ဆယ်မျက်နှာနှင့် တွဲဖက်

http://www.dhammadownload.com

၍ မေတ္တာစိတ်ကို ဖြန့်ထုတ်ပွားများသောနည်းကို ''ဒိသာဖရဏာမေတ္တာပွားနည်း'' ခေါ်၏။

ရန်သူအပေါ်မေတ္တာထားနည်း

သတ္တဝါတိုင်း၌ ဆန့်ကျင်ဘက်ရန်သူရှိကြ၏။ သတ္တဝါများသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ ကွသာ၊ မစ္ဆရိယတရားများ အနုသယဓာတ် အနေဖြင့် ကိန်းဝပ်နေကြ၏။ ထို့ကြောင့် သတ္တဝါတိုင်း၌ ရန်သူရှိကြ၏။ ဘုရားရှင်မှာပင် ရန်သူများရှိခဲ့ကြ၏။ ထိုရန်သူအပေါ်၌ ရန်လိုစိတ်၊ အာဃာတစိတ် မထားရပေ။ ထိုရန်သူအပေါ်၌ ကောင်းသောအပြုအမူကို ရှာဖွေလျက် ထိုကောင်းသောအပြုအမူကို အာရုံပြုလျက် ရန်သူအပေါ်၌ ကြည်ညိုလေးစားစိတ်ကိုဖြစ်စေ၍ မေတ္တာပွားရမည်။

ထို့ပြင် ဤသူသည် ငါ၏ရန်သူမဟုတ်၊ ရှေးရှေးဘဝများစွာက ငါ၏မိဘ၊ အစ်ကိုကြီး၊ အစ်မကြီး စသည်ဖြစ်ခဲ့ပြီး ငါ့အား ကျေးဇူးပြုဖူးသူဖြစ်ခဲ့လေပြီ။ သူ့အပေါ်၌ ရန်လိုသော၊ ရန်ငြိုးဖွဲ့သော ဒေါသစိတ်သည်သာ ငါ၏အတွင်းရန်သူအစစ်ဖြစ်၏။ ဤဒေါသသည်သာ အပါယ်ဘုံသို့ ပို့ပေးနိုင်သော ရန်သူအစစ်ဖြစ်၏။ ထို့ကြောင့် ထိုဒေါသကိုသာ ပယ်သတ်ရမည်ဖြစ်၏။ ဤသို့ စသည်ဖြင့် ရှေးရှေးဘဝများစွာက မိဘဆွေမျိုး တော်စပ်ခဲ့ပုံကို ဆင်ခြင်နှလုံးသွင်းလျက် ထိုသူအပေါ်၌ မေတ္တာစိတ်ကို ပွားများရမည်ဖြစ်၏။

မိမိအပေါ်မေတ္တာပို့ခြင်း

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဈော ဟောမိ၊ အနီဃော ဟောမိ၊ သုခီအတ္တာနံ ပရိဟရာမိ။

http://www.dhammadownload.com

အနောမိသမေတ္တာဖရဏာ

၁။ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။

ဩမိသမေတ္တာဖရဏာ

၂။ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊
သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊
သဗ္ဗေ ဝိနိပါတိကာ –
အဝေရော ဟောန္တု၊ အဗျာပဇ္ဈော ဟောန္တု၊
အနီဃော ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

ဒိသာဖရဏာမေတ္တာပို့

၃။ ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊
ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊
သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊

http://www.dhammadownload.com

သဗ္ဗာ ဂ္ဂတ္ထိယော၊ သဗ္ဗေ ပုရိသာ၊
သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ –
အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

အမှာ။ မြန်မာဘာသာဖြင့်လည်း မေတ္တာပို့နိုင်သည်။ ဤမေတ္တာပို့နည်း သည် ပဋိသမ္ဘိဒါမဂ်လာ မေတ္တာပို့နည်းဖြစ်၏။ ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ (ပ) သုခီအတ္တာနံ ပရိဟရန္တုဟု အရပ်ဆယ်မျက်နှာလုံးနှင့် တွဲစပ်၍ မေတ္တာပို့ရမည်။

အနက်မြန်မာပြန်ပုံ

အဟံ – ငါသည်၊ အဝေရော – ကိုယ်တွင်းကိုယ်ပ ရန်မရှိသည်၊ ဟောမိ – ဖြစ်ပါစေ၊ အဗျာပဇ္ဈော – ဒေါမနဿ ဗျာပါဒဟု စိတ်ဆင်းရဲမှု မရှိသည်၊ ဟောမိ – ဖြစ်ပါစေ၊ အနီဃော – ဆင်းရဲဒုက္ခမရှိသည်၊ ဟောမိ– ဖြစ်ပါစေ၊ သုခီ – ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်၊ ဟုတ္ဝာ – ဖြစ်၍၊ အတ္တာနံ – မိမိခန္ဓာကိုယ်ကို၊ ပရိဟရာမိ – ဆောင်ရွက်နိုင်ပါစေ။

၁။ သဗ္ဗေ သတ္တာ – အလုံးစုံသော သတ္တဝါတို့သည်၊
သဗ္ဗေပါဏာ – အလုံးစုံသော အသက်ရှိသူတို့သည်၊
သဗ္ဗေ ဘူတာ – အလုံးစုံသော ထင်ရှားဖြစ်နေသူတို့သည်၊
သဗ္ဗေ ပုဂ္ဂလာ – အလုံးစုံသော ပုဂ္ဂိုလ်တို့သည်၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ – အလုံးစုံသော ခန္ဓာအတ္တဘောဌ် အကျုံးဝင်သူတို့သည်။

http://www.dhammadownload.com

၂။ သဗ္ဗာ ကုတ္ထိယော– အလုံးစုံသော မိန်းမတို့သည်၊
သဗ္ဗေ ပုရိသာ – အလုံးစုံသော ယောကျ်ားတို့သည်၊
သဗ္ဗေ အရိယာ – အလုံးစုံသော အရိယာတို့သည်၊
သဗ္ဗေ အနရိယာ – အလုံးစုံသော ပုထုဇဉ်တို့သည်၊
သဗ္ဗေ ဒေဝါ – အလုံးစုံသော နတ်တို့သည်၊
သဗ္ဗေ မနုဿာ – အလုံးစုံသော လူတို့သည်၊
သဗ္ဗေ ဝိနိပါတိကာ– အလုံးစုံသော အပါယ်ဘုံသားတို့သည်၊
အဝေရာ – ကိုယ်တွင်းကိုယ်ပ ရန်မရှိကြကုန်သည်၊ ဟောန္တု – ဖြစ်ကြပါစေ။

အဗျာပဇ္ဇာ – ဒေါမနဿ, ဗျာပါဒဟု စိတ်ဆင်းရဲမှု မရှိကြကုန်သည်၊ ဟောန္တု – ဖြစ်ကြပါစေ။

အနီဃာ – ဆင်းရဲဒုက္ခ မရှိကြကုန်သည်၊ ဟောန္တု – ဖြစ်ကြပါစေ။

သုခီ – ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်၊ ဟုတ္တာ– ဖြစ်ကုန်၍၊ အတ္တာနံ – မိမိကိုယ်ကို၊ ပရိဟရန္တု – ဆောင်ရွက် နိုင်ကြပါစေ။

၃။ ပုရတ္ထိမာယ ဒိသာယ – အရှေ့အရပ်၌၊
ပစ္ဆိမာယ ဒိသာယ – အနောက်အရပ်၌၊
ဥတ္တရာယ ဒိသာယ – မြောက်အရပ်၌၊
ဒက္ခိဏာယ ဒိသာယ – တောင်အရပ်၌၊
ပုရတ္ထိမာယ အနုဒိသာယ – အရှေ့တောင်ထောင့်အရပ်၌၊
ပစ္ဆိမာယ အနုဒိသာယ – အနောက်မြောက်ထောင့်အရပ်၌၊
ဥတ္တရာယ အနုဒိသာယ – အရှေ့မြောက်ထောင့်အရပ်၌၊

http://www.dhammadownload.com

ဒက္ခိဏာယ အနုဒိသာယ – အနောက်တောင်ထောင့်အရပ်၌၊
ဟေဋ္ဌိမာယ ဒိသာယ – အောက်အရပ်၌၊
ဥပရိမာယ ဒိသာယ – အထက်အရပ်၌၊
သဗ္ဗေသတ္တာ – အလုံးစုံသော သတ္တဝါတို့သည် (ပ)
ပရိဟရန္တု – ဆောင်ရွက်နိုင်ကြပါစေ။

အမှာ။ နံပါတ် (၂) လာအတိုင်း အနက်ကို ဖော်ဆိုပါ။

၅၂၈ သွယ် မေတ္တာ

၁။ အနောဓိသမေတ္တာပွားနည်း ၅ ပါး
၂။ သြဓိသမေတ္တာဖရဏပွားနည်း ၇ ပါး
ပေါင်း ၁၂ ပါး

ထို ၁၂ ပါးကိုတည်၊ အဝေရာဟောန္တု စသော ''န္တု'' လေးပါးဖြင့် မြှောက် (၁၂ × ၄ = ၄၈) ။

ထို ၄၈ ပါးကိုတည်၊ အရပ်ဆယ်မျက်နှာဖြင့်မြှောက်၊ (၄၈ × ၁၀ = ၄၈၀) ဖြစ်၏။ ဤ ၄၈၀ နှင့် မူလ ၄၈ ပါး ပေါင်းပါက **''၅၂၈ သွယ် မေတ္တာ''** ဖြစ်၏။

ကရုဏာ။ သူတစ်ပါး ဆင်းရဲဒုက္ခရောက်နေသည်ကို တွေ့မြင်ရသောအခါ ယင်းဆင်းရဲဒုက္ခကို ဖယ်ရှားလျက် ကယ်တင်လိုသော သဘောထားဖြင့် သူတော်ကောင်းများ၏စိတ်နှလုံးကို တုန်လှုပ်ခြောက်ခြားအောင် ပြုလုပ်တတ်သောသဘောသည် ကရုဏာမည်၏။

ဆင်းရဲနေသူ၊ အထူးအားဖြင့် မိမိနှင့်ဆက်စပ်နေသူ ဆင်းရဲဒုက္ခရောက်နေသည်ကို တွေ့မြင်ရသောအခါ ကရုဏာနှင့် ဆင်တူရိုးမှား လွန်စွာ

http://www.dhammadownload.com

သနားမှုဖြစ်လာတတ်၏။ ကရုဏာအစစ်သည် ကုသိုလ်တရားဖြစ်၍ စိတ်ဆင်းရဲ ညစ်ညူးမှုမရှိပေ။ စိတ်ကြည်လင် သန့်ရှင်းနေ၏။ သနားရာ၌ စိတ်ညစ်မှု၊ စိတ်ဆင်းရဲမှုသဘောပါရှိပါက ကရုဏာအစစ်မဟုတ်ဘဲ အတု သာဖြစ်နေတတ်၏။ စိတ်ဆင်းရဲမှု တွဲဖက်ပါဝင်လာလျှင် သောကခေါ်သော ဒေါမနဿဒေဝနာသာဖြစ်၏။ ဤသို့ အစစ်အတုကို ခွဲခြားနားလည်ထားသင့်၏။

လောဘ, ဒေါသ, မောဟ စသော ကိလေသာတရားများ ထူပြောပြီး အရာရာမှာ မတော်မတရား နိုင်ထက်စီးနင်းပြုလုပ်ကာ လောကၠ ကောင်းစားနေသူများကို တွေ့မြင်ရသောအခါ ထိုသူအပေါ်၌ ရန်လိုစိတ်၊ ရန်ငြိုးဖွဲ့လိုစိတ်မထားဘဲ စစ်မှန်သော ဘာသာတရားနှင့် မိဘဆရာသမားကောင်းများထံမှ စိတ်ကိုယဉ်ကျေးစေတတ်သော အဆုံးအမနည်းလမ်းကောင်းများကို မရရှိခြင်းကြောင့် စိတ်ဓာတ်ရိုင်းစိုင်း ကြမ်းတမ်းနေခြင်းကြောင့်သာ ယခုလိုမကောင်းမှုများကို လုပ်နေတာပဲ၊ သူသေလျှင် အပါယ်သို့ ကျရောက်သွားမှာပဲ၊ သူပြုလုပ်နေသော ဒုစရိုက်မှုမှ ရှောင်ကြဉ်လျက် အပါယ်ဆင်းရဲမှ ဘယ်နည်းနှင့်လွတ်မြောက်နိုင်ပါ့မလဲ စသည်ဖြင့် ဆင်ခြင်နှလုံးသွင်းလျက် ထိုသူအပေါ်၌ သနားစိတ်ကို ဖြစ်ပွားစေရမည်။

၁၃၂ မျိုး ကရုဏာပွားနည်း

အနောမိသ ကရုဏာဖရဏာပွားနည်း

၁။ သဗ္ဗေ သတ္တာ၊ သဗ္ဗေပါဏာ
သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။

http://www.dhammadownload.com

ဩဒိသမေတ္တာဖရဏာ

၂။ သဗ္ဗာ ကုတ္ထိယော၊ သဗ္ဗေ ပုရိသာ
သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ ဒုက္ခာ မုစ္စန္တု။

ဒိသာဖရဏာကရုဏာပွားနည်း

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊
ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊
သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊
သဗ္ဗာ ကုတ္ထိယော၊ သဗ္ဗေ ပုရိသာ၊
သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ
သဗ္ဗေ ဝိနိပါတိကာ၊ ဒုက္ခာ မုစ္စန္တု။

အနက်။ ဒုက္ခာ – ဆင်းရဲမှု၊ မုစ္စန္တု – လွတ်မြောက်ကြပါစေ၊ ကြွင်းအနက်မှာ မေတ္တာပို့နှင့်တူ၏။

မုဒိတာ။ ဘဝကြီးပွားတိုးတက်အောင်မြင်နေသူကို တွေ့မြင်ရသူ၏သန္တာန်၌ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှုကို မုဒိတာဟုခေါ်၏။

http://www.dhammadownload.com

လူသားများနေထိုင်ရာ ကမ္ဘာမြေအပြင်၌ သက်မဲ့ကမ္ဘာက ရှေးဦးစွာ ဖြစ်တည်၏။ ထိုသို့ သက်မဲ့ကမ္ဘာတည်ပြီးနောက် အထက်ပြဟ္မာပြည်မှ ပြဟ္မာများ စုတေ၍ လူ့ပြည်၌ လူလာဖြစ်ကြ၏။ ထိုသို့ဖြစ်ရာ၌ သတ္တဝါများ၏ ကံအားလျော်စွာ ဖြစ်လာကြ၏။ ထိုသို့ ကံအားလျော်စွာ ရလာသော နေရာကို ပါဠိဘာသာဖြင့် ''**ကမ္မဒါယာဒ**'' ကံကပေးသော အမွေခံပစ္စည်းခေါ်၏။ ကံသည် အယုတ်အမြတ် ကွဲပြားသောကြောင့် မိမိ၏ကံကပေးသော ပစ္စည်းလည်း အယုတ်အမြတ် ကွဲပြားမှုရှိ၏။

အသိဉာဏ် တိုးတက်မြင့်မြတ်သူများက မြင့်မြတ်သော အလုပ် (ကံ) ကို ပြုလုပ်ကြပြီး အသိဉာဏ်နိမ့်ကျ ယုတ်ညံ့သူများက ယုတ်ညံ့နိမ့်ကျသော အလုပ် (ကံ) ကို ပြုလုပ်ကြ၏။ အသိဉာဏ် တိုးတက်မြင့်မြတ်သော အလုပ် (ကံ) ကို ပြုလုပ်သူများက မြင့်မြတ်သောနေရာ၌ နေထိုင်လျက် မြင့်မြတ်သောအလုပ်ကို လုပ်ခြင်းကြောင့် မြင့်မြတ်သောအကျိုးအမြတ်ကို ရရှိပြီး အသက်ရှင်နေစဉ် ဘဝတိုးတက်မြင့်မားနေ၏။ အသိဉာဏ် နိမ့်ကျ ယုတ်ညံ့သူများက နိမ့်ကျယုတ်ညံ့သောနေရာ၌ နေထိုင်လျက် နိမ့်ကျယုတ်ညံ့သောအလုပ်ကို ပြုလုပ်ခြင်းကြောင့် နိမ့်ကျယုတ်ညံ့သောအကျိုးအမြတ်ကို ရရှိပြီး ဘဝနိမ့်ကျနေ၏။

ထိုသို့ မိမိ၏အသိဉာဏ်ကို အခြေခံလျက် ရှေးဘဝများစွာက ပြုလုပ်ခဲ့သော ကံတရားက ထောက်ပံ့ပေးပြီး ယခုပစ္စုပ္ပန်ဘဝ၌ မိမိအသိဉာဏ်၊ မိမိ၏ကြိုးစားမှုတို့ကြောင့် ဂုဏ်သရေရှိလျက် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝကာ ဘဝကြီးပွား တိုးတက်နေသူကို တွေ့မြင်ရသောအခါ ငြူစူစိတ် မထားရပေ။ ငြူစူစိတ်ထားသူမှာ သဘာဝအားဖြင့် အပြစ်ရှိ၏။ ယင်းငြူစူစိတ်က ငြူစူသူအား မကောင်းကျိုးများကို ပေး၏။ အသိဉာဏ်ကြွယ်ဝနေကြသော သူတော်ကောင်းများက ထိုသို့ ဘဝကြီးပွားတိုးတက်နေသူကို တွေ့လျှင် ဝမ်းမြောက်ကြ၏။ ယင်းဝမ်းမြောက်မှုကို မုဒိတာခေါ်၏။

http://www.dhammadownload.com

ယင်းဝမ်းမြောက်မှုသည် သဘာဝအားဖြင့် အပြစ်ကင်း၏။ ဝမ်းမြောက်သူအား သင့်လျော်သောအခါ ကောင်းကျိုးတရားကိုပေး၏။ ထို့ကြောင့် ငြူစူစိတ် မထားဘဲ ဝမ်းမြောက်စိတ်ကို ပွားများရန် မြတ်ဗုဒ္ဓက သင်ပြတော်မူ၏။

၁၃၂ မျိုး မုဒိတာပွားနည်း

မုဒိတာပွားပုံသည် ကရုဏာပွားပုံနှင့်တူ၏။ **ဒုက္ခာမုစ္စန္တု** နေရာ၌ **''ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု''** ဟူသော စကားရပ်ကို ပြောင်းထည့်ရုံသာ ထူး၏။

အနက်။ ယထာ လဒ္ဓ သမ္ပတ္တိတော – အကြင် အကြင်ရအပ်ပြီးသော စည်းစိမ်မှ၊ မာဝိဂစ္ဆန္တု – မကင်းလွတ်နိုင်ကြပါစေ။

ဥပေက္ခာ။ သတ္တဝါများအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိဘဲ ညီမျှအောင် သဘောထားနိုင်ခြင်းကို ဥပေက္ခာခေါ်၏။ မေတ္တာထားပြီး သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်လိုခြင်းလည်းမရှိ၊ သနားကြင်နာလျက် သူတစ်ပါး၏ဆင်းရဲကို ပယ်ရှားလိုခြင်းလည်းမရှိ၊ သူတစ်ပါးချမ်းသာနေသည်ကိုတွေ့ရ၍ ဝမ်းမြောက်ခြင်းလည်းမရှိဘဲ သတ္တဝါတိုင်းအပေါ်၌ ကံသာကိုယ်ပိုင်ဥစ္စာရှိကြ၏ဟု သဘောထားနေ (လျစ်လျူရှုနေ) မှုကို ဥပေက္ခာခေါ်၏။

မှတ်ချက်။ ပါရမီ ၁၀ ပါး၌ပါသော ဥပေက္ခာပါရမီနှင့် အပွမညာ ၄ ပါး၌ ပါရှိသော ဥပေက္ခာ ပြဟ္မဝိဟာရတို့ သဘောချင်းမတူပေ။

ပတ်ဝန်းကျင်သတ္တဝါများက မိမိအပေါ်၌ မကောင်းသဖြင့် ဆက်ဆံခြင်း၊ ကောင်းမွန်စွာဆက်ဆံခြင်းကြောင့် စိတ်မဆိုး ဝမ်းမသာဘဲ ယင်းသတ္တဝါများအပေါ်၌ လျစ်လျူရှုနိုင်သော သဘောသည် ဥပေက္ခာပါရမီဖြစ်၏။

http://www.dhammadownload.com

ဥပေက္ခာဗြဟ္မဝိဟာရသည် ယင်းအပြုအမူများနှင့် မသက်ဆိုင်ပေ။ သတ္တဝါများအပေါ်၌ ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ မဖြစ်ရအောင် သက်သက် လျစ်လျူရှုနိုင်ခြင်းသဘောသာ ဖြစ်၏။

အမှုယ။ ဒုက္ခာမုစ္စန္တုနေရာ၌ ကမ္မဿကာကို ပြောင်းထည့်၍ ဥပေက္ခာကို ပွားများပါ။ သို့သော် မေတ္တာကိုသာ ပွားများပါ၊ မေတ္တာဘာဝနာကို ပွားများပါက ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ပါ ပြည့်စုံလာ၏။ မေတ္တာ အကျိုးအာနိသင်သည် ကြီးမားလှ၏။

လူမှုပေါင်းသင်းဆက်ဆံရေးနည်းပညာ

ဆိုင်ရာသတ္တဝါများအပေါ်၌ အာရုံပြု၍ ပွားများရသောကြောင့် ဤအပွမည္ဘာ ၄ ပါးသည် သတ္တဝါပညတ်ကို အာရုံပြု၏မှတ်ပါ။ လူသည် လောကထဲ၌ တစ်ဦးတစ်ယောက်တည်းနေသည်မဟုတ်၊ အများနှင့်စုပေါင်း နေရ၏။ သတ္တဝါအားလုံးသည် တစ်ဦးနှင့်တစ်ဦး စရိုက် ဝါသနာချင်း၊ ကံ ဉာဏ် ဝီရိယချင်းမတူကြသဖြင့် ဘဝချင်းမတူ ကွဲပြားနေကြ၏။ ထို့ပြင် လူတို့သည် မိမိနေထိုင်ရာ ကမ္ဘာမြေကြီးများကို ငါ့မြေ သူ့မြေ၊ ငါ့အိမ် သူ့အိမ်၊ ငါ့ရွာသူ့ရွာ၊ ငါ့မြို့သူ့မြို့၊ ငါ့တိုင်းငါ့ပြည်နယ်၊ သူ့တိုင်းသူ့ပြည်နယ်၊ ငါ့နိုင်ငံ သူ့နိုင်ငံ စသည်ဖြင့် နယ်မြေ များကို ခွဲခြားထားကြ၏။ ထိုသို့ခွဲခြား ပြီးနောက် မိမိအိမ်၊ မိမိမြို့၊ မိမိတိုင်းနှင့် ပြည်နယ်၊ မိမိနိုင်ငံပြင်ပရှိလူများကို လူစိမ်းအဖြစ် သတ်မှတ်လျက် အိမ်ထောင်စု မိသားစုချင်း ရန်ပွဲမှစ၍ နယ်မြေလုစစ်ပွဲကြီးများအထိ ဖန်တီးလျက် လူအချင်းချင်းသတ်ဖြတ်နေကြ၏။ ကိုးကွယ်မှုအပိုင်း၌လည်း မိမိ ကိုးကွယ်သော ဘာသာတရား၏ အများအမှန်ကို စိစစ်ဝေဖန်နိုင်သော အသိဉာဏ်မရှိဘဲ မိမိဘာသာကိုသာ အမှန်ထင်ပြီး ကာကွယ်လျက် အခြားဘာသာဝင်များကို ရန်သူအဖြစ်သတိမှတ်ကာ အခြားဘာသာဝင်များကို သတ်ဖြတ် ဖျက်ဆီးရန် ကြိုးပမ်းလာကြ၏။ ထိုသို့

http://www.dhammadownload.com

လူအချင်းချင်း ခွဲခြားလျက် သတ်ဖြတ်နေခြင်းကြောင့် သတ္တဝါများ၏ ဘဝလုံခြုံမှု ကင်းမဲ့လာကြ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် သတ္တဝါများ၏ ဘဝလုံခြုံရေးအတွက် လူသားတို့၏ အဆိုပါခွဲခြားမှုစနစ်ကို ပပျောက်သွား အောင် ပြဟ္မစိုရ်တရားဟူသော လူမှုပေါင်းသင်းဆက်ဆံရေးနည်းပညာကို သတ်မှတ်ပေးတော်မူခဲ့၏။

၁။ သတ္တဝါများအပေါ်မှာ ခွဲခြားဆက်ဆံမှုမထားဘဲ သတ္တဝါတိုင်းအပေါ် ၌ မိခင်စိတ်ထားမျိုးငြဖွ့ ချစ်ခင်မြတ်နိုးလျက် သတ္တဝါများ၏အကျိုး စီးပွားအတွက် ကြံစည်ခြင်း၊ နည်းလမ်းကောင်းများကို ပြောဆို သင်ပြခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း။

၂။ မိမိဘဝထက်နိမ့်ကျနေသူများ၊ ဆင်းရဲဒုက္ခရောက်နေသည်ကို တွေ့ မြင်ရသောအခါ သူ့လူကိုယ့်လူ မခွဲခြားဘဲ သတ္တဝါတိုင်းအပေါ်၌ သနားကြင်နာစိတ်ဖြင့် ယင်းဆင်းရဲသောဘဝမှ လွတ်မြောက်ရေး နည်းလမ်းကောင်းများကို ကြံစည်ခြင်း၊ ပြောဆိုသင်ပြပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း။

၃။ ကုသိုလ်ကံအားလျော်စွာ မိမိဘဝထက် ကြီးပွားတိုးတက်အောင်မြင် နေသူကိုတွေ့လျှင် သူ့လူကိုယ့်လူမခွဲခြားဘဲ ငြူစူစောင်းမြောင်း စိတ်ကို ချိုးနှိမ်ဖျက်ဆီးလျက် အားရဝမ်းသာရှိနေခြင်း။

၄။ မေတ္တာထား၍လည်းမဖြစ်၊ သနား၍လည်းမဖြစ်၊ ဝမ်းမြောက်၍လည်း မဖြစ်နိုင်သော သတ္တဝါမျိုးရှိတတ်၏။ ထိုသတ္တဝါအပေါ်၌ မေတ္တာ ထားနေလျှင် သို့မဟုတ် သနားနေလျှင် မိမိမှာသာ အကျိုးမဲ့ဖြစ်လာ နိုင်၏။ ထို့ကြောင့် ထိုသတ္တဝါမျိုးအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းမြောက်ခြင်းလည်းမဖြစ်စေဘဲ သဗ္ဗ သတ္တာ ကမ္မဿကာ၊ သူမကောင်း သူ့အကြောင်းနှင့်သူနေလိမ့်မည်ဟု သဘောထား နိုင်ခြင်း။

http://www.dhammadownload.com

အထက်ပါနည်းလမ်းကောင်း (၄) ချက်သည် လောကဥစ္စာနေထိုင်ကြသော လောကသားတိုင်းအတွက် အမှန်ပင်လိုအပ်သော အကြောင်းအချက်အလက်များဖြစ်ကြ၏။ ထိုသဘောထား (၄) မျိုးကို မကျင့်သုံးတတ်ပါက ပြဿနာများနှင့် အမှန်ပင်ရင်ဆိုင်ရကြမည်ဖြစ်၏။ လူသားများသည် လောကအကျိုး၊ မိမိအကျိုးကို အမှန်တကယ်လိုလားပါက ယင်းလူမှုပေါင်းသင်းဆက်ဆံရေးနည်းလမ်း (၄) မျိုးကို အမှန်သိထားရမည်ဖြစ်၏။ လက်တွေ့လိုက်နာကျင့်သုံးတတ်ဖို့လည်း လိုသည်သာဖြစ်၏။ ယနေ့ မျက်မှောက်ခေတ်ကို လေ့လာကြည့်ပါက ယင်းလူမှုပေါင်းသင်းဆက်ဆံရေး နည်းစနစ်ကောင်းများကို မကျင့်သုံးနိုင်ခြင်းကြောင့် ယနေ့လူသားအများအပြား မသေသင့်ဘဲ သေနေကြသည်ကို တွေ့မြင်နေရ၏။ ယနေ့ လူသားများသည် လူတစ်ဦးကို မိမိမကြိုက်ရုံဖြင့် ရန်သူဟု သတ်မှတ်လျက် ရန်သူကို အနိုင်ယူဖို့အတွက် သူ့ထက်ငါ လက်နက်ကိုသာ စုဆောင်းနေကြသည်ကို တွေ့ရ၏။ ဤသို့လက်နက်စုဆောင်းခြင်းဖြင့် အချင်းချင်း ယုံကြည်စိတ်ချမှုမရှိတော့ဘဲ တစ်နေ့ထက်တစ်နေ့ ကမ္ဘာ့နိုင်ငံများ၌ တင်းမာမှုများသာ ဖြစ်ပေါ်လာနေသည်ကို တွေ့ရ၏။ ကမ္ဘာ့လူသားများနှင့် မိမိ၏အကျိုးစီးပွားကို လိုလားပါက မြတ်ဗုဒ္ဓ၏ လူမှုပေါင်းသင်းဆက်ဆံရေးနည်းစနစ်များ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပြန့်ပွားလာအောင် ကြိုးစားသင့်ကြ၏။

အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး ပွားများပုံ
အရူပစျာန်များဖြစ်ပေါ်လာခြင်း

၁။ ရူပါဝစရ ပဉ္စမစျာန်ကို ရရှိပြီးနောက် ပထမာရုပ္ပစျာန်ကို ရလိုသော ယောဂီပုဂ္ဂိုလ်သည် အာကာသမှတစ်ပါး ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့် ပယ်ခွာ၍ ရလာထင်လာသော ကောင်းကင်ပညတ်ကို အာရုံပြုလျက် ‘‘**အနန္တံ အာကာသံ၊ အနန္တံ**

http://www.dhammadownload.com

အာကာသံ'' ဟု နှုတ်မှရွတ်ဆို၍သော်လည်း ပွားများအားထုတ်ရမည်။ စိတ်ဖြင့်မှန်း၍သော်လည်း ပွားများအားထုတ်ရမည်။ ဤသို့ ပွားများ အားထုတ်မှုကို ပရိကံပြုသည်ခေါ်၏။ ဤသို့ အားထုတ်စဉ် ဘာဝနာအသားတက်၍ အဆင့်ဆင့်ရင့်လာကာ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ပထမာရုပ္ပစျာန်ဟူသော အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ အာကာသံ အနန္တံ၊ အာကာသံ အနန္တန္တိဟု အာရုံပြု၍ ပွားများရသောကြောင့် ပထမာရုပ္ပဝိညာဏ်သည် **ကောင်းကင်ပညတ်** ကိုအာရုံပြုသည်မှတ်။

၂။ ပထမာရုပ္ပစျာန်ကို ရရှိပြီးနောက် ဒုတိယာရုပ္ပစျာန်ကို ရရှိလိုလျှင် မိမိရရှိထားသော ပထမာရုပ္ပ ဝိညာဏ်ကိုပင် အာရုံပြုလျက် ''**ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ**'' ဟု ပရိကံပြုသောအခါ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဒုတိယာရုပ္ပစျာန်ဟူသော အပ္ပနာဖြစ်ပေါ်လာ၏။

မှတ်ချက်။ ဝိညာဏံ အနန္တံ ဝိညာဏံ အနန္တန္တိဟု အာရုံပြု၍ ပွားများရသောကြောင့် ဒုတိယာရုပ္ပဝိညာဏ် (ဝိညာဏဉ္စာယတနစိတ်) သည် ပထမာရုပ္ပဝိညာဏ်ကို အာရုံပြု၏ဟုမှတ်။

၃။ ဒုတိယာရုပ္ပစျာန်ကို ရရှိပြီးနောက် တတိယာရုပ္ပစျာန်ကို ရရှိလိုလျှင် ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ ''**နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ**'' ဟု ပရိကံပြုသောအခါ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ တတိယာရုပ္ပစျာန်ဟူသော အပ္ပနာ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိဟု အာရုံပြု၍ ပွားများရသောကြောင့် တတိယာရုပ္ပဝိညာဏ် (အာကိဉ္စညာယတနစိတ်) သည် နတ္ထိဘောပညတ်ကို အာရုံပြုသည်ဟုမှတ်။

http://www.dhammadownload.com

၄။ တတိယာရုပ္ပဈာန်ကို ရရှိပြီးနောက် စတုတ္ထာရုပ္ပဈာန်ကို ရရှိလိုလျှင် မိမိရရှိထားသော တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ ''**သန္တ မေတံ ပဏီတ မေတံ**'' ဟု ပရိကံပြုသောအခါ ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ စတုတ္ထာရုပ္ပဈာန်ဟူသော အပွနာဖြစ်ပေါ်လာ၏။

မှတ်ချက်။ သန္တမေတံ၊ ပဏီတမေတံ ဟု အာရုံပြု၍ ပွားများရသော ကြောင့် စတုတ္ထာရုပ္ပဝိညာဏ်သည် တတိယာရုပ္ပဝိညာဏ်ကို အာရုံပြုသည်ဟုမှတ်။

အာရုပ္ပကမ္မဋ္ဌာန်းပြီး၏။

* * * * *

ပညတ်အာရုံ၊ မဟဂ္ဂုတ်အာရုံခွဲပြပုံ

အရူပဈာန် ၄ ပါးတွင်

(၁) ပထမာရုပ္ပဝိညာဏ် (အာကာသာနဉ္စာယတနစိတ်)

(၂) တတိယာရုပ္ပဝိညာဏ် (အာကိဉ္စညာယတနစိတ်)

ဤစိတ်နှစ်ပါးတို့သည် ပညတ်တရားကို ဧကန်အာရုံပြုကြ၏။

(၁) ဒုတိယာရုပ္ပဝိညာဏ် (ဝိညာဏဉ္စာယတနစိတ်)

(၂) စတုတ္ထာရုပ္ပဝိညာဏ် (နေဝသညာနာသညာယတနစိတ်)

ဤစိတ်နှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို ဧကန်အာရုံပြုကြ၏။

အပွနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းတို့၏ နိမိတ်နှင့်ဘာဝနာ

အပွနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းဆိုသည်မှာ ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ၁၀ ပါးပင်ဖြစ်၏။ ထိုဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းတို့၏ နိမိတ်မှာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်ဖြစ်၏။

http://www.dhammadownload.com

ထိုကမ္မဋ္ဌာန်းတို့၏ ဘာဝနာမှာ ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ တို့ဖြစ်၏။

ပုဒ္ဓါနုဿတိ ဘာဝနာ

သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် အောက်မေ့သတိရနေခြင်းကို ''ပုဒ္ဓါနုဿတိ'' ခေါ်၏။ ထိုမြတ်စွာဘုရား၏ဂုဏ်တော်ကို အထပ်ထပ် အာရုံပြု အောက်မေ့နေမှု သတိကို မိမိ၏စိတ်အစဉ်၌ ဖြစ်စေခြင်း၊ ထိုဂုဏ်တော်ကို အဖန်ဖန်အထပ် ထပ် အာရုံပြု ရွှမ့တ်နေမှုသတိဖြင့် မိမိစိတ်ကို ထုံမွမ်းထားခြင်းကို ''ပုဒ္ဓါ နုဿတိ'' ခေါ်၏။

မြတ်စွာဘုရား၏ဂုဏ်တော်များကို အာရုံပြုလျက် နှုတ်ဖြင့်ရွတ်ဖတ်၍ ဘုရားရှိခိုးခြင်းကိုလည်း ပုဒ္ဓါနုဿတိဘာဝနာခေါ်၏။ နှုတ်ဖြင့် မြတ်စွာဘုရား ၏ ဂုဏ်တော်ကို ရွတ်ဆိုနေစဉ် စိတ်က သက်တော်ထင်ရှား မြတ်စွာဘုရား သို့ ရောက်ရှိနေရမည်။

မြတ်စွာဘုရား၏ဂုဏ်တော်ကို ပွားများရာ၌ ယုံကြည်လေးစားမှု သဒ္ဓါတရား ပိုမိုအင်အားကောင်းလာအောင် ဂုဏ်တော်၏အနက်အဓိပ္ပာယ်ကို သိရှိနေဖို့လို၏။ ဂုဏ်တော်အနက်အဓိပ္ပာယ်ကို သိနေဖို့အတွက် ဂုဏ်တော် ပါဠိ၊ အနက်ကို ကြိုတင်ကျက်မှတ်ထားရမည်ဖြစ်၏။ ဂုဏ်တော်ကို ပွားများ နေသော်လည်း အနက်၊ အဓိပ္ပာယ်ကိုမသိ၍ ယုံကြည်မှုသဒ္ဓါတရား မထက် သန်ပါက အကျိုးပေးရာ၌ အားနည်းနေမည်ဖြစ်၏။

အမြတ်ဆုံးဘာဝနာ

သမထကမ္မဋ္ဌာန်း (၄၀) တွင် ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် အကြီး ကျယ်ဆုံး၊ အမွန်မြတ်ဆုံး ကမ္မဋ္ဌာန်းဖြစ်၏။ မိမိ၏စိတ်အစဉ်ကို အမွန်မြတ်

http://www.dhammadownload.com

ဆုံး ဘုရားရှင်၏ ဂုဏ်တော်များနှင့် ထုံမွှမ်းထားလျှင် ခိုင်မာသော သဒ္ဓါတရားများဖြစ်ပေါ်လာပြီး မိမိအသက်ကိုပင် ဘုရားရှင်အတွက် စွန့်လွှတ်လာနိုင်လိမ့်မည်။ နတ်နှင့်တကွ ပတ်ဝန်းကျင်သတ္တဝါများကလည်း မိမိစိတ်ကို ရိုသေလေးစားလာပြီး ပတ်ဝန်းကျင်အပေါ်၌ မိမိ၏အမိန့်ဩဇာ သက်ရောက်မှု ရှိလာလိမ့်မည်။ သို့ပါ၍ ဝတ္ထုဖတ်ခြင်း၊ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ၊ ရုပ်မြင်သံကြား၊ ဗွီဒီယို၊ ရေဒီယို၊ ဘောလုံးပွဲ စသည်တို့ကို ကြည့်ရှုနားထောင်နေမည့်အစား ထိုအချိန်များ၌ ဘုရားဂုဏ်ကိုသာ ပွားများနေသင့်၏။

နှလုံးသား၌ဘုရားတည်

မိမိစိတ်ကို ဘုရားရှင်၏ဂုဏ်တော်များဖြင့် ထုံမွှမ်းခြင်းသည် မိမိ၏နှလုံးသားမှာ ဘုရားတည်ခြင်းပင်ဖြစ်၏။ မြေကြီး၌ ဘုရားတည်ခြင်းထက် နှလုံးသား၌ ဘုရားတည်ခြင်းက ပို၍မွန်မြတ်၏။ နှလုံးသား၌ ဘုရားဂုဏ်တော်မတည်သူများသည် ဘုရားရှင်ကို မကြည်ညိုကြတော့ပေ။

ဥပမာ – ဘာသာခြားများ၏နှလုံးသား၌ ဘုရားဂုဏ်တော်များမတည်ခြင်းကြောင့် ဘာသာခြားများသည် မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏ရုပ်ပွားတော်များ၊ စေတီတော်များကို မကြည်ညိုကြပေ။ ထို့ကြောင့် မြေကြီးပေါ်၌ တည်ထားသော မြတ်ဗုဒ္ဓ၏ရုပ်ပွားတော်၊ စေတီတော်များသည် မြတ်ဗုဒ္ဓကို မကြည်ညိုသူများနှင့် ဘာသာခြားများအတွက် မည်သို့မျှ အကျိုးမများနိုင်ပေ။ ထို့ကြောင့် ကမ္ဘာလူသားအားလုံး၏နှလုံးသား၌ ဘုရားဂုဏ်တော်များကွယ်ပျောက်သွားပါက မြတ်ဗုဒ္ဓသာသနာတော်လည်း လူ့လောကမှ ကွယ်ပျောက်သွားရသည်သာဖြစ်၏။

အိန္ဒိယနိုင်ငံ၌ မြတ်ဗုဒ္ဓပွင့်တော်မူခဲ့သော်လည်း အိန္ဒိယနိုင်ငံသား၏နှလုံးသား၌ မြတ်ဗုဒ္ဓဂုဏ်တော်များနှင့် မြတ်ဗုဒ္ဓအဆုံးအမတရားတော်များတည်ရှိနေမှုမရှိခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်

http://www.dhammadownload.com

များနှင့် သာသနိကအဆောက်အအုံများသည် အိန္ဒိယနိုင်ငံသားများအတွက် မည်သို့မျှ အသုံးမဝင်ကြပေ။ ဤအချက်သည် ဗုဒ္ဓဘာသာဝင်များ အထူးပင် သတိထားရမည့်အချက်ဖြစ်၏။

မြန်မာဗုဒ္ဓဘာသာဝင်များသည် အနာဂတ်ကို ပိုင်ဆိုင်ကြသည့် လူငယ်များ၏နှလုံးသား၌ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များ တည်ရှိအောင် ကြိုးစားကြရမည်။

အချုပ်အားဖြင့် လောကဌ ဘဝကြီးပွားတိုးတက်လိုပါက မေတ္တာဘာဝနာနှင့် ဗုဒ္ဓါနုဿတိဘာဝနာကို အမြဲပွားများပါ။ အမှန်ပင် တိုးတက်လာလိမ့်မည်။

ဗုဒ္ဓါနုဿတိဘာဝနာပွားများရန်

(၁) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မပွားများမီ စေတီတော်ရင်ပြင်၊ ဘုရားကျောင်း၊ ဘုရားခန်း စသည်ကို သန့်ရှင်းနေအောင် မြက်၊ အမှိုက်များကို သုတ်သင်ဖယ်ရှားခြင်း၊ တံမြက်လှည်းခြင်း စသည်ဖြင့် သန့်ရှင်းရေးပြုလုပ်ရမည်။ အထူးအားဖြင့် ဘုရားကျောင်း၊ ဘုရားခန်းအတွင်း၌ မည်သည့်ပစ္စည်းကိုမျှ မထားရ။

(၂) ဘုရားပန်း၊ သောက်တော်ရေ၊ ဆီမီး စသည်တို့ကို ကပ်လှူပူဇော်ရမည်။ အထူးအားဖြင့် နေလွဲအချိန်၌ ဆွမ်း၊ သစ်သီးစသည်တို့ကို မကပ်လှူရ။

(၃) လူဖြစ်ပါက ငါးပါးသီလ (သို့မဟုတ်) အာဇီဝဋ္ဌမကသီလကို ဆောက်တည်ရမည်။

(၄) ဘုရားရုပ်ပွားတော်၊ စေတီတော်ကို ထိခြင်းငါးပါးနှင့်အညီ ရှိခိုးပါ၊ ရတနာသုံးပါး ဆရာသမား၊ မိဘ စသော ကျေးဇူးရှင်များအပေါ်

http://www.dhammadownload.com

ပြစ်မှားဖူးပါက ထိုအပြစ်တို့ကို သနားသောအားဖြင့် သည်းခံခွင့်လွှတ်ပါရန် တောင်းပန်ရမည်။

(၅) မိမိခန္ဓာကိုယ်ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့အား သုံးကြိမ်တိတိ လှူဒါန်းအပ်နှင်းထားရမည်။

(၆) ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်များ သိမြင်တော်မူအပ်သော သစ္စာလေးပါး တရားတော်ကို လျှင်မြန်စွာ သိရပါစေသားဟု သုံးကြိမ်ဆုတောင်းရမည်။

(၇) ထို့နောက် ဂုဏ်တော်ဘုရားရှိခိုးဖြင့် ရှိခိုးမည်။

(၈) ထို့နောက် ပရိတ်ရွတ်ရမည် (သို့မဟုတ်) ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌာန်း၊ မဟာသမယသုတ်တို့တွင် ကြိုက်ရာကို ရွေးချယ်လျက် ရွတ်ဖတ်ရမည်။

(၉) ထို့နောက် မေတ္တာပို့ပါ၊ မေတ္တာပို့ပြီးနောက် ပုတီးစိပ်လျက် ဂုဏ်တော်ကို ပွားများပါ၊ အမျှဝေပါ၊ မိမိလိုချင်သောဆုကို နေ့စဉ်တောင်းပါ။

ဂုဏ်တော်ဘုရားရှိခိုး

ဘုရားဂုဏ်တော် (၉) ပါး

ကျွတိပိသော ဘဂဝါ –

(၁) အရဟံ
(၂) သမ္မာသမ္ဗုဒ္ဓေါ
(၃) ဝိဇ္ဇာစရဏသမ္ပန္နော
(၄) သုဂတော
(၅) လောကဝိဒူ

http://www.dhammadownload.com

(၆) အနုတ္တရောပုရိသဒမ္မသာရထိ
(၇) သတ္ထာဒေဝမနုဿာနံ
(၈) ဗုဒ္ဓေါ
(၉) ဘဂဝါ။

ဇေဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ သာဒရံ။

၁။ သော ဘဂဝါ – ထိုသုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားသည်၊ ကတိပိ – ခပ်သိမ်းများစွာ ကိလေသာတို့မှ ဝေးကွာတော်မူတတ် ဤသို့ သော ဂုဏ်သကတ်ကြောင့်လည်း၊ အရဟံ – အရဟ မည်တော်မူ၏။

၂။ သော ဘဂဝါ (ပ) သည်။ ကတိပိ – မဖောက်မပြန် သယမ္ဘူဉာဏ် ဖြင့်၊ ငါးတန်းဥေယျ၊ ဓမ္မလုံးစုံ၊ တရားပုံကို၊ အကုန်အစင် သိမြင်တော်မူ တတ် ဤသို့သောဂုဏ်သကတ်ကြောင့်လည်း။ သမ္မသမ္ဗုဒ္ဓေါ – သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သော ဘဂဝါ (ပ) သည်။ ကတိပိ – ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့်၊ ခါမခြားကုံလုံ၊ ပြည့်စုံတော်မူတတ် ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော – ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သော ဘဂဝါ (ပ) သည်။ ကတိပိ – ဇာတိဇရာ ဗျာဓိ မရဏ၊ ဘေးဒုက္ခမသန်း၊ ခေမာနန်းသို့၊ ကြွမြန်းတော်မူတတ် ဤသို့သောဂုဏ် သကတ်ကြောင့်လည်း၊ သုဂတော – သုဂတမည်တော်မူ၏။

၅။ သော ဘဂဝါ (ပ) သည်။ ကတိပိ – သတ္တောကာသ၊ သခီရဟု၊ လောကအားလုံး၊ သိမ်းကျုံးကုန်စင်၊ သိမြင်တော်မူတတ်၊ ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း၊ လောကဝိဒူ – လောကဝိဒူမည်တော်မူ၏။

http://www.dhammadownload.com

၆။ သော ဘဂဝါ (ပ) သည်။ ကွတိပိ – မိမိထက်ကဲတူ၊ ပြိုင်နိုင်သူ မရ၊ လွန်ကဲကြီးမားလှ၍၊ ရိုင်းပြစော်ကား၊ ဆုံးမသင့် ဆုံးမထိုက်သော လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ား အများတို့ကို တုတ် ဓားမပြ၊ တရားချသဖြင့် ဆုံးမပဲ့ပြင် သွန်သင်တော်မူတတ် ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း၊ အနုတ္တရောပုရိသ ဒမ္မသာရထိ – အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

၇။ သော ဘဂဝါ (ပ) သည်။ ကွတိပိ – ပြဟ္မာနတ်လူ၊ ခပ်သိမ်းသူ တို့၏ ဆရာတစ်ဆူအစစ် ဖြစ်ပြီးဖြစ်လတ် ဤသို့သောဂုဏ်သကတ်ကြောင့် လည်း၊ သတ္ထာဒေဝမနုဿာနံ – သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

၈။ သော ဘဂဝါ (ပ) သည်။ ကွတိပိ – သစ္စာလေးတန်၊ တရားမှန် ကို၊ ဝေဖန်သိတတ်၊ ဝေနေယျတို့ကိုလည်း သိစေတော်မူတတ် ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း။ ဗုဒ္ဓေါ – ဗုဒ္ဓ မည်တော်မူ၏။

၉။ သော ဘဂဝါ (ပ) သည်။ ကွတိပိ – ကွဿရိယ၊ ဓမ္မယသ၊ သီရိ ကာမ၊ ပယတ္တဂုဏ်၊ ဘုန်းခြောက်စုံတို့နှင့် ပြည့်စုံတော်မူတတ် ဤသို့သော ဂုဏ်သကတ်ကြောင့်လည်း၊ ဘဂဝါ – ဘဂဝါမည်တော်မူ၏။

၎င်း နဝဟိ ဂုဏေဟိ – ဤအရဟတာ အစလာသည့် ကိုးဖြာ သော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ – ဘဂဝါဆုံးအောင် ဘုံသုံး ဆောင်၌။ ကိတ္တိပျာပိတံ – သိမ့်သိမ့်တုန်ခတ် ပဲ့တင်ထပ်မျှ နှံ့စပ်ကျော် စောတော်မူထသော၊ အတုလံ – သီလခေါင်ထိ သမာဓိနှင့် ကြီးဘိပညာ လွန်ကဲသာ၍ ပြိုင်လာနိုင်သူအတူလည်းရှိတော်မမူထသော၊ ဓမ္မရာဇာနံ – သုံးဘုံမကိုင်၌ သုံးတိုက်သရဖူ သုံးလူသင်းကျစ် ဓမ္မရာဇ်ထွတ်ထား ရှင်တော် မြတ်ဘုရားကို။ တိဟိ – လက်အုပ်အပ္ဆလိ နှုတ်သံချီလျက် ရွှင်ကြည်မနော သုံးပါးသောဒွါရတို့ဖြင့်။ သာဒရံ – လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်

http://www.dhammadownload.com

ဖြစ်၍။ ဝန္ဒာမိ – ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာညတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ပုဒ္ဓါနုဿတိဘာဝနာပွားများခြင်း

ဘုရားဂုဏ်တော်ကို ပွားများရာ၌ တင်ပလ္လင်ခွေထိုင်ပါ (သို့မဟုတ်) ကျုံ့ကျုံ့ထိုင်ပါ။ ဂုဏ်တော်၏အနက်အဓိပ္ပာယ်ကို မြန်မာလို ပွားများရာတွင် ပွားများစအချိန်၌ စိတ်ဝင်စားမှုနည်းပါးနေတတ်၏။ ထို့ကြောင့် ရှေ့ဦးစွာ ဂုဏ်တော်ပုတီးစိပ်လုပ်ငန်းကို စတင်လေ့ကျင့်သင့်၏။

သောဘဂဝါကွာတိပိအရဟံ စသည်ဖြင့် ဂုဏ်တော်တစ်ပါးဆုံးလျှင် ပုတီးတစ်လုံးချရမည်။ ဤသို့ စသည်ဖြင့် ဂုဏ်တော်တစ်ပါးကို ပုတီးတစ်ပတ် ကုန်ဆုံးသည်အထိ စိပ်ရမည်။ ဂုဏ်တော်ကိုးပါးပြီးဆုံးလျှင် ပုတီးကိုးပတ် ပြည့်၍ ဂုဏ်တော်တစ်ထောင်ကို ပွားများပြီးဖြစ်၏။ (၉၇၂) လုံးကို တစ်ထောင် ဟုပင်ခေါ်၏။ ဂုဏ်တော်ကို ပွားရာ၌ အသံမထွက်ရ၊ စိတ်ဖြင့်သာ ပွားများ ရမည်။ ဂုဏ်တော်ကို ပွားများနေစဉ် မိမိစိတ်က ပုတီးဆီသို့ ရောက်မနေရ။ သက်တော်ထင်ရှား ဘုရားရှင်ထံသို့ ရောက်နေရမည်။ အထူးအားဖြင့် ဂုဏ် တော်တစ်ပါးကို ပွားများနေစဉ် ထိုဂုဏ်တော်နှင့် ဆက်စပ်နေသော ဘုရား ရှင်၏အကြောင်းအရာတစ်ခုကို ဆင်ခြင်ပွားများနိုင်ပါက ပိုကောင်း၏။ ဥပမာ– ခပ်သိမ်းများစွာ ကိလေသာမှ ဝေးကွာတော်မူသော မြတ်စွာဘုရားဟု အရဟံ ဂုဏ်တော် ပွားများနေစဉ် မာရ်နတ်သမီးသုံးယောက် လာရောက်ဖြားယောင်း ဖျက်ဆီးသောအခါ ဘုရားရှင်၏သန္တာန်၌ ကိလေသာအားလုံး ချုပ်ငြိမ်း ဝေးကွာတော်မူခြင်းကြောင့်သာ ကာမဂုဏ်ခံစားလိုစိတ် မဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်ဟု ဆင်ခြင်ပါ။

ဤနည်းဖြင့် နံနက်တစ်ကြိမ် နေ့လည်တစ်ကြိမ် ညတစ်ကြိမ်ကျစီ

http://www.dhammadownload.com

ဂုဏ်တော်ကို ပွားများပါ။ ဤသို့ နေ့စဉ် မှန်မှန်ပွားများပါ။ နေ့လည်ပွားများရာ၌ အချိန်အပြည့် မပေးနိုင်လျှင် ဂုဏ်တော်ပုတီးစိပ်ရုံသာစိပ်ပါ။ အဓိဋ္ဌာန်ဖြင့် နေ့စဉ်မပျက်စေဘဲ အနည်းဆုံး တစ်လလောက်ပွားများမိပါက ထူးခြားချက်ရှိလာလိမ့်မည်။ မျက်မှောက်ခေတ် ရဟန်းတော်များ အချိန်အဝါကျလာပြီး အချင်းချင်း ယုံကြည်လေးစားမှု၊ ဒကာ ဒကာမများ ရိုသေလေးစားမှု နည်းလာခြင်းသည် မိမိနေရာ၌နေလျက် မိမိအလုပ်ကိုမလုပ်ဘဲ မိမိနှင့်မဆိုင်သော လောကီရေးကိစ္စများ၌ အချိန်ကုန်နေကြခြင်းကြောင့်ပင်ဖြစ်၏။

ဂုဏ်တော်ပုတီးစိပ်ပုံ

၁။ သောဘဂဝါကွတိပိ အရဟံ။ (ပုတီးတစ်လုံးချ)
၂။ သောဘဂဝါကွတိပိ သမ္မာသမ္ဗုဒ္ဓေါ
၃။ သောဘဂဝါကွတိပိ ဝိဇ္ဇာစရဏသမ္ပန္နော
၄။ သောဘဂဝါကွတိပိ သုဂတော
၅။ သောဘဂဝါကွတိပိ လောကဝိဒူ
၆။ သောဘဂဝါကွတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ
၇။ သောဘဂဝါကွတိပိ သတ္ထာဒေဝမနုဿာနံ
၈။ သောဘဂဝါကွတိပိ ဗုဒ္ဓေါ
၉။ သောဘဂဝါကွတိပိ ဘဂဝါ။

ဤသို့ ဂုဏ်တော်ကို ပွားများရာ၌ အရဟံ စသော ဂုဏ်တော်သည် ပရိကမ္မနိမိတ်မည်၏။ ပွားများအားထုတ်မှုသည် ပရိကမ္မဘာဝနာမည်၏။ ထိုသို့ ပွားများအားထုတ်ဖန်များလာသောအခါ ထိုအရဟံ စသော ဂုဏ်တော်ကို ကောင်းစာယူမိပါက ဥဂ္ဂဟနိမိတ်ထင်လာပြီဟု ဆိုသင့်၏။ ထိုသို့ ဥဂ္ဂဟနိမိတ်ထင်လာသောအခါ ပရိကမ္မဘာဝနာသည်လည်း သမာဓိရကာ

http://www.dhammadownload.com

တည်ကြည်လာ၏။ ထိုထက် သမာဓိရလာသောအခါ နိဝရဏတရားများ ကင်းကွာ၍ ဥပစာရဘာဝနာအဆင့်သို့ ရောက်လာ၏။ အပ္ပနာဘာဝနာအဆင့်သို့ မရောက်နိုင်ပေ။

မှတ်ချက်။ ကျမ်းစာကြီးများနေမည်စိုးသဖြင့် ဓမ္မာနုဿတိ စသော အနုဿတိ (၎) ပါး ပွားများပုံကို မပြနိုင်တော့ပါ။

အာဟာရေ ပဋိကူလသညာကမ္မဋ္ဌာန်း

စားသောက်ဖွယ်အစာအားလုံးကို အာဟာရခေါ်၏။ ထိုအာဟာရ အပေါ်၌ ''စက်ဆုပ်ရွံစရာ'' အဖြစ် ထင်မြင်လာအောင် ဆင်ခြင်ခြင်းကို ''အာဟာရေ ပဋိကူလသညာ'' ခေါ်၏။ လူတို့သည် အာဟာရအပေါ် နှစ်သက်တွယ်တာမှု ရသတဏှာဖြင့် အစာကိုစားကြ၏။ အစာအာဟာရ အပေါ် တွယ်တာသောရသတဏှာကို နှိပ်ကွပ်နိုင်သော အသိဉာဏ်များ မရှိခြင်းကြောင့် ရသတဏှာ၏ဆွဲအားကြောင့် ကျွဲ၊ နွား၊ ဝက် စသော တိရစ္ဆာန်များအပေါ် ကိုယ်ချင်းစာတရားမထားနိုင်ဘဲ အရှင်လတ်လတ် ရက်ရက်စက်စက် သတ်ဖြတ်လျက် မိသားစု (သို့မဟုတ်) အပေါင်းအသင်း များနှင့် ဝိုင်းဖွဲ့၍ ရယ်ရယ်မောမော စားသောက်နေကြ၏။

ခန္ဓာကိုယ်ကို ရသတဏှာဖြင့် ဖွဲ့စည်းထား၍ ယင်းရသတဏှာ၏ ဆွဲအားကြောင့် မိုက်မိုက်ရူးရူး ရက်စက်ကြမ်းကြုတ်စွာ သူတစ်ပါးအသက် ကို သတ်ဖြတ်စားသောက်နေသောလူသားများကို ''လူသားများ၏ အစား အစာအဖြစ်သတ်ဖြတ်စားသောက်ရန် ငါတို့ဘုရားက တိရစ္ဆာန်များကို ဖန်ဆင်း ပေးထားတာပါ'' ဟု ဘာသာရေးအမည်ခံသူများက ဖန်ဆင်းရှင်ကို လက်ညှိုးထိုးပြလျက် မြွောက်ပင့်ပြောဆို သင်ပြမှုကြောင့် လူသားတို့သည် ပို၍ပို၍ ရက်စက်ကြမ်းကြုတ်လာကြသည်ကို တွေ့ရ၏။ လူသားများကို ဒုက္ခ

http://www.dhammadownload.com

အပေးဆုံးတဏှာသည် ရသတဏှာနှင့် ဖောဋ္ဌဗ္ဗတဏှာပင်ဖြစ်၏။

မြတ်ဗုဒ္ဓသည် ထိုရသတဏှာကြောင့် လူသားများ မိုက်မဲကြမ်းကြုတ်နေကြပုံကို တွေ့မြင်တော်မူသဖြင့် ယင်းရသတဏှာ အင်အားနည်းလာအောင် အစာစားသောအခါ အစာအာဟာရ၏ ပကတိဖြစ်ရပ်မှန်အခြေအနေကို မိမိအသိဉာဏ်ဖြင့် ဆင်ခြင်စားသောက်တတ်အောင် **''အာဟာရေ ပဋိကူလသညာ''** ကမ္မဋ္ဌာန်းရှုနည်းကို သင်ပြပေးတော်မူခဲ့၏။ အစာအာဟာရအပေါ် ဆက်ဆုပ်ရွံစရာအဖြစ် ရှုမြင်ပုံကို ကျမ်းဂန်လာအတိုင်းရေးပါက ကျမ်းစာကြီးနေမည်စိုးသဖြင့် လိုရင်းတိုရှင်းကိုသာရေးမည်။

အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းပွားများပုံ

ငါတို့လူသားများသည် ဤအစာကို စားသောက်နိုင်ရေးအတွက် စစ်ဘေးစစ်ဒဏ်ကိုမရှောင်၊ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေကိုပင် မရှောင်၊ လက်နက်ကိုင်သူပုန် ဓားပြရန်ကိုမရှောင်၊ မိုးရွာမရှောင် နေပူမရှောင်၊ ခြင်္သေ့၊ သစ်၊ ကျားရန်ကိုမရှောင်ဘဲ အလွန်ဆင်းရဲပင်ပန်းစွာ ရှာဖွေစားသောက်ကြရ၏။

ထိုသို့ ရှာဖွေစားသောက်သောအခါ၌ မစားမီ၊ စားချင်းစရာအဖြစ် ခဏလေးသာတွေ့မြင်ရပြီး ပါးစပ်ခံတွင်းပေါက်သို့ထည့်ပြီး ဝါးနေစဉ် လျှာရည်တွံတွေး၊ ခွေးများဖြင့်ရောနှောလျက်မစားမီမြင်ရသော အဆင်း၊ အနံ့ ပဲပျောက်ပျက်စီးသွားကာ ခွေးအံ့ဖတ်ကဲ့သို့ လွန်စွာစက်ဆုပ်ဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွား၏။

ယင်းစက်ဆုပ်ဖွယ်အစာကို မျိုချလိုက်သောအခါ အစာသစ်အိမ်သို့ ရောက်သွား၏။ ယင်းအစာသစ်အိမ်သည် မွေးကတည်းကပါလာပြီး တစ်ကြိမ်တစ်ခါဆေးကြောသုတ်သင်ခြင်းမရှိဘဲ ညစ်ပေနေသော ခွေးစာ၊ ဝက်စာကျွေးရာခွက်ကဲ့သို့ လွန်စွာစက်ဆုပ်ရွံစရာကောင်းလှ၏။ မရွှင်တွင်း၌ မစင်

http://www.dhammadownload.com

များကို ပိုးအမျိုးမျိုးကျရောက်ခဲစားလျက် ပိုးလောက်များ ကျိကျိတက်ကာ လွန်စွာစက်ဆုပ်စရာကောင်းသကဲ့သို့ ထိုရွံစရာကောင်းသော အစာသစ်အိမ်၌ ပိုးလောက်အမျိုးမျိုး ကျိကျိတက်ပြီး အမြှုပ်အပွက် အပုပ်ရည်များ ထလျက် မကောင်းသောအနံ့အသက်ဖြင့် လွန်စွာစက်ဆုပ်ဖွယ်ကောင်းလှ၏။ အစာသစ်အိမ်၌ ပုပ်သိုးနေခြင်းကြောင့် အိပ်ရာမှထလာစဉ် ပါးစပ်မှ အပုပ်ရည်များ ယိုစီးကျလာကြ၏။ စက်ဆုပ်ဖွယ်ကောင်းပါပေစွ။

ပါးစပ်က ဝမ်းမီးဖြင့်ချက်၍ မကြေညက်ပါက ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ ရင်ပြည့်ရင်ကယ်လျက် အော့အန်ခြင်းများဖြစ်ကာ ပါးစပ်ပေါက်ကာပြန်၍ အံဖတ်များ အန်ထွက်လာရာ ချဉ်စုတ်လျက် အလွန်ပင်စက်ဆုပ်ရွံစရာကောင်းလှ၏။ ကောင်းစွာအစာကျေညက်ပြီး မစင်ဖြစ်လျက် ဒွါရပေါက်မှ ယိုကျလာသောအခါ မိမိမစင်ကို မကြည့်လို မမြင်လိုသဖြင့် နှာခေါင်းကို အဝတ်ဖြင့်ပိတ်လျက် မျက်နှာလွှဲနေတတ်ကြ၏။ ပါစက ဝမ်းမီးက ကျေကျက်အောင် ချက်ပြီးထွက်လာသော အဆီအနှစ်များသည် ခန္ဓာကိုယ်ထဲသို့ ပျံ့နှံ့သွားပြီး စက်ဆုပ်ဖွယ်ကောင်းသော ဆံပင်၊ အမွေး၊ လက်သည်းခြေသည်း၊ သွား၊ အရိုး၊ ခြင်ဆီစသော (၃၂) ကောဋ္ဌာသအပုပ်မျိုးသာဖြစ်လာရုံသာမက နူနာ၊ ပွေး၊ ဝဲ၊ နှင်းခူ၊ ယားနာ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ စသော အနာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်၏။ ဤသို့ အနာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သောကြောင့်လည်း အစာအာဟာရများသည် အလွန်ပင် စက်ဆုပ်ဖွယ်ကောင်းလှ၏။ ဤသို့ စသည်ဖြင့် အစာအာဟာရအပေါ်၌ စက်ဆုပ်ရွံဖွယ်အဖြစ် ဆင်ခြင်ပွားများရမည်။

ဤအစာအာဟာရများ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော်လည်း ရောဂါပျောက်စေလိုသဖြင့် စက်ဆုပ်ဖွယ်ကောင်းသော နွားကျင်ငယ်ကို ဆေးအဖြစ် သောက်သုံးရသကဲ့သို့ လွန်စွာခါးသော ဆေးခါးကြိုးကို စားသောက်ရသကဲ့

http://www.dhammadownload.com

သို့ အသက်ရှင်လျက် ဣရိယာပုတ်လေးပါးမျှတကျန်းမာ၍ ရှည်လျားသော သံသရာက စွဲကပ်ပါလာသော ကိလေသာရောဂါဆိုးများ ပျောက်ကင်းစေဖို့ မြတ်စွာဘုရား၏အဆုံးအမတရားတော်ဖြစ်သော သမထဘာဝနာ ဝိပဿနာ ဘာဝနာတို့ကို ကြိုးစားအားထုတ်နိုင်စေရန် ဤအစာအာဟာရကို မှီဝဲရခြင်း ဖြစ်သည်ဟု ဆင်ခြင်လျက် စားသောက်ရမည်။

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း

လူသားတို့သည် ခန္ဓာကိုယ်အဖြစ် ဖွဲ့စည်းပေါ်နေသော နာမ်ရုပ်တရားများကို နာမ်ရုပ်တရားအဖြစ် မမြင်ကြဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအဖြစ် ရှုမြင်ကြ၏။ ထိုအမြင်သည် အမြင်မှား ဖြစ်၍ လူမှုရေးပြဿနာများနှင့် ဆင်းရဲဒုက္ခအမျိုးမျိုးကိုသာ ဖြစ်ပွားစေ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအမြင်များ ပပျောက်လျက် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားသော ဓာတ်လေးပါး အစုအဝေးအဖြစ် မှန်မှန်ကန်ကန် ထင်မြင်လာအောင် ခန္ဓာကိုယ်၌ရှိနေသော သဘာဝရုပ်တရားများကို အုပ်စုလေးစုခွဲခြားသိမြင်တတ်သော ဉာဏ်ပညာသည် စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းမည်၏။

ဆင်ခြင်ပွားများပုံ

ငါ၏တစ်လံမျှလောက်သော ခန္ဓာကိုယ်သည် -

၁။ မြေ (ပထဝီ) ဓာတ် လွန်ကဲသောရုပ်အစု၊

၂။ ရေ (အာပေါ) ဓာတ် လွန်ကဲသောရုပ်အစု၊

၃။ မီး (တေဇော) ဓာတ် လွန်ကဲသောရုပ်အစု၊

၄။ လေ (ဝါယော) ဓာတ် လွန်ကဲသောရုပ်အစု။

ဤရုပ်အစုလေးမျိုးဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေ၏။

http://www.dhammadownload.com

ပထဝီ (မြေ) ဓာတ် လွန်ကဲသောရုပ်အစု

၁။ ကေသာ – ဆံပင်
၂။ လောမာ – အမွေး
၃။ နခါ – ခြေသည်း၊လက်သည်း
၄။ ဒန္တာ – သွား
၅။ တစော – အရေထူ အရေပါး
၆။ မံသံ – အသား
၇။ နှာရု – အကြော
၈။ အဋ္ဌိ – အရိုး
၉။ အဋ္ဌိမဉ္ဇံ – ရိုးတွင်းခြင်ဆီ
၁၀။ ဝက္ကံ – ကျောက်ကပ်ခေါ်သောအညှို့
၁၁။ ဟဒယံ – နှလုံးသား
၁၂။ ယကနံ – အသည်း
၁၃။ ကိလောမကံ – အမြှေး
၁၄။ ပိဟကံ – အဖျင်း (သရက်ရွက်)
၁၅။ ပပ္ဖါသံ – အဆုတ်
၁၆။ အန္တံ – အူမ
၁၇။ အန္တဂုဏံ – အူသိမ်
၁၈။ ဥဒရိယံ – အစာသစ်
၁၉။ ကရီသံ – အစာဟောင်း
၂၀။ မတ္ထလုင်္ဂံ – ဦးနှောက်

http://www.dhammadownload.com

အာပေါ (ရေ) ဓာတ်လွန်ကဲသောရုပ်အစု

၁။	ပိတ္တံ	– သည်းခြေ	၇။	အဿု	– မျက်ရည်
၂။	သေမှံ	– သလိပ်	၈။	ဝသာ	– ဆီကြည်
၃။	ပုဗ္ဗော	– ပြည်	၉။	ခေဠော	– တံတွေး
၄။	လောဟိတံ	– သွေး	၁၀။	သိင်္ဃာဏိကာ	– နှပ်
၅။	သေဒေါ	– ချွေး	၁၁။	လသိကာ	– အစေး
၆။	မေဒေါ	– အဆီခဲ	၁၂။	မုတ္တံ	– ကျင်ငယ်

တေဇော (မီး) ဓာတ်လွန်ကဲသောရုပ်အစု

၁။ **သန္တပ္ပန** = တစ်ရက်ခြား၊ နှစ်ရက်ခြား ဖျားစေတတ်သော လွန်စွာပူသော မီးဓာတ်။

၂။ **ဒဟန** = ပေါက်နာ၊ ကျောက်နာ စသော အသွေးအသားကို ကျက်လောင်စေသော၊ လွန်စွာပူလောင်စေသော မီးဓာတ်။

၃။ **ပါစက** = အစာကို ကျေစေတတ်သော မီးဓာတ်။

၄။ **ဇိရဏ** = ရင့်ရော်မှည့်ရွမ်း ဟောင်းနွမ်းဆွေးမြေ့စေပြီး ဆံဖြူသွားကျိုးအောင် မျက်စိမွဲ၊ အသားအရေတွန့်၊ အိုမင်းယိုယွင်းအောင်ပြုတတ်သောမီးအစု။

ဝါယော (လေ) ဓာတ်လွန်ကဲသောရုပ်အစု

၁။ **ဥဒ္ဓင်္ဂမဝါတာ** = အထက်သို့ဆန်တက်သောလေ၊

၂။ **အဓောဂမာဝါတာ** = အောက်သို့စုန်ဆင်းသောလေ၊

၃။ **ကုစ္ဆိသယာဝါတာ** = ဝမ်းဗိုက်တွင်း၌ကိန်းသောလေ၊

၄။ **ကောဋ္ဌာသယာဝါတာ** = အူမ အူသိမ်၌ ကိန်းသောလေ၊

http://www.dhammadownload.com

၅။ **အဂိမဂိနုသာရိနောဝါတာ** = ကိုယ်အင်္ဂါလှုပ်ရှားရန်၊ ကိုယ်အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေ။

၆။ **အဿာသပဿာသဝါတာ** = ဝင်လေထွက်လေ။

အမှာ။ ဤသို့ ဓာတ်အုပ်စုလေးခုကို ကွဲပြားအောင် အဖန်ဖန်ရှုပါ။ ဤနည်းဖြင့် ဆက်၍ အသေးစိတ်များကို ဆက်လက်လေ့လာပါ။

ပဋိဘာဂနိမိတ်မရကောင်းသော ကမ္မဋ္ဌာန်း ၁၈ ပါး၌ နိမိတ်နှင့် ဘာဝနာတွဲစပ်ပြပုံ

ပဋိဘာဂနိမိတ်မရကောင်းသော ကမ္မဋ္ဌာန်း ၁၈ ပါးတွင် –

၁။ အပ္ပမညာ ၄ ပါး၊ အာရုပ္ပ ၄ ပါး၊ ဤကမ္မဋ္ဌာန်း ၈ ပါးတို့၌ ပရိကမ္မနိမိတ်နှင့် သမာဓိအား မကောင်းမီ ရှေ့ပိုင်းပရိကမ္မဘာဝနာဖြစ်၏။ ဥဂ္ဂဟနိမိတ်နှင့် သမာဓိအား ကောင်းလာသောအခါ နောက်ပိုင်း ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာတို့ဖြစ်၏။

၂။ အပ္ပနာဘာဝနာ မရနိုင်သော ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ၁၀ ပါးတို့၌ ပရိကမ္မနိမိတ်နှင့် သမာဓိအား မကောင်းမီ ရှေ့ပိုင်း ပရိကမ္မဘာဝနာဖြစ်၏။ ဥဂ္ဂဟနိမိတ်နှင့် သမာဓိအားကောင်းလာသောအခါ နောက်ပိုင်း ပရိကမ္မဘာဝနာ ဥပစာရဘာဝနာတို့ဖြစ်၏။

နိမိတ်၊ ဘာဝနာ၊ ကမ္မဋ္ဌာန်း ၃ မျိုး တွဲစပ်ပုံ

၁။ နိမိတ် ၃ ပါး၊ ဘာဝနာ ၃ ပါးလုံးရနိုင်သော ကမ္မဋ္ဌာန်းမှာ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ဆံပင် အစရှိသော ကောဋ္ဌာပညတ်၊ အာနာပါန ပညတ်ဟူ၍ ၂၂ ပါးဖြစ်၏။

http://www.dhammadownload.com

၂။ နိမိတ် ၂ ပါး၊ ဘာဝနာ ၃ ပါး ရနိုင်သော ကမ္မဋ္ဌာန်းမှာ အပွမည္ ၄ ပါး၊ အာရုပ္ပ ၄ ပါး ဟူ၍ ၈ ပါးဖြစ်၏။

မှတ်ချက်။ ဤကမ္မဋ္ဌာန်း ၈ ပါးသို့ ပဋိဘာဂနိမိတ်ကို မရနိုင်။

၃။ နိမိတ် ၂ ပါး၊ ဘာဝနာ ၂ ပါး ရနိုင်သော ကမ္မဋ္ဌာန်းမှာ ဗုဒ္ဓါနုဿတိ စသော အနုဿတိ ၈ ပါး၊ အာဟာရေ ပဋိကူလသညာ ၁ ပါး၊ စတုဓာတုဝဝတ္ထာန် ၁ ပါးဟူ၍ ၁၀ ပါးဖြစ်၏။

မှတ်ချက်။ ဤကမ္မဋ္ဌာန်း ၁၀ ပါးသို့ ပဋိဘာဂနိမိတ် အပွနာဘာဝနာကို့ကို မရနိုင်။

အဘိညာဉ်

ရူပါဝစရကုသိုလ်၊ ကြိယာပဉ္စမစျာန်စိတ်၌ ယှဉ်သော ထူးခြားစွာ သိတတ်သော ပညာစေတသိက်ကို အဘိညာဉ်ခေါ်၏။ ထိုပညာစေတသိက်နှင့် ယှဉ်သောကြောင့် ရူပါဝစရ ပဉ္စမစျာန်ကိုလည်း အဘိညာဉ်ခေါ်၏။

ပါရမီထူးရှိသူများသည် မင်္ဂလာရုံ ပဉ္စမစျာန်ကိုရရုံမျှဖြင့် အဘိညာဉ်ကို ရနိုင်ကြ၏။ ထိုသို့ ပါရမီထူးရှိသူများ မဟုတ်လျှင် သမာပတ် ၈ ပါး စျာန် ၉ ပါးကို ရအောင် အားထုတ်ရ၏။ ယင်းသမာပတ်များကို ကသိုဏ်း ၁၀ ပါး၌ အမျိုးမျိုးအဖုံဖုံ အစုန်အဆန် ပြန်လှန်ခုန်ကျော်လျက် ဝသီဘော်မြောက်အောင် လေ့လာထားရ၏။ မိမိစိတ်ကို နူးညံ့အောင် ပြုပြင်ထားရ၏။ ဤသို့လေ့လာထားမှသာ အဘိညာဉ်ကို ပြည့်စုံစေ၏။

အဘိညာဉ်ဖြစ်ပေါ်လာပုံ

အထက်ကဆိုခဲ့သည့်အတိုင်း စိတ်ကိုဆုံးမ၍ အဘိညဉ် တစ်ခုခုကို ဖြစ်စေလိုလျှင် –

http://www.dhammadownload.com

၁။ ရှေးဦးစွာ အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရ ပဉ္စမစျာန် ကို ဝင်စားရ၏။

၂။ ထိုပဉ္စမစျာန်မှ ထပြီးနောက် အဘိညာဉ်ဆိုင်ရာ အဓိဋ္ဌာန်အပ် သော အာရုံတစ်ခုခုကို မှန်း၍ ''သတ်ဟောမိ၊ သဟဿံ ဟောမိ'' စသည် ဖြင့် အဖန်တလဲလဲ စီးဖြန်းပွားများမှု ပရိကံပြုရ၏။

၃။ ထို့နောက် ကသိုဏ်းတစ်ပါးပါးကို အာရုံပြု၍ ရူပါဝစရပဉ္စမစျာန် ကို ဝင်စားရပြန်၏။

၄။ ထို့နောက် ပရိကံပြုအပ်သော သတ သဟဿနိမ္မိတစသော ဆိုင်ရာ အာရုံတစ်ခုခုကို အာရုံပြု၍ ရူပါဝစရကုသိလ်ကြီယာပဉ္စမစျာန်စိတ် သည် အဘိညာဉ်ဟူသော အမည်ဖြင့် အပွနာသို့ရောက်ရ၏။

မှတ်ချက်။ အမှတ် ၁ လာ စကားရပ်ဖြင့် အဘိညာဉ် ပါဒစျာနဝီထိကို ပြ၏။ အမှတ် ၂ လာ စကားရပ်ဖြင့် ပရိကမ္မဝီထိကိုပြ၏။ အဓိဋ္ဌာန်ပြုသော ဝီတိဖြစ်သောကြောင့် ဤဝီတိကို အဓိဋ္ဌာနဝီထိဟုလည်း ခေါ်၏။ အမှတ် ၃ လာ စကားရပ်ဖြင့် နောက်ထပ်ပါ ဒကစျနာဝီထိကိုပြ၏။ အမှတ် ၄ လာ စကားရပ်ဖြင့် အဘိညာဉ်ဝီထိကိုပြ၏။

အဘိညာဉ် ၅ ပါး

၁။ ဣဒ္ဓိဝိဓ အဘိညာဉ်
၂။ ဒိဗ္ဗသောတ အဘိညာဉ်
၃။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်
၄။ ဒိဗ္ဗစက္ခု အဘိညာဉ်
၅။ ပရစိတ္တဝိ ဇာနန အဘိညာဉ်

အဓိပ္ပါယ်

၁။ **ဣဒ္ဓိဝိဓ** = တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဉ်။

http://www.dhammadownload.com

၂။ **ဒိဗ္ဗသောတ** = နတ်တို့၏ သောတပသာဒကဲ့သို့ ဝေးသော အသံ၊ တိုးသောအသံကိုလည်း ကြားနိုင်သောအဘိညာဉ်။

၃။ **ပရစိတ္တဝိဇာနန** = သူတစ်ပါးစိတ်ကို သိနိုင်သော အဘိညာဉ်။

၄။ **ပုဗ္ဗေနိဝါသာနုဿတိ** = ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့သမျှသော အကြောင်းကို ပြန်ပြောမိ၍ အောက်မေ့နိုင်သော အဘိညာဉ်။

၅။ **ဒိဗ္ဗစက္ခု** = နတ်မျက်စိကဲ့သို့ ဝေးသော အဆင်းသေးငယ်သော အဆင်းကို မြင်နိုင်သော အဘိညာဉ်။

အဘိညာဉ် ၎ ပါး

၁။ ဒိဗ္ဗစက္ခု၊ ၅။ ပုဗ္ဗေနိဝါသာနုဿတိ၊
၂။ ဒိဗ္ဗသောတ၊ ၆။ ယထာကမ္မူပဂ၊
၃။ ဣဒ္ဓိဝိဓ၊ ၇။ အနာဂတံသ၊
၄။ ပရစိတ္တဝိဇာနန၊

ယထာကမ္မူပဂ = ကံအားလျော်စွာ ထိုထိုဘုံ၌ ဖြစ်ရသူများကို မြင်နိုင်သော အဘိညာဉ်။

အနာဂတံသ = နောင် အနာဂတ်၌ ဖြစ်စေမည့် အကြောင်းအရာများကို မြင်နိုင်သော အဘိညာဉ်။

ထို ၎ ပါးတွင် ယထာကမ္မူပဂနှင့် အနာဂတံသတို့ကို ဒိဗ္ဗစက္ခုနှင့် မကင်းသောကြောင့် ပေါင်းယူထည့်သွင်း၍ အဘိညာဉ် ၅ ပါးဖြစ်လာ၏။ ထို ၅ ပါးတွင် အာသဝက္ခယ အဘိညာဉ်ကို ထည့်လျှင် အဘိညာဉ် ၆ ပါး ဖြစ်၏။

မှတ်ချက်။ အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တ မဂ်ဉာဏ်ကို အာသဝက္ခယအဘိညာဉ်ခေါ်၏။

http://www.dhammadownload.com

လေ့ကျင့်ခန်းမေးခွန်း

၁။ သီလသိက္ခာ၏ မြေကြီးနှင့် တူပုံကို ဥပမာသွင်းလျက် ရှင်းပြ၍ ရဟန်းတော်များ စောင့်ထိန်းရမည့် သီလအမျိုးအစားကို ဖော်ပြပါ။

၂။ အာဒိဗြဟ္မစရိယက သီလ၏ အဓိပ္ပါယ်ကိုရေး၍၊ စတုပါရိသုဒ္ဓိသီလ ကို အာဒိဗြဟ္မစရိယက သီလ, အာဘိသမာစာရိကသီလနှစ်မျိုးခွဲပြပါ။

၃။ ဘုရားရှင်သည် သမထကမ္မဋ္ဌာန်း ကျင့်စဉ်ကို အဘယ့်ကြောင့် ဟော ပြော ကျင့်သုံးစေတော်မူခဲ့ပါသနည်း။ ဖြေဆို၍၊ လှပထည်ဝါသော တိုက်တာ အဆောက်အအုံပေါ်၌ နေထိုင်လျက် ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ ကား စသော ခေတ်ပေါ်ပစ္စည်းတို့ကို သုံးစွဲနေထိုင် သူ၏ နေထိုင်နည်းကို မြင့်မြတ်သော နေထိုင်ခြင်းဟု ခေါ်ပါသလော၊ အဘယ်သို့ နေထိုင်ခြင်းကို မြင့်မြတ်သော နေထိုင်ခြင်းဟု ခေါ်ပါသနည်း။

၄။ တရားဟော တရားပြ ဆရာများ၌ ရှိရမည့် ဂုဏ်အင်္ဂါများကို ဖော်ပြ၍၊ တရားပွဲများတွင် တရားနာ ပရိသတ်များထံမှာ အကြောင်း အမျိုးမျိုးပြပြီး အလှူခံနေကြရာ ယင်းလုပ်ရပ်ကို ထေရဝါဒပုဒ္ဓ သာသနာတော်က လက်ခံနိုင်/မခံနိုင် မြတ်ဗုဒ္ဓ၏ စကားတော်ကို ကိုးကား၍ ရှင်းပြခဲ့ပါ။

၅။ ပရိကမ္မ ဘာဝနာ၊ ဥပစာရ ဘာဝနာ၊ အပ္ပနာ ဘာဝနာတို့၏ အဓိပ္ပါယ်ကို ရေး၍၊ ယင်းဘာဝနာများ ရနိုင်သော ကမ္မဋ္ဌာန်းတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

၆။ ရူပစျာန် ငါးပါးလုံးကို ရလိုသူသည် အဘယ်ကမ္မဋ္ဌာန်းကို ပွားများရ

http://www.dhammadownload.com

ပါမည်နည်း။ ဖော်ပြ၍၊ ဥပက္ခောဗြဟ္မဝိဟာရတရားကို ပွားများလျှင် ရနိုင်သောစျာန်တို့ကို ဖော်ပြခဲ့ပါ။

၇။ သမထကမ္မဋ္ဌာန်း (၄၀) တွင် ပရမတ်ကမ္မဋ္ဌာန်း မည်မျှပါဝင်ပါသနည်း ဖြေဆို၍၊ ပဋိဘာဂနိမိတ် ရနိုင်သော ကမ္မဋ္ဌာန်းတို့ကို ဖော်ပြခဲ့ပါ။

၈။ အသေးငယ်ဆုံး မြေကသိုဏ်းပြုလုပ်ပုံကိုရေး၍၊ မြေကသိုဏ်းကို ပွားများအားထုတ်သော ယောဂိသန္တာန်၌ အဘယ်အဆင့်သို့ရောက်လျှင် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟု ပြောနိုင်ပါသနည်း။

၉။ ဝသီဘော်ငါးပါးကိုဖော်ပြ၍ ဝိနီလကံ၊ ပုဠုဝကံ ပုဒ်တို့ကို အနက်မြန်မာပြန်ဆိုခဲ့ပါ။

၁၀။ လူသားများသည် လူအချင်းချင်း တွေ့ဆုံကြသောအခါ ယောကျ်ားပဲ၊ မိန်းမပဲ ဟူသော အမြင်ဖြင့် ကြည့်ရှုကြရာ ထိုသို့ကြည့်ရှုကြခြင်းကြောင့် ကြည့်ရှုသူများသန္တာန်၌ မည်သည့်ဆိုးကျိုးများ ဖြစ်ပေါ်လာကြပါသနည်း။

၁၁။ အရှုပစိတ် ၄ ပါးတွင် ပညတ်ကိုအာရုံပြုသောစိတ်ကို သက်ဆိုင်ရာအာရုံများနှင့် ယှဉ်တွဲဖော်ပြပါ။

၁၂။ နှလုံးသား၌ဘုရားတည်ခြင်းနှင့် မြေကြီး၌ဘုရားတည်ခြင်းတို့၏ အကျိုးသက်ရောက်မှု ခြားနားပုံကို ရှင်းပြပါ။

၁၃။ ၃၂ ကောဋ္ဌာသ ပါဠို, အနက်ကိုရေး၍၊ ဂုဏ်တော် ၉ ပါး ပုတီးစိပ်နည်းကို ရေးခဲ့ပါ။

http://www.dhammadownload.com

၁၄။ အဘယ်ကို ဗုဒ္ဓါနုဿတိဘာဝနာဟု ခေါ်ပါသနည်း ရှင်းပြ၍ ဘုရားဂုဏ်တော် ၉ ပါး ပါဠို, အနက်ကို ရေးခဲ့ပါ။

၁၅။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများ၍ ဖြစ်ပေါ်လာနိုင်သောနိမိတ်နှင့် ဘာဝနာတို့ကို ဖော်ပြခဲ့ပါ။

အခန်း (၃)

အဓိပညာသိက္ခာ

လွန်ကဲမြင့်မြတ်သောပညာကို အဓိပညာခေါ်၏။ မိမိခန္ဓာကိုယ်နှင့် တကွ (၃၁) ဘုံ၌ဖြစ်ပေါ်နေသော သက်ရှိသက်မဲ့အားလုံးကို နာမ်ရုပ်တရားအဖြစ်ရှုမြင်လျက် ယင်းနာမ်ရုပ်တရားများ၏ မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ အနှစ်မရှိခြင်း ငါ၊ ငါ့ဟာမဟုတ်ခြင်း အနတ္တသဘောအဖြစ် ပိုင်းခြားရှုမြင်ခြင်း စသည်ဖြင့် ထူးခြားစွာ ရှုမြင်တတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်တွဲဖြစ်သော ဝိပဿနာပညာကို အဓိပညာခေါ်၏။

ဘုရားမပွင့်သောခေတ်ကာလ၌ ထိုသို့ မရှုမြင်နိုင်ကြဘဲ ဘုရားပွင့်တော်မူရာအခါ၌သာ ထိုအမြင်မျိုးဖြင့် ရှုမြင်နိုင်ကြ၏။ ထို့ကြောင့် ထိုသို့ရှုမြင်ခြင်းကို လွန်ကဲမြင့်မြတ်သောပညာခေါ်၏။*

အစွန်းမထွက်သင့်

ဗုဒ္ဓဘာသာတရားဆိုင်ရာ အသိဉာဏ်မရှိသော သာမန်လောကသားများသည် ရုပ်ကလာပ်စည်းသက်သက်ဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော အရာဝတ္ထုများကို မြေ၊ အိမ်၊ ကျောင်း၊ ဥယျာဉ်၊ သစ်ပင်၊ တော၊ တောင် စသည်ဖြင့်

* ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒုတိယတွဲ) ၆၆။ ပါရာဇိကဏ်အဋ္ဌကထာ (ပထမတွဲ) ၂၁၀။

http://www.dhammadownload.com

ခေါ်ဝေါ်သုံးစွဲနေကြ၏။ နာမ်ရုပ်တရားနှစ်မျိုး ပေါင်းစပ်ဖွဲ့စည်း ဖြစ်ပေါ်နေသော အကောင်အထည်ဩဇာကို ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ,လူ, နတ်, ဗြဟ္မာ, ကျွဲ, နွား, ကြက်, ဝက် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲ ပြောဆို နေကြ၏။ ယင်းသက်ရှိသက်မဲ့အပေါ်၌ နိစ္စ–မြဲ၏၊ သုခ–ချမ်းသာ၏၊ အတ္တ–ငါ, ငါ့ပစ္စည်းဟု သိနေကြ၏။ ထို့ပြင် ငါ့အိမ်, ငါ့မြေ, ငါ့ခြံ, ငါ့မိန်းမ, ငါ့ယောကျ်ား, ငါ့သားသမီး, ငါ့ရွာ, ငါ့မြို့, ငါ့နိုင်ငံ, ငါ့လူမျိုး, ငါ့ဘာသာ, ငါ့ပစ္စည်း စသည်ဖြင့် အသိမှားနေပြီး လွန်စွာ ချစ်ခင်မြတ်နိုးစွာ သိမ်းပိုက်ထားကြ၏။ ထိုအသိကို မိစ္ဆာဒိဋ္ဌိခေါ်၏။ သဘာဝတရားအပေါ်၌ အသိမှား အမြင်မှားခေါ်၏။

ကမ္ဘာဦးက လူတို့သည် ထိုအသိမှား အမြင်မှားဖြင့် ကာလ ကြာမြင့်စွာ နေထိုင်လာကြ၏။ ထိုသို့ နေထိုင်လာကြစဉ် တစ်ဦး၏ပိုင်နက်ထဲ တစ်ဦးက ဝင်ရောက်ကျူးကျော် ခိုးယူခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အချင်းချင်း သတ်ဖြတ်ခြင်း စသည်ဖြင့် ဒုစရိုက်မှုများကို ကျူးလွန်လာကြခြင်းကြောင့် လူ့ဘဝလုံခြုံမှုကင်းမဲ့လာသဖြင့် လူအများကို အုပ်ချုပ်ရန် ပညာရှိသူ တစ်ဦးကို ရွေးချယ်၍ ခေါင်းဆောင်အဖြစ် တင်မြှောက်ကြ၏။

တင်မြှောက်ကြသူ လူအများနှင့် တင်မြှောက်ခြင်းခံရသူတို့ အချင်းချင်း ညှိနှိုင်း၍ အခြေခံဥပဒေကို ပြဋ္ဌာန်းကြ၏။ ငါ့ပစ္စည်း, ငါ့အိမ်, ငါ့မြေ, ငါ့ခြံ, ငါ့ယောကျ်ား, ငါ့ဇနီး စသည်ဖြင့် လူသားများ၏ မူလသတ်မှတ်ချက်ကိုပင် အုပ်ချုပ်ရေးခေါင်းဆောင်က ထပ်မံအတည်ပြုပေး၏။ ထိုသို့ အတည်ပြုပေးပြီး လူသားတို့၏ ပိုင်ဆိုင်ခွင့်ကို ဥပဒေကြောင်းအရ ကာကွယ်ပေးကြ၏။ ဥပဒေဆိုသည်မှာလည်း ငါးပါးသီလပင်ဖြစ်၏။ ထို့ကြောင့် ယနေ့ ကမ္ဘာနိုင်ငံများ၌ ဖြစ်ထွန်းပေါ်ပေါက်နေကြသော ဥပဒေများသည် ငါးငါးသီလကို အခြေခံ၍ လူ၏အသိစိတ်ဓာတ် ပြောင်းလဲဖောက်ပြန်လာသည့်အားလျော်

http://www.dhammadownload.com

စွာ လူ့စိတ်နှင့်လျော်ညီအောင် တိုးတက်ပြောင်းလဲလာကြခြင်းသာဖြစ်၏။ လူတို့သည် လူ့ဘဝလုံခြုံရေး၊ လူ့အသက်ရှည်လျက် ပစ္စည်းဥစ္စာလုံခြုံရေး အတွက် အခြေခံဥပဒေဖြင့် အကာအကွယ်ပေးထားသည်ကို အခိုင်အမာ အဖြစ် ယူဆပြီး ငါစွဲ, ရပ်စွဲ, ရွာစွဲ, နိုင်ငံစွဲ, လူမျိုးစွဲများဖြင့် လွန်စွာ စွဲလမ်းနေကြသည်ကို တွေ့ရ၏။ ထိုသို့ စွဲလမ်းနေကြသော်လည်း သေသွား သောအခါ တစ်ခုမျှယူမသွားနိုင်ဘဲ ထားပစ်ခဲ့ရ၏။ ထိုသို့ ထားပစ်ခဲ့ရသည် ကို ထောက်၍ လူသားပိုင်ဆိုင်သောပစ္စည်းဟူ၍ ရှိကိုမရှိပေ။ လောက၏ သယံဇာတပစ္စည်း၊ မြေကြီး၏သယံဇာတပစ္စည်းများကို ''ငါ့ယောက်ျား၊ ငါ့ဇနီး၊ ငါ့ပစ္စည်း'' ဟု လူ၏စိတ်ထဲ၌ အသိမှားပြီး စွဲလမ်းနေခြင်းသာဖြစ်ကြောင်း ထင်ရှားလှ၏။

လူကို ငါ, သူ၊ ငါ့ရွာသား, သူ့ရွာသား၊ ငါ့နိုင်ငံသား၊ သူ့နိုင်ငံ သား၊ ငါ့လူမျိုး၊ သူ့လူမျိုး၊ ငါ့ဘာသာဝင်၊ သူ့ဘာဝင်ဟု ခွဲခြားဆက်ဆံခြင်း သည် လူကို စိတ်ဝမ်းကွဲစေပြီး ပြဿနာများကိုသာ ပိုမိုရှုပ်ထွေးစေ၏။ မျက်မှောက်ခေတ်ကို လေ့လာကြည့်ပါက ငါ့နိုင်ငံသား၊ သူ့နိုင်ငံသား၊ ငါ့ဘာသာဝင်၊ သူ့ဘာသာဝင်၊ သူ့အဖွဲ့ကလူ၊ ငါ့အဖွဲ့ကလူ စသည်ဖြင့် ခွဲခြားဆက်ဆံခြင်းကြောင့် လူအချင်းချင်း စိတ်ဝမ်းကွဲပြားလျက် ယုံကြည်မှု ကင်းမဲ့ကာ ဖိနှိပ်ချုပ်ချယ်မှုများ၊ စစ်ပွဲများ တိုးပွားလာနေသည်ကိုသာ တွေ့ရ၏။ သို့သော် လူတို့၏ ယင်းခွဲခြားချက်သည် သမ္မုတိသစ္စာနယ်ထဲမှာ လူ့ဘဝလုံခြုံရေးနှင့် လူ၏အသက်ရှင်နေနိုင်ရေးအတွက် မရှိမဖြစ် ရှိကို ရှိရမည်ဖြစ်၏။ ရှိရမည်ဖြစ်သော်လည်း အုပ်ချုပ်ရေးစနစ် လည်ပတ်ရုံသာ ရှိသင့်၏။ အစွန်းမထွက်သင့်ပေ။

http://www.dhammadownload.com

မြတ်ဗုဒ္ဓ၏ဝိပဿနာအမြင်

မြတ်ဗုဒ္ဓပွင့်တော်မူသောအခါ လူသားတို့၏ ယင်းအစွဲအလမ်းများသည် လူတို့ကို ဆင်းရဲဒုက္ခရောက်စေရုံသာမက လူ့ဘဝလုံခြုံရေးကို ခြိမ်းခြောက်နေသည်ကို တွေ့မြင်တော်မူခြင်းကြောင့် လူ့ဘဝလုံခြုံရေး ထာဝစဉ် ငြိမ်းချမ်းသာယာရေးအတွက် အစွဲအလမ်းအားလုံး ပပျောက်ပြီး သဘာဝ နာမ်ရုပ်တရားများအပေါ်၌ မှန်မှန်ကန်ကန် ရှုမြင်တတ်အောင် ဝိပဿနာရှုမှုလုပ်ငန်းစဉ်ကို သင်ပေးတော်မူခဲ့၏။

ဝိပဿနာရှုမှုလုပ်ငန်းဟူသည် မိမိခန္ဓာကိုယ်နှင့်တကွ ပတ်ဝန်းကျင်အပေါ်၌ အချိန်ရှိတိုင်းဖြစ်ပျက်နေသော နာမ်ရုပ်အစဉ်ကို အနီးကပ်ဆုံးစောင့်ကြည့်မှုလုပ်ငန်းပင်ဖြစ်၏။ ထိုသို့ အနီးကပ်စောင့်ကြည့်လာသောအခါ နာမ်ရုပ်တရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို အမှန်အတိုင်း တွေ့မြင်လာရခြင်းကြောင့် ငါ, ငါ့ဥစ္စာ, ငါ့လူမျိုး, ငါ့နိုင်ငံ စသော အစွဲအလမ်းအားလုံးကို စွန့်လွှတ်လျက် လူ့လောကၭ အသက်ရှင်နေစဉ် ရန်လိုစိတ်၊ ခွဲခြားဆက်ဆံစိတ်မထားဘဲ အားလုံးအပေါ် မေတ္တာထားကာ နေထိုင်တတ်လာ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဝိပဿနာလုပ်ငန်းသည် လူသားတိုင်း သဘာဝတရားများကို မှန်မှန်ကန်ကန် ကြည့်တတ်အောင် သင်ပြပေးသော လုပ်ငန်းဖြစ်၏။ မြတ်ဗုဒ္ဓသင်ပြတော်မူသော ဝိပဿနာဆိုင်ရာအသိဉာဏ်များ တိုးတက်ဖွံ့ဖြိုးလာပါက သမ္မုတိသစ္စာနယ်ထဲက လောကများ၏သတ်မှတ်ချက်ကို လေးစားစွာ လိုက်နာလျက် သတ္တဝါများအပေါ်၌ ခွဲခြားဆက်ဆံမှုမရှိဘဲ သတ္တဝါတိုင်းအပေါ်၌ ညီမျှသော မေတ္တာစိတ်ကို ထားရှိကာ သတ္တဝါများအကျိုးစီးပွားကို ဆောင်ရွက်နေမည်သာဖြစ်၏။

http://www.dhammadownload.com

သမထကျင့်စဉ်မှာ မိမိမူလရှုမှတ်နေသော အာရုံတစ်ခုအပေါ်၌သာ စိတ်ကိုတင်ပေးထားလျက် စူးစိုက်စွာရှုမှတ်နေရသော်လည်း ဝိပဿနာကျင့်စဉ်မှာကား ထိုသို့မဟုတ်ပေ။ တွေ့သမျှအာရုံအပေါ်၌လိုက်ပြီး အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကို မြင်အောင်ရှုမှတ်နေရ၏။ ဝိပဿနာကျင့်စဉ်သည် သမ္မုတိနယ်ထဲက ပညတ်အမြင်ကို ပပျောက်စေပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်းသိမြင်စေ၏။

ဝိပဿနာကမ္မဋ္ဌာန်းနည်း

ဝိပဿနာနည်း၌ သိမှတ်ဖွယ်ရာများ

ဤဝိပဿနာကမ္မဋ္ဌာနည်းနည်း၌ –

၁။	ဝိသုဒ္ဓိ	၇	ပါး
၂။	လက္ခဏာ	၃	ပါး
၃။	အနုပဿနာ	၃	ပါး
၄။	ဝိပဿနာဉာဏ်	၁၀	ပါး
၅။	ဝိမောက္ခ	၃	ပါး
၆။	ဝိမောက္ခမုခ	၃	ပါး

ဤ ၆ မျိုးကို ရှေ့ဦးစွာ နားလည်ထားရမည်။

ဝိသုဒ္ဓိ ၇ ပါး

အထူးစင်ကြယ်သောတရားကို ဝိသုဒ္ဓိခေါ်၏။ ထိုဝိသုဒ္ဓိသည် အောက်ပါအတိုင်း ၇ ပါး ပြား၏။

၁။ သီလဝိသုဒ္ဓိ

၂။ စိတ္တဝိသုဒ္ဓိ

http://www.dhammadownload.com

၃။ ဒိဋ္ဌိဝိသုဒ္ဓိ

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၇။ ဉာဏဒဿနဝိသုဒ္ဓိ

လက္ခဏာ ၃ ပါး

နာမ်ရုပ် သင်္ခါရတရားတို့၏ အမှတ်အသားကို လက္ခဏာခေါ်၏။ ထိုလက္ခဏာသည် အောက်ပါအတိုင်း ၃ ပါးပြား၏။

၁။ **အနိစ္စလက္ခဏာ** – နာမ်ရုပ်သင်္ခါရတရားတို့၏ မမြဲသောအမှတ်အသား လက္ခဏာ၊

၂။ **ဒုက္ခလက္ခဏာ** – နာမ်ရုပ်သင်္ခါရတရားတို့၏ ဆင်းရဲသော အမှတ်အသား လက္ခဏာ၊

၃။ **အနတ္တလက္ခဏာ**– နာမ်ရုပ်သင်္ခါရတရားတို့အပေါ်၌ တိတ္ထိများ ကြံဆအပ်သော အတ္တမဟုတ်သော အမှတ်အသား လက္ခဏာ။

ဤသုံးပါးကိုပင် လေ့ယာဉ်၊ လှည်းယာဉ်အလား နိဗ္ဗာန်သို့သွားကြောင်း ဖြစ်သောကြောင့် ''လက္ခဏတ္တယ–လက္ခဏာယာဉ်'' သုံးပါး အပေါင်းခေါ်၏။

အနုပဿနာ ၃ ပါး

နာမ်ရုပ်သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် အဖန်ဖန် ရှုတတ်သောဉာဏ်ကို ''အနုပဿနာ'' ခေါ်၏။ ဝိပဿနာဉာဏ်ပင်ဖြစ်၏။

http://www.dhammadownload.com

ထိုအနုပဿနာဉာဏ်သည် အောက်ပါအတိုင်း ၃ ပါးပြား၏။

၁။ **အနိစ္စာနုပဿနာ** – နာမ်ရုပ်သင်္ခါရတရားများ၏ မမြဲခြင်းလက္ခဏာကို အဖန်ဖန်ရှုတတ်သောဉာဏ်။

၂။ **ဒုက္ခာနုပဿနာ** – နာမ်ရုပ်သင်္ခါရတရားများ၏ ဆင်းရဲခြင်းလက္ခဏာကို အဖန်ဖန်ရှုတတ်သောဉာဏ်။

၃။ **အနတ္တာနုပဿနာ** – နာမ်ရုပ်သင်္ခါရတရားများ၏ အတ္တမဟုတ်ခြင်းလက္ခဏာကို အဖန်ဖန်ရှုတတ်သောဉာဏ်။

ဝိပဿနာဉာဏ် ၁၀ ပါး

၁။ သမ္မာသနဉာဏ်	၆။ နိဗ္ဗိဒါဉာဏ်
၂။ ဥဒယဗ္ဗယဉာဏ်	၇။ မုစ္စိတုကမျတာဉာဏ်
၃။ ဘင်္ဂဉာဏ်	၈။ ပဋိသင်္ခါဉာဏ်
၄။ ဘယဉာဏ်	၉။ သင်္ခါရုပေက္ခာဉာဏ်
၅။ အာဒီနဝဉာဏ်	၁၀။ အနုလောမဉာဏ်

ဝိပဿနာဉာဏ် ၁၀ ပါး အဓိပ္ပာယ်

၁။ ခန္ဓာစသည်တို့ကို အပေါင်းအစုအားဖြင့် သုံးသပ်တတ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

ဆောင်။ ခန္ဓာဒိနည်း၊ ဖွဲ့စည်းပြီးခါ၊ သုံးဖြာလက္ခဏာ၊ သုံးသပ်ရာ၊ သမ္မသနဉာဏ်။

၂။ နာမ်ရုပ်တို့၏ (ဥပါဒ်, ဘင်) အဖြစ်အပျက်ကို အဖန်ဖန် ရှုတတ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

http://www.dhammadownload.com

ဆောင်။ ဖြစ်ပွားပျက်မှု၊ အာရုံရှု၊ ဥဒယဗ္ဗယဉာဏ်။

၃။ နာမ်ရုပ်တို့၏အဖြစ်ကို မရှာဘဲ အပျက်ကိုသာရှုတတ်သောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ဆောင်။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင်္ဂဉာဏ်။

၄။ နာမ်ရုပ်သင်္ခါရတရားတို့ကို ကြောက်စရာ (ဘေး) အဖြစ် ရှုတတ်သောဉာဏ်သည် ဘယဉာဏ်မည်၏။

ဆောင်။ အပျက်မြင်က၊ ဘယမစ္စု၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေဘယဉာဏ်။

၅။ နာမ်ရုပ်သင်္ခါရတရားတို့ကို ကြောက်စရာဘေးအဖြစ် ရှုမြင်ပြီးနောက် ယင်းနာမ်ရုပ်ဓမ္မ သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုမြင်တတ်သောဉာဏ်သည် အာဒီနဝဉာဏမည်၏။

ဆောင်။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျင်းက၊ ဘေးဘယမျိုး၊ နာမ်ရုပ်ဆိုး၌၊ ကိုးရာမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်။

၆။ နာမ်ရုပ်ဓမ္မသင်္ခါရတို့၌ အပြစ်မြင်ပြီးနောက် ယင်းနာမ်ရုပ်ဓမ္မ သင်္ခါရတို့အပေါ် ငြီးငွေ့လာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

ဆောင်။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိဒံ။

၇။ နာမ်ရုပ်ဓမ္မ သင်္ခါရတို့အပေါ်မှာ ငြီးငွေ့လာပြီးနောက် ယင်းနာမ်ရုပ်ဓမ္မ သင်္ခါရတို့မှ လွတ်မြောက်လိုသောဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

ဆောင်။ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစ်ဝိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျတာဉာဏ်။

http://www.dhammadownload.com

၈။ လွတ်မြောက်ခြင်း၏အကြောင်းကို ပြီးစေခြင်းငှာ တစ်ဖန်နာမ်ရုပ်ဓမ္မသခ်ါရတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိမ်းဆည်းခြင်း၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ပဋိသခ်ါဉာဏ်မည်၏။

ဆောင်။ လွတ်လိုလှ၍၊ လွတ်ရသောခါ၊ ဘာဝနာလေးဆယ်၊ အကျယ်ဖြန့်ချိ၊ အားတိုက်ဖိ၊ ပဋိသခ်ါဉာဏ်။

၉။ တစ်ဖန်ရှုဆင်ခြင်သော နာမ်ရုပ်ဓမ္မသခ်ါရတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းကို ရှောင်ကြဉ်ခြင်း၏အစွမ်းဖြင့် လျစ်လျူရှုသောဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်မည်၏။

ဆောင်။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ နာမ်ရုပ်ဓမ္မ၊ သခ်ါရဝယ်၊ မဖွယ်သမှု၊ လျစ်လျူရှု၊ သခ်ါရုပေက္ခာဉာဏ်။

၁၀။ ရှေ့ဉာဏ် ၉ ပါး ကိစ္စပြီးစီးခြင်းအားလည်းကောင်း၊ အထက်၌ ဗောဓိပက္ခိယတရားတို့အားလည်းကောင်း လျော်သောဉာဏ်ကို အနုလောမဉာဏ်ခေါ်၏။

ဆောင်။ မဂ်ရောက်လိုသော်၊ အဆော်အနှူး၊ မဂ်လေးဦးအား၊ အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။

ဝိသုဒ္ဓိဘေဒ

သီလဝိသုဒ္ဓိကို သမထကမ္မဋ္ဌာန်း၌ ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

စိတ္တဝိသုဒ္ဓိဖြစ်ပုံ

ကာမဇ္ဈာနဇ္ဈာနိဝရဏာ စသော အညစ်အကြေးတို့မှ စိတ်၏သန့်ရှင်းမှုသည် စိတ္တဝိသုဒ္ဓိမည်၏။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူသော သမာဓိနှစ်မျိုးသည် စိတ္တဝိသုဒ္ဓိဖြစ်၏။ သမထကမ္မဋ္ဌာန်းကို အားထုတ်၍ ဥပစာရသမာဓိ၊

http://www.dhammadownload.com

အပ္ပနာသမာဓိသို့ရောက်လျှင် စိတ်သည် နိဝရဏအညစ်အကြေးမှ ကင်းစင်၍ စိတ္တဝိသုဒ္ဓိဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့၏ အစွမ်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြား၍ ယူတတ်သောဉာဏ်သည် အတ္တအညစ်အကြေးကင်းစင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ဖောက်ပြန်တတ်သော ဤခန္ဓာကိုယ်သည် ရုပ်တရားဖြစ်၏။ အာရုံကို သိမှုသည် စိတ်ဖြစ်၏။ အာရုံကို ခံစားမှုသည် ဝေဒနာဖြစ်၏။ အာရုံကို မှတ်သားမှုသည် သညာဖြစ်၏။ ပြုလုပ်အားထုတ်မှုသည် သင်္ခါရဖြစ်၏။ ဤသို့ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှတစ်ပါး အတ္တဟူသည် လုံးဝမရှိဟု သိမြင်တတ်သောဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်တို့၏အကြောင်းကို ပိုင်းခြား၍ ယူနိုင်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

''ငါသည် ရှေးအတိတ်ဘဝက ဖြစ်မှုဖြစ်ခဲ့ဖူးလေရဲ့လား'' စသော ယုံမှားမှုနှင့် ''အလုံးစုံကို အကုန်အစင်သိမြင်နိုင်သော ဘုရားဆိုတာ ရှိမှရှိနိုင်ပါ့မလား'' စသော ယုံမှားမှုမျှားကို ကင်္ခါခေါ်၏။ ထိုယုံမှားမှုတို့ကို လွန်မြောက်ကြောင်းဉာဏ်သည် အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ဤဝိသုဒ္ဓိစခန်း၌ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ ရှေးကမဖြစ်ဖူးသော ဩဘာသ (ကိုယ်ရောင်ကိုယ်ဝါ) စသော တရား

http://www.dhammadownload.com

၁၀ မျိုးဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာသောအခါ ထိုဩဘာသ စသည်ကို မစွဲလမ်း မနှစ်သက်ဘဲ ဝိပဿနာကို ဆက်လက်အားထုတ်မှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်၏။

ထိုဩဘာသ စသည်ကို နှစ်သက်မှုကား မဂ်ဖိုလ်ရရန် လမ်းကောင်း လမ်းမှန်မဟုတ်ဟု ဩဘာသစသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန် တို့ကို ပိုင်းခြားယူခြင်း၏အစွမ်းဖြင့် ဝိပဿနာလမ်းမှန် လမ်းမမှန်ကို ပိုင်းခြား သတ်မှတ် ဆုံးဖြတ်တတ်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဝိပဿနာရှုရမည့်တရား

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိကအားဖြင့် ကွဲပြားနေသော တေဘူမက (ဘုံသုံးပါး၌ဖြစ်သော) သင်္ခါရတရားတို့ကိုသာ ဝိပဿနာရှုရမည်၊ လောကုတ္တရာတရားကို ဝိပဿနာမရှုရ။

ဝိပဿနာဉာဏ်များဖြစ်ပေါ်လာပုံ

၁။ သမ္မသနဉာဏ်

ထိုအတိတ် စသည်ဖြင့် ကွဲပြားနေသော တေဘူမက (ဘုံသုံးပါး၌ဖြစ်သော) သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားအဖြစ် သုံးသပ်တတ်သောဉာဏ်ကို သမ္မသနဉာဏ်ခေါ်၏။

အတိတ်ကာလစသည်ဖြင့် ကွဲပြားနေသော တေဘူမက (ဘုံသုံးပါး၌ဖြစ်သော) နာမ်ရုပ်သင်္ခါရတရားများသည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်လျက် တည်နေနိုင်သောတရားမျိုး မဟုတ်ကြ။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း၌ အကြိမ်များစွာ သေဆုံးချုပ်ပျက်နေသော အနိစ္စတရားမျိုး၊ စင်စစ်မှာ ချမ်းသာမဖက် ဆင်းရဲသက်သက်

http://www.dhammadownload.com

သာဖြစ်သော ဒုက္ခတရားမျိုး၊ အတ္တမဟုတ် အနှစ်သာရမရှိဘဲ သူ့သဘော ကို သူဆောင်လျက် ဖြစ်ပျက်နေကြသော အနတ္တတရားမျိုးချည်းပါတကား ဟု ဉာဏ်အမြင်ပေါ်ပေါက်လာအောင် အားထုတ်အပ်သော ဝိပဿနာသည် သမ္မာသနဉာဏ်မည်၏။ မျက်စိဖြင့်မြင်နေရသကဲ့သို့ ဉာဏ်အမြင် ပေါက်ပါမှ ဝိပဿနာဉာဏ် စင်စစ်ဖြစ်၏။

အဘိမဟာကျွမ်းကျင်၍ နာမ်ရုပ်သဘာဝတရားတို့ကို သိမြင်နေသော ဉာဏ်မျိုးသည် ဝိပဿနာဉာဏ်မဟုတ်၊ စာသင်၍ တတ်မြောက်ထားသော သုတမယဉာဏ်သာဖြစ်၏။

၂။ ဥဒယဗ္ဗယဉာဏ်

မီးကိုလိုလား၍ မီးခြစ်ရာ၌ ခြစ်မိသောနေရာမှ မီးတောက်ဖြစ်ပေါ် လာသည်မှစ၍ တိုးပွားလာသည်ကိုလည်းကောင်း၊ တိုးပွားမှု၊ ဆုတ်ယုတ်မှု ရပ်စဲပြီးနောက် အဆုံးသတ် ချုပ်ပျောက်သွားသည်ကိုလည်းကောင်း၊ မျက်စိဖြင့် မြင်ရသကဲ့သို့ ခန္ဓာကိုယ်အတွင်း၌ နာမ်တရား၊ ရုပ်တရားတို့ မိမိတို့နေရာ၌ အချိန်ကာလအခိုက်အတန့်အားလျော်စွာ ဖြစ်ပေါ်တိုးပွားမှုကိုလည်းကောင်း၊ တိုးပွားမှုရပ်စဲပြီး ဆုတ်ယုတ်သွားကာ အဆုံးသတ်ကွယ်ပျောက်သွားသည် ကိုလည်းကောင်း ဉာဏ်ဖြင့်မြင်လာပြီး သတ္တဝါဆိုသည်မှာ ဤသို့ အဟောင်း ပျက် အသစ်ဖြစ်နေသော ''သန္တတိ–ဖြစ်ပျက်အစဉ်ပါ တကား'' ဟု နာမ်ရုပ် တို့၏ ဖြစ်ပျက်အစဉ်ကို အသိဉာဏ်ဖြင့် ထင်မြင်လာအောင် အားထုတ်မှုသည် ဥဒယဗ္ဗယဉာဏ်မည်၏။

၃။ ဘင်္ဂဉာဏ်

နာမ်ရုပ်တရားများ ကွယ်ပျောက်မှုကိုသာ အာရုံပြု၍ အသိဉာဏ် အမြင်ပေါက်အောင် ရှုပွားအားထုတ်မှုသည် ဘင်္ဂဉာဏ်မည်၏။

http://www.dhammadownload.com

ရှုပွားနည်းများ

၁။ ခန္ဓာ ၅ ပါးနည်း
၂။ ဒွါရ ၆ ပါးနည်း
၃။ အာရုံ ၆ ပါးနည်း
၄။ ဝိညာဏ် ၆ ပါးနည်း
၅။ ဖဿ ၆ ပါးနည်း
၆။ ဒေဝနာ ၆ ပါးနည်း
၇။ သညာ ၆ ပါးနည်း
၈။ စေတနာ ၆ ပါးနည်း
၉။ ဓာတ် ၆ ပါးနည်း
၁၀။ အာယတန ၁၂ ပါးနည်း
၁၁။ ဓာတ် ၁၈ ပါးနည်း
၁၂။ ပဋိစ္စသမုပ္ပါဒ်နည်းနည်း စသည်။

သမ္မသနဉာဏ်ဖြင့် ဝိပဿနာရှုရာ၌ ခန္ဓာငါးပါးခွဲ၍ ရှုမှတ်သုံးသပ်နည်း၊ ဒွါရခြောက်ပါးခွဲ၍ ရှုမှတ်သုံးသပ်နည်း စသည် ရှုမှတ်သုံးသပ်နည်းများစွာရှိ၏။

သမ္မသနနည်း ၄ မျိုး

၁။ ကလာပသမ္မသနနည်း = ခန္ဓာတစ်ပါးပါးကို အပေါင်းပြု၍ သုံးသပ်ခြင်း။

၂။ အင်္ဂါနသမ္မသနနည်း = အတိတ်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာ စသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်း။

၃။ သန္တတိသမ္မသနနည်း = အအေးရုပ်အစဉ်၊ အပူရုပ်အစဉ် စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲ၍ သုံးသပ်ခြင်း။

၄။ ခဏသမ္မသနနည်း = ရုပ်အစဉ်တစ်မျိုး၌ပင် ''ဥပါဒ်၊ ဌိ၊ ဘင်'' ဟူသော ခဏအားဖြင့် သုံးသပ်ခြင်း။

http://www.dhammadownload.com

သမ္မသနနည်းနှင့်စပ်၍ ဤသို့ သုံးသပ်နည်း ၄ မျိုးပြား၏။ ဝိပဿနာရှုရာ၌ ဤနည်း ၄ မျိုးဖြင့် အစဉ်အတိုင်းရှုရမည်။ လက္ခဏာ ထင်အောင် ဆင်ခြင်သုံးသပ်ရမည်။ ထိုသို့ သုံးသပ်သောစိတ်အစဉ်မှာ ဉာဏ်ပညာယှဉ်တွဲလျက်ပါရှိ၏။ ထိုဉာဏ်ကို သမ္မသနဉာဏ်ခေါ်၏။

ကလာပသမ္မသနနည်းဖြင့် ပွားများပုံ

၁။ သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၂။ သဗ္ဗာ ဝေဒနာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၃။ သဗ္ဗာ သညာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၄။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ခယဋ္ဌေန၊ ဒုက္ခာ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

၅။ သဗ္ဗံ ဝိညာဏံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

မြန်မာ။ (က) ရုပ်မှန်သမျှ ကုန်ခန်းပျက်စီးခြင်းသဘောရှိတဲ့အတွက် မမြဲပါတကား။

(ခ) ကြောက်မက်ဖွယ်ရှိတဲ့အတွက် ဒုက္ခချည်းပါတကား။

(ဂ) အနှစ်သာရမရှိတဲ့အတွက် အတ္တမဟုတ်ပါတကား။

အမှာ။ ကြွင်းသောခန္ဓာလေးပါးကိုလည်း ဤနည်းကိုမှီ၍ ပွားများပါလေ။

http://www.dhammadownload.com

အဒ္ဓါသမ္မသနနည်းဖြင့် ပွားများနည်း

ယံ အတီတေ ရူပံ။ တံ ယသ္မာ အတီတေယေဝ ခီဏံ၊ နယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ အနာဂတံ အနုန္တရဘဝေ နိဗ္ဗတ္တိဿတိ၊ တံ ပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတီတိ၊ အနိစ္စံခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ ရူပံ၊ တံ ပိ ဣဓေဝ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။

အတိတ်ရုပ်

မြန်မာ။ (က) အတိတ်ဘဝ၌ဖြစ်ခဲ့သောရုပ်သည် အတိတ်ဘဝ၌ပင် ချုပ်ခဲ့ပြီ၊ ဤပစ္စုပ္ပန်ဘဝသို့ မရောက်၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်း သဘောရှိတဲ့အတွက် အနိစ္စပါတကား။

(ခ) ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခပါတကား။

(ဂ) အနှစ်သာရမရှိတဲ့အတွက် အနတ္တပါတကား။

အနာဂတ်ရုပ်

(က) အနာဂတ်ဘဝ၌ဖြစ်သောရုပ်သည် အခြားမဲ့ဘဝ၌ဖြစ်လတ္တံ့၊ ထိုအနာဂတ်ဘဝ၌ပင် ချုပ်လတ္တံ့၊ အနာဂတ်ဘဝမှ အခြားဘဝသို့ မပြောင်းလတ္တံ့၊ ထိုသို့ ကုန်ခန်းပျက်စီးခြင်းသဘောရှိတဲ့အတွက် အနိစ္စပါတကား။

(ခ) ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခပါတကား။

(ဂ) အနှစ်သာရမရှိတဲ့အတွက် အနတ္တပါတကား။

http://www.dhammadownload.com

ပစ္စုပ္ပန်ရုပ်

(က) ပစ္စုပ္ပန်ဘဝ၌ဖြစ်သောရုပ်သည် ဤပစ္စုပ္ပန်ဘဝ၌ပင် ချုပ်ပျက်၏။ ဤပစ္စုပ္ပန်ဘဝမှ အခြားဘဝသို့ မသွားရောက်၊ ထိုသို့ကုန်ခန်းပျက်စီးခြင်းသဘောရှိတဲ့အတွက် အနိစ္စပါတကား။

(ခ) ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခပါတကား။

(ဂ) အနှစ်သာရမရှိတဲ့အတွက် အနတ္တပါတကား။

သန္တတိသမူဃနနည်းဖြင့် ပွားများပုံ

အပူရုပ်အစဉ်

မြန်မာ။ (က) အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့မရောက်၊ ဤသို့ကုန်ခန်းပျက်စီးခြင်းသဘောရှိတဲ့အတွက် အနိစ္စပါတကား။

(ခ) ကြောက်မက်ဖွယ်သဘောရှိတဲ့အတွက် ဒုက္ခပါတကား။

(ဂ) အနှစ်သာရမရှိတဲ့အတွက် အနတ္တပါတကား။

ထိုင်သောရုပ်အစဉ်

ထိုင်နေသောအခါ ဖြစ်သောရုပ်အစဉ်သည် ထသောအခါ ဖြစ်သောရုပ်အစဉ်သို့မရောက်၊ ဤသို့ (ပ) အနတ္တပါတကား။

ပထမအရွယ်ရုပ်အစဉ်

ပထမအရွယ်မှာဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်မှာဖြစ်သောရုပ်အစဉ်သို့မရောက်၊ ဤသို့ ----- အနတ္တပါတကား။

http://www.dhammadownload.com

ခဏသမ္မသနနည်းဖြင့် ပွားများပုံ

အတိတ်ခဏ၌ဖြစ်သော ရုပ်သည် အတိတ်ခဏ၌ပင် ချုပ်ခဲ့လေပြီ၊ ပစ္စုပ္ပန်ခဏသို့ မရောက်၊ ဤသို့ ------ အနတ္တပါတကား။

အတီတဘဝင်စိတ်သည် ဘဝင်္ဂစလနသို့မရောက်၊ ဤသို့ ---- အနတ္တပါတကား။

ဤသို့ စသည်ဖြင့် ရုပ်ဝီထိ၊ နာမ်ဝီထိ အစဉ်ကိုကြည့်၍ ပွားများပါ။

ဥဒယဗ္ဗယဉာဏ်ဖြင့်ပွားများနည်း ၂ မျိုး

အထက်က ဖော်ပြခဲ့သော နည်းအတိုင်း ပွားများဖန်များလာသော အခါ သမ္မသနဉာဏ် ရင့်သန်လာပြီး ယောဂီပုဂ္ဂိုလ်သည် -

၁။ နာမ်ရုပ်တို့ကိုပင် အကြောင်းတရားနှင့်စပ်၍ ပွားများသော ပစ္စယသမနုပဿနာနည်း။

၂။ နာမ်ရုပ်တို့၏အဖြစ်အပျက် (ဥပါဒ်ခဏ၊ ဘင်ခဏ) တို့ကိုသာ ပွားများသော ခဏသမနုပဿနာနည်း။

ဤနည်းနှစ်မျိုးဖြင့် ပွားများအားထုတ်ရ၏။

ပစ္စယသမနုပဿနာနည်း

သမ္မသနဉာဏ် ရင့်သန်လာသော ယောဂီပုဂ္ဂိုလ်သည် ထိုနာမ်ရုပ်တရားတို့ကိုပင် အကြောင်းတရားနှင့်စပ်၍ အထပ်ထပ်သုံးသပ်ပွားများရမည်၊ **ပစ္စယ** အရ အကြောင်းတရားများမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဖဿ၊ နာမ်ရုပ်တို့ပင်ဖြစ်၏။ ထိုတွင် -

၁။ ရုပ်တရား၏အကြောင်းတရားမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တရားများဖြစ်၏။

http://www.dhammadownload.com

၂။ စေတသိက်နာမ်တရား၏အကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿတို့ ဖြစ်၏။

၃။ စိတ် နာမ်တရား၏အကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ကံ၊ နာမရူပတို့ ဖြစ်၏။

''အဝိဇ္ဇာရှိခြင်းကြောင့် နာမ်ရုပ်ဖြစ်ရ၏၊ အဝိဇ္ဇာကို ပယ်လိုက်လျှင် ဤနာမ်ရုပ်မဖြစ်တော့'' စသည်ဖြင့် အဖန်ဖန် ရှုဆင်ခြင်သောအခါ ဖြစ်မှု၊ ပျက်မှု ဥဒယဗ္ဗယဉာဏ် လွန်စွာထင်ရှားလာမည်။ ထိုသို့ ထင်ရှားလာပါက ဥပါဒ်ခဏ၊ ဘင်ခဏအားဖြင့်လည်း လွန်စွာထင်ရှားလာမည်၊ ခဏအားဖြင့် ထင်ရှားလာအောင် အားထုတ်ရန်မလိုတော့။

ခဏသမနုပဿနာနည်း

ဤ၌ **ခဏ**အရ နာမ်ရုပ်တို့၏ ဥပါဒ်ခဏ၊ ဘင်ခဏတို့ကို ယူရမည်။

အကြောင်းတရားနှင့်တွဲဖက်၍ ဤနာမ်ရုပ်တရားတို့၏ အဖြစ်အပျက်ကို ရှုဖန်များလာသောအခါ ဥပါဒ်ခဏ၊ ဘင်ခဏအားဖြင့် အဖြစ်အပျက်များ အလိုလိုထင်လာ၏။ ထိုသို့ ထင်လာသောအခါ အကြောင်းကို မစဉ်းစားဘဲ ဥပါဒ်ခဏ၊ ဘင်ခဏတို့ကိုသာ သတိထား၍ ခဏသမနုပဿနာနည်းဖြင့် ကြိုးစားပွားများပါက အဖြစ်အပျက်များ လွန်စွာထင်ရှားသည့်အတွက် စိတ်အားတက်ကြွပြီး စိတ်လွန်စွာ ကြည်လင်လာခြင်းကြောင့် ဥဒယဗ္ဗယဉာဏ် အဆုံးမသတ်မီ ကြားကာလ၌ သြဘာသ စသော ဝိပဿနာညစ်ညူးကြောင်း ဘေးအန္တရာယ် ၁၀ ပါးနှင့် အမှန်ပင်တွေ့ရတတ်၏။

အထူး။ အဒ္ဓါနဝသေန၊ သန္တတိဝသေန၊ ခဏဝသေနဝါ၌ ခဏအရ အတိတ်စသောခဏကိုယူရ၏။ ပစ္စယဝသေန၌ ခဏအရ ဥပါဒ်ခဏ၊ ဘင်ခဏတို့ကိုယူရ၏။

http://www.dhammadownload.com

ဝိပဿနုပက္ကိလေသ ၁၀ ပါး

ခဏသမနုပဿနာနည်းဖြင့် ကြိုးစားပွားများလာသောအခါ ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်စ ရှေ့ပိုင်းကာလ၌ အောက်ပါဝိပဿနာ ညစ်ညူးကြောင်း ဘေးအန္တရာယ်များဖြစ်ပေါ်လာတတ်၏။

၁။ ဩဘာသ	၆။ သုခ
၂။ ပီတိ	၇။ ဉာဏ
၃။ ပဿဒ္ဓိ	၈။ ဥပဋ္ဌာန
၄။ အဓိမောက္ခ	၉။ ဥပေက္ခာ
၅။ ပဂ္ဂဟ	၁၀။ နိကန္တိ

အဓိပ္ပာယ်

၁။ **ဩဘာသ** = ဝိပဿနာ၏အရောင်ဖြစ်သော ကိုယ်ရောင်ကိုယ်ဝါ၊

၂။ **ပီတိ** = ဝိပဿနာဉာဏ်နှင့်ယှဉ်သောပီတိ၊

၃။ **ပဿဒ္ဓိ** = ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဟူသော ကိုယ်စိတ် ၂ ပါး ငြိမ်းအေးခြင်း၊

၄။ **အဓိမောက္ခ** = ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်မှု သဒ္ဓါ၊

၅။ **ပဂ္ဂဟ** = ဝိပဿနာစိတ်ကို အားပေးအားမြှောက် ထောက်ပံ့တတ်သော ဝီရိယ၊

၆။ **သုခ** = ဝိပဿနာနှင့်ယှဉ်သော အလွန်ချမ်းမြေ့သော သုခဝေဒနာ၊

၇။ **ဉာဏ** = သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊

၈။ **ဥပဋ္ဌာန** = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သောသတိ၊

http://www.dhammadownload.com

၉။ ဥပေက္ခာ = သခါရတရားများ၌ လျစ်လျူရှုမှု တတြမဇ္ဈတ္တုပေက္ခာ အာဝဇ္ဇနုပေက္ခာ။

၁၀။ **နိကန္တိ** = ဝိပဿနာ၌ အာသာငန်းငန်း တွယ်တာသော သိမ်မွေ့သောတဏှာ။

မှတ်ချက်။ ထို (၁၀) ပါးတွင် နိကန္တိသည် ဝိပဿနာညစ်နွမ်းကြောင်း အစစ်လည်းဖြစ်၏၊ ညစ်နွမ်းကြောင်းတရားများ၏ တည်ရာလည်းဖြစ်၏။ ထို့ကြောင့် ဝိပဿနာညစ်နွမ်းကြောင်း ဘေးရန်အဖြစ် ဆိုရခြင်းဖြစ်၏။ သြဘာသ စသော ၁၉ ပါးသည် တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော ညစ်နွမ်းကြောင်းတရားတို့၏ တည်ရာဖြစ်သောကြောင့်သာ (ဌါနျူပစာဖလူပစာအားဖြင့်) ဝိပဿနာညစ်နွမ်းကြောင်း ဘေးရန်အဖြစ် ဆိုရခြင်း ဖြစ်၏။ အကုသိုလ်တရားဖြစ်သောကြောင့် ဆိုရခြင်းမဟုတ်။

ဆောင်။ ဥဒယဉ္စာဏ်၊ ရက်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ် အန္တရာယ်။

အရောင်ပိတိ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါဝီရိယ၊ သုခဗုဒ္ဓိ၊ နိကန္တိနှင့်၊ သတိဥပေက္ခာ၊ ဤဆယ်ဖြာ၊ မှတ်ပါအန္တရာယ်။

တသြမဇ္ဈတ္တုပေတွာ

ဖြစ်ပျက်မှု (ဥဒယဗ္ဗယ) သဘော အလွန်ထင်နေသောကြောင့် မထင်ထင်အောင် ရှုဖို့ရာ ဗျာပါရမများတော့ဘဲ အသင့်အားဖြင့် ရှုတတ်သော တသြမဇ္ဈတ္တတာစေတသိက်ကို ''တတြမဇ္ဈတ္တုပေက္ခာ'' ခေါ်၏။

အာဝဇ္ဇနုပေက္ခာ

ဖြစ်မှု ပျက်မှုကို ဆင်ခြင်သောအခါ အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သော စေတနာကို ''အာဝဇ္ဇနုပေက္ခာ'' ခေါ်၏။

http://www.dhammadownload.com

ဘေးရန်နှစ်မျိုး

ဘေးရန်သည် သမထဘေးရန်၊ ဝိပဿနာဘေးရန်ဟု နှစ်မျိုးရှိ၏။ ထိုတွင် နိဝရဏ ၅ ပါးသည် သထမ၏ဘေးရန်ဖြစ်၏။ သြဘာသလောက ၁၀ ပါးသည် ဝိပဿနာ၏ ဘေးရန်ဖြစ်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဆိုခဲ့ပြီးသည့်အတိုင်း ဝိပဿနာညစ်နွမ်းကြောင်း ဘေးရန်တို့မှ လွတ်မြောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း တိုးတက်၍ ဆက်လက်အားထုတ်သည်ရှိသော် အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉ ပါးတို့သည် အခဉ်အတိုင်းဖြစ်ပေါ်လာကြ၏။ ထိုသို့ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ် ၉ ပါးကိုပင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်၏။

ဆောင်။ ဥဒယဉာဏ်၊ တစ်ဖန်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်းထွင်၍၊
အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

မဂ်ရခါနီးစိတ်အစဉ်ဖြစ်ပုံ

ဤသို့ ဝိပဿနာအစဉ်ဖြင့် ကျင့်ကြံအားထုတ်သော ယောဂီပုဂ္ဂိုလ် သန္တာန်မှာ ဝိပဿနာဉာဏ် ရင့်သန်မှုကို အကြောင်းပြု၍ အပ္ပနာခေါ်သော မဂ်ဉာဏ်ဖြစ်ပေါ်လာခါနီး၌ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်ဖြစ်ပြီး ဘဝင်အစဉ်ဖြတ်ပြီးနောက် မနောဒွါရာဝဇ္ဇနီးစိတ်ဖြစ်ပေါ်လာ၏။

ထို့နောက် တိကွဲပုဂ္ဂိုလ်ဖြစ်က ''ဥပစာအနုလုံ'' ဟု ဝိပဿနာဇော နှစ်ကြိမ်ဖြစ်၏။ မန္ဒပုဂ္ဂိုလ်ဖြစ်က ''ပရိကံ၊ ဥပစာ၊ အနုလုံ'' ဟု ဝိပဿနာဇောစိတ် သုံးကြိမ်ဖြစ်၏။ ယင်းဝိပဿနာဇောစိတ်များသည် နိဗ္ဗာန်ကို

http://www.dhammadownload.com

အာရုံမပြုနိုင်ပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။

အနုလုံနောက်၌ ဂေါတြဘုစိတ်ဖြစ်၏။ ယင်းဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက်လည်းကောင်း၊ အရိယာ အနွယ်သို့ရောက်လျက်လည်းကောင်းဖြစ်၏။

မှတ်ချက်။ ဝိပဿနာဉာဏ် ရင့်သန်မှုဟူသည် သခါရုပေက္ခာဉာဏ်ပင် ဖြစ်၏။

ဝိပဿနာစိတ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ ပေါင်း ၈ ပါး။ ဤ ၈ ပါးကို ဝိပဿနာစိတ် ခေါ်၏။ ဤ ၈ ပါးကို ဥပစာရသမာဓိဇောဟုလည်းခေါ်၏။ မဂ်စိတ်၏ အနီးအပါး ဥပစာရ်ဖြစ်သော သမာဓိအားကောင်းသော ကာမဇောများဟု ဆိုလို၏။

ထိုဝိပဿနာစိတ်သည် ယောဂီပုဂ္ဂိုလ်က တိက္ခပညာပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာအနုလုံအမည်ဖြင့် ၂ ကြိမ်ဖြစ်၏။ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ပရိကံ ဥပစာ အနုလုံအမည်ဖြင့် ၃ ကြိမ်ဖြစ်၏။

ထိုဝိပဿနာဇောစိတ်များသည် နိဗ္ဗာန်ကို အာရုံမပြုကြသေးပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြုကြ၏။ တေဘူမက သခါရတရားတို့ကိုသာ အာရုံပြုကြ၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာ

အထွတ်အထိပ်သို့ရောက်သော သခါရုပေက္ခာဉာဏ်နှင့် အနုလောမ ဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ်၏။

ဆောင်။ သခါရုနှင့် အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။

http://www.dhammadownload.com

မှတ်ချက်။ သခါရုပေက္ခာဉာဏ်ကို သုံးပိုင်းခွဲ၍ အနုလောမဉာဏ်နှင့် ကင်းနေသောအပိုင်းကို ''အထွတ်အထိပ်သို့ရောက်နေသော သခါရုပေက္ခာဉာဏ်ဟုခေါ်၏။'' အနုလောမဉာဏ်ဆိုသည်မှာလည်း ပရိကံ၊ ဥပစာ၊ အနုလုံ အမည်ရသော ဝိဿနာဉာဏ်များပင်ဖြစ်၏။

ဂေါတြဘုစိတ်ဖြစ်ပုံ

ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးလျက်လည်းကောင်း၊ အရိယာအနွယ်သို့ရောက်လျက်လည်းကောင်း ဖြစ်၏။

မှတ်ချက်။ ဂေါတြဘုစိတ်သည် ပရိကံ၊ ဥပစာ၊ အနုလုံတို့ကဲ့သို့ တေဘူမက သခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံမပြု။ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ ထို့ကြောင့် ဂေါတြဘုစိတ်ကို **''မဂ်ရှေ့ကနေ၍ နိဗ္ဗာန်ကို ညွှန်ပြတတ် သောကြောင့် မဂ်ဇော၊ ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်း နှင့်တူသောစိတ်''** ဟု ပြောစမှတ်ပြုကြ၏။

မဂ်စိတ်ဖြစ်ပေါ်လာပုံ

ဂေါတြဘုစိတ်၏ အခြားမဲ့၌ပင် မဂ်တရားသည် ဒုက္ခသစ္စာကို ပိုင်းခြားသိလျက်လည်းကောင်း၊ သမုဒယသစ္စာကို ပယ်စွန့်လျက်လည်းကောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်လည်းကောင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေ၍လည်းကောင်း ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေလျက် အပွနာဇောစိတ်အစဉ်သို့ သက်ရောက်ဖြစ်ပေါ်လာ၏။

ဆီမီးသည် မီးစာကိုလောင်ခြင်း၊ အမှောင်ထုကိုပယ်ဖျောက်ခြင်း၊ အလင်းရောင်ကိုဖြစ်ပေါ်စေခြင်း၊ ဆီကိုကုန်စေခြင်းဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေသကဲ့သို့ပင်ဖြစ်၏။

http://www.dhammadownload.com

ဆောင်။ သိ, ပယ်, ဆိုက်, ပွား၊ လေးပါးအချက်၊ တစ်ပြိုင်နက် မဂ်၏ ကိစ္စတည်း။

မဂ်ကိစ္စ ၁၆ ချက်

သောတာပတ္တိမဂ်သည် –

၁။ နာမ်ရုပ်ဓမ္မ သခါရတို့၏ ဒုက္ခသစ္စာဖြစ်ပုံကို ပိုင်းခြား၍သိခြင်းကိစ္စ၊

၂။ သမုဒယသစ္စာ၏အသင်းဝင်ဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်ခြင်းကိစ္စ။

၃။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့် အပါယ်ဆင်းရဲတို့ အပြီးသတ်ချုပ်ငြိမ်းမှု ဟူသော နိရောဓသစ္စာကို မျက်မှောက်ပြုမှုကိစ္စ။

၄။ မဂ္ဂသစ္စာကို ပွားများမှုကိစ္စ။

ဤကိစ္စလေးမျိုးကို တစ်ပြိုင်နက် ပြီးစေနိုင်၏။ ထို့အတူ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့လည်း မိမိတို့ဆိုင်ရာ ကိစ္စလေးချက် စီကို တစ်ပြိုင်နက် ပြီးစေနိုင်၏။ ဤသို့ မဂ်လေးပါးတွင် တစ်ပါးတစ်ပါး လျှင် ကိစ္စလေးချက်စီရှိကြသောကြောင့် မဂ်ကိစ္စ ၁၆ ချက်ဖြစ်၏။

မဂ္ဂဝီထိဖြစ်ပုံ

မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ

နဒမပဥနုဂေါမဖဖ

တိက္ခပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိပုံ

နဒမဥနုဂေါမဖဖဖ

မှတ်ချက်။ မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် မန္ဒပညာပုဂ္ဂိုလ်သန္တာန်၌

http://www.dhammadownload.com

ဖိုလ်ဇောကို နှစ်ကြိမ်ချရ၏။ တိကွဒညပုဂ္ဂိုလ်သန္တာန်၌ ဖိုလ်ဇောကို သုံးကြိမ်ချရ၏။ ကို့နောက် ဘဝင်ကျ၏။

ပစ္စဝေက္ခဏာဉာဏ်

မဂ္ဂဝီထိနောက်၌ ဘဝင်ကျပြီး ဘဝင်အစဉ်ပျက်သွားသောအခါ မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများဖြစ်ကြ၏။ ထိုပစ္စဝေက္ခဏာဝီထို၌ ပါရှိသော မဟာကုသိုလ်၊ မဟာကြိယာ၊ ဉာဏသမ္မယုတ်ဇောနှင့် ယှဉ်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ခေါ်၏။

မဂ်ဖိုလ်ရပြီးသောပညာရှိမှာ မိမိရရှိထားသောမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤသုံးမျိုးကား ကောန်ဖြစ်ရ၏။

မဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့ကို ပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ကြွင်းကျန်နေသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ ဤနှစ်မျိုးကား အချို့ပုဂ္ဂိုလ်၌သာဖြစ်၏။ ထို့ကြောင့် ပစ္စဝေက္ခဏာဝီထိသည် ၁၉ ဝီထိဖြစ်၏။

ပစ္စဝေက္ခဏာဝီထိအပြား

၁။ သောတာပန်သန္တာန်၌ သောတာပတ္တိမဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

၂။ သောတာပတ္တိဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ

၃။ နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ

၄။ မဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

http://www.dhammadownload.com

၅။ ကြွင်းကျန်သောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ၊ ဤ ၅ ဝိထိဖြစ်၏။

ဤနည်းအတိုင်း သကဒါဂါမ်ပုဂ္ဂိုလ်သန္တာန်၌ ၅ ဝိထိ၊ အနာဂါမ်ပုဂ္ဂိုလ်သန္တာန်၌ ၅ ဝိထိ၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ကြွင်းကျန်သော ကိလေသာမရှိသောကြောင့် အမှတ်စဉ် ၅ ဝိထိကို မရနိုင်။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ၄ ဝိထိသာရ၏။ စုစုပေါင်း ပစ္စဝေက္ခဏာဝိထိ ၁၉ ဝိထိပြား၏။

ဘူမိနှစ်မျိုး

၁။ ပစ္စဝေက္ခဏာညာဏဘူမိ (ပစ္စဝေက္ခဏာညာဏ်၏အာရုံ) သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်အပ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သော ကိလေသာတို့ဖြစ်၏။

၂။ ဝိပဿနာညာဏဘူမိ (ဝိပဿနာညာဏ်၏အာရုံ) သည် တေဘူမက သင်္ခါရတရားများဖြစ်၏။

ညာဏဒဿနဝိသုဒ္ဓိ

ဆိုခဲ့သည့်အတိုင်း သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၆ ပါးကို အစဉ်အတိုင်း ကြိုးစားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်လာသော မဂ်ညာဏ် ၄ ပါးကို ညာဏဒဿနဝိသုဒ္ဓိခေါ်၏။

ညာဏဒဿနဝိသုဒ္ဓိဆိုသည်မှာ ဆိုင်ရာကိလေသာတရားများ စင်ကြယ်ပြီး သစ္စာလေးပါးကို တိုက်ရိုက်သိတတ်သောညာဏ်ပင်ဖြစ်၏။

မဂ်၏ရှေ့နားမှာ ကပ်နေသောအနုလုံသို့ရောက်လျှင် အောက်ဝိသုဒ္ဓိ ၆ ပါးပြီး၏။ ထို့ကြောင့် မဂ် ၄ ပါးကိုသာ ညာဏဒဿနဝိသုဒ္ဓိဟုခေါ်၏။

http://www.dhammadownload.com

ဝိသုဒ္ဓိ ၇ ပါးနှင့် ဝိပဿနာဉာဏ် ၁၀ ပါး တွဲပြပုံ

၁။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၌ နာမ်တရား၊ ရုပ်တရားတို့ကို လက္ခဏာတင်၍ မဆင်ခြင့် မသုံးသပ်ရသေး သောကြောင့် သမ္မာသနဉာဏ်မျှ မဖြစ်သေးပါ။

၂။ မဂ္ဂါ မဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိအဆင့်၌ကား သမ္မာသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ရှေ့ပိုင်းတစ်စိတ်ဖြစ်၏။

၃။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအဆင့်၌ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း တစ်စိတ်နှင့် ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်များဖြစ်၏။

၄။ ဉာဏဒဿန ဝိသုဒ္ဓိအဆင့်၌ ဝိပဿနာဉာဏ် မလိုတော့ပါ။

မူလဝိသုဒ္ဓိစသည်ခွဲပုံ

ဝိသုဒ္ဓိ ၇ ပါးတွင်

၁။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှစ်ပါးသည် မူလဝိသုဒ္ဓိမည်၏။

၂။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတို့သည် သရီရဝိသုဒ္ဓိမည်၏။

၃။ ဉာဏဒဿနဝိသုဒ္ဓိတို့သည် သီသဝိသုဒ္ဓိမည်၏။

အမှာ။ ဤခွဲပြချက်သည် ဋီကာကျော်လာတိုင်း ခွဲပြချက်ဖြစ်၏။ သို့သော် ဋီကာကျော် သီလဝိသုဒ္ဓိဟု သီးခြားပြမထား။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ ၃၃၉ ၌ အထက်ပါဝိသုဒ္ဓိ ၅ ပါးကို သရီရ ဝိသုဒ္ဓိဟုဆို၏။ သီသဝိသုဒ္ဓိမပါရှိ။

http://www.dhammadownload.com

ဝိမောက္ခဘေဒ

ဝိမောက္ခ ၃ ပါး

ကိလေသာသံယောဇဉ်တရားတို့မှ လွတ်မြောက်သော မဂ်ဖိုလ်တရားတို့ကို ဝိမောက္ခခေါ်၏။ ထိုဝိမောက္ခသည် သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခဟု သုံးမျိုးပြား၏။

ဝိမောက္ခမုခ ၃ ပါး

ဝိမောက္ခအမည်ရသော မဂ်ဖိုလ်သို့ ဝင်ရောက်ဖို့ရာ တံခါးဂိတ်ဝအလား အဝင်ဝဖြစ်သော ဝိပဿနာတရားသည် ဝိမောက္ခမည်၏။ ထိုဝိမောက္ခသည် သုညတာနုပဿနာ၊ အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာဟု သုံးမျိုးပြား၏။

အနုပဿနာ ၃ မျိုး ဝိမောက္ခမုခ အမည်ရ

၁။ ပုထုဇဉ်လူသားများသည် ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌ အတ္တရှိ၏ဟု အထင်မှားနေကြ၏။ ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါး နာမ်ရုပ်တရား၌ အတ္တမရှိ၊ အနတ္တသာဖြစ်၏ဟု အဖန်ဖန်ရှု၏။ ယောဂီပုဂ္ဂိုလ်၏ အနတ္တဟု အဖန်ဖန်ရှုမြင်သော အနတ္တာနုပဿနာဉာဏ်သည် အတ္တိရှိ၏ဟု ထင်မှတ်စွဲလမ်းမှုကို စွန့်လွှတ်နိုင်ခြင်းကြောင့် သုညတာနုပဿနာမည်သော ဝိမောက္ခမုခမည်၏။ ထိုသို့ အနတ္တဟု ရှုမြင်နိုင်ခြင်းသည် မဂ်ဖိုလ်သို့ ဝင်ရောက်ကြောင်း တံခါး၊ ဂိတ်ဝဖြစ်သည်ဟု ဆိုလို၏။

၂။ ပုထုဇဉ်လူသားသည် ခန္ဓာငါးပါး၊ နာမ်ရုပ်တရားတို့ကို တစ်ခုတည်း စုပေါင်းတည်ရှိနေသော ပုံသဏ္ဌာန်အဖြစ် အထင်မှားနေကြ၏။ ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါး နာမ်ရုပ်တရားသည် ယခုဖြစ်၊ ယခုပျက်နေသော အဟောင်းပျက်၊ အသစ်ဖြစ်လျက် အမြဲပြောင်းလဲ ပျက်စီး

http://www.dhammadownload.com

နေသော ဖြစ်ပျက်အစဉ်သာဖြစ်၏။ မပျက်စီးဘဲ စုပေါင်းတည်ရှိနေသော ပုံသဏ္ဌာန်နိမိတ်မရှိဟု အဖန်ဖန်ရှုမြင်၏။ ယောဂီပုဂ္ဂိုလ်၏ မမြဲသော အနိစ္စတရားအဖြစ် အဖန်ဖန်ရှုမြင်သော ထိုအနိစ္စာနုပဿနာဉာဏ်သည် မမှန်မကန် ထင်မှားနေသော ဝိပလ္လာသနိမိတ်ကို စွန့်လွှတ်နိုင်ခြင်းကြောင့် အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခမည်၏။

၃။ ပုထုဇဉ်လူသားများသည် ခန္ဓာငါးပါး နာမ်ရုပ်တရားကို ချမ်းသာအဖြစ် အထင်မှားနေကြ၏။ ထိုသို့ အထင်မှားနေခြင်းကြောင့် ထိုခန္ဓာငါးပါး နာမ်ရုပ်တရားကို တဏှာဖြင့် တပ်မက်တောင့်တကြ၏။ ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါး နာမ်ရုပ်တရားကို မိမိဉာဏ်ပညာဖြင့် အဖန်ဖန်ဆင်ခြင်ရှုမှတ်သောအခါ ''ချမ်းသာဟူ၍ မြူမှုံလောက်ပင်မရှိ၊ ဆင်းရဲစင်စစ်သာဖြစ်၏'' ဟု ရှုမြင်၏။ ယောဂီပုဂ္ဂိုလ်၏ ဆင်းရဲအဖြစ် အဖန်ဖန်ရှုမြင်သော ထိုဒုက္ခာနုပဿနာဉာဏ်သည် တောင့်တတတ်သော တဏှာကို ပယ်စွန့်နိုင်ခြင်းကြောင့် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခမည်၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာအဆင့်သို့ မရောက်မီ အနိစ္စဟုလည်း ရှုကောင်းရှုပေလိမ့်မည်။ ဒုက္ခဟုလည်း ရှုကောင်းရှုပေလိမ့်မည်။ အနတ္တဟုလည်း ရှုကောင်းရှုပေလိမ့်မည်။ မည်သို့ပင် ရှုသည်ဖြစ်စေ ဝုဋ္ဌာနဂါမိနီဝိပဿနာအဆင့်မှာကား တစ်မျိုးတည်းကိုသာရှုရမည်။

ဝိပဿနာနှင့်စပ်၍ မဂ်၏အမည် ၃ ပါး

၁။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တဟုရှုသဖြင့် သုညတဝိမောက္ခမုခဖြစ်လျှင် မဂ်သည် သုညတဝိမောက္ခအမည်ရ၏။

http://www.dhammadownload.com

၂။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနိစ္စဟုရှုသဖြင့် အနိမိတ္တဝိမောက္ခမုခ အမည်ရလျှင် မဂ်သည် အနိမိတ္တဝိမောက္ခအမည်ရ၏။

၃။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟုရှုသဖြင့် အပ္ပဏိဟိတဝိမောက္ခမုခ အမည်ရလျှင် မဂ်သည် အပ္ပဏိဟိတဝိမောက္ခ အမည်ရ၏။

မဂ်သည် ဝိပဿနာဂမန (မဂ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာနှင့် စပ်၍) ဤသို့ အမည် ၃ မျိုးရ၏။

မဂ္ဂဝီထိ၌ မဂ်နှင့်စပ်၍ ဖိုလ်၏အမည် ၃ မျိုး

၁။ မဂ္ဂဝီထိ၌ မဂ်သည် သုညတဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ ဖြစ်သောဖိုလ်လည်း သုညတဝိမောက္ခ အမည်ရ၏။

၂။ မဂ်သည် အနိမိတ္တဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ဖြစ်သော ဖိုလ်လည်း အနိမိတ္တဝိမောက္ခမည်ရ၏။

၃။ မဂ်သည် အပ္ပဏိဟိတဝိမောက္ခအမည်ရလျှင် မဂ်နောက်၌ဖြစ်သော ဖိုလ်လည်း အပ္ပဏိဟိတဝိမောက္ခအမည်ရ၏။

မဂ္ဂဝီထိ၌ပါသော ဖိုလ်သည် မဂ္ဂါဂမန (ဖိုလ်၏ဖြစ်ပေါ်လာကြောင်း မဂ်နှင့်စပ်၍) ဤသို့ အမည် ၃ မျိုးရ၏။

ဖလသမာပတ္တိဝီထို၌ ဝိပဿနာနှင့်စပ်၍ ဖိုလ်၏အမည် ၃ မျိုး

၁။ မိမိရရှိပြီးသောဖိုလ်ကို ဝင်စားလိုလျှင် ဝိပဿနာရှုပြန်၏။ ထိုဝိပဿနာသည် သုညတဝိမောက္ခမုခဖြစ်လျှင် ဝိပဿနာနှင့်စပ်၍ ဖိုလည်း သုညတဝိမောက္ခအမည်ရ၏။

http://www.dhammadownload.com

၂။ ဖိုလ်၏ရှေ့ကဖြစ်သော ဝိပဿနာသည် အနိမိတ္တမောက္ခမုခဖြစ်လျှင် ဖိုလ်လည်း အနိမိတ္တဝိမောက္ခမုခ အမည်ရ၏။

၃။ ဖိုလ်၏ရှေ့ကဖြစ်သော ဝိပဿနာသည် အပ္ပဏိဟိတ ဝိမောက္ခမုခ ဖြစ်လျှင် ဖိုလ်လည်း အပ္ပဏိဟိတဝိမောက္ခ အမည်ရ၏။

ဖလသမာပတ္တိဝိထိ၌ ဖိုလ်သည် ဝိပဿနာဂမန (ဖိုလ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာနှင့်စပ်၍) ဤသို့ သုညတဝိမောက္ခစသော အမည် ၃ မျိုးကိုရ၏။

မဂ်နောက်သို့ဖိုလ်လိုက်၍ ဖိုလ်ကိုအမည်မပေးရ

မဂ်က သုညတမဂ်ဖြစ်၍ ဖလသသမာပတ်ဝင်စားသောအခါ ဝိပဿနာက အနိမိတ္တဝိပဿနာပင် ဖြစ်စေကာမူ ဖိုလ်အမည်သည် မဂ်၏နောက်သို့ လိုက်ဖွယ်မလိုတော့ပါ။ ယခု လောလောဆယ် ရှေ့သွားဖြစ်သော ဝိပဿနာအမည်နောက်သို့သာလိုက်၍ ဖိုလ်ကို အမည်ပေးရမည်။

အာရုံနှင့်စပ်၍ မဂ်၊ ဖိုလ်၏အမည် ၃ မျိုး

မဂ်ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြ၏။ ထိုအာရုံဖြစ်သော နိဗ္ဗာန်သည် သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတ အမည် ၃ မျိုးကိုရ၏။ ထို့ကြောင့် မဂ်ဖိုလ်တို့သည် အာရုံဖြစ်သော နိဗ္ဗာန်နှင့်စပ်၍ သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခဟူသော အမည် ၃ မျိုး ကို တစ်ပြိုင်နက်ရကြ၏။

မိမိပင်ကိုယ်သဘောအားဖြင့် ရရှိသော အမည် ၃ မျိုး

၁။ မဂ်ဖိုလ်တို့သည် ရာဂ၊ ဒေါသ၊ မောဟတို့နှင့် အတ္တမှကင်းဆိတ်သောကြောင့် သုညတဝိမောက္ခအမည်ကို ရကြ၏။

http://www.dhammadownload.com

၂။ အထည်ကိုယ်ပုံသဏ္ဌာန် နိမိတ်မရှိသောကြောင့် အနိမိတ္တဝိမောက္ခ အမည်ကိုရကြ၏။

၃။ တောင့်တတတ်သော တဏှာပဏိဓိမရှိသောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမည်ကို ရကြ၏။

မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၌ မဂ်ဖိုလ်တို့သည် မိမိတို့၏ ပင်ကိုယ် သဘော (သရဿ) အားဖြင့် ဤသို့ အမည် ၃ မျိုးကို တစ်ပြိုင်နက် ရကြ၏။

ပုဂ္ဂိုလ်အားလုံးမှာတူညီမှုရှိ

အာရုံနှင့်စပ်၍ မဂ်၊ ဖိုလ်တို့၏ အမည် ၃ မျိုး၊ မိမိသဘောအားဖြင့် ရသော မဂ်ဖိုလ်တို့၏ အမည် ၃ မျိုးတို့သည် မဂ္ဂဝီထိအခိုက်မှာဖြစ်စေ၊ ဖလသမာပတ္တိအခိုက်မှာဖြစ်စေ အလုံးစုံသော ပုဂ္ဂိုလ်တို့၌ မထူးခြားတော့ပါ။ ထပ်တူထပ်မျှသာဖြစ်၏။

အထူး။ ဝိပဿနာက ''အနိစ္စ, ဒုက္ခ, အနတ္တ'' တစ်ပြိုင်နက် မရှုနိုင်ပါ။ တစ်မျိုး တစ်မျိုးသာ ရှုနိုင်၏။ ထို့ကြောင့် ဝိပဿနာနှင့်စပ်၍ ရသော အမည်တို့သည် မဂ်ဖိုလ်တစ်မျိုးလျှင် အမည်တစ်မျိုးစီသာ ရနိုင်၏။ အာရုံနှင့်စပ်၍ရသော အမည်၊ မိမိသဘောအားဖြင့်ရသော အမည်တို့ကား တစ်ပြိုင်နက် ၃ မျိုးလုံးပင် ရနိုင်၏။

မဂ်ဖိုလ်များ အမည် ၃ မျိုးရနိုင်သော နည်းလမ်းများ

မဂ်သည် သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ ဟူသော အမည် ၃ မျိုးကို ရရာ၌ –

၁။ ဝိပဿနာဂမနာသေန – ဝိပဿနာနှင့်စပ်၍လည်းကောင်း၊

၂။ အာရမ္မဏဝသေန – အာရုံနှင့်စပ်၍လည်းကောင်း၊

http://www.dhammadownload.com

၃။ သရသဝသေန – မိမိသဘောအားဖြင့်လည်းကောင်း အမည် ၃ မျိုးကို ရရှိ၏။

မဂ္ဂဝီထိ၌ ဖိုလ်သည် –

၁။ မဂ္ဂါဂမနဝသေန – မဂ်နှင့်စပ်၍လည်းကောင်း၊

၂။ အာရမ္မဏဝသေန – အာရုံနှင့်စပ်၍လည်းကောင်း၊

၃။ သရသဝသေန – မိမိသဘောအားဖြင့်လည်းကောင်း၊

သုညတဝိမောက္ခ စသော အမည် ၃ မျိုးကို ရရှိ၏။

ဖလသမာပတ္တိဝီထိ၌ ဖိုလ်သည် –

၁။ ဝိပဿနာဂမနဝသေန – ဝိပဿနာနှင့်စပ်၍လည်းကောင်း၊

၂။ အာရမ္မဏဝသေန – အာရုံနှင့်စပ်၍လည်းကောင်း၊

၃။ သရသဝသေန – မိမိသဘောအားဖြင့်လည်းကောင်း၊

သုညတဝိမောက္ခစသော အမည် ၃ မျိုးကို ရရှိ၏။

ဝိမောက္ခဘေဒပြီး၏

* * * * *

ပုဂ္ဂလဘေဒ

သောတာပန်

သေတာပတ္တိမဂ်ကို ဖြစ်စေပြီး၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို အကြွင်းအကျန် မရှိအောင် ပယ်ခြင်းကြောင့် အပါယ် ၄ ပါးသို့ သွားရောက်ကြောင်းတရား တို့ကို ပယ်ပြီးဖြစ်၍ ကာမဘုံ၌ အလွန်ဆုံး ၇ ကြိမ်၊ ၇ ဘဝသာ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်ကို သောတာပန်ဟုခေါ်၏။

http://www.dhammadownload.com

မှတ်ချက်။ သောတာပန်ပုဂ္ဂိုလ်သည် ကာမဘုံ၌ အလွန်ဆုံး ၇ ကြိမ်သာ ပဋိသန္ဓေနေနိုင်၏။ ရှုပ၊ အရူပဗြဟ္မာဘုံ၌ကား ၇ ကြိမ်ထက် ပို၍ ပဋိသန္ဓေနေနိုင်၏။

သောတာပန်ပယ်သောတရား

သောတာပန်သည် ကိလေသာ ၁၀ ပါးတို့တွင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ တို့ကို အကုန်အစင်ပယ်၏။ ဥဒ္ဓစ္စမှတစ်ပါးသော ကျန် ကိလေသာတို့ကိုကား အပါယ်သို့ရောက်စေနိုင်သော ကြမ်းတမ်းသော သတ္တိလောက်ကိုသာ ပယ်၏။ ထို့ကြောင့် သောတာပန်သည် အကုသိုလ်စိတ် ၁၂ ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး ပေါင်း ၅ ပါးကို အကြွင်းမဲ့ ပယ်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ ပေါင်း ၆ ပါး သော အကုသိုလ်စိတ်၏ အပါယဂမနီယ (အပါယ်ကျစေနိုင်သော) အစွမ်း သတ္တိမျှကိုသာ ပယ်၏။ ဥဒ္ဓစ္စသဟဂုတ်စိတ်ကိုကား အပါယ်ကျစေနိုင်သော အစွမ်းသတ္တိမရှိခြင်းကြောင့် လုံး၀ မပယ်သေးပါ။

သောတာပန် ၃ မျိုး

၁။ **ဧကဗီဇီသောတာပန်** – ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ တစ်ကြိမ်သာရှိသူ (တစ်ကြိမ် ပဋိသန္ဓေနေပြီးနောက် ရဟန္တာ ဖြစ်မည့်သူ)

၂။ **ကောလံကောလသောတာပန်** – အမျိုးကောင်းတစ်မျိုးမှ အမျိုးကောင်းတစ်မျိုးသို့ ကူးပြောင်း၍ ပဋိသန္ဓေနေသူ။

http://www.dhammadownload.com

၃။ **သတ္တက္ခတ္တုပရမသောတာပန်** – ကာမဘုံ၌ ၇ ကြိမ် ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်မည့်သူ။

ဤသို့ သောတာပန် ၃ မျိုးပြား၏။ ထိုတွင် အဘိဓမ္မတ္ထသင်္ဂဟ၌ သတ္တက္ခတ္တုပရမသောတာပန်ကိုသာပြ၏။

သကဒါဂါမ်

သကဒါဂါမိမဂ်ကို ဖြစ်စေပြီး၍ ရာဂ၊ ဒေါသ၊ မောဟတို့ကို နည်းပါးအောင်ပြုသည့်အတွက် ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာသောကြောင့် သကဒါဂါမ်ဟုခေါ်၏။

မှတ်ချက်။ ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေထိုင်သော်လည်း ကာမဘုံချင်း ပြောင်းရွှေ့လာခြင်းသာဖြစ်၏။ ဗြဟ္မာ့ပြည်မှ ပြန်လာသည်မဟုတ်။

သကဒါဂါမ်ပယ်သောတရား

သကဒါဂါမ်ပုဂ္ဂိုလ် အကြွင်းမဲ့ပယ်အပ်သောတရားမရှိပါ။ ရာဂ၊ ဒေါသ၊ မောဟတို့ကို နည်းပါးအောင်သာ ပြုနိုင်၏။ ထို့ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သည် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ ဤ ၆ ပါးသော စိတ်တို့ကို ဘနုကရအားဖြင့်သာပယ်၏။

အနာဂါမ်

အနာဂါမိမဂ်ကိုဖြစ်စေပြီး၍ ကာမရာဂ၊ ဗျာပါဒတို့ကို အကြွင်းမရှိအောင် လုံးဝပယ်ပြီးသည့်အတွက် ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ ပြန်မလာခြင်းကြောင့် အနာဂါမ်ဟုခေါ်၏။

http://www.dhammadownload.com

မှတ်ချက်။ ကာမဂုဏ် ၅ ပါး တပ်မက်သောတဏှာကို ကာမရာဂဟု ခေါ်၏။ ဒေါသကိလေသာကို ဗျာပါဒဟုခေါ်၏။ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမဘုံသို့ ဘုရားဖူး၊ တရားနာရန် လာပါသေး၏။ ကာမရာဂ၊ ဗျာပါဒတို့ကို လုံးဝပယ်ပြီးခြင်းကြောင့် အနာဂါမ်သည် ကာမဂုဏ်ခံစားခြင်း မရှိတော့ပါ။ ဒေါသလည်း မထွက်တော့ပါ။

အနာဂါမ်ပယ်သောတရား

အနာဂါမ်သည် ကာမရာဂ၊ ဗျာပါဒတို့ကို အကုန်အစင်ပယ်၏။ ထို့ကြောင့် ကာမရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ဒေါသမူစိတ် ၂ ပါးတို့ကို အကြွင်းမဲ့ပယ်၏။

ရဟန္တာ

အရဟတ္တမဂ်ကို ဖြစ်စေပြီး၍ ကိလေသာတို့ကို အကြွင်းမရှိအောင် ပယ်ခြင်းကြောင့် အာသဝေါကုန်ပြီးသောလောကဌ အမြန်ဆုံး အလှူခံပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်၏။

ရဟန္တာပယ်သောတရား

ရဟန္တာပုဂ္ဂိုလ်သည် အောက်မဂ်များမပယ်နိုင်၍ ကျန်နေသော ရူပရာဂ၊ အရူပရာဂဟူသော ရာဂတစ်စိတ်၊ မောဟတစ်စိတ်၊ အနောတ္တပ္ပဟူသော ကိလေသာ ၇ ပါးတို့ကို အကြွင်းမဲ့ပယ်၏။ ထို့ကြောင့် ရူပရာဂ၊ အရူပရာဂနှင့် သမ္မယုတ်ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁ ပါးတို့ကို အကြွင်းမဲ့ပယ်၏။

ပုဂ္ဂလဘေဒပြီး၏။

* * * * *

http://www.dhammadownload.com

သမာပတ္တိဘေဒ

သမာပတ္တိအပြား

၁။ စျာနသမာပတ္တိ၊

၂။ ဖလသမာပတ္တိ၊

၃။ နိရောဓသမာပတ္တိဟု သမာပတ် ၃ ပါး ပြား၏။

ထိုတွင် ဤနေရာ၌ ဖလသမာပတ္တိ၊ နိရောဓသမာပတ္တိ ၂ မျိုးကို သာ ပြပါမည်။ စျာန်ခန်းမဟုတ်၍ စျာနသမာပတ္တိကိုမပြပါ။

မိမိဖိုလ်ကိုသာ ဝင်စားနိုင်

ဖလသမာပတ်ဝင်စားသောအခါ မည်သည့်အရိယာပုဂ္ဂိုလ်မဆို မိမိဖိုလ်နှင့်သက်ဆိုင်၏။ မိမိဆိုင်ရာဖိုလ်ကိုသာ ဝင်စားနိုင်၏။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်၏။ စသည်ဖြင့်သိပါ။

နိရောဓသမာပတ်ဝင်စားနိုင်သူ

သမာပတ် ၈ ပါးကို ရပြီးသော ကာမဘုံသား၊ ရူပဘုံသား အနာဂါမ်ရဟန္တာပုဂ္ဂိုလ်များသာ နိရောဓသမာပတ်ကို ဝင်စားနိုင်၏။

မှတ်ချက်။ စတုက္ကနည်းအားဖြင့် ရူပစျာန် ၄ ပါး၊ အရူပစျာန် ၄ ပါးတို့ကို သမာပတ် ၈ ပါးဟု ခေါ်၏။

နိရောဓသမာပတ်ဝင်စားသူ

ထိုအနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို ဝင်စားလိုသတ်သော် မိမိရပြီးသော လောကီစျာန်တို့တွင် ပထမစျာန်ကို ဝင်စား

http://www.dhammadownload.com

ရ၏။ ယင်းပထမစျာန်မှထပြီးနောက် ပထမစျာန်၌ပါသော ''စိတ်, စေတသိက်'' ဟူသော သခါရကို ''အနိစ္စ, ဒုက္ခ, အနတ္တ'' ဟု ဝိပဿနာ ရှုရ၏။

ထိုနည်းတူစွာ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာ နဉ္စာယတနစျာန်၊ ဝိညာဏဉ္စညာယတနစျာန်တို့ကို ဝင်စားရ၏။ စျာန်မှထတိုင်း ထတိုင်း စျာန်၌ပါသော သခါရကို ဝိပဿနာရှုရ၏။ ထို့နောက် အာကိဉ္စ ညာယတနစျာန်ကို ဝင်စားရ၏။ စျာန်မှထသောအခါ ဝိပဿနာမရှုဘဲ အဓိဋ္ဌာန်ခြင်း စသော ပုဗ္ဗကိစ္စ ၄ ပါးကို ပြုရ၏။ ထို့နောက် နေဝသ ညာနာသညာယတနစျာန်ကို ဝင်စားရ၏။ စျာန်ဇော ၂ ကြိမ် အဆုံး၌ စိတ်အစဉ် ပြတ်စဲ၏။ စိတ်အစဉ်ပြတ်လျှင် စေတသိက်နှင့် စိတ္တဇရုပ်များလည်း ဖြစ်ခွင့် မရှိတော့ပါ။ ဤသို့ စိတ်, စေတသိက်နှင့် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းခြင်းကိုပင် ''နိရောဓသမာပတ်ဝင်စားသည်'' ဟု ခေါ်၏။

မှတ်ချက်။ နိရောဓသမာပတ်ဝင်စားနေစဉ် ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များသာဖြစ်နေ၏။

နိရောဓသမာပတ်၏ပုဗ္ဗကိစ္စ ၄ ပါး

အဓိဋ္ဌာန်၊ သံဃပဋိမာနန်၊ သတ္ထုပက္ကောသန၊ အဒ္ဓါနပရိစ္ဆေဒဟူ၍ နိရောဓသမာပတ်ဝင်စားရာ၌ ပုဗ္ဗကိစ္စ ၄ ပါးရှိ၏။

အမှာ။ ပုဗ္ဗကိစ္စ ၄ ပါးကို ဝိထိပိုင်း အပ္ပနာဇောအကျယ်၌ ပြခဲ့ပြီး ပြန်ကြည့်ပါ။

နိရောဓသမာပတ်မှထသောအခါ စိတ်ဖြစ်ပုံ

နိရောဓသမာပတ်မှထသောအခါ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိ

http://www.dhammadownload.com

ဖိုလ်ဇော တစ်ကြိမ်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ဇော တစ်ကြိမ် ဖြစ်၏။ ထို့နောက် ဘဝင်ကျ၏။ ဘဝင်နောက်မှာ ပစ္စဝေက္ခဏာဝီထိဖြစ်၏။

ဝိပဿနာကမ္မဋ္ဌာန်းပြီး၏

* * * * *

တိုက်တွန်းချက်

မြတ်ဗုဒ္ဓ၏သာသနာတော်၌ စျာန်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာများသည် လူသားများအတွက် အကောင်းဆုံးချမ်းသာဖြစ်၏။ မှန်ကန် သောအကျင့် ပဋိပတ်ကို ကျင့်သုံးခြင်းကြောင့် ရရှိခံစားရသော ချမ်းသာ များလည်း ဖြစ်၏။ အကောင်းဆုံးသော ယင်းချမ်းသာစစ် ချမ်းသာမှန်ကို ခံစားလိုသူသည် ကံကောင်း၍ မြတ်ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံခိုက် မြတ်ဗုဒ္ဓညွှန်ကြားသင်ပြတော်မူခဲ့သော သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်မျိုးကို မဖြစ်မနေ ကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းပါသည်။ မိမိ၏ စိတ်မိုက်စိတ်ရိုင်းကို ယဉ်ကျေးအောင်ပြုပြင်လိုပါက ဤနည်းလမ်းမှတစ်ပါး လောကဌ အခြားနည်းလမ်းကောင်းများ မရှိတော့ပြီ။

ကမ္မဋ္ဌာန်းပိုင်းပြီး၏။

* * * * *

လေ့ကျင့်ခန်းမေးခွန်း

၁။ အဘယ်ကို အဓိပညာသိက္ခာခေါ်ပါသနည်း ရှင်းပြ၍၊ ငါ,သူ၊ ငါ့လူမျိုး၊ သူ့လူမျိုး စသည် လူသားများကို ခွဲခြားဆက်ဆံခြင်းဖြင့် မည်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသနည်း။

http://www.dhammadownload.com

၂။ ဝိပဿနာဉာဏ် ၁၀ ပါးကို အစဉ်မပျက် ဖော်ပြ၍၊ မုစ္စိတုကမျှတာ ဉာဏ်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

၃။ ကခ်ီဝိတရဏဝိသုဒ္ဓိအဓိပ္ပာယ်ကိုရှင်းပြ၍၊ ဝိပဿနာရှုရမည့်တရားကို ဖော်ပြခဲ့ပါ။

၄။ ခန္ဓာငါးပါးကို ကလာပသမ္မသနနည်းဖြင့် ပွားများပုံကို ပါဠိဘာသာ ဖြင့်ရေး၍၊ ဝိပဿနာညစ်နွမ်းကြောင်းတရားတို့ကို ပါဠို၊ မြန်မာ နှစ်ဘာသာဖြင့် ရေးခဲ့ပါ။

၅။ အဘယ်စိတ်ကို ဝိပဿနာစိတ်ခေါ်ပါသနည်း ဖော်ပြ၍၊ သောတာပတ္တိမဂ်၏ ကိစ္စ ၄ မျိုးကို ဖော်ပြခဲ့ပါ။

၆။ ပစ္စဝေက္ခဏာဉာဏ်၏ အာရုံနှင့် ဝိပဿနာဉာဏ်၏ အာရုံတို့ကို ခွဲခြားဖော်ပြ၍၊ ဝိသုဒ္ဓိ ၇ ပါးနှင့် ဝိပဿနာဉာဏ် ၁၀ ပါးကို တွဲစပ်ပြခဲ့ပါ။

၇။ အနိစ္စလက္ခဏာပွားများပုံ ၁၀ မျိုးကို ရေး၍၊ အနုပဿနာသုံးမျိုး၏ ဝိမောက္ခမုခအမည်ရပုံကို ဖော်ပြခဲ့ပါ။

၈။ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဝင်စားသောအခါ ဝင်စားသောဖိုလ်၏ အမည်ကို မဂ်နောက်သို့လိုက်၍ ပေးရမည်လော၊ သို့မဟုတ် ဝိပဿနာလိုက်၍ ပေးရမည်လော။

၉။ အနာဂါမ်ပယ်နိုင်သော အကုသိုလ်စိတ်တို့ကို ဖော်ပြ၍၊ နိရောဓ သမာပတ်ဝင်စားရာ၌ မဝင်စားမီ ရှေ့ဦးစွာ ဆောင်ရွက်ရမည့် ကိစ္စ ၄ မျိုးကို ဖော်ပြပါ။



http://www.dhammadownload.com

အရှင်ခေမိန္ဒ

၏

ထေရုပတ္တိအကျဉ်း

❁❁❁❁❁

ဗွားမြင်တော်မူခြင်း

ဘဒ္ဒန္တခေမိန္ဒသည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျက်သရေရွာ၊ ခမည်းတော် ဦးထွန်း၊ မယ်တော် ဒေါ်လှဝင်းသာ တို့မှ ၁၃၀၅ ခု၊ တော်သလင်း လဆန်း (၁) ရက်၊ တနလ်ာနေ့ နံနက် (၉) နာရီအချိန်တွင် ဖွားမြင် တော်မူပြီး မွေးချင်း (၇) ယောက်အနက် ခြောက်ယောက်မြောက် သားရတနာ ဖြစ်ပါသည်။ ငယ်နာမည်မှာ **မောင်ဖိုးသာအေး** ဖြစ်ပါသည်။

ခမည်းတော် မယ်တော်တို့က ဆရာတော်လောင်းလျာကို (၇) နှစ်သား အရွယ်တွင် ပညာသင်ကြားရန် ကျက်သရေရွာသိမ်တော်ကျောင်းဆရာတော် ဦးသီလဝံသထံတော်၌ အပ်နှံကြပါသည်။ ယင်းဆရာတော်ထံတော်၌ မြန်မာ သင်ပုန်းကြီး၊ ပရိတ်ကြီး၊ သဂြိုဟ်တို့ကို သင်ကြားခဲ့ပါသည်။

ရှင်သာမဏေဘဝ သို့ရောက်ရှိတော်မူခြင်း

၁၃၁၄ ခုနှစ်၊ (၁၀) နှစ်သားအရွယ်တွင် ကျက်သရေရွာ ဘကြီးတော် ဦးစိန်ထွန်းဦး၊ ဒေါ်ပုမ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရမ်းဗြဲမြို့၊ မြောက်ကျောင်း ဆရာတော် ဦးကောဝိဒကို ဥပဇ္ဈာယ်ပြုလျက် ကျက်သရေရွာ အုတ်တောင် ကျောင်း၌ ရှင်သာမဏေပြုခဲ့ပြီး လူဝတ်လဲခဲ့ပါသည်။

ပုသိမ်မြို့ ပစ္စိမာရုံကျောင်း ဆရာတော် ဦးဇာဂရိယသည် သီတင်းကျွတ် လျှင် ငယ်ဆရာဖြစ်တော်မူသော ဝက်ကိုက်ချောင်းဆရာတော်၏ အန္တိမစျာပနပွဲ

http://www.dhammadownload.com

ထေရုပတ္တိအကျဉ်း

ကို စိမံရန် ကြွလာမည်ဟူသော သတင်းကိုကြားရ၍ ရှင်သာမဏေဝတ်လို သောဆန္ဒဖြစ်လာခြင်းကြောင့် ၁၃၁၈ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် အင်္ဂါနေ့၌ အသက် (၁၃) နှစ် သားအရွယ်တွင် ရမ်းပြဲမြို့၊ တောင်ကျောင်း ဂိုဏ်းချုပ်ဆရာတော် ဦးပဏ္ဍဝကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျက်သရေရှာ သိမ်တောင်ကျောင်း၌ ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ကြားတော်မူခြင်း

၁၃၁၉ ခုနှစ် အသက် (၁၄) နှစ်သားအရွယ်တွင် ပုသိမ်မြို့ ပစ္စိမာရုံ ဆရာတော် ဦးဇာဂရိယနှင့် ပညာသင်ကြားရန် ပုသိမ်သို့ လိုက်ပါခဲ့ပါသည်။ ဆရာတော် ဦးဇာဂရိယထံတော်၌ ရှင်ကျင့်ဝတ်၊ ဘိက္ခာပါတိမောက်၊ သဒ္ဒါ၊ သဂြိုဟ် စသော အခြေခံစာပေများကို သုံးနှစ်တိတိ သင်ကြားခဲ့ပါသည်။

၁၃၂၂ ခုနှစ် အသက် (၁၇) နှစ်သားအရွယ်တွင် မြောင်းမြမြို့၊ ပဇ္ဇောတာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ ဆရာတော် ဦးဉာနိက၊ ဦးကုမာရ၊ ဦးကွန္ဒဝံသ၊ ဦးကုဏ္ဍလ၊ ဦးဉာနိက (မုံရွာ)၊ ဦးကာရုဏိကတို့အထံတော်၌ အခြေခံစာပေမှစ၍ ဓမ္မာစရိယ ပါဠိပါရဂူဘွဲ့ ရသည်အထိ (၇) နှစ်တိတိ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပါသည်။

ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

၁၃၂၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက် ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီအချိန်တွင် ပစ္စိမာရုံကျောင်းတိုက်ဆရာတော် ဦးဇာဂရိယကို ဥပဇ္ဈာယ် ပြုလျက် ပုသိမ်မြို့၊ ၂၈ ဆူလမ်း ဦးဟန်၊ ဒေါ်မှီ သား ဦးလူဖေဝင်း မိသားစု တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပစ္စိမာရုံကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ် သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ထေရုပတ္တိအကျဉ်း

အောင်မြင်ခဲ့သောစာမေးပွဲများ

၁၃၂၂ ခု၊ ၂၃ ခု၊ ၂၅ ခုနှစ်များတွင် အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး ၁၃၂၈ ခုနှစ်၊ အသက် (၂၃) နှစ်၊ ရဟန်းသိက္ခာသုံးဝါအရတွင် အစိုးရဓမ္မာစရိယနှင့် ဝိနယပါဠိပါရဂူဘွဲ့ကို ပါတွဲ (၃) ဖြင့် အောင်မြင်ခဲ့ပါသည်။ ၁၃၃၀ ခုနှစ်တွင် ဒီဃနိကာယ် မြန်မာဂုဏ်ထူးကို အောင်မြင်သဖြင့် **သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့**ကို ရရှိခဲ့ပါသည်။

စာပေကျန်းကန်ပို့ချတော်မူခြင်း

ကျန်းမာရေးအနားယူရန် ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်သို့ ၁၃၂၉ ခုနှစ်၊ သက်တော် (၂၄) နှစ်တွင် ပြန်လည်ရောက်ရှိလာရာ ပစ္ဆိမာရုံဆရာတော် ဦးဇာဂရိယ၏ တာဝန်ပေးချက်အရ ကျန်းမာရေးအနားယူနေရင်း ရဟန်းသာမဏေနှစ်ပါးတို့အား စာဝါများ စတင်ပို့ချလျက် ပစ္ဆိမာရုံကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် တည်ထောင်ခဲ့ပါသည်။ စာချရင်း ကျမ်းစာများကို ရေးသားခဲ့ရာ ယခုစာရေးချိန်တွင် ကျမ်းစာအုပ်များ (၂၂) အုပ် ပြုစုရေးသားပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ဤသို့ ပရိယတ္တိသာသနာပြုလုပ်ငန်းကို ကြိုးစားဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အစိုးရက ၁၃၅၃ ခု၊ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ (၄-၁-၂၀၀၇) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ သံဃာ့အဖွဲ့အစည်းတွင် ဒုတိယအကြိမ် (၅) နှစ်သက်တမ်းမှစ၍ ယခု ပဉ္စမအကြိမ် (၆) နှစ် သက်တမ်းအထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိရ် တာဝန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရဟန်းသာမဏေတို့အား စာပေကျန်းကန် ပို့ချရုံသာမက ၁၃၆၃ ခု၊ ၂၀၀၁ ခုမှစ၍ ကျောင်းသား/သူတို့အား ယဉ်ကျေးမှုသင်တန်းနှင့် အဘိဓမ္မာ

http://www.dhammadownload.com

ထေရုပတ္တိအကျဉ်း

သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲနှင့် အဘိဓမ္မာစာမေးပွဲတို့ကို ကျင်းပပေးလျက် အောင်မြင်သူတို့အား အောင်လက်မှတ်နှင့် ဆုငွေများ ချီးမြှင့်လျက်ရှိပါသည်။

http://www.dhammadownload.com

"အရှင်ဒေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း ပထမတွဲ
၃။ ပါဠိဝါကျရေးနည်း ဒုတိယတွဲ
၄။ သဂြိဟ်သရုပ်ခွဲသင်ကြားနည်း ပထမတွဲ
၅။ သဂြိဟ်သရုပ်ခွဲသင်ကြားနည်း ဒုတိယတွဲ
၆။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၇။ ယမကသင်ကြားနည်း ပထမတွဲ
၈။ ယမက သင်ကြားနည်း ဒုတိယတွဲ
၉။ ရူပသိဒ္ဓိသင်ကြားနည်း ပထမတွဲ
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း ဒုတိယတွဲ
၁၁။ ပထမငယ်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၂။ ဘဝလမ်းညွှန်စာပေ
၁၃။ ဘဝအလင်းရောင်စာပေ
၁၄။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၅။ ပဋ္ဌာန်းသင်ကြားနည်း
၁၆။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၇။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၁၈။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၁၉။ လူ၏အသိနှစ်မျိုး
၂၀။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)
၂၁။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ပထမဆင့်)
၂၂။ အခြေခံဗုဒ္ဓအဘိဓမ္မာ (တတိယတွဲ)

ဆရာဇော် ''အရှင်ဒေမိန္ဒ'' ၏ ကျမ်းစာအုပ်များကို
ပုံနှိပ်ထုတ်ဝေရေးနှင့်ဖြန့်ချိရေးတာဝန်များကို ကုသိုလ်ဖြစ်ကူညီဆောင်ရွက်ပေးသူများ

⊙ ဦးချမ်းမောင်
အမှတ် – ၉၃၊
စံပယ်ခြံ (၁) လမ်း၊ ၁၁–ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၁၃၃၄၆၂

⊙ ဦးသန်းနိုင်
အမှတ် – ၁၁၈ (စီ)၊
ရေတာရှည်လမ်းဟောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၄၅၃၉၅၊ ၅၄၅၃၉၆